

မိုးမိုး (အင်းလျား)
မိုးရောင်အောက်ကိုဝင်လျှင်
BURMESE CLASSIC .com

## ကျေးဇူး

မျက်နှာဖုံးအတွက် မေတ္တာဖြင့် ကူညီသရုပ်ဆောင်ပေးသည့် ရုပ်ရှင်သရုပ်ဆောင် **မို့မို့မြင့်အောင်**နှင့် ဝိုင်းဝန်းကူညီခဲ့ကြသော ပိုင်သ(ကဗျာ)၊ ဒါရိုက်တာ **အောင်မြင့်မြတ်၊ ထွန်းထွန်းနိုင်** နှင့် အဖွဲ့သားများအား အထူး ကျေးဇူးတင်ရှိပါသည်။

စာပေလောကစာအုပ်တိုက်အမှတ် ၁၅၄

မိုးမိုး(အင်းလျား)

# မီးရောင်အောက်ကိုဝင်လျှင်

BURMESE CLASSIC .com

စာပေလောကစာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
[ ဖုန်း - ၇၄၃၈၁ ]

စာအုပ်စာတမ်း စာနယ်ဇင်း ကြိုတင်ပုံနှိပ် ထုတ်ဝေခွင့်
အမှတ် [ ၁၇၄ ]
မျက်နှာဖုံး ကြိုတင် ပုံနှိပ်ထုတ်ဝေခွင့် အမှတ် [ ၃၁၀ ]

**မျက်နှာဖုံး**

[illegible]

[illegible]

---

**မျက်နှာဖုံး ပုံနှိပ်**

[illegible]

---

**ပုံနှိပ်ခြင်း**

[illegible]

( ၃၀၀၀ )

---

**ထုတ်ဝေခြင်း**

[illegible]

ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောက ပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင် ပုံနှိပ်သည်။
ဒေါ်စန်းစန်း (၀၃၁၀၆)၊ မိုးမိုး(အင်းလျား) စာအုပ်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေသည်။

# [၁]

'စီးကရက်သောက်မလား ဟင်'

'ဟင့်အင်း၊ မနွေ့ ဆေးလိပ်မသောက်တတ်ပါဘူး အစ်မ'

မြကြည်ဇင်က ခပ်တွေတွေ ဖြစ်သွားသည်။ သူဖြေပုံက ရှင်းသည်။ ယခု လူရှေ့မှာမို့ စီးကရက်မသောက်ခြင်းမဟုတ်။ ဆေးလိပ်ကို မသောက် တတ်ခြင်း ဖြစ်သည်။ မင်းသမီးခိုင်နွေ့၏ လူသိများသော ဘဝ တစ်စိတ် တစ်ဒေသကို သိထားရသူ မြကြည်ဇင်က ခိုင်နွေ့ စီးကရက် သောက်တတ် နေလိမ့်မည်ဟု ထင်ခဲ့မိသည်။ ခိုင်နွေ့၏ အသွင်သဏ္ဍာန်သည် ဘဝနာသူ၊ အတွေ့အကြုံ ရင့်ကျက်သူတစ်ယောက်၏ ပုံစံပင်ဖြစ်သော်လည်း တွေဝေ မိန်းမောနေသူတစ်ယောက် မဟုတ်ဆိုတာ ထပ်မံ အတည်ပြုမိတော့သည်။

မိမိကသာ အသက်လေးဆယ်ပြည့်ပြီးလျှင် စီးကရက်ကို လူရှေ့ **သူရှေ့မှာ ထင်ထင်ပေါ်ပေါ် သောက်တော့မည်ဟု**

ဆုံးဖြတ်ထားချက်ကို ပြင်ရမလိုလို ဖြစ်နေသည်။ ဒါကလည်း သိပ်တော့ အရေးမကြီးလှပေ။ ယခု အရေးကြီးသည်က သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် နားလည်ကြဖို့ ဖြစ်သည်။

စားပွဲထိုးက ပဏ္ဏာမအဖြစ် ရေခဲရေနှစ်ခွက် လာချပေးသည်။ သနပ်ခါး ဘဲကျားလိမ်းထားသော မင်းသမီး ခိုင်နွေကို တစ်ချက်မျှ ဝေ့ ကြည့်ပြီး သေချာသွားသော အမူအရာဖြင့် ပြန်သွားသည်။ သူတို့နှစ်ယောက် ညစာခန်းမထဲကိုဝင်လာတော့ နိုင်ငံခြားသားတွေမှအပ ကျန်အမျိုးသားတွေက လှမ်း အကဲခတ်ကြသည်ကို နှစ်ယောက်လုံး သတိပြုမိသည်။ မိန်းကလေးနှစ်ယောက်တည်းမို့ပဲ ဖြစ်မည်ထင်၏။ ကိုယ်လုံးကိုယ်ထည်သေးသွယ်၍ အပြင်အဆင် အခြယ်အသကင်းသော မိန်းမတစ်ယောက်နှင့် မိတ်ကပ်ပါးပါး လူးထားသော ခပ်ဝင့်ဝင့် မိန်းမတစ်ယောက်သည် အဆက်အစပ် မရှိလှ တာတော့ အမှန်ပင်။

'ခိုင်နွေ ဘာဝါသနာပါလဲဟင်၊ ရုပ်ရှင်က လွဲရင်ပေါ့'

နှစ်ယောက်တည်းရှိသည်ဆိုတော့ တစ်ယောက်ယောက်က စကား ပြောနေမှ ဖြစ်မည်မို့ မြကြည်ဇင်က စကားစ ရှာသည်။ ခိုင်နွေသည် ခေါင်းလျှော်ပြီးစ အနည်းငယ်တွန့်လိမ်နေသော ဆံပင်ကို လက်ဖြင့်ထိုးဖွ နေသည်။ မြကြည်ဇင်သည် ခေါင်းလျှော်ပြီးလျှင် ဆံပင်မခြောက်ဘဲနှင့် အပြင်မထွက်တတ်။ မည်မျှပင် အရေးကြီးသည်ဖြစ်စေ ဆံပင်ခြောက် စေသည့် ကိရိယာဖြင့် အပူပေးပြီး နည်းနည်းဖွာလာမှ စိတ်ချသည်။ ယခု မင်းသမီးက မျက်နှာသုတ်ပဝါဖြင့် သည်အတိုင်း တစ်ချက်နှစ်ချက် ပွတ်ပြီး

ထွက်လာခဲ့သည်။ ကောက်ထားသော ဆံပင်အလိပ်သေးသေးလေး တွေမှာ နည်းနည်း ကြည့်ရခက်နေသည်။

'မနွေလား၊ အားရင်စာဖတ်တာပေါ့၊ စာလဲနည်းနည်း ရေးကြည့်နေတယ် ဟင်း ဟင်း၊ တကယ်တော့ မနွေက ရုပ်ရှင်ကို သိပ်ပြီး ဝါသနာ ပါလှတာ မဟုတ်ဘူး အစ်မရဲ့၊ ဖြစ်မယ့်သာ ဖြစ်လာတာ'

မြကြည်ဇင် ရယ်ချင်သွားပြန်သည်။ ကြည့်ပါဦး၊ အားလုံး သည် ပြောင်းပြန်ဖြစ်နေပါကလား။ ခိုင်နွေက စာရေးနေ သတဲ့။ မြကြည်ဇင်က ဂစ်တာအတီး သင်နေသည်။ ယခုတလော ရုပ်ရှင်အကြည့်များသည်။ ဒါကတော့ ထားပါတော့။ ရုပ်ရှင်နှင့် ပတ်သက်သော ဝတ္ထုတစ်ပုဒ်ကို ရေးဖို့ ကြိုးစားနေခြင်းကြောင့် ဖြစ်၏။

'မနွေက စာရေးတာ ဝါသနာပါတယ်လား၊ရုပ်ရှင် အတွေ့အကြုံတွေ ရေးရင် သိပ်ဖတ်ကောင်းမှာပဲနော်'

'မနွေ အဲဒါတွေ မရေးချင်ဘူး အစ်မရဲ့၊ မနွေ အစ်မတို့လို ဘဝ အကြောင်းလေးတွေ ရေးချင်တာ၊ အစ်မရဲ့ မိုးတိမ်လွှင့် သော်ကို သိပ် ကြိုက်တာ၊ အဲဒီထဲက အက်စ်သာဆိုတဲ့ ကောင်မ လေးကို သိပ်သဘောကျ တယ်၊ ဦးမြင့်ဝေရဲ့ စရိုက်ကလဲ သိပ် ကောင်းတာပဲ၊ အချစ်ဆုံးရဲ့ အမုန်း ဝေဒနာကိုလဲ ကြိုက်တယ်'

ခိုင်နွေ စာဖတ်သည်ဆိုတာကို မြကြည်ဇင် ယုံသွားသည်။ ကိုယ်ပိုင် လုပ်ငန်း တစ်ခုခုဖြင့် အောင်မြင်နေသူ အတော်များများ သည် စာဖတ်လေ့ မရှိကြ။ ဖတ်ဖူးပါသည်ဟုပြောလျှင်လည်း

ဝတ္ထုနာမည်ကအစ အလွဲလွဲ အချော်ချော် ဖြစ်နေတတ်သည်။ ဇာတ်ကောင်နာမည်တွေ မှတ်မိဖို့တော့ ဝေးပါလေရော။

'ဒါကြောင့် မနွေက အရည်အချင်းရှိတာပဲ၊ တချို့က စာမဖတ်အားဘူးဆိုတာကို ဂုဏ်ယူပြောတတ်ကြတာ၊ မြန်မာ ဝတ္ထုမဖတ်ဘူးဆိုတာ ရှိသေးတယ်၊ တကယ်တော့ အဲဒီလိုလူမျိုး ဟာ ဘာစာကိုမှ မဖတ်တဲ့သူပဲ၊ စာရေးဆရာဆိုတာလဲ ခုခေတ် သီချင်းတွေ နားထောင်လို့မရပါဘူး၊ ရုပ်ရှင်လဲ ဝါသနာမပါ ဘူးဆိုတဲ့ သူမျိုးက ခေတ်နဲ့ အံမဝင်တော့တာ အမှန်ပဲ'

စားပွဲထိုးရောက်လာ၍ စကားပြတ်သွားလေသည်။ မင်းသမီး ရှေ့မှာ ချထားသော ပန်းကန်ပြား ပက်ပက်ပေါ်တွင် စောက် နည်းနည်းပိုနက်သော ပန်းကန်တစ်ချပ် ထပ်ချပေးသည်။ ပြီးတော့ ဖြူဖြူပျစ်ပျစ် ဆွပ်ပ်ဟင်းရည်ကို ဇွန်းကြီးဖြင့် ခပ်ထည့် ပေးသည်။ ပြီးမှ မြကြည်ဇင်ဘက်သို့ လာထည့်ပေး၏။

'မနွေကတော့ ရုပ်ရှင်သာ မရိုက်ဖြစ်ရင် စာရေးဆရာ ဖြစ်အောင် ကြိုးစားမိမှာ အမှန်ပဲ၊ ခုလဲ မနွေအားရင် စာဖတ် တာပဲ၊ ဦးကျော်နိုင်ကတော့ စာမဖတ်ဘူးလေ၊ ဒါကြောင့် သူနဲ့ မနွေနဲ့ စကားပြောရင်လဲ အယူအဆ ချင်း ဘယ်တော့မှ မတူဘူး၊ သူက လက်တွေ့သမား'

ဦးကျော်နိုင်ဟူသော နာမည်ကိုထည့်ပြောနေစဉ် ခိုင်နွေ မျက်နှာထား ပြောင်းသွားလေမည်လားဟု မသိမသာ အကဲ ခတ်မိပြန်သည်။ ခိုင်နွေ့ မျက်နှာတွင် ထူးခြားချက်ကို မတွေ့ ရချေ။ အင်းလေ ထိပ်တန်းမင်းသမီး တစ်လက်ပဲ၊ ဒီလောက်တော့

အမူအရာ ကောင်းမှာပေါ့။ သို့သော် ခိုင်နွေ သည် ဟန်ဆောင်တတ်သူတော့ ဟုတ်ဟန်မတူပေ။

'မနွေ ရုပ်ရှင်ရိုက်တာကိုတော့ သူက မကန့်ကွက်ဘူး မဟုတ်လား'

စပ်စုသလိုများ ဖြစ်နေလေမလား၊ သို့သော် မြကြည်ဇင်သည် မနွေကို ခင်မင်ရင်းစွဲရှိနေတာအမှန်ပင်၊ မိမိရေးသော ဝတ္ထုမှာ ပါဝင်သရုပ် ဆောင်မည့် ခေါင်းဆောင်မင်းသမီးအဖြစ်သာ မဟုတ်၊ နဂိုကတည်းက သူ့ အနုပညာကို အထင်ကြီး လေးစားခဲ့တာလည်း ပါသည်။ မင်းသမီးခိုင်နွေ သည် ဇာတ်ကား အတော်များများ လက်ခံရိုက်ကူးရလေ့ရှိသော မင်းသား မင်းသမီးတို့၏ ဖြစ်မြဲထုံးစံအတိုင်း အချို့ဇာတ်ကားများမှာ ပေါ့ပေါ့တန်တန် အလုပ်ဖြစ်ရုံလေး ပါဝင်တတ်သော်လည်း တကယ် ပညာသား ပါပါ ရိုက်ကူး ရမည့် ဇာတ်ကားများတွင် သူ့အနုပညာကို ပြည့်ပြည့်ဝဝ ကျေနပ်ဖွယ်ရာ မြင်ကြရမြဲ ဖြစ်လေသည်။

'ကန့်တော့ မကန့်ကွက်ဘူးပေါ့ အစ်မရယ်၊ သူနဲ့ လက်ထပ်ကတည်း က မနွေ ရုပ်ရှင်စရိုက်နေပြီပဲဟာ၊ ဒါပေမဲ့လေ ကြာလေကြာလေ သူ မနွေ ရုပ်ရှင်မင်းသမီး ဖြစ်နေတာကို မကြိုက်ဘူးဆိုတာ သိသာလေပဲ၊ ဟင်း ဟင်း ရုပ်ရှင်ရိုက်တာကို မကြိုက်ဘူးလို့ပြောတာ မဟုတ်ဘူးနော်'

မနွေက အသံအက်အက်လေးထဲမှာ ဆိုလိုရင်း အဓိပ္ပာယ်က အပြည့်အဝ ပါဝင်နေလေသည်။ ရုပ်ရှင်ရိုက်တာကို မကြိုက်တာ မဟုတ်၊ မင်းသမီးဖြစ်နေတာကို မကြိုက်တာတဲ့။

ခပ်လှမ်းလှမ်းမှ ဂရုတစိုက် စောင့်ကြည့်နေသော စားပွဲထိုးက ခိုင်နွေ ရှေ့မှ ဆွပ်ပ်ပန်းကန်ကို လာသိမ်းသည်။ ပြီးပြီလားဟု အလျင် မေးသေး သည်။

'ဟုတ်ကဲ့ သိမ်းလိုက်ပါ'

'ကုန်အောင်လဲ မသောက်ပါလား'

ကျွမ်းဝင်လိုဟန်ဖြင့် ပြောလေသည်။

'ဝိတ်ချနေလို့ပါ'

မကြိုက်၍မဟုတ်၊ အစားအသောက် ဆင်ခြင်နေရ၍ဖြစ်ကြောင်း ယဉ်ကျေးစွာ ပြန်ပြောသည်။

'ခုအတိုင်းလဲ လှပါတယ်ဗျာ'

ခိုင်နွေက ကျေးဇူးတင်သည့် အမူအရာဖြင့် ရယ်ပြလေသည်။

'ကျွန်မကတော့ ပိန်မှာစိုးလို့ အကုန်သောက်ပစ်လိုက်ပြီရှင်'

မြကြည်ဇင်က ရယ်၍ ပြောလိုက်၏။

စားပွဲထိုးက ပန်းကန်အသစ်လဲကာ ဟင်းများ လာချပေးနေသည်။

'မနွေ အကယ်ဒမီရတော့ သူနဲ့ ကွာရှင်းပြီးပြီနော်၊ ဒီလိုမေးတာ စိတ်မဆိုးနဲ့နော်၊ စာရေးဆရာဆိုတော့ နည်းနည်းတော့ စပ်စုတယ် ဟဲ ဟဲ'

'မဆိုးပါဘူး အစ်မရာ၊ ပြီးတော့ ဒါက တိုင်းသိပြည်သိ ကိစ္စကြီးပဲ၊ ဟုတ်တယ်၊ မနွေ အကယ်ဒမီရတော့ သူနဲ့ ကွာရှင်း ပြီးပြီ၊ ဒါပေမဲ့ အဲဒီနေ့က သူ့ကို သိပ် သတိရတာပဲ အစ်မရယ်'

# [၂]

ဖတ်လက်စ ဝတ္ထုစာအုပ်ကို ခေါက်ပိတ်ထားလိုက်သည်။

မျက်လုံးများကို ခေတ္တပိတ်၍ အနားယူလိုက်သည်။ ဝတ္ထုကို ပြီးမှ ဆက်ဖတ်လည်းရသည်။ လုပ်စရာရှိတာတွေ လုပ်ရဦးမည်။ ချစ်ရေး မလွယ် ဇာတ်ကားအတွက် အဝတ်အစားတွေ အသင့် **လုပ်ထားရမည်။ ယခင်တစ်ပတ် ပဲခူးမှာ သွားရိုက်ထားသည့်** အခန်း။ မနက်ဖြန် အင်ဒိုး ဆက်ရိုက်ရမည်။ အဲဒီနေ့က ဘာနားကပ် ပန်ထားမိပါလိမ့်။ မနက်ကျမှပဲ နော်နော့်ကို မေးရတော့မည်။ အင်း ခိုင်နွေ့ဘဝမှာ နော်နော်တစ်ယောက် ရှိလို့သာ တော်ပါသေးရဲ့။

နှစ်ယောက်အိပ် ခုတင်ထက်မှ ခိုင်နွေ ထလာခဲ့သည်။ ဦးကျော်နိုင် ရှိကတည်းက သည်အခန်း သည်နေရာမှာ ထားရှိခဲ့သည့် ခုတင်ကြီး။ စိတ်ကြိုက် တရုတ်လက်သမားနှင့်အပ်ပြီး

လုပ်ခိုင်းခဲ့သည်မို့ ကြီးလည်း ကြီးမားသည်။ ကျယ်လည်း ကျယ်ပြန့်သည်။ ခေါင်းရင်းမှာ စာအုပ်စင်နှင့် တွဲထားသည်။ ယခင်ကတော့ ဟိုဘက် သည်ဘက် ဘေးနှစ်ဖက်မှာ စာရေးစားပွဲတစ်ခုစီ မီးအိမ်တစ်ခုစီ ထားခဲ့သည်။ သူအိပ်ချင်သည့်အချိန် သူ့ဘက်မှ မီးကိုပိတ်ရန်၊ ကိုယ် စာဖတ်ချင်သေးလျှင်လည်း ကိုယ့်ဘက်မှ မီးကို ဖွင့်ထားနိုင်ရန် ဖြစ်၏။ ယခုတော့ ဟိုမှာတစ်ဖက်က မလိုအပ်တော့ သည်မို့ နံရံကို အပြီးကပ်ထားလိုက်လေသည်။

ခိုင်နွေက သည်ခုတင်ကြီးကိုကြည့်ပြီး ပူဆွေးလို့တော့ မနေအားပါဘူး။ ခိုင်နွေ့မှာ လုပ်စရာတွေက အချိန်ပြည့်ရှိနေ၏။ တစ်ခါတစ်ရံ တစ်နေ့တာမှာ ရှိသည့်အချိန် ၂၄ နာရီနှင့်ပင် မလောက်ချင်သည်မို့ ဟိုဘက်ရက်က ချေးလို့ရလျှင်တောင် ချေးလိုက်ချင်သေးသည်။

အဝတ်အစားတွေ အသင့်မပြင်မီ ဆံပင်သန်ဆေးကို အလျင်လိမ်း ထားရလျှင် ကောင်းလေမည်လား။ မနက် ရှစ်နာရီမှာ စ ရိုက်ရမည်ဆိုတော့ ခေါင်းလျှော်ဖို့အချိန်၊ ဆံပင်ပြန်လိပ်ဖို့အချိန်မှ ရပါ့မလား။ စာဖတ်တာ ညဉ့်နက်လျှင် အိပ်ရာထ နောက်ကျဦးမည်။ မျက်တွင်းများ ချိုင့်နေလေ မလား။ ယခုတလော ကိုယ်အလေးချိန် နည်းနည်းတိုးနေသည်မို့ မျက်နှာကျ နေလျှင်လည်း ခပ်ကောင်းကောင်းပဲဟု တွေးမိပြန်၏။

ပဲခူးမှာရိုက်စဉ်က ဝတ်ထားသော အဝတ်အစားများကို ရွေးထုတ် လိုက်၏။ နံရံကပ်ဗီရိုထဲမှာ အခန်းငယ်ပေါင်းများစွာ လုပ်ထားပြီး လောလော ဆယ် ရိုက်နေသည့် ဇာတ်ကားများ

အတွက် အဝတ်အစားများကို တစ်ကန့်စီ ထည့်ထားသည်။ ဒါက နော်နော်၏ အစီအစဉ်ဖြစ်၏။

ပြီးမှ ဆံပင်သန်ဆေးကို စိတ်ရှည်လက်ရှည်လိမ်းသည်။ **ဆံပင်ကို ခေတ်မီပုံစံ ကောက်ထားရသော်လည်း သားစိုးမိုး** ကျော်ကို မွေးပြီးကတည်းက ဆံပင်တွေကျဲလာခဲ့သည်။ အင်းလေ အသက်ကလည်း သုံးဆယ်ကျော်စ ပြုပြီပဲ၊ ခေတ်အပြင်အဆင်နှင့် မို့သာ ငယ်သယောင်ထင်ရ၏။ ဒါတောင် ယခင် နွဲ့ဆိုးဇာတ်ကားမှာ မင်းသမီးသစ်လေး နွယ်သိင်္ဂီနှင့် တွဲရိုက်ရတော့ မိမိက အသက်ကြီးနေတာ သိပ်သိသာတာပဲ။

မင်းသမီးမှာလည်း ဇရာရှိတာပဲ။ ဝေဒနာရှိတာပဲ။ သူများ ဆံပင် ကျွတ်သလို ကျွတ်တာပဲပေါ့။ လူထဲက လူတစ်ယောက်ပဲ မဟုတ်လား။ အဲဒီ လူထဲက လူတစ်ယောက်ပဲဆိုတာကို ဦးကျော်နိုင် သဘောမပေါက် နိုင်တာ အခက်ဆုံးပါပဲ။

လက်သည်းများမှာ ဆေးညီ မညီ စစ်ဆေးရပြန်၏။ လက် **သန်းက ဆေးနည်းနည်းကွက်ချင်သော်လည်း ကိစ္စမရှိ။ လက်သည်းဆိုးဆေးအသစ် ဆိုးပြီး ဘာကိုမျှ မကိုင်မတွယ်ဘဲ** ခြောက်အောင် ပြန်စောင့်ရသည်မှာ အချိန်ကုန်လှသည်။ စာလည်း ဖတ်ရဦးမည်လေ။

**ချစ်ရေးမလွယ်လို ဇာတ်ကားမျိုးမှာ လှလှပပလေးဖြစ်** နေဖို့ လိုအပ် လေ၏။ သူဌေးသမီး ကျောင်းသူလေးနှင့် ဆင်းရဲသား ကောင်လေး တစ်ယောက်၏ အချစ်ဇာတ်လမ်း။ အလွန်

ရိုးသားပြီး အလွန် ပေါ့ပျက်ပျက် နိုင်လှသော မင်းသားနှင့် မင်းသမီး ဇွတ်အတင်းညားသော ဇာတ်လမ်းတည်း။ သို့သော် **ခံစားချက်ကို အနုစိတ်ဖော်ပြီး ရိုက်ကွင်းလှလှလေးတွေပါမည်မို့ မိမိအတွက်တော့ အရှုံးထဲမှ အမြတ်ပဲထားရမည်။ သည်လို ကားမျိုးမှာ ဆယ်ကျော်သက် ပရိသတ်အကြိုက် လှလပပ ဖြစ်စေပြီး ခိုင်နွေ လှနေတုန်းပဲ ဆိုသည့် မှတ်ချက်ကိုသာ အရ ယူရ** တော့မည်။

ဟင်း လောကကြီးက ရယ်စရာတော့အကောင်းသား။ တစ်ချိန်က ပီပြင်လေးနက်သော ဇာတ်ကားကြီးတွေဖြင့် ပရိသတ်၏ အထင်ကြီးလေးစား မှုကို ခံယူထားသော နာမည်ကြီး ဒါရိုက်တာ တစ်ယောက်။ ယခုတော့ ငွေမြန်မြန်ဖြစ်သော သေချာပေါက် ဇာတ်ကားတွေချည်း ရိုက်နေသည်။ မူလပရိသတ်က ဘယ်လောက်ပဲကရုဏာဒေါသတွေဖြင့် ဝိုင်းဝန်း ပြစ်တင် စေဦးတော့ သူကတော့ မမှုတော့ပြီ။ ယခု ဂိုလ်းဒင်းဗယ်လီမှာ တိုက်တစ်လုံး ဆောက်နေလေပြီ။ နောက်ထပ် တက်သစ်စ မင်းသမီးငယ်ငယ်လေး တစ်ယောက်ကိုလည်း ယူထားသေးသည်။

ပြတင်းပေါက်တွေကို လုံခြုံအောင် လိုက်ပိတ်လိုက်သည်။ နော်နော့် အခန်းနှင့်ကပ်လျက် တံခါးတစ်ချပ်ကိုတော့ ချက်မချဘဲ ထားလိုက်သည်။ နော်နော် တစ်ရေးနိုးလျှင် ခိုင်နွေ့အိပ်ရာဘေးမှ စာကြည့်မီးကို လာပိတ် ပေးလိမ့်မည်။ ပြီးမှ အလိုအလျောက်ပိတ်သော တံခါးကို ဆွဲပိတ်သွား လိမ့်မည်။ ယခင်ကတော့ ခိုင်နွေ၏စာကြည့်မီးကို ဦးကျော်နိုင်က ပိတ်ပေး

နေကျ၊ ခိုင်နွေ ရိုက်ကွင်းမှ ညဥ့်နက်သန်းခေါင် ပြန်ရောက်လာလျှင်တော့ သူ့ဘေးမှ မီးအိမ်ကို ခိုင်နွေက ပိတ်ပေးရတတ်သည်။ အရက်မူးမူးနှင့် တရှူးရှူးတရှဲရှဲ အိပ်နေသော သူ့အသွင်ကြီးကို မြင်ယောင်ပါသေးတော့။ သူ အခုတလော အရက်တွေကို သိပ်သောက်နေတယ်ဆိုပဲ။

အတွေးစကို ဖျောက်ဖျက်ကာ ဝတ္ထုစာအုပ်ကို ပြန်ကိုင်၏။ တစ်ဝက်ကျော်ရောက်နေပြီဆိုတော့ သည်ညပဲ အပြီးသတ်နိုင်လိမ့်မည်။ တကယ်တော့ သည်ဝတ္ထုကို ယခင် သုံးနှစ်လောက်ကတည်းက ဖတ်ဖူးခဲ့ပြီ ဖြစ်၏။ သည်ကတည်းက ဝတ္ထုထဲက ဇာတ်ကောင်အမျိုးသမီးနေရာမှာ မိမိကိုယ်ကို ထားကြည့်ခဲ့မိဖူးသည်။ ယခုလို သူဇာတ်ကားတွေ ဗုံးပေါလအောရိုက်နေရချိန်မှာ သည်ဇာတ်လမ်း သူ့ဆီရောက်လာခြင်းသည် သူ့အတွက် ကံကောင်းခြင်းပင် ဖြစ်၏။ သည်လို ဇာတ်ကောင်စရိုက်ကို ပီပြင်အောင် ကြိုးစားရသော ဇာတ်လမ်းမျိုး မရိုက်ရတာကြာပြီပဲ။ သည်ဇာတ်ကားဖြင့် ခိုင်နွေ၏ အစွမ်းအစတွေ တုံး မသွားသေးပါဘူး ဆိုတာကို ပြန်ပြရပေမည်။ ခိုင်နွေ၏ မူလအမာခံ ပရိသတ်ကိုပြန်ပြီး ကျေးဇူးဆပ်နိုင်ပေမည်။

ခိုင်နွေကို လူထုက လက်ခံကြိုဆိုခဲ့တာ ယခုရိုက်နေတဲ့ ပေါ့ပျက်ပျက် အချစ်ကားတွေကြောင့်မှ မဟုတ်တာ။ ငယ်ရွယ်နုနယ်သော သဘာဝနှင့် လိုက်အောင် ဇာတ်ကောင်စရိုက်ပီပြင်အောင် သရုပ်ဆောင်နိုင်ခဲ့တဲ့ မိုးည ဇာတ်ကားကြောင့် မဟုတ်လား။

အဲသည်ကား ရိုက်တုန်းကလည်း ဦးကျော်နိုင်နဲ့ စတွေ့ခဲ့ရတာ မဟုတ်လား။

\+ \+ \+

ခိုင်နွေနှင့် သူနှင့် စတွေ့ရပုံက ရုပ်ရှင်ဆန်နေသလားတော့ မသိ။ ဦးကျော်နိုင်က ခိုင်နွေ့အပေါ် နားမလည်နိုင်ကာမှသာ နေပါရော၊ ခိုင်နွေသည် ထိုစဉ်ကတည်းက ရုပ်ရှင်နယ်ထဲ ရောက်နေပြီဟု ဆိုရပါမည်။ အဲသည်နေ့ ကလည်း ခိုင်နွေတို့ ရုပ်ရှင် သင်တန်းသူတွေ မြန်မာ့အသံသို့ လေ့လာရေး ထွက်ခဲ့သည့်နေ့ပဲ မဟုတ်လား။

ခိုင်နွေ သည်သင်တန်းကို ဘာကြောင့်တက်ခဲ့ရသလဲဟု မေးလျှင်တော့ ဒေါ်လေးသဇင်ကြောင့်ဟု ဆိုရမည်။ ခိုင်နွေ့ မေမေ ဆုံးပါးသွားတော့ ဒေါ်လေးသဇင် လက်ပေါ်မှာပဲ ကြီးပြင်းခဲ့ရသည်။ ခိုင်နွေ့ ဖေဖေက တစ်ပင်လဲလို့ တစ်ပင်ထူခဲ့သည်လေ။ မောင်လေးကျော်စွာက ဖေဖေ့နောက် ပါသွားသည်။ ခိုင်နွေနှင့် ဒေါ်လေးကို ဖိုးစိန်လမ်းက အိမ်တစ်လုံး ပေးထားခဲ့လေသည်။

ဒေါ်လေးသည် ရုပ်ရှင်ကို အလွန်ပဲ ဝါသနာပါလေသည်။ ဒေါ်လေး ငယ်ငယ်က ရုပ်ရှင်မင်းသမီးရူး ရူးခဲ့ပုံကို ဖေဖေတို့ မေမေတို့ ပြောပြ၍ သိခဲ့ရသော်လည်း သည်မျှအထိ ဖွဲ့ကြီး

လိမ့်မည်ဟုကား မထင်မိ။ ဒေါ်လေးက သူ မဖြစ်ခဲ့ရသမျှ ခိုင်နွေ့အပေါ် အတိုးချ၍ ဖြစ်စေချင်ခဲ့သည်ကို တွေ့ရမှ ဒေါ်လေး သဇင် ရုပ်ရှင်အပေါ် သံယောဇဉ်ကြီးလှပါကလားဟူ၍ နားလည်ခဲ့ရသည်။ နောက်မှ တစ်စတစ်စ သိလာရသည်မှာ ဒေါ်လေး သည် ခေတ်ဟောင်း ရုပ်ရှင်ကား တစ်ကားနှစ်ကားတွင် အရန် အဖြစ် ဟိုတစ်ကွက် သည်တစ်ကွက် ပါဝင်ခဲ့ဖူးပြီး သစ္စာစောင့် သိခြင်းမရှိသော ရုပ်ရှင်သမား တစ်ယောက်၏ ကျားကွက်ကစား ရာမှာ အလှည့်စားခံခဲ့ရဖူးသည်။ ထို့ကြောင့် ဖေဖေ မေမေ တို့က ဒေါ်လေးကို ရုပ်ရှင်နှင့် မပတ်သက်စေခြင်း ပေတည်း။ ထိုအကြောင်းကို ဖေဖေ မေမေတို့က ပြောမပြခဲ့ဖူးပေ။

မေမေ ဆုံးပါးချိန်မှာ ခိုင်နွေ့သည် ဆယ်နှစ်ကျော်ကျော်ပင် ရှိသေးသည်။ ဖေဖေ နောက်အိမ်ထောင်ပြုတော့ ဆယ့်ငါးနှစ် ဆိုပါတော့။

'သဇင်ရယ်၊ နင် ငါ့သမီးကို ရုပ်ရှင်မင်းသမီးဖြစ်အောင် လုပ်တော့ မယ်ဆိုတာ ငါ သိတယ်၊ အေး ငါက နင့်အစ်မလို တော့ အယူမသည်း ဘူး၊ ဒါပေမဲ့ ဟိုမရောက် သည်မရောက် အဖြစ်မျိုးတော့ မဖြစ်စေနဲ့'

ဖေဖေက ပြောသည်။

ခိုင်နွေ့ကတော့ ဘာကိုမျှ စိတ်မဝင်စား။ မေမေ ဘဝကို ကျောခိုင်း သွားကတည်းက လူ့လောကသည် တစ်ဝက်မျှ ပျက်စီး ဆုံးရှုံးသွားပြီဟု နားလည်လိုက်မိသည်။ ခိုင်နွေ့ဘဝမှာ ဘာကို

ဖြစ်ချင်ရမည်ဆိုတာလည်း တိတိကျကျ တွေး၍ မရသေးပေ။ ပြီးတော့ ခိုင်နွေက ကျောင်းနေဆဲ ရှိသေးသည်။

ဖေဖေက ရုတ်တရက် အိမ်ထောင်သစ် ထူထောင်လိုက်သော အခါ ခိုင်နွေ အံ့သြဝမ်းနည်းရပြန်သည်။ ဖေဖေသည် မေမေ့ အပြင် နောက်ထပ် မိန်းမတစ်ယောက်ကို ချစ်လိမ့်မည်။ ယူလိမ့် မည်ဟု ခိုင်နွေ တစ်ခါမျှ မစဉ်းစားမိပေ။

'အစ်ကိုကြီး အိမ်ထောင်ထူလိုက်တာ ကောင်းပါတယ် မနွေရယ်၊ ဒါမှ တို့တူဝရီး လွတ်လွတ်လပ်လပ် နေနိုင်မှာ၊ ဒေါ်လေးလဲ နေရတာ ခုမှ စိတ်ထဲပေါ့ပါးသွားတယ်'

သည်တုန်းက ဒေါ်လေး၏ ဆိုလိုချက်ကို ခိုင်နွေ သဘော မပေါက် ခဲ့ပေ။ နောက်မှ ဒေါ်လေးသဇင်သည် တစ်ကိုယ်တည်း သမားမို့ မုဆိုးဖို ဖြစ်သော ဖေဖေနှင့် တစ်အိမ်တည်းမှာ အတူ နေရတာ အများပြောစရာ ဖြစ်နေခဲ့သည်ကို သိနားလည်လာရ သည်။ လူ့လောကကြီးကား ရှုပ်ထွေးလှ ပါကလား။

ဖေဖေသည် ခိုင်နွေနှင့် ဒေါ်လေးသဇင်တို့ အဖော်ရစေရန် နော်နော်ကို ရှာပေးခဲ့လေသည်။ မိန်းမသားသုံးယောက်သာ ကျန်ရှိခဲ့သောအိမ်ကို ဖေဖေက မကြာခဏလာသည်။ ဖေဖေတို့ အိမ်သည် သိပ်မဝေးလှသည်မို့ ရောက်အောင်လည်းလာနိုင် သည်။ ထိုအခါ ဖေဖေ၏ ဇနီးသည်လည်း ပါလာတတ်သည်။ ဖေဖေ့ဇနီးသည် သဘောကောင်း မနောကောင်းကြီးဟု မဆို သာသော်လည်း အေးဆေးသည်။ စကားအပို သိပ်မပြောပေ။ သမီးနှင့် ခယ်မကို အိမ်တစ်လုံးလုံး ပေးအပ်ခဲ့သည့် ကိစ္စကို

လည်း ဘာမျှမပြောပေ။ သို့သော် ကားတစ်စီးကတော့ ဖေဖေ့နောက်သို့ ပါသွားခဲ့သည်။ ဒါကလည်း မောင်လေး ကျော်စွာ အတွက်ပါဟု ဆို၏။ ခိုင်နွေ၏ ပညာသင်စရိတ်ကို ဖေဖေက တချို့တစ်ဝက် ထောက်ပံ့သည်။ သို့သော် အဓိကမှာတော့ ဒေါ်လေးသဇင်၏ ဓာတ်ဘောဝ်လီလုပ်ငန်းမှ ရသည့်ငွေကိုသာ သုံးစွဲကြရ လေသည်။

ခိုင်နွေ၏ ဘဝအကြမ်းဖျင်းမှာ ထိုမျှသာဖြစ်၏။ ခိုင်နွေ၏ ဘဝသည် နုသည်ဟုလည်း မဆိုသာ၊ ကြမ်းသည်ဟုလည်း မဆိုနိုင်ပေ။ ပြီးတော့ ခိုင်နွေသည် စိတ်ပျက်အားငယ်တတ်သည့် မိန်းကလေးလည်း မဟုတ်ခဲ့ပေ။ သည်စိတ်ဓာတ်ကပင် ခိုင်နွေ့ဘဝမှာ တစ်ပန်းသာစေခဲ့ပါသည်။

ခိုင်နွေကို ဦးရွှေဖံအောင်၏ ရုပ်ရှင်သင်တန်းကို ပို့ဆောင်ပေးခဲ့သူမှာ ဒေါ်လေး သဇင်ပင် ဖြစ်၏။ ခိုင်နွေက ဆယ်တန်းအောင်ပြီးစ တက္ကသိုလ် မှာလည်း တက်ရောက်ဆဲမို့ ပညာရေးကိုလည်း လက်မလွှတ်ချင်တာ အမှန်ပင်။ ရုပ်ရှင်ကို ဝါသနာကြီးလှသည်လည်း မဟုတ်ဘဲ လုပ်ကြည့် ရင်တော့ ရနိုင်မည်ဟု အလိုလိုထင်ခဲ့မိသည်။ အနုပညာဗီဇက ကိန်းအောင်း နေခဲ့လေသလား၊ ပါရမီပါလေသလား ခိုင်နွေ မသိပေ။ လုပ်ကြည့်တော့လည်း သိပ်မခဲယဉ်းလှတာကို တွေ့ရသည်။

'ခိုင်နွေက သိပ်တတ်လွယ်တယ်၊ အောင်ရုပ်ရှင်ရဲ့ ပွဲဦးထွက်ဓာတ်ကားမှာ ခိုင်နွေကိုပဲထည့်သုံးမယ်'

ဦးရွှေဖံအောင်က ပြောသည်။ ဒေါ်လေးသဇင်က ဝမ်းသာလွန်း၍ မျက်ရည်များပင် လည်ရှာလေသည်။ သည်အချိန်ထိ

လည်း ခိုင်နွေသည် အခွင့်အရေး ရပါကလားဟု လှိုက်လှဲဝမ်းသာ မဖြစ်တတ်သေး။ သူ့စိတ်ထဲမှာ ဘွဲ့ရအောင် စာမသင်လိုက်ရမှာ တွေးပူနေသည်။

တစ်ခုတော့ရှိသည်။ ခိုင်နွေက ရုပ်ရှင်ရိုက်ရာမှာ သင်လို့လွယ်သည် ဆိုတာ စိတ်ကိုက ပေါ့ပေါ့ပါးပါး ထားတတ်လို့ထင်ပါရဲ့။ ဒါကိုရအောင် လုပ်နိုင်ရမည်ဟု စိတ်ထားပြီး ခိုင်းသမျှကို လုပ်ချလိုက်သည်။ အမူအရာ လုပ်ရာမှာလည်း ခါတိုင်း ပြောဆိုလှုပ်ရှားနေကျ အပြုအမူများလိုပင် သဘောထားပြီး လုပ်ပစ်လိုက်သည်။ ဒါကြောင့်လည်း စိတ်ထဲမှာ တင်းကျပ်မနေဘဲ ပေါ့ပါးပြီး ပျော့ပျောင်းနေလေသည်။ လိုချင်သလိုပုံသွင်း၍ရနေ သည်။

ဒေါ်လေးသဇင်ကတော့ ခိုင်နွေ၏ မာကျောသော စိတ်ဓာတ်ကြောင့်ဟု ဆိုသည်။ ဖြစ်သမျှကို ရင်ဆိုင်ချင်သော စိတ်ဓာတ်သည် အားလုံးအတွက် အဆင်သင့်ဖြစ်နေလေသည်။ ထို့ကြောင့်လည်း ဦးကျော် နိုင်နှင့် လက်ထပ်ဖြစ်ခဲ့သည်ဟု ဆိုရမည်။

ဦးကျော်နိုင်က ခိုင်နွေနှင့် တွေ့စကတည်းက ရင့်ကျက်တည်ငြိမ် သောသူတစ်ယောက် ဖြစ်နေခဲ့ပြီ။ သူက မြန်မာ့အသံကို သူ၏တာဝန် ဝတ္တရားတစ်ခုအရ ရောက်နေခဲ့ခြင်းဖြစ်၏။ သူ့တာဝန်က ပြန်ကြားရေး ဌာနနှင့် သက်ဆိုင်နေသည်။

သည်တုန်းက ခိုင်နွေသည် ပီဘိ မိန်းကလေးငယ်ငယ်လေးဖြစ်၏။ ရုပ်ရှင်သင်တန်းသူတွေထဲမှာ ကိုယ်လုံးကိုယ်ထည်ကလည်း

အသေးကွေးဆုံး၊ အများတကာလို မိတ်ကပ်ခြယ်သခြင်းလည်း မရှိပေ။ ဆံပင်ကို ယောကျ်ား လေး ဆန်ဆန် တိုတိုညှပ်ပြီး ရှပ်အင်္ကျီကိုသာ ကော်လန်ဖွင့်၍ ဝတ်ထား သည်။ လွယ်အိတ်တစ်လုံးကိုလည်း လွယ်ထားသေးသည်။ ပြီးတော့ သူ အလွန်ကြိုက်သော ပီကေကိုလည်း ဝါးနေလိုက်သေးသည်။

'လူတွေများလှချည်လား၊ ဘာလဲ သီချင်းပဟေဠိ ဖြေကြမလို့လား'

ဘောင်းဘီရှည်ဝတ်လျက် မြင့်မားသောအရပ်ကြီးနှင့် ခါးထောက် ရပ်နေသော သူ့ပုံကိုကြည့်ကာ ခိုင်နွေတို့ မိန်းကလေး တစ်သိုက်က တစ်ချက် တော့ ဟားလိုက်သေးသည်။

'ရပ်ရှင်သင်တန်းသူတွေပါ၊ ဒီနေ့လာကြည့်ဖို့ ချိန်းပြီးသားဖြစ်နေလို့'

တာဝန်ရှိသူက ရှင်းပြနေသည်။

'ပြန်လွှတ်လို့မရရင်လဲထားပေါ့၊ လုံခြုံရေးအတွက်တော့ သေသေ ချာချာ မှတ်ထားတယ် မဟုတ်လား'

'ဟုတ်ကဲ့ လုပ်ထားပါတယ်၊ ဒီဇာတ်လမ်းသွင်းပြီးရင် ပြန်ကြမှာပါ'

သည်လူကြီးက ငါတို့ကို နှင်လွှတ်ချင်နေတာပါကလားဟု ခိုင်နွေ တွေးလိုက်မိသည်။ ထိုလူကြီးသည် ဘောင်းဘီထဲ လက်နှိုက်လျက်ပင် ဇာတ်လမ်းသွင်းနေသော စတူဒီယိုခန်းထဲသို့ မှန်တံခါးကိုတွန်းပြီး ဝင်သွား သည်။ ခိုင်နွေတို့က မှန်တံခါး၏ အပြင်ဘက်မှ ကြည့်နေကြသည်။ ညွှန့်ဝင်းနှင့် ဝါဝါဝင်းရွှေ

**တို့၏ ကိုယ်အမူအရာမပါဘဲ နှုတ်ဖြင့် သရုပ်ဆောင်နေသည်ကို စိတ်ပါဝင်စားစွာ ငေးမောနေကြရ၏။**

သူသည် ဇာတ်လမ်းရေးထားသော စာရွက်များကို ဟိုဟိုသည်သည် ဖတ်ကြည့်နေလေသည်။ ပြီးတော့ ခေါင်းတညိတ်ညိတ်လုပ်နေသည်။ ပြီးတော့ ဣန္ဒြေကြီးစွာဖြင့် မှန်ချပ်၏တစ်ဖက်မှ မိန်းကလေးများဆီ မျက်လုံးဝေ့ကြည့်သည်။

မိန်းကလေးများက အကြောင်းမဲ့ ခိုးခိုးခစ်ခစ် ရယ်ကြသည်။ ခိုင်နွေသည် ပီကေဝါးလျက် ထိုလူကြီးကို တစ်ချက်လှမ်းကြည့်မိလေသည်။ သူကလည်း စိုက်အကြည့်နှင့် ဆုံနေ၍ မျက်နှာလွှဲလိုက်ရသည်။ ပြီးတော့မှ ဘာလို့ အရှုံးပေးရမှာလဲဟူသော မာနစိတ်ကလေးဖြင့် ခပ်ရဲရဲပြန်ကြည့်ပစ် လိုက်သည်။ ထိုလူကြီးတစ်ဖက်လှည့်သွားသည်။ ခိုင်နွေ့စိတ်ထဲက ကျေနပ်သွားလေသည်။

ဇာတ်လမ်းသွင်းတာ ကြည့်အပြီးမှ ခိုင်နွေတို့ မြန်မာ့အသံခန်းမ ထဲမှ ထွက်လာခဲ့ကြသည်။ အပြန်တွင် ကိုယ့်အစီအစဉ်နှင့်ကိုယ် ပြန်ကြရန် ဖြစ်၏။ ခိုင်နွေကို လာကြိုမည့်ကား မရှိပေ။ ဖေဖေ့အိမ်ကို ဖုန်းဆက်လျှင် ဖေဖေက လာကြိုပေးမည်ဖြစ်သော်လည်း ခဏ ခဏ အပူမကပ်ချင်ပေ။ တစိမ်းက ရှိသေးသည်မဟုတ်လား။

ခိုင်နွေသည် ပြည်လမ်းမကြီးပေါ်တွင်ရပ်ပြီး ဘတ်စ်ကားစောင့်လျက် ရှိသည်။ ပါးစပ်ကလည်း ပီကေလက်ကျန်လေးကို ဝါးလျက်ရှိသည်။ ထိုအချိန်မှာ ဂျစ်ကားအစိမ်းလေးက ခိုင်နွေ့ရှေ့မှာ လာရပ်သည်။

'ဘယ်ကိုပြန်မှာလဲ'

မိမိကိုပဲ မေးသည်ထင်၍ ခိုင်နွေ မော့ကြည့်လိုက်သည်။ အလို ဟိုလူကြီးပါလား။ မျက်နှာထားကတော့ ခပ်တည်တည်ပင်။ သို့သော် သူ့အကြည့်က စူးစူးရှရှနိုင်သည်။ ရဲဝံ့ပိုင်နိုင်ခြင်းလည်း ရှိသည်။ ခိုင်နွေက 'ဖိုးစိန်လမ်းကို'ဟု အလိုလိုဖြေမိလျက်သား ဖြစ်သွားသည်။

'လိုက်ပို့ပေးမယ်လေ၊ တက်'

အစ်ကိုကြီးတစ်ယောက်က အမိန့်ပေးသလို ပြောသည်။ သူ့ကားနောက်ခန်းမှာလည်း လူတစ်ယောက်ပါသည်။ ခိုင်နွေက မလိုက်ဘူးဟု ငြင်းလျှင် ရိုင်းရာကျလေမည်လား။ သူ့သိက္ခာကိုစော်ကားသလိုများ ဖြစ်သွားမလား အပြေးအလွှား စဉ်းစားရသည်။ သို့သော် အလွယ်တကူ လည်း မလိုက်ချင်သည်မို့

'လမ်းကြုံရဲ့လားရှင်'

လေသံကို အယဉ်ကျေးဆုံးဖြစ်အောင် သတိထားကာ ပြောလိုက်မိသည်။

'ကြုံပါတယ်'

သူကလည်း တိုတိုတောင်းတောင်းပင် ပြောသည်။ ခိုင်နွေလည်း ထပ်၍ မမေးဝံ့တော့ဘဲ ကားပေါ်တက်လိုက်ရသည်။ သွက်လက်ပြီး ကျင်လည်စွာဖြင့် ကားကို မောင်းထွက်သွားသည်။ စီးကရက် လက်ကြား ညှပ်ပြီး ကားမောင်းပုံမှာ တည်တည်ကြည်ကြည်နှင့် ကြည့်လို့ကောင်းသားပဲ။ ခိုင်နွေက ခိုးကြည့်ရင်းတွေးသည်။

မေမေဆုံးပါး၍ ဖေဖေ နောက်အိမ်ထောင်ပြုပြီး မိန်းမသား တစ်ယောက်သာဖြစ်သော ဒေါ်လေးသဇင်၏ အုပ်ထိန်းမှုအောက်မှာ နေခဲ့ ရသော ခိုင်နွေအဖို့ ယောကျ်ားတစ်ယောက်ကို အထင်ကြီးအားကိုးချင်စိတ် ရှိမိတာ အမှန်ပင်။ သို့သော် ချစ်သူရှာဖို့တော့ ခိုင်နွေ တစ်ခါမျှမစဉ်းစား ဘူးပေ။ ခိုင်နွေ့ဘဝမှာ လုပ်စရာတွေ အများကြီးရှိသေးသည်။ ယခုမှ စမည်ကြံကာ ရှိသေးသည်။

ကားကို ရွှေဂုံတိုင်အဝိုင်းမှ ကွေ့လိုက်သည်။

'ဘယ်ဘက်က ပိုနီးလဲ'ဟု သူ မေးသည်။

'နတ်မောက်လမ်းဘက်ကဝင်ရင် နီးပါတယ်'

ခိုင်နွေက သူ့မျက်နှာကိုကြည့်ပြီး ပြောသည်။ သူက ကတ္တရာလမ်း ကိုသာ ကြည့်နေလေသည်။ လမ်းထဲကို ကားချိုးဝင်လာသည်အထိ တိတ်ဆိတ်သွားပြန်သည်။

'ဟိုရှေ့က ခြံပါ'

ခိုင်နွေက လက်ညှိုးထိုးပြလိုက်သည်။ ကားက ခြံထဲသို့ ကွေ့ဝင်လာ၏။ ထုံးစံအတိုင်း ဒေါ်လေးသဇင် စောင့်နေမှာပဲဟု တွေးမိသည်။ အဖွဲ့နှင့်သွားသည်မို့ ဒေါ်လေးက အဖော်လိုက်မလာခြင်း ဖြစ်၏။ စနေ တနင်္ဂနွေ သင်တန်းနှစ်ရက်စလုံး ဒေါ်လေးက အဖော်လိုက်လာတတ်သည်။ ဈေးရောင်းကောင်းတတ်သည့် စနေနေ့ကို မလိုက်ပါနှင့် ပြောလည်း မရပေ။ ဆိုင်ကို တပည့်လက်သားနှင့် ထားခဲ့တတ်သည်။ ဒေါ်လေးက ခိုင်နွေကို ရည်မှန်းချက်မအောင်မြင်ဘဲ သူ့လို ကတိမ်းကပါး ဖြစ်သွားမှာ အလွန်ပဲ စိုးရိမ်လေသည်။

အိမ်ဝတွင် ဒေါ်လေးသဇင်သာမက ဖေဖေရော၊ ဖေဖေ့ ဇနီး အန်တီ ကြည်ကိုရော တွေ့လိုက်ရလေသည်။ ဆုံဆည်းမှုပဲ ဆိုပါတော့။ ခိုင်နွေသည် တစ်ယောက်တည်း အပြင်မှပြန်လာမိပြီး ဖေဖေ့ရှေ့မှာ တစိမ်းယောက်ျား တစ်ယောက် ကားနှင့် ပြန်လာ **သည့်အတွက် မျက်နှာပူသွားလေသည်။ ဖေဖေက ဘယ်လို များထင်လေမလဲ။ ဒေါ်လေးသဇင်ကို အပြစ်တင်ဦး မှာလား** ဟုလည်း စိုးရိမ်သွားမိသည်။

သူကတော့ ဘာကိုမှ စဉ်းစားမိဟန်မတူ။ သည်လူတွေ **ကိုလည်း ခိုင်နွေ့ အိမ်သားတွေပဲဟု ယူဆပုံရသည်။ ကားကို** ရပ်ပြီး ခိုင်နွေ ဆင်းတာ ကို စောင့်သည်။ ပြီးတော့ လူကြီးဖြစ်သော ဖေဖေ့ဘက်သို့ လှည့်ပြီး **'**ပြန်ပါဦးမယ်ခင်ဗျာ**'**ဟု နှုတ်ဆက်စကား ဆိုသည်။

**'**ဩော် ကျေးဇူးတင်ပါတယ် အောက်ဆင်းပါဦးလား**'**

ဖေဖေကလည်း လူကြီးပီသစွာ ဣန္ဒြေရရ ပြောသည်။ ခိုင်နွေက ရပ်ကြည့်နေရသည်။ မိတ်ဆက်ပေးရအောင်ကလည်း ခိုင်နွေကိုယ်တိုင် သူ့ကို မသိသေးပေ။

**'**နေပါစေတော့ ဦး၊ ကျွန်တော် ရုံးကိုပြန်သွားရဦးမှာ၊ ကလေးမကို လမ်းကြုံလို့ ဝင်ပို့တာပါ**'**

လူကိုများ ကလေးမတဲ့။ ခိုင်နွေ စိတ်ထဲက မခံချင်ဖြစ် **သွားမိသည်။ ကျေးဇူးတင်ပါတယ်ရှင့်ဟု ခပ်ဆောင့်ဆောင့်** လေး ပြောလိုက်မိသည်။ တော်တော် သိက္ခာဆယ်ချင်တဲ့လူကြီး၊ လမ်းကြုံလို့တဲ့၊ ဟင်း မသိရင် ခက်မယ်။

သူသည် ကားကို လျင်မြန်စွာချိုးကွေ့ပြီး ထွက်သွားလေသည်။ ခိုင်နွေသည် သူ့ကို စောင့်နေသူများကို ဘာမျှမပြောဘဲ အိမ်ထဲဝင်လာ ခဲ့သည်။

'သိပ်ဆာတာပဲ ဒေါ်လေးရယ်၊ ဘာရှိသလဲဟင်၊ တစ်နေ့လုံး ဘာမှလဲ မစားရဘူး'

ဒေါ်လေးသဇင်သည် ခိုင်နွေ့နောက်မှ လိုက်လာသည်။

'ဟဲ့ ဆာတာကနောက်မှ၊ အဘိုးကြီးက စိတ်ပူလို့စောင့်နေတာ၊ ပြန်တော့မလို့တဲ့၊ သွားနှုတ်ဆက်ချည်ဦး'

'အို တော်ကြာ တောင်မေး မြောက်မေး မေးနေရင် မဖြေတတ်ဘူး'

'ထွက်တော့ နှုတ်ဆက်လိုက်ပါဦးဟယ်'

ခိုင်နွေသည် ထမင်းစားပွဲမှ ဟင်းတစ်ဖတ်ကို ဇွန်းနှင့်ခပ်စားပြီး အင်္ကျီပေါ် ဟင်းစက်များမကျအောင် လက်ဖြင့်ခံလျက် အိမ်ရှေ့သို့ ထွက် သွားသည်။

'ဟဲ့ ခိုင်နွေ'

ဒေါ်လေးသဇင်က လှမ်းခေါ်ပြန်သည်။ ခိုင်နွေက လှည့်ကြည့်သည်။

'ဟိုတစ်ယောက်ကိုပါ နှုတ်ဆက်လိုက်ဦးနော်'

အန်တီကြည်ကို ဆိုခြင်းဖြစ်၏။

ခိုင်နွေ ဘာမျှမပြောဘဲ အိမ်ရှေ့သို့ ထွက်ခဲ့၏။ ဖေဖေနှင့် အန်တီ ကြည်သည် ခြံဝင်းထဲမှာ ရပ်နေဆဲ။ ဟင်း ဖေဖေက ပိုလို့တောင် နုပျို နေသေးတော့။ ဖေဖေသည် အန်တီကြည်ကို ဘယ်တုန်းကများ တွေ့လိုက် သည် မပြောတတ်ပေ။ အန်တီကြည်သည်

မမေ့ထက်ငယ်သော်လည်း လေးဆယ်ကျော် လောက်တော့ ရှိပြီ။ ဖေဖေက အခွန်ရုံးက အရာရှိကြီး ဆိုတော့ အရောင်းအဝယ် ကုန်သည်ပွဲစား အန်တီကြည်နှင့် တွေ့ကြသည်လား မပြောတတ်။ သို့သော် အန်တီကြည်သည် တခြား ပွဲစားမမတွေလို လည်လည်ပတ်ပတ် ပုံစံမျိုးမဟုတ်။ ခပ်ထည်ထည်ပင် ဖြစ်သည်။ အပျိုကြီးလား တစ်ခုလပ်လား ခိုင်နွေ အသေအချာ မသိပေ။ သိလည်း မသိချင်လှပေ။

'ဖေဖေတို့ ပြန်တော့မလို့လား'

သည်လို စကား စပုံကို ဒေါ်လေးသဇင်ကြားလျှင် ကြိုက်မည်တော့ မဟုတ်။ ထို့ကြောင့်

'သမီးတော့ အသံလွှင့်ရုံမှာ တစ်နေကုန်ပဲ၊ မောလွန်းလို့ ဆာလဲ ဆာလှပြီ'ဟု ဆက်ပြောလိုက်သည်။

'အေး သမီးနားဦး၊ လုပ်စရာရှိတာလဲလုပ်၊ ကျောင်းစာလဲ မပျက် စေနဲ့ပေါ့၊ ဖေဖေတို့လဲ ခုပဲပြန်တော့မလို့၊ သမီး မလာသေးလို့ စောင့်နေတာ'

'ဟုတ်လား၊ အန်တီကြည်ကော ထမင်းစားပြီးပြီလား၊ စားသွား ပါဦးလား ဟင်'

ဤသည်မှာ ခိုင်နွေ၏ အချိုသာဆုံးစကားများပင်ဖြစ်၏။ အန်တီ ကြည်က ဣန္ဒြေရရပင် ပြုံးလျက် ခေါင်းခါပြသည်။ အန်တီကြည်သည် မမေ့ထက် ချောပေသည်။

'အိမ်ရောက်မှပဲ စားတော့မယ်ကွယ်၊ အန်တီတို့ ပြန်မယ်နော်'

'ဟုတ်ကဲ့၊ ဒါနဲ့ဖေဖေ မောင်မောင့်ကို လွှတ်လိုက်ပါဦး၊ လက်သမား ဆရာလဲ တစ်ခါတည်း ခေါ်ခဲ့ပါလို့'

မောင်မောင်ဆိုသည်မှာ ဖေဖေတို့နှင့် အတူလိုက်နေသော မောင်လေး ကို ခေါ်ခြင်းဖြစ်၏။ ခိုင်နွေတို့အိမ်မှာ မိန်းမသား ချည်းမို့ အိမ်ကိစ္စလေးများ အကြောင်းကြီးငယ်ရှိလျှင် မောင်မောင့်ကို ခေါ်ခိုင်းရသည်။

'အေး၊ စနေနေ့လွှတ်လိုက်မယ်လေ၊ သမီးရဲ့မောင်က ရှစ်တန်းကို တစ်နှစ်တည်းအောင်အောင်လို့တဲ့၊ သိပ်ကြိုးစားနေတယ်'

မောင်မောင်တစ်ယောက် အဖေ့နောက် လိုက်နေသည်ကို ခိုင်နွေ သဘောကျသည်။ ယောကျ်ားလေးဆိုတော့ ဖခင်၏ အုပ်ထိန်းမှု လိုပေမည်။

'မနွေတို့အိမ်မှာ အဖော်ရအောင် အပျိုကြီးမမကို အဖော် ရှာပေး လိုက်ဦးလေကွယ်'

အန်တီကြည်က ရယ်သွမ်းသွေး၍ ပြောသည်။ ဒေါ်လေးသဇင်သည် နပျိုလှပဆဲ။ ရုပ်ရှင်ပိုး ထလွန်းတာကလွဲလျှင် အလွန်ပဲ ကြွေနေ့ရလေသည်။ သို့သော် သူ့အတိတ်ဇာတ်ကြောင်းက ရှိနေသည်မို့ ဒေါ်လေးသဇင်သည် အိမ်ထောင်ပြုရမှာကိုလည်း လန့်နေသည်။

'အန်တီကြည်ကလဲ ရှာပေးဦးပေါ့၊ ဒါပေမဲ့ ခုတိုင်းပဲကောင်း ပါတယ်၊ တော်ကြာ ခိုင်နွေ ရုပ်ရှင်ရိုက်တဲ့နေရာကို သူ မလိုက်နိုင်ဘဲ နေဦးမယ်'

'ဟုတ်တယ် ဟုတ်တယ်'

အန်တီကြည်နှင့် ခိုင်နွေသည် အပိုဟန်ဆောင်စကားလေး တွေကို သည့်ထက်ပိုပြီး ပြောစရာမရှိတော့။ ဖေဖေနှင့် အန်တီ

ကြည့် နှုတ်ဆက်ပြီး ကားလေးဖြင့်ထွက်ခွာသွားမှ ခိုင်နွေ လည်းရင်ထဲမှာ ပေါ့ပါးသွားသည်။

ဖေဖေတို့ကို ဟန်ဆောင်ပန်ဆောင် လက်ပြနှုတ်ဆက်ပြီးနောက် အိမ်ထဲသို့ ပြေးဝင်လာခဲ့သည်။ ထမင်းစားပွဲသို့ တန်းသွားသည်။ ဒေါ်လေး သဇင်သည် ထမင်းအဆင်သင့် ချထားပြီးနေလေပြီ။ ခိုင်နွေက စားပွဲမှာ ဝင်ထိုင်ပြီး ဇွန်းခက်ရင်းကို ကိုင်သည်။ ဒေါ်လေးသဇင်ကတော့ ဇွန်းနှင့် စားလည်း လက်ကို စင်စင်ဆေးပြီးမှ စားစေချင်သည်။

'ခိုင်နွေရယ် အဝတ်အစားလေးဘာလေး လဲပါဦးလား၊ ဘယ်လို ဖြစ်နေရတာလဲ'

'မလဲနိုင်ဘူးဒေါ်လေးရယ်၊ သိပ်ဆာတာပဲ၊ ရင်တွေတောင်တုန်နေပြီ'

ဒေါ်လေးသဇင်သည် ခိုင်နွေ၏ ပေါင်ပေါ်မှာ လက်သုတ်ပဝါကို လာခင်းပေးလေသည်။ ဒေါ်လေးသဇင်သည် ဤသို့ပင် ဂရုစိုက်တတ်သည်။ သူ့အပြောအရတော့ တစ်နေ့ကျရင် ခိုင်နွေက နာမည်ကျော်ရုပ်ရှင်မင်းသမီး ကြီး ဖြစ်မှာတဲ့။ ဒါကြောင့် အစားအသောက် အနေအထိုင် အထက်တန်း ကျဖို့၊ ဣန္ဒြေရဖို့ ခုကတည်းက လေ့ကျင့်ထားရမည်တဲ့။ ဒေါ်လေး သဇင်က ရုပ်ရှင်အနုပညာသည်ဆိုတာ ပေါ့ပေါ့နေ ပေါ့ပေါ့စားသူများဟု အများက မလေးစားမှာကို မခံချင်စိတ် ဖြစ်နေလေသည်။

'ဒါနဲ့ ပြောပါဦး မနွေရယ်၊ အဘိုးကြီးနဲ့ ဟိုအမျိုးသမီးလာတဲ့နေ့ မှာမှ ညည်းက ဘယ်ကလူတွေနဲ့ ပြန်ပါလာရတာလဲ၊

ငါ့မှာဖြင့် သူတို့ အဖွဲ့နဲ့ သွားတာပါ၊ အပြန်လဲ အတူတူပြန်လာမှာပါလို့ ပြောထားရတာ'

ဒေါ်လေးသဇင်သည် အန်တီကြည်ကို နာမည် ခေါ်ခဲလှသည်။ ဘာကြောင့်မှန်းမသိ ဒေါ်လေးသဇင်သည် အန်တီကြည်ကို ရင်တွင်းက လိုက်လှဲခြင်းမရှိတာ သိသာလှသည်။ သူ့အစ်မ ခိုင်နွေတို့မေမေနေရာကို ဝင်လို့ပဲလားတော့ မသိပေ။ ခိုင်နွေကတော့ ဖေဖေ နောက်အိမ်ထောင်ပြုခြင်း နှင့် ပတ်သက်ပြီး အပြစ်မပြောချင်ပေ။ အတိုက်အခံလည်း မပြုခဲ့ပေ။ ဝမ်းနည်းမိတာပဲရှိသည်။

'ဘယ်လိုလူကြီးမှန်းလဲ မသိပါဘူး ဒေါ်လေးရယ်၊ ခွတီးခွကျနဲ့ပါ၊ မြန်မာ့အသံမှာ ဟိုညွှန်ကြား၊ သည်ညွှန်ကြားနဲ့တော့ တွေ့တာပဲ၊ အဲဒါ မနွေ ဘတ်စ်ကားစောင့်နေတုန်း ဘယ်သွားမှာလဲဆိုပြီး လိုက်ပို့ပေးတာ'

'အင်းလေ ကြည့်ရတာတော့ လူကြီးလူကောင်းပါ၊ ဟဲ့ မနွေ၊ အစားတွေ ပလုတ်ပလောင်းနဲ့ ညည်းခါးကြီးတုတ်လာရင် ရုပ်ရှင် စရိုက် ရိုက်ချင်း လူတွေ ခါသွားမယ်'

ဒေါ်လေးသဇင်သည် ခိုင်နွေ၏ ပွဲဦးထွက်ဇာတ်ကားအတွက် အလွန်ပင် စိတ်အား ထက်သန်နေသည်။ အစစ အဆင်ပြေချောမွေ့ပြီး တစ်လောကလုံးက ခိုင်နွေ ခိုင်နွေဟု ပြောစမှတ်ပြုသွားစေချင်သည်။

'တစ်ပန်းကန်ပဲ စားပါ့မယ် ဒေါ်လေးရယ်၊ ဟင်း ဒီအတိုင်းဆို တစ်သက်လုံး ထမင်းမှ ကောင်းကောင်းစားရပါ့မလား'

'လေ့ကျင့်ခန်းလဲ လုပ်ပေါ့'

'ကျောင်းလဲတက်၊ ရုပ်ရှင်သင်တန်းလဲတက်၊ လေ့ကျင့်ခန်းလဲလုပ်၊ ကားကလဲ စရိုက်တော့မယ်ဆိုရင် ခိုင်နွေတော့ သေမှာပဲ ဒေါ်လေးရယ်'

ဒေါ်လေးသဇင်သည် တူမဖြစ်သူကို ကရုဏာသက်စွာ ကြည့်မိလေသည်။

'ဒေါ်လေးက ဖြစ်စေချင်လွန်းလို့ပါကွယ်၊ ဒေါ်လေးတုန်းကဆိုရင် ခုလို ဂရုစိုက်ပြီး လုပ်ပေးမယ့်သူတစ်ယောက်သာ ရှိစမ်းပါစေ၊ ဖြစ်အောင် လုပ်နိုင်ခဲ့မှာပါ၊ ဒေါ်လေးမှာ အဖေ အမေကလဲ သဘောမတူ၊ သည်ဘက်မှာ အဆက်အသွယ်ကလဲမရှိ၊ မမက အားတော့ပေးပါတယ်၊ သူကလဲ နယ် ရောက်နေတော့ မကူညီနိုင်ဘူး၊ ကူမယ် ထင်တဲ့သူကျတော့လဲ'

'ကဲပါ ဒေါ်လေးရယ်၊ မနွေက ဒေါ်လေးစေတနာကို နားလည်ပါတယ်၊ ခုလဲ မနွေ လုပ်ရင်း လုပ်ရင်း ပျော်လာပါပြီ၊ ဖြစ်အောင်လုပ်မှာပါ၊ ဟင်း ဟင်း ဒေါ်လေးက ခုတောင် ရုပ်ရှင်မင်းသမီးလုပ်ရင် ရသေးတာ၊ အန်တီကြည်ကတောင် ပြောသွားသေးတယ်'

'အမယ် ဘာပြောသွားလဲ သူက'

အန်တီကြည်အကြောင်းပြောလျှင် ဒေါ်လေးသဇင် မျက်နှာထားတည်သွားမြဲပင်။

'မနွေတို့မှာ မိန်းမသားချည်းပဲ၊ ယောကျ်ားဖော်ရအောင် ဒေါ်လေး ကို အဖော်ရှာပေးလိုက်ပါလား တဲ့'

'အမယ်လေး၊ ကျုပ်ဘာသာ မယူချင်လို့ မယူပဲနေတာ၊ ရှာပေးစရာ မလိုပါဘူး၊ ဒီလောက်လဲ မတုံးသေးပါဘူး၊ သူ့လို

မုဆိုးဖိုဖြစ်ဖြစ် တစ်ခုလပ်ဖြစ်ဖြစ် ရတာယူမယ်ဆိုရင်တောဟုတ်တာပေါ့'

ဒေါ်လေးသဇင်၏ မကျေနပ်ချက်သည် ပွင့်ထွက်၍လာလေသည်။

'ဟဲ ဟဲ ဒေါ်လေးကလဲ ဒေါ်လေးကို မစွံလို့ မယူတာလို့ မပြောပါဘူး ဒေါ်လေးရဲ့၊ စွံမှန်းသိပါတယ်'

'အို သိ သိ၊ မသိသိ'

ခိုင်နွေသည် ဒေါ်လေးကို စချင်နေသေးသည်။

'ဒေါ်လေးကလဲ ဖေဖေ့ကို ယူလိုက်ရင် ပြီးရောနော်၊ မနွေတို့လဲ တကွဲတပြားစီ မဖြစ်တော့ဘူး'

ဒေါ်လေးသဇင် မျက်နှာသည် ရဲခနဲဖြစ်သွားလေသည်။

'ဒီကောင်မလေးက တောက်တီး တောက်တဲ့၊ ကြမ်းကြားလေကြားဟယ်၊ သူများ ကြားသွားမှဖြင့်'

ဒေါ်လေးသဇင်သည် ပန်းကန်များဆေးနေသော နော်နော်ရှိရာသို့ ကြည့်ကာ စိုးရိမ်တကြီး ပြောလိုက်လေသည်။

'မနွေ ဖြစ်စေချင်တာ ပြောတာပါ ဒေါ်လေးရယ်'

'တော်ပါကွယ်၊ နဂိုကမှ ဒေါ်လေးသဇင်ကို ဝေဖန်ချင်ကြသူတွေ ခပ်များများ၊ ပြီးတော့ အစ်ကိုကြီးနဲ့ မောင်နှမလိုနေလာကြတာပါ မနွေ ရယ်'

ဒေါ်လေးသဇင် တွေးတွေးဆဆ ပြောလိုက်ပုံကပင် စဉ်းစားစရာ ဖြစ်နေလေသည်။ သြော် ဒေါ်လေးသည် သူ့ဘဝမှ အမှားတစ်ခုအတွက် တစ်သက်လုံးစောင့်စည်းကာ သိက္ခာဆယ်နေရပါကလားဟု ခိုင်နွေ နားလည် လိုက်သည်။ တကယ်လို့သာ

ဒေါ်လေးမှာ ဒီလိုအမှားမျိုး မရှိခဲ့ဘူးဆိုလျှင် ခိုင်နွေတို့ မိသားစုဘဝသည် တစ်မျိုးတစ်ဖုံ ဖြစ်လာခဲ့လေမလား။

မအောင်မြင်သော အနုပညာဝါသနာရှင်တစ်ယောက်၏ဘဝကို ခိုင်နွေ ခံစားနားလည်ရပြန်လေသည်။

\+ \+ \+

**မိုးညဇာတ်ကားသည် လျှို့ဝှက်သည်းဖို နည်းနည်းနှယ်ချင်သော်လည်း လူ့ဘဝ၏ အလှည့်အပြောင်းသဘောနှင့် လူတို့၏စရိုက် သဘာဝလေးတွေ ရောနှောနေခဲ့သည်။ လူငယ်ရော လူကြီးပါကြိုက်နိုင်သည့် ဇာတ်လမ်းတစ်ပုဒ် ဖြစ်ခဲ့၏။ ဝတ္ထုကလည်းနာမည်ကြီး စာရေးဆရာတစ်ယောက်၏ ဝတ္ထု။ ဒါရိုက်တာက**
ခိုင်နွေ၏ဆရာ ဦးရွှေဓံအောင်ပင် ဖြစ်သည်။

'ဒီဇာတ်လမ်းမှာ အဓိကဇာတ်ဆောင်က ခိုင်နွေနဲ့ အလိုက်ဆုံးပဲ၊ ခိုင်နွေ လုပ်နိုင်မယ်ထင်လို့ ဆရာက ခိုင်နွေကို ရွေးတာ'

ဆရာက အများရှေ့မှာ ပွင့်ပွင့်လင်းလင်းပင် ပြောသည်။ မင်းသား ကလည်း သူတို့သင်တန်းသား အောင်ခက်။ အောင်ခက်က သွက်လက် ချက်ချာသည်။ ဆရာရွှေဓံအောင်၏ တပည့်လက်ရုံးလည်းဖြစ်သည်။ ဆွေမျိုးသားချင်းလည်း တော်စပ်သည်။ အောင်ခက်ကို မင်းသားအဖြစ် ရွေးခြင်းနှင့် ပတ်သက်၍မူဆရာက ဘာမျှ ထုတ်ဖော်ပြောဆိုခြင်း မပြုပေ။ တင်ပေးရမည့်သူမို့ တင်ပေးခြင်းပင် ဖြစ်၏။

ကျောင်းအားရက်တစ်ရက်မှာပင် ခိုင်နွေနှင့် အောင်ခက်ကို တစ်ခန်း စမ်းသပ်ရိုက်ကူးသည်။ ထိုနေ့က ဒေါ်လေးလိုက်လာသည်။ ဆရာ ရွှေဇံအောင်၏ ခြံဝင်းထဲမှာပင် ရိုက်ကြသည်။

'ခိုင်နွေ ပြောရမယ့်စကားကို သေသေချာချာကျက်နော်၊ ပေါ့ပေါ့ ဆဆ မလုပ်နဲ့'

ဒေါ်လေးက ဘေးကနေပြီး သတိပေးနေသည်။ မိတ်ကပ်ကိုလည်း ဒေါ်လေးက ပြင်ပေးသည်။ သူရုပ်ရှင်ရိုက်စဉ်က သုံးခဲ့သည့် မိတ်ကပ်သေတ္တာ လေးထဲမှာ ပစ္စည်းတွေက စုံနေသည်။ ဆရာက ခိုင်နွေ၏ ဆံပင်ကို မပြင်ခိုင်းပေ။ နဂိုအတိုင်းပဲရှိစေသည်။ အဝတ်အစားကိုသာ မိန်းကလေး ပိပိသအောင် ဝတ်စေသည်။ သည်ဇာတ်လမ်းမှာ ခိုင်နွေက မိခင်မုဆိုးမကြီးကို လုပ်ကျွေးနေသည့် လမ်းဘေးဈေးသည် ကောင်မလေးဖြစ်သည်။ တစ်နေ့ ဈေးရောင်းရင်း စည်းကမ်းထိန်းသိမ်းရေးကားလာသဖြင့် ပြေးရာ အောင်ခက် စီးလာသောကားနှင့် တိုက်မိသည်။ အောင်ခက်သည် ရင်မဆိုင်ရဲသဖြင့် ကားကို မောင်းပြေးလေသည်။ ခိုင်နွေသည် ခြေထောက်တွင် ဒဏ်ရာရ သွားသည်။ ဈေးမရောင်းနိုင်တော့။

အောင်ခက်သည် သူ့ကားနှင့်တိုက်ခဲ့မိသော မိန်းကလေးကို တစ် ဖက်က လူမသိအောင် ကူညီလိုသဖြင့် လိုက်လံစုံစမ်းရှာဖွေသည်။ ခိုင်နွေသည် အမေအိုကြီးနှင့် ဒုက္ခရောက်နေသည်။ သူဌေးသား (လူကြမ်း လုပ်သူ) ကျော်မောင်က ခိုင်နွေကို လက်ထပ်ယူချင်သည်။ အများကလည်း တိုက်တွန်းသဖြင့် ခိုင်နွေက ယူမည်ဟု ဆုံးဖြတ်သည်။

ထိုအချိန်မှာ အောက်ခက်သည် ခိုင်နွေရှိရာသို့ သူငယ်ချင်းတစ်ယောက်မှတစ်ဆင့် ဆက်သွယ်ရောက်လာပြီး ခင်မင်အောင်ပေါင်းသည်။ ခိုင်နွေတို့ သားအမိကို ရင်းနှီးအောင်ကြိုးစားသည်။ စားစရာသောက်စရာများ ယူလာတတ်သည်။ ခိုင်နွေသည် ခြေထောက်တစ်ဖက် မသန်တော့သည်ကို တွေ့ရသဖြင့် အောင်ခက် စိတ်မကောင်းဖြစ်မိသည်။

ခိုင်နွေသည် အောင်ခက်အပေါ် သံယောဇဉ်ဖြစ်မိသော်လည်း သူက မစွမ်းသန်သူဖြစ်၍ အောင်ခက်ကို သူနှင့် မဆက်သွယ်စေလိုပေ။ အောင်ခက်က သူ့ကို မေတ္တာရှိနေမှန်းသိသော်လည်း ရှောင်သည်။ ကျော်မောင်နှင့် လက်ထပ်မည့်အကြောင်း ပြောသည်။ အောင်ခက်သည် သူ့ကားနှင့်တိုက်မိ၍ ခိုင်နွေ ခြေထောက် ဒဏ်ရာရဖူးသဖြင့် သူ့မှာ တာဝန်ရှိကြောင်း ပြောချင်သော်လည်း မပြောဝံ့ပေ။

ခိုင်နွေမှာ တကယ်တမ်းကျတော့ ကျော်မောင်ကို လက်မထပ်လိုပေ။ သို့သော် စကားက လွန်ပြီး၍ ကျော်မောင်နှင့် လက်ထပ်မည့်ရက်ကို သတ်မှတ်လိုက်သည်။ ထိုအချိန်မှာပင် ခိုင်နွေ့မိခင်ကြီး ဆုံးသွားသည်။ လက်ထပ်မည့်ရက်ကို ရွှေ့လိုက်ရသည်။

မကြာခင် ကျော်မောင်က နားပူလာသဖြင့် အရပ်က ခိုင်နွေကို ကျော်မောင်နှင့် နေရာချထားပေးရန် စီစဉ်သည်။ ခိုင်နွေက အောင်ခက် ကိုလည်း မေတ္တာရှိနေ၍ ငဲ့ညှာစရာမိခင်ကြီးလည်း မရှိတော့ပြီဖြစ်ရာ လက်ထပ်ရန်နှစ်ရက်အလို ညတစ်ညမှာ အိမ်က ထွက်ပြေးဖို့ ကြိုးစားလေသည်။

ပြည်မြို့ရှိ အဒေါ်ထံတွင်သွားနေရန် ခိုင်နွေ အိမ်က ထွက်လာခဲ့သည်။ မိုးတွေကလည်းရွာနေသည်။ ခိုင်နွေသည် ခြေတစ်ဖက်က ကောင်းကောင်း မလျှောက်နိုင်သဖြင့် ကားဂိတ်ရှိရာသို့ ဖြည်းဖြည်းလာနေသည်။ ယခင် ဈေးရောင်းသည့် နေရာအရောက် အောင်ခက်၏ ကားက နောက်က လိုက်လာနေသည်ကိုမြင်ရသည်။ အောင်ခက်သည် ခိုင်နွေ့နားမှာ ကားကို ထိုးရပ်သည်။ သည်ကနေ့မှာမှ အောင်ခက်သည် ယခင် ခိုင်နွေကို တိုက်မိသည့် ကားကို ပြန်မောင်းလာခဲ့မိသည်။ ခိုင်နွေသည် အလန့်တကြားဖြင့် ကားထဲကလူကို မော်အကြည့် အောင်ခက်မျက်နှာကို ကြောက်ရွံ့စွာ ကြည့်နေမိသည်။ အောင်ခက်သည် သူ့ဘဝ တစ်ခုလုံး ပြောင်းလဲသွားအောင် သူ့ခြေထောက်ကို ကားနှင့် တိုက်သွားခဲ့သူမှန်း သိသွားသည်။

ဓာတ်လမ်းက ပဟေဠိဆန်ဆန် အဆုံးသတ်ထားသည်။

'ခိုင်နွေ ဒီနေ့ပြောရမယ့် စကားလုံးတွေက အရေးကြီးတယ်နော်၊ နာကြည်းချက်လဲပါရမယ်၊ ကိုယ့်ဘဝကိုယ် မကျေနပ်တာလဲ ပါရမယ်၊ ကိုယ်ချစ်နေမိသူကို တိုင်တည်တဲ့သဘောလဲ ဖြစ်ရမယ်'

ဦးရွှေဖံအောင်က ထပ်သတိပေးသည်။

ခိုင်နွေက သက်သောင့်သက်သာ ထိုင်၍ရသော ကုလားထိုင်လေး ပေါ်မှာ သိုးမွေးထိုးနေရသည်။ ခြေထောက်မသန်သော်လည်း ကလေး အင်္ကျီလေးများ၊ ဦးထုပ်လေးများထိုးပြီး ဝင်ငွေရှာနေရသည့်ဘဝ ဖြစ်ရမည်။

'ကဲ ခိုင်နွေ ပြောကြည့်စမ်း'

ဦးရွှေဖံအောင်က ပြောသည်။

'ကျွန်မဘဝမှာ ဒီလို အနာတရဖြစ်အောင်၊ ဒုက္ခိတဘဝ ရောက် အောင် လုပ်ခဲ့သူကို ကျွန်မ မုန်းတယ်၊ တွေ့လဲ မတွေ့ ချင်ဘူး၊ ဘာဖြစ် လို့ ဒီအကြောင်း ခဏ ခဏ မေးနေရတာလဲ ကိုအောင်ခက်ရယ်'

**ခိုင်နွေသည် လက်နှစ်ဖက်က သိုးမွေးထိုးနေရင်း ထိုစကား များကို ပြောသည်။ နောက်ဆုံးဝါကျမှာ အောင်ခက်ကို မော်ကြည့်သည်။ စကားလုံး များက မှန်သည်။ လေယူလေသိမ်းက ပထမပိုင်းမှာ မာနေပြီး နောက်ပိုင်းမှာ ပျော့သွားသည်။ မှန် သည်။ သို့သော် နောက်ဆုံးစကားလုံးများကိုပြောပြီး မော် အကြည့်မှာ မျက်လုံးများက လိုနေသေးသည်။ နာကြည်း ဆွေးမြည့်ခြင်း၊ ချစ်သူကို တောင်းပန်တိုးလျှိုးခြင်းနှစ်ရပ် တစ်ပြိုင် နက် ဖြစ်ပေါ်စေရမည်။**

'ဘာဖြစ်လို့ ဒီအကြောင်း မေးမေးနေရတာလဲ ကိုအောင် ခက်ရယ် ဆိုတဲ့ နေရာမှာ ခိုင်နွေ့မျက်လုံးအိမ်မှာ မျက်ရည်တွေ ဝေ့လာဖို့လိုတယ်လေ၊ နှုတ်ခမ်းတွေက တင်းမထားရတော့ဘူး၊ တုန်ယင်နေရမယ်'

ခိုင်နွေ ပြန်လုပ်ရသည်။

မျက်ရည် မျက်ရည်၊ မျက်ရည်မကျဘဲ ဝဲနေစေရမယ်တဲ့။ ဝမ်းနည်း စရာကလေးတွေ တွေးထားမှ။ မေမေဆုံးတုန်းက ငိုခဲ့ရတာတွေ။ ဖေဖေ နောက်ထပ်အိမ်ထောင်ပြုတော့ ဝမ်းနည်း ရတာတွေ။ သို့သော် သည်မျက်ရည် က ချက်ချင်းဝဲလို့မဖြစ်။

စကားပြော၏ နောက်ဆုံးပိုဒ်ရောက်မှ ဖြည်းဖြည်း ဝဲလာစေရမည်။ အောင်ခက်ကိုမော့ကြည့်မှ သည်မျက်ရည်က ဝဲရမည်။ စောစောက ဒေါသဖြင့် နာကြည်းသောမျက်လုံး၊ နောက်ပိုင်းမှ ချစ်သူရှေ့မှာ မိမိဘဝအတွက် စိတ်မကောင်းဖြစ်သည့် မျက်လုံး။

'ကျွန်မဘဝမှာ ဒီလို အနာတရဖြစ်အောင်၊ ဒုက္ခိတဘဝရောက်အောင် လုပ်ခဲ့သူကို ကျွန်မ မုန်းတယ်၊ တွေ့လဲမတွေ့ချင်ဘူး'

'အဲ ဟုတ်ပြီ၊ ခေါင်းကို တဖြည်းဖြည်းမော့လာ၊ ဒီဘက်ကို ကြည့်၊ စကားကိုဆက်ပြော'

နောက်က ဆရာဦးရွှေဖံအောင်က လိုက်ပြောပေးနေသည်။

'ဘာဖြစ်လို့ ဒီအကြောင်းကို ခဏ ခဏ မေးနေရတာလဲ ကိုအောင်ခက်ရယ်'

ခိုင်နွေ့အသံတွေ တုန်လာသည်။ မျက်ရည်လည်း ဝဲလာသည်။

'အဲ ဟုတ်ပြီ၊ ကဲ ရိုက်မယ်၊ ခိုင်နွေလက်တွေက သိုးမွေးအပ်ကို ခပ်သာသာလေး ကိုင်ထား၊ မင်းသားက ပခုံးအထိပဲ ပါမယ်'

ကင်မရာသမားက ချိန်သည်။ ခိုင်နွေ၏ မျက်နှာအလှပါရမည်။ ကိုယ်လုံးအလှ ပါရမည်။ လက်ချောင်းကလေးတွေ လှုပ်ရှားပုံ ပါရမည်။ မျက်နှာအမော့မှာ မျက်လုံးတွေကို အမိအရဖမ်းယူရမည်။

'မီး စုံပြီလားဟေ့'

'စုံပြီဆရာ'

'ကဲ ခိုင်နွေ၊ အဆင်သင့်လုပ်ထား'

ဒေါ်လေးသည် ခိုင်နွေ့မျက်နှာပေါ် ဆံပင်များအုပ်၍ မနေစေရန် လာပြင်ပေးသည်။ မျက်တောင်တုက မျက်လုံးကို ဖုံးကွယ်မထားစေဖို့ မျက်နှာကိုသိပ်ပြီး ငုံ့မထားဖို့ ပြောသည်။ ထဘီကို သပ်သပ်ရပ်ရပ်ဖြစ်အောင် လုပ်ပေးသည်။

'ကဲ ရိုက်မယ်၊ ကင်မရာရွှေ့လာမယ်၊ သိုးမွေးထိုးနေပါ၊ ဒီနား ရောက်ရင် စကားကို စပြောပါ'

ရယ်ဒီ၊ အဆင်သင့်ဆိုသော အသံတွေပေါ်လာသည်။ မီးတွေလင်း လာသည်။ ငြိမ်ပါဟု ပြောသည်။ ကလက်ရိုက်လိုက်သည်။ ချောချော မောမောမှ ဖြစ်ပါ့မလား။ ခိုင်နွေ့ ရင်တွေခုန်နေသည်။ သို့သော် ငြိမ် အောင် ကြိုးစားရသည်။ ကင်မရာက နီးလာသည်။ ခိုင်နွေ့ လက်မတုန် အောင်ကြိုးစားရင်း သိုးမွေးထိုးနေသည်။ ချည်သိမ်း ချည်ယူမှာ လက်အနေ အထား လှပစေဖို့ မနေ့ကပင် ကျင့်နေခဲ့ရသည်။ လက်သည်းရှည်တွေ ကိုတော့ နည်းနည်း တိပစ်ခဲ့ရသည်။

'ကျွန်မဘဝမှာ ဒီလို အနာတရဖြစ်အောင်၊ ဒုက္ခိတဘဝ ရောက်အောင် လုပ်ခဲ့သူကို ကျွန်မမုန်းတယ်၊ တွေ့လဲ မတွေ့ချင်ဘူး၊ ဒီအကြောင်းကိုပဲ ဘာဖြစ်လို့'

ဟာခနဲ အော်သံတွေကြားရသည်။ ခိုင်နွေ့ စကားပြောမှားသွားသည်။ ဘာမျှမလုပ်ရသေးသည့် အောင်ခက်က သူ့နဖူးသူ ရိုက်သည်။

'ဘယ်လိုဖြစ်တာလဲ မိနွေ့၊ တကယ့်အရေးကျမှအေ'

ဆရာရွှေဇံအောင်က ညည်းသည်။

'စိတ်ကို အေးအေးထားစမ်းပါ မိနွေ့ရယ်'

ဒေါ်လေး လာပြောသည်။ ခိုင်နွေ ချွေးပြန်လာသည်။ မိတ်ကပ်ကို ပြန်ဖို့ရပြန်သည်။ ကင်မရာ နောက်ပြန်ဆုတ်ရသည်။ မီးတွေ ပြန်ဖွင့်ရသည်။ အသံသွင်းဆရာ ပြန်ဖွင့်သည်။ အစက ပြန်ရစ်သည်။ အားလုံး ပြန်စကြ သည်။

'ကဲ မမှားစေနဲ့နော်၊ အပြင်မှာ စကားပြောသလိုပဲပြော၊ စိတ်ကို တင်းမထားနဲ့'

အပြင်မှာ ပြောသလိုပဲပြော၊ အပြင်မှာ ပြောသလိုပဲပြော။ ခိုင်နွေ စိတ်ထဲက တဖွဖွ သတိပေးနေမိသည်။ ကြိုးစားရမယ်။ ဒေါ်လေးအတွက်၊ ခိုင်နွေ့ဘဝအတွက် ကြိုးစားရမယ်၊ ခိုင်နွေဟာ အခွင့်အရေး များစွာရှိတဲ့သူပဲ၊ လွတ်လွတ်လပ်လပ် ဘာမဆို လုပ်နိုင်တဲ့သူ၊ ဖြစ်အောင် လုပ်ရမယ်'

ခိုင်နွေသည် တည်ငြိမ်အေးဆေးစွာဖြင့် သိုးမွေးထိုးနေသည်။ မီးရောင်က အနားသို့ တဖြည်းဖြည်း တိုးကပ်လာသည်။ ခိုင်နွေ မျက်လုံး တစ်ချက် ဝဲကြည့်သည်။ ပြီးတော့ သိုးမွေးဆက်ထိုးနေရင်း ပြောသည်။

'ကျွန်မဘဝမှာ ဒီလို အနာတရဖြစ်အောင်၊ ဒုက္ခိတဘဝ ရောက်အောင် လုပ်ခဲ့သူကို ကျွန်မ မုန်းတယ်၊ တွေ့လဲမတွေ့ ချင်ဘူး'

အောင်ခက်၏ ပခုံးစွန်းသည် သူ့မျက်နှာနား ကျရောက်လာသည်။ ခိုင်နွေသည် နှမ်းလျစွာမော်ကြည့်လိုက်သည်။ မျက်ရည်ကြည်များ ဝဲလာ သည်။

'ဘာဖြစ်လို့ ဒီအကြောင်းကို ခဏ ခဏ မေးနေရတာလဲ ကိုအောင်ခက်ရယ်'

ခိုင်နွေ့အသံသည် နာကြည်းဆွေးမြည့်စွာ ပေါ်ထွက်လာသည်။ ကတ်ဟူသော အသံကို ကြားရသည်။ အားလုံး သက်ပြင်းချကြသည်။ ဒေါ်လေးသဇင်လည်း အနားသို့ ပြေးလာသည်။

'ကြိုးစားပါ မနွေရယ်၊ ကိုယ့်အတွက် အခွင့်အရေးရတုန်းမှာ ကြိုးစားထားပါ၊ ဒေါ်လေးတုန်းက ဒီလို ကင်မရာရှေ့မှာ ကြာကြာလေး တောင် ရပ်ခွင့်မရခဲ့လို့'

ခိုင်နွေ ဒေါ်လေးသဇင်ကို သနားသွားသည်။ လောကမှာ လူတချို့သည် ကိုယ်မဖြစ်ရတာတွေကို သူတစ်ပါးဖြစ်မြောက်စေချင်သည့် စေတနာ ရှိပါလားဟု နားလည်ရသည်။

'ဒေါ်လေးအတွက် ခိုင်နွေ ကြိုးစားမယ်၊ တစ်ကားတည်းနဲ့ အကယ်ဒမီရအောင် ကြိုးစားမယ်'

ခိုင်နွေက ရယ်စရာလုပ်၍ ပြောမိသည်။ သို့သော် နောက်ပိုင်းမှာ သည်ဇာတ်ကားသည် အားလုံးမျှော်လင့်တာထက် ပိုအောင်မြင်ခဲ့သည်။ ပရိသတ်က ခိုင်နွေ့ကို ကြိုဆိုခဲ့သည်။

ခိုင်နွေ၏ အစွမ်းအစနှင့် အနုပညာဗီဇကိုလည်း ရုပ်ရှင်လောကသားတို့က သိမြင်လက်ခံသွားသည်။ ခိုင်နွေ၏ ထူးခြားချက်မှာ ဘာကိုပဲလုပ်လုပ် စိတ်ပါလက်ပါ လုပ်ခြင်းဖြစ်၏။ သူ့ကိုယ်သူ ယုံကြည်ခြင်းပင် ဖြစ်၏။ ထိုယုံကြည်ချက်ဖြင့်ပင် ခိုင်နွေသည် မားမားမတ်မတ် ရပ်တည်နိုင်ခဲ့လေ သည်။

ခိုင်နွေသည် လျှောက်မိသည့်လမ်းပေါ်မှာ အဆုံးအထိ လျှောက်ဖို့ သန္နိဋ္ဌာန်ကို ခိုင်မာစွာ ချခဲ့လေပြီ။

# [၂]

မြကြည်ဇင်က ဆေးလိပ်ပြာခွက်ကိုဆွဲကာ စီးကရက်အစီခံပိုင်းကို လက်မဖြင့် တောက်ချလိုက်သည်။

'သောင်းငါးထောင်ပဲ၊ ကျွန်မ ဝတ္ထုကို ရုပ်ရှင်ရိုက်ဖို့ ရည်ရွယ်ပြီး ရေးခဲ့တာမဟုတ်ဘူး မရိုက်ရလဲ ကိစ္စမရှိပါဘူး၊ အဲ ငွေမလိုချင်ဘူးလို့ ပြောတာ မဟုတ်ဘူးနော်၊ ဒါကြောင့် ရောင်းရမယ်ဆိုရင်တော့ ထိုက်ထိုက် တန်တန်ပဲ လိုချင်တယ်လေ'

ငွေထုတ်ပေးမည့် သူဌေးဦးမြကြိုင်က ဇာတ်ညွှန်းရေးဆရာလည်းဖြစ်၊ နာမည်ရစ ဒါရိုက်တာလည်းဖြစ်သော ကိုသန်းနိုင်ကို လှမ်းကြည့်သည်။ တကယ်တော့ ကိုသန်းနိုင်နှင့် မြကြည်ဇင် နှစ်ခါ တွေ့ပြီးပြီ။ ဈေးစကား လည်း ပြောပြီးပြီ။ သို့သော် စီးပွားရေးသမားတို့ ထုံးစံအတိုင်း 'စာချုပ် လက်မှတ်ထိုးမယ့်နေ့ ငွေထုတ်မယ့်သူ ခေါ်လာခဲ့မယ်၊ သူ့ဘက်ကတော့ ဆစ်ချင်

**ဦးမှာပဲ၊ လျှော့နိုင်ရင်လဲလျှော့၊ မလျှော့နိုင်လဲ မလျှော့နိုင်ကြောင်း တိုက်ရိုက် ပြောကြပါ၊ ကျွန်တော်က ကြားဝင်ပြောတော့ မကောင်းဘူး'ဟု ပြောသွားလေသည်။**

'ပြောပါ ပြောပါ၊ ဦးမြကြိုင်ဘက်ကလဲပြောစရာရှိ ပြောလေဗျာ'

ကိုသန်းနိုင်က မလျှော့မတင်းလေသံဖြင့် ဝင်ပြောသည်။ ကိုသန်းနိုင် စိတ်ထဲက သည်ဝတ္ထုကို လက်မလွှတ်စေချင်တာတော့ သိသာလှသည်။ ခေတ်ပညာတတ် တက်သစ်စ ဒါရိုက်တာ တစ်ယောက်အနေဖြင့် သည်လို ရုပ်ရှင်အတွက် မရည်ရွယ်သော ဝတ္ထုမျိုးကိုမှ အစွမ်းအစလေးပြပြီး ရိုက်ပြ ချင်သည်မှာ အမှန်ပင် ဖြစ်သည်။ သည်ဒါရိုက်တာက ဒါမျိုးပဲရိုက်တတ်တာဟု သူ့ကို တစ်ဖက်သတ် စာရင်းသွင်းလိုက်မှာ စိုးသည်။ ကိုယ်တိုင် ဝယ်ပြီး ငွေထုတ်ပြီး ရိုက်ရအောင်ကလည်း သူ့မှာ ငွေမရှိသေး။ ရုပ်ရှင် နယ်ကို ခြေချစဖြစ်သော သူ့အတွက် အစစအရာရာ ကြိုးပမ်း မတည် နေရဆဲဖြစ်သည်။ ဦးမြကြိုင်လို ငွေတွေလက်ထဲမှာရှိပြီး အလုပ်ဗန်းပြ ချင်သောသူတစ်ယောက်ကို အဆင်ပြေအောင် ပေါင်း ထားရပေမည်။

မြကြည်ဇင်ကလည်း နည်းနည်းတော့ အိုက်တင်ခံတယ် ထင်ပါရဲ့။ ပုံကိုက ကြည့်ပါလား။ စာရေးဆရာဆိုတော့ ရိုးရိုး ယဉ်ယဉ်လား အောက်မေ့ တယ် ခေတ်ရှေ့က ပြေးနေတာပဲ၊ **သူ့ယောကျ်ား ကိုဝင်းဆွေဆိုတာ ကိုသန်းနိုင်တို့နှင့် ကျောင်း** နေဖက်တစ်ယောက်ပင် ဖြစ်၏။ အေးလိုက်သည့် လူ၊ ယခု မြကြည်ဇင်တစ်ယောက် နာမည်ရ စာရေးဆရာတစ်ယောက် ဖြစ်နေ

သည့်တိုင် သူကတော့ ဌာနတစ်ခုမှာ ခွဲမှူးတစ်ယောက်အဖြစ် အေးအေးလူလူလုပ်နေဆဲ။ သူ့ကို တိုက်ခိုက်ချင်သူတွေက စာရေးဆရာမ ယောက်ျားဟု ခနဲ့တဲ့တဲ့ပြောလည်း သူကတော့ ခပ်အေးအေးပြုံးနေမြဲ။ ယခုဝတ္ထုအတွက် ပိုပြီးတော့များအဆင်ပြေမလားဟု ကိုဝင်းဆွေဆီ ဦးစွာ သွားတွေ့ခဲ့သေးသည်။ 'သူ့အလုပ်မို့ သူ့ဆီပဲသွားပါဗျာ'ဟု ပြောလွှတ် လိုက်သည်။

'အေးဗျာ၊ ကျွန်တော်တို့ ရုပ်ရှင်လုပ်ငန်းဆိုတာလဲ ရေပေါ်အရုပ်ရေး ရသလိုပါ၊ ရေရာတာ မဟုတ်ပါဘူး၊ စွန့်စားရတာပဲ၊ ခင်ဗျားပြောသလို ဒီလိုဝတ္ထုမျိုးက ပိုခက်တာပေါ့၊ ကိုသန်းနိုင်ကလဲ ဒီဝတ္ထုမှ ဒီဝတ္ထု ဖြစ်နေတယ်လေ'

မြကြည်ဇင်က ပြန်ပြောစရာမရှိဘူးဟု ယူဆ၍ အသာလေးပဲ ငြိမ်နေလိုက်သည်။ မြကြည်ဇင်သည် ရုပ်ရှင်အကြောင်း နားမလည်ပေ။ ရုပ်ရှင်ရိုက်ကွင်းသို့ပင် တစ်ခါမျှ မရောက်ဘူးပေ။ ရုပ်ရှင်ကြည့်ပြီး ဝေဖန် တတ်တာလောက်ပဲ ရှိသည်။ သည်ဝတ္ထုမှာ မင်းသမီးခိုင်နွေကို အဓိက နေရာမှာ ထည့်မည်ဆိုတာသိရတော့ ဝမ်းသာမိသည်။ ခိုင်နွေနှင့်လည်း မနေနိုင် မထိုင်နိုင် တွေ့ပြီးပြီ။ ခိုင်နွေကလည်း လိုလိုလားလားအားတက် သရောရှိနေတာ သိရတော့ သည်ဝတ္ထုကို ရုပ်ရှင်ရိုက်စေချင်သည်မှာ တအားဖြစ်နေသည်။ သို့သော် သည်လိုအမူအရာမျိုးကို မပေါ်လွင်စေချင်ပေ။ အနုပညာအတွက် အားတက်သရောဖြစ်မိခြင်းကို ငွေကြေးအတွက်ဟု ထင်သွားမှာ စိုးရသည်။ ဦးမြကြိုင်ကို တွေ့လိုက်ကတည်းက ငွေအတွက် ရုပ်တည်သူလား၊ အနုပညာအတွက်လားဆိုတာ သူ သိပြီးပြီ။

'ကဲ ကော်ဖီလေး ဘာလေးလဲသောက်ပါဦး'

မြကြည်ဇင်က အိမ်ရှင်မဧည့်ဝတ်ကို ပြုလိုက်သည်။

'အဲဒီတော့ အစ်မကြီးဘက်ကလဲ လျှော့နိုင်ရင် လျှော့လိုက်ပါဦးလေ၊ ဟုတ်ဘူးလား၊ တခြားသူတွေမှ မဟုတ်ဘဲဗျာ၊ ကိုဝင်းဆွေနဲ့ ကျွန်တော်တို့နဲ့က ငယ်သူငယ်ချင်းတွေပါ'

ကိုသန်းနိုင်က သူ့လူကိုယ့်ဘက်သား လုပ်လိုက်တာကို မြကြည်ဇင် က ရိပ်မိသည်။

'ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒါက မူမို့ပါ'

မြကြည်ဇင်က ပြတ်ပြတ်သားသားပင်ပြောရတော့သည်။ စာချုပ်လက်မှတ်ထိုးခါနီးမှာမှ ဈေးဆစ်နေသည်မှာ သဘာဝတော့ မကျလှပေ။ နည်းနည်းလျှော့ပေးရလည်း အမြတ်ပဲဟု တွက်ထားပုံရသည်။ ဒါကို မြကြည်ဇင်က သိနေသည်။ မြကြည်ဇင်၏ ရေးသားထုတ်ဝေပြီး ဝတ္ထု ၁၅ ပုဒ် ခန့်မှာ တစ်ပုဒ်မျှ ရုပ်ရှင်အဖြစ် ရိုက်ကူးခြင်း မခံရသေးသော်လည်း ဝတ္ထုတစ်ပုဒ်ကို လေးငါးထောင်ထက် ပိုမပေးချင်ကြတာ၊ တချို့စာရေးဆရာက ဝတ္ထုများများ ရောင်းရအောင် သုံးထောင်လောက်နဲ့ တိုးတိုးတိတ်တိတ် ရောင်းလိုက်တတ်ကြတာ မြကြည်ဇင်က သိထားသည်။ မာမာတင်းတင်း ရောင်းနိုင်သူသာ တစ်သောင်းဝန်းကျင်ရကြ၏။ ရုပ်ရှင်တစ်ကားအတွက် မင်းသား မင်းသမီးကိုသာ သောင်းချီပေးကြပြီး ဇာတ်လမ်းအတွက်မူ ငွေကုန်ကြေးကျမခံချင်ကြ။ ဇာတ်လမ်းကို အရေးကြီးသည်ဟုလည်း မထင်တတ်ကြ။သို့သော် တလောကမူ ရုပ်ပြဇာတ်လမ်းတစ်ပုဒ်ကို ငွေသုံးသောင်းနှင့် ဝယ်သွားသည်ဟု ကြားလိုက်ရလေသည်။

ဦးမြကြိုင်ကလည်း ရှည်ရှည်ဝေးဝေး ပြောနေလို့ အပိုပဲဆိုတာ **ရိပ်စားမိလာသည်။ အင်းလေ၊ အရေးတော့မကြီးလှပါဘူး။** စာချုပ်ကလည်း ငွေမည်ရွေ့မည်မျှဖြင့် ရောင်းသည်ဆိုတဲ့နေရာမှာ ကွက်လပ်လေး လုပ်ခဲ့တာ ပါပဲ။ မလျှော့နိုင်တော့လည်း သူ ပြောတဲ့ငွေကို ဖြည့်လိုက်ရုံပဲပေါ့။ ပြီးတော့ ငွေက ယခုချက်ချင်း ပေးဖို့မလို။ ဇာတ်လမ်းကျပြီး တစ်လ အတွင်းမှာမှ ပေးရမည်။

'ကဲ ဦးမြကြိုင်ရေ၊ ကျွန်တော်ကတော့ နှစ်ဖက်လုံး ခင်မင်တဲ့ သူချည်းပဲ၊ အဆင်ပြေစေချင်တယ်ဗျာ'

ကိုသန်းနိုင်က ကိစ္စကို ပြီးပြတ်စေလိုဟန်ဖြင့် ပြောသည်။

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ဆရာမ ပြောတဲ့အတိုင်းပဲ ဖြစ်ရမှာ ပေါ့ဗျာ၊ တကယ်တော့ ကျွန်တော်တို့ကလဲ အနုပညာကို တန်ဖိုးမဖြတ် ပါဘူး။ အလုပ်သဘောအရမို့သာ ဆစ်နေရတာပါ'

မြကြည်ဇင်က သိမ်သိမ်မွေ့မွေ့ပင် ပြုံးလိုက်သည်။ စိတ်ထဲ ကတော့ ရယ်ချင်နေသည်။

'ကျွန်မကလဲ ဈေးမကိုင်ချင်ပါဘူး၊ ကိုယ်ရေးတဲ့စာကို ရုပ်ရှင် အဖြစ် အသွင်ပြောင်းတာ မြင်ချင်တာပဲ၊ အလုပ်သဘောအရမို့ ဈေးတင်ထားရ တာပါ ဟင်း ဟင်း'

ဦးမြကြိုင်က သူ၏ သားရေအိတ်အနက်ထဲမှ စာရွက်စာတမ်း တွေကို ထုတ်သည်။

'ကဲ ကဲ ဖတ်ကြည့်ပါဦးဗျာ'

မြကြည်ဇင်က အကြမ်းဖျင်း ဖတ်ကြည့်လိုက်သည်။ ကြိုတင် ညှိနှိုင်း ထားသည့် အချက်တွေအားလုံး ပါမှန်းသိသည်။ ဇာတ် လမ်းကျပြီး တစ်လအတွင်းမှာ ငွေရမည်။ တချို့ ဇာတ်ကားသာ

ရုံတင်ပြီးသွားရော၊ ငွေကို အလီလီ အလာလာရသဖြင့် အဖတ်မတင်တာတွေလည်း ကြားရဖူး သည်။ ဇာတ်လမ်းကျပြီးမှဆိုသည်ကိုတော့ သဘောတူလိုက်ရသည်။ ငွေချေပြီးမှ ဇာတ်လမ်းမကျလျှင် သူတို့နစ်နာမည်။ မိမိကလည်း အသုံးလွန်ပြီးသောငွေကို ပြန်အမ်းနိုင်ဖို့ ခဲယဉ်းပေမည်။

ဦးမြကြိုင်က ကွက်လပ်နေရာမှာ ငွေအရေအတွက်ကို ဖြည့်သည်။ ပြီးတော့ မြကြည်ဇင်က စာရေးဆရာ နေရာမှာ လက်မှတ်ထိုးသည်။ ဦးမြကြိုင်က ထုတ်လုပ်သူနေရာမှာ ထိုးသည်။ အသိသက်သေနေရာမှာ ကိုသန်းနိုင်။ အဲ နောက်တစ်ယောက်လိုသေးသည်။

'ကိုဝင်းဆွေကလဲဗျာ၊ ဒီနေ့ အိမ်မှာရှိနေမယ်ထင်တာ၊ အသိသက်သေ တစ်နေရာက သူ့အတွက်ထားတာဗျ'

ကိုသန်းနိုင်က ပြောသည်။ သည်ကနေ့ကိစ္စကို ကိုဝင်းဆွေလည်း သိသည်ပင်။ သူ ခွင့်ယူမည်မဟုတ်ဆိုတာ သိသဖြင့် ရုံးက စောစောပြန်လာ ဖို့တော့ မှာလိုက်သား။ သို့သော် ကိုဝင်းဆွေသည် သည်လို ကိစ္စမျိုး ကို အထူးပဲ ရှောင်လေ့ရှိကြောင်း မြကြည်ဇင် အသိဆုံး။ သူတို့နှစ်ယောက်၏ ဆက်ဆံရေးကို သူတို့နှစ်ယောက်ပဲ သိသည်။

'ပြန်လာမှပဲ ထိုးခိုင်းတော့မယ်လေ၊ အဲ ကိုသန်းနိုင်တို့ စာရွက်က ထားခဲ့လို့ ဖြစ်ပါ့မလား'

'ကိစ္စမရှိပါဘူးဗျာ၊ ယုံကြည်ရတဲ့သူတွေပဲ၊ ဒီအတိုင်းပဲယူသွားလဲ ဖြစ်ပါတယ်'

သက်သေတစ်ယောက်လိုတာက ကိစ္စမရှိ။ စာရွက်ကိုတော့ ထားခဲ့လို့ ဘယ်ဖြစ်မလဲဟု မြကြည်ဇင်က တစ်ဖက်သားဘက်က တွေးသည်။

'ဒီဇာတ်လမ်းကတော့ မကျစရာမရှိဘူး ထင်ပါတယ်နော်'

'ဟုတ်ကဲ့ ကျမယ်ထင်ပါတယ်၊ ပြင်ရလဲ နည်းနည်း ပါးပါးပေါ့'

တကယ်တော့ ဇာတ်လမ်းက ထင်သည့်အတိုင်း ခွင့်ပြုချက်ကျမလာ လျှင် စာရေးဆရာမှာလည်း နစ်နာသည်။ သည်ဇာတ်လမ်းကို တခြားသူကို ရောင်း၍ ရှံ့မည်မဟုတ်တော့။ ဇာတ်လမ်းကျဖို့ဆိုသည်ကလည်း လူအပေါ်မှာလည်း မူတည်သေးသည် မဟုတ်လား။ မြကြည်ဇင်၏ ဝတ္ထုများထဲတွင် သည်ဝတ္ထု တစ်ပုဒ်တည်းကိုသာ ရုပ်ရှင်သမားတွေ မျက်စိကျသည်။ ကိုသန်းနိုင်က ပထမဆုံးလာပြောထား၍ သူ့ကိုသာ ဦးစားပေးလိုက်ရသည်။

'ဇာတ်သိမ်းပိုင်းက ပြင်ဦးလွင်မှာလား'

မြကြည်ဇင်က သူ့ဝတ္ထုကို ငွေနှင့်ဖလှယ်ပြီး ဝက္ကက်အပ်လိုက်သည့်နောက် အားလုံးကို စွန့်လွှတ်လိုက်ပြီဖြစ်သည်။ အကောင်းဆုံးဖြစ် စေချင်သည့်ဆန္ဒ ရှိသော်လည်း ရုပ်ရှင်နှင့် စာပေ အယူအဆချင်း နည်းနည်း ပါးပါး ကွဲလွဲတတ်တာလေးတွေ ရှိနေသည်။ အင်းလေ ဝတ္ထုတွေမှာတောင် မှ ဇာတ်သိမ်းပိုင်းမှာ ဇာတ်လိုက်ယောကျ်ားလေးနှင့် မိန်းကလေး ပေါင်းရဲ့လားဆိုတာ နောက်ဆုံးစာရွက်ကို ဦးစွာ လှန်ကြည့်ပြီးမှ ငှားဖတ်တဲ့သူတွေ အနန္တရှိနေတာပဲ။ သည်ကြားထဲက မြကြည်ဇင်သည် ကံကောင်းစွာ ရပ်တည်နေနိုင်ခဲ့သည်ဟု ဆိုရမည်။

'ဓာတ်သိမ်းပိုင်းကတော့ ပြင်ဖို့မလွယ်ပါဘူးဗျာ၊ လူကြိုက်များတဲ့ ဝတ္ထုတစ်ပုဒ်ကို ကိုယ်လုပ်ချင်တိုင်း လုပ်လို့မရဘူး၊ တော်ကြာ ရုပ်ရှင်က ဝတ္ထုကိုမမီဘူး၊ ဖျက်ဆီးပစ်တယ်ဆိုတာမျိုးတော့ အပြောမခံနိုင်ဘူးလေ'

ကိုသန်းနိုင်က ခပ်သွက်သွက်ဝင်ပြောသည်။ မြကြည်ဇင်ကျေနပ် စွာ ပြုံးမိလေသည်။

'တစ်ခါ တစ်ခါတော့လဲ ကျွန်တော်တို့မှာ ငွေအလုံးအရင်းနဲ့ရင်းပြီး လုပ်ရတာဆိုတော့ ပရိသတ်ကြိုက်အောင် ရိုက်ရတာလေးတွေ ရှိပါတယ်'

ဦးမြကြိုင်က ဝင်ရှင်းသည်။

'ဟုတ်တာပေါ့၊ ဟုတ်တာပေါ့'

အလိုက်သင့် ပြန်ပြောလိုက်ရသော်လည်း တစ်ခါတလေဆိုသည့် စကားကို သိပ်တော့ ဘဝင်မကျချင်။ မြန်မာဝတ္ထုမဖတ်ဘူးဟု ပြောလျှင် မခံချင်သလို မြန်မာရုပ်ရှင်တွေ မကောင်းဟုလည်း သိမ်းကြုံး မပြောချင်။ သို့သော် အားမရနိုင်စရာ အရေအတွက်ကများနေတာတော့ အမှန်ပင်။ သို့သော် သည်နေရာမှာမိတ်ဖြစ်ဆွေဖြစ်စကားကိုသာ ပြောသင့်သည်။

အလုပ်ကိစ္စပြီးပြီဆိုတော့ ဧည့်သည်တွေက ပြန်ဖို့ပြင်သည်။

'ကဲ စကားပြောလို့တော့ကောင်းပါရဲ့၊ ပြန်ကြဦးမှာပဲဗျာ၊ ကိုဝင်းဆွေ ကို ပြောလိုက်ပါ၊ ဒီကိစ္စ အောင်မြင်ရင် တစ်ပွဲတော့ပေးသင့်တယ်လို့'

'အို ဖြစ်ရမှာပေါ့၊ ကိုသန်းနိုင်လဲ အောင်မြင်ပါစေလို့ ကျွန်မဆုတောင်းပါတယ်'

ညှော့သည်နှစ်ယောက် မတ်တတ်ရပ်တော့ မြကြည်ဇင်လည်း မတ်တတ်ရပ်၍ နှုတ်ဆက်ရသည်။ ပြီးတော့ တံခါးဝအထိ လိုက်ပို့သည်။ သူတို့ ထွက်သွားမှ သံဆွဲတံခါးကို ပိတ်လိုက်သည်။

တံခါးကို သော့ပြန်ခတ်ရင်း ငွေသောင်းငါးထောင်ရလျှင် ဘာလုပ်ရ ပါ့မလဲဟု မြကြည်ဇင်တွေးနေသည်။ မြကြည်ဇင်ဘဝမှာ သူရေးသည့်စာနှင့် ပတ်သက်၍ ငွေသည်လောက်များများ လုံးခနဲ ခဲကနဲမရဘူးတာ အမှန်ပင်။ အမျိုးသားစာပေဆု ရစဉ်ကတော့ ငွေသုံးထောင်ရဖူးပါရဲ့။ ကိုယ့်အကြောင်း ကိုယ် စာပြန်ရေးရလျှင် ရယ်စရာတောင်ကောင်းဦးမည်။ ချိတ်လုံချည်ဖိုးရယ်၊ သဇင်ပန်းဖိုးရယ်၊ တစ်သက်လုံးက တစ်ပြားတစ်ချပ်မျှ မပေး မကမ်းနိုင်ခဲ့ သည့် ဆွေမျိုးသားချင်းတွေ ကန်တော့ရတာရယ်၊ ဘုန်းကြီးဆွမ်းကပ်ပြီး ရင်းနှီးသူတွေ ဖိတ်ခေါ်ကျွေးမွေးရတာရယ် စုပေါင်းလိုက်တော့ အကြွေး တောင် တင်ချင်သေးသည်။ ဒါတောင် ကားမငှားရ၍ တော်သေးသည်။ ကိုဝင်းဆွေ၏ ရုံးမှ မိတ်ဆွေတစ်ယောက်က ကား ကူညီသည်။

'အစ်မ ကော်ဖီသောက်ဦးမလား'

မငယ်က လှမ်းမေးသည်။

'မသောက်တော့ဘူး၊ နင့်အစ်ကိုပြန်လာရင် ထမင်းစားဖို့ ဟင်းချို အိုးကို မီးဖိုပေါ်အဆင်သင့်တင်ထား၊ ကျော်ကျော်ရော ထမင်းစားသွား ရဲ့လား'

'မစားဘူး အစ်မ၊ ပိုက်ဆံသုံးကျပ်တောင်းလို့ အစ်မအိတ်ထဲက ယူပေးလိုက်တယ်'

သားကြီးကျော်ကျော်သည် ကျောင်းမှ ပြန်ရောက်လျှင် တစ်ရေး အိပ်တတ်သည်။ သူက မနက်ပိုင်းကျောင်းမို့ စောစောထ ရတတ်သည်။ အိပ်ရာမှနိုးလျှင် ထမင်းအဆာပြေစားပြီး ကျူရှင် သွားသည်။ ဟင်းမကြိုက် လျှင် ပိုက်ဆံတောင်းသွားပြီး မုန့်ဝယ် စားသည်။

'သုံးကျပ်တောင်လားဟယ်၊ နှစ်ကျပ်လောက်ပေးလိုက်ရင် တော်ရောပေါ့'

'သူက ဆီချက်ခေါက်ဆွဲစားမှာမို့တဲ့'

'သြော် သြော်'

သမီး မဖြူကတော့ ညနေကျောင်းမို့ သူ့အဖေ ရုံးကပြန်လာ ပြီးမှ **ကားဖြင့် တစ်ခေါက်သွားကြိုသည်။ ကိုဝင်းဆွေ ရုံးကား ရသည်မှာ သိပ် မကြာသေး။ ယနေ့တော့ ညှော်သည်တွေကိုရှောင် ရင်း သမီးကို တစ်ပါတည်း ဝင်ကြိုခဲ့လိမ့်မည် ထင်သည်။ ကိုဝင်း ဆွေသည် မြကြည်ဇင်၏ ညှော်သည် များကို အထူးပင်ရှောင်လေ့ ရှိသည်။**

မြကြည်ဇင်သည် ကိုဝင်းဆွေ ပြန်မရောက်ခင် လုပ်ထားရမည့် အလုပ် များကို စဉ်းစားရင်း ရုတ်တရက် သတိရကာ တယ်လီ ဖုန်းကို ကောက်လှည့် လိုက်သည်။

'ခိုင်နွေရှိလား၊ မြကြည်ဇင်လို့ ပြောပါ'

မင်းသမီးဆီ ဆက်တာဆိုတော့ မရှိဘူး ပြောလိုက်မှာ စိုးသဖြင့် နာမည်ကို အလျင်ပြောလိုက်ရသည်။

'သြော် အစ်မလား၊ ခဏကိုင်ထားနော်'

တစ်ဖက်မှ နော်နော့်အသံကို ကြားရသည်။ ခဏစောင့်နေရသည်။

'မနွေပါ'

ခိုင်နွေ၏ အသံအက်အက်ကို ကြားရသည်။

'မနွေရေ၊ ခုပဲ ကိုသန်းနိုင်တို့ပြန်သွားကြတယ်'

'ဟုတ်လား၊ ဘယ့်နှယ်လဲ အဆင်ပြေတယ်မဟုတ်လား အစ်မ'

'ပြေတယ် မနွေ၊ အဲဒါ ပြောချင်လို့'

'ဟား ဟား မနွေသိပါတယ် အစ်မရဲ့၊ အဲဒီ ဝတ္ထုကို ကိုသန်းနိုင်က သိပ်ရိုက်ချင်နေတာ၊ ဒါကြောင့် ဦးမြကြိုင်ကို အတင်းဆွယ်တာပေါ့၊ သူ ကိုယ်တိုင်ရိုက်ဖို့ကျတော့လဲ မတတ်နိုင်ဘူးလေ၊ မနွေမှာလဲ မိသဲ ဇာတ်ကား အတွက် ငွေကုန်ထားလို့ပါ အစ်မရယ်၊ မဟုတ်ရင် မနွေကိုယ်တိုင် ရိုက်ပါ တယ်'

'အင်းလေ၊ မနွေရိုက်ရင် ပိုကောင်းမှာ၊ မင်းသားကကော မျက်နှာ သစ်ပဲ သုံးမှာလား'

**'မထင်ပါနဲ့ အစ်မရေ၊ ဦးမြကြိုင်က ဒီလောက်တော့ လျှော့မှာ မဟုတ်ဘူး၊ အထက်မြန်မာပြည် ဈေးခေါ်ကောင်းတဲ့ မင်းသားပဲ သုံးမှာပါ'**

'အင်းလေ ဒါပေမဲ့ ဒါက မင်းသမီးဇာတ်ပဲ'

'ဟား ဟား မနွေတော့ ဒီကားရိုက်မယ်ဆိုရင် မနက်စာပါ လျှော့ ရလိမ့်မယ်ထင်တယ် အစ်မရေ၊ အစ်မဝတ္ထုကို မနွေ တစ်ခေါက်ထပ်ဖတ် ကြည့်တယ်၊ မင်းသမီးက ပိုလီယိုရောဂါသည် လမ်းတောင်မလျှောက် နိုင်တဲ့သူ၊ ခု မနွေက ပေါင်တစ်ရာ့နှစ်ဆယ် တောင် ကျော်ချင်နေတယ် အစ်မရေ'

'အချိန်တွေ လိုပါသေးတယ်ကွယ်'

'ဟုတ်တယ် အစ်မ'

'တစ်နေ့လောက် မနွေ့ကို ရုပ်ရှင်ကြည့်ဖို့လာခေါ်ဦးမယ်၊ ဂုဏ်ရုံက ကားကောင်းတယ်၊ ခက်တာက အစ်မမှာ ကားမရှိလို့၊ ရှိတဲ့ကားကလဲ ဒရိုင်ဘာ မရှိဘူးလေ'

'မနွေ့ ရုပ်ရှင်ရုံမှာ မကြည့်ရတာကြာပြီ၊ မနွေ့ ကားယူခဲ့မှာပေါ့'

'ဒါဆိုရင် အဆင်ပြေတာပေါ့၊ နောက်နေ့မှ ထပ်ဆက်မယ်နော်၊ မနွေ့လဲအနားယူဦး'

'ဟုတ်ကဲ့ အစ်မ'

တယ်လီဖုန်းခွက်ကို ချလိုက်စဉ်မှာပင် ကိုဝင်းဆွေတို့သားအဖ ပြန်ရောက်လာသည်။ တံခါးဖွင့်ပြီးပြီးချင်း သမီးက ပြေးဝင်လာကာ မြကြည်ဇင်၏ လည်ပင်းကို သိုင်းဖက်လိုက်သည်။

'ဘယ်လိုလဲဟင် မေမေကြီး ပိုက်ဆံတစ်သောင်းငါးထောင်ရတော့ မယ်လား ဟင်'

'နီးပါပြီ သမီးရဲ့'

ကိုဝင်းဆွေသည် ရုံးသားရေအိတ်ကို ဧည့်ခန်းကုလားထိုင်ပေါ် ချထားခဲ့ကာ ရေခဲသေတ္တာဆီအလျင်သွားသည်။ မြကြည်ဇင်တို့၏ တိုက်ခန်း လေးမှာ အိပ်ခန်းနှစ်ခန်းပါ၍ ထမင်းစားခန်းသီးခြားမရှိ။ ရေခဲသေတ္တာနှင့် ထမင်းစားပွဲခပ်သေးသေးသည် လက်တစ်ကမ်းမှာပင် ရှိနေသည်။

'ရေပုလင်းတွေလဲ မရှိတော့ပါလား'

‘ညှော့သည်တွေနဲ့ စကားပြောနေလို့ မငယ်ကိုပြောဖို့ မေ့သွားတယ်’

ကိုဝင်းဆွေသည် ရေခဲသေတ္တာကို အသံသိပ်မမြည်စေသော်လည်း ခပ်ဆတ်ဆတ်လေး ပိတ်လိုက်သည်။

‘မေမေ ငွေတွေရရင် ဘာလုပ်ကြရင် ကောင်းမလဲဟင်’

သမီးက လွယ်အိတ်ကိုသိမ်းရင်း လှမ်းမေးသည်။ မြကြည်ဇင်က သမီးကို ပြန်မဖြေအား။

‘ကိုသန်းနိုင်ကတောင် မောင့်ကို မေးနေသေးတယ်’

မြကြည်ဇင်သည် စာချုပ်မှာ ကိုဝင်းဆွေ လက်မှတ်ထိုးရမည့်အကြောင်း မပြောတော့ဘူးဟု ဆုံးဖြတ်လိုက်သည်။

‘ဟုတ်လား၊ ဒီကောင်ကလဲ ရပ်ရှင်ပိုးတော်တော်ထတယ်၊ ဒါကြောင့် ကျောင်းတုန်းကလဲ ဒီပါးထိတာ မမှတ်သေးဘူး’

‘ဒါပေမဲ့ သူ့ဇာတ်ကားတွေ အောင်မြင်နေသားပဲ’

ကိုဝင်းဆွေသည် မငယ်ဆီသို့ လှမ်း၍ ဘာဟင်းချက်သလဲဟု မေးနေလေသည်။

‘မြတို့ ကိစ္စကော အဆင်ပြေပြီလား’

ကိုဝင်းဆွေက ဝတ္တရားရှိသည့်အတိုင်း မေးသည့်ဟန်ဖြင့် မေးလိုက် သည်။

‘ပြေမယ်လို့ ထင်ရတာပဲ၊ ကိုသန်းနိုင်ကတောင် အောင်မြင်ရင် တစ်ပွဲပေးရမယ်လို့ မောင့်ကို ပြောလိုက်ပါတဲ့’

မြကြည်ဇင်က ထမင်းစားပွဲပေါ်သို့ ပန်းကန်များချရင်း ပြောလိုက်သည်။

'မြကဘာပြောလိုက်သလဲ၊ မောင်က စာရေးဆရာတွေ၊ ရုပ်ရှင် သမားတွေနဲ့ အဆင်ပြေအောင် ပြောတတ်ဆိုတတ်တာ မဟုတ်ဘူး'

'ဒါတော့ မောင့်သဘောပဲ၊ မြလဲ အရာရှိကတော်တွေ၊ လူကြီးတွေနဲ့ ဘယ်လို ပေါင်းရမယ်ဆိုတာ နားလည်တာ မဟုတ်ပါဘူး'

သူတို့နှစ်ယောက်၏ စကားဝိုင်းသည် သည်လိုပဲအဆုံးသတ်လိမ့်မည် ဆိုတာ မြကြည်ဇင် သိပြီးသားပင်။

ကိုဝင်းဆွေ ရယ်နေသည်။ မြကြည်ဇင် စိတ်ဆိုးစပြုပြီ ဆိုတာ သူ သိသည်။ သည်လိုတော့လည်း မိန်းမကို ချော့ဖို့အသင့်ဖြစ်နေတတ်သည်။

'ဟဲဟဲမြက လူတွေကို လိုက်ပေါင်းနေစရာတောင် မလိုပါဘူးကွာ၊ ကိုယ့်မိန်းမက နိုင်ငံကျော်စာရေးဆရာမကြီးဆိုတော့ လူတွေက စိတ်ဝင်စား ကြပါတယ်၊ ဦးခင်မောင်ကတောင် သူ့သမီး မင်္ဂလာဆောင်ကျရင် မြကို ဆက်ဆက်ခေါ်ခဲ့ပါတဲ့၊ မောင့်ကိုတောင် အဓိက မဟုတ်တော့ဘူး'

မြကြည်ဇင်က ခပ်မဲ့မဲ့ ပြုံးလိုက်သည်။

ဒါကြောင့်ပဲထင်ပါရဲ့။ မြကြည်ဇင်ကို စိတ်ဝင်စားသည် ဆိုသူတွေက 'ကိုယ်တိုင်ရေးတာလား'ဟု မေးသူက မေးသည်။ 'ဘာဖြစ်လို့ တစ်လ တစ်အုပ် မရေးတာလဲ'ဟု ပြောသူက ပြောသည်။ အဆိုးဆုံးကတော့ 'မြကြည်ဇင်ဆိုတာ ငယ်ငယ်လေးထင်လို့'တဲ့။ ဘယ်စာအုပ်ကို ဖတ်ပြီးတော့များ အသက်ငယ်ငယ်လေးဟု ထင်ရပါလိမ့်။ မြကြည်ဇင်ရဲ့စာတွေက သည်လောက်ပဲ နုနေသလား။

မြကြည်ဇင်ဆိုတဲ့ ကလောင်နာမည်ဟာ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်ကတည်းက ပေါ်ထွက်ခဲ့တာကို ချင့်တွက်ရင် တောင်မှ ဆယ်ကျော်သက်လေး မဖြစ်နိုင်ဘူးဆိုတာ သိနိုင်လောက်ပါရဲ့။ စာရေးဆရာကိုလည်း ရုပ်ရှင်မင်းသမီးလို ရုပ်ချောရမည်၊ အသက်ငယ်ရ မည်ဟု ထင်ထားသူတွေကြားမှာ မြကြည်ဇင်က အဆင်ပြေနိုင်မတဲ့လား။

သို့သော် မြကြည်ဇင်သည် လူတကာနှင့် ဝင်ဆန့်အောင် ပေါင်းတတ် သင်းတတ်ခဲ့သည်မှာ ငါးနှစ်လောက်တော့ ရှိပြီ။ သုံးဆယ့်ငါးနှစ်ကျော်မှ ပညာတတ်လာတာ ဆိုပါတော့။

ဒါကလည်း မောင့်အတွက်ပဲဆိုတာ မောင် မသိလေရော့သလား။

'စိတ်ချပါ၊ မြကတော့ မောင် မသွားမဖြစ်တဲ့နေရာမှာ သူများလက်တို့၊ မေးငေါ့စရာလေးရှိအောင် လိုက်ခဲ့ပါ့မယ်'

မငယ်လာပို့သော ဟင်းပန်းကန်များကို စားပွဲကျဉ်းကျဉ်းလေးပေါ်မှာ နေရာရအောင် စီစဉ်ချထားပေးရင်း မြကြည်ဇင်က ပြောဖြစ်အောင် ပြောလိုက်သေးသည်။

**'ကိုင်းပါကွာ၊ မြ သောင်းငါးထောင်ရတဲ့နေ့မှာ မောင်က မောင့် သူငယ်ချင်းသန်းနိုင်ကြီး အပါအဝင် မြရဲ့ စာပေမိတ်ဆွေတွေကို ကျွေးပါ့ မွေးပါ့မယ်၊ ကျေနပ်ပြီလား'**

'သမီးတို့ကော လိုက်ရမလား ဟင်'

သမီးက ထမင်းစားပွဲတွင်ဝင်ထိုင်ရင်း မေးသဖြင့် မြကြည်ဇင် နှုတ်က ဘာမျှမပြောဖြစ်တော့။

‘ဟာ လိုက်ရမှာပေါ့ သမီးရယ်၊ ပြီးတော့ သမီးတို့ ဘာလုပ်ချင်တယ်၊ ဘာဝယ်ချင်တယ်ဆိုတာ စဉ်းစားထား၊ ဖေဖေ့လခနဲ့များတော့ ဆယ်နှစ် စုလို့တောင် ဒီလောက်ငွေကို မရနိုင်ဘူးကွဲ့’

‘ဒါပေမဲ့ သမီးရေ ညည်းဖေဖေ ပညာတတ် အရာရှိကြီးကြောင့်သာ ဒီလို တိုက်ခန်းနဲ့၊ တယ်လီဖုန်းနဲ့၊ ကားနဲ့နေနိုင်တာကွဲ့၊ မေမေ့အစွမ်းအစ နဲ့တော့ ဒါတွေမရနိုင်ဘူးနော်၊ ဖေဖေ့လို ပညာတတ်အောင် ကြိုးစား၊ စာရေးဆရာဖြစ်လို့ကတော့ ငတ်တစ်လှည့် ပြတ်တစ်လှည့်နေမှာ’

‘ဟင်း ဖေဖေနဲ့ မေမေကလဲ အမြဲစကားနိုင်လုနေတာပဲ’

သမီးစကားကြောင့် နှစ်ဦးသား ငြိမ်သက်သွားကြသည်။ သြော် မောင်နှင့် မြကြည်ဇင်မှာ ဘေးလူတွေ မမြင်သာတဲ့ အဖုအကျိတ်လေးတွေ ရှိနေတတ်တာ အရွယ်ရောက်စ သမီးတောင် ရိပ်စားမိစပြုပြီကော။

# [၄]

ဦးမြကြိုင်နှင့် ဒါရိုက်တာ ကိုသန်းနိုင် ရောက်လာတော့ မင်းသမီးကြီး ဒေါ်နီလာခင် ရိပ်သာမှပြန်ရောက်စပင် ရှိသေးသည်။ ဧည့်သည်လာတယ် ဆိုတော့ သူ့ ဧည့်သည်လား၊ သမီးငြိမ်းခင်ခင်ဧည့်သည်လား၊ သား ဇေယျာလွင် ဧည့်သည်လား သေချာမသိ။ 'အမေခင့် ဧည့်သည်ပါ အမေ ခင်ရဲ့'ဟု ဆိုမှ စိတ်ချလက်ချ ထွက်ခဲ့ရသည်။

ရွှေစင်ရပ်နှစ်ရပ် တင်ထားသော မှန်ဗီရိုရှေ့က ဆိုဖာကုလားထိုင်မှာ ဧည့်သည်နှစ်ယောက် ထိုင်နေသည်။ လူကြီးပိုင်းယောကျ်ားတစ်ယောက်နှင့် ခပ်ရွယ်ရွယ် လူငယ်တစ်ယောက်။ မိမိဧည့်သည်ဆိုလျှင် ဒါရိုက်တာကြီး၊ မင်းသားကြီးတွေ ဖြစ်လိမ့်မည်ဟု ထင်ထားသော်လည်း မျက်နှာစိမ်းများ ဖြစ်နေ၍ 'ဘယ်သူ့တွေ့ချင်လို့လဲ'ဟု ထပ်မေးမိပြန်လေသည်။

'အမေခင်နဲ့ တွေ့ချင်လို့လာခဲ့တာပါ၊ ကျွန်တော် သန်းနိုင်ပါ၊ ဒါကတော့ ဦးမြကြိုင်ပါ ခင်ဗျာ'

လူရွယ်က မတ်တတ်ရပ်ပြီး ရိုကျိုးစွာပြောသည်။ ရပ်ရှင်နယ်က လူတွေပဲဟု နားလည်လိုက်ရသည်။

'ထိုင်ကြပါကွယ်၊ အမေခင်လဲ ရုပ်ရှင်နယ်က အနားယူလိုက်ကတည်းက ခေတ်နဲ့ကို အဆက်ပြတ်သွားတော့တာပဲ၊ ပြောပါ ဘာများ ကူညီရမလဲ'

ဒေါ်နီလာခင်သည် မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ညင်သာသိမ်မွေ့စွာ ထိုင်လိုက်၏။ နုနယ်စိုပြည်ခြင်း၊ ကျက်သရေရှိခြင်းတို့က ရင့်ကျက်တည်ငြိမ်ခြင်းနှင့် ရောယှက်ကာ ဒေါ်နီလာခင် သည် **လှပနေဆဲပင် ရှိသေးသည်ဟု ဦးမြကြိုင်စိတ်ထဲက ဦးစွာမှတ်ချက်ချမိသည်။ ဦးမြကြိုင်တို့ ခေတ်က အရှုးအမူး စွဲလမ်း**နှစ်ခြိုက်ခဲ့ရသည့် မင်းသမီးကြီးပါပဲ။ ယခုခေတ် တချို့ တချို့သော မင်းသမီးတွေပင် ဒေါ်နီလာခင်၏ အလှကို မမီနိုင်ဟု ရေးလူကြီးဆန်စွာ တွေးမိသည်။ သည်လို တည်ငြိမ်အေးချမ်းစွာ အလှကျက်သရေ ဆောင်နေသည့် မိန်းမတစ်ယောက်ကို တစ်ချိန်က ရုပ်ရှင်ထဲမှာ ထိတ်ထိတ်ကြဲ မာနသရဖူဆောင်းသည့် မိန်းမအသွင်ပိုင်နိုင်စွာ သရုပ်ဆောင် နိုင်ခဲ့မည်ဟု မည်သူက ထင်မလဲ။ အိမ်ထောင်နှစ်ဆက် သုံးဆက်၊ ဘယ် နှစ်ဆက် ပြောင်းခဲ့ပြီ အတိအကျမသိနိုင်ဘဲ ဘဝကိုအမျိုးမျိုး ကျင်လည် ပြီး အနုပညာအရာမှာတော့ သူမတူအောင် အစွမ်းထက်ခဲ့သည်ဆိုတာ ယုံနိုင်ဖွယ်ရာပင် မရှိချေ။

'လာတဲ့ကိစ္စကတော့ အမေခင့်ဆီ သက်သက်လာခဲ့တာပဲ၊ ကျွန်တော် တို့ ရိုက်မယ့်ကားတစ်ကားမှာ အမေခင် ပါဖို့ပါ'

အမေခင်က မျက်ခုံးနှစ်ဖက်ကို ပင့်လိုက်သည်။ အိမ်နောက်သို့လှည့် ၍ 'အအေးနှစ်ခွက်ယူခဲ့ပါဟေ့' ဟု ပြောလိုက်သည်။ ပြီးမှ

'အမေခင်က သားတို့ တီးဝိုင်းလာငှားတယ်ထင်နေတာ၊ အမေခင် ဖြင့် သားတို့အဖေ ဆုံးပြီးကတည်းက ရုပ်ရှင်မရိုက် ဖြစ်တော့တာပဲ၊ ခုလဲ ရိပ်သာက ပြန်လာတာကွဲ့၊ အခုချိန်မှာ အမေခန်းကပါမယ့် မင်းသမီးကြီး တွေလဲ ရှိသားပဲကွယ်'

'ဒီလိုပါ ခင်ဗျာ'

ကိုသန်းနိုင်က စကားပြောဖို့အားယူရသည်။ အမေခင်ကို အများက အမေခင်ဟု ခေါ်ကြသော်လည်း မျက်နှာချင်း ဆိုင်ထားပြီး သူ မခေါ်ဝံ့ သလို ဖြစ်နေသည်။ အမေခင်က ပြင်လိုက် ဆင်လိုက်ဦးမည်ဆိုလျှင် များစွာ နုပျိုနေဆဲမို့ပင် ဖြစ်၏။ အရေးအကြောင်းများသည် မိတ်ကပ်အောက် တွင် ပျောက်ကွယ်နိုင်သည်။ မျက်လုံးများကို အထူး အရောင်တင်စရာ ပင်မလို။ ရွှန်းလက်ဆဲ ရှိသေးသည်။ ဦးမြကြိုင်သည် ရုပ်ရှင် သမားမဟုတ်သည့် အတိုင်း ဒေါ်နီလာခင်ကို တစိမ့်စိမ့်ကြည့်နေ တော့သည်။

'ကျွန်တော်တို့ ရိုက်မယ့်ဇာတ်လမ်းက စာရေးဆရာမ မြကြည် ဇင် ရေးတဲ့ စေတနာဖြူဝတ္ထုပါ၊ အမေခင်တော့ ဖတ်ဖူးမလား မသိဘူး'

'အင်း စာရေးဆရာနာမည်တော့ ကြားဖူးသားကွဲ့၊ သားတို့ သမီးတို့ကတော့ ဝတ္ထုတွေ ဖတ်ကြပါတယ်'

အမေခင်က သူ မဖတ်ဖူးဘူးဟု မပြောပေ။

**'ဟုတ်ကဲ့၊ အဲဒီဝတ္ထုကို ဖတ်လိုက်ကတည်းက အဲဒီထဲက ဇာတ်ဆောင် အမျိုးသမီးတစ်ယောက်နေရာမှာ ကျွန်တော်က အမေခင့်ကို တန်းမြင်တာပဲ၊ ဘယ်လိုပြောရမလဲမသိဘူးဗျာ၊ အမေခန်းတော့ အမေခန်းပဲ၊ ဒါပေမဲ့ အသက်ကြီးကြီး အိုကြီး အိုမ မဟုတ်ပါဘူး၊ ပြီးတော့ အဲ ဇာတ်ဆောင်ရဲ့စရိုက်က'**

**ကိုသန်းနိုင်သည် ပြောရမှာ အားနာနေလေသည်။** သည်ဇာတ်ကောင်ရဲ့ စရိုက်က ရုပ်ချောသည်။ စိတ်ထက်သည်။ ရက်စက်သည်။ လောဘ ရှိသည်။ ဖောက်ပြန်သည်။ ကိုသန်းနိုင်သည် သူ စကားပြောမှားသွားပြီ လားဟု စိုးရိမ်မကင်း ဖြစ်သွားမိလေသည်။

'အင်း အင်း အမေခင် နားလည်ပါပြီကွယ်၊ အမေခင်တို့ကလဲ ရုပ်ရှင်သက်တမ်းတစ်လျှောက် နေရာအမျိုးမျိုးက သရုပ်ဆောင်ခဲ့ရတာပဲ၊ ဒီလို စရိုက်မျိုးကိုမှ ပို ပိုင်နိုင်ခဲ့လေသလား မသိဘူး ဟင်း ဟင်း'

ဒေါ်နီလာခင်က ခပ်မှုဉ်းမှုဉ်းကလေး ရယ်လိုက်သည်။

'ဟို ကျွန်တော် ဆိုလိုတာက'

'ဟာဗျာ၊ ဒေါ်နီလာခင်ရဲ့ ပညာကပြောစရာမရှိပါဘူး၊ ကျွန်တော်တို့ သက်တမ်းတစ်လျှောက် ကြည့်ခဲ့ရတဲ့ မင်းသမီးပဲ၊ စွယ်စုံရပါတယ်ဗျာ'

တစ်လျှောက်လုံးငြိမ်နေသော ဦးမြကြိုင်ကလည်း ပျာပျာသလဲ ဝင်ပြောလေသည်။

'ကျွန်မ နားလည်ပြီးသားပါရှင်၊ ကျွန်မကလည်း ပညာနဲ့ ပတ်သက် လာရင် ဘယ်တော့မှ အလျှော့မပေးခဲ့ပါဘူး၊ ခုလဲ စိတ်ကကုန်တယ်လို့ မဟုတ်ပါဘူး၊ ခင်ပွန်းသည်မရှိတော့လို့ လူ့လောကကိုငြီးငွေ့လာတာက တစ်ကြောင်း၊ သားတွေ သမီး တွေကလည်း အရွယ်ရောက်ပြီး သူ့အလုပ်နဲ့သူ၊ သူ့နာမည်နဲ့သူ ဖြစ်လာကြတော့ ကိုယ့်အလှည့်ဆိုတာ ကုန်ပြီလို့ သဘော ပေါက်မိ တာ တစ်ကြောင်း'

**'ဒါပေမဲ့ အမေခင်ရယ်၊ အနုပညာဆိုတာ အိုတယ်လို့ မရှိဘူး မဟုတ်လား ခင်ဗျာ၊ ကျွန်တော်တို့ကတော့ အမေခင့်ကို ပိတ်ကားပေါ်မှာ မြင်ချင်ပါသေးတယ်၊ တကယ်ပါ၊ ကျွန် တော်တို့ကို ကူညီတဲ့အနေနဲ့ပဲ ဖြစ်ဖြစ်ပါ'**

ဒေါ်နီလာခင်သည် ရယ်နေ၏။ အအေးခွက်များရောက်လာ သဖြင့် သောက်ကြဖို့ပြောသည်။ ကိုသန်းနိုင်သည် သည်ကိစ္စ အဆင် မှ ပြေပ့ါ မလားဟု စိတ်ပူလာသည်။ သို့သော် ယခုအချိန်ထိ ဒေါ်နီလာခင်က ငြင်းဆိုသည့်စကား မပြောသေးသည်ကို သတိ ထားမိသည်။

ဒေါ်နီလာခင်ပြောသလို ယနေ့ အမေခန်းက ပိုင်နိုင်စွာ သရုပ်ဆောင် နိုင်သည့် မင်းသမီးကြီးများ ရှိပါသည်။ သို့သော် ကိုသန်းနိုင်စိတ်ထဲက အမေခင့်ကိုပဲ လိုချင်နေသည်။ အမေခင်၏ အခန်းသည် ဇာတ်တစ်ခုလုံး ကို အသက်ဝင် လှုပ်ရှားစေမည် ဖြစ်သည်။ အလွန်ပင် အရေးကြီးလေသည်။

'အင်းလေ ပြောပြီကော၊ အမေခင်ကလဲ စိတ်မကုန်သေးပါ ဘူးလို့၊ တရားဘက် လှည့်တာ လှည့်တာတခြား၊ ဗီဇလေးက

အရိုန်မပြေသေးတာ တခြားပဲကွဲ့၊ သားတွေ သမီးတွေကလဲပြောပါတယ်၊ အမေ ရုပ်ရှင်ရိုက်ပြီး ကျေးရမဲ့အချိန် မဟုတ်တော့ဘူးပေါ့လေ၊ ဒါပေမဲ့ အမေ ရိုက်ချင်ရင် ရိုက်ပါ၊ သေသေချာချာ ကျကျနန ပါရမဲ့ကားမျိုးဆို ရိုက်ပါ၊ ဟိုနားသည်နားက မထင်မရှား အမေခန်း၊ အဘွားခန်းက ပါရမဲ့ ဟာမျိုးတော့ မရိုက်စေချင်တော့ဘူးတဲ့'

'ဟာ ဟုတ်တာပေါ့ခင်ဗျာ၊ ကျွန်တော်ပြောချင်တာလဲ အဲဒါပါပဲ၊ ဒီဇာတ်လမ်းမှာ အမေခင်က အဓိကဇာတ်ဆောင်လို့ ဆိုရင်တောင် ရပါတယ်၊ အမေခင်အားရင် ဝတ္ထုလေးဖတ်ကြည့်ပါဦး ခင်ဗျာ၊ ကျွန်တော်လဲ ဇာတ် ညွှန်း ခွဲတာပြီးသလောက် ရှိနေပါပြီ'

ကိုသန်းနိုင်သည် အားတက်သရော ဖြစ်လာလေသည်။ အင်းအနုပညာ ဝါရင့်သူတစ်ယောက်နဲ့ စကားပြောရတာ နားလည်လွယ်ပါ ကလားဟုလည်း အောက်မေ့မိသည်။

'ဖတ်ကြည့်တာပေါ့ကွယ်၊ အမေခင် အကယ်ဒမီရတဲ့ လွမ်း ရိပ်ဝေ ဇာတ်ကားတုန်းကလဲ ဇာတ်လမ်းကို သေသေချာချာ ဖတ်ပြီးမှ ဒီနေရာတော့ ငါ လုပ်နိုင်မယ်ဆိုပြီး လက်ခံခဲ့တာ ပဲကွဲ့'

'ဒေါ်နီလာခင်တို့ကတော့ ပြောစရာမလိုပါဘူးဗျာ၊ ရုပ်ရှင်နယ်မှာ ဝါရင့်ပြီးသားပါ'

ဦးမြကြိုင်ကလည်း စိတ်ပါလက်ပါ ဝင်ပြောသည်။

'မောင်သန်းနိုင် ကြည့်ရတာတော့ ဒီအလုပ်ကို တော်တော် စိတ် ဝင်စားပုံပဲကွဲ့'

'ဟုတ်ပါတယ် အမေခင်ရယ်၊ ကျွန်တော်လဲ ဒီဝတ္ထုဖတ်ပြီး ကတည်း က ရုပ်ရှင်ရိုက်လို့မလွယ်တဲ့ ဇာတ်လမ်းမှန်းလဲ သိလျက်နဲ့ ရိုက်ချင်နေတာ'

'ရုပ်ရှင်ဇာတ်လမ်းမဟုတ်တဲ့ ဇာတ်လမ်းကို ရုပ်ရှင်ရိုက်တာ ကမှ တကယ်ရိုက်လို့ ကောင်းတာကွဲ့၊ အဲဒါမျိုးကမှ ထူးခြား တတ်တာပဲ'

'ထူးပါစေလို့ ဆုတောင်းရမှာပဲ အမေခင်ရယ်'

ပဏာမအားဖြင့်တော့ အမေခင်နှင့် ဆွေးနွေးသည့်ကိစ္စ အောင်မြင် မည်ဟု ဆိုရမည်။ ဒေါ်နီလာခင်သည် ဝတ္ထုစာအုပ် လေးကိုကြည့်ပြီး ခေါင်း တညိတ်ညိတ်လုပ်နေသည်။ ဒေါ်နီ လာခင် ရုပ်ရှင်ပြန်ရိုက်ဦးမည်ဆိုလျှင် သမီး ဆရာဝန်မက ဘာ ပြောဦးမည်မသိ။ သမီးကတော့ အမေ့ကို ရုပ်ရှင် နယ်မှ အနား ယူစေချင်သည်။ သမီးသည် အဖေနှင့်လည်းမတူ၊ အမေနှင့်လည်း မတူပေ။ တကယ်တော့ သမီး၏ အဖေသည် နိုင်ငံကျော် ရုပ်ရှင် မင်းသားကြီး တစ်ယောက်ပါပဲ။ ယခုတော့ အရက်၏ ကျေးကျွန် ဖြစ်ပြီး သေသွားရှာပြီ။ သမီးသည် အမေနောက် တကောက် ကောက်လိုက်ရင်း ရုပ်ရှင်သမားတွေအကြား ကျင်လည်ခဲ့ရ သော်လည်း အများတကာလို ရုပ်ရှင်အမွေကို ဆက်ခံသူ တစ်ယောက်ဖြစ်မလာသည်မှာ အံ့ဩစရာဟု ဆိုရမည်လား မသိ။ သမီးသည် ဆရာဝန်မကြီးတစ်ယောက်ဖြစ်ခဲ့လေသည်။

သား၏အဖေကတော့ တိုင်းသိ ပြည်သိ အရာရှိကြီးတစ်ဦး ဖြစ်၏။ သူ့အဖေကို လူသိများခြင်းမှာ သူ့အရည်အချင်း၊ သူ့လုပ်ရပ်များချည်း ကြောင့်သာမက နိုင်ငံကျော် မင်းသမီးကြီး

ဒေါ်နီလာခင်၏ ခင်ပွန်းဖြစ်သော ကြောင့်လည်း တစ်ကြောင်း အပါအဝင်ဖြစ်၏။ သမီး၏အဖေနှင့် သား၏ အဖေကလွဲလျှင် ဒေါ်နီလာခင်ဘဝမှာ တစ်ခဏတာ၊ တချို့လည်း အတော်လေး စွဲစွဲလမ်းလမ်းဖြစ်ခဲ့ရသော ယောကျ်ားတွေကို ယခုအခါ မေ့ပျောက် မှုန်ဝါး၍ သွားပြီတည်း။

သားကြီး သမီးကြီးတွေနှင့် အစွဲမြဲဆုံးသော အိမ်ထောင်ဖက်နှင့်၊ တိုက်နှင့် တာနှင့် အခြေတကျနေနိုင်သည့် ဘဝမှာ ရုန်းကန်လှုပ်ရှားရသမျှ အနည်ထိုင်ပြီမို့ စိတ်လက်အေးချမ်းစွာ နေရတော့မည် ထင်မှတ်ချိန် လောကဓံတရားသည် မျက်နှာသာ မပေးပြန်ချေ။

ခင်ပွန်းသည် သူတော်ကောင်းကြီးက လူ့လောကကို အလျင် စွန့်ခွာ သွားပြန်လေသည်။ တစ်သက်လုံးက စိတ်ဓာတ်မကျခဲ့သော ဒေါ်နီလာခင် ယခုတော့ ဗုန်းဗုန်းလဲမတတ် ဖြစ်ခဲ့ရသည်။ သို့သော် ဘဝတစ်လျှောက် ကြုံခဲ့ဆုံခဲ့ရသော ဆုံးရှုံးမှု၊ နစ်နာမှုတွေက ခံနိုင်ရည်စွမ်းအားကို လေ့ကျင့် ပေးခဲ့ပြီဖြစ်၍ ဖြေနိုင်ခဲ့သည်ဆိုရမည်။ မိမိမြတ်နိုးရာ အနုပညာအတွက် အရာရာကို ပေးဆပ်ခဲ့ရဖူးပြီပဲ။ ယခုလည်း အနုပညာအတွက်တော့ ဆက်လက် ရှင်သန်နေသင့်သည်။

'အင်းလေ အမေခင်လဲ မင်းတို့လို လူငယ်တွေနဲ့ အလုပ်လုပ်ကြည့် ချင်ပါသေးတယ်'

ကိုသန်းနိုင် အတော်လေးပဲ အားတက်သွားမိလေသည်။

'ဝမ်းသာလိုက်တာ အမေခင်ရယ်၊ ကျွန်တော် ဒီဝတ္ထုစာအုပ် ထားခဲ့ မယ်နော်၊ ဇာတ်လမ်းတင်ရင် အမေခင့်နာမည်နဲ့ပဲ တင်

လိုက်တော့မယ်၊ သရုပ်ဆောင်ခကိုလဲ အမေခင့် အလျင်ဇာတ်ကားတွေအတိုင်း ပေးပါ့မယ်’

‘အေးပါလေ မောင်သန်းနိုင်ကလဲအတော့်ကို စိတ်အားထက်သန် နေတာကိုး’

‘ဒီပွဲမှာ ကျွန်တော်ညံ့ရင် ငွေရော သိက္ခာပါ ဆုံးရှုံးရမှာ အမေခင် ရေ’

‘ဟင်း ဟင်း ဟုတ်တာပေါ့ကွယ်’

‘ဒီလိုဆို ကျွန်တော်တို့ ပြန်ဦးမယ်နော်၊ သိပ်ကျေးဇူးတင်ပါတယ် အမေခင်ရယ်’

ဦးမြကြိုင်ကလည်း တလေးတစားပင် နှုတ်ဆက်စကားဆိုသည်။

ဒေါ်နီလာခင်သည် သူတို့နှစ်ယောက်ကို တံခါးအနားအထိ လိုက်ပို့ လေသည်။ အပြင်မှ ကားတစ်စီးဝင်လာ၍ တိုက်ရှေ့တွင် လမ်းလွတ်စေရန် ကားပေါ် မြန်မြန်တက်လိုက်ကြရသည်။ ကားထဲမှ အမျိုးသမီးကို ကိုသန်းနိုင် က ဒါရိုက်တာမျက်စိဖြင့် လျင်မြန်စွာ အကဲခတ်လိုက်သည်။

တော်တော်လှတဲ့အမျိုးသမီးပဲဟု မှတ်ချက်ချမိ၏။ ဒေါ်နီလာခင့် သမီး ဆရာဝန်မဆိုတာ ထင်ပါရဲ့။ ရုပ်ရှင်မင်းသမီးလုပ်ရင် သိပ်ကောင်းမှာ။ အင်းလေ လှပေမှာပေါ့၊ ဒေါ်နီလာခင်ရဲ့ သမီးပဲ။ ပြီးတော့ မင်းသားဟောင်း ကြီး ဦးမျိုးသော်ရဲ့ သမီးပဲ လေဟု တွေးလိုက်မိလေသည်။

ကိုသန်းနိုင်သည် စိတ်လက်အတော်လေးပင် ပေါ့ပါးလာခဲ့သည်။ သီချင်းညည်းရင်း ကားမောင်းလာမိ၏။ ဦးမြကြိုင်ကို ၅၁ လမ်းမှာ ဝင်ချ ပေးခဲ့ရမည်။ အဲ ပြီးတော့ သူ့ကားကိုလည်း ထားခဲ့ရမည်။ ပြီးမှ ဘတ်စ် ကားစီးပြီး ကမာရွတ်ရှိ သူ့အိမ်သို့ ပြန်လှည့်ရမည်။

နောက်ထပ် ဓာတ်ကား နှစ်ကား သုံးကားလောက် အောင်မြင်ရင် တော့ ဖယ်မလီယာ ကားလေးတစ်စီးလောက် မဝယ်နိုင်သော်မှ လပေးနှင့် ငှားစီးမည်ဟု စိတ်ကူးလေသည်။

ဘာပဲဖြစ်ဖြစ် ကိုသန်းနိုင်၏ စိတ်များက သွက်လက်ပေါ့ပါးနေသည်။

\+ \+ \+

'ကို့ အဘိုးကြီး လာသွားတယ်'

အိမ်ရောက်တော့ ဇနီးဖြစ်သူနီနီက ဆီး၍ပြောသည်။ အဖေလာ သွားသည် ဆိုကတည်းက ဆူသွား ပြောပြီးသွားပြီဆိုတာ ကိုသန်းနိုင် သိလိုက်ပြီ။

'သူဘာတွေ ပြောသွားသေးလဲ'

ကိုသန်းနိုင်က အပေါ်အင်္ကျီနှင့် ရှပ်အင်္ကျီကို စိတ်လက်ပေါ့ပါးစွာ ချွတ်ပစ်လိုက်ရင်း မေးသည်။ တစ်နေ့လုံး သွားရလာရနှင့် ငြီးစော်လည်း နံ၍နေပြီ။ စိတ်ကလည်း ပင်ပန်း၍နေသည်။

'ထုံးစံအတိုင်းပေါ့ ကိုရဲ့၊ ဒီကောင် ဘယ်သွားသလဲ၊ သား မယား ပစ်ပြီး နေကုန်နေခန်း လုပ်ရတဲ့အလုပ်ကို တော်တော် လုပ်ချင်တယ်၊ ဘာညာပေါ့'

ကိုသန်းနိုင်၏ အဖေသည် ကုန်သည်ပွဲစား မျိုးရိုးဖြစ်သည်။ ယခုလည်း ကုန်ဈေးတန်းလမ်းမှာ ဖျာရောင်းသည်။ လက်လီ လက်ကား ပွဲရုံတစ်ရုံဖြစ်သဖြင့် စီးပွားရေးအရ အားထားနိုင် သည်သာ။ ကိုသန်းနိုင်ကို ဘွဲ့ရအောင် ပညာသင်ပေးပြီး မိတ် ဆွေတစ်ယောက်၏ သမီးနှင့် အိမ်ထောင် ချကာ ပွဲရုံကို ဦးစီး လုပ်ကိုင်ခိုင်းမည်ဟု စိတ်ကူးခဲ့၏။

ကိုသန်းနိုင်ကား ဘွဲ့တစ်ခုရစေရန် ကျောင်းမှာခုနစ်နှစ်ခန့် နေခဲ့ရ သူတည်း။ ကျောင်းက ထွက်တော့လည်း သူ့အတွက် အိမ်ထောင်ဖက်ကို သူ့ဘာသာ ရွေးချယ်ပြီးခဲ့လေပြီ။

သည်အထိလည်း အဖေက မလွှဲသာ မရှောင်သာ ခွင့်လွှတ် ခဲ့ပါ သေးသည်။ ယူချင်တဲ့ မိန်းမနဲ့ပဲယူ၊ လင်မယားနှစ်ယောက် ပွဲရုံကို လာလုပ်ကိုင်လှည့်၊ အဖေကတော့ အမေလည်းမရှိတော့ ပြီမို့ ဇာတိရပ်ရွာ ပြည်ကိုပြန်မည်ဟု ပြောသည်။ သမီး တစ်ယောက်က ကျောင်းနေဆဲမို့ သူ့ကိုလည်း ကြည့်ရှုစောင့် ရှောက်ပေးစေချင်သည်။

သို့သော် ကိုသန်းနိုင်က ဘယ်တုန်းကများ အဆက်အစပ် ရှိခဲ့သည် မသိ။ ရပ်ရှင်နယ်ထဲကို ရောက်သွားတော့သည်။

'မင်းဘာသာမင်း လုပ်ချင်တာလုပ်၊ ငါ့ပိုက်ဆံတစ်ပြားမှ မထိနဲ့'

အဖေက စိတ်နာနာဖြင့် ထိုသို့ပင်ပြောသည်။ ပွဲရုံကိုလည်း သမီးကို ကျောင်းထွက်ပြီး လုပ်စေသည်။ အဖေကလည်း တဖွတ်ထိုးသမား။ ကိုသန်းနိုင်ကလည်း လုပ်ချင်တာလုပ်ရမှ ကျေနပ်သူ။ သားအဖနှစ်ယောက် တွေ့ကြလျှင် မည်သည့်အခါမျှ အဆင်ပြေသည် မရှိပေ။

'မင်းကကော ဘာတွေများ တိုင်လိုက်တောလိုက်သေးသလဲ နီနီ'

ကိုသန်းနိုင်ကလည်း သူ့မိန်းမအကြောင်းကို သိသဖြင့် ပြန်မေး သည်။ နီနီနှင့် သူသည် အစက စိတ်တူ ကိုယ်တူ ဖြစ်သော်လည်း ယခုတော့ နီနီက အဖေ့ဘက်ကပါချင်လာသည်။ ပွဲရုံအလုပ်က ဝင်ငွေမှန် တာကိုလည်း သဘောပေါက်လာသည်။ ကိုသန်းနိုင်ညီမ ခင်ခင်စိုးက ပွဲရုံထိုင်ပြီးကာမှ ပြောင်ပြောင်ရောင်ရောင်ဖြစ်လာသည်ကိုလည်း အားကျလာ သည်။ ဝင်မလုပ်ရင်တစ်ပြားတစ်ချပ်မျှ ခွဲမပေးဘူးဟု အဖေက ကြိုးဝါး ထားသည်ကိုလည်း နားထဲကြားနေသည်။

ထို့ကြောင့် ရွှေတစ်လှည့် ငွေတစ်လှည့်ဖြစ်နေသော ဒါရိုက်တာအလုပ်က မရေရာမှန်းသိလာသည်။ အစကတော့ ကိုယ့်ယောကျ်ားက နာမည်ကြီးဒါရိုက်တာတစ်ယောက် ဖြစ်လာမှာကို လိုလားခဲ့ပါရဲ့။ သို့သော် နောက်ပိုင်းမှာ မင်းသမီးတွေနှင့် တရင်းတနှီး သွားလာ ဆက်ဆံနေသော ယောကျ်ားကို သဝန်တို မရှုစိမ့်ဖြစ်လာလေသည်။ ကိုယ်တိုင်ကလည်း သားတွေ သမီးတွေနှင့်မို့ နေရာတကာ မလိုက်နိုင်တော့ပြီ မဟုတ်လား။

အထူးသဖြင့် ကိုသန်းနိုင် ဒါရိုက်တာလုပ်သောကားဖြင့် ပထမဆုံး ရုပ်ရှင်နယ်ထဲဝင်လာသော မင်းသမီးလေးတစ်ယောက် နာမည်တက်လာ ရာမှာ ကိုသန်းနိုင်အပေါ် များစွာ မသက်ာ ဖြစ်မိလေသည်။

'ဘာမျှ မတိုင်ပါဘူးရှင်၊ ဒါပေမဲ့ ရုပ်ရှင်နယ်က သတင်း ဆိုတာလဲ ဖုံးဖိထားလို့ရတာမှ မဟုတ်တာ'

ပြဿနာကို စလာပြန်ပြီဟု သိလိုက်သည်။ ကိုသန်းနိုင် ငြိမ် နေရ မည်လား၊ တစ်ခုခု ပြန်ပြောရမည်လား စဉ်းစားနေ၏။ ပြန်ပြောလျှင်လည်း စကားအခြေအတင် ဖြစ်ရဦးမည်။ ပင်ပန်း လွန်း၍ ဘာမျှ မပြောဘဲနေပြန် လျှင်လည်း ဟုတ်၍ငြိမ်နေသည် ဟု စွပ်စွဲခံရဦးမည်။

'ရုပ်ရှင်နယ်က သတင်းဆိုရင်ပဲ စိတ်ဝင်စားတတ်ကြလို့ ပုံကြီးချဲ့ပြီး ပြောတတ်ကြတာကိုလဲ သတိထားဦးလေ။ စာ စောင်တွေကလဲ ဟိုလို ဒီလို နှစ်ဖက်တွေးလို့ရတာမျိုးကို သိပ် ရေးတတ်ကြတာ'

တစ်ခွန်းတော့ ပြန်ပြောဖြစ်သည်။ နောက်ထပ်ဘာပဲပြော လာလာ ပြန်မပြောတော့ဘူးဟု ဆုံးဖြတ်ပြီး ရေချိုးခန်းထဲ ဝင်လာခဲ့သည်။ ချွေးနံ့ တွေဖြင့် မနေနိုင်အောင် ဖြစ်လာ၍ ရေချိုးပစ်လိုက်တော့မည်။ ရေဘုံဘိုင်ကို ဖွင့်ချပြီး ခေါင်းပါ ထိုးခံလိုက်ကာ သူ့လုပ်ငန်းများ၏ အောင်မြင်မှု အတိုင်းအတာ ကို ပြန်တွက်နေမိသည်။

ပထမဆုံး ပွဲဦးထွက်သည် အလွန်ပင် အရေးကြီးလေသည်။ သူ စရိုက်သည့်ကားသည် ပရိသတ်လက်ခံပြီး ပိုက်ဆံလည်း ရခဲ့

ခြင်းသည် သူ့ဘဝအတွက် အလွန်ပင်ကံကောင်းလေသည်။ တော်ရုံတန်ရုံ သူ့နာမည် မကြားဘူးသူကို 'ချစ်နှင်းဆီ'ရိုက်သည့်ဒါရိုက်တာဟု ပြောလျှင် သိပြီ။ ထိုကားနှင့်ပင် စတင်နာမည်ရသွားသည့် မင်းသမီးလေး တင်အေး မြင့်ကို ချစ်နှင်းဆီ တင်အေးမြင့်ဟု နာမည်တွင်သွားစေခဲ့သည်။ သည်နာမည်ဖြင့်ပင် သူသည် ရုပ်ရှင်နယ်မှာ ခြေမြဲစေခဲ့ပြီ ဖြစ်သည်။ သည်လို အခွင့်အရေးမျိုးကို နောက်တစ်ကြိမ် ပြန်ရအောင် လုပ်ဖို့ဆိုသည်မှာ လွယ်သည် မဟုတ်ပေ။ အခွင့်အရေး သို့မဟုတ် အောင်မြင်မှုလမ်းစလေးကို ရပါလျက် သူ ဆက်မနင်းလျှင် သူ့ထက်မိုက်သူရှိပါဦးမည်လား။ ရုပ်ရှင်နယ်မှာ လူ မသိ သူမသိ ထွက်ခွာရသူများတွင် မင်းသား မင်းသမီးတွေသာ ပါဝင် သည်မဟုတ်၊ ဒါရိုက်တာတွေလည်း ပါသည်ပင်။

အစပထမက သူ့ချစ်ဇနီးနီနီသည် သူ့ဘက်က မားမားမတ်မတ် ရပ်တည်ခဲ့ပါ၏။ ဘွဲ့ရပြီးမကြာခင် သူတို့နှစ်ယောက်လက်ထပ်ခဲ့ကြပြီး မိဘက ပစ်ပယ်ထားသည်ကိုလည်း ဂရုမထားခဲ့ကြ။ နီနီသည် ရုံးတစ်ရုံးတွင် အလုပ်ဝင်လုပ်ရင်း ကိုသန်းနိုင်ဝါသနာပါရာကို လုပ်စေခဲ့သည်။ ရုပ်ရှင် သမားတွေ၊ လူငယ်တွေတရုန်းရုန်းနှင့် အိမ်မှာ စားချင်တိုင်းစား၊ သောက် ချင်တိုင်းသောက်သည်ကိုလည်း ကြည်ဖြူခဲ့သည်။

မိဘကမနေနိုင်၍ ပြန်ခေါ်ပြီး စီးပွားရေး လုပ်ခိုင်းသည်။ ကိုသန်းနိုင် က ငြင်းမြဲ ငြင်းဆန်ပြီး သူလုပ်ချင်ရာကို လုပ်ခဲ့သည်။ သည်တုန်းကလည်း နီနီသည် ကန့်ကွက်ငြူစူခြင်း မရှိခဲ့။

ယခု ကိုသန်းနိုင် အောင်မြင်စပြုပြီ။ အတန်အသင့် ဝင်ငွေလေး ဖြင့်လည်း ရပ်တည်နိုင်ပြီ။ ထိုအခါမှပင် နီနီသည် ကိုသန်းနိုင်အပေါ် သူ လိုက်လျောခဲ့သမျှ မှားပြီဟု နောင်တရလေသည်။ ကိုသန်းနိုင်ကိုလည်း မနာလို သဝန်တို ငြူစူခြင်းတွေဖြင့် ဆန့်ကျင်စပြုခဲ့လေပြီ။ နီနီ ဘာကြောင့် ထိုသို့ဖြစ်ရသည်ကို သိသည်။ ကိုသန်းနိုင်၏ ပိန်တစ်လှည့် ဖောင်းတစ်လှည့် ဝင်ငွေကြောင့်ချည်း မဟုတ်။ တစ်ပြားတစ်ချပ်မျှ မရစဉ်ကပင် ရှိသမျှ လက်ဝတ်လက်စားလေး ရောင်းချပြီး သဒ္ဓါကြည်ဖြူ ရှိခဲ့သေးသည်ပဲ။

ယခု နီနီ၏ ဝေဒနာမှာ မိန်းမတိုင်းဖြစ်လေ့ ဖြစ်ထရှိသည့် ဝေဒနာပါပဲ။

တစ်ခါတစ်ရံတော့လည်း ကိုသန်းနိုင်က နီနီ့ကို ချော့မော့ဖို့ ဖြေရှင်းဖို့ကြိုးစားသည်။ တစ်ခါတစ်ရံတော့လည်း လုပ်ငန်းခွင်မှာ ထင်တိုင်း မပေါက်၍ စိတ်ပျက်ရခိုက်ကြုံလျှင် ဘာမျှ ဖြေရှင်းချင်စိတ် မရှိတော့ပေ။ ချော့ဖို့ဆိုသည်မှာတော့ ဝေးပါလေရော။

သည်လိုဖြင့်ပင် နီနီ၏ သံသယက ကြီးထွားလာခဲ့သည်။ အင်းလေ တင်အေးမြင့်ကလည်း တင်အေးမြင့်ပါပဲ။ နည်းနည်းပါးပါး ဆင်ခြင်ပါဦး လားကွယ်။

မျက်နှာသုတ်ပဝါကို ခပ်ဖွဖွကိုင်သုတ်ရင်း ရေချိုးခန်းထဲမှ ထွက်လာခဲ့၏။

'ကိုယ့်ဘာသာ တစိမ့်စိမ့်တွေးပြီး သဘောကျနေလိုက်တာ သိပ် သိသာတာပဲ'

အပြင်ရောက်ရောက်ချင်း နီနီ၏ ထိုးနှက်ချက်ကို ကြားရသည်။ ဩော် မိမိကပဲ အတွေးလွန်ခဲ့လေသလား၊ နီနီထင်သလို

တင်အေးမြင့် အကြောင်း တွေးခဲ့မိတာတော့မှန်သည်။ သို့သော် နီနီထင်သလို မဟုတ်ပါ ဆိုတာ ဘယ်လိုပြောရမည် မသိ။ တစ်ဝက်လောက်က ဟုတ်သလိုလိုဖြစ်နေ သည်မို့ ညာလည်း မညာချင်ပေ။

‘အိမ်ထမင်း အိမ်ဟင်းလေးလဲ မစားရတာကြာပါပြီ မိန်းမရယ်၊ နှာအေးပါးအေး စားပါရစေနော်’

‘သြော် မသိပါဘူး၊ ရှုတင်ထမင်းနဲ့ချည်း ဝနေသလားလို့ပါ’

နီနီသည် ကိုသန်းနိုင်ကို ထမင်းပြင်ကျွေးဖို့ အသင့်ဖြစ်နေပါလျက် ထိုစကားကို ပြောဖြစ်အောင် ပြောလိုက်သေးသည်။ ကလေးနှစ်ယောက် အနက် အငယ်လေးသည် အိပ်ပျော်နေလေပြီ။ အင်း သားငယ်လေးနှင့် မတွေ့ရတာလည်း ကြာပြီ။ ကိုသန်းနိုင် ပြန်လာလျှင် အိပ်ပျော်နေတတ် သည်။ နေမြင့်မှ အိပ်ရာကနိုးတတ်သော ကိုသန်းနိုင်သည် အိပ်ရာမှ ထ ထချင်း အလုပ်ရှိရာကို ကသောကမျော ပြေးရတတ်သည်။

ရုပ်ရှင်လုပ်ငန်းကို စလုပ်မိသည့်အချိန်ကစပြီး သားမေ့မယားမေ့ ဖြစ်ခဲ့ရသည်ကတော့ အမှန်ပင်။ ကိုယ်တိုင်ဇာတ်ညွှန်းရေး၊ ကိုယ်တိုင် ဒါရိုက်တာလုပ်ရပြီး ထုတ်လုပ်သူအတွက်လည်း ကိုယ်ပဲလုပ်ရသည်။ သူများငွေနှင့် အလုပ်လုပ်ရသည်ဆိုသည်မှာ သူများ နှာခေါင်းပေါက်နှင့် အသက်ရှူရသလိုပါပဲ။ သို့သော် ကိုယ်လိုရာကို လိုက်ပါမည့် ငွေရှင်တစ်ယောက်ကို အပိုင်ကိုင်ထားနိုင်သည်မှာ နည်းသည့် အခွင့်အရေးလား။ တစ်ခါတစ်ရံ ဘာမျှနားမလည်သည့် လူတစ်ယောက်ကို အောက်ကျို့ နောက်ကျိုခံရ

တာ၊ ရိုကျိုးရတာလေးတွေတော့ ရှိသည်ပေ့ါ။ ကိုယ်က သူ့ကို ငွေကြေးမျက်နှာနှင့် ပေါင်းရသလို သူက ကိုယ့်ပညာကို အထင်ကြီး၍ ပေါင်းသည်ဆိုတော့ မထူးပါဘူး။ ဂုဏ်ယူတတ်လျှင် ကိုယ်ကတောင် မြတ်နေသေးသည်။

နီနီကတော့ ဒါတွေကို စိတ်မဝင်စားတော့ပေ။ ယခင်က ကိုသန်းနိုင် ပြောသမျှ သဘောတရားတွေကို အထင်ကြီး လေးစားစွာ နားထောင်ခဲ့ သော်လည်း ယခုတော့ နားထောင်ချစ်စိတ် မရှိတော့မှန်း သိသာသည်။

ထမင်းပွဲပြင်ပြီးသော် နီနီသည် ခပ်ဝေးဝေးမှာသွားနေ၏။ အလုပ် များနေဟန်လည်း ဆောင်နေလိုက်သည်။ မိန်းမဆိုတာ ကလည်း အခက် သား။ နီနီကို အလုပ်များနေသည်ပဲလေဆိုပြီး ကိုယ့်ဘာသာ တစ်ယောက် တည်း တိတ်ဆိတ်စွာ စားနေလျှင် နီနီက တစ်နည်းတစ်ဖုံ စကားနာထိုး ဦးမည်။

'မိန်းမရေ ကိုယ် ထမင်းစားတုန်းအနားမှာ လာထိုင်စမ်းပါ ဦးကွာ'

မိန်းမကြိုက်မည့် စကားကို ရွေးကာပြောလိုက်လေသည်။ တကယ် တော့ အလုပ်အကြောင်းတွေးရင်း တစ်ယောက်တည်း အေးအေးဆေးဆေး စားချင်သည်မှာအမှန်။ သို့သော် ယခင် က နီနီအနားမှာထိုင်နေမှ ထမင်း စားတတ်တယ်ဟု သူကပဲ ပြောခဲ့မိသည် မဟုတ်လား။

နီနီသည် နှုတ်ခမ်းစူရင်း အနားသို့ ရောက်လာ၏။ ဘယ် လောက်ပဲ အလိုမကျဟန်တွေပြပြ နီနီသည် ကိုသန်းနိုင်ကြိုက်

တတ်သော ငါးခူ ငါးပိကောင်ကို ခရမ်းချဉ်သီးနှင့် ငရုတ်သီးစိမ်း **နှင့် အကျအနချက်ထား သည်ကိုကြည့်ကာ ကျေနပ်ရပြန်သည်။**

**‘မင်းသမီးတွေနဲ့ လက်ဆုံစားရလို့ မယားလဲအနားမှာ** လာထိုင်ဖို့ မလိုတော့ဘူးလားလို့ပါတော်’

အပ်ကြောင်းထပ်နေသော ထွေ့ငေါ့စကားတွေကို မကြားချင် တော့တာ အမှန်ပင်။ စိတ်တိုတိုဖြင့် အော်ဟစ်ချင်စိတ်ကို မျိုသိပ်ရပြန်သည်။

‘မင်းသမီးတွေနဲ့ လက်ဆုံမစားရပါဘူးကွာ၊ နီနီလဲ သိသားနဲ့၊ ကိုယ်က တစ်ခန်းရိုက်ပြီး နောက်တစ်ခန်းအတွက် ချွေးတလုံးလုံးနဲ့ ပြင်ဆင်နေရတာ၊ အချိန်တွေ နှမြောလွန်းလို့ ထမင်းကို အပြေးအလွှား စားရတာ၊ မင်းသမီးမှာက စောင့်ရင်း ထိုင်ရင်း အလှမပျက်စားတာ’

နီနီသည် တစ်ဖက်လှည့်ပြီး မကြားဟန်ပြုကာ ဟင်းချိုကို ပြန်နွှေး နေ၏။ တအောင့်ကြာတော့ ဟင်းချိုပူပူကို လာချပေးရင်း ဆက်ပြော ပြန်သည်။

‘များသောအားဖြင့် မင်းသမီးတွေက ဒါရိုက်တာနဲ့ ထမင်းလက်ဆုံ မစားကြပါဘူးလေ၊ ဟုတ်ပါတယ်၊ ဒါပေမဲ့ တချို့ကျတော့လဲ’

နီနီ ဘာကိုဆိုလိုသည်ကို ကိုသန်းနိုင် သိပါသည်။ ယခုပဲ သူဆက်တွေးနေမိသေးသည်။ တင်အေးမြင့်ကတော့ တစ်မျိုးပင်ဖြစ်၏။ အများနှင့်မှ လက်ရေတစ်ပြင်တည်း ရောနှော စားသောက်တတ်သည်။ သူ့စရိုက်ကြောင့်လည်း ဖြစ်ချင်ဖြစ်မည်။ မင်းသမီးဖြစ်စမို့ ကိန်းကြီးခန်းကြီး မလုပ်ချင်တာလည်း ပါမည်။ ပြီးတော့

တင်အေးမြင့်သည် တစ်ယောက် တည်းသမား ဖြစ်သည်။ သနားစရာ တင်အေးမြင့်ပါပဲ။ တင်အေးမြင့်သည် ရုပ်ရှင်နယ်ကို ဝင်စကပင် တစ်ယောက်တည်းဖြစ်လေသည်။ ရုပ်ရှင်မျိုးရိုး မကင်းသူမို့ သည်နယ်ကို အစိမ်းသက်သက်တော့ မဟုတ်။ သူ့ဖခင်က ရုပ်ရှင်သမားများ လေးစားချစ်ခင်ရသော ဇာတ်ရံမင်းသားကြီး တစ်လက်မို့ ကရုဏာသက်ကြကာ အားလုံးက ညှာတာစောင့်ရှောက်ကြသည်။ သည် အထဲတွင် ကိုသန်းနိုင်လည်း အပါအဝင်ပေါ့။

တင်အေးမြင့်တွင် အခြားမင်းသမီးများလို အဖော်အလှော်၊ ကြီးဒေါ်၊ အမေ စသည်ဖြင့် ပါမလာတတ်ပေ။ မိတ်ကပ်ဆရာလည်း မပါပေ။ ကိုယ်ပိုင်ကားလည်းမရှိ။ ပရိုဂျူဆာက ကားလွှတ်ပေးလျှင် မိတ်ကပ်ဘူး ဆွဲကာ တစ်ယောက်တည်း ထလိုက်လာရသူ ဖြစ်သည်။

ကိုသန်းနိုင်က တင်အေးမြင့်အပေါ် သံယောဇဉ်ပိုမိခြင်းမှာ မင်းသမီး ရယ်လို့ မျက်နှာချိုသွေးခြင်း၊ ဖားခြင်း၊ ဂရုစိုက်ရခြင်းများ မပြုရသည့်အတွက် ရိုးသားစွာ ချစ်ခင်မိခြင်းလည်းပါသည်။ တင်အေးမြင့်က အလုပ်ကို လေးစားရိုသေတတ်ခြင်းမှာလည်း နှစ်သက်ဖွယ်ပင် ဖြစ်သည်။ ဒါက သူ့ဖခင်နှင့်တူခြင်းဖြစ်မည်။

တင်အေးမြင့်ကလည်း ကိုသန်းနိုင်က သူ့အပေါ် ကြင်နာစောင့် ရှောက်မှန်း နားလည်သည်။ ရုပ်ရှင်နယ်ဆိုသည်က လူမျိုးစုံ၊ အကျင့်စရိုက် မျိုးစုံသည် မဟုတ်လား။ မည်သူ့မျက်နှာမျှ မထောက်ဘဲ အခွင့်အရေးယူတတ် သူတွေကလည်း ဒုနဲ့ဒေးပင်။

ထို့ကြောင့် အပြန်အလှန်အားဖြင့် တင်အေး မြင့်ကလည်း ကိုသန်းနိုင်ကို လေးစားအားကိုးသည်။

လေးစားချစ်ခင်ခြင်းမှ၊ ကြင်နာသနားခြင်းမှ သံယောဇဉ် ဖြစ်လာ ခြင်းသည် အပြစ်ဖြစ်ကြပြီလား။ သည်အထိ ကိုသန်းနိုင် မတွေးချင်သေးပါ။

သို့သော် ကိုသန်းနိုင်သည် အကျင့်သိက္ခာကို စောင့်စည်းလိုသူ ဖြစ်သည်။ အလုပ်ကို ကြိုးစားလိုသူ ဖြစ်သည်။ မိသားစုကို ခင်တွယ်သူ ဖြစ်သည်။ ဒါကိုတော့ နီနီ နားလည်စေချင်သည်မှာ အမှန်ဖြစ်၏။

ငါးပိကောင်ဟင်းနှင့် ဒန့်သလွန်ရွက်ဟင်းချိုက အစပ်တည့်၍ နေသည်။ မိန်းမလက်ရာကို ထုတ်ဖော်ချီးကျူးရမည်လား စဉ်းစားနေ၏။ အပြစ်ရှိ၍ ဆင်ခြေ့ရန်ရှောင်ပြောသည်ဟု အစွပ်စွဲ ခံရလျှင် ပြောရသည့်စကား တန်ဖိုးကျဆင်းပေဦးတော့မည်။

'ဒီနေ့ ကိုယ်ပင်ပန်းလာတယ် နီနီ၊ တက္ကသိုလ်ဝင်းထဲမှာ သွားရိုက်တဲ့ အခန်းကလဲ ကျောင်းသားတွေများလွန်းလို့ ထင် သလောက်မပြီးခဲ့ဘူး၊ နောက်ပြီး စေတနာဖြူအတွက် ဒေါ်နီလာ ခင်နဲ့ သွားဆွေးနွေးရတယ်၊ အပြန် ဦးမြကြိုင်ကို ပို့ပြီး ဘတ်စ် ကားတိုးစီးခဲ့ရတာကွာ'

နည်းနည်းမှ နားလည်ပါစေတော့ဟု ပြောပြရပြန်သည်။ နီနီ အရှိန်သတ်သွား၏။ ပန်းကန်တစ်ဝက်ကျသွားသော ဟင်းချို ကို ထပ်ဖြည့် သည်။ ငရုတ်ကောင်းမှုန့်လည်း ထပ်ထည့်ပေးသည်။ သည်လို အပြုအစု မှာတော့ နီနီသည် ချစ်စရာကောင်း၏။

'ဒေါ်နီလာခင်က ရိုက်မယ်တဲ့လား'

နီနီက နည်းနည်းစိတ်ဝင်စားဟန်ပြသည်။ အင်းလေ၊ စေတနာဖြူကို နီနီလည်း ကြိုက်ခဲ့တာပဲ။ နီနီကလည်း သည်လိုကားမျိုးကို ရိုက်စေချင် ခဲ့တာပဲ။ တခြားအကြောင်းသာမရှိလျှင်တော့ နီနီလည်း ကိုသန်းနိုင်အလုပ်ကို စိတ်ဝင်စားတာပါပဲ။

'ရိုက်မယ်တဲ့၊ အသက်ကြီးလို့ တရားအလုပ် လုပ်နေပြီဆိုပေမယ့် ရုပ်ရှင်ကို စိတ်မကုန်သေးဘူးတဲ့၊ သားသမီးတွေကလဲ ဟိုကြားသည်ကြား မထင်မရှား ပါရတာမျိုးမဟုတ်ဘဲ ကျကျနန သရုပ်ဆောင်ရမယ်ဆိုရင်တော့ ရိုက်ပါလို့ပြောတယ်တဲ့၊ အရွယ်ကတော့ တင်တုန်းပဲကွာ၊ ဓာတ်ကောင်နေရာ နဲ့တော့ အံကိုက်ပဲ'

ကိုသန်းနိုင်က အားတက်သရောပြောမိသည်။ ဟင်းချိုကိုလည်း တရှူးရှူးနှင့် ကုန်အောင် သောက်ပစ်လိုက်သည်။

'မင်းသားကကော ဟင်'

နီနီက ပန်းကန်များကိုသိမ်းရင်း မေးသည်။ သူသည် နီနီ့နောက်ကျောကို ကြည့်နေမိ၏။ မင်းသမီးတစ်ယောက်လို မလှပေမဲ့ နီနီသည်လည်း မိန်းမချောစာရင်းတွင် ပါဝင်သူဖြစ်၏။ သူ့ဘဝ ခရီးအစမှာတော့ နီနီသည် တကယ့် ရဲဘော်ရဲဘက်တစ်ယောက်ပင် ဖြစ်ခဲ့သည်။ ယောကျ်ား တစ်ယောက်ကို အလုပ်အကိုင်မရှိဘဲ သုံးနှစ်လောက် ပေါင်းခဲ့သေးသည်ပဲ။

'မင်းသားတော့ ဦးမြကြိုင်ကို ပြောလို့ မရတော့ဘူးလေ၊ သူက မိုးဦးမှ မိုးဦးပဲ'

'မင်းသားက နှစ်လက်နော်'

နီနီသည် ထမင်းစားပွဲပေါ်သို့ ကတ္တတ်ယိုစုံပန်းကန် ချပေး၏။ အဖေပေးသွားတာ ဖြစ်ရမည်ဟု ကိုသန်းနိုင် တွေးမိ၏။

'ဟုတ်တယ်၊ နောက်တစ်ယောက်က နည်းနည်းပါးပါးပါရမှာ၊ မင်းသားသစ်တစ်ယောက်ကို သုံးမယ်လေ'

စိတ်ရှည်လက်ရှည် ပြောပြနေမိသည်။ နီနီက ကိုသန်းနိုင်နှင့် မျက်နှာချင်းဆိုင်မှာ ထိုင်သည်။

'စိမ်းရဲ့ နေရာကလဲ အရေးကြီးတာပဲ၊ စိမ်းနေရာမှာ ဘယ်သူလုပ်မလဲ'

နီနီသည် ကိုသန်းနိုင်ကို စေ့စေ့ကြည့်ကာ မေးလိုက်လေသည်။ ကိုသန်းနိုင်၏ ကိုယ်သည် ဆတ်ခနဲမတ်သွားသည်။ နီနီ၏ ထိုးနက်ချက်က ထိရောက်လှပါသည်။ သည်ဇာတ်လမ်းမှာ မိန်းမသုံးယောက်၏ အခန်းကဏ္ဍသည် အရေးပါလှသည်။ တစ်ဦးနှင့်တစ်ဦး အားပြိုင်နေသည်။

**'တစ်ဦးက ခိုင်နွေ၊ တစ်ဦးက နီလာခင်နဲ့ နောက်တစ်ဦးကဘယ်သူလဲ။ ဒါကို နီနီက ကြိုတင်သိမြင်ထား၍ မေးခြင်းတည်း။** နောက် တစ်ဦးက တင်အေးမြင့်ပဲ ဖြစ်ရမှာပေါ့။

'နာမည်တက်စ ငယ်ငယ်ရွယ်ရွယ်မင်းသမီးတွေက ပရိသတ်ရဲ့ ချစ်ခင်သနားမှုကိုပဲ ခံချင်တတ်ကြတာ၊ တော်ရုံလူက အမုန်းခံ ဗီလိန်မလုပ် ချင်ကြဘူး။

ကိုသန်းနိုင်က စကားကို သွယ်ဝိုက်၍ စသည်။

'ကနေ့ ရုပ်ရှင်ကြည့် ပရိသတ်က ဒီလောက်လဲ အတွေးအခေါ် မတိမ်တော့ပါဘူး၊ ဗီလိန်ခန်းက ပိုင်ပိုင်နိုင်နိုင် လုပ်ပြနိုင်ရင်

သဘောကျ တာပါပဲ၊ အေးအေးသင်းကိုကြည့်ပါလား၊အကယ်ဒမီရတော့ ချီးကျူးကြ၊ ဝမ်းသာကြတာပဲ’

ကိုသန်းနိုင် စကားမပြောချင်တော့။ ကိုသန်းနိုင်လုပ်သမျှသည် တင်အေးမြင့် ကောင်းစားဖို့ချည်းဟုသာ နီနီက စွပ်စွဲချင်နေသည်။ မည်သို့ ဖြေရှင်းရမည်နည်း။ သည်ကားမှာ တင်အေးမြင့်၏ အရည်အသွေးကို တစ်နည်းတစ်ဖုံပြရမည်မှာ အမှန်ဖြစ်သည်။ ဒါမှ တင်အေးမြင့်သည် ဘက်စုံ မင်းသမီးတစ်လက် ဖြစ်လာမည်။

‘အင်းလေ၊ တင်အေးမြင့်ကတော့ လုပ်နိုင်တယ်ထင်တာပဲ၊ သူက ကုမ္ပဏီရဲ့ မင်းသမီးလဲဖြစ်နေပြီလေ’

ရှင်းရှင်းပင် ဖွင့်ပြောလိုက်တော့သည်။ နောက်လည်းပြဿနာဖြစ်ရမည့်တူတူ စောစောက အသိပေးထားတာ အကောင်းဆုံးမဟုတ်လား။

‘တင်အေးမြင့်က ကုမ္ပဏီရဲ့မင်းသမီးလား၊ ဒါရိုက်တာသန်းနိုင်ရဲ့ မင်းသမီးလား’

နောက်ဆုံးတော့ သည်ဘူတာပဲ ဆိုက်ပြီတည်း။

‘ဘယ်မင်းသမီးကမှ ဒီ ဒါရိုက်တာက ငါ့ကို တင်ပေးခဲ့တာပဲဆိုပြီး တစ်သက်လုံး တွယ်ကပ်မနေပါဘူး နီနီရယ်၊ အချိန်တန်တော့ သူ့လမ်းသူ သွားကြတာပါ’

‘သူ့လမ်းသူမသွားဘဲ သံယောဇဉ်လေးတွေ ကပ်ငြိနေမှာစိုးရ တယ်နော်’

ကိုသန်းနိုင် စားပွဲမှထလာခဲ့၏။

အလုပ်နှင့် အိမ်ထောင်ရေး ဘယ်ဟာကို ဦးစားပေးရမည်နည်း။ ယခုမှ သူလုပ်ချင်တာတွေက လမ်းစပေါ်ရုံသာရှိသေးသည်။ အိမ်ထောင်ရေး ကြောင့် ရည်မှန်းချက်တစ်ခုလုံးကို စွန့်လွှတ်ရမည်လား။ နမြော်စရာ ကောင်းလှသည်။ ရည်မှန်းချက်ကြောင့် အိမ်ထောင်ရေးကို စွန့်လွှတ်ဖို့ဆိုသည် ကလည်း မဖြစ်စကောင်းပေ။

အဓိကကတော့ နီနီ သူ့အပေါ် နားလည်စေဖို့ပဲ ဖြစ်၏။

ရှေ့လုပ်ငန်းစဉ်တွေကို တွေးတောရင်း ခြေပစ်လက်ပစ်အိပ်မောကျပစ်ချင်သည်။ ခုတင်ပေါ်တွင် သားငယ်သည် အိပ်ပျော်နေ၏။ ကိုသန်းနိုင် သည် သားကို တစ်ဘက်သို့ နည်းနည်းရွှေ့ကာ ဘေးမှ ဝင်အိပ်လိုက်သည်။ နီနီသည် အခန်းထဲသို့လိုက်မလာပေ။ တစ်ဖက်ခန်းတွင် သမီးကြီးရှိသည်။ နီနီသည်ထိုအခန်းထဲသို့ဝင်သွားမှန်း ကိုသန်းနိုင်သိသည်။ သွားခေါ်ရမည်လား စဉ်းစားရင်း မျက်လုံးများက ငိုက်စင်းလာ၏။ ထမင်းစားတာ လည်း နည်းနည်းများသွားသည်။ ယခုတလောဦးမြကြိုင်တို့နှင့် ဘီယာ သောက်တာလည်း များ၏။ ဗိုက်က နည်းနည်းပူချင်လာသည်။

စေတနာဖြူဇာတ်ကားအတွက် မင်းသမီးခိုင်နွေကို ပိန်ပိန်သေးသေး လေး ဖြစ်နေစေရန် ကိုယ်အလေးချိန်လျှော့ထားဖို့ ပြောရဦးမည်။ ခိုင်နွေ ကတော့ သည်ဇာတ်ကားကို စိတ်ပါလက်ပါရိုက်ပေးမည်မှာ သေချာ၏။ သို့သော် ခိုင်နွေက ဘီးတပ်ကုလားထိုင်မှာထိုင်ရင်း မျက်နှာဖြင့် စိတ် ခံစားမှုကို ပီပြင်အောင်ခက်ခက်ခဲခဲ သရုပ်ဆောင်ရမည်။

တင်အေးမြင့်ကတော့ လုပ်ရှားနေသော ဇာတ်ကောင်ဖြစ်၍ လုပ်စရာ တွေ အများကြီးရမည်။ ယခင်ဇာတ်ကားမှာ တင်အေး မြင့်က စရိုက်သေ ဖြစ်နေခဲ့သည်။ သို့သော် အောင်မြင်မှုရခဲ့ သည်။ သည်ဇာတ်ကားမှာ တင်အေးမြင့်သည် သွက်လက်စွာ လှုပ်ရှားမည်။ လှလှပပ ပြင်ဆင်နိုင်သည်။ သူ လုပ်နိုင်လျှင် ခိုင်နွေ့ကိုတောင် လွှမ်းမိုးနိုင်ဦးမည်။

အို ငါကကော တင်အေးမြင့်ကို စေတနာတွေ သိပ်ပိုနေ မိပြီလား။

တစ်ဖက်ခန်းမှနီနီ တံခါးဆောင့်ပိတ်သံ ကြားရသည်။ နီနီက သူ့အနား မလာဘူးလား။ လှမ်းခေါ်ရမည်လား စဉ်းစားဆဲ မျက်လုံးများက မှေးစင်းလာကြလေသည်။ သားငယ်၏ ခန္ဓာကိုယ် လေးကို လှမ်းဖက်ရင်း မကြာမီ အိပ်ပျော်သွားတော့သည်။

# [၅]

**ဝါသနာကလည်းရှိပြီးသား၊ မျိုးရိုးဗီဇကလည်း ပါပြီးသား၊ ရုပ်ရှင်နယ် ကိုလည်း လှမ်းဝင်ပြီးသား၊ အားကိုးရမည့် ဆရာသမားကလည်း ရပြီဆိုတော့ တင်အေးမြင့်အဖို့ သည့်ထက် ကံကောင်းတာ ရှိဦးမလား။**

ချစ်နှင်းဆီ တစ်ကားတည်းနှင့် တင်အေးမြင့်ရယ်လို့ ဖြစ်လာရသည်မှာ ကိုသန်းနိုင်၏ ကျေးဇူးတရားတွေ များစွာပါနေ သည်။ ကိုသန်းနိုင် သည် အမြဲတမ်း အလုပ်လုပ်နေသည်။ အမြဲ တွေးခေါ်ကြံဆနေသည်။ ပြီးတော့ သမားဂုဏ်မပြ။ တပည့်လက်သားကို ညှာတာသည်။ အခက်အခဲ ဖြစ်လာရင် ကူညီဖြေရှင်းပေးတတ်သည်မှာ ယောကျ်ား မိန်းမရယ် မခွဲခြား ပါဘူး။ တင်အေးမြင့်ကိုမှ အရေးပေးသည်မဟုတ်။ ဟိုတစ်ကွက် သည်တစ်ကွက်လိုရာမှ ပါဝင်သရုပ်ဆောင်ပေးရသော ရုပ်ရှင်နယ်မှာ

ပဲခူးဆား ခေါ်လောက်သည့် ဒေါ်ရင်ကြည်ကိုလည်း ကိုသန်းနိုင်က ညှာတာပါပဲ။ မီးသမားမှန်သမားကိုလည်း သင့်အောင်ပေါင်းတာပါပဲ။ ဒါနှင့်တောင် တင်အေးမြင့်ကိုမှ ဘာကြောင့်ယိုးစွပ်ချင်ကြသနည်း။

ကိုသန်းနိုင်၏ဇနီး နီနီက နောက်ပိုင်းမှာ တင်အေးမြင့်ကိုမခေါ် မပြောနိုင်ဘဲ ခပ်တန်းတန်း ခပ်မှန်မှန် ဆက်ဆံလာသည်ကိုတင်အေးမြင့် ရိပ်မိ၏။ ဘေးလူတွေက ဘာတွေ ပြောကြသည်မသိ။ အထူးသဖြင့် ချိုရည်နွယ်က နည်းနည်း မြှောက်ထိုးပင့်ကော် လုပ်တတ်တာ တင်အေးမြင့် သိသည်။

ချစ်နှင်းဆီမှာ တင်အေးမြင့်နှင့် ချိုရည်နွယ် အတူပါဝင်ခဲ့ရသည်။ ချိုရည်နွယ်သည် ရပ်ရှင်နှင့် စိမ်းသည်ဟု ဆိုရမည်။ သူကတစ်ယောက်သော သူရဲ့ တူမပဲ။ သူ့ဦးလေးက ရုပ်ရှင်နယ်မှာငွေကြေးအရ ဝင်ဆန့်သူ၊ သို့ဖြစ်၍ ချိုရည်နွယ်သည် ရုပ်ရှင်နယ်သို့ရောက်လာ၏။ ချိုရည်နွယ်သည် ရုပ်ရည်အားဖြင့် တင်အေးမြင့်ထက် သာပါသည်။ ခန္ဓာကိုယ် အချိုးအဆစ် ကလည်း ပြေပြစ်သည်။ သို့သော် အရွယ်နှင့်စာလျှင် နည်းနည်း ပြည့်ဖြိုး နေမည်လား မသိ။ ခုခေတ်ကလည်း တောင့်တောင့်တင်းတင်း ပြည့်ပြည့် ဖြိုးဖြိုးခေတ်မှ မဟုတ်တော့ဘဲ။ တင်အေးမြင့်က ပါးလျားဖျတ်လတ်သည်။

ပြီးတော့ တင်အေးမြင့်ရဲ့ အဖေက ရုပ်ရှင်နယ်မှာ လူချစ်လူခင်များပြီး ပညာအားဖြင့်လည်း ဝါရင့်ခဲ့သည့် မင်းသားကြီးတစ်လက်ပဲလေ။ သို့သော် ဓာတ်ရုံမင်းသားကြီးရဲ့သမီးမို့ ဓာတ်ရုံကစပြီး ဝင်ရသလားမသိ နိုင်ပေ။ ကိုသန်းနိုင်ကတော့ များစွာပဲ

ဖေးမကူညီပေးရှာပါသည်။ စရိုက် နှစ်မျိုး သုံးမျိုးလောက် ပီပြင်အောင် ရိုက်ပြပြီးလျှင် တင်အေးမြင့်နှင့် လိုက်ဖက်မည့် ခေါင်းဆောင်မင်းသမီးအဖြစ် ရိုက်ရမည့်ဇာတ်ကို ရှာမည်တဲ့။ ဒါကို ချိုရည်နွယ်က ရိပ်မိသိရှိပြီး မနာလိုတိုရှည် ဖြစ်နေတော့သည်။

ပြိုင်ချင်ရင် ပညာချင်းပြိုင်ပါလား၊ ချိုရည်နွယ်သည် သရုပ်ဆောင် ဖို့ထက် ဆံပင်ပုံစံလုဖို့၊ ဖိနပ်လုဖို့၊ အကျႌဒီဇိုင်း ပေါ်လွင်ဖို့လောက်သာ အာရုံစိုက်သူဖြစ်၏။ ခုကတည်းက ကိုယ်ပိုင်မိတ်ကပ်ဆရာ မိန်းမလျာ တစ်ယောက်ကို ဆောင်ထားပြီး ဖြစ်သည်။ စမယ်ဟေ့ဆိုလျှင် ချိုရည်နွယ်နှင့် မိန်းမလျာသည် မှန်တစ်ချပ်နှင့် အလုပ်များနေတော့သည်။ သည်အချိန်မှာ တင်အေးမြင့်က ကိုယ်ပြောရမဲ့စကားလုံးကို တဖွဖွဆိုကြည့်နေခဲ့ရတာပဲ။

စေတနာဖြူမှာ ပါခွင့်မှရပ့ါမလားဟု တင်အေးမြင့် စိတ်ပူနေခဲ့ရသည်။ ယခု လောလောဆယ် ဒါရိုက်တာဦးသက်ဝေရဲ့နွေဦးရောက်ရင် ဇာတ်ကားမှာ ပါဝင်ရိုက်ကူးနေရသည်။ ကိုသန်းနိုင်က တင်အေးမြင့်ကို ဘာအချုပ်အချယ်မှ မရှိစေခဲ့ပါ။ ကြိုင်ရပ်ရှင်သည် ကိုသန်းနိုင်လက်ထဲမှာပဲ ရှိတာ လူတိုင်းသိသည်။ သို့သော် ကိုသန်းနိုင်သည် တင်အေးမြင့်ကို လွတ်အောင်ဖန်တီးပေးခဲ့သည်။ အဖေ၏ အရှိန်အဝါဖြင့် ပညာရအောင် ရိုက်ချင်သည့်ကားမှာ ဝင်ရိုက်၊ တိုးတက်မှုကို ပြပေစေ။ တစ်ဖက်ကတော့ ကိုသန်းနိုင်သည် တင်အေးမြင့်အတွက် အခွင့်အလမ်းကို ရှာကြံဖန်တီး ပေးမည်သာ ဖြစ်သည်။

ချိုရည်နွယ်က စေတနာဖြူမှာ ပါဝင်ခွင့်ရအောင် ချဉ်းကပ်သည်။ သူ့ဦးလေးက ဦးမြကြိုင်နှင့် သောက်ဖော်သောက်ဖက်၊

ကစားဖော် ကစားဖက်ပဲလေ။ ဦးမြကြိုင်က ကိုသန်းနိုင်ကို သူ ကြည့်ပြောပေးမည်ဟု ပြောထား၏။ ဒါကို ချိုရည်နွယ်က တင်အေးမြင့်သိအောင် အသံဟစ်သည်။

တင်အေးမြင့် စိတ်ဓာတ်ကျစပြု၏။ ယခုတလော ကိုသန်းနိုင် က လည်း သူ့ရိုက်လက်စ ကားနှင့်သာ အလုပ်များနေသည်။ 'နွေဦးရောက်ရင်' ဘက်ကိုတောင် ကူးမလာနိုင်ပေ။ လော လောဆယ် ကိုသန်းနိုင်ရိုက်နေသည့် ကားကလည်း အလကား ကားကြီးပါပဲ။ ရုပ်ရှင်ပါးဝသော တင်အေးမြင့်က သည် လောက်တော့ နားလည်သည်။ ချစ်နှင်းဆီအရှိန်ဖြင့် ကိုသန်းနိုင် က ငွေရအောင် ရှာခြင်းသာ ဖြစ်သည်။ ကုလားကားနှင့် ဆင်ဆင်ဆိုတော့ ပိုက်ဆံတော့ရမှာပါ။ နာမည်ရပြီးသား မင်းသား မင်းသမီးတွေကိုသာ သုံးထားသည်။

တကယ်တော့ တင်အေးမြင့်ရော ကိုသန်းနိုင်ပါ ငွေရရေး အတွက် အချိန်ဖြုန်းနေကြခြင်း ဖြစ်သည်။ စေတနာဖြူမှာ ပြန်ဆုံရမှ အစွမ်းအစတွေ ပြန်ပြကြရတော့မည်။

တင်အေးမြင့်သည် ကနေ့ ရုပ်ရှင်ရိုက်ရန် မရှိပေ။ တင်အေး မြင့်မှာ ရုပ်ရှင်ရိုက်စရာမရှိလျှင် အခြားအလုပ်လည်း မရှိသည်မို့ ကိုသန်းနိုင် ရှိမည့်နေရာကို လိုက်သွားမည်ဟု စိတ်ကူး၏။ တင်အေးမြင့်မှာ တွယ်တာ စရာ သိပ်လည်းမရှိပေ။ အဒေါ်နှင့် ဦးလေးသည် တင်အေးမြင့်အတွက် လူရှိသေရုံ အမှီသဟဲမျှသာ ဖြစ်၏။ တင်အေးမြင့်၏ ဘဝရှေ့ရေးအတွက် အထောက်အပံ့ ပေးနိုင်သည့်အင်အား မရှိပေ။ တင်အေးမြင့်ကို ထိန်းသိမ်း ပဲ့ပြင် နိုင်သည့် စွမ်းအားလည်းမရှိပေ။ အဒေါ်သည် အလွန်ရိုးအလု

**သည်။** ဦးလေးသည် အသောက်အစားလေး ဖက်၏။ သို့သော် သားသမီးမရှိ၍ တင်အေးမြင့်ကို ချစ်သည်။

တင်အေးမြင့်က မင်းသမီး မဖြစ်တဖြစ် အခြေကိုရောက်လာတော့ အဒေါ်တို့နေထိုင်ရာ အလုံရပ်ကွက်လေးမှာ နေလို့မသင့်တော်သလိုပင် ဖြစ်လာရသည်။ တင်အေးမြင့် မိတ်ကပ်ပြင်ပြီး အိမ်ကထွက်သည်ဆိုလျှင်ပင် ကလေးတွေက အော်ဟစ်ပြောင် လှောင်လား လှောင်ရဲ့၊ ဝိုင်းကြည့်လား ကြည့်ရဲ့နှင့် တရုန်းရုန်း ဖြစ်နေကြတော့သည်။ အလုပ်ကိစ္စနှင့် လာသူများ မှာလည်း အတော်လေး ဒုက္ခရောက်ကြရလေသည်။

တစ်ခါတစ်ရံတော့လည်း တင်အေးမြင့်က အမျိုးသမီး ဘော်ဒါဆောင် တစ်ခုခုမှာ သွားနေရမည်လားဟု စိတ်ကူးမိလေသည်။ သူ့အနေနှင့် ဒေါ်လေးတို့ ဦးလေးတို့ကိုပါ တစ်ပါတည်း ခေါ်ယူပြောင်းရွှေ့နိုင်ဖို့ ဆိုသည်မှာ အင်အားမရှိသေးပေ။ သည်ကိစ္စတွေကိုလည်း ကိုသန်းနိုင်နှင့် တိုင်ပင်ချင်သည်။ ကိုသန်းနိုင်ကို သူက အစ်ကိုတစ်ယောက်လို ခင်တွယ် အားကိုးမိပြီ ဖြစ်၏။

တင်အေးမြင့်၏ ဘဝတွင် ပထမဆုံး ခင်တွယ်ရသူမှာ အဖေ **ဖြစ်သည်။ ဒုတိယ ကိုသန်းနိုင်ပင် ဖြစ်သည်။ ရုပ်ရှင်နယ်မှာ ယဉ်ပါးသည် ဆိုရသည့်တိုင် သူ့မှာက အရှိန်အဝါရှိသည်မဟုတ်။ အဖေသည် ပညာ အရသာ ကျော်ကြားသော်လည်း ပစ္စည်းဥစ္စာ အရမူ အရံမင်းသားကြီးတို့၏ ထုံးစံအတိုင်း တောင့်တင်း ကြွယ်ဝမှုရှိသည် မဟုတ်ပေ။ အဖေ ရုတ်တရက် ဆုံးပါးသွားတော့ တင်အေးမြင့်မှာ ပညာတစ်ပိုင်းတစ်စနှင့် ကျန်ရစ်ရသည်။ ကူညီ**

ထောက်ပံ့မည့်သူလည်း မရှိသည့်အတူတူ ရပ်ရှင်နယ်ကိုပဲဝင်ဖို့ ဆုံးဖြတ်မိ၏။ အဒေါ်ကလည်း အားပေးရှာသည်။

ကိုသန်းနိုင်နှင့် ရပ်ရှင်ရိုက်ကွင်းတစ်ခုမှာ မမျှော်လင့်ဘဲ တွေ့ခဲ့ရသည်။ အဖေ့နာမည်ကို ပြောလိုက်သည်နှင့် ကိုသန်းနိုင်သည် တင်အေးမြင့် ကို အရေးတယူရှိခဲ့သည်။ ပြီးတော့ တင်အေးမြင့်၏ ရိုးစင်းသော ရုပ်ရည် ကို သဘောကျသည်တဲ့။ တင်အေးမြင့်ကို သူ သုံးကြည့်မည်ဟု ချက်ချင်း ဖွင့်ပြောသည်။

ချစ်နှင်းဆီမှာ ဇာတ်ရံမင်းသမီးအဖြစ် ပါရမည်ဆိုတော့ တင်အေးမြင့် ဝမ်းသာမိသည်နှင့်အမျှ တစ်ဖက်ကလည်း အဖေ့ကို သတိရသည်။ အဖေက ဇာတ်ရံဟာ တစ်သက်လုံး ဇာတ်ရံပဲ။ ခေါင်းဆောင်ဖြစ်လာဖို့၊ ခေါင်းဆောင်အဖြစ်တင်ပေးဖို့ မစဉ်းစား တတ်ကြတော့ဘူးဟု နာနာ ကြည်းကြည်း ပြောခဲ့ဖူးသည်။

တင်အေးမြင့်ကတော့ ဘယ်အခြေကပဲ ဝင်ရ ဝင်ရ သူ့ကိုယ်သူ ယုံကြည်သည်။ ယုံကြည်သည့်အလျောက်လည်း ကြိုးစားခဲ့သည်။ ထို့ကြောင့် လည်း ဇာတ်ကားထွက်လာတော့ တင်အေးမြင့် နာမည်သည် တစ်ဇာတ်လုံးကို ထိုးဖောက်ကျော်လွှားပြီး ထွက်နိုင်ခဲ့လေ၏။

ရိုက်လက်စ ကားနှင့် ပတ်သက်၍တော့ တင်အေးမြင့် ဘာမျှ မပြောချင်တော့ပေ။ ဘယ်လောက်ပဲကြိုးစား ကြိုးစား ဖလင် ကော်ပြား ပေါ်မှာ ကိုယ့်ရုပ်လွှာက စက္ကန့်ပိုင်းမျှနှင့် ပျောက်ကွယ် သွားရသည်ဆိုတော့ အရာမထင်ချေ။ တင်အေးမြင့်တော့ ထင်သလို ဖြစ်မလာဘူးဟု အဝေဖန် ခံရမှာကိုသာ ရင်ထဲမှာ

တွေးပူနေသည်။ ထို့ကြောင့် စေတနာဖြူ မြန်မြန် ရိုက်ဖြစ်အောင် ဆုတောင်းနေရသည်။

ချိုရည်နွယ်က ဘယ်လောက်ပဲ တိုက်ခိုက်ဦးတော့ ကိုသန်းနိုင်သာ အဓိကဖြစ်လိမ့်မည်ဟု တင်အေးမြင့် မျှော်လင့်၏။ လောလောဆယ် ကိုသန်းနိုင်နှင့် တွေ့ချင်သည့်စိတ်ကသာ လောကြီးနေသည်။

ဇာတ်ကားရိုက်ရက် မဟုတ်သည်မို့ မိတ်ကပ်ကို ခပ်ပါးပါးပဲ လူးခဲ့သည်။ တချို့ကလည်း ခက်သား။ မင်းသမီးဆိုတာကို မှတ်မိသွား သည်နှင့် အပြင်မှာ ချောသလား မချောသလား ဆိုတာကို စူးစမ်းစစ်ဆေး ချင်ကြသည်။ မင်းသမီးက သာမန်မိန်းမတွေထက် ပိုလှရမည်ဟု သတ်မှတ် ထားကြသည်။

သည်အခြေမှာ တင်အေးမြင့် တကယ့်မင်းသမီးဖြစ်အောင် ကြိုးစား ရမည်။ မင်းသမီးမလုပ်တော့ဘဲ တခြားအလုပ် လုပ်လျှင်လည်း ဒါမင်းသမီး ပဲဟု သတ်မှတ်ကာ အပြင်လောကမှာ နေရ ထိုင်ရခက်ဦးမည်။ သည်တော့ ဖြစ်အောင်လုပ်ဖို့သာ ရှိတော့၏။

ချစ်နှင်းဆီကို ကိုသန်းနိုင် စွန့်စားရိုက်ခဲ့ရတာ တင်အေးမြင့် အသိပါပဲ။ အောင်မြင်မှုအရ ကျေနပ်ဖွယ်ရာ ဖြစ်ခဲ့သော်လည်း ငွေကြေးအရ နစ်နာခဲ့တာလည်း အသိပါပဲ။ ထို့ကြောင့်လည်း တင်အေးမြင့်တို့မှာ သရုပ်ဆောင်ခလည်း မည်မည်ရရ မရခဲ့။ ဒါက အတွင်းရေးမို့ လူပုံအလယ် လည်း မဟာကြပေ။ တင်အေးမြင့်မှာ ငွေမရဘဲ မင်းသမီးစရိတ်တက်လာသည့် ဒုက္ခကို တစ်ယောက်

တည်း ကြိတ်မှိတ်ခံခဲ့သည်။ ချိုရည်နွယ် တို့ကတော့ အကြောင်း မဟုတ်ပေ။

မင်းသမီးနှင့်တူအောင် တောက်တောက်ပြောင်ပြောင်လည်း ဝတ်စရာမရှိသည်မို့ လုံချည်ပြောင် အညိုလေးနှင့် တီရှပ်အဝါလေးကို ဝတ်လာခဲ့ရသည်။ တင်အေးမြင့်က ရင်သားသေးတော့ စပို့ရှပ်ဝတ်၍ အဆင်ပြေလှသည်။ လက်ကိုင်အိတ်ကတော့ ရှိတာကမှ နှစ်လုံးပဲ။ သိပ် မကောင်းသည့် အလုံးကို ရွေးချယ် ကိုင်ရ၏။ ဖိနပ်ကတော့ ချစ်နှင်းဆီ ကန်တော့ပွဲ ပေးသည့်နေ့က မှတ်မှတ်ရရ ဝယ်ထားတာမို့ ကြွကြွရွရွလေး ရှိသည်။

ဘတ်စ်ကားစီးလို့လည်း မဖြစ်သေးပါဘူး။ ပိုက်ဆံအိတ်ကို ပြန်စမ်း မိ၏။ နွေဦးရောက်ရင်အတွက် စရန်ငွေသုံးထောင် ရထားတာ အဒေါ်ကို ပေးရ၊ အဝတ်အစား မိတ်ကပ်ဝယ်ရနှင့် သိပ်မကျန်တော့ပေ။ လမ်းထိပ် ရောက်မှ လေးဘီးကားကို လက်ပြ တားရသည်။ လူငယ်တစ်စု မကြား တကြား နောက်သံ၊ ဘာတွေ မှန်းမသိ ပြောသံတွေကို အကျင့်ပါနေသော စိတ်ဖြင့် လျစ်လျူ ပြုခဲ့သည်။

'အမျိုးသား ရုပ်ရှင်ခြံကို သွားမယ်နော်'

'တစ်ယောက်တည်းလား၊ ဩော်'

ကားမောင်းသူမှာ တင်အေးမြင့်ကို မှတ်မိသွားသည်။ ရှေ့ခန်း တံခါးကို ဖွင့်ပေးသည်။

'ကျွန်မ နောက်ကထိုင်မယ်'

'ကျွန်တော်က လမ်းသိပ်မသိဘူး'

'ဒါဆိုရင်လဲ ရပါတယ်'

တင်အေးမြင့်သည် ကားရှေ့ခန်းမှာ ဝင်ထိုင်လိုက်သည်။ အင်း ဒါကြောင့်လဲ မင်းသမီး မဖြစ်တဖြစ်ဘဝမှာ မနေချင်တာပါပဲ။ နိုင်ငံကျော် မင်းသမီးကြီးတစ်ယောက် ဖြစ်လာရင်တော့ ဘာလိုသေးလဲ။ သွားလိုရာကို ကားအဆင်သင့်။ ဒရိုင်ဘာအသင့်။ အိမ်မှာလဲ အခြွေအရံလေးတော့ ရှိဦးမှာပဲ။ ယခုတော့ ကိုယ်တိုင်မိတ်ကပ်ဘူးဆွဲထွက်ရသည့် အဆင့်ပဲ ရှိသေးသည်။ ကိုသန်းနိုင်ကတော့ ပြောဖူးသည်။ မြန်မာပြည်က မင်းသမီးတွေက ကံကောင်းတယ်တဲ့။ နိုင်ငံခြားမှာ ရုပ်ရှင်မင်းသမီးဆိုတာ ရိုက်ကွင်းရှိရာကို ကိုယ့်ဘာသာလာ၊ ကိုယ့်ဘာသာ မိတ်ကပ်ခြယ်ပြီး ရိုက်ရတာ။ တခြား အလုပ်သမားတွေလိုပဲ ရုပ်ရှင်ရိုက်ပြီးရင် မိတ်ကပ်ဖျက်ပြီး ကိုယ့်အိမ်ကိုယ်ပြန်ရတာတဲ့၊ ဂျပန်မှာဆိုလား’

ဟောလိဝုဒ်မှာလို ကမ္ဘာကျော်မင်းသမီးတွေကတော့ ဘယ်လိုရှိပါလိမ့်။ သူတို့အကြောင်းရေးထားသည့် ဘာသာပြန် စာအုပ်တစ်အုပ် ပေးဦးမည်ဟု ကိုသန်းနိုင်က ပြောသည်။ စေတနာဖြူကတော့ ရပြီးသည့် နေ့ကစပြီး သုံးခေါက်တိတိ ဖတ်ဖူးပြီးလေပြီ။

စေတနာဖြူထဲမှ စိမ်းသည် မာန်မာနရှိသည်။ လောဘရှိသည်။ အနိုင်အထက်စိတ်ရှိသည်။ စာရေးဆရာ၏အလိုအရ လောဘ၊ ဒေါသ၊ မောဟတို့ကို ကိုယ်စားပြုထားသော ဇာတ်ကောင်ဖြစ်သည်။ တင်အေးမြင့် သည် စိမ်းအဖြစ် ပိုင်နိုင်စွာ သရုပ်ဆောင်ရမည်။ သို့မှသာ လောဘ၊ ဒေါသ၊ မောဟ ကင်းစင်ရာ ငြိမ်းသည် ပို၍ ပေါ်လွင်လာမည်ဖြစ်သည်။

ဘယ်နေရာမှာပဲ နေရပါစေ၊ တင်အေးမြင့်ကတော့ ဒီလို အဓိပ္ပာယ် ရှိသည့် နေရာကပဲ ပါချင်သည်။ နွေဦးရောက်ရင်မှာ မင်းသမီး၏ သူငယ်ချင်းအဖြစ် ဟိုတစ်ကွက် သည်တစ်ကွက် ပြေးကာ လွှားကာ သီချင်းဆိုကာပါဝင် ရသည်ကို စိတ်ပျက်နေမိလေသည်။

ကိုယ့်အတွေးနှင့်ကိုယ်မို့ ကားမောင်းသူက စကားလှမ်းပြောသံကို မကြားမိပေ။

'ရှင် ဘာပြောတာလဲ'

'သြော် ရုပ်ရှင်ရိုက်ဖို့ သွားမှာလားလို့ပါ'

'ဟင့်အင်း မဟုတ်ပါဘူး'

တုံးတိတိ ပြန်ပြောလိုက်သဖြင့် ကားမောင်းသူ စကား တန့် သွားသည်။ တက္ကစီရှေ့ခန်းမှာ ထိုင်လိုက်လာသည့် မင်းသမီးကို ဘယ်လိုများ ထင်ကြမလဲ။ တင်အေးမြင့် သည်အတွက် ဝမ်း မနည်းမိ။ ကြိုးစားရမည့် အချိန်တွေကိုသာ မြန်မြန်ရောက်လာစေ ချင်မိသည်။

ထင်သည့်အတိုင်း စတူဒီယိုမှာ ကိုသန်းနိုင်ရှိနေသည်။ အလို **ချိုရည်နွယ်လည်း ရောက်နေပါလား။ မိတ်ကပ်တွေ အရဲသားနှင့် ဆိုတော့ သူ့အခန်းလဲ ပါတယ်ထင်ပါရဲ့။ မင်းသမီးရဲ့ အိမ်ဖော် အခန်းက ထင်ပါရဲ့ဟု စိတ်နာနာနှင့် တွေးမိသည်။ ကိုသန်းနိုင် သည် ကင်မရာနားမှထလာခဲ့သည်။**

'တင်တင် သည်နေ့ ကားရိုက်မရှိဘူးလား'

'မရှိဘူးအစ်ကို၊ အစ်ကို ဒီမှာပဲရှိမယ်ထင်လို့ လိုက်လာတာ'

'တင်တင် ထိုင်ဦး၊ ဟိုမှာ ချိုရည်နွယ်လဲရောက်နေတယ်'

'တွေ့ပါတယ်'

'တင်တင် ဘာနဲ့လာလဲ'

'တက္ကစီပေါ့အစ်ကိုရဲ့ ရှုတင်ရက်ပဲ တင်တင် ကားစီးနိုင်တာကို'

ကိုသန်းနိုင်သည် ရယ်၏။ တင်အေးမြင့်ကို စကားပြောပုံမှာ အစ်ကိုတစ်ယောက်လိုပင် ဖြစ်၏။ သို့သော် တုံ့ဆိုင်းဆိုင်း ဖြစ်နေသလို တင်အေးမြင့်ခံစားရသည်။

'ခုပဲထမင်းစားပြီးကြတယ်၊ တင်တင်အားရင် ကျောင်းသူတစ်ခန်း ဝင်ပေးပါလား၊ မှာထားတဲ့ကောင်မလေးတွေ ရောက်မလာလို့'

'ဟင် အစ်ကိုကလဲ မိတ်ကပ်လဲ လိမ်းမလာဘူး'

ကိုသန်းနိုင်သည် ချိုရည်နွယ်ဘက် တစ်ချက်လှည့်ကြည့်သည်။ **တကယ်တော့ တင်အေးမြင့်သည် ချိုရည်နွယ်နှင့်တွဲပြီး ပါချင်စိတ်မရှိ တော့ပေ။ ပြီးတော့ အလုပ်အတွက် လာတာမဟုတ်၍ အလုပ်လုပ်ချင် စိတ်လည်း မရှိပေ။ ကြုံသလိုဝင်ပါပေးရသည့် အလုပ်ကို ကိုသန်းနိုင်ကလည်း တင်အေးမြင့်မို့သာ ရင်းနှီး၍ ခိုင်းခြင်းဖြစ်သည်။**

'မိတ်ကပ်လိမ်းမလာတော့ ကျောင်းသူနဲ့ပိုတူတယ်၊ အဲဒီအဝတ် အစားကလဲ အဆောင်နေ ကျောင်းသူတွေလို ပေါ့ပေါ့ပါးပါး ရှိတယ်၊ ချိုရည်နွယ်ကို သေသေချာချာ မှာလိုက်တာ၊ လုပ်လာတာကိုကြည့်ဦး'

ချိုရည်နွယ်သည် မင်းသမီးထက် ပိုပြီးပြင်ထားသည်။ ဆံပင်ကို ခပ်မြင့်မြင့်ထုံးထားရာ ကော်တွေလည်း ဖျန်းထားသဖြင့် ဇက်ခိုင်

နေသလို ထင်ရသည်။ ပါတိတ်အင်္ကျီအဆင်ဆန်းကို အထက်အောက် ဆင်တူဝတ် ထားသည်။

'ဘာတွေ အတင်းပြောနေတာလဲ၊ လူလဲချင်လဲပါနော်၊ ချိုရည်ကလဲ ဒီနေ့အားနေလို့လာကူတာပါ၊ အန်ကယ်ဦးမြကြိုင်က ခဏလေးပါ၊ ပြီးပြီး ချင်း ပြန်ပို့ပါ့မယ်ဆိုလို့'

ချိုရည်နွယ်က လှမ်းပြောသည်။

'ဟော အစ်ကို့မင်းသမီး သွားချော့လိုက်ဦး'

တင်အေးမြင့်က ကိုသန်းနိုင်ကျောကို တွန်းလွှတ်လိုက်သည်။ **ချိုရည်နွယ်ကိုတော့ ဟန်ဆောင်လေးတောင်မှ စကားပြောချင်**စိတ် မရှိပေ။ ခေါက်ကုလားထိုင်အလွတ်မှာ ဝင်ထိုင်ရင်း မီးထိုးဆရာ ကိုပေါက်ကြီးနှင့် စကားပြောနေလိုက်သည်။

'ကျောင်းသူတွေ မလာလို့ တင်တင်ကို ဝင်ခိုင်းနေတာပါဟာ၊ သူကလဲ ဘာမှမပြင်ခဲ့ရလို့ မဝင်ချင်ဘူးတဲ့၊ နင် အကြာကြီးစောင့်နေရမှာ စိုးလို့ပါ'

ကိုသန်းနိုင်က မျက်နှာချိုချိုထားကာ ပြောသည်။ ဦးမြကြိုင်နှင့် လက်တွဲနေသမျှ ဦးမြကြိုင်မိတ်ဆွေ ဦးသိန်းကိုလည်း ပေါင်းရဦးမည်။ သူတို့နှစ်ယောက် ငွေကြေးအရပါ ဆက်စပ်ပေါင်းစည်းနေသည် မဟုတ် လား။ ချိုရည်နွယ်က ဦးလေးသိန်း၏ သမီး။ ရုပ်ရည်ကတော့ အဖြောင့် သားပင်။ အမူအရာ မလုပ်တတ်တာက ခက်လှသည်။ သူက စိမ်းနေရာမှ ပါချင်နေသည်ကို ကိုသန်းနိုင် သိ၏။ အလိမ္မာနှင့် ပထုတ်ရပေမည်။

'မပြင်လဲသူက လှပြီးသားမဟုတ်လား၊ ဝင်ပေါ့၊ ဘာလဲ သူက အဓိကကျတဲ့ နေရာမှ ပါချင်တာလား'

ချိုရည်နွယ်သည် သူ ပြင်ဆင်လာပုံကို သူကိုယ်တိုင် ကျေနပ်နေပုံ ရသည်။ ထို့ကြောင့် တင်အေးမြင့်ကို စိန်ခေါ်လိုက်သည်။

'နောက်တစ်ခန်းလဲရှိသေးတယ်၊ ပြီးရင် မင်းသမီး သီချင်းဆိုခန်း ရိုက်ရမှာ၊ တင်တင်ရေ လာစမ်းပါဟာ'

ကိုသန်းနိုင်က တင်အေးမြင့်ကိုတော့ ပိုင်သည်။

'ငါ နင့်ကို နောက်ကျောပဲရိုက်မှာပါ'

ကိုသန်းနိုင်က လှမ်းပြောသည်။ တင်အေးမြင့် ထလာ၏။ သူ ကလည်း ကိုသန်းနိုင်ကို ကူဖို့ဆိုရင် အဆင်သင့်ပါပဲ။ ချိုရည်နွယ်ကိုတော့ မျက်နှာချင်းဆိုင်ရဦးတော့မည်။

'သွားရင်းလာရင်း အပိုဆုက ပေါက်သေးတယ်နော်၊ ကိုင်း ဘာလုပ်ရမှာလဲပြော'

'ညည်းက သူနဲ့မျက်နှာချင်းဆိုင်မှာရပ်၊ ကင်မရာက ညည်းနောက် ကနေ ချိုရည်နွယ်မျက်နှာကို ချိန်ထားမယ်၊ ပြောရမဲ့ စကားက ဒီမှာ မင်းသမီးဝင်လာရင် ပြီးပြီ'

ချိုရည်နွယ် ကျေနပ်နေသည်။ သူ့မျက်နှာကို အနီးကပ်ရိုက်မည်။ နောက်တစ်ကတ်ရိုက်ရင်တော့ တင်အေးမြင့်၏ မျက်နှာကို မလွဲမသွေရိုက်ရတော့မည်။ ထိုအခါ သူနှင့် တင်အေးမြင့်မျက်နှာသည် အပြိုင်ဖြစ် လာမည်။ တင်အေးမြင့်သည် မျက်တောင်တု တပ်မထားသဖြင့် မျက်လုံး များက ပိုမှေးနေသည်။

တင်အေးမြင့်ကတော့ အေးအေးဆေးဆေးပင် သူ ပြောရမည့် စကားကို သူ ဖတ်နေလိုက်သည်။

မီးများလင်းလာသည်။ ချိုရည်နွယ့်မျက်နှာသည် ဖြူနုနေသည်။ ချိုရည်နွယ်၏ အနီးကပ်မျက်နှာကို တင်အေးမြင့်တောင် တဒင်္ဂငေးကြည့် လိုက်မိသည်။

'တို့ မမတစ်ယောက်တော့ ကိုနိုင်ကြီးကိုလွမ်းနေပြီထင်တယ်၊ မစားနိုင် မသောက်နိုင် တမှိုင်မှိုင်ဖြစ်နေတော့တာပဲ'

ချိုရည်နွယ်က စပြောသည်။ သူ့ စကား ပြောပုံက နည်းနည်းပိုနေ သည်ဟု တင်အေးမြင့် ထင်သည်။ ရိုက်တဲ့ကားကလည်း ကုလားကားကို ပြန်ရိုက်သည့်ကား။ ချိုရည်နွယ်လုပ်ပုံ အမူအရာကလည်း ကုလားမ ကျနေ တာပဲ။ တင်အေးမြင့် စိတ်ထဲက ပြောမိသည်။ ဒါပေမဲ့ ကိုယ်က ဒါရိုက်တာမှ မဟုတ်ပဲလေ။

'ဟုတ်တယ်ကွ၊ ကိုယ်ဖြင့် မမကိုကြည့်ရတာသနားတောင် သနား တယ်၊ အခုလဲ ဘယ်သွားနေလဲ မသိဘူး'

တင်အေးမြင့်က ထိုစကားလုံးများကို သက်သက်သာသာ **ပြောရင်း ဆံပင်ရှည်အဖျားလေးကို လက်ဖြင့်သိမ်းလိုက် သည်။ စကားပြောရင်း အလို အလျောက် လှုပ်ရှားသည့်သဏ္ဌာန် ဖြစ်သည်။ ဒါမျိုးကို တင်အေးမြင့်ကို ဘယ်ဒါရိုက်တာကမျှ သင်စရာမလိုပေ။**

မင်းသမီး ဝင်လာမည်လုပ်သည်။ ချိုရည်နွယ်က မဆိုင်သော စကားကို ဖောက်ပြောသည်။

'သူ့ပခုံးက ကျွန်မမျက်နှာကို ကွယ်မသွားဘူးလားဆရာ'

အားလုံးပျက်ပြီတည်း။ ကိုသန်းနိုင် သက်ပြင်းချလေသည်။ မင်းသမီး ခင်ဝေရီလည်း စိတ်ပျက်သွားသည်။ သည်ကလေးမ

နှစ်ယောက်ကိုမှ ဒါရိုက်တာက ဘာကြောင့်တွဲရိုက်နေရသလဲ။ အင်မတန် ပြဿနာရှာတဲ့ ကလေးမလေးတွေပဲ။

'ဒါရိုက်တာရေ ကျွန်မက နှစ်နာရီမှာ မြင့်တင်ရေးကို ကူး ရမှာနော်'

ခင်ဝေရီက သတိပေးလိုက်သည်။ ခင်ဝေရီလို လက်ဟောင်း မင်းသမီးကြီး ယနေ့အထိလည်း ဇာတ်ကားတွေ လက်ခံရိုက်ကူး နေရတဲ့ မင်းသမီးတစ်ယောက်အဖို့ အချိန်ကို အပိုအကုန်မခံနိုင် သည်မှာ မှန်သည်။ သူတို့အတွက် အချိန်တိုင်းသည် အရေးကြီး နေ၏။ ငွေအတွက်ရော၊ ဆက်လက်ရပ်တည်နိုင်ရေးအတွက်ရော အချိန်ရှိသမျှ အလုပ်လုပ်နေရသည်။ ဘာမဟုတ်သည့် အသေး အဖွဲ့ ကိစ္စရပ်ကလေးများအတွက် သူ့အချိန်ကို အပွန်းမခံနိုင်ပေ။

'မကွယ်ပါဘူး ချိုရည်ရယ်၊ ငါ ညည်းမျက်နှာကို ဦးစား ပေး ရိုက်နေတာပါ'

ချိုရည်နွယ် နှုတ်ခမ်းစူနေသည်။ တင်အေးမြင့် ဘာမျှ မပြော။ သို့သော် ပြောတာထက်ပင် ထိရောက်သေးသည်။ အထင်သေးရှုတ်ချသည့် မျက်လုံးများဖြင့် ချိုရည်နွယ်ကို စိုက် ကြည့်သည်။

'မှာထားတဲ့ ကလေးမလေးတွေလာမှ ရိုက်ပါလား'

တစ်ယောက်က ဝင်၍ အကြံပေးသည်။

'ကိုင်း ဒါဖြင့်လဲ မင်းသမီး သီချင်းဆိုခန်း အလျှင်ရိုက် မယ်၊ မင်းသမီးက နောက်ရှုတင်တစ်ခု ကူးရဦးမှာ'

ကိုသန်းနိုင် ခေါင်းရှုပ်ရှုပ်ဖြင့် ပြောသည်။

'အို ဒါဆိုရင် အဝတ်ပြန်လဲနေရဦးမှာပေါ့၊ ဆံပင်ပုံစံလဲပြင်ရမှာ၊ ကဲပါ ညီမတို့ကလဲ အရေးကြီးတဲ့အခန်းမှ မဟုတ်တာ၊ ပြန်ရိုက်ပါ၊ လာ ညီမ၊ မင်းတို့နှစ်ယောက်က စကားပြောနေ၊ ခုနအတိုင်းပဲပြော၊ အစ်မ ဝင်လာရင် နှစ်ယောက်လုံးကအစ်မဘက်လှည့်မှာ နှစ်ယောက်လုံး မျက်နှာ ပေါ်မယ်'

'တင်တင်က အရေးမကြီးပါဘူး'

တင်အေးမြင့်က ခင်ဝေရီကို အားနာစွာ ပြောသည်။

'သူကတော့ မျက်နှာမိတ်ကပ်ရှိလို့ အရေးမကြီးဘူး၊ နောက်ကျောပဲ အရေးကြီးတာ'

ချိုရည်နွယ်က ခွပ်ပြန်သည်။

တကယ်တော့ ဒီဇာတ်ကားတစ်ကားလုံး ဘယ်နေရာမျှ အရေးမကြီး ပါဘူးဟု တင်အေးမြင့်က ပြောပစ်ချင်သည်။ ခင်ဝေရီကို အားနာသည်။ အသက်ကြီးပိုင်းမှာ ဇာတ်ကားမရွေးနိုင်ဘဲ အားလုံးလက်ခံရိုက်ကူးနေသော သူ့ကို စော်ကားသလိုဖြစ်မည်။ ပြီးတော့ ကိုသန်းနိုင်က ရှိသေးသည်။ သူလည်း ငွေရှာတာပဲ။ ဒါပေမဲ့ ပြောလို့မဖြစ်ပါဘူးလေ၊ ရုပ်ရှင်လုပ်ငန်းမှာ ရောထွေး လုပ်ကြရတာပဲ။

တင်အေးမြင့်သည် ချိုရည်နွယ်နှင့် ခပ်လွတ်လွတ်မှာ ရပ် သည်။ အစက ပြန်ရိုက်ကြသည်။ ချောမောစွာ ပြီးသွားပါသည်။ ချိုရည်နွယ် မျက်နှာကို အကြာကြီးရိုက်ပြလိုက်သည်။ ဖလင်တွေ နမြောစရာ ကောင်းလိုက်တာဟု တင်အေးမြင့်တွေး၏။

ကိုသန်းနိုင်မှာထားသည့် ကျောင်းသူလေးတွေ ရောက်လာသည်။ နောက်တစ်ခန်းမှာ သူတို့ကိုပဲ ထည့်ရိုက်လိုက်တော့သည်။ အဆောင်နေ ကျောင်းသူတွေဘာဝဆိုတော့ လူချင်းမတူလည်း ကိစ္စမရှိပေ။ ချိုရည်နွယ် ကတော့ ပါရမည်။ သူက မင်းသမီး၏ အချစ်ဆုံး သူငယ်ချင်းအဖြစ် သရုပ်ဆောင်ရမည်။ ဒါကိုပဲ သူ့မှာ ကျေနပ်မဆုံး ဖြစ်နေ၏။

တင်အေးမြင့်သည် ကိုသန်းနိုင်ကို စိတ်ရှည်လက်ရှည် ထိုင် စောင့်နေ သည်။ သည်နေ့ ကိုသန်းနိုင်နှင့် စကားပြောရမှ ဖြစ် မည်။ ချိုရည်နွယ်က ကိုသန်းနိုင်ကို ဘယ်အထိ စိုးမိုးနေနိုင်ပြီလဲ။ ယခုတောင် အလိုလိုက်နေရပုံ ရသည်။ သည်အတိုင်းဆိုလျှင် စေတနာဖြူကို ချိုနွယ်ရည်နှင့် ရိုက်ဖြစ်သွား နိုင်သည်။

'တင်တင် မင်းသမီးလိုက်ပို့တဲ့ကားနဲ့ ပြန်မလား'

အလုပ်ခေတ္တအားစဉ် ကိုသန်းနိုင်က လာမေးသည်။

'ပြန်စေချင်လို့လား၊ တင်တင်က အစ်ကိုနဲ့ တွေ့ချင်လို့ စောင့်နေ တာ'

'ဪ အစ်ကိုက တင်တင်ပျင်းနေမှာစိုးလို့၊ ဒီလိုဆိုနေဦးပေါ့'

'တင်တင့်မှာ ရုပ်ရှင်ရိုက်ကွင်းဟာ နေစရာအကောင်းဆုံး နေရာပါ'

ချိုရည်နွယ်က လှမ်းကြည့်နေသည်။ သည်သတင်းကလည်း နီနီ့ဆီ ရောက်ဦးမှာပဲဟု ကိုသန်းနိုင် တွေးမိ၏။ ရုပ်ရှင်မရိုက်ဘဲနဲ့ တောင်မှ တင်အေးမြင့်က ကိုသန်းနိုင်ဆီ တကူးတက လာသည့်အကြောင်း။

ကိုသန်းနိုင်သည် အလုပ်ဆက်လုပ်နေရင်း နီနီ့အကြောင်း စဉ်းစား ၏။ ပြီးတော့ ချက်ချင်း မေ့ပစ်ရသည်။ အလုပ်မှာ စိတ်ကို မြှုပ်နှံလိုက်သည်။ သည်ကနေပြီးလျှင် မင်းသားမိုးဦးဆီသွားရဦး မည်။ မိုးဦးကိုတော့ ကြိုက်ဈေး ပေးရမှာပဲ။ ပြီးတော့ သူ့ကို သုံးလျှင် သူ့စက်နှင့် ရိုက်ရမည်။ သူ့အိမ်ကို အသုံးပြုရမည်။ တော်တော်စီးပွားရေးလုပ်နိုင်တဲ့ မင်းသားပဲ။ သို့သော် သူ့ကို ရှောင်ကွင်းရန် အင်အား မရှိပေ။

ချိုရည်နွယ်သည် သူ့အလုပ် ပြီးသွားသော်လည်း မပြန်သေးပေ။ တင်အေးမြင့်နှင့် ကိုသန်းနိုင်ကို စောင့်ကြည့်ချင်သေး သည်။ တင်အေး မြင့်သည် အေးဆေးစွာပင် စောင့်နေသည်။ တင်အေးမြင့်သည် သူပြောသည့် အတိုင်း ရုပ်ရှင်ရိုက်ကွင်းမှာသာ ပျော်သူတည်း။ သူ့အတွက် အိမ်ဟူသည်မှာ နားနေရာ မဟုတ်ပေ။ စိတ်အေးချမ်းမှုလည်း ပေးနိုင်စွမ်းမရှိပေ။ အဆောင် အယောင်မရှိတာချင်းတူတူ ရိုက်ကွင်းကိုသာ ခင်တွယ်သည်။

ပတ်စာခွာ ဖျာသိမ်းအထိ တင်အေးမြင့် စောင့်နေ၏။ ချိုရည်နွယ် မစောင့်နိုင်၍ နှုတ်ခမ်းစူပြီး ထွက်သွားသည်။ သိမ်း ကာနီးမှ ဦးမြကြိုင် ရောက်လာသဖြင့် 'အန်ကယ်၊ ချိုရည်ပြော ထားတာ မမေ့နဲ့နော်'ဟု ပြော သွားသည်။

ချိုရည်နွယ်က ဦးမြကြိုင်ကို ဘာတွေများ ပြောထားပါ လိမ့်။ တင်အေးမြင့်ကလည်း ကိုသန်းနိုင်ကို ပြောမဖြစ်တော့ မည်။

ကိုသန်းနိုင်က ရိုက်ကွင်းအတွက်ငှားထားသော ဒတ်ဆန်း ကား ရှေ့ခန်းမှာ တင်အေးမြင့်ကို ထိုင်ခိုင်းသည်။ သူက နောက်မှာသွားထိုင်မည် ပြုသည်။

'အစ်ကိုကလဲ ဒီမှာပဲထိုင်ပါ၊ ရသားနဲ့'

တင်အေးမြင့်က ကိုသန်းနိုင်၏ လက်မောင်းကို လှမ်းဆွဲထားသည်။

တင်အေးမြင့်သည် ပွင့်လင်းသွက်လက်သူဖြစ်၏။ သို့သော် ကိုသန်းနိုင် နားထဲမှာ နီနီ၏ စွပ်စွဲချက်တွေကို ကြားယောင်ရင်း စိတ်ထဲ မှာ လှုပ်ရှားသလိုလို ဖြစ်လာသည်။

တင်အေးမြင့်ဘေးမှာ ဝင်ထိုင်လိုက်သည်။ ကျန်သည့်လူတွေက ကားနောက်ပိုင်းမှာ ထိုင်ကြသည်။

'အစ်ကို တင်တင် နောက်ဆုံးမှ ဆင်းမယ်နော်'

ခါတိုင်းအလုပ်ပြီးလျှင် တင်အေးမြင့်ကို အလျင်ဆုံး အိမ်ပြန် ပို့ပေးနေကျ။ ယခု တင်အေးမြင့်က အရေးဆိုလာသဖြင့် ကိုသန်းနိုင် ဘာမျှ ပြန်မပြောဖြစ်တော့။ အားလုံးကို ပြန်ပို့ပြီးလျှင် ဒဂုံဟိုတယ်ဝင်ကာ ဘီယာနည်းနည်းသောက်မည်ဟု စိတ်ကူးထားသည်ကို ဖျက်လိုက်ရသည်။ ဦးမြကြိုင်ကလည်း ဘယ်လိုလဲဟူသော အမူအရာဖြင့် သူ့ကား ရှေ့ခန်းမှ လှမ်းမေးသည်။ ကိုသန်းနိုင်က လက်ကာပြလိုက်ရတော့သည်။

တစ်ယောက်တစ်နေရာ ပြန်ပို့ရင်း အချိန်လင့်ခဲ့ပြီ။ ကိုသန်းနိုင်က နာရီကိုကြည့်၏။ ရှစ်နာရီထိုးပေပြီ။ နီနီက ဟင်းချိုအိုးပြင်ရင်း သူ့ကို စောင့်နေလေပြီလား။ အိမ်မှာ တယ်လီဖုန်းမရှိတာ အဆင်မပြေသော်လည်း တစ်ခုတော့ ကောင်းသည်။

သို့မဟုတ်က ချိုရည်နှယ်က နီနီ့ဆီ ဖုန်း ဆက်ပြီး အတင်းပြော မည်မှာ သေချာလေသည်။

'အစ်ကို့ကို တင်တင် စကားပြောစရာရှိလို့'

ကားပေါ်ကလူတွေအကုန်ဆင်းသွားချိန် တင်အေးမြင့်က ပြောသည်။

'အရေးကြီးလို့လား'

တင်အေးမြင့် စိတ်ထဲမှာ တစ်မျိုးဖြစ်သွားသည်။ ကိုသန်းနိုင်က မိမိအပေါ် သံယောဇဉ်မထားတော့ဘူးလား။ ဘေးလူတွေ က ဘာပြောလို့လဲ။ ရုပ်ရှင်နယ်မှာ စကားကိုချဲ့ကားပြီး အပုပ်ချတတ်တာ ထုံးစံပါပဲ။ အဲ တကယ်တမ်းပြောစရာဖြစ်အောင် ဖြစ်ပျက်နေကြတာတွေလဲ ရှိတာမှန်ပါရဲ့။

သို့သော် တင်အေးမြင့်က ဘာများ ပြောစရာ လုပ်မိလို့လဲ။

'အစ်ကိုကလဲ ခဏလေးပါ၊ တစ်ခုခုစားရအောင်နော်'

ကားသည် ကမ္ဘာအေးစေတီလမ်းပေါ် ရောက်နေသည်။ လူရှုပ်သည့် ဟိုင်စွမ်တို့၊ နမ်ဆင်းတို့ကို ကိုသန်းနိုင် မသွားချင်ပေ။

'အိမ်ဖြူတော်ကို မောင်းဗျာ'

ဆိုင်ရောက်တော့ ကိုသန်းနိုင်က ဘီယာမှာသည်။ စားစရာ နည်းနည်း မှာသည်။ တင်အေးမြင့်က ဘာမျှမစားပေ။ အချိုရည် သောက်သည်။ အမြည်းနည်းနည်းဝင်စားသည်။

'အစ်ကို၊ စေတနာဖြူအတွက် ဘယ်သူ့ကို သုံးမှာလဲ'

ကိုသန်းနိုင်က တင်အေးမြင့်ခေါင်းကိုပုတ်ကာ ရယ်တော့ သည်။

'ဒါလေးပြောချင်တာများ တင်တင်ရယ်၊ လမ်းမှာပြော ရင်တောင် ဖြစ်တယ်၊ တင့်တင်ကိုပဲ သုံးမယ်လို့ ပြောပြီးသားပဲ၊ ဇာတ်ညွှန်းတောင် ခွဲခါနီးပြီ၊ ရှေ့အပတ်ထဲတင်တော့မှာ'

'မသိဘူးလေ၊ အစ်ကိုက ခု ချိုရည်မှ ချိုရည်ဖြစ်နေတာ'

**'ဟောဗျာ၊ ဘယ်မှာများဖြစ်လို့လဲ၊ခုဇာတ်ကားက သူ့ အခန်း အများကြီးပါတယ်လေ၊ ဒီမှာတင်တင် သူ့ကို ဒီကား မှာ နေရာပေးထား တာ တင်တင် ရိပ်မိဖို့ကောင်းတယ်၊ ပြော ရရင် တခြားလူတွေ ကြားလို့ မကောင်းဘူး'**

တင်အေးမြင့် ရယ်ပြုံးဖော်ရလာသည်။ ခေါက်ဆွဲကြော် တစ်ပွဲမှာစား သည်။ ကိုသန်းနိုင်က ရှေ့လုပ်ငန်းစဉ်တွေကို ပြောပြ နေသည်။ သူတို့ စကားပြောသံကို အပြင်က မကြားနိုင်။ မှန် တံခါးတွေက လုံသည်။

'ဒါကြောင့် တင်တင် အစ်ကို့ကို အားကိုးတာ'

တင်အေးမြင့်က ကိုသန်းနိုင်၏ ပခုံးကိုမှီ၍ ပြောသည်။

'တော်ကြာ နာမည်ကြီးမင်းသမီး ဖြစ်သွားရင် ဒီလိုစကား မျိုးတွေ ကြားရတော့မှာ မဟုတ်ဘူး'

'ဟင်း ဟင်း အချိန်က အဆုံးအဖြတ်ပေးမှာပေါ့ အစ်ကို ရယ်'

တင်အေးမြင့်သည် ကိုသန်းနိုင်လက်မောင်းကို မှီတွယ်၍ ထွက်လာ ခဲ့သည်။ ကားဒရိုင်ဘာသည် ရှေ့ခန်းမှာ ငိုက်မျဉ်း နေလေသည်။

## [၆]

'ဒီဇာတ်ကားထဲမှာ ငြိမ်းဆိုတဲ့ ဒုက္ခိတမိန်းကလေးကလွဲလို့ ဘယ်သူမျှ ကောင်းတဲ့လူမပါဘူးဗျာ၊ စာရေးဆရာက ငြိမ်းကို လူ့လောကရဲ့ လောဘ ဒေါသ မောဟတွေကို ဘေးကနေ မြင်တွေ့သုံးသပ်ပြီး ခံစားနေရတဲ့ မေတ္တာ စေတနာ ဖြူစင်သူ လေးအဖြစ် ဖန်တီးထားတယ်၊ ဒီတော့ ငြိမ်းက လွဲရင် ကျန်လူတွေဟာ လောဘ ဒေါသ မောဟတရားတွေရဲ့ ရုပ်ပြချည်းပဲ ဖြစ်ရမယ်ဗျာ'

ကိုသန်းနိုင်က ရှင်းပြသည်။

'နေဦး၊ ခင်ဗျားက ခင်ဗျားဇာတ်ကို ညွှန်းလွန်းအားကြီး တယ်၊ အဲဒီလို လူ့စရိုက်ကိုပြတဲ့ ဇာတ်ကားမျိုး ကိုဝင်းဖေ ကိုဝဏ္ဏတို့လဲ ရိုက်ကြပါတယ်၊ အောင်မြင်တာလဲရှိ၊ လူနားမလည် လို့ ကွဲတာလဲရှိတာပေါ့၊ ခင်ဗျားဟာက အတော်စွန့်စားရမယ့် ဟာနော်'

မင်းသားကြီးဦးခင်ဇော်က ပြောသည်။ ဦးခင်ဇော်သည် ကိုသန်းနိုင် ရုပ်ရှင်ပိုး စဝင်ကတည်းက ရင်းနှီးကျွမ်းဝင်ခဲ့ရသော မင်းသားကြီးဖြစ်သည်။ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ကစပြီး ယနေ့ထိ လူတိုင်းက လက်မလွှတ်ချင် သော မင်းသားကြီးတစ်လက်။ ပညာရော၊ အကျင့်စာရိတ္တပါ စံတင်လောက် သဖြင့် အားလုံး ကလည်း လေးစားချစ်ခင်ကြရသည်။ မည်သည့်ဇာတ်ကား မျိုး၊ မည်သည့်အခန်းကဏ္ဍပင် ပါဝင်ရသည်ဖြစ်စေ စိတ်ပါလက်ပါ စေတနာအပြည့်ဖြင့် သရုပ်ဆောင်ပေးလေ့ရှိတာ သူ၏ အမွန် မြတ်ဆုံး အရည်အချင်းတစ်ရပ်ပင်။

**'ကျွန်တော် လုပ်ချင်လွန်းလို့ လုပ်တာပဲ အစ်ကိုရယ်၊ ငြိမ်းငြိမ်းအိ ဆိုရင်ကြည့်ပါလား၊ ကိုတင်အောင်မြင့်ဦးရိုက်တာ အောင်မြင်တယ်၊ ကျွန်တော် သိပ်အားကျတာပဲ'**

ဦးခင်ဇော်က ဖန်ခွက်ကို စားပွဲပေါ်တင်သည်။ ဆေးပေါ့လိပ် တစ်လိပ်ကိုယူကာ အစီခံကို အရက်ခွက်ထဲထိုးနှစ်သည်။ ပြီး နှုတ်ခမ်းမှာ တပ်ကာ မီးခြစ် ခြစ်ရင်း ခေါင်းညိတ်သည်။

'ကောင်းပါတယ် လုပ်ပါ၊ လူငယ်တွေမှာ ဒီလိုစိတ်လေး တွေရှိတာ အင်မတန် ကောင်းတာပေါ့၊ ဟဲ ဟဲ နည်းနည်း နာမည်လေးရဖို့ အရှိန်လဲ ကောင်းလာရော ဆူလွယ်နပ်လွယ် **ကားမျိုးတွေ ရိုက်တတ်လာရော၊ ဒါ ခမ္ဘတာပဲလေ ဟဲ ဟဲ'**

ဦးခင်ဇော်က သူ့ဝသီအတိုင်း ခပ်ထွေ့ထွေ့လေးရယ်သည်။ သူ ပြောသည်မှာလည်း တစ်ခွန်းဆို ဆိုသလောက် မှန်လွန်းလှသည်။ ယခုပင် ကိုသန်းနိုင်က နွေဦးရောက်ရင်ကို ရိုက်နေပြီမဟုတ် လား။ ရန်ကုန်မြို့မှာ အချိန် ကြာမြင့်စွာပြပြီး ဆုလေဘရား

လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်မှာ အစောင့်အကြပ်တွေနဲ့ မနည်း ထိန်းရ သိမ်းရတဲ့ နာမည်ကြီး အိန္ဒိယကားပဲ။ ပိုက်ဆံရမှာ သေချာလို့ လုပ်တာ။ သူများဦးသွားမှာစိုးလို့ အချိန်မီ အပြေး အလွှား လုပ်နေရတာ။ ကိုသန်းနိုင်က ဝန်ခံပါသည်။

'အစ်ကို ဒီကားမှာပါရင် ကျန်တဲ့ အစ်ကို့စရိုက်နဲ့တော့ တခြားစီ ဖြစ်မှာနော်၊ အစ်ကိုက အမြဲတမ်း အမှန်တရားဘက်က သရုပ်ဆောင်ခဲ့ရတာ၊ ဒီကားမှာ အစ်ကိုက အတွင်းစိတ်က ဖောက်ပြန်နေတဲ့ လူကြီးလူကောင်း တစ်ယောက်အဖြစ် သရုပ် ဆောင်ရမှာ'

ဦးခင်ဇော်က တဟဲဟဲရယ်ပြန်သည်။

'ရပါတယ်ကွာ၊ ငါကလဲ အဲဒီလို မူကွဲလေးတွေလုပ်ချင် နေတာ ကြာပြီ၊ နီလာခင်တစ်ယောက်ကော ကျန်းကျန်းမာမာ ပဲလား၊ သူ့လူကြီး ဆုံးသွားပြီးမှ ကားမရိုက်တော့ဘူးလို့ ကြားလို့'

'ဒီကားကိုတော့ ရိုက်မယ်တဲ့ အစ်ကိုရဲ့၊ ကျွန်တော်လဲသိပ် အားရှိ တာပဲ၊ မိုးဦးကတော့ အင်တင်တင် ဖြစ်နေတယ်၊ သုံးကားတွဲစနစ်နဲ့ဆိုတော့ သူ့မှာ ရက်တွေသိပ်ကျပ်နေတယ်၊ သူက ပင်တိုင်ဖြစ်နေတာကိုး၊ ဒါပေမဲ့ ဦးမြကြိုင်ကတော့ သူ တာဝန်ယူတယ်တဲ့'

'အေးလေ မောင်သန်းနိုင်၊ မင်း လုပ်ချင်တာ ငွေအရရော၊ အနုပညာအရပါ အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်ကွာ၊ မင်းကလဲ ချစ်နှင်းဆီအချိန်လေးကို ပြန်တင်ရဦးမှာကိုး ဟဲ ဟဲ'

ဦးခင်ဇော်က ပွင့်လင်းစွာပင်ပြောပြီး ရယ်ပြန်သည်။ အရက်ကိုလည်း ထပ်မော့သည်။ ကိုသန်းနိုင်သည် ဦးခင်ဇော် အသောက်ကြမ်းပုံကို ကြည့်ပြီး လန့်လာသည်။ သို့သော် သည်လောက်သောက်နေသည့် လူ တစ်ယောက်က အလုပ် လုပ်ရာမှာ တစ်စက်ကလေးမျှ ချွတ်ချော်တိမ်းပါးမှု မရှိတာ အံ့သြစရာပင်။

'အစ်ကိုလဲ ကျန်းမာရေး ဂရုစိုက်ဦးနော်'

ကိုသန်းနိုင်က မရဲတရဲပြောသည်။ ဦးခင်ဇော်က ကိုသန်းနိုင် ပုခုံးကို ပုတ်လိုက်သည်။

'စိတ်ချ ငါ့ညီ၊ ငါက နောက်ထပ် အကယ်ဒမီစင်မြင့်ပေါ်ကို နှစ်ခါလောက်တက်ပြီးမှ သေမှာကွ ဟား ဟား'

'ဒါတော့ယုံပါတယ် အစ်ကိုရယ်'

ကိုသန်းနိုင်သည် ဦးခင်ဇော်အိမ်မှထွက်ခဲ့ပြီး ဘယ်ကိုသွားရမလဲ စိတ်ကူးသည်။ သူ့လုပ်ငန်းက ပြီးစီးသလောက်ရှိပြီ။ မိုးဦးနှင့်အဆင်ပြေလျှင် ဇာတ်ညွှန်းလည်းရေးအပြီး ဇာတ်လမ်းစိစစ်ရေးကိုတင်ရတော့မည်။ စာရေး ဆရာမကို ငွေချေရမည်။ နွေဦးရောက်ရင်ကို ရှေ့တစ်ပတ်အတွင်း ပြီးအောင် ရိုက်ပြီးလျှင် လက်စသတ်နိုင်မည်။ ပြင်ဦးလွင်ကကျန်သည့် အခန်းဆက်တွေကို ထောက်ကြံ့ဘက် ထွက်ရိုက်ရမည်။

ဒီနေ့တော့ အိမ်ကို စောစောပြန်မည်ဟု စိတ်ကူးသည်။ ဇာတ်ညွှန်းကို အပြီးသတ်ရေးရမည်။ အိမ်မှာနားနားနေနေ မနေရတာလည်း ကြာပြီဆိုတော့ မိန်းမ ကျေနပ်အောင် နေလိုက်ဦးမည်။ နီနီ့ကိုလည်း သနားတော့သနား ပါရဲ့။ ယောက်ျားကို ချစ်လို့သာ သူ့မှာ သောကရောက်နေရရှာတာပါ၊ ကိုယ်ကလည်း

ဘာကြောင့်များ ဒီရုပ်ရှင်အလုပ်ကိုမှ ဝါသနာပါနေရပါလိမ့်။ ရုပ်ရှင်အလုပ်ဆိုတာကတော့ လူများစွာနှင့် မလွှဲသာ မကင်းသာ ဆက်ဆံ နေရသည်လေ။ ယောကျ်ားတွေနဲ့လည်း ဆက်ဆံရတာပဲ။ မိန်းမတွေနဲ့လည်း ဆက်ဆံရတာပဲ။ တန်းတူပေါင်းသင်းဆက်ဆံ နေရသည့်ကြားက မိန်းကလေး တွေနှင့် ယိုးစွပ်ခံရတာတော့ မတတ်နိုင်ပေ။

တင်အေးမြင့်ကတော့ မိမိအပေါ် လိုတာထက်ပိုနေပြီလား။ နိုနို့ အကြောင်းတွေးလျှင် နောက်ဆက်တွဲအဖြစ် တင်အေးမြင့်က ပါပါလာတတ် သည်။ ဟိုတစ်နေ့က တင်အေးမြင့် မိမိအပေါ် ပြုမူဆက်ဆံသွားပုံက ကန့်လန့် ကလျနိုင်လှသည်။ လိုတာထက်လည်း ပိုနေမှန်းသိသည်။ မိမိအောင်မြင် ရေးအတွက် တတ်နိုင်သမျှ ကြိုးပမ်းအကောင်အထည်ဖော်တတ်သည့် အပြု အမူ မျိုးပေ ပဲလား။ သို့သော် ကိုယ်ကပါ သာယာတိမ်းမူးသလို ဖြစ်မိခြင်း ကတော့ ဝန်ခံရပေမည်။

ပုလဲမုန့်တိုက်မှာဝင်ပြီး ကလေးတွေအတွက် အမှတ်တရ မုန့်ဝယ်ခဲ့ သည်။ ဘီယာသောက်ဦးမည် စိတ်ကူးသော်လည်း မသောက်ဖြစ်တော့။ သည်နေ့တော့ နိုနို ဘာပြောပြော သည်းခံ မည်ဟု စိတ်ကူး၏။

အိမ်ရောက်တော့ နိုနို့ကိုမတွေ့ရပေ။ သမီးကြီးသည် ကိုသန်းနိုင်ကို ကြည့်ပြီး မျက်နှာပျက်နေသည်။

'သမီးအမေ ဘယ်သွားတာလဲ'

'မိန်းမကို အိမ်မှာ အဆင်သင့်မတွေ့ရတော့ စိတ်ထဲမှာ တစ်မျိုး ဖြစ်မိသည်။ အိမ်မှာ အိပ်ရုံလေးသာနေနိုင်သော မိမိက မိန်းမကို

ကျတော့ အိမ်မှာ အချိန်ပြည့်ရှိနေစေချင်သည်။ တရားသည် မတရားသည်ကိုတော့ မတွေးတော့ပေ။

'မေမေက ဟိုလေ မမချိုရည်နဲ့ နေ့လယ်ကတည်းက ထွက်သွား တာ'

'ဘာ ဟိုကောင်မလေးလား'

'ဖေဖေကြီးရိုက်နေတဲ့ ကားထဲက မင်းသမီးလေ'

သမီးထံသို့ မုန့်ထုပ်တွေကို ပစ်ပေးလိုက်သည်။ ချိုရည်နွယ် ဘာတွေ ခလောက်ဆန်ပြန်ပြီနည်း။ စိတ်တိုလာသဖြင့် မီးဖိုဆောင်ထဲဝင်ခဲ့ သည်။

'ဖေကြီး ထမင်းစားမလို့လား'

သမီးက မေးသည်။

'မစားဘူးဟေ့၊ ဟို အငယ်လေးကော'

သားငယ်ကို မေးသည်။

'အန်တီစိုး လာခေါ်သွားတယ်၊ မနက်မှ လာပို့မယ်တဲ့'

အန်တီစိုးဆိုသည်မှာ ကိုသန်းနိုင်ညီမ ခင်ခင်စိုးကို ခေါ်ခြင်း ဖြစ်သည်။ ခင်ခင်စိုးသည် အပျိုကြီးပီပီ ကလေးချစ်တတ်သည်။ သားကို မကြာခဏ လာခေါ်လေ့ရှိသည်။ ပြီး အိမ်လာရင်း အခြေအနေကိုလည်း အကဲခတ်မည်။ ကိုသန်းနိုင် အိမ်မှန်မှန် ပြန်ရဲ့လား။ မင်းသမီးတွေနဲ့ တတွဲတွဲနဲ့၊ ကြည့်ပြောဦးမှပေါ့ စသည်ဖြင့် အပျိုကြီးတို့ထုံးစံ ပြောသင့် တာရော မပြောသင့်တာပါ ပြောသွားပေမည်။

ဒါက အရေးမကြီး။ နီနီသည် ဟိုမလည်ရှုပ် ကောင်မလေး ချိုရည်နွယ်နှင့် ဘယ်လိုက်သွားလေသနည်း။ ချိုရည်နွယ်က

နေရာတကာ စပ်စပ် စပ်စပ်နှင့်။ နီနီ့ကိုများ အကြောင်းတစ်မျိုးမျိုး ပြပြီး ရုပ်ရှင်သမား ချင်းချင်းဆီ ခေါ်သွားလေမည်လား။ ကိုယ့် မိန်းမကလည်း ခပ်ချောချော ဆိုတော့ ရုပ်ရှင်သမား လူလည် တစ်ယောက်ယောက်နှင့်တွေ့လျှင် မလွယ်။ တစ်ဖက်က မြှောက် ထိုးပင့်ကော်လုပ်ပြီး အပိုင်ကြံသွားမှာ စိုးရသည်။ ခက်လိုက် သည့် မိန်းမ။

ကိုသန်းနိုင် နေမထိထိုင်မသာ ဖြစ်လာလေသည်။ သူ အိမ်ကို စောစောပြန်လာသည့်နေ့ကျမှ စိတ်တိုင်းမကျစရာတွေ တွေ့ရ သည်။ ခါတိုင်းနေ့တွေမှာကော နီနီ အိမ်မှာမှ ရှိပါလေစ။

'သမီးအမေက ချိုရည်နဲ့ ဘယ်သွားတာလဲ၊ သမီး သိလား'

သမီးသည် ပြောသင့် မပြောသင့် ချိန်ဆနေပုံရ၏။

'လာစမ်း သမီး၊ သမီးက လိမ္မာတယ်၊ လှလဲလှတယ်၊ ဖေဖေကြီး မုန့်ဖိုးထပ်ပေးဦးမယ်'

ဆယ့်နှစ်နှစ်ရွယ် သမီးငယ်သည် အလွန်လှချင်၏။ မင်းသမီး တွေကိုလည်း အားကျတတ်သည်။ မင်းသမီးပုံတွေကို ညှပ်ယူ ထားတတ်သည်။

'ဖေကြီးက သမီးကို ရုပ်ရှင်မင်းသမီးဖြစ်အောင် လုပ်ပေး မှာလား'

ကိုသန်းနိုင် ဆတ်ခနဲဖြစ်သွားသည်။ သမီးကို ရုပ်ရှင်မင်းသမီး လုပ်ခိုင်းဖို့ သူ တစ်ခါမျှ မစဉ်းစားခဲ့ပေ။ လုပ်လည်း မလုပ်စေ ချင်။ ဘာကြောင့်မှန်းမသိ။

'လုပ်ပေးတာပေါ့ကွယ်၊ ဖေကြီးကတော့ သမီးကို ဆရာဝန် မကြီး ဖြစ်စေချင်တာ၊ ပြောပါဦး၊ ရော့ မုန့်ဖိုးငါးကျပ်၊ သမီး အမေ ဘယ်သွား တာလဲ'

'ဟိုလေ ဖေကြီးကို ပြန်မပြောရဘူးတဲ့၊ ဗေဒင်ဆရာဆီ သွားပြီး ဓာတ်ရိုက်မလို့တဲ့'

ကိုသန်းနိုင်၏ ခန္ဓာကိုယ် တောင့်တင်းသွားတော့သည်။ သို့သော် ဟန်မပျက် ကြန္တြေဆယ်လိုက်ရသည်။

'ဘာအတွက် ဓာတ်ရိုက်တာလဲ သမီးရဲ့'

'သမီးလဲ မသိဘူးလေ၊ အန်တီစိုးကပြောတော့ နင့်အဖေ ဟိုမင်းသမီး လေးနဲ့ ယူတော့မယ်လို့ကြားတယ် သတိထားတဲ့၊ အဲဒါ အန်တီစိုး မောင်လေးကိုခေါ်သွားပြီး အန်တီချိုရည် ရောက်လာတော့ အန်တီချိုရည်က ဘာတွေလဲမသိဘူးပြော တယ်၊ ပြီးတော့ ဗေဒင်ဆရာဆီသွားကြတာပဲ၊ ပြီးတော့'

အိမ်ရှေ့က ကားသံကြားသဖြင့် သမီး စကားရပ်သွားသည်။

'ပြီးတော့ ဘာဖြစ်လဲ၊ မြန်မြန်ပြောစမ်း သမီး'

'မေမေ့ကို ပြန်မပြောနဲ့နော်၊ သမီးကို ဆူလိမ့်မယ်၊ အန်တီ ချိုရည်က သူ့ကို ဖေကြီးက ဖေကြီးရိုက်မယ့် ရုပ်ရှင်ကားမှာ'

'တော်တော့ သမီး၊ မေမေ့ကို သွားကြိုလိုက်၊ ဖေဖေ ခုပဲ ရောက်တယ်လို့ပြော'

သမီးသည် အိမ်ရှေ့သို့ ပြေးထွက်သွားသည်။ ချိုရည်နွယ်၏ နှုတ်ဆက်သံကို ကြားရသည်။ သမီးက မနေနိုင် မထိုင်နိုင် 'ဖေဖေကြီး ပြန်ရောက်လာပြီ၊ ခုလေးပဲ'ဟု ပြောနေသည်။

'ညည်းအဖေကို ဘာတွေ ပြောလိုက်သေးလဲ'

နီနီ့ အစ်မေးသံ ကြားရသည်။

'ဟင့်အင်း မေမေ ဗေဒင်ဆရာဆီသွားတယ်လို့ မပြောပါဘူး'

'တိတ်စမ်း'

ကိုသန်းနိုင်သည် အိပ်ရာထက်မှာ လှဲနေလိုက်သည်။ နီနီ အခန်းထဲသို့ ဝင်လာသည်။

'ဒီကနေ့ စောစောစီးစီးပါလား'

နီနီ့အသံ နည်းနည်းချိုနေသည်။

'ဟုတ်တယ် ရှူတင်ပျက်သွားလို့၊ နီ ဘယ်သွားတာလဲ'

ကိုသန်းနိုင်က အိပ်ရာမှထရင်း မေးသည်။

'ချိုရည်နွယ်က နောက်ရိုက်မဲ့အခန်းအတွက် အဝတ်အစား ဝယ်စရာ ရှိလို့တဲ့၊ မမနီလဲ အိမ်ထဲမှာချည်းနေတာ ပျင်းမှာပဲဆိုပြီး လာခေါ်တာ၊ သားကိုလဲ မမစိုး ခေါ်သွားတာနဲ့'

ဒါ ဈေးကပြန်တဲ့အချိန်လားဟု ကိုသန်းနိုင် စိတ်ထဲက ပြောမိသည်။

'ဆာတယ်ကွာ၊ နီနီဈေးက ဘာပါလာသလဲ'

'ဘုရားပန်း၊ အဲလေ ဘုရားပန်းတွေနွမ်းနေလို့ ဝယ်လာတယ်၊ မုန့်တော့မပါဘူး၊ ပုစွန်ချဉ်သုပ် ဟင်းခါးချက်ထားတယ်၊ နွေးလိုက်ရမလား'

'ကောင်းသားပဲ'

နီနီ အပြင်ပြန်ထွက်သွားသည်။ ချိုရည်နွယ်ကကော သူ့ဟို ဇာတ်ကားမှာပါရန် အရေးအတွက် ဘာယတြာတွေ လုပ်နေပါလိမ့်ဟု ကိုသန်းနိုင် တွေးနေမိလေသည်။

# [၇]

'မိန်းမတစ်ယောက်ဟာ ငွေရှာနိုင်ပြီဆိုရင် ယောကျ်ားကို အထင်မကြီးတော့တာ ဓမ္မတာပဲ'

'မောင့်ကို အထင်မကြီးဘူးလို့ ဘယ်တုန်းကမှ မပြောမိပါလား၊ စိတ်ချ၊ မြကြ ယောကျ်ားတစ်ယောက်ကို အထင်ကြီးစရာမရှိဘဲ ဘယ်တော့မှ မယူဘူး'

'ဒါဆိုရင် မြက မောင့်ကို အထင်ကြီးစရာရှိလို့ယူတာ၊ ချစ်လို့ မဟုတ်ဘူးပေါ့'

မြကြည်ဇင်တို့ အိမ်ထောင်ရေးမှာ တစ်ယောက်နှင့်တစ်ယောက် စကားအတင်အစီး မခံတတ်သော ပြဿနာတစ်ရပ်ပင်။ မြကြည်ဇင်ကလည်း ကိုယ့်လင်သားပြောစကားရယ်လို့ ခေါင်းငုံ့ခံမနေတတ်တာ ချွတ်ယွင်းမှုတစ်ရပ်ဟု ဆိုရလားမသိ။ ယောကျ်ားတွေက ငါသာလျှင် အကြီးအကဲဆိုပြီး နေရာတကာ မဟာဖိုဝါဒကိုင်စွဲတတ်တာကိုတော့ မြကြည်ဇင် အမုန်းဆုံးဖြစ်၏။

မြကြည်ဇင်အိမ်အလုပ်မှာ စိတ်မဝင်စားတာ၊ ယောကျ်ားကို ခြေဆုပ် လက်နယ် မပြုတတ်တာ စာရေးဆရာ ဖြစ်လာမှမဟုတ်၊ နဂိုကတည်းက အကျင့်ပင်ဖြစ်၏။ သမီးရည်းစားဘဝတုန်း ကတော့ မြကြည်ဇင် သည်လို နေတတ်တာကိုပဲ ယောကျ်ား ဆန်သည်၊ တစ်မျိုးချစ်စရာကောင်းသည်ဆိုပြီး ကိုဝင်းဆွေက အကျေနပ်ကြီး ကျေနပ်ခဲ့သည်လေ။

ယခုတလော မြကြည်ဇင်ကလည်း ခြေများနေခဲ့မိသည်။ နောက်ရေးမည့် ဝတ္ထုတစ်ပုဒ်ကို ရုပ်ရှင်နယ်မှာ အခြေခံမည်ဟု စိတ်ကူးကာ ရှူတင်ရက်ရှိတိုင်းခေါ်ပါဟု ခိုင်နွေ့ကို မှာထား သည်။ ကိုသန်းနိုင်ကိုလည်း ပြောထားသည်။ စာရေးဆရာ ဆိုသည်မှာ ရေးစရာတွေ ကုန်ခန်းပြီး အကြောင်းအရာတွေ ဖန်တစ်ရာတေလာရင် ပရိသတ်က ခါလာတတ်သည်။ သည်တော့ ကိုယ့်နာမည်လေး အရှည်တည်တံ့ဖို့ ကြိုးစားရမည်မဟုတ်လား၊ ငွေဆိုတာက ဒုတိယပါ။

ခက်တာက မြကြည်ဇင်တို့မှာ ကိုယ်ပိုင်ကားမရှိ။ သည်တော့ မိန်းမသားတစ်ယောက်အဖို့ သွားရ လာရတာ ခရီးဖင့်သည်။ ကိုဝင်းဆွေ၏ ကားကို ခဏယူသုံးရင်း အချိန်ကုန်သွားသည်။ ဒရိုင်ဘာကလည်း စူစူ ဆောင့်ဆောင့်။ ဆရာကလည်း တဖျစ် တောက်တောက်။

ရုပ်ရှင်ရိုက်ကွင်းဆိုသည်က အချိန် အတိအကျ ကန့်သတ်လို့ ရသည် မဟုတ်။ နောက်ဆုံးရိုက်ကွက်ကို မြကြည်ဇင်က ကြည့်ချင် သည်။ မမျှော်လင့်ဘဲ ကြာကြာသွားသည်။ စိတ်မရှည်သော

ကိုသန်းနိုင်က ဘတ်စ်ကားနှင့် အိမ်ပြန်လာသည်။ မြကြည်ဇင် အိမ်ပြန်ရောက်တော့ မျက်နှာထားကြီးနှင့် ကြိုနှင့်သည်။

'မောင်ကလဲ တက္ကစီငှားပြီး ပြန်ပါလား၊ တစ်ခါတလေပဲ'

သည်မျှနှင့် ရပ်မိလျှင်အကောင်းသား၊ မြကြည်ဇင်ကလည်း စကားပြော မှားသွားသည်။ ကိုဝင်းဆွေက မဆိုင်သည့်နေရာမှာလည်း စစ်စီတတ်သည်မို့ 'အလုပ်လုပ်တဲ့အတွက် သုံးရတာပဲ၊ တက္ကစီခလောက်တော့ ပြန်ရနိုင် ပါတယ်'ဟု ဆက်ပြောမိသည်။ ဆိုလိုသည်ကတော့ မိန်းမရဲ့ အလုပ်ဟာလဲ အလုပ်ပါပဲဆိုသည့် သဘောပင်။

'မြကို ဘယ်သူက အလုပ်လုပ်ခိုင်းသလဲ'

'အို ဒီခေတ်ထဲမှာမိန်းမတိုင်းလိုလို အလုပ်လုပ်နေရတာပဲ၊ ပညာမတတ်တဲ့ မိန်းမတောင် ဈေးရောင်းရတယ်၊ အနည်းဆုံး ဘာမှမလုပ်နိုင်ရင် အိမ်မှာ အကုန်အကျနည်းအောင် ချွေတာ ထိန်းသိမ်းတဲ့အလုပ် လုပ်ရတယ်၊ ဒါလဲအလုပ်ပဲ၊ မြက အဲဒါမျိုး မလုပ်တတ်လို့ တခြားအလုပ်လုပ်တာ'

'မြက ဒါမျိုး ဘယ်လုပ်ချင်တော့မလဲ၊ ဝင်ငွေကောင်းတဲ့ မိန်းမကိုး၊ မောင့်လခလောက်တော့ မမှုတော့ဘူးကိုး'

'အို မြ ဝင်ငွေကောင်းလို့ ဒါမျိုးမလုပ်တာ မဟုတ်ဘူး၊ လူဆိုတာ သူ့ဝါသနာနဲ့သူ ရှိတယ်၊ ဝါသနာပါတဲ့သူက ဘာကြီးဖြစ်နေနေ လုပ်တာပဲ၊ ယောကျ်ား တွေလဲဘာကြီး ဖြစ်နေနေ ဝါသနာပါတဲ့သူက ဈေးသွားတာပဲ၊ ဟင်းချက်စရာ စီမံတာပဲ၊ မောင်ကော ဘာဖြစ်လို့ မလုပ်သလဲ ကဲ'

'မောင့်အလုပ်မှ မဟုတ်ဘဲ'

'မောင်က စကားကို ကတ်ပြောတယ်၊ မြပြောတာ ရှင်းနေလျက်နဲ့ နားမလည်ချင်ယောင် ဆောင်တယ်'

'အင်းလေ၊ မြက ယောကျ်ားတစ်ယောက်လို ဝင်ငွေရှိနေပြီဆိုတော့၊ ဝါသနာလဲမပါဘူးဆိုတော့ ကိုယ့်ဘာသာ ဝါသနာပါရင် လုပ်ဆိုတဲ့ သဘောပေါ့၊ ဟုတ်လား၊ အင်း မိန်းမတစ်ယောက်ဟာ ငွေရှာနိုင်ပြီဆိုရင် ယောကျ်ားကို အထင်မကြီးတော့တာ ဓမ္မတာပါပဲ'

သည်လိုနှင့် သည်စခန်းကို ရောက်ခဲ့ရခြင်း ဖြစ်၏။ ကလေးနှစ်ယောက်ရပြီး အိမ်ထောင်သက် ဆယ့်ငါးနှစ်လောက်ရှိကာမှ ချစ်လို့ယူတာ မဟုတ်ဘူးဟု ကတ်သတ်ပြောတာ ခံရခက်လှသည်။

အစကတော့ ကိုဝင်းဆွေ အေးဆေးတာ၊ မိန်းမကို ဂရုစိုက်တတ်တာ၊ အလုပ်ကိုကြိုးစားတာ အထင်ကြီးစရာ၊ ချစ်မြတ်နိုးစရာ ဖြစ်ခဲ့ရပါသည်။ ကိုဝင်းဆွေနှင့် လက်ထပ်တော့ မြကြည်ဇင် ၁၂ဖ ကျပ်စား ကျောင်းဆရာမ ဘဝ၊ ကိုဝင်းဆွေက အငယ်တန်းအရာရှိတစ်ယောက် ဖြစ်နေခဲ့ပြီ။ ကိုဝင်းဆွေ နယ်ပြောင်းရာ လိုက်ပါပြီး မြကြည်ဇင်လည်း အလုပ်ထွက်လိုက်ရသည်။ ကျောင်းတုန်းက ဝါသနာပါလက်စ ကဗျာတိုလေးတွေ၊ ဝတ္ထုတိုလေးတွေ ရေးရင်း မြမြကြည်မှသည် စာရေးဆရာ မြကြည်ဇင်ရယ်လို့ ဖြစ်လာခဲ့သည်။ ကိုဝင်းဆွေ ရန်ကုန်မှာ အခြေချမိတော့ မြကြည်ဇင်လည်း လုံးချင်းဝတ္ထု လောကမှာ နာမည်ရလာ၏။

ယခင်ကတော့ မြကြည်ဇင် ဘယ်လိုနေနေ ဘယ်လိုထိုင်ထိုင် ကိုဝင်းဆွေက သဘောကျခွင့်ပြုခဲ့သည်ပဲ။ လှလှပပ ခေတ်ဆန်ဆန် နေတတ်ဖို့ အိမ်မှာနေတာရယ်လို့ အင်္ကျီအနွမ်းကို ဝတ်မထားဖို့ သူကပဲ သင်ပေးခဲ့သည်ပဲ။ ယခုတော့ မြကြည်ဇင် စာရေးဆရာမ ဖြစ်လာရခြင်းသည်ပင် သူ့အတွက် မလိုလားစရာ ဖြစ်နေရပြီလား မသိပေ။

သူတို့နှစ်ယောက် လက်ထပ်တော့ နှစ်ဖက်သော မိဘများ အနက် မည်သည့်ဘက်ကမျှ သဘောမတူခဲ့ပေ။ မြကြည်ဇင်၏ မိဘများက ပညာတတ် အထက်တန်းလွှာ အသိုင်းအဝိုင်းမှာ ကျင်လည်သူ၊ ပစ္စည်းဥစ္စာကား မရှိလှ။ ကိုဝင်းဆွေမိဘများက ရိုးရိုးသားသား လုပ်ကိုင်စားပြီး ငွေကြေးပြည့်စုံသူ။ ပညာတတ် သားတစ်ယောက်အတွက် အထင်ကြီး ဂုဏ်ယူသူ။ သားအတွက် ဗိုင်းကောင်း ကျောက်ဖိ မိန်းမတစ်ယောက်ကို အသင့် ရှာဖွေထားပြီး ပေးစားမည်ဟု ရည်ရွယ်ဆဲ၊ သားက အလုပ်အကိုင်အားဖြင့် ဘာမျှမဟုတ်သေးဘဲ အဆင့်အတန်းအားဖြင့် အထက်စီးကျချင်သော မိဘများက ပေါက်ဖွားသူ မိန်းမတစ်ယောက်ကို လက်ထပ်တော့ သဟဇာတ မမျှလှပေ။

မြကြည်ဇင်တို့နှစ်ယောက်သည် မည်သည့်ဘက်က အကူအညီကိုမျှ မယူဘဲ ကိုယ့်ဘာသာ ကြိုးစားရပ်တည်ခဲ့ကြသည်။ တစ်ခုတော့ရှိသည်။ ကိုဝင်းဆွေက အလုပ်အကိုင်နှင့် ရပ်တည်နိုင်သည့် အခြေရှိခဲ့လို့ ဒုက္ခမရောက်ခဲ့ကြ။ သည်ကျေးဇူးတရားကို မြကြည်ဇင် သိနားလည်ပါ၏။ သို့သော် သည်လိုနှင့်ပဲ လူတစ်ယောက်၏

ရရှိလာသည့် အခြေအနေအရ လုပ်ရကိုင်ရမည့် အခွင့်အလမ်းတွေကို စွန့်ပစ်ရတော့မည်တဲ့လား။

မြကြည်ဇင် အောင်မြင်ခြင်းသည် မိသားစု၏ ဂုဏ်သိက္ခာပင် မဖြစ်ပေဘူးလား။ တိုင်းပြည်က အသိအမှတ်ပြုထားတာပါဟု ဝင့်ကြွားစွာ ဂုဏ်မယူထိုက်သော်မှ ကိုယ့်မိန်းမတစ်ယောက်အနေနှင့်ပဲ ဝမ်းမမြောက်သင့်ပေဘူးလား။

ကိုဝင်းဆွေက မြကြည်ဇင်သည် မိဘကစွန့်ပစ်ခံထားရပြီး မိမိ၏ **အရှိန်အဝါအောက်မှာ ခိုလှုံနေသည့် မိန်းကလေးအဖြစ်** တစ်သက်လုံး သဘောထားကြီးစွာ သိနားလည်ထားလိုဟန်ရှိသည်။ ဒါကိုပင် မြကြည်ဇင်က မခံမရပ်နိုင် အဖြစ်ဆုံးတည်း။

'မောင့်ကို မချစ်ဘဲနဲ့ ငါးနှစ်လုံးလုံး အိမ်ကအပယ်ခံပြီး ယောက္ခမ ခြေသလုံး ဖက်နေခဲ့ပါ့မလား'

မြကြည်ဇင်၏ တုံ့ပြန်သောစကားမှာ အဓိပ္ပာယ်တွေ သိမ်းကျုံး ပါဝင်လျက်ရှိသည်။ မြကြည်ဇင်က အလုပ်လက်မဲ့ဘဝမှာ ပညာတတ် **သားတစ်ယောက်ကို ဆုံးရှုံး ရလေခြင်းရယ်လို့ ငွေရှိသော** ယောက္ခမများက မေးငေါ့တာ မြကြည်ဇင်က ဘယ်မေ့ပါ့မလဲ။ ပြီးတော့ မြကြည်ဇင်သည် ခြေသုတ်ပုဆိုးလို အစွယ်ကျိုးသော မိန်းကလေးတစ်ယောက် မဟုတ်သည်မို့ ကြည့်မရ ရှုမရ ဖြစ်ကြတာလည်း ရှိခဲ့သေးသည်။ သို့သော် မြကြည်ဇင်သည် ငွေမရှိသော်လည်း မာနကြီးသော မိဘများထံ မပြန်ဝံ့ခဲ့ပေ။ မှတ်မှတ်ရရ သားကြီးမျက်နှာမြင်ပြီး ကြားလူ၏စေ့စပ်မှုဖြင့် အဖေ အမေတို့ကို ပြန်ကန်တော့စဉ် ယောက္ခမက အိမ်အပြန် မျက်နှာပန်း လှစေဖို့လား၊ သူတို့သားကိုယူတာ လူရွေးမမှားပါဘူးဟု ပြချင်

၍ပဲလား မသိ၊ ခြယ်နားကပ်တစ်ရံနှင့် လက်စွပ်တစ်ကွင်းဆင်ပေးလိုက်သည်။

ပင်စင်စား တရားသူကြီး အဖေနှင့်၊ အလွန် သြဇာထက်သောနာမည်ကြီး ကျောင်းဆရာမကြီးဟောင်း အမေတို့က ပြုံးပြုံးပြက်ပြက်တွေကို တစ်ချက်မျှငဲ့မကြည့်ဘဲ 'မိမြကြည်၊ တစ်သက်လုံးလင့်လုပ်စာ ထိုင်စားမလို့လား၊ အလုပ်လေးဘာလေး ပြန်လုပ်ဦး' ဟု ဆုံးမခဲ့သည်။

မြကြည်ဇင်က စကားအစပြန်ဖော်တော့ ကိုဝင်းဆွေ ပျော့ပျောင်းလာသည်။ သူက ယခုအချိန်အထိ မိန်းမတစ်ယောက်၏ အချစ်ကို နှုတ်ဖျားက ဖွင့်ပြောတာ ကြားလိုဆဲ။ ယုံကြည် အားကိုးမှုကို ခံယူလိုဆဲ။ **မြကြည်ဇင်ကတော့ ဒါတွေအားလုံးထက်** သူ့ ရှေ့လုပ်ငန်းတွေကိုသာ စူးစိုက်နေလိုသည်။

'အလျင်တုန်းက မြ ဘယ်သွားသွား လိုက်ပို့ခဲ့တာပဲ မဟုတ်လား၊ ခုတော့ မြအလုပ်တွေက များပဲများလွန်းတယ်၊ မောင်လဲ မပို့နိုင်ဘူး၊ မြက စာပေနယ်တွင်မကတော့ဘူး၊ ရုပ်ရှင်ထဲပါဝင်ပါနေတော့'

'မောင်က ဒါကိုပဲ ထပ်တလဲလဲပြောနေတယ်၊ ရုပ်ရှင်ထဲဝင်ပါတာ မဟုတ်ပါဘူး၊ စာရေးဖို့ပါလို့ပြောနေတာပဲ၊ မောင့်ကားကို မသုံးစေချင် မြဘာသာ သွားပါမယ်ဆိုတော့လဲ မသွားရဘူးဆို'

'ဒါတော့ ဘယ်သင့်တော်ပါ့မလဲ၊ မောင့်မိန်းမကို အထင်သေးမှာပေါ့'

'အို ရန်ကုန်မြို့မှာ ဒီလိုပဲသွားလာနေကြတာ၊ မြကြ ဆယ်ကျော်သက်လေးမှ မဟုတ်တော့တာ'

'ဒါပေမဲ့ မောင့်မိန်းမက လှတုန်းကိုး'

မြကြည်ဇင် ရယ်ချင်ချင်ဖြစ်သွားသည်။ သူတို့ရန်ပွဲသည် အဖျားရှူးသွားပြီမို့ ပွဲကြီးပွဲကောင်းကြည့်ရန် စောင့်နေသော ကလေးတွေလည်း ငြိမ်သွားသည်။ မြကြည်ဇင်သည် အိမ်ထဲဝင်လာပြီး အဝတ်အစားလဲ၏။

တကယ်တော့ မြကြည်ဇင်က မောင်ရေ ဘယ်လိုက ဘယ်လိုစသည်ဖြင့် သူမြင်ခဲ့ တွေ့ခဲ့ရတာတွေကို ဖောက်သည်ချချင်သည်။ ယခုတော့ အိမ်အပြန်နောက်ကျတာနှင့် မဆိုင်သည့်စကားတွေကို ဖြေရှင်း နေရသည်။ အင်း မြကြည်ဇင်သာ မင်းသမီးတစ်ယောက် ဖြစ်ခဲ့ရင် ဘယ်လိုနေမလဲ။

ခိုင်နွေပြောတာ ကြားယောင်လာသည်။

'ကိုယ်က ဘယ်လောက်ပဲ နာမည်ကြီးမင်းသမီးတစ်လက် ဖြစ်နေပေမယ့် မိန်းမဟာ မိန်းမပါပဲ အစ်မရယ်၊ အိမ်လဲရောက်ရော တကယ့်ကို ယောကျ်ားတစ်ယောက်ရဲ့ အခြွေအရံ အလုပ်အကျွေး ပြုရတဲ့သူ ဖြစ်သွားတာပါပဲ၊ အလကားပါပဲ အစ်မရယ်'

# [၈]

ရုပ်ရှင်အလုပ်ကို ဝါသနာပါလှသည်မဟုတ်ဘဲ အလုပ်တစ်ခုလို သဘောထားကာ ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး နောက်ပိုင်းမှာ ဘဝ၏ အစိတ်အပိုင်းတစ်ခုအဖြစ် စွဲမြဲစွာ လုပ်ခဲ့သော မင်းသမီးတစ်လက်မှာ ခိုင်နွေပဲဖြစ်၏။ ယခုတော့ ရုပ်ရှင်သည် ခိုင်နွေ၏ ဘဝ၊ ရုပ်ရှင်သည် ခိုင်နွေ၏ အရှင်သခင်၊ ရုပ်ရှင်သည်သာ ခိုင်နွေ၏ ခန္ဓာကိုယ်အစိတ်အပိုင်း တစ်ခုသဖွယ် ဖြစ်တော့၏။

ခိုင်နွေ၏ ဘဝကို အလုပ်ထဲမှာပဲမြှုပ်နှံထားခြင်းဖြင့် ခွန်အားအသစ်ကို အမြဲ ဖြစ်ပေါ်စေခဲ့၏။ ထိုခွန်အားကို မည်သည့်အရာကမျှ အဟန့်အတား မပြုနိုင်။

အချစ်သည် ခိုင်နွေ၏ ဒုတိယအင်အားသာ ဖြစ်သည်။

ခိုင်နွေအတွက် အချစ်ကိုတွေ့ရှိရခြင်းသည် အလွန်ပင်စောလှ၏။ ဦးကျော်နိုင်အတွက်တော့ ဘဝ၏ နောက်ကျသော

အစိတ်အပိုင်းရောက်မှ အချစ်ကို ရှာဖွေတွေ့ရှိသွားခြင်းဖြစ်သည်။ ဤသည်မှာ သူတို့နှစ်ယောက်၏ အကြီးမားဆုံး ကွာဟချက်ပင် ဖြစ်တော့၏။ မည်သည့်အခါမျှ ညှိနှိုင်းဆက်စပ်၍ မရသော ကွာဟချက်ပင် ဖြစ်တော့၏။

'မနွေ့ တယ်လီဖုန်း'

မိုးညဇာတ်ကား ရုံတင်ပြီးသည့်နောက်ပိုင်း ခိုင်နွေ့၏ အောင်မြင်မှုလမ်းစသည် ပေါ်ထွက်ခဲ့ပြီ။ ရုပ်ရှင်စာစောင်တွေ၊ မဂ္ဂဇင်းတွေက မင်းသမီး ရှားပါးချိန်မှာ အားထားစရာ မင်းသမီးတစ်လက် ပေါ်ထွက်ခဲ့ပြီဟု အားပေးချီးမြှောက်ခဲ့၏။ ငယ်ရွယ်နုပျိုသော၊ အပြစ်ကင်းစင်လှသော၊ ရွှင်လန်းတက်ကြွသော၊ ရိုးသားဖြူစင်သော ခိုင်နွေ့သည် ပရိသတ်၏ အချစ်တော် ဖြစ်လာခဲ့ပြီ။ ခိုင်နွေ့ များစွာကျေနပ်သည်။

'ဟဲလို ခိုင်နွေ့ပါရှင်'

မဂ္ဂဇင်းတိုက်ကလား၊ ရုပ်ရှင်ကုမ္ပဏီကလားဟု ထင်မှတ်ပြီး တယ်လီဖုန်းကို ကိုင်လိုက်သည်။ တစ်ခါတစ်ရံ ဖုန်းနှင့် စကားကြာကြာ ပြောချင်သော ကောင်လေး ကောင်မလေးတွေလည်း ရှိရဲ့။ ဘာပဲဖြစ်ဖြစ် ခိုင်နွေ့ ကျေနပ်သည်။ အဖေ အမေ၏ မေတ္တာဆုံးရှုံးခဲ့ရသော်လည်း သိန်းသန်းမကသော မေတ္တာတွေကို ခိုင်နွေ့ ရရှိပြီ။

'ခိုင်နွေ့လား၊ ကျွန်တော် ကျော်နိုင်ပါ'

အသံက လူကြီးတစ်ယောက်၏အသံမို့ ခိုင်နွေ့ အံ့သြမိသည်။ ကုမ္ပဏီပိုင်ရှင် တစ်ယောက်ယောက်ပဲထင်ရဲ့။ ရုပ်ရှင်ကားအတွက် စကား ကမ်းလှမ်းလို၍ ချိန်းဆိုခြင်း ဖြစ်နိုင်သည်။

'ဟုတ်ကဲ့ ပြောပါရှင်'

'ကျွန်တော့်ကိုမှတ်မိလား၊ အလျင် ခိုင်နွေ မြန်မာ့အသံမှာ လာကြည့်တုန်းက တွေ့တာလေ၊ ကျွန်တော့်ကားနဲ့ အိမ်ပြန် ပို့ဖူးတယ်'

'သြော်'

ခိုင်နွေ သတိရပြီ၊ ဘုဂလန့်ကျမည့်ပုံပန်းရှိသော၊ အရာရှိ တစ်ယောက် ဟန်ပန်ပေါက်သော လူကြီး လူကောင်းတစ်ယောက် တည်း။ ဘာကိစ္စများ ရှိလို့ပါလိမ့်။

'မှတ်မိပြီလား'

'ဟုတ်ကဲ့ရှင်၊ မနွေ ဘာများ အဲ ဘာကိစ္စများ ရှိလဲရှင်'

'သြော် အခု မင်းက သိပ်နာမည်ကြီးနေပြီနော်၊ မင်း ဓာတ်ကားကို ချီးကျူးချင်လို့၊ ပထမဦးဆုံးဓာတ်ကားမှာ မင်း တော်တော် လုပ်နိုင်သားပဲ'

ချီးကျူးသံကပေမည့် အထက်စီး လေသံကပါနေသည်။ ခိုင်နွေက ကလေးတစ်ယောက်လိုပဲ ရယ်မောလိုက်သည်။

'ကျေးဇူးတင်ပါတယ်ရှင်၊ မနွေလဲ ကြိုးစားထားပါတယ်'

'အင်း ကောင်းတယ်၊ အဲဒါပြောမလို့၊ နေဦး မင်းတို့အိမ် ကို လာလည်ရမလား၊ မင်းတို့ အဖေနဲ့လဲစကားပြောချင်လို့၊ သူက မမှတ်မိလို့ပါ၊ အရင်အမြတ်ခွန်မှာ အတူတူလုပ်ဖူးတယ်၊ ကိုယ်က သူ့လက်အောက်ကပါ'

'ဟုတ်လား၊ ဒါပေမဲ့ ဖေဖေက မနွေတို့နဲ့ အတူတူမှ မနေတာ'

သူ စဉ်းစားတွေဝေသွားပုံရသည်။

'ဒါဖြင့် မင်းက ဘယ်သူနဲ့နေတာလဲ'

'ဒေါ်လေးသဇင်နဲ့ပါ၊ မနွေရယ်၊ ဒေါ်လေးသဇင်ရယ်၊ နော်နော်ရယ်၊ ခွေးမလေးတစ်ကောင်ရယ် ဟင်း ဟင်း၊ မနွေတို့ အိမ်မှာ အထီးဆိုလို့ တစ်ကောင်မျှ အဲတစ်ယောက်မျှ မရှိဘူး'

ခိုင်နွေက သည်လူကြီးကို စချင်နေမိသည်။ ရယ်လည်း ရယ်နေမိသည်။

'ဒါဆိုရင် ပိုကောင်းတာပေါ့၊ ဒေါ်လေးသဇင်က အပျိုကြီးလား'

'ဟင်း ဟင်း ဟုတ်တယ်၊ ဒါပေမဲ့ သူက ယောကျ်ားတွေကို စိတ်နာနေတာနော်၊ ခွေးမလေးကလဲ တစိမ်းဆို သိပ်ဟောင်တာ'

'ရပါတယ်၊ ထန်းလျက်ကျွေးလိုက်တာပေါ့၊ မင်း ဒီနေ့ အားသလား'

ဇွတ်တရွတ်နိုင်တဲ့ လူကြီးပါလား။ ခိုင်နွေက ယောကျ်ားလေးများနှင့် ပတ်သက်ပြီး ရင်ခုန်တတ်သူတော့ မဟုတ်ပေ။ ကျောင်းမှာလည်း ယောကျ်ားလေးများနှင့် အပေါင်းအသင်း ဖြစ်သည်။ မင်းသမီးရယ်လို့ လာလှောင်လျှင်လည်း သူက ပြန်ရယ်ပြလိုက်သည်။ ရပ်ရှင်နယ်မှာလည်း ယောကျ်ားလျာလေးလို သဘောထားဆက်ဆံကြသည်။

'အားပါတယ် လာလည်ပေါ့၊ ခိုင်နွေတို့အိမ်က စားစရာ ရှားတယ်နော်'

'အိုကေ၊ ကိစ္စမရှိဘူး၊ မင်းအတွက် ပီကေ ဝယ်ခဲ့မယ်'

'ဟား ဟား ကောင်းတယ် ကောင်းတယ်'

ခိုင်နွေက တယ်လီဖုန်းခွက်ကို ချလိုက်သည်။ ဒေါ်လေးသဇင်က ခိုင်နွေကို စူးစိုက်၍ ကြည့်နေလေသည်။

'ဘယ်သူလဲ ခိုင်နွေ'

'ဦးကျော်နိုင်တဲ့'

ခိုင်နွေက ဒေါ်လေးသဇင်ကိုလည်း စလိုသေးသည်။

'ဘယ်က ဦးကျော်နိုင်လဲ'

'အလျင်တစ်ခါ မြန်မာ့အသံကအပြန် အိမ်လိုက်ပို့ပေးတဲ့ လူကြီး၊ အဲဒါ ဒေါ်လေးသဇင်ကိုမြင်သွားပြီး ခိုက်သွားတယ် ထင်ပါရဲ့၊ အိမ်ကို လာလည်ချင်လို့တဲ့'

'ဟဲ့ နင်က ဘာပြောလိုက်သလဲ'

ဒေါ်လေးသဇင်၏ မျက်နှာတွင် ရက်သွေးဖြန်းသွားသည်ကို ခိုင်နွေ သတိပြုမိ၏။ ဦးကျော်နိုင်က ကြည့်ကောင်းတဲ့ လူကြီးတစ်ယောက်ပဲဟု ခိုင်နွေ စဉ်းစားမိသည်။

'ခိုင်နွေတော့ အပြင်သွားစရာရှိတယ်၊ ဒေါ်လေးတော့ရှိတယ်၊ လာပေါ့လို့ ပြောလိုက်တယ်'

'တယ် ဒီကောင်မလေး မဟုတ်တာတွေ ပြောရှော့မယ်'

'ကဲပါ ဒေါ်လေးရယ်၊ ဧည့်သည်အတွက် တစ်ခုခုပြင်ထားဦး၊ ခိုင်နွေတော့ ဟိုလူကြီးမလာခင် နည်းနည်းကစားလိုက်ဦးမယ်'

ဦးကျော်နိုင်သည် ခိုင်နွေတို့အိမ်ကို တကယ်ပင် ရောက်လာခဲ့၏။ ဒေါ်လေးသဇင်က ဦးကျော်နိုင်ကို ကမ္ဘလာသီးဖျော်ရည်ဖြင့် ဧည့်ခံသည်။ ဦးကျော်နိုင်သည် ခိုင်နွေကို ဧည့်ခန်းထဲမှနေ၍ လည်တဆန့်ဆန့်ဖြင့် မျှော်နေခဲ့၏။ ခိုင်နွေက အားကစား

လှေကျင့်ရာမှ ချွေးသံရွှဲရွှဲ၊ စွပ်ကျယ်လက်ပြတ်၊ ဘောင်းဘီတိုပေါ်က ထမီကိုထပ်ဝတ်ပြီး ထွက်လာတော့ ဒေါ်လေးသဇင်က မျက်စောင်းထိုးသည်။

'ဘယ်မှာလဲ ပီကေ'

ဦးကျော်နိုင်သည် ဘောင်းဘီအိတ်ထဲက ပီကေထုပ်ကို ထုတ်ပေးလေသည်။ ပြီးတော့ ခိုင်နွေ့ နောက်ရိုက်မည့် ဇာတ်ကားတွေအကြောင်း မေးသည်။ သူ့ ဖုန်းနံပါတ်ကို ပေးသည်။ လိပ်စာကတ်ကို ပေးသည်။

နောက်ပိုင်းမှာ ဒေါ်လေးသဇင်သည် အိမ်နောက်ဖေးသို့ ဝင်သွားလေသည်။ ဦးကျော်နိုင်ကလည်း ထိုင်မြဲ ဆက်ထိုင်နေ၏။ **ခိုင်နွေ့ကလည်း ရေချိုးချင်လှပြီ။ အဝတ်အစားလဲချင်လှပြီ။** ဘယ်လိုလူကြီးမှန်းလဲမသိဘူး။ အလိုက်မသိလိုက်တာ။

'ကျွန်တော်က တစ်နေရာရောက်ရင် ပြန်ထရမှာ ဝန်လေးတတ်တယ်၊ ဘယ်လိုနှုတ်ဆက်ရမှန်း မသိဘူး'

ခိုင်နွေ့က သဘောကျစွာ ရယ်လိုက်သည်။

'ဒီလိုဆို ဒုက္ခပေါ့၊ မနွေ့တို့အိမ်မှာ ညှော်မထဆန်လဲမရှိဘူး'

ဦးကျော်နိုင်သည် ရယ်လျက်နေရာမှ ထသည်။

'ဟောဒီမှာ ဒေါ်လေးရေ၊ ညှော်သည်က ပြန်တော့မလို့တဲ့'

ခိုင်နွေ့က လှမ်းအော်သည်။

'ဟောဗျာ၊ အတင်းနှင်နေပြီ'

ဒေါ်လေးသဇင်ထွက်လာ၍ သူ နှုတ်ဆက်စကားဆိုလေသည်။

'ထမင်းပါ တစ်ခါတည်း စားသွားမလားလို့ ပြင်နေတာ'

'ဟာ နေပါစေ၊ နောက်မှပဲ စားတော့မယ်'

ဒေါ်လေးသဇင်က ခပ်ထွေထွေ ပြောသည်ကို သူက အတည် ပြန်ပြောနေလေသည်။ ခိုင်နွေက သဘောကျစွာ ရယ်မောနေ၏။

သူ့ကားထွက်သွားတော့ ခိုင်နွေက ဒေါ်လေးသဇင်ကို မေးငေါ့ကာ 'ဘယ့်နှယ်လဲဟင် ဒေါ်လေး၊ အပျိုကြီးဘဝကို စွန့်တော့မလား'

'အမယ် တော်ပါအေ၊ ရွှေစွန်ညို ဘာကိုလိုလို့ ဝဲတယ်ဆိုတာ ငါသိပါတယ်၊ ဒါပဲနော်၊ မနွေဟာ မင်းသမီးဖြစ်အောင် လုပ်ရဦးမယ်၊ လမ်းခုလတ်မှာ အတားအဆီးမခံနဲ့၊ ယောကျ်ားဆိုတာ မျိုးဟာ အူတိုမျိုး၊ ပြီးတော့ ဒီလူကြီးက သူလိုချင်တဲ့ ပုံစံနဲ့ ချုပ်ချယ်မဲ့ပုံ'

ဒေါ်လေးသဇင်က ပါးနပ်စွာ မှတ်ချက်ချသည်။ ခိုင်နွေက တော့ သည်ကိစ္စသည် အရေးတကြီး ဖြစ်လာလိမ့်မည်ဟု မထင် ခဲ့မိပေ။

\+ \+ \+

တယ်လီဖုန်း အတန်တန်ဆက်၍ မနွေ ဘယ်အချိန် ဘယ်နေရာ ရောက်နေသည်ဆိုတာ သူ အမြဲစုံစမ်းနေသည်။ မနွေ ရိုက်ကွင်းမှ ပြန်ချိန်၊ သူ အလုပ်အားချိန်နှင့် ကြုံလျှင် မနွေတို့ တူဝရီးကို

အိမ်ကို အမြဲလိုက်ပို့လေသည်။ တစ်ခါတစ်ရံ ဖေဖေတို့ အိမ်ရောက် နေသည်နှင့် ကြုံလျှင် စကားစမြည် ထိုင်ပြောနေတတ်သေး သည်။

မနွေတို့အိမ်မှာ မိန်းမသားချည်း ရှိသည်ကိုသိကာ လိုအပ် မည့် ထင်တာတွေကို ဝယ်လာတတ်သည်။ သစ်ခွပန်းမျိုးတွေ ရှာလာတတ်သည်။ မနွေက တစ်စတစ်စနှင့် သူ၏ အထိန်းအသိမ်း အပြုစုခံ ကောင်မလေး ဖြစ်လာခဲ့သည်။ ဖေဖေကတော့ ဘာမျှ မပြော။ ဒေါ်လေးသဇင်က သဘော မကျလှပေ။ ရုပ်ရှင်နယ်က လူတွေက မနွေဟာ ဦးကျော်နိုင်ရဲ့ အချစ်တော် ပဲဟု သတ်မှတ် ကာ ခပ်ရှိန်ရှိန် ဖြစ်လာကြသည်။

မင်းသားအောင်ခက်ကတော့ တစ်မျိုးဖြစ်၏။ သူက မနွေကို ပထမဆုံး ရုပ်ရှင်တွဲရိုက်ခဲ့ရသူ ယခု သူလည်း အတန်အသင့် အောင်မြင်သော မင်းသားတစ်လက် ဖြစ်နေပြီ။ မနွေနှင့်သူသည် ရင်းနှီးခင်မင်စွာ လက်တွဲလျက်ရှိ၏။ မနွေက ပွင့်လင်း၍ သူတို့သည် လွတ်လပ်စွာပင် ပြောဆို ဆက်ဆံကြသည်။

'အောင်ခက်နော်၊ မနွေကို ညာပြီးဖက်မထားနဲ့၊ ကလက်ရိုက်တာ တစ်နာရီလောက်ရှိပြီ'

မနွေက ခပ်ပွင့်ပွင့်ပြောလျှင် အောင်ခက်က ရယ်နေတတ် ၏။ ယခုတလော ဇာတ်ကားရိုက်လျှင် အောင်ခက်မျက်လုံးတွေ က အသက်ပါလှသည်။ ဒေါ်လေးသဇင်က အောင်ခက်ကိုလည်း အလစ်မပေးပေ။

'ပထမဆုံးဇာတ်ကားမှာပဲ တွဲရိုက်တဲ့မင်းသားနဲ့ ညားသွားတယ် ဆိုတာမျိုး မဖြစ်စေနဲ့'

ဒေါ်လေးကတော့ သူ့ဘဝမှာ ကျဆင်းခဲ့ရသော သိက္ခာတရားတွေကို မနွေတစ်ယောက်တည်းဖြင့် ပြန်ဆယ်ယူချင်နေသည်။ သူ့မှာ မနွေနှင့် ပတ်သက်လျှင် ဘယ်သူ့ကိုမျှ မယုံနိုင်ပေ။ လက်ရင်းဆရာ ဦးရွှေဖံအောင်ကိုသော်မျှ အလုပ်ချိန်ကလွဲလျှင် အရောမဝင်စေချင်။

'ဒီလူကြီးက မသိရင်ခက်မယ်၊ သမီး သမီးဆိုပြီး ထိပ်ပုတ်ခေါင်းပုတ်နဲ့'

တစ်ခါတစ်ရံတော့လည်း ဒေါ်လေးသဇင်ကို သနားသည်။ ဒေါ်လေးဟာ မနွေကို စောင့်ကြပ်ရတဲ့ ကိုယ်စောင့်နတ်သမီးလိုပါပဲ။ သူ့အလုပ်လည်း သူကောင်းကောင်းမလုပ်နိုင်ပေ။ ဝင်ငွေလျော့ပါးစပြုကာ နာမည်လည်း ကျဆင်းစပြုသည်။ သဇင်ဘော်လီဆိုတာ ရှေးခေတ်မိန်းမတွေလောက်သာ ကောင်းမှန်းသိတော့သည်။

မနွေကတော့ ရုပ်ရှင်နယ်မှာ ကျင့်သားရလာပြီး တစ်ယောက်တည်း နေထိုင်တတ်ပြီဖြစ်သည်။ ဘုရားပြီး ငြိမ်းဖျက်တာရယ် မဟုတ်သော်လည်း ဒေါ်လေးသဇင်ကို နေရာတကာ မလိုက်စေချင်တော့ပေ။ တချို့နေရာတွေမှာ ဒေါ်လေးသဇင်ကိုဟန့်ပြီး အလုပ်မဖြစ်တာတွေ ရှိသည်။

ဥပမာ နယ်ကိုထွက်ရတော့မည် ဆိုပါတော့။ ဒေါ်လေးသဇင် လိုက်ပါမည်ဆိုတော့ မင်းသမီးအားရက်သာမက မင်းသမီးအဒေါ် အားရက်ကိုပါ ညှိရသည်။ အိမ်မှာ ဒေါ်လေးသဇင် မကျန်ခဲ့တော့ နော်နော်တစ်ယောက်တည်း ထားခဲ့၍ မဖြစ်ပြန်။ အိမ်ကို အပ်နှံဖို့ စီမံရပြန်သည်။ ထွက်ပြီဟေ့ဆိုလျှင်လည်း

ဒေါ်လေးသည်က နောက်ဆံတင်းလေတော့ ဖုတ်ပူမီးတိုက် လုပ်တာလေးတွေ ရှိသည်။ တစ်ခါတစ်ရံ မင်းသားနှင့် ရက်ညှိမရ၍ တစ်ယောက်ချင်း ရိုက်ယူရတာတွေ ရှိလာသည်။

အောင်ခက်က ဒေါ်လေးသဇင်၏ အလစ်ကို အမြဲချောင်းနေတတ်သည်။

'မနွေ့ရေ ဟိုနေ့က ရိုက်တဲ့အခန်းမှာ စကားပြောသံတွေ ရောနေလို့ အသံချည်းပြန်သွင်းမယ်၊ ခဏလေး လိုက်ခဲ့ပါတဲ့၊ ဆရာက ခေါ်ခိုင်းလိုက်တယ်'

**ဒေါ်လေးသဇင်က ကားရိုက်မရှိဘူးဆိုပြီး အေးအေးဆေးဆေး ဈေးထွက်သွားသည့်အချိန်မှ လာခေါ်တတ်သည်။**

အောင်ခက်သည် မနွေ့နှင့် လက်ပွန်းတတီးအလုပ်လုပ်နေရလျှင် ပျော်နေတတ်၏။ သည်လိုနေ့မျိုးတွင် ဦးကျော်နိုင်လည်း လာမကြိုတတ်၍ သူ့အကြိုက် တွေ့နေတတ်လေသည်။

'နေပါဦးဟာ မပြန်ပါနဲ့ဦး၊ မနွေ့ကလဲ မင်းသမီးလုပ်နေပြီး ဒီလောက်တောင် အချုပ်အချယ်တွေများနေလိုက်တာ၊ ဟိုလူကြီးက မနွေ့ကို ကပ်နေတာလားဟင်'

'အို မဟုတ်ပါဘူး၊ ဖေဖေ့မိတ်ဆွေမို့ ကူညီစောင့်ရှောက်တာပါ'

'သူက မနွေ့ ကိုယ်တို့နဲ့ စကားပြောတာတောင် မကြိုက်သလိုပဲ'

'ထင်လို့ပါဟာ'

မနွေ့ကလည်း အောင်ခက်အပေါ်မှာတော့ သံယောဇဉ်ရှိသည်မှာ အမှန်။ အတူတကွ အလုပ်လုပ်ခဲ့စဉ် ကာလအတွင်း

အောင်ခက်သည် မန္တေအပေါ် စည်းတော့ စောင့်ခဲ့သည်သာ။ သူလည်း မင်းသားရှားပါးချိန်မှာ နာမည်တက်လာတဲ့ လူငယ်တစ်ယောက်ပဲ။ သူနဲ့တွဲပြီး တက်ချင်သူတွေ တစ်ပုံတစ်ပင်။ တချို့ မင်းသမီးတွေကလည်း မိမိ ဇာတ်ကားများများ ပါဝင်ရိုက်ကူးနိုင်ရေးအတွက် နာမည်ရ မင်းသားတွေနှင့် အဆင်ပြေအောင် ပေါင်းချင်ကြသည်။

'မန္တေကလဲဟာ ဒီလူကြီးကြည့်ရတာ မရိုးသားတာတော့ အမှန်ပါပဲ၊ ကြောက်မနေပါနဲ့၊ ပထုတ်လိုက်စမ်းပါ၊ ငါလေ မန္တေကို ပြောချင်တာတွေ ရှိတယ်'

မန္တေ တုန်လှုပ်သွားသည်။ အောင်ခက်၏ မျက်လုံးတွေက မရိုးသားတော့။

'ငါ ပြန်တော့မယ်ဟာ အောင်ခက်၊ နင်ပြောစရာရှိ နောက်မှ ပြော'

'နေပါဦး၊ ငါ လိုက်ပို့မှာပေါ့'

မန္တေသည် အောင်ခက်၏ ကားကိုတော့ စိတ်ချလက်ချ စီးရဲလေသည်။ သူတို့နှစ်ယောက်က ယခုမှ တွေ့ကြသူတွေမှ မဟုတ်ပဲ။ အောင်ခက်က ယုတ်ယုတ်မာမာ မကြံစည်ဘူးဆိုတာတော့ ယုံကြည်သည်။

သို့သော် အောင်ခက်သည် ကားပေါ်မှာစကားပြောလာ၏။ လူရှင်းသော နေရာမှာ ကားကို ခေတ္တရပ်သည်။ မန္တေ မျက်နှာကို စေ့စေ့ကြည့်သည်။

'ငါ့ကို ယုံပါ၊ ငါဘာမှမလုပ်ပါဘူး၊ ဒါပေမဲ့ နင်သိအောင် ငါ ပြောထားမယ်၊ ငါ နင့်ကို ချစ်တယ်'

မနွေ့က ဘာမှ ပြန်မပြောရမီမှာပင် အောင်ခက်သည် ကားကို အရှိန်ပြင်းစွာ မောင်းလာ၏။ ဘယ်ကိုမှမသွား၊ အိမ်ကို တန်းတန်းမတ်မတ် မောင်းသည်။

အိမ်ရောက်တော့ ဒေါ်လေးသဇင် စောင့်ကြိုနေတာကို တွေ့ရ၏။

'ဈေးကနေ လှမ်းဖုန်းဆက်တော့ ရုပ်ရှင်ခြံ သွားတယ်ဆိုလို့ လိုက်လာမလို့၊ ဒီနေ့ ကားရိုက်မရှိဘဲ ဘာလို့ သွားတာလဲ'

အောင်ခက်သည် ဒေါ်လေးသဇင်ကို ရင်မဆိုင်တော့ဘဲ ကားကို ပြန်မောင်းထွက်သွားလေသည်။

'အသံပြန်သွင်းစရာရှိလို့ပါ ဒေါ်လေးရယ်'

**မနွေ့သည် ရုပ်ရှင်တွင်သာ အမူအရာလုပ်တတ်ပြီး အပြင်တွင် ဟန်မဆောင်တတ်သဖြင့် မျက်နှာပျက်နေလေသည်။ ဒေါ်လေးက မနွေ့ကို ခြေဆုံး ခေါင်းဆုံး ကြည့်သည်။**

'မဖြစ်သေးဘူး၊ ညည်းအတွက် ကားတစ်စီးတော့ ဝယ်မှ ဖြစ်တော့မယ်၊ ခက်တာက မောင်းမဲ့လူမရှိလို့၊ မောင်မောင့်ကို အိမ်ပြန်ခေါ်ထားမှ ထင်တယ်'

'သူ့ကျောင်းတစ်ဖက်နဲ့ ဒေါ်လေးရယ်'

မနွေ့က အိမ်ထဲသို့ဝင်လာခဲ့၏။ ရေအေးအေးတစ်ခွက်ကို သောက်သည်။ သူ အောင်ခက်ကို စိတ်မဆိုးပါ။ ယောက်ျားလေး တစ်ယောက်အနေဖြင့် မိန်းကလေးတစ်ယောက်ကို ချစ်ကြောင်း တော့ ဖွင့်ဟပြောဆိုခွင့် ရှိသည်ပဲ။ သို့သော် သူ့စိတ်က ထင် သလောက် လှုပ်ရှားခြင်းမရှိတော့ပေ။ ထို့ကြောင့် ဒေါ်လေး သဇင် အစိုးရိမ်ကြီးမှုကိုလည်း ရယ်ချင်နေ၏။

'နောက်ထပ်သုံးနှစ်လောက်တော့ ယောကျ်ားမယူပါနဲ့ဦး မနွေ့ရယ်၊ ဒါမှ အပြောလွတ်မယ်၊ ပြီးတော့ အောင်ခက်ကိုလဲ ငါ သဘောမကျဘူး၊ ပညာတော့တော်ပါရဲ့၊ အလုပ်လုပ်ရာမှာ ပေါ့တီး ပေါ့ရွှတ်နဲ့'

ဒေါ်လေးသဇင်က နောက်ကလိုက်လာပြီး ပြောသည်။

'ဒေါ်လေးကလဲမနွေ့က အမြဲပဲ လူပြောလွတ်အောင် နေနေရတော့မှာလား'

စိတ်ထဲရှိတာကို ပြောမိခြင်းမျှသာ ဖြစ်၏။

'အမယ်လေး မိနွေ့၊ ညည်း ငါ့စေတနာကို နားလည်စမ်းပါအေ၊ လူ့ဘဝဆိုတာ လွန်သွားမှ ပြန်ပြုပြင်လို့ရတာမျိုး မဟုတ်ပါဘူး'

ဒေါ်လေးသဇင်က သူ့ဘဝနှင့်ယှဉ်၍ ပြောလိုက်သော စကားတစ်ခွန်းသည် မှန်လှပါပေ၏။

\+ \+ \+

ဒေါ်လေးသဇင်၏ အစိုးရိမ်ကြီးမှုကြောင့် ဦးကျော်နိုင်သည် မနွေ့ကို အမြဲလို စောင့်ရှောက်ခွင့် ရသွားလေသည်။ ဒေါ်လေးသဇင်က အောင်ခက်ကို နည်းနည်းလေးမှ စိတ်မချ။

သည်ကနေ့ပွဲက မင်းသမီးကြီးတစ်ယောက် အကယ်ဒမီရ၍ ကျွေးမွေးဧည့်ခံသည့်ပွဲ။ ထို့ကြောင့် ဒေါ်လေးသဇင်က သူနှင့် မဆိုင်၍ မလိုက်လို။ ဦးကျော်နိုင်ကတော့ သူလည်း ဖိတ်ကြား

ခံရသူဖြစ်၍ သွားမည်။ ခိုင်နွေကိုပါ ဝင်ခေါ်မည်ဟု ပြောသည်။ ဒေါ်လေးသဇင်ကလည်း အောင်ခက် လိုက်ပို့မှာကို စိုးရိမ်၍ ဦးကျော်နိုင်နှင့်ပဲ ပြန်လိုက်ခဲ့ဖို့ မှာသည်။

အင်းလေ အကြောင်းဆုံ၍ ဖြစ်ကြရသည်ပဲ။ ထိုနေ့က ဦးကျော်နိုင်ကလည်း အဝတ်အစား သပ်သပ်ရပ်ရပ်နှင့် အလွန်ပဲကြည့်ကောင်းနေသည်။ သူတို့နှစ်ယောက် ထွက်သွားတော့ ယောကျ်ားက အသက်ကြီးကြီး၊ မိန်းကလေးက ငယ်ငယ်၊ နိုင်ငံခြား ရုပ်ရှင်တွေထဲက စုံတွဲတွေလိုပဲဟု ဒေါ်လေးသဇင် နိမိတ်ဖတ်သံကို တွေးလိုက်မိသေးသည်။

ခိုင်နွေကလည်း ဦးကျော်နိုင်အပေါ်မှာ ကလေးတစ်ယောက်လို နွဲ့တတ် ဆိုးတတ်နေပြီ။ ညှော်ခံပွဲမှာလည်း လူတွေက သူတို့ကို ခိုးကြည့်ကြသည်။ ဦးကျော်နိုင်က ကျေနပ်နေသည်။ ခိုင်နွေက ရှက်ရွံ့နေသည်။

အပြန်နည်းနည်း ညဥ့်နက်သည်။ ဦးကျော်နိုင်က နည်းနည်း ထွေလာသည်။ ကားကို တက္ကသိုလ်ရိပ်သာလမ်းမှသည် အင်းလျား ကန်ဘက် မောင်းလာခဲ့သည်။

'မင်းကို ငါ အိမ်ပြန်မပို့တော့ဘူး'

ဦးကျော်နိုင်က ခိုင်နွေ့မျက်နှာကို စေ့စေ့ကြည့်ပြောသည်။ ခိုင်နွေက စိတ်ထဲမှာ လှုပ်ရှားသည်လား၊ ကြောက်ရွံ့သည်လား အတိအကျမဝေခွဲတတ်။ မိန်းကလေးတစ်ယောက်ကို ချစ်ရေးမဆိုဘဲကားတင်ပြေးမည်ကြံသော သူ့ကို နားလည်ရ ခက်လှသည်။

'ပြန်မပို့လဲ မနွေဘာသာ လမ်းလျှောက် ပြန်မှာပေါ့'

'မင်း ကားပေါ်က ဆင်းရဲရင် ဆင်းကြည့်ပါလား'

ခိုင်နွေက ကားပေါ်မှ ဆင်းမည်ပြုသည်။ ခိုင်နွေ့လက်မောင်းကို ဆုပ်ကိုင်ထားသော သူ့လက်မောင်းများက သန်မာလှသည်။

'မနွေကို ဆွဲမထားပါနဲ့'

'မင်းက နိုင်ငံကျော် မင်းသမီးတစ်ယောက်၊ ဒီအချိန်မှာ လမ်းပေါ် တစ်ယောက်တည်း လျှောက်သွားရင် မင်းဘာဖြစ်သွားမလဲ'

'မသိဘူး'

'မင်း ငါ့ကို မချစ်ဘူးလား'

'မသိဘူး'

အို ခိုင်နွေ့စကားကလည်း မှားသွားသည်ပဲ။ သူ့ကို မချစ်ဘူးလို့ ဘာကြောင့် မပြောမိပါလိမ့်။ ခိုင်နွေ့ စိတ်ကိုက မပြတ်သားတော့တာလည်း ပါသည်။ သူ၏ တည်ကြည်ခန့်ညားပြီး မိန်းမ အတွေ့အကြုံနည်းသော စကား တုံးတိတိတွေကိုလည်း သဘောကျနေမိသည် ထင်ရဲ့။

ရုပ်ရှင်နယ်မှာ ပေါင်းသင်းဆက်ဆံရသူတွေက နူတ်အားဖြင့် စည်းမရှိ။ တရင်းတနှီး ပြောကြ ဆိုကြသဖြင့် ရိုးအီနေသည်။ ယခုလို အပြင်လူတစ်ယောက်ရဲ့ ဇွတ်တရွတ် အပြုအမူတွေက စိတ်ကို လှုပ်ရှားစေတာ အမှန်ပါပဲ။

'မင်းကို ငါ ချစ်တယ်'

'ချစ်ချင်လဲ ချစ်ပေါ့၊ ဘာဆန်းလို့လဲ'

သူက မနွေပခုံးကို ဆွဲလှည့်သည်။

'မင်းလို မင်းသမီးတစ်ယောက်အတွက် ချစ်တယ်ဆိုတဲ့ စကားဟာ မဆန်းဘူးပေါ့'

သူက ခိုင်နွေ့ပခုံးကို ဆတ်ခနဲပြန်လွှတ်လိုက်သည်။ ပြီးတော့ ကားကို မောင်းထွက်သွားသည်။ သူ့အိမ်ဆီကို ဦးတည် မောင်းနေသည်။ သူ ဒေါသတကြီး ကားမောင်းနေပုံကိုကြည့်ကာ ခိုင်နွေ ပျော်လာသည်။

'စဉ်းစားနော်၊ မနွေဟာ မင်းသမီးတစ်ယောက်၊ အလိုမတူဘဲ ကားတင်ပြေးပါတယ်လို့ တိုင်လိုက်မယ်'

သူဘာမှ မပြောချေ။ ကားကို ပို၍ မြန်မြန်မောင်းသည်။ ခိုင်နွေ ကြောက်လာသည်။

'ဖြည်းဖြည်းမောင်းပါ၊ မနွေ သေတော့ မသေချင်သေးဘူး၊ ခု ဘယ်ကိုသွားမှာလဲ'

သူကားကို အရှိန်လျှော့၍ ဆက်မောင်းသွားသည်။

'မင်းကို ငါ စိတ်မချတော့ဘူး၊ မင်းဒေါ်လေးကလဲ ပြောတယ်၊ အောင်ခက်ကို ကြည့်ရတာ အကဲမရဘူးတဲ့၊ မင်းနဲ့ အောင်ခက် ချစ်နေကြလား'

'ဟင့်အင်း၊ မနွေကတော့ သူ့ကို မချစ်ပါဘူး'

'သူကတော့ ချစ်နေတယ်ပေါ့'

'ဟုတ်မှာပေါ့'

ဦးကျော်နိုင်သည် သူ၏ တိုက်ခန်းရှေ့မှာ ကားကို ရပ်လိုက်လေသည်။

'အိမ်မှာ အမေရှိပါတယ်၊ အပေါ် ခဏလိုက်ခဲ့ပါ'

'ဦးကျော်နိုင်က အမေနဲ့ နေတာလား'

ဦးကျော်နိုင် ခေါင်းညိတ်ပြသည်။

ခိုင်နွေ၏ စိတ်တွေကလည်း ထွေပြားနေသည်။ ဒေါ်လေးသဇင် စိတ်ပူနေရော့မည်။ ဦးကျော်နိုင်၏ အခန်းမှ ဖုန်းဆက်လိုက်မည် စိတ်ကူး၏။

ဦးကျော်နိုင်၏ မိခင်သည် အသက်အရွယ် ကြီးရင့်လှပြီ။ အခန်းထဲမှာ မမြင်မကမ်းနှင့် လျှောက်သွားနေ၏။ ခိုင်နွေကို တွေ့တော့ 'ဟိုမင်းသမီးလေးလား' ဟု မေးပြီး မျက်နှာကို စမ်းကြည့်သည်။ မိခင်မေတ္တာနှင့် ကင်းဝေးခဲ့ရသော ခိုင်နွေသည် မျက်ရည်များ ဝဲလာလေသည်။

ခိုင်နွေက ဒေါ်လေးသဇင်ဆီ ဖုန်းဆက်သည်။

နော်နော်က ထူးသည်။

'ခုပဲ ဒေါ်လေးလိုက်သွားတယ် မနွေ၊ မနွေတို့သွားတဲ့ဆီ ဖုန်းဆက်တော့ ဦးကျော်နိုင်နဲ့ ထွက်သွားတယ်လို့ ပြောတယ်တဲ့၊ ဒေါ်လေးတော့ စိတ်ပူပြီး လိုက်သွားတာပဲ၊ မတွေ့ရင် ရဲကို တိုင်မယ်တဲ့'

'အို ဒေါ်လေးလုပ်တာနဲ့တော့ ရှုပ်ကုန်ပါပြီ'

'ဘာတဲ့လဲ'

ဦးကျော်နိုင်က လှမ်းမေးသည်။

'ဒေါ်လေးက ခိုင်နွေ့ကို လိုက်ရှာနေတာတဲ့၊ မတွေ့ရင် ရဲတိုင်မယ်တဲ့'

'အို ဘုရား ဘုရား၊ အမေ့သား လူရိုးကြီးပါ သမီးလေး ရယ်၊ ရဲတွေ ဘာတွေ မတိုင်ပါနဲ့၊ သမီးတို့က ချစ်သူတွေ မဟုတ် ဘူးလား၊ အမေ့သား ဒုက္ခရောက်အောင် မလုပ်ကြပါနဲ့ကွယ်'

ဦးကျော်နိုင်၏အမေက တုန်တုန်ယင်ယင်ဖြင့် ပြောနေ ပြန်သည်။

**ခိုင်နွေသည် ဘာလုပ်ရမည် မသိ။ ဦးကျော်နိုင်ကို လှမ်းကြည့်၏။ ဦးကျော်နိုင်သည် အေးအေး ဆေးဆေးပင် ပြုံးနေ၏။**

'ဒေါ်လေးသဇင်ဟာ အစိုးရိမ်လွန်ပြီး အမှားမှားအယွင်း ယွင်းတွေ လုပ်တော့မှာပဲ၊ ဘာလုပ်ရမလဲဟင်'

'ဘာမှ မလုပ်ပါနဲ့ကွယ်၊ ခိုင်နွေ ကိုယ့်ကို ဒုက္ခမပေးဘူးလို့ ကိုယ်ယုံပါတယ်'

'ဒေါ်လေးသဇင်က ဒီအိမ်ကို မသိဘူး၊ နော်နော့်ဆီ ဖုန်း ထပ်ဆက်မှာပဲ'

'မဆက်ပါနဲ့ကွယ်၊ မသိတော့ သူ လိုက်မလာနိုင်ဘူးပေါ့'

'အို ဒီလိုဆို ခိုင်နွေ အိမ်ပြန်မယ်'

'ခုလောက်ဆိုရင် ရွှေမင်းသမီးလေး ပျောက်သွားတာကို ရပ်ရှင် တစ်လောကလုံးက သိကုန်ပြီ၊ မနွေ ရှင်းပြလို့ ယုံပါတော့ မလား'

ခိုင်နွေသည် ကုလားထိုင်ပေါ်မှာ နွမ်းလျစွာ ထိုင်ချလိုက်မိ၏။ အမေက ခိုင်နွေ၏လက်များကို လာရောက်ဆုပ်ကိုင်သည်။

'အမေ့သား ဒုက္ခရောက်အောင်တော့ မလုပ်ပါနဲ့ သမီးရယ်'

\+ \+ \+

ရုပ်ရှင် စာစောင်တွေက ရေးကြပြီ ဆိုတော့ ခိုင်နွေကလည်း ဘာမျှ မဖြေရှင်း ချင်တော့။ တကယ်တော့ ခိုင်နွေ ဦးကျော်နိုင် ဆီမှ ညတွင်းချင်းပင် ပြန်လာခဲ့သည်။ အပျိုကြီး ဒေါ်လေး သဇင်က ထင်ရာတွေ လုပ်ခဲ့ပြီးပြီ။ သည်တော့ နောက်တစ်ပတ် အကြာမှာပင် ခိုင်နွေနှင့် ဦးကျော်နိုင် လက်ထပ်ဖြစ်ခဲ့သည်။ သည် အချိန်မှာ မိမိ၏နာမည်ကိုရော အားလုံး၏ ဂုဏ်သိက္ခာကိုပါ ဆယ်တင်ဖို့ သည်တစ်နည်းပဲ ရှိတော့သည်။

ဒေါ်လေးသဇင်ကတော့ အောင်ခက်လက်က လွတ်ရင် ပြီးရောဟု သဘောထားသည်။ ဖေဖေကလည်း အပုပ်နံ့ လှိုင် သော ရုပ်ရှင်နယ်မှာ ခိုင်နွေတစ်ယောက် တည်တည်တံ့တံ့ လူတစ်ယောက်နှင့် လက်ထပ်လိုက်တာ ကြွေ့ရသည်ဟု ယူဆ သည်။

ခိုင်နွေကလည်း ဦးကျော်နိုင်ကို ချစ်တာပါပဲ။ ရည်းစား မထားရဘဲ ယောကျ်ားယူလိုက်ရတော့ စိတ်ကတော့ ဇဝေဇဝါ

ဖြစ်သည်။ မှားသလား မှန်သလားပင် မစဉ်းစားတတ်တော့ချေ။

သို့သော် ဘဝကတော့ တစ်ဆစ်ပြောင်းခဲ့ပြီ ဖြစ်၏။ ပြုပြင် ပြောင်းလဲ၍လည်း မရတော့ပေ။ ထိုအချိန်ကစပြီး ခိုင်နွေ ဆိုသော မင်းသမီး တစ်လက်သည် အနုပညာရှင်တစ်ယောက်သာမက အိမ်ထောင်ရှင် မိန်းမတစ်ယောက်လည်း ဖြစ်ခဲ့ရပြီတည်း။

# [၉]

ဇာတ်ကား ကန်တော့ပွဲ ပေးသည့်နေ့မှာ တင်အေးမြင့်ရော၊ ချိုရည်နွယ်ရော ပါလာသည့်အတွက် ခိုင်နွေ အံ့သြနေသည်။ သည်နှစ်ယောက်က မကြာသေး မီက ဇာတ်ကားတစ်ကားတည်းမှာ အတူသရုပ်ဆောင်ပြီး နာမည်ရလာသည့် အရန်မင်းသမီးလေး နှစ်လက်။ သူတို့နှစ်ယောက် မတည့်ကြတာလည်း အားလုံး သိသည်။ ကိုသန်းနိုင်က ဘာသဘောနှင့် ဒီနှစ်ယောက်လုံးကို ထည့်သုံးရသလဲ။

စာရေးဆရာမ မြကြည်ဇင်ကတော့ ချက်ချင်းသဘော ပေါက်သည်။

'ဘယ်သူက စိမ်းလဲ'ဟု မေးသည်။

'ကျွန်မပါ'ဟု ချိုရည်နွယ်က ဖြေသည်။

'ဒါဆိုရင် သူက မီမီပေါ့'

မြကြည်ဇင်က တင်အေးမြင့်ကို လက်ညှိုးထိုးပြီး ပြောသည်။ တင်အေးမြင့်က ခေါင်းညိတ်သည်။ သည်ကြားထဲမှာ ကိုသန်းနိုင်နှင့် တင်အေးမြင့် တစ်ကြိမ်ထပ်တွေ့သည်။ 'တို့က စိမ်းကိုပဲ မဲနေကြတယ်၊ ဝတ္ထုကို ပြန်ဖတ်ပါဦး၊ မီမီက ပိုတောင် ကောင်းသေးတယ်၊ ပရိသတ်ရဲ့မေတ္တာကိုလဲ ရမယ်' ဟု ကိုသန်းနိုင်က ရှင်းပြသည်။ တင်အေးမြင့်ကတော့ စိမ်း၏စရိုက်က ရှင်သန် တက်ကြွ၍ ပိုသဘောကျသည်။ သို့သော် ဗီလိန်တော့ ဖြစ်သည်။ ပြီး ကိုသန်းနိုင်သည် သည်အချက်မှာလည်း ဦးမြကြိုင်ကို လက်လျှော့လိုက်ပြီဆိုတာပါ သိလိုက်သည်။

တကယ်တော့ ချိုရည်နွယ်က ယတြာကောင်း၍ပဲလားတော့ မသိ။ တကယ့်ပြဿနာက နီနီ ဖြစ်သည်။ နီနီသည် ချိုရည်မှ ချိုရည်ဖြစ်နေသည်။ ချိုရည်နွယ်ကိုမှ နေရာမပေးလျှင် တင်အေးမြင့်နှင့် ထွက်နေသည့်သတင်း မှန်လို့သာဟု အတိအလင်း စွပ်စွဲအရေးဆိုတော့သည်။

မိမိအလုပ်မှာ မဆိုင်သည့်ကိစ္စတွေ ဝင်ရှုပ်သည့်အတွက် ကိုသန်းနိုင် စိတ်ညစ်ပါသည်။ သို့သော် အလုပ်ဆက်လုပ်နိုင်ဖို့က အရေးကြီးသည်။ ထို့ကြောင့် တင်အေးမြင့်နှင့် တိုးတိုးတိတ်တိတ် တိုင်ပင်ပြီး မျက်စိလည်အောင် လုပ်ပစ်ရတော့သည်။ သည်အတွက် ကိုသန်းနိုင်နှင့် တင်အေးမြင့်မှာ တစ်ယောက်ကိုတစ်ယောက် နားလည်မှုတွေ ပိုလာသည်ကိုတော့ နီနီ မသိပေ။

လူစုံလုနီးပြီ။ မိုးဦးကတော့ရောက်မလာ။ နယ်ထွက်နေသလား မသိ။ တစ်ခါတစ်ရံတော့လည်း မင်းသားတွေကို မှီပြီး အလုပ်လုပ်ရသည်ကို ခိုင်နွဲ့ စိတ်ပျက်သည်။ သုံးကားတွဲစနစ် တင်ရာမှာ

မင်းသားကိုမှတည်ပြီး တင်ရသည်ဆိုတော့ မင်းသမီးမှာ ရက်တွေ ထပ်ကုန်သည်။ တချို့ကားတွေကို လက်လွှတ်လိုက်ရသည်။

ခဏအကြာတွင် မင်းသမီးကြီး ဒေါ်နီလာခင် ရောက်လာသည်။ ခိုင်နွေက ခရီးဦးကြိုပြုသည်။ ဒေါ်နီလာခင်က လုပနုပျိုဆဲပင် ဖြစ်သည်။ မင်းသားကြီး ဦးခင်ဇော်နှင့် ဦးသက်ဖေတို့လည်း ရောက်လာသည်။ ဦးသက်ဖေကတော့ ကြိုင် ရုပ်ရှင်၏ ပင်တိုင် မင်းသားမို့ သည်ဇာတ်ကားမှာ ပါဝင်ရသည်မှာ အထူးပြောစရာ မလို။ သည်ဇာတ်လမ်းမှာပါဝင်သည့် ဇာတ်ကောင်တွေက တစ်ယောက်နှင့်တစ်ယောက် အားပြိုင်နေကြသည်။

'ဒါဆိုရင် မင်းသမီးနောက်တစ်ယောက် လိုသေးတာပေါ့၊ သူက ဘယ်သူလဲ'

သူ့ဇာတ်လမ်းကို သူ ပိုင်နေသော မြကြည်ဇင်က ကိုသန်းနိုင်ကို မေးသည်။

'ဟုတ်တယ်ဗျ၊ ဖြစ်နိုင်ရင် ဒေါ်နီလာခင်ကိုတောင် နှစ်ကိုယ်ခွဲပစ်ချင်တယ်၊ ခုလောလောဆယ်တော့ ဒေါ်သန်းကြည်ကို လျာထားတယ်၊ သူလဲ နယ်ထွက်နေလို့'

ကိုသန်းနိုင်က ပြောသည်။ ပြီးတော့ ရုပ်ရှင်သမားတို့ ထုံးစံအတိုင်း လုပ်စရာရှိတာ လုပ်ကြ၊ စားကြ၊ သောက်ကြ စကားဝိုင်းဖွဲ့ကြသည်။ စုပေါင်း ဓာတ်ပုံရိုက်ကြသည်။ ခိုင်နွေသည် ရိုးရိုးဘလောက်စ်နှင့်လုံချည် ပြောင်လေးကိုပဲ ဝတ်လာသည်။ တင်အေးမြင့်လည်း ထုံးစံအတိုင်း တီရှပ်နှင့် လုံချည်ပြောင်။ ချိုရည်နွယ်ကတော့ ဆံထုံးထုံးပြီး သဇင်ပန်းနှစ်ခက် ပန်ထားသည်။ ယဉ်တော့ ယဉ်သား။

'ဒီကပြီးရင် မနွေ ဘယ်သွားမှာလဲ၊ ကားရိုက်ရှိသလား'

မင်းသမီးကြီးနှင့် အဖွဲ့ကျနေသော မြကြည်ဇင်က မေးသည်။ မြကြည်ဇင်က ထက်မြက်သောမိန်းမများကို စိတ်ဝင်စားမြဲဖြစ်၏။ သူတို့ ဘဝကိုလည်း နှိုက်နှိုက်ချွတ်ချွတ်ပြီးသိချင်သည်။ ခိုင်နွေကလည်း ပွင့်လင်းသည်။ သူ မပြောရဲတာ ဘာမှမရှိ။

'မရှိပါဘူး အစ်မရဲ့၊ ခိုင်နွေလေ အစ်မကို ပြောစရာတစ်ခုရှိတယ် သိလား'

မနွေက ရင်းနှီးစွာ ပြောသည်။

'ဟုတ်လား၊ ဒါမျိုးဆို အစ်မကလဲသိပ်သိချင်တာပဲ၊ အားရင် အိမ်လိုက်ခဲ့ပါလား၊ အိမ်ကလူကြီးလဲ ရုံးသွားတယ်၊ ငါးနာရီထိတော့ အချိန်ရပါတယ်'

'ကောင်းသားပဲ၊ အစ်မမှာ ကားပါသလား'

'ဟင့်အင်း သူ့ကားသုံးရတာ ပြဿနာတက်လွန်းလို့ တက္ကစီနဲ့ လာတာ မနွေရော'

'ကားပျက်တာကြာပြီ အစ်မရာ၊ ဒါရိုက်တာကိုပဲ ပို့ခိုင်းကြတာပေါ့'

ဒါရိုက်တာမှာလည်း မင်းသမီးအငယ်နှစ်ယောက် ထိန်းရတာနှင့် မအားရပေ။ သူတို့နှစ်ယောက်က ဓာတ်ပုံတွေ အပြိုင်အဆိုင် ရိုက်နေကြပါပကော။

'မနွေတို့ပြန်ချင်ရင် ကားယူသွားလေ၊ ပြီးတော့မှ ပြန်လွှတ်လိုက်ပါ'

ကိုသန်းနိုင်က ကြားသဖြင့် လှမ်းပြောသည်။

'အစ်မကြီးကော တစ်ခါတည်း လိုက်ခဲ့မလား'

မြကြည်ဇင်က ဒေါ်နီလာခင်ကို မေးသည်။

'မလိုက်တော့ဘူး၊ အမေ့ခေါင်မှာ ကားပါပါတယ်၊ စာရေးဆရာမ မြကြည်ဇင်ဆိုတာ အသက်ကြီးပြီလား အောက်မေ့တယ်၊ ငယ်ငယ်ပဲ ရှိသေးတာကိုး'

မြကြည်ဇင် သဘောကျသွားသည်။

'အစ်မကြီးကလဲသိပ်နေတာပဲ၊ ကျွန်မလေ အစ်မကြီးနဲ့လဲတွေ့ချင်တယ်၊ အစ်မကြီးတို့လို ပညာဝါရင့်တဲ့ မင်းသမီးတစ်ယောက်ရဲ့ အတွေ့အကြုံတွေကိုလဲ သိချင်တယ်'

'ဟုတ်လား၊ အိမ်လာလည်ဦးလေ၊ ပြောပြမှာပေါ့ကွယ်'

'တကယ်လာမှာနော်'

'လာပါ လာပါ'

မြကြည်ဇင်နှင့် ခိုင်နွေသည် အားလုံးကိုနှုတ်ဆက်ပြီး ပြန်ခဲ့သည်။ တင်အေးမြင့်နှင့် ချိုရည်နွယ်ကတော့ သူတို့ကို စိတ်မဝင်စားနိုင်ပေ။ ဓာတ်ပုံလှလှရိုက်ဖို့သာ စိတ်စောကြသည်။

မြကြည်ဇင်သည် ခိုင်နွေ့အတွက် အအေးနှင့်မုန့်များ စီမံပေးသည်။ ကလေးတွေလည်း မရှိ၍ မြကြည်ဇင်၏ အခန်းမှာ ဆိတ်ငြိမ်နေသည်။

'ကျွန်မ ဦးကျော်နိုင်နဲ့ အိမ်ထောင်ကျစက နေခဲ့ရတာ ဒီလိုအခန်းမျိုးလေးပဲ အစ်မ၊ နောက်မှ ဖိုးစိန်လမ်းကအိမ်ကို ပြောင်းကြတာ၊ သူက အမေအိုကြီးကိုပစ်ပြီး လိုက်မနေချင်ဘူးလေ၊ မနွေကလဲ မင်းသမီးကြီး တစ်လက်ဖြစ်နေပြီပဲ အစ်မရယ်၊ မနွေအတွက် သီးသန့်နေရာလေးမှမရှိဘဲ ဘယ်လိုလုပ်နေမလဲ'

ခိုင်နွေက စကားစသည်။

'အင်းပေါ့၊ ဒါထက်နေပါဦး၊ ပြောစရာရှိတယ်ဆိုတာ ဘာလဲဟင်'

'ဟား ဟား ရယ်ရတယ် အစ်မရေ၊ မနေ့ကလေ မနွေ့ သူနဲ့ တွေ့ခဲ့ရတယ်အစ်မ၊ မင်္ဂလာဆောင်ညစ့်ခံပွဲတစ်ခုမှာပေါ့၊ သူရှိနေမှန်းလဲ လူတွေကသိတော့ မနွေကို ဝိုင်းကြည့်လိုက်ကြတာလေ၊ ပြီးတော့ သီချင်းဆိုဖို့ ပွဲတောင်းတယ် အစ်မရယ်၊ မနွေ သီချင်းမဆိုတတ်ပါဘူးလို့ပြောတာလဲ မရဘူး၊ မနွေက မင်းသမီး သိတာနဲ့ပတ်သက်ပြီး အဲဒီပွဲကို သွားရတာ၊ ဆိုခိုင်းတဲ့သီချင်းကလဲ မမေ့နိုင်သောချစ်သူတဲ့၊ သူလေ မျက်နှာကြီးကို ရဲနေတာပဲ၊ သူက လူကြီးလူကောင်းတစ်ယောက် မဟုတ်လား အစ်မရယ်၊ ပြီးတော့ အဲဒီချိန်မှာ မနွေဘေးမှာ ကိုကျော်ဇင်ကလဲရှိနေတယ်'

ကိုကျော်ဇင်မှာ ခိုင်နွေနှင့် တွဲနေသည်ဟု နာမည်ထွက်နေသူမှန်း မြကြည်ဇင် သိသည်။

'ကိုကျော်ဇင်နဲ့ မနွေက ဘယ်လိုလဲ'

မြကြည်ဇင်က ရင်းနှီးစွာ စပ်စုလိုက်သည်။

'မနွေက မကြာခင် သူနဲ့ လက်ထပ်တော့မှာ'

ခိုင်နွေ၏ အသံသည် တိမ်ဝင်သွားတော့သည်။

\+ \+ \+

**ဦးကျော်နိုင်နှင့်လက်ထပ်ခဲ့သော ခိုင်နွေ၏ မင်းသမီး ဘဝ** သည် ကျဆင်းမသွားခဲ့သေးပါ။ ခိုင်နွေသည် ဇာတ်ကား အများ

ဆုံး ရိုက်ကူးရသော နံပါတ်တစ် မင်းသမီးတစ်လက်အဖြစ် ရောက်ရှိပါသေးသည်။ အိပ်ခန်း တစ်ခန်းသာရှိသော ဦးကျော်နိုင်၏ အခန်းမှာ ခိုင်နွေ၏ အဝတ်အစားများနှင့်ပင် ထားမလောက်အောင် ဖြစ်နေခဲ့လေသည်။ ခိုင်နွေ၏ ဧည့်သည်များဖြင့်လည်း ဧည့်ခန်းသည် ပြည့်လျှံ၍လာ၏။ တယ်လီဖုန်းသည်ပင် ခိုင်နွေ့အတွက်နှင့်ပင် အချိန်ပြည့်အလုပ်လုပ်နေရသည်။ ဦးကျော်နိုင်၏ အခန်းကျဉ်းလေးထဲမှာ ဦးကျော်နိုင်အတွက်နေရာသည် မရှိသလောက် ဖြစ်လာသည်။ အမေဆိုသည်မှာ မပြောနှင့်တော့။ အသက်ကြီးကာမှ နားအေး ပါးအေး နေရမည့်နေရာမရှိ။

'ဒေါ်လေး သဇင်လဲ တစ်ယောက်တည်း စိတ်ဓာတ်ကျနေတယ်၊ ဖိုးစိန်လမ်းအိမ်ကို ပြန်နေကြရအောင် အစ်ကိုကြီးရယ်'

အမေ့ကို တစ်ယောက်တည်းထားခဲ့လို့ ဘယ်ဖြစ်မလဲ'

ခါတိုင်းတော့ ဦးကျော်နိုင်မရှိသည့်အချိန် အမေ့တူမတစ်ယောက်က လာရောက်ကြည့်ရှုပေးသည်။ ယခုတော့ ခိုင်နွေနှင့်ပင် တစ်အိမ်လုံးပြည့်နေသဖြင့် စိတ်ပျက်ပြီး မလာတော့ပေ။

ယောက္ခမသည် ခိုင်နွေ့ကိုတော့ ချစ်ရှာပါ၏။ သို့သော် ရုပ်ရှင်သမားတွေ၏ ပြောဆိုဆက်ဆံပုံကို ဘဝင်မကျလှ။ အဆိုးဆုံးကတော့ သားအမိချင်းသော်မှ အေးအေး ဆေးဆေး စကားပြောရမည့်နေရာ မရှိတော့ပေ။ ခိုင်နွေမို့ အိမ်မှာ မရှိပြန်လျှင်လည်း တစ်အိမ်လုံးမှာ ပွစာကြဲ၍ ကျန်ရစ်သည်။ ခိုင်နွေက အိမ်ထောင်သည်တစ်ယောက် ဖြစ်နေပြီဆိုတော့ ဒေါ်လေး သဇင်သည်လည်း ဝတ္တရား ကုန်ပြီဖြစ်၍ ခိုင်နွေ့နောက်ကို

မလိုက်နိုင်တော့။ သည်အစိုင်အခဲအားလုံးက တစ်နေ့မှာ ပေါက်ကွဲသည်။

တကယ်တော့လည်း ယောကျ်ားတစ်ယောက်အနေဖြင့် အလုပ်မှပြန်လာလျှင် အေးအေး ဆေးဆေး အနားယူချင်သည်။ **မိန်းမ၏မျက်နှာကို မြင်ချင်သည်။ ဦးကျော်နိုင်အိမ်ပြန်ရောက်ချိန်တွင် ခိုင်နွေက အိမ်မှာရှိခဲလှသည်။**

ဦးကျော်နိုင် ပြန်ရောက်လာတော့ သားရေအိတ်ကို ဆီးယူမည့်သူ မရှိ။

ဦးကျော်နိုင်က ဧည့်ခန်းကုလားထိုင်ပေါ်သို့ သားရေအိတ်ကို ပစ်ချလိုက်သည်။ ဖိနပ်ကိုလည်း ဒေါပွပွဖြင့်ကန်၍ ချွတ်လိုက်သည်။ ထိုဖိနပ် တစ်ဖက်သည် အရန် သုံးဆယ်လောက်ရှိသော ခိုင်နွေ့ ဖိနပ်စင်နားမှာ သွားကျသည်။ မှောက်တချို့၊ လှန်တချို့၊ အဖြူတချို့၊ အနီတချို့ ပြန့်ကြဲနေသော ခိုင်နွေ့ဖိနပ်များ။

ဦးကျော်နိုင်သည် ကျန်သည့် ဖိနပ်တစ်ဖက်ကို ပစ်ပေါက်လိုက်သည်။ အမေသည် မမြင်မစမ်းဖြင့် တန်းပေါ်မှ အဝတ်များကို သိမ်းနေသည်။ ထိုအချိန်မှာ တယ်လီဖုန်းက မြည်လာသည်။

'ခိုင်နွေ ရှိပါသလား ခင်ဗျာ'

'မရှိဘူး ခင်ဗျ'

'သြော် ဦးကျော်နိုင်လား၊ ကျွန်တော် မြရပ်ရှင်က ကိုသန်းဇော်ပါ၊ မနက်ဖြန် မနက် နေသာရင် ထောက်ကြံ့ဘက်မှာ ရိုက်ဖြစ်မယ်၊ အဲဒါ ပြောပေးပါ'

'ဟုတ်ကဲ့ ခင်ဗျ'

ဦးကျော်နိုင်က တယ်လီဖုန်းခွက်ကို ဆောင့်ချလိုက်သည်။

'သား ရေချိုးတော့မလား'

အမေက မေးသည်။ အဖော်အလျော်အဖြစ် ခေါ်ထားသော ကောင်မလေးသည် အဝတ်တွေ တစ်ပုံတစ်ပင် လျှော်နေဆဲ။

'ဟဲ့ ဒီမှာ သားရေချိုးမယ်၊ ရေချိုးခန်း ခဏဖယ်ပေးလိုက်ဦး'

'ဟုတ်ကဲ့၊ မမက ဒီအဝတ်အစားတွေ နောက်နေ့ဝတ်ဖို့ အရေးကြီး တယ်ဆိုလို့ ခဏလေး အစ်ကိုကြီး'

ဦးကျော်နိုင်သည် အိပ်ခန်းထဲသို့ ခြေဆောင့်၍ဝင်သွားသည်။ ခုတင်ခြေရင်းမှာ ခိုင်နွေ၏ သားရေအိတ်တစ်လုံးသည် ပွင့်လျက်သား။ လုံချည်အချို့က အန်ကျနေသည်။ တစ်နေ့က မှ ပြင်ဦးလွင်က ပြန်လာသည့် ပစ္စည်းတွေ နေရာတကျ မသိမ်းရသေး။ ဦးကျော်နိုင်က သားရေအိတ်ကို ကန်ချပြီး အိပ်ရာပေါ်မှာ လှဲသည်။ ခေါင်းအုံးအောက်တွင် ခိုင်နွေ၏ အလှဝတ်လက်ကောက်တစ်ဖက် ခုနေသည်။

ထိုစဉ် တယ်လီဖုန်းက မြည်လာပြန်သည်။

'သားရေ လာပါဦး'

အမေက လှမ်းခေါ်သည်။

'ပြောပါခင်ဗျာ'

'ဩော် ခိုင်နွေ မရှိဘူးထင်ပါတယ်နော်၊ ၁၇ ရက်နေ့မှာ ခိုင်နွေ ရိုက်ရက် အားသလားလို့ပါ၊ အားရင် အဲဒီရက်လိုချင်လို့ ကြည့်ပေးပါ ခင်ဗျာ'

ဦးကျော်နိုင်သည် နံရံတွင် ချိတ်ထားသော ခိုင်နွေ၏ အချိန်ဇယားပြ ပြက္ခဒိန်ကြီးကို ကြည့်ရပြန်သည်။

'အဲ ဘာမျှ ရေးထားတာ မတွေ့ဘူး ခင်ဗျ'

'ဟာ ဒါဆိုရင် အစ်ကိုကြီးရေ၊ ကျွန်တော်တို့ အဲဒီရက်လိုချင်တယ်၊ ပြောပေးပါဦး၊ မှတ်လဲထားပေးပါဦး၊ အချစ်ရူးဇာတ်ကားအတွက်ပါ'

'ကောင်းပါပြီ ခင်ဗျ'

တစ်ဖက်က ကျေးဇူးတင်ပါတယ်တွေ၊ ဘာတွေပြောပြီးတယ်လီဖုန်း ချသွားသည်။ ဦးကျော်နိုင်က ပြက္ခဒိန်ပေါ်ရှိ ၁၇ ရက်နေ့ ကွက်ပေါ်တွင် အချစ်ရူးဟု မင်နီဖြင့် ခပ်ဖိဖိရေးချလိုက်သည်။ စာရွက် ပေါက်ထွက်သွားလေသည်။ အချစ်ရူးဆိုသည့် စာလုံးများကမူ သူ့ကိုလှောင်နေသလို ရှိတော့၏။

'အစ်ကိုကြီး၊ ရေချိုးခန်းအားပြီ'

ကောင်မလေးက လာပြောသည်။ ဦးကျော်နိုင်သည် ရေကိုစိတ်ရှိလက်ရှိ လောင်းချိုးလိုက်၏။ အိမ်ထောင်ရဲ့ အရသာဆိုတာဘာလဲ၊ ခိုင်နွေနှင့်သူ မျက်နှာချင်းဆိုင်ရတဲ့ ရက်တောင်နည်းလာပါပကော၊ **ခိုင်နွေသည် မကြာခင်နယ်ပြန်ထွက်ဖို့ အစီအစဉ် ရှိ**နေပြန်သည်။ လူတွေက ဘာကြောင့် ခိုင်နွေမှ ခိုင်နွေ ဖြစ်နေကြသလဲ။ ဦးကျော်နိုင်သည် ခိုင်နွေ၏ အောင်မြင်ကျော်ကြားမှုကို စက်ဆုပ်လာသည်။

ဟင်းများသည် အေးစက်လျက်ရှိ၏။ မနက်က ခိုင်နွေ ကမန်းကတန်း စီမံခဲ့သော ဟင်းများ၊ ဝက်သားတုံးများသည် အေးစက်ပြီး အဆီခဲနေသည်။ ဦးကျော်နိုင် ရမ်ပုလင်းကို ရှာသည်။ ရမ်ပုလင်းဖောက်တံ ရုတ်တရက်မတွေ့။ ကောင်မလေး ကို အော်တောင်းမှ ဇွန်း၊ ခက်ရင်းတွေ ကြားကရှာပြီး လာပေးသည်။

'သား ထမင်းမစားသေးဘူးလား၊ သောက်ဦးမလို့လား'

'မစားသေးဘူး အမေ၊ အမေကော စားပြီးပြီလား'

'ညနေဘက် သိပ်စားမကောင်းလို့ မစားတော့ပါဘူးကွယ်၊ မနွေက သူပြန်လာအောင် စောင့်ပါလို့တော့ ပြောသွားတာပဲ၊ ဒါပေမဲ့ စာရင် စားနှင့်ပေါ့၊ သူ့အလုပ်က အချိန်တိကျ တာမှ မဟုတ်တာ'

အမေ့ရှေ့မှာ ဒေါသကို မျိုသိပ်ထားရပြန်သည်။ ရမ် တစ်ခွက်ကို ရေရော၍ သောက်ပစ်သည်။ ထမင်းတစ်လုတ်နှစ် လုတ်စားသည်။ အေးစက်သော ဟင်းများက လည်ချောင်းမှာ တစ်ဆို့နေသည်။ ထိုစဉ် တယ်လီဖုန်းမြည်လာသည်။ ဦးကျော်နိုင် မထူး။ ကောင်မလေး သွားကိုင်သည်။

မမက ဆက်တယ်၊ ရိုက်လက်စ မပြတ်သေးလို့ ထမင်း စားနှင့်ပါတဲ့၊ ဆယ်နာရီလောက်မှ ပြန်ရောက်မယ်၊ လာမကြို ပါနဲ့၊ ကုမ္ပဏီကကားနဲ့ လိုက်ပို့မယ်တဲ့'

ဦးကျော်နိုင် ဘာမျှမပြော။ လက်ကို သဲသဲမဲမဲဆေးကာ အိပ်ခန်းထဲ ပြန်ဝင်ခဲ့သည်။ နံရံတွင်ချိတ်ထားသော ခိုင်နွေ၏ ဘောင်းဘီတိုနှင့် ပြက္ခဒိန်လေးက ဦးကျော်နိုင်ကို လှောင်

ပြောင်နေသည်။ ဦးကျော်နိုင်သည် နံရံကို လက်သီးဖြင့်ထိုး ပစ်လိုက်မိလေသည်။

\+ \+ \+

'ဒီမှာ မင်းသမီး၊ မင်းဘဝမှာ ငါတစ်ယောက် ရှိသေးတယ် ဆိုတာကော သတိရရဲ့လား'

'အစ်ကိုကြီး မနွေ့ဘဝကို နားလည်ဖို့ကောင်းပါတယ်၊ အနုပညာသမား တစ်ယောက်ရဲ့ဘဝဟာ အမြဲရှင်သန်နေတာ မဟုတ်ပါဘူး အစ်ကိုကြီးရယ်၊ တော်ကြာကျချင် ကျသွားတာ၊ မနွေ့ အရွယ်ရှိတုန်း ကြိုးစားချင်တယ်'

'ဒါပေမဲ့ မင်းဟာ အိမ်ထောင်သည်တစ်ယောက် ဖြစ်လာပြီဆိုတာလဲ သတိရဦးမှပေါ့'

'ဟုတ်ပါတယ်၊ မနွေ့ မမျှော်လင့်ဘဲ အိမ်ထောင်သည်ဘဝ ရောက်ခဲ့ရတာ ဘယ်သူ့ ဘယ်သူ့ကြောင့်ရယ်လို့ အပြစ်မတင်လိုပါဘူး၊ မနွေ့ကိုယ်တိုင်ကလဲ မပြတ်မသားဖြစ်ခဲ့လို့၊ ရှည်ရှည် ဝေးဝေး မစဉ်းစားခဲ့လို့ ဖြစ်ခဲ့ရတာပါ၊ ဒါပေမဲ့ မနွေ့က အစ်ကိုကြီး မနွေ့ကို နားလည်နိုင်မယ်လို့ ထင်ခဲ့မိပါတယ်၊ ဒီလို အခက်အခဲတွေ ဖြစ်လာမယ်မထင်မိဘူး၊ မနွေ့ ဘဝမှာ မနွေ့လုပ်ချင်တာကို လုပ်ခဲ့ရတာချည်းပဲ'

'ခုလဲမင်းကို မလုပ်နဲ့လို့ ဘယ်သူက ပြောလဲ၊ လုပ်ပါ၊ ဒါပေမဲ့ မင်း ငါ့ဘက်ကိုလဲ စဉ်းစားဦးမှပေါ့'

အခြေအနေသည် မတိုးသာ မဆုတ်သာသော အခြေအနေ။ ဦးကျော်နိုင်သည် မနွေနှင့် အိမ်ထောင်ကျခါမှ ပိုပြီး အိုမင်းရင့်ရော် သွားခဲ့သည်မှာလည်းအမှန်။ ဦးကျော်နိုင်၏ ဘဝသည် ယခင်က ငြိမ်းချမ်းသာယာ ရှိနေခဲ့သည်။ ရင့်ကျက်တည်ငြိမ်သော ဘဝတွင် ခိုင်နွေဆိုသော မိန်းမငယ်တစ်ယောက် ဝင်ရောက်လာခါမှ လှိုင်းဂယက်တွေ ထခဲ့ရ၏။ ယခုတော့ မင်းသမီးယောကျ်ား ဘဝမှာ မိမိ၏ ဂုဏ်သိက္ခာ ဟူသည်လည်း ကျဆင်းခဲ့ရ၏။

တကယ်တော့ ဦးကျော်နိုင်အတွက် တည်ငြိမ်အေးဆေးသော အိမ်ရှင်မကောင်းတစ်ယောက်ကို ရွေးချယ်ပေါင်းသင်းခဲ့လျှင် အစစအရာရာ အဆင်ပြေချောမွေ့ပေမည်။

ယခု မနွေဘဝကို ဦးကျော်နိုင်က မပိုင်။ မနွေကိုယ်တိုင်လည်း မပိုင်။ ယခင်လကဆိုလျှင် တစ်လလုံးလိုလို ခရီးထွက်ခဲ့ရသည်။ ဓာတ်ကားသုံးကားလောက်ကို အထက်မြန်မာပြည်မှာချည်း ရိုက်ရမည်မို့ တစ်မြို့နှင့်တစ်မြို့ ဆက်ကူးနေရသည်။ ဓာတ်ကားတစ်ခုစီအတွက် အဝတ်အစားတွေကို သေတ္တာတစ်လုံးစီ မှာ ထည့်ကာ ဓာတ်ကားနာမည်တွေ ရေးထားရသည်။ သက် **ဆိုင်ရာ သေတ္တာတွေကို ဓာတ်ကားတစ်ခုမှာ သုံး၍ပြီးတိုင်း** သည်အတိုင်း ထိုးသိပ်ပိတ်ထည့်ကာ အိမ်ကိုပြန်ပို့ရ၏။

သည်လောက် ခြေသလုံးအိမ်တိုင်ဖြစ်လာသော မိန်းမတစ်ယောက်ကို ဘယ်ယောကျ်ားက စိတ်ရှည်နိုင်တော့မလဲ။ တစ်ခုတော့ရှိသည်။ ခိုင်နွေသည် မိန်းမတစ်ယောက်ဖြစ်နေ၍ အနုပညာရှင်သက်သက်အဖြစ် မမြင်နိုင်ခြင်းပေလော။

မိန်းမဆိုသည့် အမြင်သည် ပဝေသဏီကပင် အရိုးစွဲခဲ့ပြီမို့ မိန်းမမဆန်နိုင်သော မိန်းမတစ်ယောက်အတွက် ပို၍ အပြစ်ကြီးလေး နေသည်လော။

'ရိုက်လက်စကားတွေ လက်စသတ်ရင် မနွေ နားပါ့မယ် အစ်ကိုကြီးရယ်၊ အဲသည်တော့ အစ်ကိုကြီး သွားချင်တဲ့ဆီသွား၊ **အပန်းဖြေ ခရီးပေါ့၊ အစ်ကိုကြီးကို မနွေ ပြုစု ယုယပါ့မယ်** နော်'

နောက်ဆုံးတော့ မိန်းမဟာ မိန်းမပဲမို့ ခင်ပွန်းဖြစ်သူကို နှစ်သိမ့်ချော့မော့ရသည်။ ဦးကျော်နိုင်ဟာ အရွယ်လွန်မှ ချစ်မိသော မိန်းမငယ်တစ်ယောက်အတွက် သက်ပြင်းကို ရှိုက်ရ စမြဲ။

သူတို့နှစ်ယောက်သည် အတက်နှင့်အဆင်း လှေကားထစ်များ ပေါ်မှာ ဆုံတွေ့ကြရသလိုပင်။

\+ \+ \+

တကယ်တမ်းကျတော့လည်း ဦးကျော်နိုင်နှင့် အပန်းဖြေခရီး ထွက်ရမည့်ရက်သည် ရောက်မလာခဲ့။ မနွေသည် နေ့ရော ညပါ အလုပ်လုပ်ရဆဲ။ အိမ်သည်လည်း ရှုပ်မြဲ ပွမြဲ။ ဦးကျော်နိုင် သည် အေးစက်သော ဟင်းခွက်များနှင့် ထိတွေ့ရမြဲ။

သို့သော် အပြင်းထန်ဆုံးဖြစ်ခဲ့ရသည့် ပွဲမှာတော့ စိတ် မကောင်းစရာပင် ဖြစ်၏။

'အမေ နေမကောင်းဘူး မနွေ၊ ကိုယ့်အမေကို ခဏလေးဖြစ်ဖြစ် ပြုစုပေးပါကွယ်'

ဦးကျော်နိုင်ကလည်း အလုပ်ဝတ္တရားအရ ခရီးထွက်ရမည်။ မနွေက မဖြစ်နိုင်သောအခြေအနေကို မပြောသာဘဲဖွတ်မှိတ်ပြီး ခေါင်းညိတ်ရသည်။

'စိတ်ချပါ အစ်ကိုကြီး၊ မနွေ ဂရုစိုက်ပါ့မယ်'

'ဒီရက်တွေမှာ မင်း ရှုတင်ရက်တွေ ရွှေ့ထားစေချင်တယ်'

'ဟုတ်ကဲ့'

မနွေသည် လောဘကြီးသော မင်းသမီးတစ်လက်တော့ မဟုတ်ပါ။ စေတနာဖြင့် ကူညီသင့်သူကို ကူညီသည်။ မေတ္တာဖြင့် ကျေးဇူးဆပ်သင့်သူကို ဆပ်သည်။ ထိုက်ထိုက်တန်တန် ရသမျှငွေကို စုဆောင်းသည်။ တစ်ချိန်မှာ အလုပ်မှ အနားယူပြီး သင့်တင့်အေးချမ်းသော အိမ်ကလေးတစ်လုံးမှာ အစ်ကိုကြီးနှင့်အတူ ဘဝကို အခြေချမည်။ သားတွေ သမီးတွေ မွေးဦးမည်။ သားသမီးတွေ၏ အနာဂတ်ကို စိုပြည် ပြည့်ဝစေမည်။

သို့သော် မိမိအပေါ် မှီခိုအားထားပြီး ငွေအလုံးအရင်းနှင့် မြှုပ်နှံကာ အလုပ်လုပ်ရသောသူတွေကို မနွေကြောင့်ဖြင့် မနစ်နာစေချင်ပါ။ သို့အတွက်ကြောင့်လည်း မနွေသည် စည်းကမ်းရှိသော၊ အလုပ်ကိုလေးစားသော မင်းသမီးတစ်ယောက် အဖြစ် အများက ယုံကြည်ခင်မင်ကြသည် မဟုတ်လား။

မနွေသည် အစ်ကိုကြီး၏ဆန္ဒကို မဆန့်ကျင်လို၍သာ ခေါင်းညိတ်ရသည်။ ရက်ချိန်းတွေ ဖျက်ပစ်ရမှာ ဝန်လေးနေသည်။

မနွေ အချိန်အားရတိုင်း ယောက္ခမကို ပြုစုပါသည်။ 'ငါ့သားကြီးခမျာ ကံဆိုးရှာတယ်၊ အသက်ကြီးခါမှ မင်းသမီးကိုယူမိလို့ စိတ်ဆင်းရဲရှာတယ်' ဟု ကွယ်ရာမှာရော ရှေ့တင်မှာပါ ထုတ်ဖော် ညည်းညူသော ယောက္ခမကို မငြိုငြူအားပါ။

'အမေရယ်၊ ဆေးရုံတက်ပါလားဟင်၊ အစ်ကိုကြီးကလဲ လိုအပ်ရင် ဆေးရုံတင်ပါလို့ မှာသွားတယ်'

'အေး ငါ ဆေးရုံဆိုရင် ကြောက်လွန်းလို့ ငါ့သားက တင်မယ် မဟုတ်ပါဘူး၊ သူလာအောင် ငါ စောင့်ပါရစေ'

မနွေသည် မိမိ တာဝန်မကျေဖြစ်မည်စိုး၍ ဦးကျော်နိုင်၏ နီးစပ်ရာ ဆွေမျိုးသားချင်းများကို အကြောင်းကြားရသည်။ ဦးကျော်နိုင်တို့က ရန်ကုန် ဇာတိမဟုတ်၍ ဆွေရင်းမျိုးချာ နီးနီးနားနား မရှိလှ။ ရှိသမျှမှာလည်း ရောက်လာပြန်တော့ အဖော်မရ။ အပြစ်တင်ဖို့သာ တတ်နိုင်သူချည်းပင်တည်း။

'အင်းလေ အစ်ကိုကြီး မပျော်ဘူးဆိုတာ ကြားကြားနေရတာ၊ အခေါ်ကလဲ ဘာလို့ ဒီမှာကုတ်ကတ်နေသလဲ'

'သူ့ယောကျ်ားသူ ပြုစုလိမ့်မပေါ့၊ အခေါ့်မှာ သားတစ်ယောက် မိန်းမရပြန်တော့လဲ မနေနိုင်မထိုင်နိုင် ပြုစုပေးနေရတာကိုး၊ ဘယ်နားရမလဲ'

ဦးကျော်နိုင်၏ ညီမများက အစွန်းမလွတ်သော စကားကိုသာ ဆိုကြသည်။ ပြီးတော့ ခိုင်နွေ့ညှော့သည်တွေက မလာပါနှင့်ဟု ပြော၍မဖြစ်။ ခိုင်နွေ ရိုက်ရက်မပေးနိုင်တော့ ပိုလို့ပင် ယောက်ယက်ခတ်ကာ ဖုန်းရောလူပါ လာနေကြသည်။

'ဟုတ်ပါရဲ့ အစ်ကိုကြီး စိတ်ညစ်မယ်ဆိုလဲ ညစ်စရာပဲ၊ အမေ့ရောဂါကော မသည်းဘဲ နေနိုင်ပါ့မလား၊ နားအေးပါးအေးမှ မနေရတာ'

ခိုင်နွေကတော့ ဦးကျော်နိုင်၏ တစ်မျက်နှာနှင့်ပင် သည်းခံပါသည်။ ယောက္ခမကို ခြေဆုပ်လက်နယ် ပြုစုပါသည်။ လူမမာ လာကြည့်ဖော် ရသူတွေကိုလည်း တတ်သမျှ မှတ်သမျှ ချက်ပြုတ်ကျွေးမွေးပါသည်။ အသက်ကြီး၍ သွေးတိုးဆီးချိုယှဉ်နေသော လူနာကို ဆရာဝန်က ဆေးရုံတင်သင့်ကြောင်းပြောသည်။ အစ်ကိုကြီးက ပြည်ပမှာ တစ်ပတ်ခန့်ကြာဦးမည်ဆိုတော့ ယောက္ခမကို နားချရပြန်၏။

'ဆေးရုံမှာ နားနေပါ အမေရယ်နော်'

နယ်ကအမျိုးတွေကိုလည်း မှာပြီး သဘောတူညီချက်ယူပြီးမှ ဆေးရုံတင်ရ၏။ ပြီးတော့ နေ့ရောညပါ သူနာပြုဆရာမ ငှားပေးသည်။

ခိုင်နွေလည်း အိမ်မှာ ရှင်းလင်းနားနေချိန် ရလာ၏။ သည်အချိန်မှာ ပြဿနာကို ဆောင်ယူလာသူက ဆရာဦးရွှေဖံအောင်။

'ဒီကားကို လမကုန်ခင် ဆင်ဆာတင်ချင်လို့ပါ မိန္ဒွေရယ်၊ တစ်ရက်လောက် အချိန်ပေးလိုက်ရင်ပြီးပါတယ်၊ တချို့အခန်းတွေဆို မင်းသမီးမပါဘဲ ဖြစ်အောင်ငါရိုက်ထားရတာ၊ ခု နောက်ဆုံးအခြေ မဖြစ်တော့လို့ပါ'

'အစ်ကိုကြီးလဲ ပြန်ရောက်ခါနီးပါပြီ ဆရာရယ်၊ တစ်ရက်နှစ်ရက်ပဲစောင့်ပါ'

'လူမမာလဲ ဆေးရုံရောက်နေပြီပဲဟာ၊ နေ့လယ် အားချိန်လေး အပြေးအလွှားရိုက်လိုက်ရင် ပြီးပါတယ်အေ၊ တော်ရုံဆို ညည်းကိုငါ မပြောပါဘူး'

ဆရာကလည်း ဆရာရင်း။ ပြီးတော့ ဒီဇာတ်ကားမှာ ဆရာက သူ့သမီးတစ်ယောက်ကို တင်ထားတာ ခိုင်နွေသိသည်။ သည်ကားကို အကယ်ဒမီရွေးရက်အမီ ရုံတင်ချင်နေတာလည်း သိသည်။ အင်းလေ သူတစ်ပါးကျေးဇူးကို သည်လောက်တော့ ဆပ်သင့်ပါရဲ့။

'ဒီလိုဆိုလဲလုပ်ပါ ဆရာရယ်၊ နက်ဖြန်မနက် ဆေးရုံတစ်ခေါက်သွားကြည့်ပြီးရင် မနွေ တန်းလာခဲ့မယ်၊ ဟိုရောက်မှ မိတ်ကပ်လိမ်းရမှာပဲ'

'ကျေးဇူးပါပဲသမီးရယ်'

ကံဆိုးချင်လှသည့် ခိုင်နွေပါပဲ။ ညနေ မိတ်ကပ်တွေအရဲသားနှင့် အိမ်ပြန်ရောက်ရောက်ချင်း ဆေးရုံက ဖုန်းသတင်းရောက်နှင့်သည်။ အမေဆုံးပြီတဲ့။ မနွေဘဝမှာ ဘယ်လိုမှ ဖြေရှင်းမရသည့် အမည်းကွက်ကြီးက စွန်းထင်းခဲ့ရလေပြီ။

လူတွေ၏ သဘောကိုလည်း မနွေ နားမလည်နိုင်အောင် ဖြစ်ရသည်။ ခိုင်နွေက ရုပ်ရှင်ရိုက်တာ အပျက်မခံနိုင်၍ လူမမာကို ဆေးရုံအတင်းတက်ခိုင်းသတဲ့။ အမေသေတော့ ရုပ်ရှင် သွားရိုက်နေတယ်။ အနားမှာ မရှိဘူးတဲ့။

သင်္ဂြိုဟ်ရက်အမီ ပြန်ရောက်လာသော ဦးကျော်နိုင်က ခိုင်နွေကို စကားမပြောပေ။ ယောကျာ်းတစ်ယောက်၏ စိမ်းကားသော မျက်လုံးများနှင့် တင်းတင်းစေ့သော နှုတ်ခမ်းများကို အမူအရာကောင်းလှပါသည်ဆိုသော ခိုင်နွေ တင်းခံနိုင်သည့် အင်အားမရှိ။

အမေသင်္ဂြိုဟ်ရာ နေရာရှေ့မှာ ပုံလျက်သားလဲတော့ မင်းသမီးခိုင်နွေက မင်းသမီးယောက္ခမ အသုဘမှာ လာရောက် ဝိုင်းအုံတဲ့ ပရိသတ်ရှေ့ အိုက်တင် လုပ်ပြသတဲ့လေ။

ခိုင်နွေသည် လူ့လောကကိုရော၊ သူ့ဘဝကိုပါ ပထမဆုံး အကြိမ် ရွံ့ရှာမုန်းတီးမိလေ၏။

\+ \+ \+

ဦးကျော်နိုင်၏ အချစ်၊ ဦးကျော်နိုင်၏ မေတ္တာကို ခိုင်နွေ သံသယမရှိ။ ခိုင်နွေ ဘဝမှာလည်း အချစ်နှင့် ပတ်သက်၍ ဦးကျော်နိုင်တစ်ယောက်ကိုသာ ချစ်ခဲ့၊ လက်ထပ်ခဲ့သည်။ ပြီးတော့ ဦးကျော်နိုင်သည် ခိုင်နွေ၏ အောင်မြင်ကျော်ကြားမှုကို ချီးမွမ်း ဝမ်းသာ ရှိတတ်ကြောင်း ခိုင်နွေ နားလည်ပါ၏။ ဦးကျော်နိုင်၏ ခံစားချက်မှာ အိမ်ထောင်ရေးဘဝနှင့် ပတ်သက်၍ပဲ ဖြစ်သည်။

ခိုင်နွေသည် ဦးကျော်နိုင်၏ လိုအင်ဆန္ဒများကို ဖြည့်စွမ်းနိုင်ရန်၊ သူတို့၏ အိမ်ထောင်သည်ဘဝကို ရှင်သန်နိုးကြားလာစေရန် တစ်နည်းအားဖြင့် ဦးကျော်နိုင်၏ ရင်ထဲမှ အမျက်ကိုပြေစေနိုင်ရန် အစွမ်းကုန် ပြန်လည် ကြိုးစားခဲ့ပါသေးသည်။

'မင်းသမီး ဘယ်လိုဖြစ်နေတာလဲ၊ မိတ်ကပ် ပြန်မဖို့ဘဲနဲ့ ကုလားထိုင်တွေ ဝင်ရွှေ့နေတယ်'

'ဒီအခန်းကို မြန်မြန်ရိုက်ပြီးစေချင်လို့ပါ၊ အိမ်စောစောပြန်ချင်တယ်'

ခိုင်နွေ၏ အားထုတ်မှုများကိုတော့ ဦးကျော်နိုင် သိမည်မဟုတ်ပေ။ ခင်ပွန်းသည်က ရုံးကအပြန် အိမ်ပေါက်ဝမှာ အသင့်ရှိနေဖို့ အားထုတ်ရသည်မှာ သာမန် မိန်းမတစ်ယောက်အတွက် မခဲယဉ်းပေမဲ့ ခိုင်နွေလို အမျိုးသမီး တစ်ယောက်အဖို့ မလွယ်ပါ။

'ပြန်ရမှာပေါ့ မင်းသမီးရယ်၊ အိမ် ထွက်မပြေးပါဘူး'

'အို အချိန်မဆွဲကြပါနဲ့၊ ရိုက်စရာရှိတာ မြန်မြန်ရိုက်၊ မနွေမှာ တခြားကိစ္စလေးတွေ ရှိနေလို့'

သည်လို ဟန်ဆောင်ပြောရတာလေးတွေလည်းရှိသည်။ ခိုင်နွေသည် ချွေးသံရွှဲရွှဲဖြင့် မလုပ်သင့်တာရော လုပ်သင့်တာရော ဝိုင်းလုပ်ပြီး ရိုက်ကွင်းကို မြန်မြန်အဆုံးသတ်စေရသည်။

ပြီးပြီးချင်း အိမ်ကို အပြေးအလွှားပြန်ကာ ရေမိုးချိုး၊ သနပ်ခါး ဘဲကျားလိမ်း၏။ ဦးကျော်နိုင် တံခါးခေါင်းလောင်းကို တီးချိန်မှာ ခိုင်နွေ တံခါးဝမှာရောက်နေပြီ။

လက်ထဲက သားရေအိတ်ကို ဆီးယူ၏။

'အစ်ကိုကြီး ရေချိုးတော့မလား'

ဦးကျော်နိုင်သည် ရှင်းသန့်နေသော ဧည့်ခန်းကို ငဲ့စောင်းမကြည့်တော့ဘဲ အိပ်ခန်းထဲဝင်သွားသည်။ ခိုင်နွေသည် အပြုံးတစ်ဝက်မျက်နှာဖြင့် ကျန်ရစ်သည်။ ဟင်းကို ပူအောင်နွှေးပြီး စားပွဲပေါ်တင်ပေး၏။ ဖန်ခွက်နှင့် ရေခဲကို အဆင်သင့်ချပေးသည်။ ဦးကျော်နိုင်သည် တိတ်ဆိတ်စွာ စားသောက်၏။

သြော် ခိုင်နွေ့အပေါ်မှာ အမျက်မပြေနိုင်ပါလား အစ်ကို ကြီးရယ်။

ပတ်ဝန်းကျင်၏ မလိုတမာအသံများက ဦးကျော်နိုင်၏ ရင်ထကို မည်မျှအထိစူးဝင်နေပြီလဲ။ ခိုင်နွေဟာ မအေတစ်ခု သားတစ်ခု အေးချမ်းစွာရှိနေသော ဘဝထဲကို ဝင်ရောက်မွှေနှောက်သူ၊ ဂုဏ်ဒြပ်နှင့် သိက္ခာနှင့်နေသော ယောကျ်ားတစ်ယောက်ကို ဥပေက္ခာပြုပြီး သူ့ ထင်ပေါ်ကျော်ကြားမှုအတွက် သူ ရှာဖွေနေတဲ့သူ။

ခိုင်နွေ၏ သနပ်ခါးပါးကွက်ကျား ပါးပြင်ပေါ်သို့ လိမ့်ဆင်းကျလာသော မျက်ရည်စများကို ဦးကျော်နိုင်က မင်းသမီး တစ်ယောက်၏ အမူအရာပညာဖြင့် ဖန်တီးကျဆင်းစေသော မျက်ရည်များဟု ယူဆလေရော့သလား။

ခိုင်နွေ၏ အမျက်ဖြေလင်္ကာကိုလည်း ကြာရှည်စွာ ရွတ်ဆိုမနေ နိုင်ခဲ့။ အိမ်အပြန် တံခါးဝမှာ ခိုင်နွေ ဘယ်နှရက်ဆက်ကြို နိုင်မှာလဲ။ ရပ်ရှင်ရိုက်ကွင်းမှာ ညဥ့်နက်သည့် ရက်များသည်လည်း အလှည့်ကျ ရောက်လာပြန်တော့ ဦးကျော်နိုင်၏ တင်းမာသော မျက်လုံးများ ဒဏ်မှ ကင်းဝေးရပြန်သည်မို့ စိတ်သက်သာရာ ရသလိုပင် ဖြစ်မိပေ တော့သည်။

သူတို့နှစ်ယောက် ဝေးကွာစ ပြုပြီဟု ခိုင်နွေ နားလည်လိုက်သည်။

\+ \+ \+

ဒေါ်လေးသဇင်ကလည်း ခိုင်နွေ့ကို ပြန်ခေါ်သည်။ နာမည်ကျော် မင်းသမီးတစ်လက်ရဲ့ တိုက်ခန်းလေးဟာ မကျဉ်းလွန်း ပေဘူးလားတဲ့။ ဖေဖေကလည်း သမီး၏ အိမ်ထောင်ရေး သတင်း

ကို တစ်စွန်းတစ်စ ကြားရသည်မို့ တစ်စုံတစ်ရာ ဖြစ်စရာရှိလျှင် မိဘအုပ်ထိန်းသူအောက်ကို ပြန်ရောက်စေချင်သည်။

ခိုင်နွေကလည်း ဦးကျော်နိုင်၏ အေးစက်သောရင်ခွင်မှာ တာရှည် နေနိုင်စွမ်း မရှိ။ ထို့ကြောင့် ရဲရဲပင် ရင်ဆိုင်မည်ဟု စိတ်ကူး၏။

'အစ်ကိုကြီးကို ပြောစရာရှိတယ်'

ဦးကျော်နိုင်သည် အေးစက်ဆဲရှိသော မျက်လုံးများနှင့် ခိုင်နွေ့ကို မော်ကြည့်သည်။

'အစ်ကိုကြီး မနွေကို မကျေနပ်ဘူးဆိုတာ သိပါတယ်၊ အစ်ကိုကြီး ဘယ်လိုမျှ ခွင့်မလွှတ်နိုင်ဘူး၊ မနွေဟာ အိမ်ထောင်ရှင်မိန်းမတစ်ယောက်လဲ မပီသဘူးလို့ ယူဆတယ်ဆိုရင် မနွေ ကို စွန့်လွှတ်ပါ၊ မနွေ မနွေ ဒေါ်လေးသဇင်နဲ့ ပြန်နေချင်တယ်'

ဦးကျော်နိုင်သည် အရက်ဖန်ခွက်ကို စားပွဲပေါ် ဆောင့်ချလိုက်သည်။

'မင်းက ငါ့ကို စွန့်လွှတ်နိုင်တယ်ပေါ့၊ နိုင်ငံကျော် မင်းသမီးဘဝကို မစွန့်လွှတ်နိုင်ဘူးပေါ့၊ တစ်စက္ကန့်လေးတောင် မစွန့်ခွာနိုင်ဘူးပေါ့'

'ဒီလို မဟုတ်ပါဘူး အစ်ကိုကြီးရယ်၊ မနွေရဲ့ အလုပ်ကို မနွေ ခင်တွယ်တယ်၊ အမှန်ပါပဲ၊ ဒါပေမဲ့ အစ်ကိုကြီးဟာ မနွေရဲ့ဘဝကိုနားလည် နိုင်မယ်လို့ မျှော်လင့်ခဲ့မိတာ မနွေ အမှားပါ၊ အဲဒီအမှားရဲ့ဒဏ်ကို မနွေခံပါ့မယ်၊ အခုလို တစ်အိမ်တည်းမှာ အတူနေပြီး ကင်းကွာနေရတဲ့ ဘဝမျိုးမှာတော့ မနွေမနေပါရစေနဲ့'

'ကင်းကွာတယ် ဟုတ်လား'

ဦးကျော်နိုင်က အရက်ကို တစ်ကျိုက်မော့သည်။ စီးကရက်ကို မီးညှိသည်။

'အဲဒီလို ကင်းကွာအောင် ဘယ်သူက လုပ်ခဲ့တာလဲ၊ မင်းဟာ ငါ့အတွက် စက္ကန့်ပိုင်းလောက်လေးပဲ အချိန်ပေးခဲ့ရင်တောင် ငါကျေနပ်တယ်'

'ဒီလိုမပြောပါနဲ့ အစ်ကိုကြီး၊ မနွေ့ တတ်စွမ်းသမျှ ကြိုးစားပြီး ပေးခဲ့ပါတယ်၊ မနွေ့ဟာ ရုပ်ရှင်ရိုက်ကွင်းက ဒရောသောပါး ပြေးလွှားပြန်ခဲ့ရတဲ့ ရက်တွေကိုတော့ အစ်ကိုကြီးက အသိအမှတ် မပြုဘဲကိုး'

မနွေ့က မျက်ရည် စီးကျလာသည်။ သည်မျက်ရည်တွေကိုလည်း မင်းသမီးတစ်ယောက်ရဲ့ မျက်ရည်တွေလို့ပဲ ထင်မှာပါပဲ။ မနွေ့ ချက်ချင်း ပြန်သုတ်ပစ်သည်။

'အေး မင်း မသိတာတွေလဲ ပြောရဦးမယ်၊ ငါဟာ ရုံးမှာ ဘယ်လောက် အလုပ်များများ မင်းအိမ်ပြန်ရောက်ချိန်ကို မှန်းပြီး အမြဲပြန်လာခဲ့တယ်၊ ဒါပေမဲ့ အိမ်ရောက်တော့ မင်းမရှိဘူး၊ ငါ့ကို လူတွေက မင်းသမီးယောကျ်ား လူ့ငနွားလို့ ထင်ကြတယ်၊ မင်းရဲ့ မင်းသားတွေနဲ့ တွဲနေတဲ့ ပြက္ခဒိန်ပုံကို ငါ့ရုံးခန်းထဲမှာ ချိတ်ထားတယ်၊ ပြီး ငါ့ရဲ့ အရေးကြီးတဲ့ ညှော်ခံပွဲတွေကို မင်းဘယ်နှခါ လိုက်နိုင်ခဲ့သလဲ၊ ညဉ့်နက်မှ မင်းသားနဲ့တွဲပြီး အိမ်ပြန်လာတဲ့ မင်းရဲ့ ဖိနပ်သံကိုနားစွင့်ပြီး ငါ အိပ်မပျော်ဘဲ အိပ်ရာထဲက မထရဲတာရော မင်းသိရဲ့လား'

ခိုင်နွေ့ နားနှစ်ဖက်ကို ပိတ်ထားချင်ပါသည်။ ဟုတ်ပါတယ်။ အစ်ကိုကြီးရယ်၊ ဒါပေမဲ့ ခိုင်နွေ့ဟာ ရုပ်ရှင်ရှုတင်မသွားခင် အစ်ကိုကြီးရဲ့ဝတ်စုံကို ကမန်းကတန်း မီးပူတိုက်ပြီး အဆင်သင့် ချိတ်ပေးတာ၊ သားရေအိတ်ကို ပြောင်နေအောင် တိုက်ပေးတာ။ မိတ်ကပ်မျက်နှာနဲ့ ပြန်ရောက်ရောက်ချင်း အစ်ကိုကြီး အိပ်ပျော်နေလေရဲ့လို့ ခြေသံမကြားအောင် လှုပ်ရှားခဲ့ရတာ၊ ဘယ်လောက်ပဲ ပင်ပန်းဆာလောင်သည်ဖြစ်စေ အသံဗလံတွေနဲ့ အနှောင့်အယှက် ဖြစ်မှာစိုးလို့ မွတ်သိပ်လျက်နဲ့ အိပ်ရာဝင်ခဲ့ရတာ။ ဒါတွေကိုလည်း အစ်ကိုကြီး မသိပါဘူး။

နှုတ်မှ မဖြေရှင်းချင်ဘဲ မျက်ရည်သာ ကျမိသည်။

'အေး အခုတော့ မင်းက လမ်းခွဲချင်ပြီပေါ့၊ ငါ့မှာ အမေ တစ်ယောက်လဲ ဆုံးခဲ့ရပြီ၊ ဘဝလဲ ပျက်ခဲ့ရပြီ'

ဦးကျော်နိုင်က ဒေါသတကြီးဖြင့် ဖန်ခွက်ကို နံရံသို့ ပစ်ပေါက်ပြီး ခွဲလိုက်သည်။

ခိုင်နွေ့သည် တယ်လီဖုန်းရှိရာသို့ ပြေးသွားသည်။

'ဒေါ်လေးသဇင်ရယ်၊ မနွေ့ကို လာခေါ်ပါ၊ မနွေ့ မနေ ရဲတော့ဘူး'

ဦးကျော်နိုင်က ခြေလှမ်းကျဲကြီးများဖြင့် မနွေ့ဆီ ထလာခဲ့ သည်။

'မင်း မသွားရဘူး'

ခိုင်နွေ့၏ ခန္ဓာကိုယ်သည် ပျော့ခွေလျက် ဦးကျော်နိုင်၏ လက်မောင်း များကြားမှာ ပါလာသည်။

'မင်းက နောက်ထပ် ငါ့အသည်းကို ခွဲဦးမလို့လား၊ ပြီးတော့ ငါဟာ ကျွန်ုပ်သိက္ခာနဲ့နေရတဲ့ လူကြီးတစ်ယောက်ဆိုတာရော မင်း သဘောပေါက်ရဲ့လား'

ခိုင်နွေသည် ဦးကျော်နိုင်၏ ကြမ်းတမ်းသော လက်မောင်းများ ကြားမှာ ငိုချလိုက်မိလေသည်။

\+ \+ \+

ခိုင်နွေတို့၏ အိမ်ထောင်ရေးသည် လမ်းခွဲလုဆဲဆဲမှာ ပြန်လည် ခိုင်မြဲခဲ့ ပြန်သည်။ မမျှော်လင့်ဘဲ သားစိုးမိုးကျော်ကို မွေးခဲ့ ရသည်။ ခိုင်နွေသည် သားမမွေးချင်သော မိန်းမဟု စွပ်စွဲသည့် အသံတွေကိုလည်း ပိတ်သွားစေချင်သည်။ ပြီးတော့ ဦးကျော်နိုင် အတွက်လည်း ဝတ္တရားကျေချင်သည်။ အင်းလေ အိမ်ထောင်ရှင် မိန်းမတစ်ယောက်ဟာ ဘာကြီးပဲဖြစ်နေနေ သားသမီး မွေးဖွား ခြင်းတာဝန်ကို ထမ်းဆောင်ရဦးမည် မဟုတ်လား။

သားကိုထိန်းကျောင်းဖို့ လူလိုသည်။ သားအတွက် ကျယ် ပြန့်သော နေရာထိုင်ခင်း ရှိအပ်သည်။ ဤအချက်များကို အကြောင်း ပြုပြီး ဦးကျော်နိုင်၏ အခန်းကျဉ်းလေးကို စွန့်ခွာဖို့ပြောရသည်။ သား၏မျက်နှာ၊ ခိုင်နွေ၏ လိုက်လျောမှုများဖြင့် အိမ်ထောင်ရေး သည် ပြန်လည်စိုပြည်လာသည်မို့ ဦးကျော်နိုင်က ပြန်လည် လိုက်လျောလာသည်။ ခိုင်နွေက ဦးကျော်နိုင် အတွက်လည်း အချိန်ပေးနိုင်ပြီပေါ့။ ခိုင်နွေလိုလည်း အသက်ငယ်ငယ်၊ ဖျတ်လတ်

သွက်လက်သော မင်းသမီးလေးတွေ တစ်ယောက်ပြီးတစ်ယောက် ပေါ်ထွက်ခဲ့လေပြီ။ ခိုင်နွေသည် အလှကို အားမကိုးနိုင်တော့။ ပညာကို အားထားရသည်။ သည်တော့လည်း အလုပ်ကို ရွေး၍ လုပ်ကိုင်လာသည်။

ဖိုးစိန်လမ်းရှိ အိမ်ကြီးကို ခိုင်နွေ့စိတ်ကြိုက် ပြင်ဆောက်သည်။ ဒေါ်လေးသဇင်က မြို့ထဲမှာ တိုက်ခန်းတစ်ခန်းဝယ်ပြီး ပြောင်းရွှေ့သွားသည်။ ဒေါ်လေးသဇင်သည် အသက် သုံးဆယ့် ရှစ်နှစ်မှာ တစ်သက်လုံး သူ့ကို စောင့်စားနေသူတစ်ဦးနှင့် အိမ်ထောင်ပြုသွား၏။ အထီးကျန်ဆန်ခြင်း၏ ဒုက္ခကို မခံနိုင်၍ အိမ်ထောင်ရှင်မိန်းမတစ်ယောက်ဒုက္ခကို ခံယူတော့မည်တဲ့။

နော်နော့်ကို ခိုင်နွေအတွက် ထားခဲ့လေသည်။

ခိုင်နွေသည် ဘဝကို ကျေနပ်အားရစပြု၏။ အားကိုးအားထားပြုရမည့် မားမားမတ်မတ် ယောကျာ်းတစ်ယောက်၊ ချစ်ခင်တွယ်တာဖွယ် သားတစ်ယောက်၊ စိတ်ကြိုက် မွမ်းမံ ပြင်ဆင်ထားသော အိမ်ကြီးတစ်လုံးနှင့် ဘယ်လောက်များ သာယာလိုက်ပါသလဲ။

သည်တစ်ခါတော့ တည်ငြိမ်စွာ အခြေချနိုင်ပြီဟု ခိုင်နွေ ကျေနပ်အားရ ဖြစ်မိရလေ၏။

\+ \+ \+

'မနွေဟာ အလှပြ မင်းသမီး မဟုတ်တော့ဘူး၊ ပညာလဲ ရင့်ကျက်လာပြီ၊ တကယ့် အနုပညာမြောက်တဲ့ ဇာတ်ကား

တစ်ကား ရိုက်ရမယ်တဲ့ ဆရာ ရွှေဖံအောင်က ပြောတယ်၊ အစ်ကိုကြီး’

မှတ်မှတ်ရရ အစ်ကိုကြီး၏အမေ ဆေးရုံတင်ထားစဉ် မနွေ အပြီးသတ် ရိုက်ပေးရသောကားမှာ ဇာတ်ကား အကယ်ဒမီဆု ရသည်။ ဒါရိုက်တာဆုလည်းရသည်။ မင်းသမီးဆုမှာတော့ တော့လွဲလေး လွဲခဲ့ရသည်။ မနွေမှာ မကြာခဏ ထင်ကြေးပေး ခံရပြီး လွဲခဲ့ရပေါင်းမှာ မနည်းတော့။ မနွေကတော့ ပရိသတ်က ထင်ကြေးပေးခံရသည်ဆိုလျှင်ပဲ မိမိလုပ်ဆောင်ချက် အောင်မြင် သည်ဟု ကျေနပ်ခဲ့ရသည်ပင်။

‘အင်းလေ ရိုက်ပေါ့၊ မနွေကို အစ်ကိုကြီးက အကယ်ဒမီ တွေလဲ ရစေချင်ပါတယ်ကွယ်၊ အစ်ကိုကြီးက မနွေကို မဖြစ် စေချင်တာ မဟုတ်ပါဘူး၊ တစ်ချိန်က မနွေက အိုးပစ်အိမ်ပစ် ဖြစ်ခဲ့လွန်းလို့သာ တားခဲ့ရတာပါ’

‘ဒါကတော့ အစ်ကိုကြီးရယ်၊ အနုပညာသမားဆိုတာ သူ့စန်း ရှိတုန်းမှာ ကြိုးစားထားရတာ မဟုတ်လား၊ အခု မနွေက ဘယ်လောက်ပဲ နေ့မအိပ်ညမအိပ် လုပ်ပေးချင်ပါ တယ်ဆိုလို့ ခေါ်ရိုက်တဲ့လူရှိဦးမှ အသစ်တွေက နေရာယူလာ ခဲ့ပြီလေ’

‘ဒီလိုတော့ ဘယ်ဟုတ်မလဲ၊ မှန်မှန်နဲ့ ကောင်းကောင်း ကြိုးစားတဲ့ သူတွေဟာ တစ်သက်လုံး အောင်မြင်သွားကြတာပဲ၊ ဝုန်းခနဲ နာမည်ကြီး လာတဲ့သူသာ ကျချင် ချက်ချင်း ကျသွား တာ’

'နိုင်ငံခြားမှာလို အသက်ကြီးတဲ့အထိ ရုပ်ရှင်ရိုက်နေရတယ် ဆိုတာ ရှားသားပဲ အစ်ကိုကြီးရယ်၊ ရိုက်ရင်လဲ လူတွေက လက်မခံချင်ကြဘူး၊ အမေခန်း အဖေခန်းလောက်ပဲ သုံးချင်ကြတာ'

'မိနွေ ကြိုးစားပေါ့၊ နိုင်ငံခြား မင်းသမီးတွေလို အရှည်တည်တံ့အောင် ကြိုးစားပေါ့၊ မိနွေရဲ့ခေတ်မှာ ဖြစ်လာရမှာပေါ့'

ဘာပဲပြောပြော အစ်ကိုကြီးက မိနွေအပေါ် ဖြစ်စေချင်တဲ့ စေတနာ အရင်းခံတော့ ရှိသားပဲဟု ခိုင်နွေ ကျေနပ်ရလေသည်။

ဆရာရွှေဖံအောင်က နောင်တစ်ချိန်မှာ သူ၏ အအောင်မြင်ဆုံးကား ဖြစ်လာမည့် ချစ်စံအိမ်ဇာတ်ကားကို ရိုက်ဖို့ ပြင်ဆင်နေသည်။ စာရေးဆရာ တစ်ယောက်၏ နာမည်ကြီးဝတ္ထုတစ်ပုဒ်ကို ပြန်ရိုက်မည်။ ပရိသတ်လည်း လက်ခံအကြိုက်တွေ့စေရမည်။ အနုပညာရသလည်း အပြည့်အဝ ပါဝင်စေရမည်။ သူကလည်း ဒါရိုက်တာတစ်ယောက်၏ အတတ်ပညာကို အစွမ်းကုန်ပြသမည်။ တပည့်တွေကလည်း မိမိတို့ ပညာကို အစွမ်းကုန် အသုံးချကြပေရော့။

သည်နေရာမှာ ပြဿနာသည် မထင်မှတ်ဘဲ ဝင်လာလေ၏။ ဆရာရွှေဖံအောင်က မင်းသားနေရာတွင် သူ၏ တပည့်ဟောင်း အောင်ခက်ကို သုံးမည်။ အောင်ခက်သည် ခိုင်နွေနှင့် ပထမဆုံး တွဲရိုက်ပြီးသည့် နောက်ပိုင်း မြုပ်ချည်ပေါ်ချည်ဖြင့် ဇာတ်ကား

အရိုက်ကျဲသော မင်းသား။ ခိုင်နွေနှင့်လည်း သုံးလေးကား ထပ်ရိုက်ခဲ့သည်။ အောင်ခက်သည် မင်းသားရှားသောအချိန်မှာ ပင် ဖြစ်မလာခဲ့။ အောင်ခက်၏ အဓိကအားနည်းချက်မှာ အရက်။ အောင်မြင်ကျော်ကြားမှု ရစဉ်မှာပင် အောင်ခက်သည် အရွယ်နှင့်မမျှ အရက်၏ကျေးကျွန် ဖြစ်နေပြီ။

ယခု ဇာတ်ကားမှာ ဆရာရွှေဖံအောင်က သူ၏ တူသားသဖွယ် ဖြစ်သော အောင်ခက်ကို ပြန်တင်မည်။ ခိုင်နွေသည် သူ၏ ပထမဆုံး လုပ်ဖော်ကိုင်ဖက်ဖြစ်သော အောင်ခက်ကို စေတနာရှိသည်သာ။ ထို့ကြောင့် ခိုင်နွေသည် တခြားမင်းသမီးတွေလို အောင်ခက် ကို မထီလေးစား ပြုမည်မဟုတ်။ လက်တွဲခေါ်လိမ့်မည်။

ခိုင်နွေကလည်း ဝမ်းသာအားရ ရှိမိသည်။ မိမိ၏ ငယ်ပေါင်း ရောင်းရင်းသဖွယ်ဖြစ်သော အောင်ခက်ကို တခြားမင်းသား တွေလိုပဲ ဖြစ်စေချင်သည်။

ဇာတ်ကား စရိုက်သည့်အချိန်ထိ အားလုံးအဆင်ပြေ ချောမွေ့နေသည်။ အောင်ခက်ကလည်း ခိုင်နွေနှင့် ပြန်တွဲရသည့် အတွက် အားတက်သရော ရှိနေ၏။ သူ၏ စွဲလမ်းနေသည့် အရက် ကိုပါ လျှော့ပြီး အလုပ်ကို ကြိုးစားမည်ဟု ဝန်ခံလာသည်။ ဆရာရွှေဖံအောင် ကလည်း အားတက်၏။

'မိနွေ ဆရာက မိနွေကို ပြန်တင်ပေးမှာလား၊ သူ့တပည့် အောင်ခက်ကို ပြန်တင်ပေးမှာလား'

ဦးကျော်နိုင်က အလုပ်မှာ စိတ်မဝင်စားစဖူး စိတ်ဝင်စားဟန် ဖြင့် စူးစမ်းလာ၏။

'နှစ်ယောက်စလုံးပေါ့ အစ်ကိုကြီးရယ်၊ မိန္ဒွေတို့နှစ်ယောက်လုံးက သူ့တပည့်ရင်းတွေပဲ မဟုတ်လား'

ခိုင်နွေကလည်း ရိုးသားစွာပင် ဖြေသည်။

'အင်း မိန္ဒွေရဲ့ဆရာက သူ့တပည့်နဲ့ တပည့်မကို ပေါင်းစည်းပေးချင်မှာပဲ၊ အစ်ကိုကြီးဝင်ခဲ့လို့ ဇာတ်လမ်းက တစ်မျိုးတစ်ဖုံ ဖြစ်သွားတာနော်'

ယောကျ်ားဆိုလျှင် ကြီးကြီးငယ်ငယ် မိန်းမအပေါ် သဝန်တိုတတ်တာပဲဟု ခိုင်နွေ နားလည်သည်။

'ဒါပေမဲ့ ဖူးစာဆိုတာ ကံစီမံရာပဲ အစ်ကိုကြီး၊ ပြီးတော့ အစ်ကို ကြီးကိုပဲ မိန္ဒွေ ချစ်ခဲ့တာပါ၊ အောင်ခက်ကို မချစ်ခဲ့ပါဘူး'

'သူကတော့ မိန္ဒွေကို ချစ်မှာပေါ့'

'အဲဒါ အစ်ကိုကြီး သိပြီးသားပဲ၊ ဒါပေမဲ့ ပြီးခဲ့ပြီပဲ အစ်ကိုကြီးရဲ့'

ဦးကျော်နိုင်သည် အောင်ခက်က ယနေ့ထိ ခိုင်နွေ့ကို ချစ်နေဆဲဟု ထင်သည်။

အောင်ခက်က ဘာဖြစ်လို့ မိန်းမ အတည်တကျမယူသေးတာလဲ'

ခိုင်နွေက အောင်ခက်အပေါ်မှာ သံယောဇဉ်လည်း ရှိသည်။ ရုပ်ရှင်နယ်အပေါ် ဦးကျော်နိုင်၏ သဘောထားတွေကိုလည်း ဖြေရှင်းချင်သည်။

'မယူချင်သေးလို့ ဖြစ်မှာပေါ့ အစ်ကိုကြီးရယ်၊ သူက အတည်တကျ မယူတာတော့ မဟုတ်ပါဘူး၊ သူနဲ့ တွေ့တဲ့သူတွေက'

'မိန္စွေရဲ့ အောင်ခက်က နာမည်မသေးဘူးနော်၊ အလျင်တလောက ဟိုမင်းသမီးကြီးနဲ့ အကြီးအကျယ် တွဲနေကြတာ မဟုတ်လား'

ခိုင်နွေက ရှင်းရှင်းပဲ မေးလိုက်ချင်သည်။ ခိုင်နွေရဲ့ ဂုဏ်သိက္ခာကို မယုံဘူးလား၊ အောင်ခက်ဟာ ခိုင်နွေ့အပေါ် ဘယ်တုန်းကမျှ စည်းမကျော် ခဲ့ပါဆိုတာ ဘယ်လိုရှင်းပြရမလဲ။

အောင်ခက်ကလည်း အောင်ခက်ပါပဲ။ ဘာကြောင့်များ ရုပ်ရှင်နယ်မှာ သည်လောက်အပုပ်နံ့ထွက်နေတဲ့ မင်းသမီးနဲ့ သွားတွဲရတာလဲ။

ဦးကျော်နိုင်နှင့် ခိုင်နွေ၏ တည်ငြိမ်သော မိသားစုဘဝထဲကို အောင်ခက်သည် ဒုတိယအကြိမ် ပြန်လည်ဝင်ရောက်လာမည်ကို ခိုင်နွေ မလိုလား။ သို့သော် ခိုင်နွေ နောက်မဆုတ်ချင်။ သည်ဇာတ်ကားကို အားလုံးက အားထားကြသည်။ ခိုင်နွေသည် ဟိုဘက်သည်ဘက် ငါးဆယ် ရာခိုင်နှုန်းစီ မျဉ်းကြောင်းပေါ် ရောက်နေပြီ။ နောက်အနှစ်နှစ်ဆယ်အတွက် ခိုင်နွေ ပြန်ကြိုးစားရသည်။

ခိုင်နွေဟာ သာယာတဲ့ အိမ်ထောင်တစ်ခု ဖြစ်မြောက်ရေးအတွက် တတ်စွမ်းသမျှ တည်ဆောက်ခဲ့ပြီပဲ။ အလုပ်ကိုလျှော့ကာ အိမ်ထောင်ရေးမှာ အလေးပေးခဲ့လို့ အခွင့်အလမ်းတွေ လက်လွှတ်ရင်း ထိပ်ဆုံးကနေ ခေတ္တ ဖယ်ရှားခဲ့ရသေးသည်ပဲ။

ယခု အားလုံးနေသားတကျဖြစ်နေပြီ။ စနစ်တကျ မွမ်းမံ ပြင်ဆင်ထားသော မိသားစုရိပ်မြုံ အိမ်ကြီးတစ်ဆောင်လည်းရပြီ။ မိခင်ကောင်း တစ်ယောက်၏ တာဝန်ကိုလည်း ကျေပွန်စေခဲ့ပြီ။ ဇနီးကောင်းတစ်ယောက် လိုလည်း လင်သားကို ပြုစုပေးခဲ့ပြီ။ လင့်ဘက်က ဆွေမျိုးတွေ ဝင်ထွက် သွားလာမှုကိုလည်း ကျေနပ်အောင်ပြုစုပေးခဲ့ပြီ။ ယခု ခိုင်နွေ၏ အနုပညာ ဘဝကို ပြည်လည်ဖွံ့ဖြိုးအောင် ကြိုးပမ်းချင်သည်မှာ ခိုင်နွေ မတရားဘူးလား။

ခိုင်နွေသည် ခေါင်းမာစွာပင် သည်ဇာတ်ကားကို စိတ်ပါလက်ပါ ရိုက်ခဲ့သည်။ အင်းလေ ခိုင်နွေက အပြစ်ကျူးလွန်တာမှ မဟုတ်ဘဲ။ စိတ်နှလုံး ရှင်းသန့်သည်။

ခက်သည်က အောင်ခက်ပါပဲ။ ခိုင်နွေကိုတော့ သူ လေးစားပါရဲ့။ ဆရာရွှေဇံအောင့် စကားကိုလည်း သူ နားထောင်ပါရဲ့။ ခက်တာက အကျင့်စာရိတ္တ ချွတ်ခြုံကျနေသော မင်းသမီးသဥ္ဇာနှင့် သူ ခွာမရအောင် ဖြစ်နေခြင်းပင်။

သည့်အတွက် ခိုင်နွေမှာ ကရုဏာဒေါသ ဖြစ်ရသည်။

'နင် ဘယ်လိုဖြစ်နေတာလဲ အောင်ခက်ရယ်၊ မိန်းမတစ်ယောက်ကို ကောက်ယူလိုက်စမ်းပါဟာ၊ ဒီလောက် လူပြောများတဲ့ မိန်းမတစ်ယောက်နဲ့ နင့်ဘဝကို မနစ်မွန်းစေပါနဲ့'

'သြော် နင်က ဒီလိုပြောသလား၊ ပြောအားရှိတာပေါ့ ခိုင်နွေရယ်၊ နင်ကတော့ စံပြအိမ်ထောင်ကြီးထူထောင်နိုင်တဲ့ မင်းသမီးကိုး၊ အဲဒီလို ဖြစ်နေရတာ ဘယ်သူ့ကြောင့်လဲ'

အောင်ခက်သည် မိုက်မဲစွာပင် မြားဦးကို ခိုင်နွေ့ဘက် လှည့်သည်။

'ငါ နင့်အပေါ် သူငယ်ချင်းတစ်ယောက်လို အမြဲစေတနာထားတယ် အောင်ခက်၊ အခုလဲစေတနာသန့်သန့်ထားနေတာ၊ နင်ကောင်းဖို့ ငါ ပြောတာ၊ ငါ့ကို ခုတုံးမလုပ်ပါနဲ့ဟယ်'

'ဩော် ငါနင့်ကို စွဲလမ်းခဲ့တာ၊ စေတနာနဲ့ မြတ်မြတ်နိုးနိုးထားခဲ့တာ တော့ နင်က မေ့နေပြီကိုး'

ခိုင်နွေသည် အောင်ခက်ကို နားလည်ရခက်၏။ အောင်ခက်သည် ခိုင်နွေကို ပိုပြီးအရွဲ့တိုက်သလိုပင်ရှိနေတော့သည်။ သည်အတွက် ခိုင်နွေ စိတ်မကောင်းဖြစ်ရသည်။

စေတနာတွေလည်း ဝေဒနာဖြစ်ရသည်။ ချစ်စံအိမ်လည်း ထင် သလောက် မချောမွေ့ခဲ့။ ဆရာရွှေဇံအောင်သည်လည်း အောင်ခက်ကို အထိန်းခက်သဖြင့် စိတ်ပျက်လာသည်။ ခိုင်နွေသည် အားလုံးအတွက် လိုက်ဖာထေးနေရသည်။

'မင်းတို့အကြောင်းတွေကလဲ မသိချင်မှအဆုံး ဖြစ်နေပါလား'

ပြဿနာသည် ပေါ်ခဲ့ရပြန်ပြီ။ မဟုတ်ဘဲနှင့် ဖြေရှင်းရသည့်အလုပ်ကို ခိုင်နေဝအမုန်းဆုံး။ ရုပ်ရှင်နယ်ကသတင်းကို ချဲ့ကားပြီး ပြောချင်သူတွေက ခိုင်နွေ့ကို အညွန့်ချိုးချင်ကြပြီ။

'အစ်ကိုကြီးရယ်၊ အစ်ကိုကြီးဟာ ရုပ်ရှင်မင်းသမီးတစ်ယောက်ကို လက်ထပ်ခဲ့တဲ့ ယောက်ျားတစ်ယောက်ပါ၊ ဒီလောက်တော့ နားလည်သင့် ပါတယ်၊ မနွေ ဒီလောက် မိန်းမညံ့ မဟုတ်ပါဘူး'

'ဒါပေမဲ့ အစ်ကိုကြီး နားနဲ့မဆန့်ဖြစ်နေပြီ မနွေ၊ မင်းက အောင်ခက်နဲ့ မသဥ္စာတွဲတာကို မခံနိုင်အောင်လို့ အောင်ခက်ကို ပြန်ဆွယ်

နေတဲ့ သဘောမျိုးတောင် ပြောနေကြတာ၊ စာစောင်တွေက တောင် စောင်းပါးရိပ်ခြည် လုပ်နေပြီ မဟုတ်လား'

လူတစ်ယောက်၏ ဂုဏ်သိက္ခာကို အစော်ကားခံရခြင်းထက် ဆိုးရွားသည့်အရာ ရှိပါဦးမည်လား။ ခိုင်နွေသည် နားနှစ်ဖက် ကို ပိတ်ထားမိသည်။

'အစ်ကိုကြီး မနွေကို ဒီလောက်တောင် အယုံကြည်မရှိဘူး လား၊ မနွေဟာ ဆယ်နှစ်လုံးလုံးရုပ်ရှင်နယ်မှာ အစွန်းအထင်း မဲ့နေလာတဲ့ မင်းသမီးပါ၊ အောင်ခက်က မနွေကို ရိုက်ကွင်း အပြင်ဘက်မှာ လက်နဲ့တောင် မတို့ပါဘူး၊ မနွေက သူ့ကို မောင်နှမအရင်းလို သဘောထားပြီး မဖြစ်သင့်တာ မဖြစ်ရ အောင် ပြောနေရတာပါ၊ ဒါဟာလဲ ဆရာရွှေဖံအောင့်ကျေးဇူး၊ ပြီးတော့ ဒီဇာတ်ကားကို ချောချောမွေ့မွေ့ မြန်မြန်ဆန်ဆန် ပြီးစေချင်လို့ပါ အစ်ကိုကြီးရယ်'

'အင်းလေ အစ်ကိုကြီးဟာ မနွေကို ဖြစ်မြောက်အောင် မြင်စေချင်လွန်းလို့၊ ထိပ်တန်း ရောက်စေချင်လွန်းလို့ အလို လိုက်ခဲ့မိတာ ဘာဖြစ်လာမလဲ မသိနိုင်တော့ဘူး'

ဦးကျော်နိုင်၏ သံသယသည် ကွယ်ပျောက်မသွား။ ရိုက်ကွင်း ကိုလည်း လိုက်ကြည့်လေ့မရှိပေ။ လူကြီးတစ်ယောက်အနေနှင့် မင်းသမီးနောက် တကောက်ကောက် လိုက်ထိန်းနေရတယ်လို့ အပြောမခံနိုင်ဘူးတဲ့။ မနွေတို့ရဲ့ သဏ္ဌာန်လုပ် သရုပ်တူ လုပ်ဆောင် ချက်တွေကိုကြည့်လည်း မကြည့်ဝံ့ဘူးတဲ့'

မနွေသည် သူ၏အိမ်ထောင်ရေးအတွက် အနုပညာဘဝကို စွန့်လွှတ်ရမည်လား၊ အခါခါ စဉ်းစားမိသေးသည်။ အို–မစွန့်

လွှတ်နိုင်ဘူး။ ဒါဟာ ငါ့အတွက် ဆက်လက်ရှင်သန်ရမယ့် အင်အားသစ်ပဲ။ ဒါကို စွန့်လွှတ်လိုက်ရင် တစ်သက်လုံး ငါ ကြိုးစားခဲ့သမျှ စွန့်လွှတ်လိုက်ရတာနဲ့ အတူတူပါပဲ။

ခိုင်နွေက ဘယ်သူတွေ ဘာပဲပြောပြော သည်ဇာတ်ကားကို ပြီးဆုံးအောင်ရိုက်ဖို့ စိတ်ကူးပြီးပြီ။ နောက်ဆုံးကျန်သည့် အခန်းတွေကို မန္တလေး၊ ပြင်ဦးလွင်မှာရိုက်ရမည်။ သည်အတွက် ခိုင်နွေသည် ဦးကျော်နိုင်ကို ဘယ်လိုရင်ဆိုင်ရမည်မသိ။ သည်အကြောင်းကိုပြောဖို့မှာ မကောင်းမှုတစ်ခုကို ကျူးလွန်ထားရသူလို မဝံ့မရဲဖြစ်ရသည်။ သည်လိုဖြစ်ရသည်ကို ခိုင်နွေ မကျေနပ်ဆုံး။ ခိုင်နွေဟာ ဘာကြောင့် သည်လိုဖြစ်ရမှာလဲ။ မာနစိတ်က အားပေးပြန်သည်။

'အစ်ကိုကြီး မနွေ သန်ဘက်ခါ မန္တလေးသွားရမယ်၊ အစ်ကိုကြီးကော၊ သားကော၊ အပျင်းပြေလိုက်ခဲ့ပါလားဟင်'

ဦးကျော်နိုင်ထံမှ စကားပြန်မရပေ။

မနွေ လုပ်ပေးသော အမြည်းနှင့်အရက်ကို ဖိသောက်နေသည်။ အစ်ကိုကြီးရဲ့ အရက်သောက်နှုန်းစံချိန်တွေ တက်လာတာလည်း မနွေသတိထားမိသည်။

'သွားပါ ခိုင်နွေ၊ မင်းကို ဒီဇာတ်ကားအပြီးမှာ အကယ်ဒမီဆုနဲ့အတူ ငါ စွန့်လွှတ်ရမယ်ဆိုတာ ငါသိပြီးသားပါ'

'အစ်ကိုကြီး ဒီလိုမပြောပါနဲ့၊ ဒါ မနွေကိုစော်ကားတာပဲ၊ ရိုက်ချင်ရိုက်လိုက်ပါ အစ်ကိုကြီး၊ မနွေ ကျေနပ်တယ်၊ ဒါပေမဲ့ မနွေ ဒီကားကို ပြီးအောင်ရိုက်ပါရစေ အစ်ကိုကြီးရယ်'

'သွား'

ဦးကျော်နိုင်သည် ခိုင်နွေ့ရင်ဘတ်ကို တွန်းလွှတ်လိုက်သည်။ အို မနွေဘဝမှာ ဒီလောက် စိတ်ဆင်းရဲရ၊ သိက္ခာ ကျဆင်းရတာ မရှိတော့ပါဘူး၊ ဦးကျော်နိုင်၏ မျက်နှာကလည်း တင်းမာလှသည်။

'နောက်ဆုံးတော့ မင်းဟာမင်း လုပ်ချင်တာ လုပ်မှာပဲ၊ မင်းဟာငါ့ဘဝကို အစကတည်းက ဖျက်ဆီးခဲ့တယ်ဆိုတာ တကယ်မှန်တယ်၊ ငါဘာကြောင့် ဒီလောက် အရက်ကိုသောက်တတ်လာရသလဲ'

ခိုင်နွေ့အပေါ် မကျေနပ်သော ဦးကျော်နိုင်၏ ဆွေမျိုးညီအစ်ကိုမောင်နှမများက ဦးကျော်နိုင်ကို သွေးထိုးပြီး မလိုတမာပြောကြတာ ခိုင်နွေသိသည်။ အလွန်သေးဖွဲ အောက်တန်းကျသောစကားတွေကို ခိုင်နွေ မဖြေရှင်းခဲ့။

'အစ်ကိုကြီးရယ် မနွေကို တစ်နေ့ နားလည်လာမှာပါ၊ မနွေရဲ့ဘဝဟာ ရုပ်ရှင်ပြီးရင် အစ်ကိုကြီးနဲ့ သားပါပဲ၊ တခြားဘယ်သူမှ မပါပါဘူး'

'အေး ဟုတ်တယ် ရုပ်ရှင်၊ ရုပ်ရှင်ဟာ မင်းဘဝ၊ ငါက ဒုတိယ၊ ကောင်းတယ် ကောင်းတယ်၊ မင်းသွား၊ မင်းရဲ့ အပီပြင်ဆုံး ဇာတ်ကားကြီးကို ရိုက်ကူးဖို့ မင်းသွားပေတော့'

ခိုင်နွေသည် သူတို့၏ နှစ်ယောက်အိပ် ခုတင်ကြီးပေါ် ကန့်လန့်ဖြတ် လဲကျသွားသော ဦးကျော်နိုင်၏ ခန္ဓာကိုယ်

ကြီးကိုကြည့်ကာ မျက်နှာကို လက်ဝါးနှင့်အုပ်၍ ရှိုက်လိုက်မိလေသည်။

\+ \+ \+

သည်တစ်ခါ နယ်ထွက်ပြီး ရုပ်ရှင်ရိုက်ရတာ ခိုင်နွေ့ရင်ထဲမှာ အလေးဆုံးဖြစ်သည်။ သားအတွက်လည်း စိတ်ပူသည်။ ဦးကျော်နိုင်အတွက်လည်း စိတ်မအေးရ။ သားကို နော်နော်နှင့်ထားခဲ့ရမှာ ခိုင်နွေစိတ်ချသည်။ သို့သော် ဦးကျော်နိုင်၏ ညီမက ကလေးနဲ့ အစ်ကိုကြီးနဲ့ အိမ်ဖော်နဲ့ထားခဲ့လို့ ဖြစ်ပါ့မလား ဆိုပြီး အိမ်ကိုရောက်လာခဲ့သည်။

ဦးကျော်နိုင်၏အမေ ဆုံးပြီးကတည်းက ခိုင်နွေမှာ အပြစ်ရှိသူလို ဖြစ်ခဲ့ရသည်မို့ သူတို့ဘက်က အမျိုးတွေနှင့် စပ်လျဉ်းပြီး ဘာတစ်ခွန်းမျှ မပြောမဆိုခဲ့ပေ။ ရံဖန်ရံခါလာလျှင်လည်း ဝတ္တရားမပျက် ပြုစုခဲ့သည်။ ကွယ်ရာမှာ ခိုင်နွေ့အတင်းကို ပြောလည်း ခိုင်နွေက မသိချင်ယောင် ဆောင်နေခဲ့သည်။ ယခု အိမ်တွင်းရေးမှာ စွက်ဖက်စပြုနေသည်ကိုလည်း ဘာမျှမပြောတော့။

ဦးကျော်နိုင်သည် ဝင်ငွေကောင်းတဲ့ အရာရှိကြီး တစ်ယောက်ပါပဲ။ ခိုင်နွေ အနုပညာဖြင့် ရှာလို့ရသည့်ငွေက ပိုများသည် မှန်သော်လည်း လင်နှင့်မယား တစ်စီးပွားတည်းမို့ ခိုင်နွေ ခွဲခြားခြင်းမရှိ။ သာတုန်းမှ လာနားသူတွေကို ခိုင်နွေ ဗွေမယူချင်

တော့။ ယခင်ကတော့ အစ်ကြီးကို မအေတစ်ခု သားတစ်ခုဟု ထင်ခဲ့သည်။ ယခုတော့လည်း တော်ချင်သည့် ဆွေမျိုးတွေက များသား။ ဂရုစိုက်ချင်သူတွေက များသား။ နှစ်ဝမ်းကွဲ သုံးဝမ်းကွဲတွေကလည်း အရင်းအချာလို ဖြစ်လာကြပြီး အစ်ကို ကြီးနဲ့သားကို စိတ်မချလို့ လာနေမည်တဲ့။

ခိုင်နွေက နော်နော့်ကို တစိမ်းလို သဘောမထားပေ။ အစစ အရာရာ နော်နော့်လက်ကိုပဲ လွှဲအပ်ခဲ့သည်။

မန္တလေးမှာ တစ်ပတ်ကြာလာသည်အထိ ခိုင်နွေ့ ရင်ထဲမှာ လေးနေသည်။ အိမ်ကို ဖုန်းဆက်သည်။

'မနွေလား၊ အစ်ကိုကြီးက အိမ်ပြန်မလာသေးဘူး၊ မိန်းမ မရှိတော့လဲ အိမ်ကို စောစောဘယ်ပြန်ချင်မလဲလေ'

ယောက်မတစ်ဝမ်းကွဲ၏ အသံကို ကြားရသည်။

'သားကော နေကောင်းရဲ့လား'

'ကောင်းပါတယ်၊ ကလေးက သူတစ်ယောက်တည်း နေနေ ကျပဲ'

'နော်နော်နဲ့ စကားပြောချင်တယ်'

'နောက်ဖေးမှာ ထမင်းချက်နေတယ်လေ၊ ခေါ်ပေးရ မလား'

'သူနဲ့ တွေ့ချင်တယ်'

ခိုင်နွေက ခပ်ပြတ်ပြတ်ပြောလိုက်သည်။ ခါတိုင်းဆိုလျှင် ခိုင်နွေ သွားရာကို နော်နော့်ကို ခေါ်သွားနေကျ။ ယခု အစ်ကိုကြီးနှင့် သားအတွက် ထားခဲ့ရသည်။ တယ်လီဖုန်းထဲမှ နော်နော့်အသံသည် တက်တက်ကြွကြွ မရှိလှပေ။

'အဆင်ပြေပါတယ်၊ ဘယ်တော့ပြန်ရောက်မလဲ'

သည်ကတည်းက အိမ်မှာ ပြဿနာတစ်စုံတစ်ရာ ရှိနေပြီဟု နားလည် လိုက်သည်။ စိတ်ထဲမှာ လေးလံစွာဖြင့် တယ်လီဖုန်းကို ချလိုက်ရသည်။ ပြင်ဦးလွင်မှာ ဆက်ရိုက်ရမည့် အခန်းတွေ ကျန်သေးသည်။

သည်ကြားထဲမှာ အောင်ခက်ကတမျောင့်။ သူက ခိုင်နွေ့ကို အလကားနေရင်း အရွဲ့တိုက်ချင်နေသည်။ ခိုင်နွေက နာမည်ကြီး မင်းသမီးမို့ သူ့ကို ဂရုမစိုက်ဘူးဆိုကာ ထော်လော်ကန့်လန့် လုပ်နေသည်။ သဋ္ဌာရောက်နေသော ကျောက်ဆည်သို့ လစ်ထွက်သွားသည်။ တစ်ခါတစ်ရံ ရာသီဥတု သာယာချိန် အားလုံးပြင်ဆင်ပြီးမှ အောင်ခက်ပျောက်နေသည်။ နေကျချိန် အချိန်လွန်မှ ပြန်ရောက်လာသည်။ ဆရာရွှေဖံအောင်လည်း စိတ်ညစ်နေသည်။

ခိုင်နွေကတော့ သည်ဇာတ်ကားကို ချောချောမွေ့မွေ့ ဖြစ်စေချင်သည်။ သည်ဇာတ်ကားဖြင့် သူ့အတွက် နောက်ထပ် ငါးနှစ်လောက် အနုပညာသက်ကို ရှည်စေမည်။ အောင်ခက်ကို လိုက်လျော ချော့မော့ရပြန်သည်။

သတင်းတွေက ချဲ့ကားလာပြန်သည်။ မမြို့တက်မည့် နေ့မှာပင် ရုပ်ရှင်စာစောင်တစ်ခုမှာ အောင်ခက်နှင့် ခိုင်နွေ၏ နှစ်ယောက်တွဲပုံကြီး တခမ်းတနား ထည့်ထားသည်ကို တွေ့ရသည်။ ကြော်ငြာပေးသည့်သဘောမို့ ထားပါတော့။ စာတန်းခေါင်းစဉ်ကလည်း အနှောင့်မလွတ် အသွားမလွတ်။

မိုးညမှာခွဲခွာရသည့် အောင်ခက်နှင့် ခိုင်နွေ ချစ်စံအိမ်မှာ ပြန်တွေ့ကြပြီတဲ့။

ပြင်ဦးလွင်မှာ ဆယ်ရက် ထပ်ကြာသွားသည်။ သဉ္ဇာတို့က မန္တလေးရောက်လာသည်။ သည်မှာလည်း ပြဿနာပါပဲ။ သဉ္ဇာက ပြင်ဦးလွင်ကို လိုက်လာသည်။ ရိုက်ကွင်းမှာ အနှောင့်အယှက် ဖြစ်ရပြန်၏။

'ငါ့ အိမ်မြန်မြန်ပြန်ချင်တယ် အောင်ခက်၊ ဇာတ်ကား နှောင့်နှေးအောင် နင်မလုပ်ပါနဲ့၊ ဆရာ့ကိုလဲ သနားပါဦး'

'ငါ ဘာလုပ်လို့လဲ၊ ငါ့ကိုခင်လို့ လာလည်တာကို စကား မပြောရတော့ဘူးလား'

'ပြောပါ၊ ဒါပေမဲ့ သူ့မှာလဲ အလုပ်နဲ့မဟုတ်လား'

'သူ့နားရက်မို့ လာတာပဲ'

သဉ္ဇာနှင့် ခိုင်နွေ ထိပ်တိုက်မတွေ့လိုပေ။ ခေတ်ပြိုင်မင်းသမီး ချင်း တူသော်လည်း ခိုင်နွေက လုပ်ငန်းမှာ စည်းထားသည်။ သို့သော် အားလုံးနှင့်သင့်အောင် ပေါင်းတတ်သည်။ ဒါကိုပဲ ခိုင်နွေက မင်းသမီးလို မနေတတ်ဘူးတဲ့။ အောက်လူတွေနဲ့ အရောဝင်တယ်တဲ့။ သဉ္ဇာက ပုတ်ခတ်ချင်သည်။ ပြီးတော့ အောင်ခက်အပေါ် ခိုင်နွေ ခင်မင်ရင်းစွဲ ရှိမှန်းသိ၍ အရွဲ့ တိုက်ပြသည်။ သူက လက်ရှိအိမ်ထောင်နှင့် ကွဲနေသူ။ အောင်ခက်ကို ယူမည်တဲ့။ ခိုင်နွေနားရောက်အောင် ပြောသည်။ ခိုင်နွေက အောင်ခက်နှင့် မဆိုင်သော်လည်း သဉ္ဇာကိုတော့ မယူစေချင်ပေ။ စေတနာပင် ဖြစ်သည်။

ကိုယ်လဲမပန်နိုင်လို့ စွန့်ထားတဲ့ပန်းကို သူများပန်မှာ မလိုလားဘူးလား'

သဉ္ဇာက ရယ်သလို မောသလိုနှင့် ခိုင်နွေ့ မိတ်ကပ်ပြင်သည့် အနားမှာ လာပြောသည်။ သူတို့နှစ်ယောက်သည် ဇာတ်ကား လည်း အတူရိုက်ဖူးသည်။ ပြဿနာ မပေါ်ခဲ့ဖူးပေ။ ယခု သည်နေရာမှာ လာတွေ့နေရ၍ စိတ်ညစ်ရသည်။ ‘မသဉ္ဇာ ပြင်ဦးလွင်ကို အလည်လာတာလား၊ ကားရိုက် မရှိဘူးလား’ ဟု မေးလိုက်မိ၍ ထိုစကားကို ကောက်ကာငင်ကာ ပြောခြင်းဖြစ်သည်။

‘မသဉ္ဇာ ဘာကိုဆိုလိုတာလဲ၊ မနွေ့က ဘယ်ပန်းကိုမျှ မစွန့် ပစ်ပါဘူး၊ နဂိုကတည်းက သူ့ဟာသူ နေတာပါ၊ ဘယ်သူ ပန်ပန် မနွေ့ မမှုပါဘူး၊ မနွေ့က အလုပ်ကိုပဲကြိုးစားနေတာ’

‘မနွေ့က ကြိုးစားနိုင်တာပေါ့၊ အိမ်ထောင်ရေးကံကောင်း တာကိုး၊ တို့ကတော့ ကံဆိုးတယ်၊ တို့က အောင်ခက်ကို ခင် တယ်၊ သူရှိလို့လာတာလေ’

‘ဪ မနွေ့က မသဉ္ဇာ မန္တလေးမှာ ကားရိုက်နေတာ သိလို့ အားလို့ တက်လာသလားလို့ မေးမိတာပါ၊ အောင်ခက် က ခင်စရာကောင်းပါတယ်၊ မနွေ့နဲ့ မိတ်ဆွေရင်းတွေလို ခင်ကြ တာ’

‘သိပါတယ်၊ မနွေ့က အရာရှိကတော်ကြီးကို၊ အောင်ခက် ကို တို့ကသနားတယ်’

နင်သနားတာ ငါသိပါတယ်ဟု ခိုင်နွေ့က ပြောပစ်ချင်သည်။ သို့သော် စိတ်ကိုချုပ်တည်းထားရသည်။ သည်အချိန်မှာ ပြဿနာ ဖြစ်လျှင် စကားတွေက ကျယ်ပြန့်သွားဦးမည်။

‘ဆရာကလဲ သူ့ကိုဖြစ်စေချင်ပါတယ်၊ သူကမှ မကြိုးစား တာ၊ မသဉ္ဇာနဲ့ တစ်ကားလောက် တွဲရိုက်ပါလား’

'ဟုတ်တယ် တွဲမလို့၊ ဒါပေမဲ့ သူက မနွေနဲ့ပဲ တွဲချင်နေတော့ ခက်တယ်'

'မဟုတ်ပါဘူး ထင်လို့ပါ၊ မနွေ ဒီဇာတ်ကားပြီးရင် သူနဲ့ တွဲမရိုက်တော့ဘူး၊ စိတ်ကုန်သွားပြီ'

'ဘာဖြစ်လို့'

'အလုပ်ကို မလေးစားလို့'

သဉ္ဇာသည် သူ့ကို စောင်းပြောသည်ဆိုပြီး ရှူးရှူးရှားရှား ဖြစ်သွားသည်။ ဆရာရွှေဖံအောင်တို့က စကားလုအောင် ဝင်ပြောပြီး အောင်ခက်ကို သဉ္ဇာကို လိုက်ပို့စေသည်။ ထိုနေ့ညနေ ရိုက်ကွင်းဖျက်လိုက်ရသည်။ ခိုင်နွေသည် သည်းခံပြီးနောက် နောက်ထပ် နှစ်ရက် ဆက်ရိုက်ပေးသည်။

ပြီးပြီးချင်း မန္တလေးကိုဆင်းကာ မည်သူ့ကိုမျှ မစောင့်ဘဲ ရန်ကုန်သို့ ပြန်ခဲ့သည်။

အိမ်မှာ ပြဿနာက ဆီးကြိုနေသည်။ နော်နော်က အိမ်မှာ မနေချင်တော့ဘူးတဲ့။ သူတို့က အိမ်တွင်းရေးမှာ စွက်ဖက်လွန်းသည်တဲ့။ နော်နော်က တစ်အိမ်လုံးကို ကြိုးကိုင်ပြီး အစ်ကိုကြီးကို ဖြစ်သလိုကျွေးသည်။ သူတို့ကိုလည်း ကလန်ကဆန်လုပ်သည်ဆိုပြီး အစ်ကိုကြီးကို တိုင်သည်တဲ့။

ခိုင်နွေ့ကိုလည်း ဦးကျော်နိုင်က စကားဟဟ မပြောတော့။ ခိုင်နွေက အိမ်ထောင်ရေး ပြဿနာကိုဖြေရှင်းဖို့ စကားစသည့်နေ့မှာပင် ဦးကျော်နိုင်က ခိုင်နွေနှင့် အောင်ခက်တို့၏ နှစ်ယောက်

တွဲ သတင်းဓာတ်ပုံ ပါသောစာစောင်ကို ခိုင်နွေ့ မျက်နှာဆီ ပစ်ပေါက်လိုက်သည်။

'မင်းမနွေလေး၊ ပြင်ဦးလွင်မှာ ဘယ်လိုပြဿနာတွေဖြစ်လာတယ် ဆိုတာ ငါ နားမဆံ့တော့ဘူး'

'မနွေ ဘာမမဖြစ်ဘူး'

'အေး ဘာမှမဖြစ်ဘဲနဲ့ မင်း ဘာဖြစ်လို့တစ်ယောက်တည်း ခွဲပြီး ပြန်လာရသလဲ၊ မင်းရဲ့ သရုပ်ဆောင်ပုံကို လူတွေသိကုန်လို့ ဖုံးကွယ်ဖို့ ကြိုးစားနေရတာ မဟုတ်လား၊ ဟိုမင်းသားကလဲ မင်းကို ကန်ထုတ်ထားခဲ့ပြီ မဟုတ်လား'

ခိုင်နွေ၏ မာနက ခေါင်းထောင်ထလာခဲ့ပြီ။

'မနွေကို ဘယ်သူကမှ ကန်ထုတ်လို့မရဘူး၊ ဘယ်သူ ကန် ထုတ် တာကိုမှုလဲ မခံဘူး၊ အစ်ကိုကြီးတို့ မောင်နှမတွေကသာ မနွေကို ကန်ထုတ်ဖို့ ကြံစည်နေကြတာ၊ မနွေ ဘယ်တော့မှ အကန် မခံနိုင်ဘူး'

'သြော် မင်းကို ငါတို့က ကန်ထုတ်ဖို့ကြံစည်နေတယ်လို့ မင်း ထင်တယ် ဟုတ်လား၊ ဒီမှာခိုင်နွေ ငါဟာ ယောကျ်ား တစ်ယောက်ရဲ့ သိက္ခာကိုအကျခံပြီး မင်းနဲ့လာနေတာ မင်းကိုယ် ခန္ဓာနဲ့ရင်းပြီး ရှာထားတဲ့ မင်းရဲ့စည်းစိမ်ဥစ္စာတွေကို မက်လို့လို့ များ မင်းထင်သလား'

'အစ်ကိုကြီး ဒီလိုမပြောနဲ့၊ မနွေက ခန္ဓာကိုယ်နဲ့ ရင်းရအောင် မနွေ မိန်းမရှုင်မဟုတ်ဘူး၊ မဟုတ်ဘူး၊ မဟုတ်ဘူး'

ခိုင်နွေက တအားကုန်း၍ အော်ပစ်သည်။ ဘာကိုမျှလည်း မမြင်တော့။ တစ်အိမ်လုံးကို ဝုန်းဒိုင်းကြဲအောင် ကန်ကျောက် ပစ်ပေါက်လိုက်သည်။ ဘယ်သူမျှလည်း ဆွဲ၍မရတော့။ အနား ရောက်လာသူတွေကိုလည်း အော်ထုတ်ပစ်သည်။

'သွားကြ သွားကြ၊ ငါ့အိမ်ပေါ်လာပြီး ငါ့သိက္ခာကို စော် ကားတဲ့သူတွေ ငါ့အိမ်ထောင်ကို နှောင့်ယှက်ဖျက်ဆီးသူတွေ၊ သွားကြ သွားကြ'

ခိုင်နွေက တစ်အိမ်လုံး ပန်းကန်ခွက်ယောက်တွေပါ ခွဲပစ်ပြီး အားရမှ အိပ်ခန်းထဲမှာ ပစ်လှဲ၍ ငိုပစ်လိုက်သည်။

နောက်နေ့ အိပ်ရာကနိုးချိန်မှာ ခိုင်နွေရဲ့အိမ်ပေါ်မှာလူပို တွေလည်း တစ်ယောက်မျှမရှိတော့။ ပြီးတော့ အစ်ကိုကြီးလည်း မရှိတော့။

သားနှင့် နော်နော်ပဲ ကျန်ရစ်သည်။

အစ်ကိုကြီးကိုယ်စား သူ့အပေါင်းအသင်း မိတ်ဆွေများပဲ ရောက်လာခဲ့သည်။ ယောကျ်ားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကျဆင်း ခံပြီး မိန်းမတစ်ယောက်ဆီမှာ မနေတော့ဘူးတဲ့။ မနွေဟာ အိမ်ထောင် သာယာရေးကို လိုလားတဲ့ မိန်းမတစ်ယောက်မှန်ရင် လင် ယောကျ်ားရဲ့ အရိပ်အာဝါသအောက်မှာ လာရောက်ခိုလှုံလှည့် တဲ့။

မနွေသည် ဦးကျော်နိုင်နှင့်သော် လည်းကောင်း၊ ဦးကျော်နိုင် ၏ အသိုင်းအဝိုင်းနှင့်သော် လည်းကောင်း၊ တွေ့လိုစိတ် မရှိတော့ ပေ။ နှစ်ယောက်ပိုင် ပစ္စည်းတွေထဲက လိုချင်တာ လာယူပါ ဟုသာ ပြောလိုက်သည်။

ဦးကျော်နိုင်ကလည်း မာနကြီးသူမို့ သူထွက်သွားစဉ်က မောင်းထွက်သွားသော ကားတစ်စီးကလွဲ၍ ဘာမျှ ယူမသွားခဲ့။ သူ့ညီမများနှင့် အတူနေသော တိုက်ခန်းဆီသို့ အဝတ်အစားတွေကို ပို့လိုက်ရသည်။

ခိုင်နွေသည် အနုပညာလမ်းပေါ်မှာ အပေါင်းအဖော်မရှိ၊ အထောက်အကူမရှိ၊ အဆွေခင်ပွန်းမရှိဘဲ တစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။

# [၁၀]

ယနေ့ တယ်လီဗီးရှင်းမှာ ခေတ်ဟောင်း ဇာတ်ကားတစ်ကား ပြန်လာမည်။ သို့အတွက် ဒေါ်နီလာခင်က စိတ်တွေလှုပ်ရှားနေမိလေသည်။ အို ဘာဖြစ်သလဲ ငါဟာ အနုပညာရှင်တစ်ယောက်ပဲ၊ ကိုယ့်ကိုယ်ကို အားတင်းထားရပြန်သည်။ ကြည့်ရမယ်၊ သားတွေ သမီးတွေရှေ့မှာ ဣန္ဒြေမပျက် ထိုင်ကြည့်နိုင်အောင် ကြိုးစားရမယ်။ ခင်ပွန်းသည် ဦးဘလွင် မရှိတော့သည့်အတွက် တစ်နည်းအားဖြင့်တော့ စိတ်သက်သာရာရသည်။ သည်ဇာတ်ကားမှာ ဒေါ်နီလာခင်က ခင်ပွန်းဟောင်း မင်းသားကြီးဦးမျိုးသော်နှင့် အတွဲညီညီ ပါဝင်သရုပ်ဆောင်ထားခဲ့သည် မဟုတ်လား။

ဦးမျိုးသော်သည် အနုပညာအရာမှာတော့ သူမတူအောင် စွမ်းဆောင်နိုင်ခဲ့သည့် တစ်ခေတ်မှတစ်ယောက် မင်းသားကောင်း တစ်လက်ပင်ဖြစ်သည်။ ခက်သည်က သူ့ရဲ့ စိတ်ခါတ်ပါပဲ။

ခေါင်းမာသည့်စိတ်၊ ပေပေတေတေ နေချင်သည့်စိတ်၊ မာန စိတ်၊ အတ္တစိတ်တွေက သူ့ကိုဖျက်ဆီးခဲ့သည်။ ခေါင်းမာသည့် စိတ်ဓာတ်လေးက သမီး ငြိမ်းခင်ခင်ဆီမှာ အမွေပါလာခဲ့သည်။ သမီးသည် ထိုစိတ်ဓာတ်ဖြင့်ပင် အသက်ရှင်ရပ်တည်ခဲ့သည်။ သို့သော် သမီးသည် ဒေါ်နီလာခင်လို အနုပညာကို ချစ်မြတ်နိုး အထင်ကြီးသည့်စိတ် မရှိပေ။ သည်အတွက်ပဲ ဒေါ်နီလာခင် ဝမ်းနည်းရသည်။

သည်နေ့ကော သမီးငြိမ်းခင်ခင်က သူ့အဖေနှင့် အမေ၏ အလွန် နာမည်ကြီးသော ခေတ်ဟောင်းကားကို စိတ်ပါဝင်စား စွာ ကြည့်မှကြည့်ပါ့မလား။ ဒေါ်နီလာခင်က သားဖေယျာ လွင်ကိုသာ အားနာမိသည်။ သို့သော် သားက အနုပညာကို ဝါသနာထုံသည်။ မအေကို အထင်ကြီးသည်ဆိုတော့ ကိစ္စ မရှိပါဘူး။ သူကိုယ်တိုင်ကလည်း ယခုနာမည်ကြီး ဂီတဝိုင်း တစ်ခု၏ ခေါင်းဆောင်ဖြစ်နေသည်။ နားလည်နိုင်ကောင်း ပါရဲ့။

ရုပ်ရှင်ပြချိန် တစ်နာရီထိုးခါနီးလေလေ ဒေါ်နီလာခင် စိတ်တွေ လှုပ်ရှားရလေလေပင်။ သည်ဇာတ်ကား စရိုက်တုန်း ကလည်း ဒေါ်နီလာခင် စိတ်တွေသိပ်လှုပ်ရှားခဲ့ရတယ် မဟုတ် လား။

သည်တုန်းက နီလာခင်သည် အသက်ဆယ့်ကိုးနှစ်ပင် မပြည့်တတ်သေး။ ဟိုတုန်းက အသက်ဆယ့်ကိုးနှစ်ဆိုတာ အလွန် ငယ်သေးသည်။ လောကအတွေ့အကြုံလည်း နည်းသေးသည်။ နီလာခင်၏ အဖေကရော အမေကပါ ရုပ်ရှင်မင်းသမီးလုပ်ဖို့

အားမပေးခဲ့ပေ။ မေမေကဆိုလျှင် ရှေးရိုးဆန်သူပီပီ မင်းသမီး အလုပ်က ရုက်စရာ ကောင်းလှသည်တဲ့။ ကျောင်းကပွဲတုန်းက တော့ အမေကခွင့်ပြုခဲ့ပါရဲ့။ ထိုမှတစ်ဆင့် နီလာခင်သည် စင်မြင့် ပေါ်က အရသာကို နှစ်ခြိုက်ခဲ့သည်။ ဝတ်စားဆင်ယင်မှု ဖက်ရှင်ပြပွဲမှာလည်း ပါခဲ့သည်။ အရပ်မင်္ဂလာဆောင်မှာလည်း သီချင်းတက်ဆိုခဲ့သည်။ မယ်ရွေးပွဲကိုတော့ အဖေက ခြားကြိမ်း ကြိမ်း၍ မဝင်ခဲ့ရပေ။

အဖေသည် သာမန်စက်ရုံ အလုပ်သမားတစ်ယောက်ဖြစ်၏။ အဖေ့သူဌေးက နီလာခင်ကို တစ်ခါမြင်ဖူးသွားသည်။

'အဆိုအက ဝါသနာပါတယ်ဆိုတဲ့ ခင်ဗျားသမီးလေးက သူလား'

'ဟုတ်တယ်ဆရာ၊ သမီးတစ်ယောက်တည်းရှိတာ၊ အငယ် ကောင်က ယောကျ်ားလေး'

'ဩော် ရုပ်ကလေးက လှသားပဲ၊ သူ ဝါသနာပါတာ လုပ်ပါ စေဗျာ'

'မဖြစ်ပါဘူး ဆရာရယ်၊ ကျွန်တော်တို့ကတော့ ပညာတတ် ဖြစ်စေချင်တာပဲ၊ တော်ကြာ ဟိုမရောက် သည်မရောက် ဖြစ်မှာ စိုးလို့'

သည့်နောက်ပိုင်း အဖေသည် သူ့အလုပ်ရုံကိုပင် သမီးဖြစ် သူကို မလာခိုင်းတော့ပေ။ နီလာခင်ဖြစ်လာမည့် နီလာက တော့ အဖေ့သူဌေးကို ထပ်တွေ့ချင်နေမိသည်။ သူ့အတွက် လမ်းစတစ်ခုခု ပေါ်လာမည်လားဟု မျှော်လင့်မိသည်။

အဖေ အမေတို့၏ ရိုးသားတင်းကျပ်သော စည်းကမ်းဘောင်ထဲမှ ရုန်းထွက်ဖို့ နီလာခင် အမြဲကြိုးစားခဲ့၏။ သည်ကြားထဲမှာ အားပေး အားမြှောက်ပြုသူက ကိုသိန်းငွေဖြစ်သည်။ သူက နီလာခင်တို့နှင့် ကျောက်မြောင်း တစ်ရပ်ကွက်တည်းသား။ သူကတော့ နဲ့စပ်သည်။ သူမသိတာ ဘာမျှမရှိသလောက်လည်း အပြောကကြီး၏။

'ငါ့အသိ ဓာတ်ပုံဆရာတစ်ယောက်က နင့်ကို တန်ဆောင်တိုင်ပွဲတုန်းက မြင်ဖူးထားတယ်ဟဲ့၊ နင့် ဓာတ်ပုံကိုရိုက်ပြီး မဂ္ဂဇင်းမျက်နှာဖုံး ထည့်ပေးမယ်တဲ့'

'ဟုတ်လား သိန်းငွေရယ်၊ ဒီလိုဆို မြန်မြန်ရိုက်ပေးပါလို့ ပြောပါဟယ်၊ ဒီမှာ အမေ့ရှေ့တော့ မပြောနဲ့နော်၊ ငါနင့်ကျေးဇူးကို မမေ့ပါဘူး'

'တကယ်လား'

သိန်းငွေ၏ စူးရဲသောမျက်လုံးများကို ဂရုမစိုက်အားပေ။ နီလာခင်သည် ကိုယ်လုံးကိုယ်ထည် ကျစ်လျစ်ပြည့်ဖြိုးသည်။ နွမ်းပါး၍ အဝတ်အစား တောက်တောက်ပြောင်ပြောင် မဝတ်နိုင်သော်ငြားလည်း နီလာခင်၏ မျက်လုံးများတောက်ပမှုသည် အားလုံးကို ဖုံးလွှမ်းသွားသည်။

နီလာခင်သည် ကျောင်းပိတ်ရက်မှာ သိန်းငွေချိန်းရာသို့ လာရသည်။ သိန်းငွေက ဓာတ်ပုံဆရာကို ခေါ်ထားမည်။ နီလာခင်၏ ကိုယ်ထည်နှင့် လိုက်ဖက်မည့် အဝတ်အစားများကိုလည်း ရှာဖွေ ငှားရမ်းထားမည်။ အမေ့ကို လှည့်ပတ်လိမ်ညာပြီး အိမ်ကထွက်လာရသည်။ သိန်းငွေက ကြည့်မြင်တိုင်

ရပ်ကွက်တစ်ခုမှ လိပ်စာကို ပေးထားသည်။ နီလာခင်ရောက်တော့ သိန်းငွေ အသင့်ရောက်နေ၏။

'ဘယ်မှာလဲ နင့်ဓာတ်ပုံဆရာ'

သိန်းငွေ တစ်ယောက်တည်းသာ ရှိနေသော အိမ်ခန်းကျဉ်းလေးထဲမှာ ဓာတ်ပုံရိုက်သည့် ကိရိယာနှင့် တူတာဆို၍ တစ်ခုမျှ မရှိ။

'လာမှာပါဟဲ့၊ သေသေချာချာ ချိန်းထားတာ စောင့်ပါဦး'

'ဓာတ်ပုံက ဘယ်မှာရိုက်မှာလဲ'

'ဒီမှာပဲပေါ့၊ နင်ကလဲ အေးအေးဆေးဆေး ထိုင်စမ်းပါ'

နီလာခင်သည် သိန်းငွေကို သံသယရှိလာသည်။

'နင့်ဟာက ဓာတ်ပုံဆိုင်လဲ မဟုတ်ပါလား'

'ဟ သူက အပြင်ဓာတ်ပုံဆရာပဲ၊ ဆိုင် ဘယ်ရှိမလဲ၊ သူတို့ရိုက်တယ်ဆိုတာ သင့်တော်မဲ့နေရာမှာ ပြင်ဆင်ပြီးရိုက်တာ၊ အပြင်အောက်ဒိုး ထွက်ရိုက်ချင်လဲရိုက်တာပဲ၊ ဒီမှာ နင်အဝတ်အစားတွေပြင်၊ မိတ်ကပ်တွေ ဘာတွေပြင်ဖို့ ချိန်းထားတာ၊ ဒါ ငါ့သူငယ်ချင်းတစ်ယောက်ရဲ့ အိမ်'

နီလာခင်သည် ဇဝေဇဝါ ဖြစ်နေလသည်။ သိန်းငွေကို ငယ်နိုင်မို့ သိပ်တော့မကြောက်။ အိမ်ထဲမဝင်ဘဲ အိမ်ရှေ့မှာ ထိုင်စောင့်သည်။ အိမ်နီးနားချင်း မိန်းမနှင့် ကလေးတွေက သူ့ကို လှမ်းကြည့်သွားကြသည်။

'ကဲ အိမ်ထဲဝင်ပါလားဟယ်၊ အိမ်ရှေ့ကြီးမှာ မကောင်းပါဘူး'

'ယီးတီးယားတားတော့ မလုပ်နဲ့ သိန်းငွေ၊ ဓာတ်ပုံမရိုက်ရရင် လဲ ပြန်မယ်'

သိန်းငွေသည် နီလာခင့်ကို နည်းနည်းတော့ လန့်သွားသည်။ အတန်ကြာမှ လူတစ်ယောက် ပြန်ရောက်လာသည်။ သူ့လက်ထဲမှာလည်း ဘာပစ္စည်းကိရိယာမျှ မပါပေ။ သိန်းငွေက ထိုလူကို မျက်စိမှိတ်ပြလိုက်သည်ကိုလည်း နီလာခင် မသိလိုက်။

'မင်းနှယ်ကွာ စောင့်လိုက်ရတာ၊ ဘယ်လိုလဲဒီမှာ ငါက သေသေချာချာ ပြောထားရတာ၊ အားနာစရာ ဖြစ်နေပြီ'

'ဩော် အေး၊ ဒီနေ့ ပစ္စည်းတွေလဲရှာမရလို့ မရိုက်ဖြစ်တော့ဘူး။ အဲဒါ လာပြောတာ'

နီလာခင်သည် စိတ်ဆိုးမာန်ဆိုးဖြင့် ပြန်လာခဲ့သည်။ သိန်းငွေသည် သူ့နောက် အပြေးအလွှားလိုက်လာ၏။

'နောက်တစ်ပတ်မှာ နင့်ကို ငါ ရိုက်ဖြစ်အောင် ရိုက်ပေးပါ့မယ် နီလာရယ်၊ တကယ်ပါ၊ ငါ့ကို စိတ်မဆိုးပါနဲ့'

နီလာခင်သည် ကျားငစဉ်းလဲ၏လက်မှ တစ်ကြိမ်တစ်ခါလွတ်ခဲ့ရလေ၏။

နောက်တစ်ပတ်မှာတော့ နီလာခင်သည် တကယ်ပဲ ဓာတ်ပုံရိုက်ဖြစ်သည်။ ဓာတ်ပုံဆရာကလည်း ပထမတော့ သိပ်ထင်မထားခဲ့။ သိန်းငွေအတွက်သာ အကြံအဖန်လုပ်ပေးရခြင်းဖြစ်သည်။ နောက်တော့ နီလာခင်၏ အစွမ်းအစကို စိတ်ဝင်စားသွားပြီး စိတ်ပါလက်ပါ ရိုက်ပေးသည်။

'ကောင်မလေးက မဆိုးဘူး သိန်းငွေ၊ မင်း မဟုတ်တာတော့ မလုပ်ပါနဲ့ကွာ' ဟုလည်း ကြားဝင်၍ တောင်းပန်သည်။

သိန်းငွေကလည်း အခြေအနေကို လိမ္မာစွာ သုံးသပ်နေသည်။ နီလာခင်ကို အယုံသွင်းနေရသည်။

နီလာခင်၏ဓာတ်ပုံ မျက်နှာဖုံးမှာပါလာတော့ အိမ်မှာ အဖေရော အမေရော ဆူလိုက်ကြသည်မှာ ပွက်လောရိုက်နေသည်။ သည်အလုပ်တွေကို ရပ်တန်းက ရပ်ရမည်ဟု ပြောသည်။ သည်လို အချုပ်အနှောင်တွေကြောင့်ပင် နီလာခင်သည် ဖွတ်ရန်းထွက်သည့် အတတ်ကို တတ်ခဲ့ရခြင်းဖြစ်၏။ ထို့ကြောင့်လည်း အမှားစောင့်နေသော လောကကြီးထဲ နီလာခင်ရောက်ခဲ့ရသည်။

နီလာခင်သည် သိန်းငွေကို ယုံကြည်အားကိုးစ ပြုသည်။ ရုပ်ရှင်ကုမ္ပဏီနှင့် ဆက်သွယ်ပေးမည်ဟူသော စကားကိုလည်း ယုံလာသည်။ တကယ်တမ်းကျတော့ ရုပ်ရှင်ကုမ္ပဏီက ဓာတ်ပုံဆရာမှတစ်ဆင့် နီလာခင်ကို စုံစမ်းလာခြင်းဖြစ်၏။ လိပ်စာလျှို့ဝှက်ထားခဲ့သော နီလာခင်က ဒါကိုမသိ။ သိန်းငွေသည်သာ သူ့ဘဝ ရည်မှန်းချက်၏ အဓိကဓာတ်ဆရာကြီးဟု ယုံမှတ်ခဲ့မိလေသည်။

'မေမေ တီဗီ လာတော့မယ်လေ'

သားဇေယျာလွင်က အသံပြုတော့ နီလာခင် လန့်ဖျပ်သွားသည်။ အို ဘာတွေတွေးနေမိပါလိမ့်။ သည်အတွေးတွေကို ဖျောက်ဖျက်ပြီး ကမ္ဘာအသစ်မှာ စိတ်သစ်လူသစ်ဖြင့် မွေ့လျော်နေတာ ကြာပြီပဲ၊ ဒါတွေကို ပြည်ဖုံးကားချထားခဲ့တာလည်း ကြာပြီပဲ။ မင်းသမီးတစ်ယောက်ရဲ့ ဘဝအတွေ့အကြုံကို သိချင်ပါတယ်ဆိုတဲ့ စာရေးဆရာမတစ်ယောက်ကိုတောင် ဖွင့်

BURMESE CLASSIC .com



ပြောဖို့ စိတ်မကူးခဲ့။ မိမိ၏ ဘဝဟောင်းကို ပြန်လည် တူးဆွ အထုပ် ဖြေပြခြင်းဖြင့် မည်သူ့အတွက် အကျိုးရှိမလဲ။ အနည်းဆုံး မိမိ၏ ဂုဏ်သိက္ခာကျဆင်းဖို့ သားသမီးများ မျက်နှာပျက်ရဖို့သာ ရှိသည်မဟုတ်လား။

ဘဝဆိုတာ ကုန်လွန်ခဲ့ပြီးလျှင် လွတ်မြောက်သွားပြီး ဖြစ်စမြဲပင်။

သားက တီဗီကို အရောင်မှန်အောင် ချိန်နေသည်။ သည်ဇာတ်ကားကို သားရော သမီးရော မကြည့်ဘူးသေးပေ။ ဘယ်နေရာက ရာတွေ့ကြသည်ပင် မသိ။ တစ်ချိန်က အလွန် နာမည်ကြီးခဲ့သည်မို့ ပရိသတ်က စိတ်ဝင်စားနေကြတာတော့ ကြားသိရသည်။ တီဗွီရှိတဲ့အိမ်တွေမှာ လေးဆယ်ကျော် ငါးဆယ်လူကြီး မိန်းမကြီးတွေ စုဝေးနေကြရောပေါ့တဲ့။ သားက ပြောသည်။ သားသည် အနုပညာနှင့် ပတ်သက်လာလျှင် သဘောထားကြီးသည်။ ဒါကတော့ သူ့အဖေ ဦးဘလွင်နှင့် တူသည်။ ဒါကြောင့်လည်း နီလာခင်ရဲ့ နောက်ပိုင်းအခြေအနေဟာ စိတ်ချမ်းသာစရာ ကောင်းခဲ့ရတာပဲ။ ဒေါ်နီလာခင်သည် သား၏ အဖေကို သတိရပြန်သည်။ ဆုံးပါးသွားသည်မှာ တစ်နှစ်ပင် မပြည့်တတ်သေးပေ။

တေးသံသာနှင့်အတူ တနင်္ဂနွေရုပ်ရှင်ဟူသော စာတန်းပေါ်လာသည်။ နီလာခင့်စိတ်တွေ လှုပ်ရှားလာပြန်သည်။ အို သည်မနက် ပုတီး တောင် မစိပ်မိပါလား။

သမီး ငြိမ်းခင်ခင် ဘယ်ရောက်နေပါလိမ့်။ သည်ကနေ့ ဆေးရုံ မသွားရ။ ညနေ ဆေးခန်းလည်းပိတ်သည်။ ဘယ်ရောက်

နေပါလိမ့်။ သမီးက သူ့အဖေ မင်းသားကြီးကို စိတ်မဝင်စားဘူးလား။ သတိရ လွမ်းဆွတ်ခြင်း မဖြစ်ဘူးလား။ အဖေတစ်ယောက်ရယ်လို့တောင် ဂုဏ်မယူဘူးလားကွယ်။

'သား မမကော'

မေးရိုးမေးစဉ်လေသံဖြင့် မေးလိုက်မိသည်။

'စောစောကတော့ နောက်ဖေးမှာတွေ့တယ်၊ သား သွားခေါ်လိုက် မယ် မေမေ'

'နေပါစေကွယ်'

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဟူသော စာတန်းပင် ပေါ်ထွက်လာပြီ။ သည့်နောက် ရွှေတိဂုံဘုရား၊ သည့်နောက် နာမည်ခေါင်းစီးစာတန်းများ၊ သည့်နောက် သည့်နောက်။

\+ + +

အရပ်ထဲကလူတွေက သိန်းငွေနှင့် နီလာ လိုက်ပြေးပြီဟု အတင်းပြောကြသည်။ သိန်းငွေက နီလာကို ရုပ်ရှင်မင်းသမီးဖြစ်အောင် လုပ်ပေးမယ် ပြောပြီး ညာယူသွားပြီတဲ့။ ယောင်ခြောက်ဆယ် သိန်းငွေနဲ့တွေ့မှတော့ ဒီကောင်မလေးလဲ ပျက်ပြီပေါ့ကွဟု စာနာသလိုလိုနှင့် အမနာပ ပြောကြသည်။

နီလာခင်ကတော့ စွန့်စားခြင်းကြီး စွန့်စားခဲ့ပြီ။ သိန်းငွေကို သူ အညာမိသည်မှာတော့မှန်သည်။ သို့သော် သိန်းငွေသည်

သူ၏ ခိုင်းဖတ်မျှသာ။ နီလာခင်သည် အချစ်နှင့်စစ်ဇာတ်ကားမှာ အရံမင်းသမီးအဖြစ် ရိုက်ကူးရသည်။ သည်တုန်းက အိမ်မှ အပြီး အပိုင်ထွက်ပြေးပြီး သိန်းငွေ၏ အစ်မတစ်ယောက်အိမ်မှာ နေသည်။ အစ်မကလည်း သိန်းငွေ၏ အလိုမ့်အပြောကြောင့် နီလာခင်သည် နာမည်ကြီး မင်းသမီးတစ်လက် ဖြစ်တော့မည်ဆိုပြီး လက်ခံထားခဲ့ သည်။ သိန်းငွေသည် နီလာခင်ကို အပိုင်ယူ၍ မရသေးပေ။ နီလာ ခင်က သူ့ရည်မှန်းချက်တွေ အောင်မြင်မှပဟု ဆိုသည်။ သိန်းငွေ သည် နီလာခင် ရုပ်ရှင်ရိုက်ရာနောက်သို့ တကောက်ကောက် လိုက်နေခဲ့ရလေသည်။ သည်ကြားထဲ နီလာခင်အတွက် စားစရိတ် ကိုလည်း ရှာပေးရသည်။ ကုမ္ပဏီက ချက်ချင်းငွေထုတ်မပေး သေးပေ။ နီလာခင်အတွက် လိုအပ်သော အဝတ်အစားများကို သာ ဝယ်ပေးသည်။

ကံကောင်းထောက်မ၍ နီလာခင် ပထမဆုံးရိုက်သောကား သည် အောင်မြင်ခဲ့၏။ နီလာခင်၏ ဆရာကလည်း သဘော ကျသွားသည်။ သူက အဖေ၏ စက်ရုံသူဌေးနှင့်လည်း ခင်မင် သည်။ သူဌေးက အဖေ့ကို နီလာခင်ကိုပြန်ခေါ်ဖို့ ပြောလေသည်။ နောက်ထပ် ဇာတ်ကားရိုက်လျှင် သူရှယ်ယာပါသည့်ကားမှာ ရိုက်စေမည်တဲ့။ အဖေက သူဌေး၏မျက်နှာဖြင့် နီလာခင်ကို ပြန်ခေါ်သည်။

သိန်းငွေသည် နီလာခင်ကို လည်ချောင်းဝရောက်ခါမှ ပြန်မလွှတ်ချင်တော့။

'နင်ပြောတော့ ငါ့ကျေးဇူး မမေ့ပါဘူးဆို၊ ခုတော့ နင်က

ဖြစ်သွားတော့ ခြေစုံကန်ပြီပေါ့၊ ငါ့မှာ နင့်အတွက် အစ်မကို ထမင်းလခ ပေးခဲ့ရတာ အကြွေးတောင်တင်နေပြီ'

'ငါ မင်းသမီးဖြစ်တော့ ပြန်ဆပ်မှာပေါ့ သိန်းငွေရယ်'

'အရပ်ထဲက နင်နဲ့ငါ ညားနေကြပြီလို့ ထင်ထားတာ မထူးပါဘူးဟာ နင် ငါနဲ့လက်ထပ်ပါ၊ နင်လုပ်ချင်တာလဲ လုပ်လို့ရပြီပဲ'

နီလာခင်က သူ့ဘဝ ရည်မှန်းချက်တွေ ရှုန်းလက်နေဆဲမှာ သိန်းငွေလို လူတစ်ယောက်ထံမှာ ဘဝကို မအပ်နှင်းနိုင်။ အလိမ္မာနှင့် စွန့်ခွာဖို့ ကြိုးစားသည်။

'ငါ အမေတို့ကို ပြောပြမယ်၊ နင် မိသားဖသားပီပီ တောင်းရမ်းပေါ့'

'ဒီအချိန်ကျမှ ပြန်တောင်းရမ်းရင် သူများတွေက ရယ်မှာပေါ့၊ မပြန်ပါနဲ့ နီလာရယ်၊ နင့်ကို ငါအခု တကယ်ချစ်နေပြီ၊ နင့်ကို ငါ မခွဲ နိုင်တော့ဘူး'

သိန်းငွေကလည်း အတင်းပင် တွယ်ကပ်ချော့မြူနေလေသည်။ သူ့ကို စွန့်ခွာသွားလျှင် သူကလည်း နီလာခင်၏ ရှေ့ရေးကို တစ်နည်းနည်းဖြင့် နှောင့်ယှက်မည်တဲ့။ သူတို့နှစ်ယောက် အတူနေတာကို အကြောင်းပြပြီး သူဟာ နီလာခင်၏ တရားဝင်ယောကျ်ားဖြစ်ကြောင်း ကြေငြာမည်တဲ့။ သူတို့ အတူနေတာကလည်း အရှေ့ခုနစ်အိမ် အနောက်ခုနစ်အိမ်မက သိနေကြလေတော့ နီလာခင်က သူ့သိက္ခာကျဆင်းမှာကိုတော့ မလိုလား။ အသိဉာဏ်အားဖြင့် မမီကမ်းသော နီလာခင်သည်

သူ့ရှေ့ရေးအတွက် တားဆီးမည့်အရာများကို ဖြစ်သည့်နည်းနှင့်ပင် ဖြေရှင်းပစ်ခဲ့လေသည်။

သိန်းငွေလိုချင်တာကို သူပေးသည်။ သည်အတွက် သိန်းငွေသည် နီလာခင်ကို အနှောင့်အယှက်မပေးဘဲ ငြိမ်ငြိမ်ဝပ်ဝပ်လေးနေဖို့ပင် ဖြစ်လေ၏။

အဖေ့သူဌေးက ရှယ်ယာပါသောဇာတ်ကားမှာ နီလာခင်သည် ဒုတိယ ခေါင်းဆောင်မင်းသမီး ဖြစ်လာသည်။ အမေကလည်း ဘာမျှ မပြောသာတော့။ နီလာခင်တို့သည် တစ်ရပ်ကွက်တည်းမှာပင် သင့်တင့်သော အိမ်လေးတစ်လုံးသို့ ပြောင်းလာကြသည်။ နီလာခင်သည် အိမ်မှာထက် ရုပ်ရှင်ရိုက်ကွင်းမှာသာ အနေများလာသည်။ အမေသည် နီလာခင်၏ နောက်ကို လိုက်လည်းမလိုက်၊ လိုက်ရကောင်းမှန်းလည်း မသိပေ။ သိန်းငွေကတော့ ကောက်ရိုးပုံ စောင့်ရသလောက်သာ ရှိတော့သည်။ နီလာခင်သည် သိန်းငွေကို ပါးနပ်စွာပင် စွန့်ခွာနိုင်ခဲ့သည်။ သိန်းငွေသည် နီလာခင်ကို ကျော၍ မရတော့ပေ။ အိမ်မှာ နီလာခင်မရှိသည့်အခါ အမေ၏ ခိုင်းဖတ်ဘဝ၊ အဆိုအဆဲခံဘဝမှာ သူမနေနိုင်တော့ပေ။ သူကလည်း အခြေတကျမနေချင်သူပီပီ နီလာခင်ကို ဦးစွာ စွန့်ခွာသွားတော့သည်။ ရုပ်ရှင်လောကက လူတွေက သိန်းငွေကို နီလာခင်၏ လင်ယောကျ်ားအဖြစ် မည်သူမျှ အသိအမှတ်မပြုပေ။

သည်လိုနှင့်ပင် သိန်းငွေသည် နီလာခင်၏ ဘဝထဲမှအလိုလို ပျောက်ကွယ်သွားခဲ့၏။ နောက်ပိုင်းမှာလည်း နီလာခင်၏ ဘဝထဲမှ သိန်းငွေလို လူစားတွေ မကြာခဏ ပေါ်ခဲ့ ပျောက်ခဲ့

ရသည်။ နီလာခင်သည် သူ့အတွက် ကောင်းကောင်း အသုံး ချတတ်ပြီ။ ပတ်ဝန်းကျင် ဟူသည်မှာလည်း မိမိ၏ အောင်မြင်မှု အရှိန်အားမြင့်မားလာလျှင် အလိုလို အသံ တိုးတိတ်သွားတတ် သည်ကို နားလည် သဘောပေါက်လာခဲ့သည်။

အဖေ၏ သူဌေးသည် နီလာခင်ကို များစွာ ကူညီစောင်မခဲ့ ၏။ နီလာခင် ခေါင်းဆောင်မင်းသမီးတင်ရိုက်ဖို့ သူကပင် အကုန်အကျခံခဲ့သည်။ သည်အတွက် နီလာခင်က ကျေးဇူး တုံ့ပြန်ရသည်။

ဘာပဲဖြစ်ဖြစ် နီလာခင် ခေါင်းဆောင်မင်းသမီးအဖြစ် ပထမ ဆုံး ပါဝင်ရိုက်ကူးရသည့် ဇာတ်ကားသည် နီလာခင်၏ ဘဝကို အကြီးအကျယ် ပြောင်းလဲစေခဲ့လေသည်။

\+ \+ \+

'အဝတ်အစားတွေကလဲ အခုကြည့်တော့ ရယ်စရာကြီးနော် မေမေ၊ မေမေက အခုထက်တောင် ဝနေသေးတယ်၊ ခုခေတ် ဆိုရင်တော့ မေမေ မင်းသမီးဖြစ်မှာ မဟုတ်ဘူး'

သားသည် ရုပ်ရှင်ကို စိတ်ပါဝင်စားစွာကြည့်ရင်း မှတ်ချက် ချ၏။

'အလျင်တုန်းက မင်းသမီးတွေက တောင့်တောင့်တင်းတင်း၊ ပြည့်ပြည့်ဖြိုးဖြိုးတွေကိုးဟဲ့၊ ပိန်မှ မင်းသမီး ဖြစ်မယ်ဆိုရင်တော့

မေမေလဲ ပိန်အောင်လုပ်မှာပေါ့၊ ခုတောင် ရုပ်ရှင်ရိုက်ဖို့ ပိန်အောင် သတိထားနေသေးတာပဲ’

သမီး၏အသံကိုကြားသဖြင့် နီလာခင် လှည့်ကြည့်လိုက်သည်။ ငြိမ်းခင်ခင်သည် ဘယ်အချိန်က ရောက်နေသည်မသိ။ နောက်နားမှာ ထိုင်နေသည်။ အိမ်က အိမ်ဖော်အလုပ်သမားတွေလည်း ထိုင်ကြည့်နေကြသည်။ နီလာခင်သည် သမီးက လာကြည့်ဖော်ရသဖြင့် ဝမ်းလည်းသာသည်၊ ဝမ်းလည်းနည်းသည်။ ငြိမ်းခင်ခင်က သူ့ဖေဖေအကြောင်း ဘာမျှ မှတ်ချက်ချသံ မကြားရပါကလား။ ဘဝထဲက သေဆုံးပျောက်ကွယ်သွားတဲ့ ဖခင်ကို မလွမ်းဘူးလား။ ဧယျာလွင်ကို အားနာ၍ ဘာမျှ မပြောဘဲ နေခြင်းပေလား။ ဒါမှမဟုတ် အဖေကို စိတ်နာနေလေသလား မသိပေ။ သူ့အဖေနှင့် နီလာခင်တို့ လမ်းခွဲတော့ ငြိမ်းခင်ခင်သည် ခုနစ်နှစ်သမီးပဲ ရှိသေးသည်။

‘ဦးမျိုးသော်က တော်တော်ချောတဲ့ မင်းသားပဲနော်၊ ခုခေတ် မင်းသားတွေထက်တောင် ချောသေးတယ်၊ မင်းသားရောင်ကွန်နရီနဲ့ တူတယ်’

သားက မနေနိုင် မထိုင်နိုင် မှတ်ချက်ဝင်ပေးလေသည်။ ဒေါ်နီလာခင် ပခုံးကြို့သွားသည်။ သြော် ခေတ်လူငယ်တွေ၏ ပွင့်လင်းခြင်းပေပဲ။ ဦးမျိုးသော်ချောတာ နီလာခင်က မြင်မြင်ချင်းသတိထားမိတာပေါ့။ ရုပ်ရှင်နယ်မှာ မနူးမနပ်နှင့် ဝင်ရောက်မိပြီး အတွေ့အကြုံအရ ရင့်ကျက်စပြုတဲ့ နီလာခင်ဟာ သူနဲ့တွေ့တော့ စိတ်တွေကတိမ်းကပါး ဖြစ်ခဲ့ရတော့တာပဲ။ အချစ်ကိုလည်း စတင်တွေ့ရှိခဲ့ရတော့သည်။

'ခင်မောင်ရင်က ပိုချောပါတယ်'

သမီးက သူနှင့်မဆိုင်သလို ဝင်ပြီး မှတ်ချက်ချတော့ ဒေါ်နီလာခင် ပိုပြီး အံ့သြသွားမိသည်။ ရုပ်ရှင်ဝါရင့်တဲ့ မင်းသမီးကြီးတောင်မှ ဆရာဝန်မလေး တစ်ယောက်လောက် ဣန္ဒြေမဆောင်နိုင်ပါလားကွယ်။ ဒေါ်နီလာခင် ခေါင်းထဲမှာ မူးနောက်နောက်ဖြစ်လာသည်။ ယခုတလော သွေးတိုးနေသလား မသိပေ။ ဒါရိုက်တာ သန်းနိုင်ရဲ့ စေတနာဖြူ ဇာတ်ကားမှာ ပါဝင်ရိုက်ကူးဖို့ လက်ခံလိုက်မိတာတောင် မှားပြီထင်သည်။ ဇာတ်ကားက ရေ့ အပတ်ထဲမှာ စရိုက်မည်။ သည်လို မူးရိပ်ရိပ်ဖြစ်နေလျှင် အလုပ်လုပ်လို့မှ ဖြစ်ပါ့မလား။ သမီးပြောသလို အစားလျှော့မိတာကြောင့်များ ဖြစ်နေလေမလား။

'ဒီမှာ မရွှေခင် မင်းလေးဟာ ငါ့ရဲ့ အသည်းကို ဘယ်နှခါခွဲဦးမလို့လဲဟင်၊ ငါဟာ မင်းအတွက်ကြောင့် အရူးကြီး ဖြစ်နေရပြီဆိုတာ မသိဘူးလား'

ဒေါ်နီလာခင် ပိုပြီးမူးလာသည်။ ရုပ်ရှင်ထဲက မင်းသားဦးမျိုးသော်က မင်းသမီးကလေး နီလာခင်၏ ပခုံးကိုကိုင်လှုပ်ပြီး မေးနေသည်။ သားသမီးတွေရှေ့မှာ ထိုင်ပြီးကြည့်နေမိသည့် အဖြစ်ကိုလည်း နောင်တရလာသည်။ ယခုမှ ထသွားလျှင်လည်း ဣန္ဒြေပျက်ဦးမည်။

'အဲဒီကားက မေမေတို့ ရှမ်းပြည်နယ်မှာ သွားရိုက်တာလား'

ဇေယျာလွင့်အသံက ပေါ်လာပြန်သည်။

'အေးအေးဆေးဆေးကြည့်တာမဟုတ်ဘူး၊ လျှာကို ရှည်တယ်'

ငြိမ်းခင်ခင်၏ မာန်မဲသံကို ကြားရသည်။ နောက်နားကတိုးတိုး အုပ်အုပ်ရယ်သံ ကြားရသည်။

'မေမေတော့ နားဦးမယ်ကွယ်၊ သားတို့ဆက်ကြည့် ချေ တော့'

ဒေါ်နီလာခင် ဆက်ပြီး ဟန်မဆောင်ချင်တော့။ နေရာမှ ထသည်။

'မေမေ ဝင်သွားပြီ'

ဇေယျာလွင်က ကွန့်ပြန်သည်။

'ဇေယျာ နင့်ပါးစပ်ပိတ်ထားစမ်း၊ မေမေ နေမကောင်း ဘူးလား'

ငြိမ်းခင်ခင်က စိုးရိမ်စွာ မေးလိုက်သည်။ ဒေါ်နီလာခင် သည် သမီးမျက်နှာကို အားတင်းပြီး ကြည့်လိုက်ရသည်။

'အို ဘုရား ဘုရား၊ သမီးမျက်ဝန်းမှာ မျက်ရည်ကြည်တွေနဲ့ ပါလား။

\+ \+ \+

အချစ်ဦးဇာတ်ကားကို ရှမ်းပြည်နယ်မှာ သွားရိုက်ခဲ့ရသည်။ အဖေ့သူငယ်ချင်း ဦးခက်မောင်က ရှမ်းပြည်နယ်ကို သွားနှင့်သည်။ ကလောမှာ အိမ်တစ်လုံး ငှားထားသည်။ မင်းသားအတွက် က တော့ သီးသန့်ဘန်ဂလိုတစ်ခု ငှားပေးထားသည်။

နီလာခင်ကတော့ ဦးမျိုးသော်ကို ရုပ်ရှင်ထဲတွင်သာ မြင်ဖူးပြီး အပြင်မှာ မျက်နှာချင်းပင် မဆိုင်ဘူးပေ။ နာမည်ကြီးမင်းသား တစ်လက်နှင့် တွဲရမည်မို့ အလိုလိုပင် သွေးလန့်နေခဲ့သည်။ မင်းသားကြီးက သူ့လို မလောက်လေးမလောက်စားကို ဘယ်လို ဆက်ဆံလေမလဲ။ ရုပ်ရှင်နယ်ထဲကို မလည်ရှုပ်လေးတစ်ယောက် ရောက်လာပြန်ပြီဟု ရယ်မောနေလေမလား။ ပြီးတော့ မင်းသားကြီးက ဟိုမှာဘက်မှာလည်း နာမည်ကြီးသည် မဟုတ်လား။ နီလာခင် ရင်တွေခုန်နေသည်။ သို့သော် နီလာခင်၏ဘေးမှာ ဦးခက်မောင်က ရှိနေမှာပဲ။

နီလာခင်အတွက် လိုအပ်သော အဝတ်အစားများကို ရန်ကုန်ကပင် အပြီးချုပ်သွားသည်။ နီလာခင်တို့ခေတ်က သီးသန့် မိတ်ကပ်ဆရာလည်း မရှိပေ။ တစ်ဇာတ်ကားလုံးအတွက် မိတ်ကပ်တာဝန်ယူသူရှိသည်။ နီလာခင်ကတော့ ကိုယ်တိုင်ခြယ်သချင်သည်။ တစ်ခါတစ်ရံ ကင်မရာမင်း ကိုမြသောင်းက ခြယ်ပေးသည်။ အဲသူကလည်း တစ်မျိုးပါပဲ။ ဦးခက်မောင် အလစ်ကိုသာ ချောင်းနေသူဖြစ်သည်။

အမေကတော့ နီလာခင့်နောက်ကိုလိုက်ဖို့ ဘယ်တော့မျှ စိတ်မကူးချေ။ မိဘကို စိတ်မနာကောင်းသည် မှန်သော်လည်း တစ်ခါတစ်ရံတော့လည်း အမေ့ကို စိတ်နာချင်သည်။ နီလာခင် ရုပ်ရှင်မင်းသမီး ရူးခဲ့စဉ်ကတည်းက သဘောမကျခဲ့သော အမေသည် နီလာခင် ရုပ်ရှင်နယ်မှာဖြစ်သမျှကိုလည်း ဥပေက္ခာပြုနိုင်သည်။ နောက်ပိုင်း နီလာခင် အဆင့်မြင့်မင်းသမီးတစ်လက် အဖြစ် တင့်တင့်တယ်တယ် ဖြစ်လာမှ အမေသည် နီလာခင့်ကို အသိ

အမှတ် ပြုဖော်ရလာသည်။ ဒါတွေကို ထားလိုက်ပါတော့။ နီလာခင်သည် တစ်ယောက်တည်းသမားနှယ်ပင် ဖြစ်၏။ ထို့ကြောင့်လည်း နီလာခင်သည် သူလုပ်ချင်ရာကို လုပ်ခွင့်ရခဲ့သည်။

ကလောရောက်တော့ နီလာခင် ချက်ချင်းရုပ်ရှင်မရိုက်ရသေး။ မင်းသားကြီးမျိုးသော်က မြင်းစီးခန်းတွေ၊ တောပစ်ခန်းတွေ အလျင်ရိုက်နေသည်။ နီလာခင်သည် အေးမြသော တောင်တန်းများကို ငေးမောကာ နွေးထွေးသော နေရောင်ခြည်အောက်မှာ လမ်းလျှောက်ရသည်ကို ပျော်မွေ့နေလေသည်။ သူ့အတွက် အလုပ်ကိုစောင့်ရင်း၊ သဘာဝကို ငေးမောသာယာရင်း အချိန်ကုန်လွန်စေရသည်။ အထိန်းအကွပ် မရှိသော နီလာခင်သည် ဦးခက်မောင်၏ ခရီးသွားဖော်လည်း ဖြစ်ရ၏။

နီလာခင်အတွက် အနာဂတ်သည် မရေရာလှပေ။ သို့သော် ကြောင့်ကြပူပန်ခြင်းလည်း ဖြစ်မနေတော့။ သူ့အတွက်အခွင့်အလမ်းသည် တစ်နေ့မှာ ရောက်ရှိလာရမည်ဟု အမြဲမျှော်လင့်နေ၏။ သည်အချိန်မှာ မိမိ၏ အစွမ်းအစကို အစွမ်းကုန် ထုတ်ဖော်ပြသရမည်။ မိမိယုံကြည်ရာ ပန်းတိုင်ကို တစ်နေ့မှာ ရကိုရမည်ဟု အားခဲထားသည်။ သို့သော် အကွယ်အကာမဲ့သော မိန်းမသားတစ်ယောက်အတွက် အရာရာသည် ဆူးညှောင့် ခလုတ်ချည်းသာတည်း။

'ခုဇာတ်ကားမှာပါမယ့် မင်းသမီးသစ်က မင်းလား'

နှင်းငွေ့များကြားမှာ တစ်ယောက်တည်းလျှောက်လာသော နီလာခင် သည် လန့်သွား၏။ သြော် မင်းသားကြီးကိုးဟု စိတ်ထဲက

ရေရွတ်လိုက်မိသည်။ သူသည် ဇာတ်ကားထဲမှာသုံးသော မြင်းကြီးကို စီးလာသည်။ မြင်းပေါ်ကဆင်းလိုက်သောအခါ သူ့အရပ်သည် နီလာခင်ကို အုပ်မိုးသွား၏။ သူက ဘောင်းဘီ ရှည်ကို ဝတ်ထားသည်။ ဇာတ်ကားထဲကအတိုင်း တောပျော် မုဆိုးကြီးတစ်ယောက်နှင့်ပင် တူနေသေးတော့သည်။ တစ်ချိန်တည်း မှာပင် စူးရှသော သူ့အကြည့်ကြောင့် နီလာခင် ရင်တွေ ခုန်လာသည်။ သူ့အရှိန်အဝါကို ထိတ်လန့်တာလည်း ပါနေ သည်။

'ဟုတ်ပါတယ် ကျွန်မက နီလာခင်ပါ'

နီလာခင်က သတ္တိတော့ရှိသည်။ ဘာမျှ လှုပ်ရှားခြင်း မရှိ လေဟန်ဖြင့် တုံ့ပြန်လိုက်သည်။ ဆွယ်တာအင်္ကျီကိုတော့ ရင်မှာ တင်းတင်း ဆွဲစေ့လိုက်မိသည်။

'မင်းက ဦးခက်မောင်နဲ့ ဘာတော်သလဲ'

သူ့မေးခွန်းက စီးစီးနင်းနင်းနိုင်လှသည်။ နီလာခင်က မျက်နှာမပျက်အောင် ဟန်ဆောင်ရင်း

'တူမပါ'

ခပ်တိုးတိုးဖြေသည်။ သူ့အကြည့်က တစ်ကိုယ်လုံးကို ပျံ့နှံ့ သွားသလို ခံစားရသည်။

'ဪ ဪ'

သူက အရေးမကြီးသလို၊ သို့မဟုတ် မေးစရာမရှိ၍သာ မေးလိုက်ရ သလို အမူအရာဖြင့် ပြန်ပြောသည်။

'မင်း ဘယ်ကိုသွားမလို့လဲ'ဟု ထပ်မေးသည်။

'ဈေးကို'

'သြော် သြော်'ဟု ပြောပြီး မြင်းကို ဆက်စီးသွားလေသည်။ ဘယ်လိုပါလိမ့်။ ရုပ်ရှင်နယ်ကို မလည်မဝယ်ရောက်လာသည့် မလောက်လေး မလောက်စား ကောင်မလေးဟု ထင်မှတ်သွားပြီလား။ သူ့အပြုအမူက နီလာခင်ကို အခံရခက်စေသည်။ နီလာခင်သည် ပထမဆုံးအကြိမ် သူ့ကိုယ်သူ ဝမ်းနည်းယူကျုံး မရဖြစ်မိသည်။ ငါ ဒီဇာတ်ကားမှာမှ တကယ့်မင်းသမီးတစ်လက် ဖြစ်မလာရင် အမေတို့နှင့်ပြန်ပြီး အေးအေးဆေးဆေး နေတော့မယ်ဟု အားငယ်စွာ တွေးမိလေသည်။

ထိုနေ့မှာပင် နီလာခင်၏ အခန်းများကို စရိုက်ရသည်။

နီလာခင်သည် လောကအကြောင်း ဘာမျှမသိနားမလည် သေးသည့် အရိုင်းအစိုင်း ကောင်မလေးတစ်ယောက်အဖြစ် သရုပ် ဆောင်ရလေသည်။ ဦးမျိုးသော်က အကဲခတ်သလို လှမ်းကြည့်နေ၍ ရက်သွေးဖြန်းသော နီလာခင်၏ အမူအရာသည် သရုပ် ပို၍ ပီပြင်စေခဲ့သည်ကို နီလာခင်မသိ။ မခံချင်စိတ်လေးနှင့် မာနကြောင့်လည်း ပိုပြီး ကြိုးစားပြနေမိသည်။ ဖြစ်အောင် လုပ်ရမည်ဟူသော စိတ်ကလည်း စေ့ဆော်ပေးနေသည်။ အို နီလာခင်ဟာ မထင်မရှားနဲ့ ရုပ်ရှင်လောကကို စွန့်ခွာမသွားစေရဘူး။ သူသည် ဒါရိုက်တာခိုင်းသမျှကို အတတ်နိုင်ဆုံး ပီပြင်အောင် ကြိုးစားလုပ်ပြလေသည်။

ထိုနေ့က နီလာခင်၏ ရိုက်ကွက်များနှင့်ပင် တစ်နေကုန်သွား သည်။

'ကောင်မလေး ပင်ပန်းနေပြီ၊ ဒီလောက် ဆက်တိုက်ကြီး ခိုင်းဖို့မကောင်းဘူး'

သူ့ထံမှ စေတနာစကားကို ပထမဆုံး ကြားရလေသည်။ နီလာခင်အတွက် သူစိမ်းတစ်ယောက်ဆီမှ ပထမဆုံးကြားရသော စေတနာစကားလည်း ဖြစ်ပေ၏။ နီလာခင် ကျေနပ်သွားသည်။ ပင်ပန်းရကျိုးလည်း နပ်သွားသည်။

သူသည် နီလာခင်ဆီကို လျှောက်လာ၏။ သူနှင့် ဒီနေ့ တွဲမရိုက်ရသေးပေ။ နောက်နေ့တွေ၌ သူနှင့်နီလာခင် တွဲရိုက်ရမည့်အခန်းတွေကို ရိုက်မည်။ ကျန်အတွင်းခန်း တချို့ကိုတော့ ရန်ကုန်ရောက်မှ ဆက်တင်နှင့်ရိုက်မည်။ သူသည် သူနှင့်ပတ်သက်သော အခန်းများရိုက်ပြီးလျှင် ဦးစွာပြန်သွားမည် ဖြစ်သည်။ သူက နာမည်ကြီးမင်းသားဆိုတော့ သူ့ကို ဦးစားပေးရမည်။

သူအနားရောက်လာတော့ အဝတ်အစားတွေ ပြန်လဲမည်ပြုနေသော နီလာခင်သည် ရင်တွေခုန်လာ၏။ သူသည် နီလာခင်၏ စိတ်ကို လွှမ်းမိုးလျက် ရှိသည်။ သူ့ကို အထင်လည်း ကြီးသည်။ သူနှင့် တွဲရမည့်အတွက် ဝမ်းသာကျေနပ်ရသည်နှင့် အမျှ ကြောက်လည်း ကြောက်လန့်မိသည်။ သူ့ရှေ့တွင် နီလာခင်သည် ဘာမျှ မဟုတ်တော့သလို သိမ်ငယ်နေသည်။

'မင်း မဆိုးဘူး၊ တော်တော်လုပ်တတ်သားပဲ၊ မင်း အလျင်ရိုက်တဲ့ကားတွေ ငါမကြည့်ဖူးဘူး၊ မင်းက အခုမှ ဆရာကောင်း သမားကောင်း တွေ့တယ်ထင်တယ်'

နီလာခင် ဘာပြန်ပြောရမည်မသိ။ သူ့စကားက မိမိကို ချီးကျူးသည် မှန်သော်လည်း နောက်ဆက်တွဲစကားက အနှောင့်အသွား မလွတ်လှပေ။

'ဦးခက်မောင်က အဖေ့ရဲ့ဆရာပါ။ ရုပ်ရှင်ရိုက်နိုင်အောင် သူကပဲ အဖေ့ကိုပြောပေးရတာ'

နီလာခင်က ဖြေရှင်းချက်တွေ ပေးနေမိသည်။ မနေ့ကတော့ သူက ဦးခက်မောင်ရဲ့တူမဟု ပြောခဲ့မိသလား မသိ။

'ဪ ဪ ပြီးတော့ မင်းကို ခေါင်းဆောင်မင်းသမီး တင်ရိုက်ဖို့ သူက ငွေထုတ်ပေးတယ်ဆိုပါတော့'

နီလာခင့်မျက်နှာသည် ရဲခနဲဖြစ်သွားသည်။ သူတစ်ပါး၏ ကိုယ်ရေးကိုယ်တာကို သည်လောက်အထိ ဝင်ပြောတာတော့ လွန်လွန်းပြီထင်သည်။

'ကျွန်မ သိပ်ဝါသနာပါတဲ့အလုပ်ကို လုပ်နိုင်အောင် အခွင့်အရေးကို အမြဲမျှော်ကိုးနေရတာပါ'

ပြောပြီးခါမှ နီလာခင် နောင်တရပြန်သည်။ သူ့ကို ဘာကြောင့် သည်လောက်တောင် အမှန်တွေ ဖွင့်ပြောနေရတာလဲ။ သူက ယခုမှ ရုပ်ရှင်တွဲရိုက်ရမည့်သူ။ နီလာခင်၏ ဘဝ အစိတ်အပိုင်းများသည် သူနှင့်မဆိုင်ပေ။ နီလာခင်သည် သူ့ကို အားကိုးအားထားပြုစရာအကြောင်း မရှိသေးပေ။

'မင်းက ရုပ်ရှင်ကို သိပ်ဝါသနာပါတယ်ပေါ့၊ အင်းလေ အခွင့်အရေးရတာနဲ့ မင်း အမိအရ ဆုပ်ကိုင်ထားတာ မမှားပါဘူး၊ မင်းအတွက် အများကြီး မျှော်လင့်စရာရှိပါတယ်၊ ဒီမှာ ညနေကျရင် မင်းတည်းတဲ့အိမ်ကို ငါလာခဲ့မယ် သိလား၊ မနက်ဖြန် ရိုက်ကွင်းတွေအတွက် မင်းရဲ့လူကြီးနဲ့ငါ ပြောစရာတွေရှိတယ်၊ ပြီးတော့လဲ မင်းနဲ့လဲ ကြိုတင်ညှိနှိုင်းစရာတွေ ရှိတယ်'

သူ ချာခနဲ လှည့်ထွက်သွားလေသည်။ ပတ်ဝန်းကျင်က လူတွေက သူတို့နှစ်ယောက်ကို အကဲခတ်ကြည့်ရှုနေကြသည်။ သူ့ကို နှာမည်ကြီး မင်းသားမို့ မည်သူကမျှ ဘာမျှမပြော ရဲပေ။

နီလာခင့်ကို မိတ်ကပ်ပြင်ပေးနေကျ မြဆောင်က နီလာခင့် အနားသို့ ချက်ချင်းရောက်လာသည်။

'မင်းသားက နင့်ကို ဘာတွေ လာပြောသွားတာလဲ'

နီလာသည် မြဆောင်ကို အလုပ်သဘောကလွဲလျှင် သိပ် အရောဝင်သူ မဟုတ်ပေ။

'အဲဒါ နင်နဲ့မဆိုင်ပါဘူး'

နီလာခင်က မြဆောင် ရှေ့မှာပင် အဝတ်အစားတွေ ဆက်လဲ သည်။

'ဟဲ ဟဲ သူက ဘယ်မင်းသမီးမျှ အလစ်ပေးတာ မဟုတ် ဘူးနော်'

'ငါ့ကို ဒါတွေ လာမပြောနဲ့'

'အင်းလေ နင်တို့ကလဲ သူ့ဆိုရင် ကျတာပဲ၊ ဟင်း ငါ မပြောလိုက်ချင်ဘူး'

'အေး ကျတယ် ဘာဖြစ်သလဲ၊ နင်က နင့်ကိုမကျလို့မနာလိုဖြစ် နေတာ မဟုတ်လား၊ ကဲ'

နီလာခင်သည် အဝတ်အစားအိတ်ကိုဆွဲလျက် ရိုက်ကွင်းမှ ထွက်ခဲ့လေသည်။ ယနေ့ရိုက်ကွင်းမှာ ဦးခက်မောင်မရှိ။ တောင်ကြီးကို တက်သွားသည်။ ယခုအချိန်ဆိုလျှင် ပြန်ရောက် လောက်ပြီ။ နီလာခင်သည် ဦးခက်မောင်ကို ရင်မဆိုင်ချင်တော့

သလို ဖြစ်လာလေသည်။ သို့သော် သည်ဇာတ်ကား အပြီးသတ် ရိုက်နိုင်ရေးအတွက် ဦးခက်မောင်ကို ရင်ဆိုင်နေရဦးမည်။

\+ + +

'ကောင်မလေးမျက်နှာဟာ ဒီထက် အပြစ်ကင်းစင်နေရင် မကောင်းဘူးလား၊ တစ်ခါတစ်ခါ သူ့မျက်လုံးတွေမှာ ဘဝ အတွေ့အကြုံ ရင့်ကျက်နေတဲ့ပုံတွေ ပေါ်နေတယ်၊ အဲဒါ မကောင်းဘူး'

နီလာခင်နှင့်ပတ်သက်၍ ဦးမျိုးသော်သည် ဝင်ရောက် စွက် ဖက်နေသဖြင့် ဒါရိုက်တာလည်း စိတ်ရှုပ်သည်။ ဦးခက်မောင် လည်း ကသိကအောက်ဖြစ်ရသည်။

'အင်းလေ သူလဲ အတတ်နိုင်ဆုံး လုပ်တာပဲ၊ မင်းသမီးထဲမှာ သူ အသက်အငယ်ဆုံးပဲလေ၊ တခြားသူတွေလုပ်ရင်လဲ ဒီထက် ပိုမရနိုင်ပါဘူး'

ဦးခက်မောင်က ပြောသည်။

'အသက်ငယ်တာနဲ့ မဆိုင်ဘူးလေ၊ အဆိုးဆုံးက သူဟာ တစ်စုံတစ်ယောက်ကို ကြောက်ရွံ့ပြီး အဲဒီတစ်ယောက်ရဲ့ အချုပ် အချယ်ကို ခံနေရတဲ့ပုံပဲ၊ သူဟာ တခြားဟာတွေကို လုပ်လို့ ရတယ်၊ လောကမှာ ဘာမျှနားမလည်ဘဲ အနှောင်အဖွဲ့ကင်းစွာ လှုပ်ရှားနေတဲ့အတွင်းစိတ်ကို ပေါ်အောင်မဖော်နိုင်ဘူး'

'ဒီလောက်တောင်ပဲ အသေးစိတ်လိုအပ်သလား'

ဦးခက်မောင်က ပြောသည်။ သူတို့သည်မင်းသားကိုတော့ အလေးထားရသည်။ အလုပ်တစ်ခုလုံးက မင်းသားအပေါ် မူတည်သည်။

ဦးမျိုးသော်က ပြုံးနေသည်။

'လိုတာပေါ့ဗျာ၊ ဒီဇာတ်ကားမှာမှ သူ့ကို မတင်နိုင်ရင် ခင်ဗျားတို့အတွက်ရော၊ သူ့အတွက်ပါ ရေစုန်မျောမယ့်ဟာပဲ၊ သူကလေးအပေါ်လဲ စေတနာထားသင့်တယ် မဟုတ်လား'

ဦးခက်မောင်သည် မျက်နှာကြီးရဲလျက် နေရာမှထသွားသည်။ ဒါရိုက်တာသည် ဦးမျိုးသော်၏ပခုံးကို ရင်းနှီးစွာ ဖက်လိုက်သည်။

'ကောင်မလေးက ခင်ဗျားလိုချင်တဲ့စိတ်လေး ဝင်လာမှာပါဗျာ၊ မနက်ဖြန်ဆို ဦးခက်မောင် ရန်ကုန်ပြန်မှာပဲ၊ ကျွန်တော်တို့က ခင်ဗျားရိုက်ရက် မပေးနိုင်လို့ တက်သုတ်ရိုက်နေရတာပါ'

ဦးမျိုးသော်မျက်နှာသည် ပြေလျော့သွားသည်။

'ကျွန်တော် အချိန်ပေးနိုင်ပါတယ်၊ ရန်ကုန်ကို ခင်ဗျားတို့နဲ့ အတူတူပြန်မယ်'

ဒါရိုက်တာက ပြုံးသည်။ ဦးမျိုးသော်သည် လှည့်မကြည့်ဘဲ ထွက်သွားသည်။ နီလာခင်သည် သူတို့ကို မနီးမဝေးမှအကဲခတ်ရင်း သူ့အတွက် ဆွေးနွေးနေကြတာပဲဟု နားလည်လိုက်သည်။

သည်မနက်ပဲ သူနှင့်မင်းသား တွဲရိုက်ရသည်။ မင်းသားသည် တစ်ချိန်လုံးပင် အလိုမကျ ဖြစ်နေခဲ့သည်။ နီလာခင်သည် အပြစ်ကင်းစင်သော မိန်းမတစ်ယောက်အသွင်ဖြင့် သူ၏ရင်ကို ကန့်ကလျမ်ဝင်ဖို့ ကြိုးစားသည်။ သူက နီလာခင်၏ မျက်လုံးအကြည့်ကိုက တကယ့် ရိုးသားဖြူစင်တဲ့ပုံ မပေါ်ဘူးတဲ့။ သူက ချည်း ဆရာလုပ်နေသဖြင့် လေးငါးခါ ပြန်လုပ်ရသည်။ နောက်ဆုံး နီလာခင် စိတ်ပျက်စွာမျက်ရည်ကျရသည်။

သို့သော် နီလာခင် သူ့စေတနာကို နားလည်သည်။ သူ့ကို ယုံကြည်လာသည်။ ကိုယ့်ဘဝကိုသာ ကိုယ်ဝမ်းနည်းခြင်း ဖြစ်မိလေသည်။

\+ \+ \+

ဇာတ်ကားတစ်ခုလုံးကို သူက ဦးဆောင်သွားခဲ့သည်။ နီလာခင်ကို သူက စိတ်ရှည်စွာပင် တွဲခေါ်သွားသည်။ ကလောမှာရိုက်အပြီး ရန်ကုန်ကို အတူပြန်လာသည်အထိ သူသည် နီလာခင်ကို သန့်စင်စွာ စောင့်ရှောက်လာခဲ့သည်။ နီလာခင် တစ်သက်မှာ မရရှိဘူးသော ယောကျ်ားတစ်ယောက်၏ စေတနာရိပ်ကို ခံစားရသည်။ ဦးခက်မောင် ပြန်သွားပြီးသည့်နောက်ပိုင်း နီလာခင်၏ စိတ်များ ပိုပြီး လွတ်လပ် ပေါ့ပါးသွားသည်မှာတော့ အမှန်ပင်။ လောင်းရိပ်မှ ကင်းလွတ်သောပန်းလို လန်းလန်းဆန်းဆန်းဖြစ်ခဲ့သည်။ အချုပ်အနှောင်မှ ကင်းသောငှက်လို ပေါ့ပါးမြူးတူး

ခဲ့သည်။ နီလာခင်သည် သူလိုချင်သောစရိုက်ကို စိတ်ပါ လက်ပါ စွမ်းဆောင် ဖော်ထုတပေးနိုင်ခဲ့သည်။

သူသည် အများက စွပ်စွဲသလို အခွင့်အရေးသမားတစ်ယောက်ဟု နီလာခင် မထင်ရက်တော့။ သူသည် အနုပညာကို နားလည်သူဖြစ်သည်။ အနုပညာရှင်တစ်ယောက်၏ ဘဝနှင့် စိတ်ကိုသိသူဖြစ်သည်။ စိတ်ရင်း စေတနာကောင်းသည်။ ဒါကြောင့် သူ့ကို တွယ်တာကြလေသလားတော့ မသိ။

နီလာခင်ကတော့ သူ့အပေါ် များစွာကျေနပ်သည်။ ရန်ကုန်မှာလည်း နီလာခင်သည် ကားမရိုက်လျှင် အားနေတတ်သဖြင့် သူရှိရာသို့ လိုက်သွားတတ်သည်။ သူ ရုပ်ရှင်ရိုက်တာကို ကြည့်သည်။ သူ အမူအရာလုပ်တာကို အတုခိုးသည်။ လူတွေကတော့ နီလာခင်က သူ့ကို စွဲလမ်းနေပြီတဲ့။ လာပြန်ပြီတစ်ယောက်တဲ့။

နီလာခင် မမှုပါ။ နီလာခင်ရဲ့ ဘဝမှာ သည်လိုလူမျိုးတစ်ယောက် လိုအပ်ခဲ့တာ အမှန်ပါပဲ။ ရိုက်ကွင်းများရောက်တိုင်း နီလာခင် ပျော်ခဲ့ရ၏။ အလုပ်ကိုလည်း စိတ်ပါလက်ပါ လုပ်ခဲ့သည်။ သည်အတွက် ဦးခက်မောင်နှင့် ပြဿနာဖြစ်ရသော်လည်း နီလာခင်က ခေါင်းမာပြသည်။ ဦးခက်မောင်သည် သူစိုက်ထုတ်ထားရသော ငွေကို အဆုံးရှုံးခံမည့် လူစားမျိုး မဟုတ်ပေ။ သည်ဇာတ်ကားက ဝင်ငွေကောင်းမှာလည်း သေချာလာသည်။

တကယ်ပင် နီလာခင်သည် မင်းသမီးကောင်းတစ်လက် ဖြစ်လာခဲ့သည်။ နီလာခင်၏ စိတ်ကူးယဉ်အိပ်မက်များ အကောင်အထည်ပေါ်ခဲ့လေပြီ။ နီလာခင်သည်လည်း ယောကျ်ား

တစ်ယောက်ကို ပထမဆုံးအကြိမ် ချစ်ခြင်း၊ အားကိုးခြင်းဖြင့် လက်ထပ်ခဲ့လေသည်။ ဘဝ၏ သာယာချမ်းမြေ့ သော အစိတ် အပိုင်းများသို့ ရောက်ရှိခဲ့ရလေသည်။

\+ \+ \+

'မေမေ တယ်လီဖုန်းလာနေတယ်'

အခန်းဝမှာ သမီး၏မျက်နှာကို မြင်လိုက်ရတော့ အတွေး စိတ်ကူးထဲက မျက်နှာကို ရုတ်တရက် မြင်လိုက်ရသလို ငေး၍ ကြည့်လိုက်မိသည်။ ငြိမ်းခင်ခင်သည် သူ့အဖေနှင့် တူလှပေ၏။

'ဘယ်သူ့ဆီကလဲကွယ်၊ မေမေ အနားယူနေတယ်လို့ ပြော လိုက်ပါလား'

'စာရေးဆရာမ မြကြည်ဇင်တဲ့'

အရေးထဲမှာ ဒီစာရေးဆရာမက ဘာဖြစ်လို့ ဆက်ရပြန် ပါလိမ့်။ တော်တော် စပ်စပ်စုစုနိုင်တဲ့မိန်းမပဲ။ ဒါပေမယ့် ပြောမှ ကောင်းမည်ထင်ရဲ့။

'လာမယ် သမီး'

အစကတော့ တယ်လီဖုန်းလိုင်းခွဲသည် ဒေါ်နီလာခင်၏ အခန်းထဲမှာ ရှိခဲ့သည်။ ယခုတော့ သမီးတွေ သားတွေက အလုပ် များ၍ သူတို့ကို ဦးစားပေးထားရသည်။

'နီလာခင်ပါ'

'သြော် အမေခင်လား၊ အခုပဲ သူငယ်ချင်းတစ်ယောက် အိမ်မှာ တီဗွီကြည့်ပြီး ပြန်လာတယ်၊ အဲဒီကားကို ကြည့်ချင် လွန်းလို့ တမင်သွား ကြည့်တာပဲ၊ ဒီကားက အမေခင် ပထမဆုံး ရိုက်တဲ့ကားနော်'

'ဟုတ်ပါတယ်ကွယ်'

'ဒါပေမဲ့ သိပ်ကောင်းတာပဲ အမေခင်ရယ်၊ အမေခင်ရဲ့ စရိုက်ကလဲ သိပ်ပီပြင်တယ်၊ ဇာတ်လမ်းက သိပ်မကောင်းပေမယ့် ပြီးတဲ့အထိ ကြည့်လို့ ကောင်းသွားတယ်'

'သြော်'

နီလာခင်ရဲ့ဘဝမှာ ချီးကျူးသံတွေ ခဏ ခဏ ကြားခဲ့ဖူးပြီ။ သည်လိုပဲ သြော်၊ ဟုတ်လား၊ ဟင်း ဟင်း စသည်ဖြင့် အဆင်သင့် အောင် ပြန်ပြောရသည်။ သည့်ထက်ပိုပြီးတော့လည်း ဘာပြန် ပြောရမည် မသိပေ။ ကျေးဇူးတင်ပါတယ် ဆိုသော စကားကို ဟန်မပျက် ပြောတတ်အောင် ကျင့်ခဲ့ရသည်။

'ဦးမျိုးသော်ကလဲ သိပ်ကြည့်ကောင်းတာပဲနော်၊ ကျွန်မ သူ့ကို အစကတည်းက ကြိုက်တယ်၊ ငယ်ငယ်ကတည်းကပေါ့၊ နောက်ပိုင်း သူ သိပ်မရိုက်တော့ဘူးနော်'

မင်းသားမျိုးသော်ကို သူ့အချိန် သူ့အခါက မိန်းကလေး အတော် များများက နှစ်သက်စွဲလမ်းခဲ့ပေတာပဲ။ ဦးမျိုးသော်၏ အသံနှင့် ဟန်ကိုက ဆွဲဆောင်မှုရှိတာ အမှန်ပါပဲ။

'နောက် သူ ကောင်းကောင်းလဲ နေမကောင်းဘူး'

ဒေါ်နီလာခင်၏ စကားထဲတွင် သတိရခြင်း၊ ကြင်နာခြင်း အရိပ် အယောင်တွေ များစွာ ပါသွားသည်။

'အမေခင်ကော နေကောင်းတယ်နော်၊ နောက်တစ်ပတ်ဆို စေတနာဖြူကို စရိုက်တော့မှာ ထင်ပါရဲ့'

'ကောင်းပါတယ်ကွယ်၊ အမေခင်က အလုပ်လုပ်ဖို့ဆိုရင် နေမကောင်း နေရင်တောင်မှ အလိုလိုပြန်နေကောင်းသွားရော'

'ယုံပါတယ် အမေခင်၊ ကျွန်မလေ ဒီဇာတ်ကားကို ခိုင်နွေ့ရယ်၊ အမေခင်ရယ်၊ ဦးခင်ဇော်ရယ်ပါမှာကို သိပ်အားရှိတာပဲ၊ ကျွန်မ ရေးတဲ့ဝတ္ထုကို ရုပ်ရှင်ပညာရှင်တွေက ဘယ်လိုပီပြင်အောင် သရုပ်ဆောင်မယ်ဆိုတာ ကျွန်မအတွက် သိပ်စိတ်ဝင်စားစရာ ကောင်းနေတယ်'

'ကောင်းမှာပါကွယ်၊ အားလုံး ကြိုးစားကြမှာပါပဲ'

'ဟုတ်ပါတယ် အမေခင်၊ ကျွန်မ နှောင့်ယှက်မိတာ စိတ်မရှိပါနဲ့နော်၊ ကျွန်မက ထက်မြက်တဲ့မိန်းမတွေကို သဘောကျ တတ်လို့ပါ'

'ဟုတ်လား၊ အမေခင် ဝမ်းသာပါတယ်၊ နောက်လဲ ကြိုဆို ပါတယ်'

'ဒါပဲနော် အမေခင် အနားယူပါဦး'

စကားပြောပြီးတော့ ဒေါ်နီလာခင် စိတ်ထဲမှာ ပေါ့ပါးသွား ပင်ပန်းနွမ်းနယ်မှု အလိုမကျမှုများ ပျောက်သွားသည်။ အင်း မိန်းမ တစ်ယောက် တော်အောင်ကြိုးစားရတယ် ဆိုတာ မလွယ်ပါဘူး၊ ဒါတွေကို မြကြည်ဇင် ထိုးထွင်းသိမှာပါပဲ။ မိန်းမတစ်ယောက်ကို တကယ့်တကယ် ဘယ်ယောကျ်ားကမှ အထင်ကြီးတတ်ကြတာမှ မဟုတ်ဘဲလေ။ မိန်းမကို ချစ်ဖို့၊ ကြင်နာ

ဖို့သာ အဆင်သင့် ရှိနေတတ်ပြီး အစွမ်းအစကို တိုးမြှင့်ပေးဖို့ ကျ တော့ သဘောထား မကြီးတတ်ကြပေ။

ဦးမျိုးသော်သည် ဘဝအစမှာတော့ နီလာခင်အပေါ် များစွာ ဖေးကူခဲ့ပါသည်။ နီလာခင်၏ ရည်မှန်းချက်တွေ အောင် မြင်ပြီး အားလုံးအပေါ် အနိုင်ယူနိုင်ခဲ့သည်မှာ ဦးမျိုးသော်၏ ကျေးဇူးတရားတွေ များစွာပါဝင်သည်။ သို့သော် နီလာခင်၏ မြင့်မားတိုးတက်မှုသည် သူတို့နှစ်ယောက်၏ ချစ်ခြင်းအတွက် တော့ အန္တရာယ်ပင်ဖြစ်ခဲ့ရလေ၏။

\+ + +

သမီး ငြိမ်းခင်ခင်ကို မွေးပြီးသည်အထိ နီလာခင်သည် ဇာတ် ကားတွေ မပြတ်ရိုက်ကူးခဲ့ရသည်။ နီလာခင်၏ တစ်ခေတ်တစ်ခါ ရယ်လို့ ပြောစမှတ် ပြုခဲ့ရပါသည်။ ရုပ်ရည်အားဖြင့်ရော ပညာ အားဖြင့်ရော နီလာခင်သည် ဘက်စုံပြည့်ဝခဲ့သည်။ ကျရာ နေရာမှာ အပီပြင်ဆုံးဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ နီလာ ခင်သည် ပရိသတ်ရှေ့က တော်တော်နှင့် ကျဆင်းမသွားခဲ့။

နီလာခင်၏အရွယ်သည် ဘယ်တော့မျှ ကြီးရင့်မလာတော့ဘူး လားဟု လူတွေက ပြောလာကြသည်။ နောက်တက်လာသည့် မင်းသားအသစ်တွေကို နီလာခင်နှင့်တွဲပြီး စင်တင်ပေးခဲ့ရသည်။ မင်းသားသစ်တွေ ဖြစ်တာလည်းရှိ၊ ကွယ်ပျောက်သွားတာလည်း ရှိ၏။ သို့သော် နီလာခင်နှင့် မတွဲဘူးသည့် မင်းသားမရှိ။

ဦးမျိုးသော်၏ အစီအမံကြောင့် နီလာခင်သည် မည်သည့်ကုမ္ပဏီနှင့်မျှ အချုပ်အနှောင်မရှိ။ လွတ်လွတ်လပ်လပ် လုပ်နိုင်ကိုင်နိုင်ခဲ့သည်။

ဘယ်သူတွေ ဘာပြောပြော သူတို့၏ အိမ်ထောင်ရေးသည်လည်း သာယာချမ်းမြေ့ခဲ့ပါ၏။ ငွေဆိုသည်မှာလည်း ရလက်စရှိလျှင် ရချင်ချင်မို့ နီလာခင်အတွက် တပ်မက်ဖွယ်ရာ မဟုတ်တော့။ သူတို့စိတ်ကြိုက် အိမ်တစ်လုံးကို ဆိတ်ငြိမ်ရပ်ကွက်တစ်ခုမှာ ဆောက်သည်။

လောကကြီးက ရယ်စရာတော့ အကောင်းသား။ ယခုနီလာခင်ရယ် ဖြစ်လာတော့ ယခင်က နှိမ့်ချမှုတွေ၊ အတင်းအဖျင်းပြောမှုတွေသည် တစ်ကဏ္ဍစီ ကျန်ရစ်ခဲ့ပြီ။ ဘယ်သို့သော ထိပါးတိုက်ခိုက်မှုကမျှ နီလာခင်ကို ယိုင်လဲအောင် မစွမ်းဆောင်နိုင်တော့။ နီလာခင်၏ ဘဝသည် သူတို့နှင့်အဝေးကြီးဖြစ်သွားသည်။ သူတို့က သူတို့၊ နီလာခင်က နီလာခင်။ သူတို့သည် အတိတ်ဘဝမှာ ကျန်ရစ်ခဲ့ပြီ။ နီလာခင်သည် ဘဝသစ်ကို ရောက်ရှိခဲ့ပြီ။

နီလာခင်ရဲ့ဘဝမှာ လင်သားရယ်၊ သမီးရယ် ဒါပဲရှိသည်။ ပြီးလျှင် နီလာခင်သည် သူတစ်သက်လုံး မြတ်နိုးအလေးထားခဲ့သော အနုပညာနယ်မှာ အချိန်ပြည့် မြုပ်နှံထားနိုင်ခဲ့လေသည်။

သို့သော် လောကဓံတရားသည် တစ်နေရာမှာ ရှိနေသည်။ တစ်ဖက်က နီလာခင်၏အခြေအနေ တစ်ဟုန်ထိုး မြင့်မားချိန်၊ ဦးမျိုးသော်သည် ဇရာပိုင်းကို ရောက်လာသည်။ သူ့

အနုပညာကို လေးစားပါသည်ဆိုသော သူမှသူ အလေးပေး အရေးထားခဲ့ကြသော လူတွေသည် သူ့အပေါ် အင်တင်တင် ဖြစ်လာကြသည်။

'တချို့က ပြောနေကြတယ် အစ်ကိုကြီး၊ နီလာခင်ကို ရိုက်ချင်ရင် အစ်ကိုကြီးကိုပါ ငှားရမယ်တဲ့ အဲဒါ'

ဦးမျိုးသော် ချက်ချင်းသိလိုက်သည်။ ပိတ်ကားပေါ်မှာ လူ့သဘာဝ စရိုက်ပေါင်းစုံကို သရုပ်ဆောင်ပြလာတဲ့ လူတစ်ယောက်ပဲကွယ်၊ လူတွေ၏ ပြောင်းလဲလာသော အမူအရာ စကားအသွားအလာတွေကို မသိဘဲ ဘယ်ရှိပါ့မလဲ။

'အဲဒီတော့ မင်းက ဘာပြောချင်သလဲ'

နီလာခင်သည် သမီးငြိမ်းခင်ခင်ကို အမေ့လက်ထဲ ထည့်လိုက်သည်။ ယခုတော့ အမေသည် နီလာခင်၏ အရိပ်အောက်ကို ခိုဝင်ခဲ့ပြီ ဖြစ်၏။

ဦမျိုးသော်၏ ဒေါသရိပ်ကို နီလာခင် မြင်၏။

'မဟုတ်ပါဘူး အစ်ကိုကြီး၊ ကျွန်တော်တို့က အစ်ကိုကြီးကို လေးစားပြီးသားပါ၊ အစ်ကိုကြီးက ဘာမဆို နားလည် သဘောပေါက်ပြီးသားဆိုတာ ကျွန်တော်တို့ သိပါတယ်'

ဦးမျိုးသော်၏ မျက်နှာသည် ရဲရဲနီခဲ့ပြီ။ ဘာမဆို နားလည်သဘော ပေါက်ပြီးသား ဆိုတာတဲ့။ ဘာကို သဘောပေါက်ရမှာလဲ။ နီလာခင်ဟာ အရွယ်ကောင်းဆဲ။ နုပျိုဆဲ။ နောက်တက်လာသည့် မင်းသားငယ်တွေနှင့်လည်း တွဲရိုက်၍ ကြည့်ကောင်းဆဲ။ သူကတော့ တဖြည်းဖြည်း ခေတ်ဟောင်း မင်းသားကျကြီး ဖြစ်နေပြီ။ ဒါကို နားလည်ရမှာလား။

'မင်းတို့ ဘာပြောချင်တာလဲ၊ ရှင်းရှင်းပြောစမ်းပါ၊ ဒီအချိန်ဟာ စကားကို ရှင်းရှင်းပြောရမယ့် အချိန်ပဲ'

နီလာခင်သည် စိုးရိမ်တုန်လှုပ်စွာဖြင့် ရပ်ကြည့်နေမိသည်။ အခြေအနေကို နီလာခင် ကြိုတင်သိထားခဲ့ပြီးပြီ။ သူတို့က မင်းသားသစ် တစ်လက်နှင့် နီလာခင်ကို တွဲရိုက်ချင်သည်။ အစက ထိုဇာတ်ကားမှာ ဦးမျိုးသော်နာမည်ပါခဲ့သည်။ သူတို့ဘက်ကလည်း မရှင်းလင်းခဲ့။ အစက ထည့်ပြောထားပြီး ယခုမှ ဖြုတ်ပစ်မည်ဆိုတော့ ဦးမျိုးသော်က စိတ်ဆိုးစရာပင် ဖြစ်သည်။

'ဒီလိုပါ အစ်ကိုကြီးရယ်၊ ကုမ္ပဏီကလဲ ပြုတ်မယ့်တဲတဲပါ၊ ရှိစုမဲ့စု ငွေကလေးနဲ့ ပြန်မတ်ရမှာဆိုတော့ သူတို့က အဲ မမနီလာကိုတော့ သုံးချင်တယ်၊ မင်းသားနေရာကိုတော့ အခြေအနေအရ လူပြောင်းချင်လို့ပါ'

'ဟား ဟား ဟား မင်းတို့က တဆိတ်ရှိ ငွေကို အကြောင်းပြတာကိုး၊ ငါဟာ ရုပ်ရှင်နယ်မှာ အနှစ် နှစ်ဆယ်လောက် မင်းတို့ကို ငွေရှာပေးခဲ့တဲ့ကောင်ပါကွ၊ အေး ငါဟာ အခြေအနေနဲ့ အချိန်အခါကို သဘောမပေါက်တဲ့ လူကြီးလို့တော့ မထင်လိုက်ပါနဲ့၊ ဒီမှာ မင်းတို့ နီလာခင်ကိုတော့ မရမှာ စိုးတယ် မဟုတ်လား၊ ခေါ်ပါ ခေါ်သွားစမ်းပါ၊ လူကိုပါ ခေါ်ချင်ခေါ်သွားဦး၊ ဟေ့ ဘာမှ မမှုဘူးကွ'

ဦးမျိုးသော်သည် စားပွဲကို လက်သီးနှင့် ထုပစ်လိုက်လေသည်။

'အို အစ်ကိုကြီး ဒီလိုတော့ မပြောပါနဲ့'

'တော်စမ်း နီလာ၊ အခုပဲ သူတို့က မင်းကိုလိုချင် ငါ့ကိုပါ ခေါ်ရမယ်လို့ အတင်းအဖျင်း ပြောနေကြပြီ မဟုတ်လား၊ ငါဟာ နွားမဟုတ်ဘူး၊ သိက္ခာမရှိတဲ့ကောင် မဟုတ်ဘူး၊ သွား မင်း သွား၊ မင်းလဲ တစ်နေ့ကျ သူတို့လိုပဲ ငါ့ကို စွန့်ခွာသွားမဲ့ မိန်းမ'

ဦးမျိုးသော်၏ဒေါသသည် အကြောင်းမဲ့ နီလာခင်အပေါ် ကျရောက်ခဲ့သည်။ နီလာခင်သည် မင်းသားအသစ်တွေနှင့် တွဲရိုက်ရသည်မှာ နှစ်ကား ရှိပြီ။ ငွေအလုံးအရင်းနှင့် ရုပ်ရှင်နယ်ကို ဝင်ရောက်လာသူ မင်းသားတစ်လက်လည်း အပါအဝင်ဖြစ်သည်။ ထိုကိစ္စကို ဦးမျိုးသော် မကျေနပ်။ ယင်း အစိုင်အခဲက ယခု ပေါက်ကွဲလေပြီ။

နီလာခင်တို့၏ အိမ်ထောင်ရေးမှာ ပြဿနာသည် ဝင်ရောက်ခဲ့ပြီ။ ဦးမျိုးသော်သည် နီလာခင်၏ လှုပ်ရှားသွားလာမှုတွေကို ကြည့်မရတော့။ ရုပ်ရှင်နယ်မှာ နှစ်ပေါင်းများစွာ ကျင်လည်လာသူချင်းဖြစ်ပါလျက် နီလာခင်၏ လုပ်ငန်းခွင်ကိုပါ ထိကပါး ရိကပါး ပြုလာလေသည်။

'ဘယ်လိုလဲ သတင်းကြီးတဲ့မင်းသမီးရဲ့၊ မင်းသား လက်သစ်လေး တွေနဲ့တွဲရတာ သဘောတွေ့နေပြီလား၊ ဒီတစ်ခါ နယ်ထွက်ရင် ဘယ်နှလ ကြာမှာလဲ'

'အစ်ကိုကြီးရယ် နီလာ့ကို ဒီလို မပြောပါနဲ့၊ အစ်ကိုကြီးဟာ နီလာ့ဘဝကို မြှင့်တင်ပေးခဲ့သလို နီလာ ဒီအခြေရောက်နေတာ ကျေနပ်ဖို့ကောင်းပါတယ်'

'အေး ဒါပေမဲ့ အမြီးကျက် အမြီးစား ခေါင်းကျက် ခေါင်းစား လူတွေကများသား နီလာ၊ မင်းဟာလဲ မင်းရဲ့ အောင်မြင်မှုအတွက်ဆို ဘာမဆိုလုပ်ရဲတဲ့ မိန်းကလေးမဟုတ်လား'

အရက်ခွက်ကို လက်မှကိုင်ကာ အတင်သေးရှုတ်ချသော မျက်လုံးများနှင့် ကြည့်နေသော ဦးမျိုးသော်၏ အသွင်ကို နီလာခင် ကြည့်မရ၊ ခံနိုင်ရည်မရှိ။ အထူးသဖြင့် နီလာခင်၏ အတိတ်ကိုတူးဆွပြီး စော်ကားခြင်းကို မခံရပ်နိုင်။

'ဒီလိုမပြောပါနဲ့ အစ်ကိုကြီး၊ နီလာဟာ အစ်ကိုကြီးကို နီလာ့ အောင်မြင်မှုအတွက် ခုတုံးလုပ်ခဲ့တာ မဟုတ်ဘူး၊ ချစ်လို့ယူခဲ့တာ'

'အေး အဲဒီအချစ်ဟာ မင်းရင်ထဲမှာ အခု ရှိနိုင်တော့မလား၊ မင်းကပါ သာတုန်းမှာ နားချင်တဲ့လူတွေနဲ့အတူ ငါ့ကို ခွာချင်ပြီ မဟုတ်လား'

'အစ်ကိုကြီးကို နီလာ ခွဲခွာဖို့ ဘယ်တုန်းက စကားစဖူးသလဲ'

'ဒါပေမဲ့ မင်းကိုယ်တိုင်က ငါနဲ့အတူတွဲပြီး မရိုက်ချင်တော့ပါဘူးလို့ ဖွင့်မပြောရုံ တစ်မည်ပဲမဟုတ်လား၊ သူတို့ ဘာကြောင့် ဒီလိုပြောရဲသလဲ'

နီလာခင်က အလုပ်ကို လေးစားအားထားသူဖြစ်သည်။ သည်အလုပ်ဖြင့် တစ်သက်လုံး ရပ်တည်သွားလိုသူဖြစ်သည်။ နီလာခင်၏ အနုပညာဘဝ အရှည်တည်တံ့ရေးအတွက် အစွမ်းကုန်ကြိုးပမ်းလိုသည်ကတော့ အမှန်ပင်။ သည်အတွက် နီလာခင်

သည် လျှောက်သင့်သော လမ်းကို လျှောက်ရ ပေမည်။ ဦးမျိုးသော်သည် နီလာခင်၏ ခင်ပွန်းအဖြစ် တစ်သက်လုံး လက်တွဲ သွားမည့်သူ။ သို့သော် အနုပညာ ခရီးလမ်းမှာက အသင့်တော်ဆုံး အလုပ်ကိုသာ လုပ်ရမည် မဟုတ်လား။

'အစ်ကိုကြီးရယ် နီလာ ရုပ်ရှင်ကို ဘယ်လောက် မြတ်နိုးတယ်ဆိုတာ အစ်ကိုကြီးအသိပါ၊ နီလာ ရုပ်ရှင်ရိုက်နေချင်ပါတယ်၊ ဒါကို အစ်ကိုကြီး သိလျက်နဲ့ မသိချင်ယောင်ဆောင်ပြီး နီလာ့ကို အပြစ်မဖို့ပါနဲ့'

'အေး မင်း ငါနဲ့လက်တွဲဖြုတ်မှ ရုပ်ရှင်ဆက်ရိုက်ရမယ်ဆိုရင် ငါနဲ့ တစ်ခါတည်းလမ်းခွဲပေါ့'

'အိမ်ထောင်ရေးနဲ့ အလုပ်နဲ့ မရောထွေးပါရစေနဲ့ အစ်ကိုကြီးရယ်'

'မင်းအတွက် ငါ အစစအရာရာ အနစ်နာခံခဲ့တယ် မဟုတ်လား၊ ငါ့အတွက် မင်း အနစ်နာမခံနိုင်တော့ဘူးပေါ့ ဟုတ်လား'

ဦးမျိုးသော်က နီလာခင်၏ ပခုံးများကို ခပ်ကြမ်းကြမ်း ဆုပ်ကိုင်ကာ မေးလေသည်။ သြော် အစ်ကိုကြီးကို သည်မျှ အတ္တစိတ်ကြီးမားလိမ့်မည်ဟု နီလာခင် မထင်ခဲ့။ ယောကျ်ား တစ်ယောက်ဟာ မိန်းမတစ်ယောက်ကို ညှာတာဖို့၊ ဖေးကူဖို့သာ သဘောထားကြီးလျက် မိမိထက် မြင့်မားသည့်အခြေမှာ မနေစေလိုပါကလားဟု နီလာခင် နာကြည်းစွာ တွေးမိလေသည်။

ဦးမျိုးသော်သည် နီလာခင်အတွက် သူ၏ ပထမအိမ်ထောင်ကို စွန့်ခွာခဲ့သည်။ ဤသည်မှာ သူ၏ ကြီးမားသော အနစ်နာခံမှုပင်။ သည်အတွက် နီလာခင် ကျေးဇူးတင်ရပါသည်။ အစ်ကိုကြီး၏ အချစ်ကိုလည်း အကြွင်းမဲ့ ယုံကြည်ပါသည်။ ယခုကိစ္စကတော့ အချစ်နှင့်မဆိုင်။ အိမ်ထောင်ရေး ပြဿနာလည်းမဟုတ်ဟု နီလာခင် ယူဆသည်။ ဒါက နီလာခင်၏ အနုပညာဘဝဖြစ်သည်။ သည်ဘဝရောက်အောင် နီလာခင်သည် လူမှန်းသိတတ်စကတည်းကပင် အိပ်မက် မက်ခဲ့ရသည် မဟုတ်လား။ သည်အတွက် အသွေးအသားတွေကိုပင် စတေးခဲ့ရသည် မဟုတ်လား။

နီလာခင်တို့၏ အိမ်ထောင်ရေးသည် အဆင်ပြေသည်ဟူ၍ မရှိတော့ပေ။ နီလာခင် ရိုက်လက်စ ကားတွေကို ဆက်ရိုက်ရသည်။ သို့သော် ရုပ်ရှင်နယ်မှာ ကျင်လည်ခဲ့ကြသူချင်းအတူတူ နီလာခင် အိမ်ပြန်ရောက်လျှင် လော်လီဖောက်ပြားသော မိန်းမတစ်ယောက်ကိုကြည့်သော မျက်လုံးများဖြင့် ဆီးကြိုသည်ကို နီလာခင် ခံပြင်းလှသည်။ မင်းသားကျကြီးတစ်ယောက် ရယ်လို့ သူ့ကိုယ်သူ ခံယူသောစိတ်သည် နီလာခင်အပေါ် ဒေါသအမျက်များအဖြစ် ပြောင်းလဲ၍ ကျရောက်စေသည်။ ရုပ်ရှင်လောကသားတွေကလည်း အခက်သား။ စိတ်ထားမမှန်သူတွေကလည်း များလှ၏။ နီလာခင်၏ကိစ္စနှင့် အိမ်ကိုလာ၍သော်မှ 'အစ်ကိုကြီး နေကောင်းလား' ဟုမှ လှည့်ပြီး နှုတ်ဆက်ဖော်မရ။ လောလောဆယ် ဦးစားပေးရမည့်သူကိုသာ ဖူးဖူးမှုတ်ကြတော့ ဦးမျိုးသော် စိတ်နာမည်ဆိုလည်း နာလောက်၏။

ဒါပေမဲ့ ဒါတွေက နီလာခင်နှင့် ဘာဆိုင်သလဲကွယ်။ နီလာခင် အရွယ်နုပျိုတာ၊ အလုပ်ကိုကြိုးစားတာ၊ အများနှင့် သင့်တင့်အောင် ပေါင်းတာ၊ ခေတ်နှင့် လျော်ညီအောင် နေထိုင်ဝတ်စားတာ၊ အားလုံးဟာ နီလာခင်ရဲ့ အနုပညာ ရှင်သန်ရေးအတွက်ပါ။ ဒါတွေကို ဖောက်ပြန်မှုတွေဟု စွပ်စွဲလာတော့ နီလာခင် ဝမ်းနည်းကြေကွဲရသည်။

ဦးမျိုးသော်သည် အရက်ကို ပိုသောက်လာ၏။ တစ်ခါတစ်ရံ ငယ်ပေါင်းရောင်းရင်းများကို ပင့်ဖိတ်၍ အိမ်မှာ စားပွဲသောက်ပွဲကြီးများ ကျင်းပသည်။ နီလာခင်သည် အဝတ်အစား ပြိုးပြိုးပြက်ပြက်နှင့် ရိုက်ကွင်းမှ ပြန်ရောက်လာလျှင် တဝါးဝါးတဟားဟား ဆူညံနေသော သူတို့ဝိုင်းနှင့် ရင်ဆိုင်ရသည်။ နီလာခင်သည် အိမ်ပြန်နောက်ကျသော အိမ်ရှင်မမို့ မျက်နှာထား ချိုချိုထားကာ တောင်းပန်ရသည်။

'လာပါဦး ရွှေမင်းသမီးရဲ့၊ ဒီမှာ အိမ်ရှင်မ မရှိတော့ အစစအရာရာ တယ်လစ်ဟင်းတာပဲ၊ အမြည်းလေး ဘာလေး လုပ်ပေးပါဦး'

ဦးမျိုးသော်၏ ခနဲ့တဲ့တဲ့စကားသံ မတိတ်မီ မီးဖိုချောင်ဝင်ကာ အမြည်းအတွက် ရှာဖွေရသည်။

'အမေ ဘာရှိသလဲ၊ ဝက်အူချောင်းရှိသေးလား၊ ကြက်ဥတွေကော'

'ညည်းမလဲ အဝတ်လေးဘာလေး လဲစမ်းပါဦးအေ'

မိတ်ကပ်အရဲသားနှင့် ဖိုးရိုးဖားရား ဖြစ်နေသော နီလာခင်သည် ဒါတွေကို ဂရုမစိုက်အား။ ရှိသမျှ ရှာကြံကြော်လှော်ပြီး

အိမ်ရှေ့သို့ ပြုံးပြုံးရွှင်ရွှင် ပြန်ထွက်ရသည်။ မင်းသမီးတစ်ယောက်ရဲ့ တကယ့် သရုပ်ဆောင်မှုပါပဲ။

'ဒီမှာ နီလာ၊ ဧည့်သည်တွေအနားမှာ ထိုင်ပါဦး'

တကယ်တော့ နီလာခင် ပင်ပန်းလှပြီ။ ရိုက်ကွင်းမှာ တစ်နေကုန် မောလာရသူတစ်ယောက်အတွက် အဘယ်မျှပင်ပန်းသည်ကို ဦးမျိုးသော် မသိမဟုတ်ပေ။ သို့သော် အပေါင်းအသင်းတွေရှေ့မှာမို့ နီလာခင် ဟန်မပျက် ထိုင်ပေးပါသည်။ ဝုန်းခနဲ လှဲအိပ်ချင်စိတ်ကို မနည်းကြီး ဟန်ဆောင် အားတင်းထားရသည်။ သူတို့ကတော့ တဝါးဝါး တဟားဟားဖြင့် ရယ်ပွဲဖွဲ့၍ မဆုံး။

'အရက်ကုန်သွားပြီ နီလာ၊ သူတို့က မဝသေးဘူးတဲ့၊ ရှာပေးပါဦး ကွာ'

'ဟင် အစ်ကိုကြီးကလဲ ဒီအချိန်ကျမှ ဘယ်မှာသွားရှာမလဲ'

'သတင်းကြီးတဲ့ မင်းသမီးပဲကွယ်၊ ဘယ်က သွားယူယူပေါ့၊ ဒီမှာနီလာ အစ်ကိုကြီးမှာ ဒီအပေါင်းအသင်းတွေနဲ့ပဲ ပျော်နေရတာ၊ မင်း အစ်ကိုကြီးလိုတာကို ဖြည့်စွမ်းပေးဖို့ ကောင်းတယ်'

ယောကျ်ားတစ်ယောက်၏ တိုက်ခိုက်မှုသည် ထိရောက်လှပါကလားဟု အံ့သြ နာကြည်းရပြန်သည်။ သို့သော် ကိစ္စမရှိ။ နီလာခင်သည် နီလာခင်အဖြစ် အပြစ်ကင်းစွာ ရှင်သန်လိုသေးသည်။

နီလာခင်သည် ဒရိုင်ဘာကိုနိုးကာ ကားတစ်စီးဖြင့် သူတို့လိုတာကို ရှာပေးသည်။ နီလာခင်၏ ဆရာသမားများက နီလာခင်ကို အံ့သြသည်။ 'အစ်ကိုကြီးက ဒီလိုလုပ်ဖို့ မကောင်း

ဘူး’ ဟု ကရုဏာစကား ဆိုသည်။ သို့သော် နီလာခင်က သည့်ထက်မက အခက်အခဲတွေကို ကျော်လွှားခဲ့ပြီးပြီပဲ။

ပတ်ဝန်းကျင်သည် ကောင်းသတင်းကိုပြောဖို့ ဝန်လေးသော်ငြား သိက္ခာကျစေမည့် စကားကို ခပ်လွယ်လွယ် ပြောကြလေသည်။

နီလာခင်ဟာ ကျေးဇူးရှင်မင်းသားကြီးကို ချောင်ထိုးထားပြီး သူ့ကျော်ကြားမှုအတွက်သာ သူ လုံးပန်းနေသည်တဲ့။

နီလာခင်ကတော့ ဖြစ်သည့်နည်းနှင့် သူ့အနုပညာဘဝကို ဆက်လက် ရှင်သန်စေမည်သာ ဖြစ်လေသည်။

\+ + +

သမီးငြိမ်းခင်ခင်သည် အဆင်မပြေသော အိမ်ထောင်ရေးကာလမှာ ကြီးပြင်းခဲ့ရလေသည်။ နီလာခင်သည် အချိုးမပြေသော ဘွားအေလက်ထဲမှာ သမီးကိုထားကာ အလုပ်ကို နေ့မအား ညမအား ကြိုးစားနေရသည်။ အဖေက ဘဝ၏ အကျပိုင်းကိုတရားနှင့်မဖြေဘဲ အရက်နှင့်သာ ချေဖျက်နေလေတော့ သမီးတစ်ယောက်အတွက်လည်း အချိန်မပေးတော့။ မယားကို မာန်မဲ အပြစ်ရှာဖို့သာ အားသန်ခဲ့သည်။

ငြိမ်းခင်ခင်သည် ပစ္စည်းဥစ္စာ ပြည့်ဝသော်လည်း စိတ်နှလုံးကြည်နူး ချမ်းမြေ့မှုကို မခံစားခဲ့ရရှာ။ ထို့ကြောင့် ငြိမ်းခင်ခင်၏ စိတ်ဓာတ်သည် မာကျောခဲ့၏။ နေ့ရှိသမျှ ပြဿနာဖြစ်နေ

သော အဖေ အမေတို့၏ အနုပညာရှင် ဘဝကိုလည်း အထင်ကြီး အားကျခြင်းမရှိတော့ပေ။ သို့သော် ငြိမ်းခင်ခင်သည် ထက်မြက်သော မိန်းကလေးတစ်ယောက်ကား ဖြစ်ခဲ့ပါသည်။ စာတော်သည်။ သူ့အတွက် အစစပြည့်စုံသောဘဝမှာ စာကြိုးစားခြင်းသည် စိတ်ချမ်းမြေ့စရာ အလုပ်တစ်ခုပင် ဖြစ်သည်။

ဦးမျိုးသော်နှင့် ခွဲခွာဖို့ နီလာခင် စိတ်မကူးခဲ့။ သို့သော် သူတို့နှစ်ယောက်ကြားမှာ မျိုးဆက်ကွာခြားမှုသည် အကြီးမားဆုံးပြဿနာကြီး ဖြစ်ခဲ့ရ၏။ ပြီးတော့ နီလာခင်သည် သူ၏ အနုပညာဘဝကို မည်သည့်နည်းနှင့်မျှ မစွန့်လွှတ်နိုင်။ ဦးမျိုးသော်က အချစ်နှင့် အတ္တစိတ်ရောထွေးလျက် ရှိသည်။ နီလာခင်အပေါ် လုံးဝဥဿုံ နားလည်ပါလျက် ခွင့်မလွှတ်နိုင်။ သို့ဖြင့် သူတို့ နှစ်ယောက်သည် တစ်စထက်တစ်စ ဝေးကွာခဲ့ကြ၏။

တစ်နေကုန် မောပန်းစွာအလုပ်လုပ်ခဲ့ရပြီး အိမ်ပြန်ရောက်တော့ လူမှန်းမသိအောင် မူးနေသောသူတစ်ယောက်၏ ရင်ခွင်ထဲမှာ အကြင်နာမရှိသော ထိတွေ့ဆက်ဆံမှုများကိုလည်း ရွံ့မုန်း၍လာပြီ။ သည်လို ဝေးကွာရလေလေ ဦးမျိုးသော်က နီလာခင့်အပေါ် မကျေနပ်လေလေ။ သူတို့ အခြေအနေသည် ပေါက်ကွဲလုလု။

နီလာခင် မင်းသား ငယ်ငယ်လေးတွေနှင့်တွဲကာ ပြုံပြုံပြင်ပြင်သွားလာနေရတာ၊ အိမ်ပြန်နောက်ကျတာ၊ အရာအားလုံးသည် အိမ်ထောင်ရေး ရှုထောင့်မှသာကြည့်ပြီး နီလာခင်၏ အပြစ်တွေကြီးလေးသထက် ကြီးလေးလာ၏။

နီလာခင်က ထုံးစံအတိုင်း ညဥ့်ကိုးနာရီကျော် ရိုက်ကွင်းမှ ပြန်အရောက် မီးဝင်းဝင်းတောက်သော သူ့မျက်လုံးများကို မြင်ရတော့ ပြဿနာပေါက်ကွဲပြီဟု စိတ်က အလိုလိုသိလိုက်သည်။ သူသည် လူမှန်းမသိအောင် မူးနေခြင်းမဟုတ်။ သည်လို အခြေအနေသည် ကြောက်စရာ အကောင်းဆုံးပင် မဟုတ်လား။

'မင်း အခု ဘယ်ကပြန်လာသလဲ နီလာ'

နီလာခင်သည် သည်းခံမှုအတိုင်းအတာကို ဆက်လက် ထိန်းသိမ်းဖို့ ကြိုးစားပါသေး၏။

'ဒီနေ့ မော်ဘီမှာသွားရိုက်ရမယ်လို့ အစ်ကိုကြီးကို ပြောခဲ့သားပဲ'

'မင်းပြောရင်လဲယုံရမှာပဲပေါ့၊ ဟို ဘောင်းဘီဖင်ကျပ်နဲ့ ဒိုးဒိုးဒန့်ဒန့်လုပ်ပြီး ပရိသတ်ဆီက ပိုက်ဆံညာယူနေတဲ့ မင်းသားပေါက်စနဲ့ပဲ မဟုတ်လား'

ဦးမျိုးသော်သည် နောက်တက်လာသည့် မျိုးဆက်ကို အမြဲပဲ အပြစ်မြင်လျက်ရှိပြီ။ သည်လို တိုက်ခိုက်စကားတွေကလည်း များလှပြီ။

'ဒါကတော့ သူ့ခေတ်နဲ့သူပဲ အစ်ကိုကြီး၊ အစ်ကိုကြီးတုန်းကလဲ မြန်မာပြည်က ကောင်းဘွိုင်မင်းသားကြီးလို့တောင် လူတွေက ခေါ်ကြတယ် မဟုတ်လား'

'အေး ဒါပေမဲ့ ငါ ဘယ်တော့မှ ပရိသတ်ကို မညာခဲ့ဘူး၊ ငါဟာ ငါ သရုပ်ဆောင်ရမဲ့ နေရာမှာတော့ တာဝန်ကျေအောင် လုပ်ခဲ့တာချည်းပဲ'

ဦးမျိုးသော်၏ ပညာပိုင်းကိုတော့ လူတိုင်းက နားလည်ကြသည်။ သို့သော် ရုပ်ရှင်သမားတိုင်းသည် ပညာကို အားထားသူချည်းမဟုတ်။ ရောထွေးလျက်ရှိသည်။ ဘာမျှ အမှုအရာမည်မည်ရရ မလုပ်တတ်သော်လည်း ပရိသတ်အလယ်မှာ စန်းပွင့်လျှင် ထိုမင်းသားနောက်ကိုသာ လိုက်ကြတော့သည်။

'ဒါပေမဲ့ အခုတော့ အစ်ကိုကြီးက ကျရာတာဝန်ကို မဆောင်ရွက်ချင်တော့ဘူး မဟုတ်လား၊ အစ်ကိုကြီးကလဲ ထိပ်ဆုံးနေရာက တစ်ပြားမှ မလျှော့နိုင်ဘူး မဟုတ်လား'

ဦးမျိုးသော်က အရိုက်ကိုထိသဖြင့် ရှူးရှူးရှားရှား ဖြစ်လာသည်။ သူသည် ယခုနောက်ပိုင်း သူ့စရိုက်နှင့်လိုက်ဖက်မည့် ဇာတ်ကားအချို့ကို ပယ်ချနေခဲ့သည်။ သူက အဓိက မင်းသားနေရာမှာပဲ သရုပ်ဆောင်ချင်သည်။ သူက မာနကို တစ်စက်မျှ မလျှော့ချင်။

'မင်းလို မိန်းမျိုးကများ ဒီလို စကားပြောသလား၊ မင်းက ငါ့ကို ဝေဖန်နိုင်လောက်အောင် ဘာအရည်အချင်းရှိလို့လဲ'

ဦးမျိုးသော်၏ အတ္တစိတ်သည် ပိုမို ကြီးထွားလာသည်။ သူ့အတွက် နီလာခင်ဆိုသော မိန်းမသည် ကလောမြို့၏ လမ်းပေါ်မှာ စမ်းတဝါးဝါး လျှောက်နေသည် မနူးမနပ် ကောင်မလေးတစ်ယောက်သာဖြစ်သည်။ သူက ထိုလမ်းပေါ်မှ ကယ်တင်လာရသူဖြစ်သည်။

'ဟုတ်ပါတယ်၊ နီလာဟာ အရည်အချင်းမရှိပါဘူး၊ ပညာလဲ မတတ်ပါဘူး၊ ဒါပေမဲ့ နီလာ့ အလုပ်နဲ့ပတ်သက်ရင် နီလာ အမြဲကြိုးစားတယ်၊ ပညာယူတယ်၊ တစ်နေ့ နီလာ အသက်ကြီးလာရင်လဲ လုပ်လို့ရတဲ့ အတိုင်းအတာကနေဝင်ပြီး လုပ်မှာပဲ၊ အစ်ကိုကြီးလိုတော့ မာနတွေထားပြီး မစ္ဆေရစိတ်တွေ ပွားများနေမှာ မဟုတ်ဘူး'

'ခွေးမ နင်လိုကောင်မမျိုးက ငါ့ကို ဒီလိုစကား ပြောသလား'

အခြေအနေသည် ထင်မှတ်သည်ထက် ပိုလွန်သွားခဲ့ပြီ။

နီလာခင်၏ ပါးပြင်သည် ပူရှိန်းလောင်မြိုက်သွားသလို ခံစားလိုက်ရသည်။ နားထဲမှာ အူသွားသည်။ မိတ်ကပ်မပျက်သေးသော မျက်နှာသည် ဖွေးခနဲသွေးဆုတ်သွားသည်။ ခန္ဓာကိုယ်သည် ကြမ်းပြင်ပေါ်သို့ ပုံကျသွားသည်။ မျက်နှာတစ်ခြမ်းနှင့် ကြမ်းပြင် ဆောင့်မိသည်။ ကမ္ဘာတစ်ခုလုံး ချာချာလည်သွားသည်။

အမေ့အော်သံ ကြားရသည်။ သမီးငိုသံ ကြားရသည်။ သူ၏ အပြင်းထန်ဆုံး တက်ခေါက်သံကြားရသည်။

နီလာခင်၏ အသားကို တစ်စုံတစ်ယောက်သောသူက နာကျင်အောင် လုပ်ခဲ့ပြီ။ နီလာခင်သည် လူလူချင်း အရိုက်အနှက်ခံရသည်ကို အရွံမုန်းဆုံး။ ယခု မိမိသည် လူသားအချင်းချင်း

အရိုက်အနှက်ခံရပြီ။ အို သည့်ထက် နာကြည်းစရာကောင်းတာ လောကမှာ ရှိဦးမလား။

ထိုအခိုက်အတန့်လေးမှာပင် နီလာခင်နှင့် သူသည် တစ်ကမ္ဘာစီ ခြားသွားပြီ ဖြစ်၏။

# [၁၁]

မြကြည်ဇင်အဖို့တော့ မိန်းမ သုံးယောက်စလုံးသည် စိတ်ဝင်စားစရာ ကောင်းနေသည်။ ထက်မြက်ထူးချွန်သည့် မိန်းမသုံးယောက်။ သို့သော် သူတို့သုံးယောက်က မျိုးဆက်သုံးခု ဆယ်စုနှစ်သုံးကြိမ်ကို ကိုယ်စားပြုနေသည်။

ဘဝ၏ တတိယအရွယ်ကို ဝင်ရောက်ခဲ့ပြီး တရားဓမ္မမှာ မွေ့လျော်စ ပြုသော၊ အတွေ့အကြုံများစွာကို ဖြတ်သန်းခဲ့ပြီး ကောင်းစွာ ရင့်ကျက်နေသော မိန်းမတစ်ယောက်။

ဘဝ၏ ထိပ်ဆုံးပိုင်းမှာ ရပ်တည်ဆဲ။ ထိုအခြေအနေမှ ယိုင်လဲပြိုဆင်း မသွားအောင် ယုံကြည်ချက်အားမာန် အပြည့်ဖြင့် အစွမ်းရှိသမျှ ကြိုးစားနေသော မိန်းမတစ်ယောက်။

ဘဝရည်မှန်းချက် ရောင်ခြည်သစ်တွေဖြင့် အားအင်ယူဆဲ။ ဖြစ်အောင် လုပ်မည်ဟူသော မာနဖွဲ့ဖြင့် တက်ကြွစွာလှုပ်ရှားနေသော မိန်းမငယ်တစ်ယောက်။

စာရေးဆရာတစ်ယောက်၏ အမြင်မှာ သူတို့အားလုံးသည် ရှင်သန် လှုပ်ရှားနေကြသည်။ သူတို့၏ တစ်ခုတည်းသောတူညီချက်မှာ အနုပညာအပေါ် ယုံကြည်လေးစားမှု ထားခြင်းဖြစ်၏။ ယင်းအတွင်းစိတ်က မျက်နှာပေါ်မှာ ပေါ်လွင်နေကြသည်။ သူတို့၏မျက်လုံးများသည် အရောင် တောက်နေကြသည်။

'မနွေ ပိန်သွားရဲ့လား အစ်မရယ်'

ခိုင်နွေက မြကြည်ဇင်ကို ရင်းနှီးစွာ မေးသည်။

'တော်တော့်ကို ပိန်သွားပါတယ်၊ ထမင်းမှ စားရရဲ့လားဟင်'

'အလုပ် ပင်ပန်းတာလဲ ပါတယ်အစ်မ၊ မိသဲက ရုံတင်တော့မယ်လေ၊ အဲဒါ ပြီးသွားရင် စိတ်အေးပါပြီ၊ အခုဇာတ်ကားအတွက်ပဲ အာရုံထားနိုင်တော့မယ်'

ခိုင်နွေသည် သူကိုယ်တိုင် ထုတ်လုပ်သော ဇာတ်ကားအတွက် ကိုယ်ရောစိတ်ပါ အလုပ်များနေသည်။ မိန်းမတစ်ယောက်တည်း အမှီအခိုမရှိဘဲ အလုပ်လုပ်နေသော ခိုင်နွေကို မြကြည်ဇင်အားကျသည်။

သည်ကနေ့ ဒေါ်နီလာခင်ရယ်၊ ခိုင်နွေရယ်၊ တင်အေးမြင့်ရယ်၊ မင်းသမီးသုံးလက်စလုံးကို တစ်ခန်းရိုက်မည်။ မြကြည်ဇင်က သူတို့သုံးယောက်၏ ပထမဆုံးရိုက်မည့် အခန်းကို စိတ်ဝင်စားလွန်း၍ အိမ်နှင့်အတိုက်အခံပြုပြီး ထွက်လာခဲ့ရသည်။ ထုံးစံအတိုင်း ကိုဝင်းဆွေက ထော့လုံး ငေါ့လုံးတွေဖြင့် ကျန်ခဲ့သည်။ သည်လိုအဖြစ်မျိုးတွေကလည်း သူတို့အတွက် ရိုး၍နေပြီ။

ကိုဝင်းဆွေသည် ယနေ့ညနေ ခြောက်နာရီမှာ ညစာစားပွဲ တစ်ခု သွားစရာရှိသည်။ သည်ပွဲကို မြကြည်ဇင်ပါ မလိုက်မဖြစ် လိုက်ရမည်ဟု အမိန့်ထုတ်သည်။ အရာရှိကတော်တွေ အားလုံး လာကြမည်တဲ့။ မြကြည်ဇင်သည် တခြားနေရာမှာ ဘာပဲလုပ်လုပ်၊ ဘယ်လောက်ပဲ နာမည်ကြီးနေနေ အရာရှိ ဦးဝင်းဆွေ ကတော်အဖြစ် ညစာစားပွဲကို တက်ဖြစ်အောင် တက်ရပေမည်။

'မောင့်ပွဲကို မြ မီအောင်ပြန်ခဲ့ပါ့မယ်၊ ဒီနေ့ရိုက်မယ့် အခန်း လေးကို ကြည့်ချင်လွန်းလို့ပါ'

မြကြည်ဇင်က တောင်းတောင်းပန်ပန်ပြောခဲ့သည်။

'ပြင်ဖို့ ဆင်ဖို့ အချိန်ရပါ့မလား'

ကိုဝင်းဆွေက သူနှင့်ပတ်သက်သောပွဲကို ခမ်းခမ်းနားနား တက်စေချင်သည်။ မြကြည်ဇင်၏ စာပေဆိုင်ရာ ပွဲလမ်းတွေမှာ တော့ သူသည် ရခိုင်လုံချည်လောက်ကိုပင် မတန်ဘူးထင်၍လား မသိ မဝတ်ပေ။ တိုက်ပုံအင်္ကျီက လူကြီးဆန်လို့တဲ့။ စာရေး ဆရာတွေက နောက်ပြောင် ရယ်မောလျှင်လည်း သူက ကလေကချေတွေနှင့် အရောမဝင်ချင်သလို ခပ်တည်တည် လုပ် နေတတ်သည်။ ဒါတွေကို ဓာတ်ပြားဟောင်းဖွင့်နေလျှင် သွား ချင်တာ မသွားလိုက်ရဘဲ နေမည်စိုး၍ မြကြည်ဇင်က 'အဝတ် အစားတွေ အသင့်ထုတ်ပြီးသားပါ မောင်ရဲ့'ဟု ပြောရပြန်သည်။

သူ့ကားကိုသုံးလျှင် ပြဿနာတက်နေမည်စိုး၍ တက္ကစီ ငှားပြီး လာခဲ့သည်။ အမျိုးသားခြံကိုရောက်တော့ လူစုံနေပြီ။ မရှေးမနှောင်းမှာပင် ဒေါ်နီလာခင်ကို သူ့သမီး ဆရာဝန် မက ကားဖြင့် လာပို့သွားသည်။

တင်အေးမြင့်သည် သူ့ဘာသာ မိတ်ကပ်ပြင်နေ၏။ တင်အေးမြင့်သည် သည်ဇာတ်ကားမှာ လှုလှုပပ ဝတ်စားဖို့ အခွင့်အရေးရသည်။ သို့သော် ဖခင်ကို စိတ်နာနေသူ၊ လူတွေကို မကျေနပ်သူ၊ မိမိနေရာကို မတရားဝင်ရောက်နေသူများအား အမျက်ဒေါသ ပွားနေသူအဖြစ် သရုပ်ဆောင်ရမည်။ လုပန်ဲ့နောင်းဖို့ထက် တင်းမာခက်ထန်နေဖို့လိုသည်။ တင်အေးမြင့်က ချစ်နှင်းဆီမှာတော့ တော်တော်လေးပဲ လုပ်နိုင်ခဲ့သည်။ နောက်ဇာတ်ကားတွေမှာတော့ သာမန်မျှသာ။ အခွင့်အရေးလည်း မရဘူးထင်သည်။ ပညာသည်တစ်ယောက်ရဲ့ အစွမ်းအစဆိုတာလည်းပြဖို့ အခွင့်အရေးရမှ ပြကြရတာကလားဟု မြကြည်ဇင် တွေးမိသည်။

'မနွေက လူမမာနဲ့တူရဲ့လားဟင် အစ်မ'

မျက်နှာကို ဖျော့တော့စွာပြင်ထားသော ခိုင်နွေက လှမ်းမေးသည်။

'တူပါတယ်ကွယ်၊ မျက်တောင်က နည်းနည်းတော့ ရှည်နေသလား'

ပြောပြီးခါမှ ဝင်စွက်သလိုများ ဖြစ်နေပြီလားဟု စိုးရိမ်လိုက်မိသည်။ တကယ်တော့ ဝတ္ထုကို ရောင်းလိုက်ပြီဆိုကတည်းက ရုပ်ရှင်ကဏ္ဍကို ရောက်သွားပြီ။ မိမိက လေ့လာရုံလောက်ပဲ လာကြည့်ခြင်းဖြစ်၏။ ဆရာ မလုပ်သင့်ပေ။ သို့သော် မြကြည်ဇင်စိတ်ထဲမှာ မင်းသမီးတွေ၏ မျက်တောင်တု ကိစ္စကို နဂိုကတည်းက ဘဝင်မကျ၍ ပြောမိခြင်းသာဖြစ်သည်။ မင်းသမီး

တွေက ဘယ်နေရာကပဲ သရုပ်ဆောင်ရသည်ဖြစ်စေ မျက်တောင်တုကို မဖြုတ်ချင်ကြ။

'ဟုတ်တယ်၊ နည်းနည်းပါးတာနဲ့ ပြောင်းတပ်လိုက်မယ်'

ခိုင်နွေ၏ စိတ်ဓာတ်ကိုလည်း လေးစားရသည်။ ဒါရိုက်တာက ကျေးဇူးတင်ဟန်ဖြင့် လှမ်းကြည့်သည်။ ကိုသန်းနိုင်သည် တင်အေးမြင့် ပြောရမည့် စကားတွေကို ထပ်သင်ပေးနေသည်။ ကိုသန်းနိုင်က တင်အေးမြင့်အတွက် စေတနာထားပုံမှာ ပေါ်လွင်သည်။ အင်းလေ အများပြောသလိုတော့ မဖြစ်တန်ရာပါဘူး။ မြကြည်ဇင်ကမ တွေး၏။ ကိုသန်းနိုင်ထံမှာ အခွင့်အရေးယူတတ်သည့်ပုံတော့ မမြင်ရ။ သို့သော် အတွင်းစိတ်က သိရခက်သားပဲ။

စက်အဖွဲ့သားတစ်ယောက်က လမ်းမလျှောက်နိုင်သည့် လူမမာတွေ ထိုင်လေ့ရှိသော ဘီးတပ်ကုလားထိုင်ကြီးတစ်လုံးကို တွန်းလာလေသည်။ လူတစ်ယောက်က နမူနာအဖြစ် ကင်မရာရှေ့မှာ ထိုင်ကြည့်သည်။

'ထိုက် ဓာတ်ကားကို သတိရလိုက်တာ၊ အဲဒီမှာလဲ ဝါဝါဝင်းရွှေ သိပ်ကောင်းတာပဲ'

ဒေါ်နီလာခင်က ခွေးတိတ်စေရန် ယပ်ခတ်ရင်း သတိတရ ပြောသည်။

'မနွေလဲ မဝါလို ကောင်းမှာပါနော်'

ခိုင်နွေက မျက်တောင်တစ်ခု ပြောင်းတပ်ရင်း လှမ်းပြောလေသည်။

'ကောင်းမှာပါကွယ်၊ တစ်ခေတ်တစ်ခါမှာ တော်တဲ့သူတွေ ပေါ်လာစမြဲပါ။ အမေခင်တို့အတွက်ကတော့ အချိန်လဲ သိပ်မရှိတော့ဘူး။ ရုပ်ရှင်ကို စိတ်မကုန်နိုင်သေးလို့သာ ရိုက်နေရတာ၊ အသက်သေမှပဲ စိတ်ကုန်မယ် ထင်ပါရဲ့ကွယ်'

'အနုပညာဆိုတာ အိုတယ်လို့မရှိဘူးဆို မဟုတ်လား အမေခင်ရဲ့၊ ကျွန်မတို့တော့ အမေခင်ကို ခုထိ ကြည့်လို့ကောင်းတုန်းပဲ'

တင်အေးမြင့်က ရိုးသားစွာ ဝင်ပြောသည်။ သူသည် နာမည်ကြီး မင်းသမီးနှစ်ယောက်နှင့် စရိုက်ရမည်ဆိုတော့ စိတ်လှုပ်ရှားနေပုံရသည်။ သူပြောရမည့်စကားကို ပါးစပ်က တဖွဖွဆိုကြည့်နေသည်။ ခိုင်နွေ့ကို ကြည့်ရသည်မှာတော့ သက်သောင့်သက်သာရှိလှသည်။ သူ့ကိုယ်သူ ယုံကြည်မှုအပြည့် ရှိနေပုံရသည်။ ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက်လည်း ရှိသည်။ ဇာတ်ကောင်စရိုက်နှင့် ကိုက်ပါ့မလားဟု မြကြည်ဇင် ပူပန်လိုက်မိသည်။ ဘီးတပ်ကုလားထိုင်ပေါ် ထိုင်ချလိုက်ပုံကိုက ခပ်သွက်သွက်ပင်။

'ကဲ ရီဟာဇယ်လုပ်ကြည့်မယ်နော်၊ ပြောရမယ့်စကားတွေ ရပြီလား'

ခိုင်နွေ ခေါင်းညိတ်သည်။ ပြီးတော့ ခပ်မတ်မတ်ထိုင်ထားသော ခန္ဓာကိုယ်ကို ချက်ချင်းဖျော့ချလိုက်သည်။ လက်နှစ်ဘက်သည် ကုလားထိုင် လက်ရန်းနှစ်ခုပေါ်က ပြုတ်ကျတော့မလားပင် ထင်ရသည်။ မျက်လုံးများကလည်း ချက်ချင်း ညှိုးချုံးသွားသည်။ နှုတ်ခမ်းများကလည်း ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

မြကြည်ဇင် စိတ်လှုပ်ရှားသွားသည်။ အို သူ ဘယ်လိုများ လုပ်လိုက်ပါလိမ့်။ ခိုင်နွေသည် ချက်ချင်းပဲ လှပမာသည်လေး ဖြစ်သွားပါပကော။

တင်အေးမြင့် စိတ်လှုပ်ရှားနေဟန်မှာ ဖုန်းကွယ်၍မရ။ သို့သော် ချက်ချင်း မျက်နှာထားကို တင်းလိုက်သည်။ သူ အားတင်းပြီး နှုတ်ခမ်း စေ့လိုက်တော့ သူသရုပ်ဆောင်ရမည့် အမူအရာနှင့် အံဝင်နေသည်။

'မမမီ ရောက်နေတာ ကြာပြီလားဟင်၊ ငြိမ်း ငေးနေတာနဲ့ သတိမထားမိဘူး၊ ကားသံလဲ မကြားမိပါလား'

ခိုင်နွေ၏ အသံက နွမ်းလျအားငယ်စွာ ထွက်ပေါ်လာသည်။ ဇာတ်လမ်းအရ ခိုင်နွေသည် တင်အေးမြင့်ထက် ငယ်သည်။ အပြင်မှာတော့ ခိုင်နွေသည် တင်အေးမြင့်ထက် ငါးနှစ်လောက် ကြီးမည်။ သို့သော် ခိုင်နွေ၏ ခန္ဓာကိုယ်က သေးသွယ်ပြီး လှပမာ ရုပ်လေးပေါက်အောင် လုပ်ထားသဖြင့် အသက်ကြီးတာ ပျောက် သွားသည်။

ခိုင်နွေကတော့ သူလုပ်ရမည့်အပိုင်းကို နိုင်နင်းစွာ လုပ်လိုက် နိုင် သည်။ မြကြည်ဇင်သည် တင်အေးမြင့်ကို စိတ်ပူစွာ ကြည့်လိုက် မိသည်။ တင်အေးမြင့်က နှုတ်ခမ်းကို တင်းတင်းစေ့ထား သည်။ မျက်လုံးများကိုပိုပြီး အရောင်တောက်လာစေသည်။

'မကြာသေးပါဘူးလေ၊ ဒီခြံထဲကို မဝင်တော့ဘူးလို့ပဲ၊ ငြိမ်းကိုတွေ့လို့ ဝင်လာတာ၊ ကားနဲ့လာတာလဲ မဟုတ်ဘူးလေ၊

မီမီခင်ဇော်က စိမ်းမြဇော်လိုလဲ ကားကို ကိုယ်တိုင်မောင်းပြီး လျှောက်မသွားနိုင်ပါဘူး'

တင်အေးမြင့် လုပ်တတ်သားပဲဟု မြကြည်ဇင် စိတ်ထဲမှာ အေးသွားသည်။

တင်အေးမြင့် ပြောရမည့်စကားက နည်းနည်းရှည်သည်။ ဆက်ပြောမည့် စကားကို တင်အေးမြင့် မျက်နှာဘက် ကင်မရာ လှည့်ကာ ဘက်ပြောင်းပြီး ရိုက်မည်ဖြစ်သည်။

ရီဟာဇယ်လုပ်ပြီးတာနှင့် ခိုင်နွေသည် ချက်ချင်း ကိုယ်ကို ပြန်မတ်လိုက်သည်။ ထိုအခါကျတော့လည်း ဇာတ်ကောင် ငြိမ်းကနေပြီး ချက်ချင်း ခိုင်နွေ ပြန်ဖြစ်သွားသည်။

'ဟား ဟား အရေးထဲမှာ လက်မောင်းတစ်ဖက်က ဘာကောင် ကိုက်တယ်မသိဘူး၊ မနည်း ဟန်ဆောင်နေရတယ်'

ခိုင်နွေသည် သူ့လက်မောင်းကို သူကုတ်ရင်း ပြောသည်။ ဪ သူတို့ သရုပ်ဆောင်သူတွေဆိုတာ တကယ်ကို သဏ္ဍာန်လုပ် သရုပ်တူအောင် လုပ်ရတာပဲ၊ မလွယ်ပါလားဟု မြကြည်ဇင် တွေးမိသည်။ ကိုသန်းနိုင်က နောက်တစ်ကြိမ် ပြန်ပြောခိုင်း သည်။ တင်အေးမြင့် လေသံက ပျော့သွားသည်။

'ရီဟာဇယ် ခဏ ခဏ လုပ်ရင် အရှိန်ကျသွားတတ်ကြတယ်၊ အဲဒီလို မဖြစ်အောင် ကြိုးစားစမ်းပါ တင်တင်'

ကိုသန်းနိုင်က ပြောသည်။

'တကယ်ရိုက်ရင် တင်တင့်အသံ မကျစေရပါဘူး'

တင်အေးမြင့်က ကတိပေးသည်။ မင်းသမီးကြီးက ဘာမျှ ဝင်မပြော။ ခပ်အေးအေးပင် ယပ်ခတ်ရင်း ကြည့်နေသည်။

အပြီးသတ်ရိုက်ဖို့ မီးတွေ ကင်မရာတွေ ချိန်သည်။ တင်အေးမြင့်သည်သူပြောရမည့်စကားကို တဖွတဖွ ဆိမန်းမန်းသလို ပြန်ရွတ်ကြည့်နေသည်။ ခိုင်နွေက ကုလားထိုင်ပေါ်မှာ ကိုယ်ကို ပျော့သထက်ပျော့အောင် ထိုင်ချလိုက်သည်။ ဒီတစ်ခါ လက်ကို ပုရွက်ဆိတ် မကိုက်ပါစေနဲ့တော်၊ သူတို့ ကုလားထိုင်ကြီးကလဲ သေသေချာချာ သန့်ရှင်းမထားဘူးလားမသိပါဘူး၊ အောက်က လဲကြမ်းပိုးကိုက်သလိုပဲ ဟုတင်ပါးကို ကုတ်ယင်း ပြောပြန်သည်။ ပြီးမှ ပြန်ထိုင်သည်။

'မင်းသမီးကို နှိပ်စက်တဲ့နည်းက ဒီတနည်းပဲ ရှိတယ်'

ရှုတင် မန်နေဂျာက ရယ်လျက်ပြောပြီး ကုလားထိုင်ကို အဝတ်တစ်ခုဖြင့် လာခါပေးသည်။

ကဲ အခုမှတော့ လုပ်မနေပါနဲ့ပါတော့၊ ပုရွက်ဆိတ်မကလို့ ကြွက်ပဲကိုက်ကိုက် တကြိမ်တည်းပြတ်အောင် လုပ်မယ်'

ခိုင်နွေသည် လိုက်လျောညီထွေ လုပ်တတ် ကိုင်တတ်ပါကလား။ စိတ်လဲ မာပါကလားဟု မြကြည်ဇင် လေ့လာမိ၏။ မီးတွေလင်းလာပြီး အားလုံးအသင့် ဖြစ်လာသည်။ ကိုသန်းနိုင်က ကင်မရာပေါက်ထဲက သေသေချာချာကြည့်ပြီးမှ ကျေနပ်ဟန်ဖြင့် ရိုက်ဖို့ပြောသည်။ တကယ်ရိုက်မည်ဆိုတော့ မြကြည်ဇင် အသက်ပင် မရှူမိ။ ခိုင်နွေပြောသလို တကြိမ်တည်းပြတ်ပါ့မလား။

မမမီ ရောက်နေတာ ကြာပြီလားဟင်၊ ငြိမ်းငြေးနေတာနဲ့ သတိမထားမိဘူး၊ ကားသံလဲမကြားမိပါလား

'မကြာသေးပါဘူးလေ၊ ဒီခြံထဲကို မဝင်တော့ဘူးလို့ပဲ၊ ငြိမ်းကို တွေ့လို့ဝင်လာတာ၊ ကားနဲ့လာတာလဲ မဟုတ်ဘူးလေ'

တင်အေးမြင့် စကားသံရပ်ပြီး ကြောင်နေသည်။

'ဘယ်လိုလဲတင်တင် ဘာဖြစ်လို့ ဆက်မပြောပဲ ရပ်သွားရတာလဲ'

မီးများ ပြန်မှိတ်သွားလေသည်။ ခိုင်နွေလည်း ကိုယ်ကို ပြန်မတ်လိုက်သည်။ တင်အေးမြင့်ကို လှမ်းကြည့်သည်။ စိတ်ဆိုးသည့်အမူအရာ မပါ။ ပြုံးပြလိုက်သည်။

'တင်တင်၊ တင်တင် စကားပြောတာ လေသံကျသွားသလားလို့ပါ'

တင်အေးမြင့်က ကိုသန်းနိုင်ကို တောင်းပန်သလို ပြောသည်။

'ကျသွားရင် ကိုယ်ပြောမှာပေါ့၊ တင်တင်က လုပ်စရာရှိတာ ဆက်လုပ်သွားဖို့ပဲ ရှိတယ်'

ကိုသန်းနိုင်က ခပ်ပြတ်ပြတ်ပြောပြီး မီးတွေ ပြန်ချိန်ခိုင်းသည်။ တင်အေးမြင့်သည် နှုတ်ခမ်းကို လျှာဖြင့် လျက်နေသည်။ ခိုင်နွေက ကိုယ်ကိုဖျော့ကာ ထိုင်ချရင်း လက်များကိုလည်း ပို၍ပြီးပျော့အောင် လုပ်ကြည့်နေသည်။ အသင့်ဖြစ်တော့ တင်အေးမြင့်ဘက်ကို အားငယ်နွမ်းလျစွာ ကြည့်သည်။ မြကြည်ဇင်က သူတို့အလုပ်ကလဲ တစ်ယောက်ကောင်းပြန်တော့ တစ်ယောက်ကိုညာရ၊ သည်တခါ အဆင်ပြေပါစေဟု စိတ်ထဲမှ ကြိတ်ပြီး ဆုတောင်းနေမိသည်။

ရယ်ဒီဆိုတာနှင့် ခိုင်နွေက ပြောပြီးသားစကားတွေကို ပြန်ပြောသည်။ လေသံက မပြောင်းပေ။ ခိုင်နွေ၏ အမူအရာသည် ကြိမ်ဖန်များစွာ လေ့ကျင့်ထားရသလို အသား သေနေလေသည်။ တင်အေးမြင့်ကလည်း မာန်အပြည့်ဖြင့် ပြီးဆုံးအောင်

ပြောလိုက်နိုင်သည်။ တင်အေးမြင့်စိတ်ထဲက ကောင်းသထက် ကောင်းအောင် ကြိုးစားချင်နေမှန်း သိသာလှသည်။ နောက်ဆုံးလုပ်ဆောင်ချက်သည် အကောင်းဆုံး ဖြစ်နေလေသည်။ မြကြည်ဇင် သက်ပြင်းချမိသည်။ တင်အေးမြင့်၏ သဘောကိုလည်း ပိုနားလည်သွားသည်။ သူက အသစ်ဆိုတော့ အကယ်ဒမီ မင်းသမီးနှစ်ယောက်ကြားမှာ ပိုပြီးကြိုးစားရသည်။ သူက ဝါမရင့်သေးတော့ သူများထက်ပိုပြီး ကြိုးစားရသည်။ ခိုင်နွေ့ကလည်း နားလည်ခွင့်လွှတ်၍ တော်ပါသေးရဲ့။

နောက်တစ်ကြိမ် ဒေါ်နီလာခင်တစ်ယောက်တည်း ရိုက်သည်။

ဒေါ်နီလာခင်သည် ရိုက်ကွင်းထဲမှာ ဘဝအတွေ့အကြုံရင့်ကျက်သော၊ တရားဓမ္မကို ချဉ်းကပ်စပြုနေသော မိန်းမကြီးတစ်ယောက်၏ ဟန်တွေမရှိတော့။ အရွယ်က ပိုငယ်သွားသလို ထင်ရပြီး မာန်မာနနှင့် လောဘဇောတက်နေသော မိန်းမတစ်ယောက်၏ အသွင်သို့ ချက်ချင်း ကူးပြောင်းသွားသည်။ အပြင်မှာ ခပ်အေးအေး စကားပြောတတ်သော နီလာခင်၏ အသံကလည်း မာကျောလှပါကလား။

တကယ်တော့ ဒေါ်နီလာခင်ရှေ့မှာ မင်းသား ဦးခင်ဇော်ရှိနေရမည် ဖြစ်သည်။ ဒေါ်နီလာခင်က ဦးခင်ဇော်ကို ပြောသလို ဒေါသဖြစ်စွာ တစ်ယောက်တည်း ပြောရမည်။ သို့သော် ဦးခင်ဇော်မှာ တခြားရိုက်ကွင်းတစ်ခုမှ ကူးလာရမည်ဖြစ်၍ ဒေါ်နီလာခင် တစ်ယောက်တည်းကိုသာ ရိုက်နှင့်မည်။

အားလုံး အဆင်သင့်ဖြစ်သည်နှင့် ဒေါ်နီလာခင်က သူပြောရမည့် စကားတွေကို မာန်ပါပါ ပြောတော့သည်။

'ဘယ်ကို ထွက်ပြေးရမှာလဲ မပြေးဘူး၊ ဘယ်တော့မှ မပြေးဘူး၊ ဒီအိမ်က မပြေးရအောင်ကို နေပြမယ်၊ ဒါ သက်သက် အကောက်ကြံတာ၊ အကြံပက်စက်တာ'

ဒေါ်နီလာခင်သည် ဝတ္ထုကို ကောင်းကောင်းဖတ်ခဲ့ပြီးပြီ ဖြစ်ကြောင်း မြကြည်ဇင် သိလိုက်သည်။ သည်လို အဆက်အစပ် မရှိ ကြားဖြတ်ပြီးရိုက်တဲ့ အခန်းမျိုးက ဇာတ်ဝင်စကားတွေ ကို သဘာဝကျကျ ပြောနိုင်သည်မှာ ဇာတ်လမ်းသဘောကို သိထားလို့သာပေါ့။ ပြီးတော့ ပညာ။ ရှေ့မှာ လူတစ်ယောက် မှမရှိဘဲ ရှိနေသလို ဟန်ပါပါ စကားပြောနိုင်သည်မှာ ပညာပဲ မဟုတ်လား။ သြော် ဒါကြောင့်လည်း သူတို့ဟာ သရုပ်ဆောင် တဲ့ ပညာနဲ့ ရှင်သန်ရပ်တည်နေကြတာပဲ။

နောက်တစ်ခန်း ထပ်ရိုက်သည်။ ကြားထဲမှာ ချိုရည်နွယ့် အခန်းပါသည်။ ချိုရည်နွယ်က အိမ်မီးလောင်နေ၍ မီးသတ်ကို ဖုန်းဆက်ပြီးကြောင်း၊ နောက် သူတို့နှင့်ပတ်သက်သော တစ်နေ ရာကို ဖုန်းဆက်ရဦးမည်လားဟု မေးရမည်။ သို့သော် ထိုအခန်းကို လည်း နောက်မှရိုက်မည်။ အကြောင်းကတော့ ချိုရည်နွယ်နှင့် တင်အေးမြင့်ကို အတူတူတစ်နေ့တည်း မရိုက်ချင်၍ဘဲ ဖြစ်သည်။ သူတို့နှစ်ယောက်ကြောင့် ကျန်လူတွေ အလုပ် နှောင့်နှေးမည်ကို ကိုသန်းနိုင် မလိုလားပေ။ ချိုရည်နွယ်နှင့် တင်အေးမြင့် တွဲ ရိုက်ရမည့်အခန်းက မပါသလောက်ဖြစ်သည်။ တစ်ယောက်စီ ရိုက်၍ ရသည်။

ဒေါ်နီလာခင် လုံချည်ကို ပြင်ဝတ်သည်။ ပြောရမည့်

စကားကို ထပ်မေးသည်။ တိုးတိုးရွတ်ကြည့်သည်။ ပြီးတော့ ရပြီဟု ပြောသည်။

'မဆက်နဲ့ မဆက်နဲ့၊ သူ့အမေ အကောက်ကြံသမျှကို ဒီက သွေးအေးအေးနဲ့ တုံ့ပြန်ပြမယ်၊ ဘာမျှ အရေးမစိုက်သလို နေပြ'

ဒေါသဖြစ်ခြင်း၊ နာကြည်းခြင်း၊ ဝမ်းနည်းခြင်း၊ ဆုံးရှုံးမှုအတွက် ယူကျုံးမရဖြစ်ခြင်းတို့ အားလုံးပါဝင်သွားအောင် လုပ်ပြလိုက်သည်။

မြကြည်ဇင်သည် တီဗွီမှာကြည့်လိုက်ရသော ဒေါ်နီလာခင်၏ ပထမဆုံးဇာတ်ကားကို သတိရသည်။ ထိုဇာတ်ကားထဲမှာ လောက အကြောင်း ဘာမျှမသိနားမလည်သော အရိုးခံ မိန်းကလေးတစ်ယောက်အဖြစ် ပီပီပြင်ပြင် သရုပ်ဆောင်ခဲ့သည်။ ယခုလို လောဘအရှိန်တက်နေသော မိန်းမကြီးတစ်ယောက် အသွင်နှင့် ကွာလှသည်။ သို့သော် ဆန့်ကျင်ဘက် အရာများကိုလည်း တတ်စွမ်းနိုင်ပါကလား။ သူတို့ အလုပ်ကိုကြည့်ပြီး မြကြည်ဇင် သူတို့ကို အထင်ကြီးသွားသည်။ ပို၍ လေးစားသွားသည်။

တင်အေးမြင့်နှင့် ခိုင်နွေသည် အဝတ်အစား လဲလာခဲ့သည်။

နောက်တစ်ခန်းအတွက် ပြင်ဆင်ကြသည်။ ပိတ်ကားပေါ်မှာ စက္ကန့်ပိုင်းမျှကြည့်ရသည့် ရိုက်ကွက်တစ်ခုကို တစ်နာရီမျှ ချွေးတလုံးလုံး လုပ်ကြရသည်။ ကိုသန်းနိုင်လည်း ချွေးစို့နေပြီ။ သို့သော် သူသည် စိတ်အားထက်သန်နေ၏။ ပေါ့ပါးသွက်လက်နေ၏။ တင်အေးမြင့် ဝတ်လာသည့် အဝတ်အစားများနှင့်

ဆံပင်ပုံစံကို စစ်ဆေးသလို ကြည့်သည်။ သူသည် တင်အေးမြင့် အပေါ် အထူးစေတနာထား စိုးရိမ်လျက်ရှိပုံမှာ သိသာ၏။ သူ တင်ပေးထားရသည့် မင်းသမီးတစ်လက်မို့လည်း ဖြစ်နိုင်သည်။

တင်အေးမြင့်သည် ပို၍ တောက်တောက်ပပ ဝတ်စားလာသည်။ ဆံပင်ကိုလည်း ခေတ်မီလှိုင်းတွန့်များ ဝဲကျနေစေသည်။ တင်အေးမြင့်၏ မျက်နှာသည် တစ်ခုချင်းကြည့်လျှင် အားရလောက်စရာ မရှိပေ။ အားလုံးခြုံကြည့်တော့ အဆင်ပြေသည်။ ဆွဲဆောင်မှုရှိသည်။

'ဇာတ်လမ်းအရဆိုရင် တင်တင်က ခိုင်နွေ့ရဲ့အစ်မ၊ အလုပ်လုပ် နေတဲ့သူတစ်ယောက် ဖြစ်နေပြီ၊ ဆံပင်ကိုနောက်ကိုသိမ်းလိုက်ရင် ကောင်းမယ်'

ကိုသန်းနိုင်က တင်အေးမြင့်ကို သေသေချာချာကြည့်ရင်း ပြောသည်။

'ဒါက အိမ်အလည်လာတဲ့ပုံလေ အစ်ကို'

လှချင်ပချင်သည့် စိတ်အရင်းခံလေးဖြင့် တင်အေးမြင့်က မရဲတရဲ ပြန်ပြောသည်။

'ဒါပေမဲ့ မိမိဟာ မာနကြီးတဲ့ ခပ်ထန်ထန်မိန်းကလေး တစ်ယောက်၊ သူက လူတွေကို မကျေမနပ်ဖြစ်နေတာ၊ အခု လာတာလဲ ရိုးရိုးအလည် လာတာမဟုတ်ဘူး၊ ငြိမ်းကိုရန်တွေ့ဖို့ လာတာလေ တင်အေးမြင့်'

ကိုသန်းနိုင်က တင်တင်ဟု ခေါ်နေရာမှ တင်အေးမြင့်ဟု ခပ်ဆတ်ဆတ်ခေါ်လိုက်ခြင်းမှာ သူ့ကို စာဒက မတက်စေချင်

သည့် သဘော၊ စိတ်မရှည်သည့် သဘော၊ သတိပေးသည့် သဘောတွေ ပါဝင်နေလေသည်။ တင်အေးမြင့်သည် မျက်နှာ ပျက်သွားသော်လည်း ဘာမျှပြန်မပြောဘဲ နေရာမှထွက်သွားပြီး ဆံပင်ကို နောက်ကိုသိမ်း၍ စည်းလိုက်သည်။

ကိုသန်းနိုင် ပြောသလိုပင် တင်အေးမြင့်မျက်နှာက ပိုရင့်ကျက် သွားပြီး မျက်နှာလည်း ပိုရှင်းသွားသည်။ ခိုင်နွေ့က ဆံပင်ကို ဖားလျားချထားသည်။ ပိုးပျော့ ဘလောက်စ်လေး ဝတ်ထား သည်။

'စကားပြောတွေက ရှည်တယ်နော် သေသေချာချာရရဲ့ လား'

ကိုသန်းနိုင်က တင်အေးမြင့်ကို ခပ်တည်တည်ဖြင့် စစ်ဆေး ပြန်သည်။

တင်အေးမြင့်မျက်နှာ သိပ်မသာ။ ခိုင်နွေ့က သူ့ထက်အသက် ကြီးနေလို့ သူက ကြီးရုပ်ပေါက်အောင် လိုက်လုပ်နေရသည်ဟု ယူဆသည်။

'ရပါတယ်'

အေးစက်စက် တုံ့ပြန်လိုက်သည်။

မနေ့ညကတည်းကပင် သည်နေ့ရိုက်မည့်အခန်းအတွက် စကားပြောတွေကို ကျက်ထားခဲ့သည်။ တချို့မင်းသမီးတွေက ရိုက်ကွင်းထဲရောက်မှ တစ်ချက်ကြည့်ပြီး ပြန်ဆိုကြည့်ရုံလောက်ပဲ ရှိသည်။ ပြီးတော့ ချိုရည်နွယ်၏ အခန်းအချို့ကိုလည်း ရိုက် ပြီးနေတာသိနေရသည်။ ချိုရည်နွယ်က ဆေးကျောင်းသူ ကားကို ကိုယ်တိုင်မောင်းသူ၊ မင်းသားနှင့် တွဲရသူဖြစ်သည်။

အခွင့်အရေးတွေ များစွာရနေသည်ဟု ထင်သည်။ တစ်ဆက်တည်း မှာပင် သူက မူလ ပါဝင်ရမည့် ဓာတ်ကောင် စိမ်းနေရာက ဖယ် ပေးရသည်ကို သတိရသွားပြီး မကျေမနပ်ဖြစ်လာသည်။

'ကဲ ကဲ ရီဟာဇယ်'

ကိုသန်းနိုင်သည် တင်အေးမြင့်ကို မကြည့်ဘဲပြောသည်။ တင် အေးမြင့် စိတ်ကောက်ပြီဆိုတာ သိလိုက်သည်။ အများရှေ့မှာ ပြီးတော့ တစိမ်းတွေ လာရောက်ကြည့်နေသည့်နေရာမှာ သူ တင်အေးမြင့်ကို ချော့၍မဖြစ်။ သိက္ခာလည်းကျမည်။ နဂိုကမှ ပြောချင်သည့် လူတွေက ချဲ့ကားပြောကြဦးမည်။

သို့သော် သူ တင်အေးမြင့်အပေါ် သူထားသည့် စေတနာကို သူသာ နားလည်သည်။

တင်အေးမြင့်သည် ခိုင်နွေ့ရှေ့မှာလာရပ်ပြီး ခိုင်နွေကို မကြည့်ဘဲ မျက်လုံးက တစ်နေရာကို ခပ်ထန်ထန်ကြည့်ရင်း သူ ပြောရမည့် စကားတွေကို ပြောကြည့်သည်။

'မမမီ သိပ်အံ့ဩတယ် ငြိမ်းရယ်၊ ငြိမ်းဟာ အမှန်တရားဘက်က ရပ်တည်ခဲ့တယ်လို့ မမမီ ယုံစားခဲ့တယ်၊ ခုတော့ ငြိမ်းရယ် အန်တီစိန်ဟာ သားအတွက် အရှက်လဲရ၊ ပစ္စည်းဥစ္စာတွေလဲ လက်လွှတ်ရမယ်ဆိုတော့ စဉ်းစားကြည့်ဦးလေ၊ ခုတော့ အိပ်ရာ ပေါ် ဗုန်းဗုန်းလဲနေပြီ ငြိမ်းရဲ့'

အထစ်အငေါ့မရှိ ပြောချလိုက်ပုံက ငယ်ရွယ်သူ၏ မာနလေး စွက် နေမှန်း သိသာလှသည်။ ခိုင်နွေကို မကျေနပ်ရင်းစွဲနှင့် လုပ် ရမည့် အမူအရာကလည်း ပို၍ အံဝင်နေသည်။ တကယ်ပြောနေ

သည်ဟုပင် ထင်ရသည်။ ရုပ်ရှင်မှာ တကယ်ပြောနေတာနှင့်တူဖို့ သည် အရေးအကြီးဆုံး မဟုတ်လား။

'ငြိမ်း ဒီလိုဖြစ်လိမ့်မယ်လို့ မထင်ခဲ့မိပါဘူး မမမီရယ်၊ ခု ဖြစ် သွားတဲ့ ကိစ္စကိုလဲ ငြိမ်း မသိလိုက်ရပါဘူး'

အံ့ဩစရာကောင်း၏။ တင်အေးမြင့်ပါ ရုတ်တရက် ကြောင် သွားသည်။

ခိုင်နွေသည် သည်မျှ လျင်မြန်စွာ၊ သည်မျှ အကင်းပါးစွာ၊ သည်မျှ သရုပ်တူစွာ ချက်ချင်းတုံ့ပြန်လိမ့်မည်ဟု မထင်၊ ခိုင်နွေ ပြောရမည့်စကားကို လှမ်းဖတ်တာ လှမ်းမေးတာလည်း မမြင် လိုက်။ ပြီးတော့ တင်အေးမြင့်ကို အသနားခံသောမျက်လုံး၊ တောင်းပန်တိုးလျှိုးသော မျက်လုံးတွေဖြင့် နွမ်းနယ်စွာကြည့်ပြီး စကားများကို ရှိုက်သံနှော၍ပြောကာ မျက်လုံးအိမ်မှာ မျက်ရည် စတွေ ချက်ချင်းဝေ့လာပုံက ခုမှ ကောက်လုပ်လိုက်သည့် အမူ အရာနှင့် လုံးဝမတူ။ အတော့်ကို ပီပြင်လွန်းသည်။

တင်အေးမြင့် ခံလိုက်ရတာကို အားလုံးသိသည်။ သူ ခိုင်နွေ့ကို ပညာချင်းယှဉ်၍ မရပေ။ သည်အချိန်မှာ တင်အေး မြင့်သည် ခိုင်နွေကို ဒေါသမျက်လုံးများဖြင့် ကြည့်နေရမည့် အစား ကြောင်၍ ကြည့်လိုက်မိပြီ မဟုတ်လား။

အခြေအနေကို ကိုသန်းနိုင်က ဝင်ထိန်းလိုက်သည်။

'ကဲ ရိုက်မယ်နော်၊ ခိုင်နွေက အဲဒီစကားကို ပြောပြီးတဲ့ အချိန်မှာ တင်တင်က ခိုင်နွေ့ကို ဒေါသမပြေသေးတဲ့ မျက်လုံး တွေနဲ့ ကြည့်နေမယ် မှတ်မိလား'

တင်အေးမြင့် ခေါင်းညိတ်လိုက်သည်။ နောက်တစ်ခါ ပြန်ရိုက်တော့ တင်အေးမြင့်မှာ မာန်လျော့သွားသဖြင့် နှစ်ခါပြန်လုပ်ရသည်။ ခိုင်နွေကတော့ သက်သက်သာသာပါပဲ။ သို့သော် တင်အေးမြင့် ပီပြင်အောင် လုပ်နိုင်သည်အထိ အေးအေးဆေးဆေး ရိုက်စေသည်။ ခိုင်နွေ၏ ပညာမာနနောက်မှ သဘောထားပြည့်ဝမှုကို မြင်ရ၍ မြကြည်ဇင် အသက်ရှူချောင်သွားသည်။

မင်းသားကြီး ခင်ဇော်ရောက်လာ၍ ထမင်းစားဖြုတ်ပြီး နောက်ပိုင်း ဒေါ်နီလာခင်နှင့် မင်းသားကြီးကို ရိုက်သည်။ ချို့ချို့တဲ့တဲ့ရိုက်ရသော မြန်မာကားတို့ ထုံးစံအတိုင်း အနီးကပ်စကားပြောခန်းတွေကို ရိုက်နှင့်ပြီး နောက်မှ အောက်ဒိုးရိုက်ကွင်းတွေနှင့် ဆက်ယူမည်ဖြစ်၏။

မြကြည်ဇင်လည်း ဆက်၍ အချိန်မဖြုန်းအား၊ ဒါတောင်နာရီကြည့်တော့ လေးနာရီထိုးနေပြီ။ ဘယ်လိုကဘယ်လိုအချိန်က ကုန်လွယ်မှန်းမသိ။ နီလာခင်နှင့် ခိုင်နွေတို့နှစ်ယောက် အပြိုင်အဆိုင်သရုပ်ဆောင်ပုံကို ဆက်ကြည့်၍ အားမရသေးခင်မှာပင် အိမ်ပြန်လာရသည်။ ကိုသန်းနိုင်က ရိုက်ကွင်းအတွက် ငှားထားသောကားနှင့် ပြန်ပို့ခိုင်းသည်။

အိမ်ရောက်တော့ ကိုဝင်းဆွေ၏ မျက်နှာ စူစူပုပ်ပုပ်ကို မြင်ရ၏။ မြကြည်ဇင် ကမန်းကတန်းရေဝင်ချိုးသည်။ မျက်နှာကို ခပ်မြန်မြန်လိမ်းပြီး အဆင်သင့်လုပ်ထားသော ချိတ်လုံချည်နှင့် အင်္ကျီလက်ရှည်ကို ဝတ်ရ၏။ မြန်မြန်လုပ်ရသဖြင့် ချွေးကစို့လာပြန်သည်။ တို့ဖတ်ကို တအား ဖိရိုက်ရသည်။ သူက

တိုက်ပုံနှင့်ဘာနှင့် အဆင်သင့်ဖြစ်နေပြီဆိုတော့ ပဝါတစ်ထည်ကိုလည်း ကမန်းကတန်းရှာရသည်။

'ဝရန်းသုန်းကား ဖြစ်နေပြီ မဟုတ်လား၊ ဆံထုံး မထုံးဘူးလား'

မြကြည်ဇင်၏ ဆံပင်တိုတိုများကို သမီးက ဆံညှပ်ဖြင့် ဖိပေးနေသည်။ ဆံပင်ကို အပေါ်တင်ပြီး နှင်းဆီပန်းနှစ်ပွင့် အုပ်ပန်လိုက်လျှင် ဆံထုံးဖြစ်သည်ပင်။

'ဝရန်းသုန်းကား မဖြစ်ပါဘူး၊ အချိန်မီသားပဲ၊ ဒီမှာ ဆံထုံးအတိုင်းပဲ မမြင်ဘူးလား'

ထုံးစံအတိုင်း ပြန်ပက်လိုက်သည်။

'ဒီပွဲက လူကြီးတွေအများကြီး လာမှာ'

'အင်းလေ ဒါကြောင့် ဒီလိုဝတ်ထားတာပေါ့'

အရေးထဲမှာ ပဝါက လျှောကျနေ၍ သမီးကို ရင်ထိုးရှာပြီး ထိုးခိုင်းရသည်။ ဟင်း ဒီလို ခမ်းခမ်းနားနားသွားရမည့်ပွဲမျိုးကို မြကြည်ဇင် စိတ်အညစ်ဆုံးပါပဲ။ သို့သော် နဂိုကမှ အပြစ်ရှာချင်နေသည့် ယောကျ်ား၏ဆန္ဒကို လိုက်လျောရမည်မို့ အားလုံး လိုက်လုပ်နေရသည်။ ဒါတောင်သူက စိတ်တိုင်းမကျ။ မြကြည်ဇင်ရဲ့ပွဲတွေကို သူ ဘယ်လိုလိုက်ခဲ့သလဲ။ စကား အခြေအတင် ဖြစ်မနေချင်တော့၍ ဘာမျှ ပြန်မပြော။

ကားပေါ်ရောက်မှ သားရေအိတ် မလဲခဲ့ရသည်ကို သတိရသော်လည်း သူ ဆူနေဦးမည်စိုး၍ မပြောတော့ပေ။ လူအများရှေ့မှာ မျက်နှာကြီး ပုပ်သိုးမနေရလေအောင် ယခုကတည်းကပင် စိတ်ကို ဖြေလျှော့ထားလိုက်ရလေသည်။

ဩော် တစ်ခါတစ်ရံ အပြင်ထွက်တဲ့ မိန်းမမှာတောင် ပြဿနာလေးတွေ ရှိတတ်တာ၊ နေ့နေ့ညည အိမ်ရဲ့ပြင်ပမှာ အလုပ်လုပ်နေရတဲ့ မိန်းမသားတွေဟာ အိမ်ရောက်ရင် ယောကျ်ားတွေကို ဘယ်လို ရင်ဆိုင်ကြရ ရှာလေမလဲ။

မြကြည်ဇင်သည် ပြန်ခါနီးမှာ ဒေါ်နီလာခင်ကို သေသေချာချာ နှုတ်မဆက်ခဲ့ရသည်ကို တွေးပြီး စိတ်မကောင်းဖြစ်နေလေသည်။

## [၁၂]

'အဆင်ပြေရဲ့လား မေမေ'

ဒေါ်နီလာခင်ကို သား ဧယျာလွင်က လာကြိုသည်။ သားသည် မအေအတွက် အမြဲပဲစိတ်ပူတတ်သည်။ သူအားလျှင် ရိုက်ကွင်း အကြိုအပို့ကိစ္စကို သူပဲတာဝန်ယူတတ်သည်။ သည် အမူအကျင့်လေးတွေက သူ့အဖေ ဦးဘလွင်နှင့် တူသည်။

အစ်ကိုကြီး ဦးမျိုးသော်နှင့် လမ်းခွဲခဲ့ရပြီးသည့်နောက်ပိုင်း သူ အလွန်မြတ်နိုးသော အိမ်ကြီးကိုလည်း ထားပစ်ခဲ့သည်။ သမီးကိုဆွဲပြီး အိမ်ကထွက်လာတော့ နီလာခင်သည် လက်မဲ့။ ဘာပစ္စည်းမျှ ရေရေရာရာမရှိ။ အဝတ်အစားတွေပင် ကုန်အောင် မသယ်နိုင်ခဲ့။

ပြတ်ပြီဆိုတော့လည်း နီလာခင်က အားလုံးကို ပြတ်သည်။ စိတ်ကလည်း နာသည်။ နီလာခင်ဟာ စည်းစိမ်ဥစ္စာထက် သူ့

ပညာကိုပဲ တန်ဖိုးထားသည်ဆိုတာ ပြချင်သည်။ နီလာခင်မှာ တစ်ပြားတစ်ချပ်မျှ မရှိ၍လည်း ဝမ်းနည်းကြေကွဲခြင်း မရှိ။ ဘဝကို စကတည်းက နီလာခင်မှာ ဗလာသက်သက်ပဲ။ ယခုလည်း ဗလာသက်သက်ပဲ။ သို့သော် ယခု နီလာခင်သည် ပညာရည်အတွေ့အကြုံတွေနှင့် ပြည့်ဝခဲ့ပြီ။ သူ့ကို မည်သူမျှ မချစ်လည်း တိုင်းပြည်ကချစ်သည်။ ပြည်သူက ချစ်သည်။ ယခင် အခြေအနေထက်စာလျှင် များစွာသာလွန်ခဲ့ပြီ။ ဘာကိုမျှ မမှုတော့။

အမေကတော့ နီလာခင်၏ စွန့်ခွာမှုအတွက် လုံးဝ မကျေနပ်။ အဖေကမူ နီလာခင် ရုပ်ရှင်နယ်ထဲ ရောက်သွားကတည်းက သမီး တစ်ယောက်ရယ်လို့ သဘောမထားတော့။ ဥပေက္ခာပြုပြီးသား ဖြစ်၏။ အမေ သူနှင့်လိုက်နေစဉ် အဖေသည် ကျန်သားသမီးများနှင့် သူ့ဘာသာ နေ၏။

'ကျွန်မဘဝကို အစကနေ ပြန်စမယ်၊ အမေ အဖေနဲ့ ပြန်နေပါ၊ ကျွန်မအတွက် မပူနဲ့'

အမေသည် နီလာခင်အတွက် မပူပန်တော့သော်လည်း မြေးအတွက် ပူ၏။ သို့သော် နီလာခင်သည် သမီးကို အမေတို့ လက်ထဲ မထည့်ခဲ့နိုင်ပေ။ အမေတို့မှာ မေတ္တာသာရှိလျက် ကလေးတစ်ယောက်ကို ထိန်းကျောင်းပြုပြင် ပေးနိုင်သည့် အရည်အချင်းမရှိနိုင်ဟု ယူဆသည်။ ပြီးတော့ နီလာခင်၏ မာန။

ဦးမျိုးသော်၏ ရင့်သီးသော စကားကိုလည်း ကြားယောင်သည်။

'မင်းက သမီးကိုခေါ်သွားမယ် ဟုတ်လား၊ ဘာလဲ မင်းက သမီးကို မိန်းမရှင်ဘဝရောက်အောင် လုပ်မလို့လား ဟုတ်လား'

သမီးသည် နားလည်သိတတ်စအရွယ်တည်း။ ဖခင်၏ ဒေါသတရားကိုသာ အစဉ်မြင်ခဲ့ရသော သမီးက မိခင်ကိုသာ တွယ်ဖက်ထားသည်။

'အစ်ကိုကြီး၊ နီလာ့ကို အထင်မသေးပါနဲ့၊ နီလာ့သမီးဟာ လောကမှာ ထိပ်ဆုံးမရောက်ရင်တောင်မှ သူများထက် မလျော့စေရဘူး၊ နီလာဟာ အကျင့်ပျက်တဲ့မိန်းမ မဟုတ်ဘူး၊ အလျင်တုန်းက ဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့ နီလာရဲ့ အိမ်ထောင်ရေးမှာ နီလာ ဘာအပြစ်တစ်ခုကိုမျှ မကျူးလွန်ခဲ့ဘူး'

'ထိပ်ဆုံး ဟုတ်လား ဟား ဟား၊ မင်းက ထိပ်ဆုံးရောက်အောင် ဘယ်လိုနည်းနဲ့ တင်ပေးမှာလဲ'

နီလာခင်သည် သမီးနှင့်ပတ်သက်၍ အပြောခံရမှ မျက်ရည်ပိုးပိုးပေါက်ပေါက် ကျခဲ့ရသည်။ အံကို တင်းတင်း ကြိတ်ခဲ့သည်။

'နောက်ထပ် ဆယ်နှစ်ကိုစောင့်ကြည့်ပါ အစ်ကိုကြီးရယ်'

သို့သော် အတ္တစိတ်ကြီးမားသော ဦးမျိုးသော်သည် နောက် ဆယ်နှစ်အထိ အသက်မရှည်ခဲ့ပါ။ သူတို့နှစ်ယောက်၏ ဇာတ်လမ်းကို အပြင်ပန်း သုံးသပ်သူတွေက နီလာခင်ကိုပဲ အပြစ်ဖို့ကြသည်။ နီလာခင်ဟာ နာမည်ကြီးမင်းသမီးဖြစ်

လာလို့ ကျေးဇူးရှင်ကို စွန့်ခွာခဲ့သတဲ့။ ဦးမျိုးသော်ရဲ့ ဘဝကို ဖျက်ဆီးခဲ့သတဲ့။ နီလာခင်ဟာ သူ့ခန္ဓာကိုယ် အသွေးအသား ထဲမှာ စွဲမြဲစွာ စိမ့်ဝင်ပြီးဖြစ်တဲ့ အနုပညာကလွဲလျှင်၊ ရင်သွေး ဖြစ်တဲ့ သမီးကလေးကလွဲလျှင် အရာအားလုံးကို စွန့်ခွာထားရစ် သည်ဆိုတာလည်း မသိကြ။

အပြစ်ဖို့သည့် လောကကြီးကိုသာ လိုက်၍ ဖြေရှင်းနေရလျှင် ဆုံးနိုင်အံ့မထင်။ ကိုယ့်ဘဝကိုယ် အစကနေ ပြန်ရှန်းဖို့သာ အား ထုတ်ခဲ့ရသည်။ ကလေးတစ်ယောက်နှင့် နီလာခင်သည် အတော် လေးပဲ ဒုက္ခရောက်ခဲ့ရ၏။ အနုပညာရှင်တို့၏ အတက်အကျ သဘောမှာ လူမှုရေးပါ ရောထွေးလျက် နီလာခင်သည် နာလန် မထူနိုင်အောင်ဖြစ်ခဲ့ရသည်။ သို့သော် နီလာခင် အားမလျှော့ ခဲ့ပါ။

သင့်တင်လုံခြုံသော နေရာလေးတစ်နေရာမှာ ဇာတ်မြုပ် နေထိုင်ပြီး သရုပ်ဆောင်ခ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျရာနေရာမှ ပါဝင်ပြီး အစွမ်းရှိသမျှ အလုပ်လုပ်ခဲ့သည်။ နီလာခင်အတွက် ထောက်ထားညှာတာသော ဆရာသမားများက ဦးမျိုးသော်နှင့် နှစ်ယောက်နာမည်ထားခဲ့သော ကုမ္ပဏီကို နီလာ ခင်အတွက် တောင်းဆိုပေးခဲ့သည်။ နီလာခင်သည် ထမင်းစား လောက်ရုံရသော ဝင်ငွေဖြင့်ပင် သမီးကို ထိန်းသိမ်းခဲ့ရ၏။

ဘဝဟူသည်ကား တစ်သမတ်တည်းလည်းမနေပေ။ နီလာ ခင်၏ အနစ်နာခံ ကြိုးစားမှုသည် အကျိုးတစ်စုံတစ်ရာ သက်ရောက် ခဲ့၏။ မထင်မှတ်ဘဲ အကယ်ဒမီဆုကို ရရှိခဲ့ပြီး ရုပ်ရှင်သမားတွေ

ကလည်း နီလာခင် ဆိုတာ မတိမ်ကောသေးပါလားရယ်လို့ ပြန်ပြီး ဂရုပြုလာကြသည်လေ။ မိမိ အကျိုးစီးပွားအတွက်ဆိုလျှင် မျက်နှာချိုသွေးဖို့ ဝန်မလေးသော လူတွေကြောင့်ပင် နီလာခင်သည် ဘဝ၏ အထက်ပိုင်းကို ပြန်လည်ဦးမော့ကာ တက်နိုင်ခဲ့ရပြန်လေသည်။

# [ ၁၃ ]

ကိုသန်းနိုင်က သည်ဇာတ်ကားကို မြန်မြန်ပြီးစေချင်မှန်း ခိုင်နွေသိသည်။ တစ်ယောက်နှင့်တစ်ယောက် နားလည်မှုထားသော လူငယ်ချင်းမို့ ခိုင်နွေကလည်း တတ်စွမ်းသမျှ ကူညီလိုစိတ်ရှိပါသည်။ ဦးကျော်နိုင်နှင့် ခွဲခွာခဲ့ရပြီး ရုပ်ရှင်နယ်မှာ တစ်ယောက်တည်း ရုန်းခဲ့ရစဉ် ခိုင်နွေ့အပေါ် စောင့်သိစွာ အကူအညီပေးခဲ့ဖူးသော ကျေးဇူးများလည်း ရှိနေသည်။ ထို့ကြောင့် ခိုင်နွေသည် ကျန်ဇာတ်ကားတွေအတွက် ရက်ချိန်းကို တတ်နိုင်သမျှ ရွှေ့ပေးခဲ့၏။ ပြီးတော့ ကိုသန်းနိုင်သည် တင်အေးမြင့်အတွက် စိတ်အားထက်သန်နေသည်ကိုလည်း အကင်းပါးစွာ ရိပ်မိ၏။

သည်ဇာတ်လမ်းမှာ ခိုင်နွေက ပင်တိုင်မင်းသမီး ဖြစ်နေသည်။ ခိုင်နွေနှင့် ဦးခင်ဇော် တွဲရိုက်ရသည်။ ခိုင်နွေနှင့် ဒေါ်နီလာခင်

တွဲရသည်။ ခိုင်နွေနှင့် တင်အေးမြင့်တွဲရသည်။ ခိုင်နွေနှင့် ချိုရည်နွယ် တွဲရသည်။ သည်အတွက် ခိုင်နွေ အပင်ပန်းခံသည်။ နေ့စဉ်ရက်ဆက်လိုလို ရိုက်ကွင်းထဲမှာ ခိုင်နွေ ရောက်နေခဲ့ရသည်။ ကိုသန်းနိုင်လည်း အနားမနေ အလုပ် လုပ်သည်။

ခိုင်နွေ၏ ခန္ဓာကိုယ်သည်လည်း ဓာတ်လမ်းနှင့်လိုက်အောင် ပင် တော်တော်ပိန်ကျသွားခဲ့သည်။ မနက်ပိုင်းမှာ ရိုက်ကွင်းတွင် အမေထွေး၏ ရှုတင်ထမင်းကို စားပြီး ညဘက်အိမ်ပြန်ရောက်လျှင် မုန့်နှင့် ကော်ဖီနှင့်သာ ပြီးလိုက်ရသည်။ ခိုင်နွေ့နောက် တကောက်ကောက် လိုက်နေရသော နော်နော်လည်း ထမင်း မချက်အား။ နော်နော်ကတော့ ထမင်းမစားဘဲ မနေနိုင်ဆိုကာ ရှုတင်ကအပြန် ထမင်းကြော်တွေ၊ ခေါက်ဆွဲကြော်တွေ ဝယ်လာတတ်သည်။

ယနေ့လည်း ခိုင်နွေတို့နှစ်ယောက် မောမောနှင့် အိမ်ပြန်လာခဲ့ ရသည်။ အိမ်တွင် တံမြက်စည်းမလှည်း ဖုန်မခါသည်မှာပင်ကြာပြီ။ နော်နော်သည် အိမ်မှာရှိလျှင်တော့ အလုပ်ကို မနားတမ်း လုပ်ရှာပါ၏။ ယခုရက်များမှာတော့ စေတနာဖြူအတွက် နှစ်ယောက်လုံး အချိန်ပေးနေရ၍ အိမ်ကို ပစ်ထားကြရသည်။

တစ်ခါတစ်ရံတော့လည်း အိမ်ဆိုသည်မှာ အဓိပ္ပာယ်မရှိတော့သလိုပင်။ ပင်ပန်းနွမ်းနယ်ပြီး ပြန်လာ၍သော်မှ ဆီးကြို နှုတ်ဆက်မည့်သူမရှိ။ မိမိက ထွေးပွေ့ရမည့်သူလည်း မရှိ။ စီစီညံညံအသံလည်း မကြားရ။ တိတ်ဆိတ်ခြောက်သွေ့လွန်းလှ၏။ တုန်လှုပ်ချောက်ချားဖွယ် ကောင်းလှ၏။ ဟောလိဝုဒ်က မင်းသမီး

တွေ အထီးကျန်ဆန်မှုဒုက္ခကို မခံနိုင်၍ အိပ်ဆေးတွေ စွဲကြသည်မှာ ဖြစ်နိုင်လောက်သည်ဟု ခိုင်နွေ တွေးမိသည်။ သို့သော် ခိုင်နွေသည် စိတ်ဓာတ်မာကျောသည်။ သည်စိတ်ဓာတ်ဖြင့်ပင် ခိုင်နွေ မယိုင်မလဲ ရပ်တည်နိုင်ခဲ့၏။

ပြီးတော့ ခိုင်နွေ့ဘဝထဲကလို မထင်မှတ်ဘဲ ဝင်ရောက်လာသူ တစ်ဦး ရှိနေပြီ။ သူက ကျော်ဇင်။

အစ်ကိုကြီးနှင့် ခွဲခွာခဲ့ရပြီး သားစိုးမိုးကျော်ကို မနွေ့ရဲ့ လက်ထဲမှာ အအုပ်အထိန်း လျော့လျဲနေမည်ဆိုကာ ဒေါ်လေးသဇင်က ခေါ်သွားခဲ့သည်။ ဒေါ်လေးသဇင်သည် အသက်ကြီးမှ အိမ်ထောင်ပြုသဖြင့် သားသမီး မရနိုင်သည့် အတွက်လည်း ပါသည်။ မနွေကို မင်းသမီးဖြစ်စေချင်သည့် ဒေါ်လေးနှင့် ခိုင်နွေသည် ခိုင်နွေမင်းသမီးဖြစ်ပြီး ယခုလို တစ်ယောက်တည်း ပြန်နေရသည့် အချိန်တွင် အနားမှာ မနေနိုင်တော့ပေ။ ဒေါ်လေးသဇင် ခင်ပွန်းက နယ်ကိုပြောင်းရွှေ့နေရသည်။ သားကို သူတို့ သားအဖြစ်ပဲ မှတ်ယူထားလိုက် ကြသည်။ ဖေဖေကလည်း သားကို ဒေါ်လေးနှင့်ပဲ နေစေချင်သည်။ ဖေဖေသည် မနွေ အိမ်ထောင်သည်တစ်ယောက် ဖြစ်ပြီးသည့်နောက်ပိုင်း ဘာတစ်ခုမျှ စွက်ဖက်ခြင်းမပြုတော့ပေ။ ဖေဖေက မနွေဟာ မင်းသမီး မဖြစ်ခင် အိမ်ထောင်သည်ဖြစ်သွားပြီတဲ့။ အိမ်ထောင်သည် ဘဝကနေ မင်းသမီးဖြစ်အောင် ကြိုးစားရတော့ သူများထက် ပိုခက်တာ ပေါ့တဲ့။ ခိုင်နွေတို့ မိသားစုမှာ မေမေမရှိကတည်းက ဝါး အစည်းပြေသလိုပဲ တစ်ကွဲတစ်ပြား ဖြစ်ခဲ့ရသည်။ ခိုင်နွေလည်း ကိုယ့်ဘဝနှင့်ကိုယ် နေဖြစ်အောင် နေရတော့သည်။

ခိုင်နွေ မည်မျှပင် လွတ်လွတ်လပ်လပ် နေရစေကာမူ မိန်းမ တစ်ယောက်၏ အကျင့်သိက္ခာကို စောင့်စည်းထိန်းသိမ်းခဲ့ပါ သည်။ သည်လို ထိန်းသိမ်းရခြင်းကိုက ခိုင်နွေ့မာနကြောင့် ဖြစ်၏။ ဦးကျော်နိုင်အပေါ် ခိုင်နွေ အခဲမကျေနိုင်သော မာနကြောင့် ဖြစ်သည်။

'မနွေဟာ အသွေးအသားနဲ့လူမို့ တစ်နေ့မှာ အိမ်ထောင် ပြုချင်ပြုမှာပဲ၊ ဒါပေမဲ့ အစ်ကိုကြီး ရှုတ်ချပုတ်ခတ်နေတဲ့ သူတွေနဲ့ ဘယ်တော့မှ မဖြစ်စေရဘူး၊ ရုပ်ရှင်လောကရဲ့ အပြင် ဘက်က မနွေအပေါ် တကယ် နားလည်တဲ့သူတစ်ယောက်ကို ယူမယ်၊ သိလား'

ဦးကျော်နိုင်က တဟားဟားရယ်ခဲ့သည်။ မကြားဝံ့မနာသာ စကားဖြင့်လည်း ထိုးနှက်ခဲ့သည်။ 'အေးပေါ့၊ မင်းက ရုပ်ရှင် နယ်မှာ ထင်တိုင်းကြဲလို့ အားရမှပဲ၊ နောက်ထပ် ငါလို အမဲ တစ်ကောင်ကို ရှာဦးပေါ့' တဲ့။

အတိတ်ကို စဉ်းစားသုံးသပ်လျှင် မနွေဟာ ဘာမျှမသိ နားမလည်ခင်ကတည်းက လူတစ်ယောက်ရဲ့ ညွတ်ကွင်းမှာ မိခဲ့ ရတာပါ၊ မနွေ မည်သူ့ကိုမျှ အမိမဖမ်းခဲ့။

ယခုလည်း မနွေကို ဝေဖန်သံတွေ နားနှင့်မဆန့် ကြားရ သော်လည်း ဥပေက္ခာပြုလိုက်သည်။ ကျော်ဇင်သည် မနွေထက် အသက်ငယ်သည်ကိုပင် ယိုးမယ်ဖွဲ့ကာ မနူးမနပ်လေးကို ချော့မြှူ ကစားသည်တဲ့။ ကျော်ဇင်ဟာ မနူးမနပ် မဟုတ်ပါဘူး၊ မနွေ ကျောင်းမှာနေကတည်းက ခင်မင်ခဲ့ရဖူးတဲ့ သူငယ်ချင်းဟောင်း တစ်ဦးပါ။ မနွေ ရုပ်ရှင်နယ်ကိုဝင်လာတော့ ကျော်ဇင်သည်

ကျောင်းမှာကျန်ခဲ့သည်။ မနွေ၏ သတင်းတွေကို အမြဲနားစွင့်ခဲ့သည်။ သူငယ်ချင်းကောင်း တစ်ယောက်ပါပဲ။ မနွေ တစ်ယောက်တည်း ရုန်းကန်ရချိန်မှာ ကျော်ဇင်က အနားပြန်ရောက်လာခဲ့သည်။ မနွေကို ဖေးမကူညီခဲ့သည်။ သူက နာမည်ရစ ပန်းချီဆရာတစ်ယောက် ဖြစ်နေခဲ့ပြီ။

မနွေလိုချင်တာ သည်လို ရဲဘော်ရဲဘက်တစ်ယောက်ပဲ။ အနုပညာစိတ်ရှိတဲ့ လူတစ်ယောက်ပဲ။

စေတနာဖြူကို စရိုက်ကတည်းက ကျော်ဇင်နှင့်လည်း အတွေ့ရနည်းသွားသည်။ ခိုင်နွေ၏ ဇာတ်ကားကိစ္စတွေကို ကျော်ဇင်က လိုက်လုပ် ပေးနေခဲ့ရသည်။ ကြော်ငြာကိစ္စ၊ စာနယ်ဇင်းကိစ္စတွေကို ကျော်ဇင်က ကျွမ်းကျင်သည်။ သူတို့ နှစ်ယောက်သည် တစ်ယောက်နှင့် တစ်ယောက် အနေချင်း မနီးရလည်း နှလုံးသားချင်း နီးကြသည်။ ကျော်ဇင်သည် ခိုင်နွေအတွက် အမြဲလှုပ်ရှား ပေးနေသည်။ မလိုသူတွေက ဘာပဲပြောပြော ခိုင်နွေကတော့ ကျော်ဇင်ကို အားကိုးသည်။

သူတို့နှစ်ယောက်ကြားမှာ တစ်ခုပဲ အခက်အခဲရှိသည်။ သည်ကိစ္စကို မည်သူမျှ မသိ။ ဖေဖေလည်း မသိ။ ဒေါ်လေးသဇင်လည်း မသိ။ သူတို့က ခိုင်နွေနှင့် ဦးကျော်နိုင် အပြီးအပိုင် လမ်းခွဲခဲ့ကြပြီဟု နားလည်ထားသည်။

ဦးကျော်နိုင်နှင့် ခိုင်နွေသည် တရားဝင်ကွာရှင်းစာချုပ်မှာ လက်မှတ်မထိုးရသေးသည်ကို မည်သူမျှမသိပေ။ ခိုင်နွေကလည်း ဘာမျှ မတောင်းဆိုခဲ့မိ။ တောင်းဆိုလိုက်လျှင်ပဲ ခိုင်နွေ့အပေါ် စွဲချက်တွေကို အကောင်အထည် ဖော်ချင်လို့ဟု ထိုးနှက်

ဦးမှာကို မခံမရပ်နိုင်ဖြစ်ခဲ့သည်။ မိမိအပေါ် နားမလည်သူတစ်ယောက်ကို စွန့်ခွာလိုက်ရယင် ပြီးတာပဲဟု သဘောပိုက်ခဲ့သည်။

သို့သော် ကျော်ဇင်သည် ခိုင်နွေ့ကို မည်သို့မျှ မတောင်းဆိုခဲ့ပေ။

သည်နေ့ညနေ ကျောက်ဇင်လာမလား ခိုင်နွေ မျှော်လင့်၏။ ရှေ့အပတ်ထဲမှာ မိသဲကို ပရက်ရှီးပြမည်။ သည်ကိစ္စကို ကျော်ဇင်ပဲ လုံးပန်းနေသည်ဆိုတော့ အခြေအနေကို ဆွေးနွေးဖို့လည်း ရှိနေသည်။

မျှော်လင့်သူက ရောက်မလာခဲ့။ မမျှော်လင့်သည့် သူသာ ရောက်လာခဲ့၏။ ဒေါ်လေးသဇင်နှင့် သားစိုးမိုးကျော် ဖြစ်လေသည်။

'သူ့အဖေက ရန်ကုန် အလုပ်ကိစ္စနဲ့လာရတယ်၊ သားလဲ ကျောင်းပိတ်လို့ ခေါ်လာတာ'

သူ့အဖေဆိုသည်မှာ ဒေါ်လေးသဇင်က သူ့ခင်ပွန်းကို ဆိုခြင်းဖြစ်၏။ သူတို့က သားကို သူတို့သားပဲဟု ပိုင်ပိုင်နိုင်နိုင် ခေါ်သည်။ ခိုင်နွေသည် ရိုက်ကွင်းမှပြန်ရောက်ပြီး ရေချိုးပြီးစ သနပ်ခါးဘဲကျား လိမ်းထားသည်။ သားသည် ခိုင်နွေ့ကို ဆွေမျိုးသားချင်း အဒေါ်တစ်ယောက်ကို ကြည့်သလို ကြည့်၏။ ပြုံးဖော်တော့ရသား။ ပြုံးလိုက်တော့ ဦးကျော်နိုင်နှင့် တူနေသည်။ မေးရိုးကားပုံ၊ အရပ်မြင့်ပုံကလည်း အဖေနှင့် တူသည်။

'မာမီက ပိန်သွားသလိုပဲ'

သားက နှုတ်ဆက်သည်။

'ဟုတ်ပါရဲ့အေ၊ ကြည့်ရတာ အဘွားကြီးလေး ကျနေတာပဲ၊ တစ်အိမ်လုံးလဲ ရှုပ်ပွလို့ပါလား မိန္ဒေ၊ နော်နော်ကော'

'အခုပဲ ရှုတင်ကပြန်လာလို့ နောက်ဖေးမှာ ရှင်းလင်းနေရတယ်၊ သား စာမေးပွဲအောင်လားဟင်'

'အောင်တယ်လေ ပိုဇေရှင် နှစ်ရတယ်'

ဒေါ်လေးသဇင်က ဝင်ဖြေသည်။ ဒေါ်လေးသဇင်သည် မနေနိုင် မထိုင်နိုင် မန္ဒေ၏ ဧည့်ခန်းကို ဖုတ်ဖက်ခါပြီး ရှင်းလင်းပေးနေသည်။ ဧည့်ခန်းတွင် ဦးကျော်နိုင်ရယ်၊ ခိုင်နွေရယ်၊ သားရယ် သုံးယောက်မိသားစု ပုံကြီးကို သည်အတိုင်းပဲ ချိတ်ထားသည်။ ဒေါ်လေးသဇင်က တစ်ချက်လှမ်းကြည့်ပြီး ဘုရားစင်ဘက် ကဲကြည့်သည်။ ဘုရားပန်းများ ကတော့ လန်းလျက်ရှိသည်မို့ သူကျေနပ်သွားသည်။

သားသည် ခိုင်နွေ့အနားကို လျှောက်လာ၏။ သား၏ အရပ်က မြင့်မားလာသည်။ အသက်တောင် ဆယ့်နှစ်နှစ် ပြည့်ပြီးပြီပဲ။ လမ်းလျှောက်ပုံကလည်း သူ့အဖေနှင့်တူပြန်သည်။ ခိုင်နွေသည် ရုတ်တရက် ကျော်ဇင်ကို သတိရလိုက်မိသည်။

'မာမီ သားတို့ မိတ္ထီလာကို လာလည်မယ်ဆို၊ ဘယ်တော့လာမှာလဲ၊ သားတို့ကျောင်းက သူငယ်ချင်း ကောင်မလေးတွေက မာမီ့ကို မြင်ဖူးချင်လို့တဲ့'

ခိုင်နွေ့ ပခုံးကိုဖက်လျက် ပြောသည်။ ခိုင်နွေသည် သား၏ လက်မောင်းကို ခပ်တင်းတင်းလေး လှမ်းဖက်လိုက်မိသည်။

'လာမှာပေါ့ သားရယ်၊ ရိုက်လက်စ ကားပြီးရင် မာမီ နားဦးမှာ'

'အမယ်လေးတော် ကျောင်းမှာ ကျုပ်က ကျုပ်သားလို့ ပြောထားတာ၊ သူက မင်းသမီးခိုင်နွေ့ရဲ့ သားပါလို့ ကြွားထားပြီး ပြီပေါ့လေ၊ ဟင်း သိတတ်လိုက်တာ'

ဒေါ်လေးသဇင်က ရင်ဘတ်ကိုပုတ်လျက် လှမ်းပြောသည်။ အပျိုကြီး လုပ်မည်ဟု ကြွေးကြော်ခဲ့သော ဒေါ်လေးသဇင်သည် ယခုတော့ သာယာချမ်းမြေ့သော အိမ်ထောင်ရှင်မတစ်ဦးဖြစ်နေပြီ။ သူက သူ၏ စီးပွားရေး လုပ်ငန်းကိုပါ စွန့်လျက် ခင်ပွန်း နောက်ကို လိုက်သွားခဲ့သည်။ တစ်ချိန်က ဝါသနာကြီးခဲ့သော ရုပ်ရှင်ကိုလည်း သူစိတ်မဝင်စားတော့။ အတိတ်က ဖြစ်ရပ်တွေ ကိုလည်း နာကြည်းဆွေးမြည့်ခြင်း မရှိတော့။ ခိုင်နွေ့ကိုသာ သူ့ကိုယ်စား ရုပ်ရှင်နယ်မှာ ထားခဲ့သည်။ ယခု ခိုင်နွေ့က ဘာကြီး ပဲဖြစ်နေနေ ရုပ်ရှင်ကို မစွန့်ခွာနိုင်တော့။ ရုပ်ရှင်အတွက် အိမ်ထောင်လည်း ပြိုကွဲခဲ့ရပြီ။ သားကိုလည်း ခွဲနေရပြီ။

ဆူဆူညံညံ အသံများကြောင့် နော်နော် အပြင်သို့ ထွက်လာ သည်။

'ဟောတော်၊ အိမ်မှာ စားစရာဘာမှမရှိတဲ့နေ့ကျမှ ဧည့်သည် လာတယ်၊ သားကထွားလာလိုက်တာ ဟိုမှာ ပျော်ရဲ့လား၊ နော်နော်တော့ မင်းအမေရဲ့ သက်တော်စောင့်မကြီး ဖြစ်နေပြီ သားရယ်၊ မင်းတို့ကပစ်သွားတာကို'

'အမယ်လေး နော်နော်၊ ဘယ်သူက ပစ်တာလဲ၊ သူပဲ ဒီအိမ် ကြီးမှာ လင်နဲ့သားနဲ့ စိတ်တိုင်းကျ နေပါစေဆိုပြီး ထားခဲ့ရတာ'

ရုတ်တရက် စကားသံများ တိတ်သွားသည်။ သားသည် စားပွဲပေါ်မှ ကက်ဆက်ခွေများကိုကြည့်ကာ သီချင်းစီးရီးတွေ

ရွေးနေသည်။ စတီရီယို ကက်ဆက်ကြီးက ဦးကျော်နိုင် စိတ်ကြိုက် ဝယ်ခဲ့ခြင်းဖြစ်သည်။ သူသည် အိမ်ထောင်ပရိဘောဂ အားလုံး ကို ထားပစ်ခဲ့သည်။ သူ့ရုံးက စုငွေကိုလည်း သားနာမည်နှင့် လွှဲထားခဲ့သည်။ ဟိုတစ်ချိန်က နောက်ဆုံးပေါ် ကိုရိုလာ ကား သစ်ကြီးကိုပဲ ယူသွားခဲ့သည်။ ထိုကားက နိုင်ငံခြားပြန် သူ့ သူငယ်ချင်း တစ်ယောက်ဆီက ခိုင်နွေ၏ငွေဖြင့် ဝယ်ထားခြင်း ဖြစ်သည်။ သူတို့သည် ပစ္စည်းဥစ္စာအတွက် မည်သည့်စကားကို မျှ မပြောခဲ့ကြချေ။

'သားတို့ မိတ္ထီလာကို ဒီ တယ်လီဗေးရှင်းကြီး သယ်သွားရ ရင်ကောင်းမယ်နော် မေမေ'

သားက ဒေါ်လေးသဇင်ကို မေမေဟု ခေါ်ရသည်။ ခိုင်နွေ့ ကို မာမီဟု ခေါ်သည်။ ဒေါ်လေးသဇင်၏ သင်ထားချက်ပင် ဖြစ်သည်။

'ဘာလဲမင်းက မင်းမာမီနဲ့ ပြန်နေချင်လို့ စကားကို လှည့် ပြောနေတာ မဟုတ်လား၊ မင်း ဒီမှာနေလို့ကတော့ ဘယ်လို လုပ်ပြီး အမှတ်ကောင်းမလဲ၊ ဆယ်တန်းအောင်မှ ပြန်နေချင် နေပေါ့'

'မဟုတ်ပါဘူး မေမေရာ'

ခိုင်နွေ စိတ်မကောင်းဖြစ်သွားသည်။ သားသည် လူမှန်း သိတတ်လာတော့ မိနှင့် ဖနှင့် အိမ်နှင့် နေချင်ရှာမှာပါပဲ။ ဒေါ် လေးသဇင်သည် အိမ်ထောင်သည်ဖြစ်လာသော်လည်း အပျို ကြီး စိတ်က မပျောက်သေးပေ။ သားသမီးက မရှိတော့ သား

ကိုပင် အရာရာဂရုစိုက်နေပေမည်။ သားလေး အနေ ကျဉ်းကျပ်လေမလား။

'သား ဆယ်တန်းအောင်ရင် မာမီ အဲဒါတွေ အကုန်ပေးမယ်၊ သား ဘာလုပ်ချင်သလဲ၊ ဘာဖြစ်ချင်သလဲ မာမီ အားလုံး လုပ်ပေးမယ်'

ခိုင်နွေ ရင်ထဲကပါ အလိုက် အသည်းလိုက် ပြောလိုက်မိသည်။ လောကမှာ သူတစ်ယောက်အဖို့ ကိုယ်လုပ်ချင်ရာကို လုပ်ရခြင်းသည် စိတ်အချမ်းမြေ့ဆုံးပဲ မဟုတ်လား။

'သား စစ်ဗိုလ်ဖြစ်ချင်တယ် မာမီ၊ လေယာဉ်ပျံ မောင်းချင်တယ်၊ လေတပ်ထဲ ဝင်မယ်'

'ဟင်'

ခိုင်နွေ ငိုင်သွားသည်။ ဪ သားက ဒီနေရာမှာလဲ သူ့အဖေနဲ့ တူတာကိုးဟု အောက်မေ့လိုက်မိသည်။ ဒေါ်လေးသဇင်က ခိုင်နွေ့အနား ကပ်လာပြီး တိုးတိုးပြောသည်။

'ကလေးက အရွယ်ရောက်လာတော့ သွေးက စကားပြောလာပြီ၊ သူက သူ့ အဖေနဲ့ တွေ့ချင်နေတယ်၊ အဲဒါဒီတစ်ခေါက်သူ့ အဖေနဲ့သူ့သား တွေ့ပေးလိုက်ရ ကောင်းမလားလို့'

'ဟင်'

ခိုင်နွေ ငေးမောရပြန်ပြီ။

ဪ သူ့အဖေနဲ့တွေ့ချင်သတဲ့လား။ သည်ဇာတ်လမ်းက မပြီးဆုံးသေးပဲကိုး။ အင်းလေ ဖအေနဲ့သားဆိုတော့ တွေ့ရဦးမှာပေါ့။

'အဲဒါ ဒေါ်လေးလဲ တစ်ယောက်တည်း လိုက်မပို့ချင်ဘူး၊ ညည်းတို့ ကိစ္စတွေ မျက်နှာပူတယ်၊ မိနွေ ညည်းလိုက်ခဲ့ပါလား ဟင်'

'ဟင် မနွေ လိုက်ခဲ့ရမယ်'

ခိုင်နွေသည် တုန်လှုပ်စွာ ရေရွတ်မိသည်။

'ရန်သူတွေမှမဟုတ်ဘဲ မိနွေရယ်၊ အယူအဆချင်းမတူလို့ လမ်းခွဲခဲ့ရတာပဲ၊ မိနွေမှာလဲဘာမျှ အပြစ်မရှိဘူး၊ ခုလောက်ဆို သူ သိရောပေါ့၊ ဘာမတွေ့ရဲစရာ ရှိသလဲ'

ခိုင်နွေ့ရင်ထဲမှာ တလှပ်လှပ်တုန်လာသည်။ သူ့ကို တွေ့ရမတဲ့လား၊ ဟိုတလောက မထင်မှတ်ဘဲ ညှော်ခံပွဲတစ်ခုမှာတွေ့စဉ် ပရိသတ်ရှေ့မှာမို့ ခိုင်နွေ ဣန္ဒြေမပျက် နေနိုင်ခဲ့သည်။ သားရဲ့ရှေ့မှာ နှစ်ယောက်ချင်း တွေ့ရလျှင် ဘယ်လိုများရှိလေမလဲ။

'သားက မနွေကို လိုက်စေချင်လို့လား ဒေါ်လေးရယ်'

'လိုက်စေချင်တာပေါ့၊ သူက ဖြစ်နိုင်ရင် ပြန်ပေါင်းစေချင်တာ၊ သူ့အမူအရာကို ကြည့်ပါလား၊ အိမ်ကိုကြည့်ပြီး သူ့အဖေအမေနဲ့ ပြန်နေချင်ပုံပဲ၊ ဒေါ်လေးက ဘယ်လောက်ပဲ ဂရုစိုက်စိုက် ဆိုင်သာဆိုင် မပိုင်ဘူးလေ'

ခိုင်နွေ့ခေါင်းထဲမှာ နှောက်ကျိလာသည်။ လောကကြီးက ရုပ်ရှင် ဇာတ်လမ်းတစ်ပုဒ်ထက် အဆတစ်ရာ ရှုပ်ထွေးလှပါကလား။ စောစောကပဲ ကျော်ဇင်အကြောင်းတွေးနေမိသည်။ သူနှင့် ကျော်ဇင်သာဆိုလျှင် စိတ်တူ ကိုယ်တူနှင့် ဘယ့်လောက်များ အေးချမ်းလိမ့်မလဲ။ ကျော်ဇင်က သူ့အလုပ်ကို နားလည်သည်။ သူ့ကို နားလည်သည်။ ဦးကျော်နိုင်ကတော့ မိန်းမကို ချစ်တာ

မြတ်နိုးတာတော့ မှန်ပါရဲ့၊ မိန်းမကို မိန်းမပီပီသသပဲ အလိုရှိသည်။ ခွင့်လွှတ် လိုက်လျောမှုကို ယခင်ကလည်း မပေးခဲ့။ နောင်လည်း ပေးလိမ့်မည် မဟုတ်ပေ။

'မေမေတို့ ဘာတွေ ပြောနေတာလဲ'

သားက လှမ်းမေးသည်။

ဗီရိုထဲမှ သူငယ်စဉ်က ကစားသော ဓာတ်ခဲသုံး ရထားတွဲလေးကိုထုတ်ပြီး ကိုင်ကြည့်နေသည်။

'ဪ သားက သားအဖေဆီ သွားလည်ချင်တယ် ဆိုတာ မင်းမာမီကို လိုက်ပို့ဖို့ ပြောနေတာ'

အပြစ်ကင်းစင်သော သား၏ မျက်နှာသည် ချက်ချင်း ဝင်းပသွားသည်။ ခိုင်နွေ့ရင်တွေ တဖျပ်ဖျပ်ခုန်လာသည်။ ကြည့်စမ်း၊ သားရဲ့မျက်နှာ ပြောင်းလဲသွားပုံက သိသာလိုက်တာ။ အို သနားစရာ ကောင်းလိုက်တာ။

'ဟုတ်လား မာမီ'

ခိုင်နွေက မျက်တောင်ကို တဖျပ်ဖျပ်ခတ်ရင်း ခေါင်းကို တဆတ်ဆတ် ညိတ်ပြလိုက်မိလေသည်။

\+ \+ \+

ဓာတ်ထဲမှာတော့ စောစောသေလျှင် စောစောအိပ်ရသည်ဟု ဆိုရိုးစကား ရှိ၏။ ရုပ်ရှင်မှာတော့ စောစောသေလို့လည်း စော

စောအိပ်ရလိမ့်မည် မဟုတ်ပေ။ သို့သော် ခိုင်နွေ စောစောပဲ သေချင်သည်။

သည်နေ့မှ သေသည့်အခန်းကို ရိုက်ရမည်ဆိုတော့ စိတ်ထဲက လည်း သေချင်နေတာနဲ့ အတော်ပဲဟု အောက်မေ့လိုက်မိသည်။

'ဒါရိုက်တာကြီးရေ၊ ကျွန်မ စောစောသေမယ်နော်'

ခိုင်နွေကပြောတော့ ကျန်လူတွေက ရယ်ကြသည်။

'ဘာဖြစ်လို့လဲ သေရမှာပေါ့'

'သေပြီးရင် ကျွန်မ ပြန်မယ်၊ မနွေတော့ ပြန်တောင် မပြန် ချင်တော့ဘူး၊ တစ်ခါတည်း သေလိုက်ချင်တာပဲ'

'ဘာဖြစ်နေတာလဲ သမီးရယ်'

ဒေါ်နီလာခင်က ကြင်နာစွာလှမ်းမေးသည်။ ရိုက်ကွင်းကို ရောက်လာကတည်းက ခိုင်နွေ၏မျက်နှာ မသာမယာဖြစ်နေ တာကို နီလာခင် သတိထားမိသည်။ ရုပ်ရှင်ပညာသည်ဆိုတာ လည်း ပုဂ္ဂလိကခံစားမှုတွေက ဘာချည်းပဲဖြစ်နေနေ လုပ် စရာရှိတာကိုတော့ တာဝန်ကျေအောင် လုပ်ကြရစမြဲ။ သည်လို အဖြစ်မျိုးတွေကို မင်းသမီးကြီး နီလာခင်ဘဝမှာ နှောကြေအောင် ကြုံခဲ့ သိခဲ့ရသည်မို့ ခိုင်နွေ၏ အပြောအဆို အမူအရာလေးတွေကို ကြည့်လိုက်သည်နှင့် တစ်ခုခုတော့ ဖြစ်နေပြီဆိုတာ ဒေါ်နီလာခင် သိသည်။

ရုပ်ရှင်ထဲမှာလည်း နီလာခင်နှင့် ခိုင်နွေသည် သားအမိ။ ယခု အပြင်မှာ သမီးဟု ခေါ်လိုက်တော့ ခိုင်နွေ့ရင်ထဲမှာ လှုပ်ရှားသွားသည်။ ဝမ်းလည်းနည်းသွားသည်။ မိမိဘဝကို

သိရှိနားလည်စွမ်းရှိသူတစ်ယောက်က အဓိပ္ပာယ်ပြည့်ဝစွာ ခေါ်လိုက်သည့်အတွက် ပိုပြီး ဝမ်းနည်းမိသည်။ ပြီးတော့ မေတ္တာတရား။

ခိုင်နွေ့ဘဝမှာ မိခင်မေတ္တာ ကင်းဝေးခဲ့ရတာလည်း ကြာပြီ။ ခိုင်နွေသည် သူ့ဘဝအစိတ်အပိုင်း တော်တော်များများကို သူတစ်ယောက်တည်း ဖြေရှင်းရပ်တည်ခဲ့ရသည်။ သည်လိုအချိန်မှာ ဘဝတူ မိန်းမသားတစ်ယောက်က မိခင်မေတ္တာဖြင့် ခေါ်လိုက်သံသည် ခိုင်နွေ့ရင်ကို လှုပ်ရှားစေသည်။

အထူးသဖြင့် ဘဝတူ မိန်းမသားချင်းဆိုတာကလည်း ယုယကြင်နာ ဖေးကူဖို့ထက် မနာလိုဝန်တိုစိတ်ဖြင့် တစ်ယောက်ကိုတစ်ယောက် ဖိနင်းတတ်ကြသေးသည် မဟုတ်လား။

'အမေခင်ရယ်၊ မနွေလေ ဒီနေ့ မနွေဘဝမှာ ရင်မဆိုင်တော့ဘူးလို့ ဆုံးဖြတ်ထားတဲ့သူတစ်ယောက်ကို တွေ့ရမယ် အမေခင်ရယ်'

ခိုင်နွေသည် ရင်ထဲရှိတာကို ထုတ်ပြောတတ်သူပီပီ ဒေါ်နီလာခင်အနားကို တိုးကပ်ပြီး ပြောလိုက်သည်။

'ဒီလိုပဲသမီးရယ်၊ လောကမှာ ရင်မဆိုင်ချင်လဲရင်ဆိုင်ရ၊ တွေ့ချင်သူကျတော့ မတွေ့ရ၊ ဒါ ဖြစ်တတ်ကြတာပဲ၊ ရပ်ရှင်ပညာသည် တစ်ယောက်အနေနဲ့ ဒါကိုပိုပြီး ခံနိုင်ရည်ရှိရမယ်'

ရုပ်ရှင်ပညာသည်တစ်ယောက်အနေနဲ့ ပိုပြီး ခံနိုင်ရည် ရှိရမယ်တဲ့။

'ကဲ ဟိုသားအမိ ရိုက်မယ်လေ၊ သေချင်တဲ့သူလဲ သေရအောင်'

ကိုသန်းနိုင်က ရယ်စရာ လှမ်းပြောလိုက်သည်။ သည်နေ့ ရိုက်ကွင်းမှာ လူလည်းစုံသည်။ လူစုံပါသည့် အခန်းတစ်ခန်း ကိုလည်း ရိုက်စရာရှိနေသည်။ တင်အေးမြင့်နှင့် ချိုရည်နွယ် လည်း သည်ကနေ့ မျက်နှာစုံညီ ရောက်နေသည်။ သူတို့နှစ်ယောက် ရိုက်ကွင်းမှာ ဆုံခဲ့သည်။ တစ်နေ့စီ ရိုက်ကြသည်။ သို့သော် တစ်ခါတစ်ရံ တင်အေးမြင့် ရိုက်နေသည်ကို ချိုရည်နွယ်က လာအကဲခတ် တတ်သည်။ တင်အေးမြင့်က သူ့လို လှလှပပလည်း သိပ်မဝတ်ရ။ မင်းသားနှင့်လည်း မတွဲရ၍ သူကျေနပ်နေသည်။ သည်ကနေ့ လည်း ကိုသန်းနိုင်မိန်းမ နီနီကိုပါ သူအပါ ခေါ်ခဲ့သည်။ သည်အတွက် ကိုသန်းနိုင်ရော တင်အေးမြင့်ပါ ကသိကအောက် ဖြစ်နေမည်ကို သူ ကျေနပ်နေလေသည်။

'အကယ်ဒမီ မင်းသမီးကြီးနဲ့ မင်းသမီးလေး နှစ်ယောက် အပြိုင်ပဲနော်၊ ကျန်တဲ့သူတွေလဲ ကြည့်ထားကြ'

ကိုသန်းနိုင်က တင်အေးမြင့်ဘက်ကို လှည့်အပြော နီနီ၏ မျက်စောင်းနှင့် လမ်းခုလတ်မှာ သွားတိုးသည်။ တင်အေးမြင့် နှုတ်ခမ်းစူနေသည်။ ချိုရည်နွယ် ပြုံးနေသည်။

သည်ရိုက်ကွက်မှာ ဒေါ်နီလာခင်က လောက၏ လောဘ မောဟတရားတွေကို နောင်တတရားနှင့် ဆင်ခြင်ပြီး သမီးငယ်ကို တောင်းပန်မည်။ တကယ်ပဲ နှစ်ယောက် အပြိုင်အဆိုင် သရုပ် ဆောင်ရပေမည်။ ခိုင်နွေ့စိတ်ထဲမှာ မင်းသမီးကြီး နီလာခင်ကို အန်တုပြီး အပြိုင်လုပ်ပြချင်စိတ် မရှိ။ နီလာခင်ကလည်း ခိုင်နွေ့ကို အနိုင်မယူလိုပေ။ သို့သော် နှစ်ယောက်လုံးကတော့

ကိုယ်လုပ်ရမည့်ကဏ္ဍကို အစွမ်းကုန် လုပ်ကြပေမည်။ အလျှော့ပေးမည်ကား မဟုတ်ပေ။

ခိုင်နွေက ဒေါ်နီလာခင်၏ လက်မောင်းများကို ဆုပ်ကိုင်ဖက်တွယ် လိုက်သည်။ သည်တစ်ခါ ဒေါ်နီလာခင်၏ လက်များကို ဆုပ်ကိုင်ရသည်မှာ တကယ်ပဲအားရှိလှသည်။ ခိုင်နွေ ငိုလည်း ငိုချင်နေပြီ။

'မေမေ ဘာမှ စိတ်မပူနဲ့သိလား၊ သမီး မသေနိုင်ပါဘူး မေမေရယ်၊ အို နောက်ဆုံး မေမေတို့ စာချုပ်လက်မှတ် ထိုးတဲ့အချိန်ထိ သမီးအသက်ရှင်နေမှာပါ'

ခိုင်နွေက ဇာတ်ဝင်စကားများကို ပြောပြီး မျက်ရည်တွေ ဝေ့ဝဲလာသည်။

ဇာတ်လမ်းအရ ဒေါ်နီလာခင်က ခိုင်နွေ၏ လက်ကလေးများကို ပြန်လည်ဆုပ်ကိုင်ကာ ငိုရမည်။ ယခုလည်း ဒေါ်နီလာခင် ငိုနေပြီ။ တကယ်ပဲ ငိုနေလေပြီ။

'မေမေ့သမီး မသေရဘူး၊ မသေရပါဘူး သမီးလေးရယ်'

ဒေါ်နီလာခင်၏ အသံက လှိုက်လှိုက်လှဲလှဲပဲ ထွက်လာခဲ့သည်။

'သိပ် ကျေးဇူးတင်တယ် မေမေရယ်၊ တကယ်လဲ သမီးဟာ ဘာ တာဝန်မှုမရှိဘဲ လူ့ဘဝမှာလာပြီး နေထိုင်ရတဲ့အတွက် အားလုံးကိုကျေးဇူးတင်တယ် မေမေ၊ ဘဝမှာ အပေးထက် အယူသာများခဲ့တယ် ဆိုသလိုပါပဲ၊ ဒီအတွက် သမီး တစ်ခုခုကို ပြန်ပေးခဲ့ချင်တယ်'

ခိုင်နွေ့ အသံကလည်း လှိုက်လှဲလွန်းနေသည်။ ရင်ထဲမှ လာသည့် စကားသံများပင် ဖြစ်သည်။ သူတို့နှစ်ယောက် သရုပ်

ဆောင်နေကြသည်လား၊ တကယ်ပြောနေကြတာလား ခွဲခြား မရတော့ပေ။

မင်းသမီးတွေကို အလိုလို စိတ်တိုင်းမကျဖြစ်နေသော နီနီပင် လျှင် မျက်ရည်စို့လာသည်။ တင်အေးမြင့်သည် ငိုင်၍ ကြည့်နေ သည်။ သူတို့နှစ်ယောက် တစ်ခုခုကို နားလည်သဘောပေါက်ပြီး အပေးအယူမျှနေတာပဲဟု တင်အေးမြင့် ထိုးထွင်းပြီး တွေးမိ သည်။

ပြီးတော့ သူတို့မှာ အချင်းချင်း ဖိနှိပ်ချင်တဲ့ အတ္တစိတ် မရှိ ဘူး။ ဒါဟာလေးစားစရာပဲဟု တင်အေးမြင့် တွေးမိသည်။ မိမိမှာတော့ မခံချင်စိတ်တွေ၊ မာနတွေ ဆူဝေနေခဲ့မိသည်။

တစ်ကြိမ်တည်း၌ပင် စိတ်ကြိုက် အမူအရာကိုရ၍ ကိုသန်းနိုင် ကျေနပ်သွားသည်။ ဇာတ်ကားကလည်း ပြီးစီးလုပြီ။ ခိုင်နွေနှင့် နီလာခင်၊ ခိုင်နွေနှင့် တင်အေးမြင့်၊ ခိုင်နွေနှင့် ဦးခင်ဇော်၊ ဦးခင် ဇော်နှင့် နီလာခင်၊ အခန်းတော်တော်များများ ရိုက်ပြီးနေပြီ။ မင်းသားနှင့် ချိုရည်နွယ်လည်း အလုပ်ပုံတွေ တော်တော်ရိုက်ပြီး ပြီ။ ခိုင်နွေနှင့် ချိုရည်နွယ် အခန်းအချို့ကျန်သည်။ ဒါကို ဖြည်းဖြည်းမှ ရိုက်၍ဖြစ်သည်။ ပြဿနာမရှိ။ ပြဿနာက တင် အေးမြင့်အခန်းတွေ ရိုက်မပြီးခင် ပေါ်ပေါက်လာမည်ကို စိုး သဖြင့် တင်အေးမြင့်နှင့် ပတ်သက်သော အခန်းတွေကို အလျင် ရိုက်နေရသည်။ သည်ကြားထဲ သည်ကနေ့ နီနီက ပါလာပြန် သည်။ လုပ်လို့ကိုင်လို့ သိပ်မကောင်းပေ။

လူစုံတက်စုံပါသော အခန်းအတွက် ပြင်ဆင်ကြရပြန်သည်။ ကိုသန်းနိုင်သည် တင်အေးမြင့်နား မကပ်သာသဖြင့် တင်အေး

မြင့်ကို ကွက်ပြီး မညွှန်ကြားနိုင်တော့ပေ။ သည်နေ့ရိုက်ကွက်မှာ တင်အေးမြင့်နှင့် ချိုရည်နွယ် ပြိုင်ရမည်။ ဇာတ်သဘောအရ လည်း သူတို့နှစ်ယောက်က အားပြိုင်။

'သေချင်တိုင်းလဲသေလို့ မရသေးဘူးနော်၊ နောက်တစ်ခန်းမှ သေရမယ်'

ကိုသန်းနိုင်က ခိုင်နွေ့ကို လှမ်းပြောပြီး လူအားလုံးပါနိုင်မည့် ရိုက်ကွင်းကို ပြင်ဆင်နေသည်။ စားပွဲရှည်တစ်ခုမှာ အားလုံးနေရာ ချပြီး တစ်ကွက်ရိုက်သည်။ ပြီးတော့ ချိုရည်နွယ်တစ်ယောက်တည်း မျက်နှာကို အနီးကပ်ရိုက်သည်။ ချိုရည်နွယ်က တင်အေးမြင့်ကို အနိုင်ယူသည့်မျက်လုံး၊ စိတ်ထဲက မကျေနပ်သည့် မျက်လုံး တွေဖြင့် ကြည့်ရမည်။ တင်အေးမြင့်က ရှေ့မှာ တကယ်ရှိနေဖို့ မလိုပေ။ ချိုရည်နွယ်သည် တစ်ကားလုံးမှာ သည်တစ်ခါပဲ စိတ်ပါ လက်ပါ သရုပ်တူ လုပ်နိုင်တော့သည်။ တင်အေးမြင့် မရှိသော် လည်း သူသည် တစ်ယောက်တည်း စိတ်တိုတိုနှင့် ထိုင်နေသော တင်အေးမြင့်ရှိရာသို့ တစ်ချက်လှမ်းကြည့်သည်။

ခက်သည်က တင်အေးမြင့်အလှည့်ပဲ။ တင်အေးမြင့်အတွက် လည်း သည်တစ်ကွက်က အရေးကြီးသည်။ တစ်ဇာတ်လုံးမှာ တင်း ထားသမျှ မျက်နှာ၊ စေ့ထားသမျှ နှုတ်ခမ်း၊ ရင်ထဲသိုထား သမျှ မာနတွေကို တစ်ခါတည်း လျှော့ချလိုက်ရမည် ဖြစ်သည်။ သည်အပြောင်းအလဲကို တစ်ကွက်တည်းမှာပေါ်အောင် ဖော်ရ မည်။ သူလုပ်နိုင်ပါ့မလားဟု ကိုသန်းနိုင် ပူနေသည်။

'တင်တင် လာလုပ်ကြည့်ပါဦး'

ဒါအလုပ်ပဲဟု ခပ်တင်းတင်း သဘောထားကာ ကိုသန်းနိုင်က မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ တင်အေးမြင့်ကို ခေါ်သည်။ တင်အေး မြင့် စိတ်မပါလက်မပါနှင့် ထလာသည်။ သည်ကောင်မလေး သည် ကိုသန်းနိုင်အပေါ် ဆိုးချင်ကောက်ချင် အနိုင်ယူချင်သည့် စိတ်ကလေး ရှိနေသည်။ ကိုသန်းနိုင်ကို သူ ခင်တွယ်မှန်း လည်း သိသာလှသည်။ သည်လိုနေ့မျိုးမှာ သူ့စိတ်မှာ သဘော မတွေ့တာကို မျိုသိပ်ထားသင့်သော်လည်း သူက ကိုသန်းနိုင်ကို သိစေချင်သည့်စိတ်က ရှိနေသည်။

ခါတိုင်းလိုသာဆိုလျှင်ဖြင့် တင်အေးမြင့် အေးစက်စက် လုပ်နေပုံကို စိတ်တိုကာ အော်ငေါက်လိုက်မိလိမ့်မည်။ ယခုတော့ သတိထားနေရသည်။

တင်အေးမြင့်က ကင်မရာရှေ့မှာ ရပ်သည်။

'သည်နေ့ရိုက်မှာ သိပ်အရေးကြီးတယ်နော်၊ သေသေချာ ချာလုပ်၊ ပထမ မာန်နဲ့ မာနနဲ့ ခက်ထန်တဲ့မျက်နှာ၊ နောက် ဒါတွေအားလုံးကို အလျှော့ပေးပြီး စိတ်ကို လျှော့ချလိုက်တဲ့ မျက်နှာ'

'အားလုံးကို အလျှော့ပေးရမယ် ဟုတ်လား'

တင်အေးမြင့်စကားက အသွားမလွတ်။ ကိုသန်းနိုင် စိတ် ညစ်သွားသည်။ နီနီကလည်း လှည့်ကြည့်နေသည်။ ဘာလုပ်ရ မည်နည်း။

'တင်တင် မင်းအတွက်ပြောနေတာ သေသေချာချာ လုပ်ပါ'

ကိုသန်းနိုင် ခပ်တိုးတိုးပြောသည်။ ချိုရည်နွယ်ကလည်း လှေ့လာသလိုနှင့် အကဲခတ်နေသည်ဆိုတော့ ကိုသန်းနိုင် စိတ်ညစ်လာသည်။ သို့သော် အလျှော့ပေး၍မဖြစ်။ သည်ကနေ့ ရိုက်ကွက်အားလုံး အရေးကြီးသည်။ ဇာတ်ကားအတွက်လည်း အရေးကြီးသည်။ အားလုံးအတွက်လည်း အရေးကြီးသည်။

'တင်တင် အမြဲ သေသေချာချာလုပ်တာပဲ'

တင်အေးမြင့် ဂျစ်တိုက်နေပြီ။

'ကဲ လုပ်ကြည့်'

တင်အေးမြင့် လုပ်ပြသည်။ ပေါ့ပျက်ပျက်။ မျက်လုံးက အရောင်မထွက်။ ဖျော့ရမည့်နေရာမှာလည်း ဖျော့မသွားပေ။

နောက်တစ်ခါ ပြန်လုပ်ခိုင်းသည်။ သည်တစ်ခါ မီးတွေ အစုံဖွင့်ပြီး ရိုက်ရသည်။ သို့သော် လိုချင်သည့် အမူအရာမရ။

'ပြန်ရိုက်မယ်'

ကိုသန်းနိုင်က ခပ်ပြတ်ပြတ်ပဲ ပြောသည်။

'ဆရာက သူ့မင်းသမီးကျတော့ ခဏ ခဏ ပြန်ရိုက်နေတာကိုး'

ချိုရည်နွယ်၏ မတိုးမကျယ်အသံကို ကြားရသည်။ ကိုသန်းနိုင် သိလိုက်ပြီ။ အိမ်ရောက်လျှင်တော့ နီနီနှင့် ပြဿနာဖြစ်ရတော့မည်။

'ဒီမှာ တင်တင် ဒီအခန်းဟာ ဒီဇာတ်ကားတစ်ခုလုံးမှာ မင်းရဲ့ အထွတ်အထိပ်ပဲ၊ အဲဒါ မင်း နားလည်ပါ၊ ကဲပြန်ရိုက်မယ်'

ကိုသန်းနိုင် မည်သူ့ကိုမျှ ဂရုမစိုက်တော့။ တင်အေးမြင့် မျက်နှာကို စေ့စေ့ကြည့်ကာ ပြောလိုက်သည်။ တင်အေးမြင့်လည်း အံ့သြသွားသည်။ ကိုသန်းနိုင်သည် ဒါရိုက်တာတစ်ယောက်၏ စေတနာကို ပြတ်ပြတ်သားသား ပြနေပြီ မဟုတ်လား။ မိမိကို အကယ်ဒမီရနိုင်သည့် အခန်းဟု မပြောရုံတမည်ပဲ ကျန်တော့သည်။ သည်စေတနာ၏ နောက်ဆက်တွဲတွေအဖြစ် ဘာတွေဖြစ်လာမည်ကို တင်အေးမြင့် သိသည်။ ကိုသန်းနိုင်လည်း သိမည်ပင်။

တင်အေးမြင့် နားလည်သွားသည်။ သေသေချာချာ လုပ်သည်။ စိတ်ပါလက်ပါ လုပ်သည်။ ရင်ထဲအသည်းထဲက ပါအောင် လုပ်သည်။ ကိုသန်းနိုင်ကိုလည်း လေးစားချစ်ခင်သည်ထက် ချစ်ခင်သွားသည်။ သန့်စင်စွာ ချစ်ခင်သွားသည်။

နီနီသည် ခပ်လှမ်းလှမ်းကပင် လာကြည့်နေပြီ။ ကိုသန်းနိုင်သည် ဘာကိုမျှဂရုမစိုက်။ ကင်မရာပေါက်ထဲမှ တစ်ချက် လှမ်းကြည့်ပြီး ထပ်လုပ်ခိုင်းသည်။ ထပ်ရိုက်သည်၊ တင်အေးမြင့် ပိုပြီးကောင်းအောင် လုပ်သည်။ နီနီ၏ မျက်နှာ နီရဲနေကာ ဒေါသဖြစ်နေတာ သိနေရသည်။ တင်အေးမြင့် ပြီးအောင်လုပ်သည်။

ကိုသန်းနိုင်သည် ကျေနပ်စွာပင် ပြုံးလိုက်သည်။ ပြီးတော့ နီနီ့ဘက် လှည့်ကြည့်သည်။ နီနီက သူ့ကို ကျောခိုင်းသွားပြီ။ နီနီ စိတ်ကောက်ပြီး အိမ်ပြန်သွားတော့မည်ကို သိသော်လည်း လိုက်မခေါ်တော့။ နောက်ထပ်အရေးကြီးသည့် ရိုက်ကွက်တစ်ခု ကျန်သေးသည်လေ။

# [၁၄]

'မာမီက သေတဲ့အခန်း ရိုက်မယ်ဆို သေလဲမသေလိုက်ရပါလား'

ရိုက်ကွင်း ပြီးစီးလုအချိန်မှာ သားနှင့် ဒေါ်လေးသဇင် ရောက်လာ သည်။ နဂိုက စီစဉ်ထားသည့်အတိုင်း ဦးကျော်နိုင်ဆီ သွားကြမည်။ သားက သူ့အဖေကို တယ်လီဖုန်းနှင့် ချိန်းဆိုပြီးပြီ။

'သေတာကို အကြာကြီးရိုက်မပြလို့ပါ သားရဲ့၊ သေလိုက်ရပါတယ်'

ခိုင်နွေ၏ စကားကို အားလုံးက ရယ်ကြသည်။ သား၏ ရယ်သံကလည်း မြူးတူးနေသည်။

'မိတ်ကပ်တွေ မဖျက်တော့ဘူးလား မိနွေ'

ဒေါ်လေးသဇင်က ပြော၏။

'မဖျက်တော့ဘူး၊ မိနွေဟာ ကနေ့ထိ ရုပ်ရှင်ရိုက်နေတုန်းပဲဆိုတာ သူ့ကိုသိစေချင်လို့'

ခိုင်နွဲ့က မျက်တောင်တုကိုဖြုတ်ရင်း ပြောသည်။

'သားရှေ့မှာ မာမီတို့ ရန်မဖြစ်ရဘူးနော်'

'မဖြစ်ပါဘူး သားရယ်'

ခိုင်နွဲ့သည် ရိုက်ကွင်းထဲမှာပြောခဲ့ရသည့် စကားကို သတိရနေသည်။ လောကမှာ အပေးထက် အယူသာ များခဲ့သည်တဲ့။ တဂိုး၏ စာတစ်ပိုဒ်ကို ယူသုံးထားတာပါဟု မြကြည်ဇင်က ပြောဖူးသည်။

ခိုင်နွဲ့ကော အပေးထက် အယူကများခဲ့လေသလား။ ခိုင်နွဲ့သည် ဘယ်တော့မဆို ကိုယ်လုပ်ချင်တာကို ဖြစ်အောင်လုပ်ခဲ့သည်။ သည်အတွက် ခိုင်နွဲ့က တစ်ခုခုပြန်ပေးရမလား။ ဘယ်သူ့အတွက် ပေးရမလဲ။ သားအတွက်လား။

ဦးကျော်နိုင်သည် သူ့ညီမဝမ်းကွဲအပျိုကြီးနှစ်ယောက်နှင့် ရန်ကင်းမှာ နေနေသည်။ ခိုင်နွဲ့ သူတို့ညီအစ်မကို မျက်နှာချင်းမဆိုင်ချင်ပေ။ သို့သော် အားတင်းထားလိုက်သည်။ မင်းသမီးကြီး နီလာခင်က ပြောသွားသည်။ ရုပ်ရှင်ပညာသည် တစ်ယောက်အနေနဲ့ ပိုပြီးခံနိုင်ရည်ရှိရမယ်တဲ့။ ခိုင်နွဲ့ အံကြိတ်လိုက်သည်။ ကားက သူတို့တိုက်ရှေ့ကို ရောက်နေပြီ။

သစ်ပင်တွေ အုပ်ဆိုင်းနေသော တစ်ထပ်တိုက် ပုပုလေးသည် ဦးကျော်နိုင်အတွက် ရသည်လား၊ ကိုယ်ပိုင်ငွေဖြင့် ဆောက်သည်လား၊ ဝယ်သည်လား ခိုင်နွဲ့ မသိပေ။ သူတို့ မတွေ့ကြသည့်နောက်ပိုင်း ဦးကျော်နိုင် ပြည်ပခရီး နှစ်ခေါက်သွားရသည်။ ရာထူးလည်း တက်သည်ထင်ရဲ့။ ခိုင်နွဲ့သည် သူတို့နှစ်ယောက် တရားဝင် မပြတ်စဲသော်လည်း သားအတွက်ကော သူ့အတွက်

ပါ ဘာတစ်ခုမျှ မတောင်းဆိုခဲ့ပေ။ နောက်ပိုင်းမှာ ချစ်စံအိမ် အကယ်ဒမီရပြီး နောက်ထပ်ဇာတ်ကားတွေ များစွာကမ်းလှမ်း လာသော်လည်း မရိုက်ဖြစ်။ စိတ်လေလေနှင့် ခပ်ပေပေ ထိုင် စားနေခဲ့သေးသည်။ ပတ်ဝန်းကျင်၏ အတင်းအဖျင်းတွေနှင့် ဆိတ်ကွယ်ရာမှာနေခဲ့သည်။ မေမေ့ဇာတ် ရုမ်းပြည်နယ်မှာ ကား မရိုက်ဘဲ တစ်လကိုးသီတင်း သွားနေသည်။ နောက် သားကို ကျောင်းထားရမည့်အတွက် ရန်ကုန်ပြန်ခဲ့သည်။ ဒေါ်လေး သဇင်က သားကို လာခေါ်သွားမှ ရုပ်ရှင်ပြန်ရိုက်သည်။ ထို အခါ ပရိသတ်နှင့် အဆက်ပြတ်သွား၍ အတော်လေးပဲ ပြန် ကြိုးပမ်းရလေသည်။

'လာကြ လာကြ'

အပျိုကြီးမမတစ်ယောက်က ခေါ်သံကြားရသည်။ ဆီးကြို သံလား၊ နှုတ်ဆက်သံလား၊ လာမည်ဆိုတာ သိနှင့်၍ ပြော သံလား မကွဲပြားပေ။

ဦးကျော်နိုင်က ဧည့်ခန်းအလယ် ဒရင်းဘက်ပေါ်မှာ ထိုင် နေသည်။ ဧည့်ခန်းက တောက်တောက်ပြောင်ပြောင် သေသေ သပ်သပ်ရှိလှသည်။ လာမည်ဆိုတာသိ၍ ကြိုတင် ပြင်ဆင် ထားသလား မပြောနိုင်ပေ။ ဦးကျော်နိုင်ဟာ အိမ်ရှင်မ မဲ့ သောဘဝမှာ သာ၍ပင် ခမ်းနားသပ်ရပ်စွာ နေနိုင်သည် ဆို တာ ပြနေလေသလား။

'ဖေဖေကြီး'

သားသည် သူ့အဖေရှိရာသို့ တန်းတန်းမတ်မတ်ပင် လျှောက် သွားလေသည်။ အားလုံးက အံ့သြသွားသည်။ သားစိုးမိုးကျော်

၏ အမူအရာက ဖခင်နှင့် ခွဲနေရသော သားတစ်ယောက်နှင့် လုံးဝမတူပေ။ ဒေါ်လေးသဇင်သည် မျက်နှာပျက်သွားသည်ကို ဖုံးကွယ်၍ မရပေ။ သူက သားနှင့်အဖေ သည်လောက်ရင်းနှီး လိမ့်မည်ဟု မထင်ခဲ့။ ပြီးတော့ သားက သူ့အဖေကို ဖေဖေ ကြီးဟု ပိုင်နိုင်စွာ ခေါ်နေပြီကော။

ဦးကျော်နိုင်သည် ဒရင်းဘက်ပေါ် ကျောဆန့်နေရာမှ သွက်လက်စွာ ထထိုင်သည်။ ပြင်ပအပြင်အဆင်တွေက ဘယ်လို ပင် တောက်ပ ပြောင်လက်နေသော်လည်း ဦးကျော်နိုင်၏ ရုပ်သွင်ကတော့ လွန်မင်းစွာကျဆင်းသွားခဲ့ပြီ ဖြစ်၏။ အရက် ကို ပိုမိုခုံမင်စွာ သောက်တတ်သူတို့၏ အသွင်အပြင်အတိုင်း မျက်နှာက ဖောင်းပွနေပြီ။ ရှိရင်းအသက်ထက် ဆယ်နှစ်ခန့် ပိုကြီးနေသည်ဟု ထင်ရသည်။ ဒါကို မြင်ရသောအခါ ခိုင်နွေ့ ရင်ထဲမှာ ကြေကွဲသွားသည်။ မည်မျှပင်မာနတရားတွေ ကြီးမား စေခဲ့ကာမူ သံယောဇဉ်က ရှိခဲ့လေသည် မဟုတ်လား။ ပြီးတော့ ဦးကျော်နိုင်သည် ခိုင်နွေ့ ဘဝတွင် ပထမဆုံး ချစ်သူ ငယ်ချစ်ဦးပင် ဖြစ်သည်။

ဦးကျော်နိုင်သည် သားကို လက်ဆန့်တန်းကာ ဆီးကြိုလိုက် သည်။ အပျိုကြီးနှစ်ယောက်ကြည့်ပြီး မျက်စိမျက်နှာ ပျက်လာ ကြသည်။ ဦးကျော်နိုင်သည် ခိုင်နွေ့ဘက်ကို မသိမသာ လှမ်းအ ကြည့် ခိုင်နွေ၏ ကြေကွဲသော မျက်လုံးများနှင့် လျှပ်တစ်ပြက် ဆုံဆည်းမိကြသည်။ ခိုင်နွေ ချက်ချင်း မျက်လွှာချပစ်သည်။ ဦးကျော်နိုင်က သားကို ကြည့်သည်။

'ဖေဖေ နေကောင်းလား'

သားက စတင်နှုတ်ဆက်သည်။ အံ့သြစရာပါပဲ။ သားသည် သူ့ အဖေနှင့် တစ်နေရာစီ နေရသော်လည်း များစွာရင်းနှီးနေသည်။ ဦးကျော်နိုင်သည် ဘာမျှ ပြန်မပြောနိုင်ပေ။ သူ့သားကို အားပါးတရ ဖက်ထားသည်။ ရုပ်ရှင်ရိုက်နေတာထက်ပင်ပိုပြီး ရင်နင့်စရာ ကောင်းနေပါလား။ ခိုင်နွေသည် မျက်တောင်ကို နှစ်ချက်သုံးချက် ခတ်ပစ်ရသည်။

ဒေါ်လေးသဇင်နှင့် အပျိုကြီးနှစ်ယောက်သည် မလွဲသာမရှောင်သာ အလ္လာပ သလ္လာပ စကားများကို ပြောစပြုသည်။ ခိုင်နွေသည် မလှုပ်မယှက် ထိုင်နေသည်။ သားအဖနှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ကြင်နာစွာ ပွေ့ဖက်ရင်းတီးတိုးစကားများ ဆိုကြသည်။ သား၏ ပညာရေးကို မေးသည်။ နေရေးထိုင်ရေးကို မေးသည်။ ယခင်တစ်ခါ နိုင်ငံခြားက ပြန်လာပြီး သားအတွက်ပို့လိုက်သော ပစ္စည်းတွေ ရ–မရ မေးသည်။

ခိုင်နွေသည် သူနှင့်မဆိုင်သော အိမ်တစ်အိမ်သို့ ဧည့်သည်၏ဘေးမှ ကပ်လိုက်လာသော ထပ်ဆင့် ဧည့်သည်တစ်ယောက်လိုပင် ငေးငိုင်၍ ကြည့်နေမိတော့သည်။

'ခိုင်နွေ အခု ဘာဇာတ်ကားရိုက်နေလဲ'

ခိုင်နွေ့ကို မေးလိုက်လေလား။ ဒါ အစ်ကိုကြီးရဲ့ အသံပဲလား။ ခိုင်နွေသည် ရုတ်တရက် ကြောင်သွားသည်။ ခေါ်ပုံကိုက ခိုင်နွေတဲ့။ အတူနေခဲ့ကြစဉ်အခါကတော့ ဦးကျော်နိုင်က စိတ်ဆိုးသည့်အခါမှပင် ခိုင်နွေဟု အပြည့်အစုံခေါ်လေ့ရှိသည်။ ယခုတိုင် ခိုင်နွေ့ကို စိတ်ဆိုးနေ၍ပဲလား။ အနေဝေး၍ တစိမ်းပြင်ပြင် ဖြစ်သွား၍လား မပြောတတ်တော့ပေ။

‘မိသဲက ရုံတင်တော့မယ်လေ၊ ခုရိုက်နေတာက စေတနာဖြူ’

ခိုင်နွေ၏ အနုပညာဇီဇကတော့ ဖုံးကွယ်၍မရ။ သူ့အလုပ်ကို သူ့ဘာသာ စိတ်ဝင်စားလျက်ပင် ရှိနေသည်။ မိသဲတို့၊ စေတနာဖြူတို့ကို ဦးကျော်နိုင်က သတိထားမိမယ်တဲ့လား။ စိတ်ဝင်စားနေမယ်တဲ့လား။ မိသဲကို ခိုင်နွေသာလျှင် စိတ်အဝင်စားဆုံးဖြစ်သည်။ ခိုင်နွေကိုယ်တိုင် ထုတ်လုပ်သည့်ကား။ ငွေရှာထားသည့်ကား။ သည်ကား ပိုက်ဆံရလျှင် နောက်ပိုင်းသည့်ထက် လေးနက်ပီပြင်သည့် ကားတစ်ကားကို ကိုယ်တိုင်ရိုက်ကူးသရုပ်ဆောင်ဖို့ ရည်မှန်းထားသည်။ ဒါကို ဦးကျော်နိုင်က စိတ်ဝင်စားမယ်တဲ့လားကွယ်။

ဦးကျော်နိုင်သည် ခိုင်နွေ့ဘက်ကို ရဲရဲလှည့်ကြည့်၏။ သူ့မျက်နှာပေါ်မှ အရေးအကြောင်းများကြည့်ပြီး ခိုင်နွေ စိတ်လှုပ်ရှားသွားပြန်သည်။ သူဟာ ခိုင်နွေနဲ့ ကွဲကွာနေတဲ့ ကာလအတွင်းမှာ သန့်ရှင်းသပ်ရပ်ပြီး စည်းကမ်းတကျ စားသောက်နေထိုင်ရပါလျက် ဘာကြောင့် သည်မျှအိုမင်း ရင့်ရော် သွားရသလဲ။

‘မိသဲက အခြေအနေ ကောင်းရဲ့လား’

သူပြောပုံက ခိုင်နွေ၏အလုပ်ကို သူသိသင့်သလောက် သိထားသည့် ပုံစံပင်။ ခိုင်နွေ ဝမ်းသာသွားသည်။ အတူနေခဲ့စဉ်ကသာ ခိုင်နွေ့အလုပ်ကို သည်မျှ နားလည် ခံစားတတ်ခဲ့လျှင် သူတို့နှစ်ယောက် ဝေးကွာခဲ့မည် မထင်။ မိသဲမှာ ခိုင်နွေသည် နာမည်တက်စ မင်းသားလေးတစ်ယောက်နှင့် တွဲထားသည်။ ဒါလည်း ခိုင်နွေ့အတွက် အလုပ်ပဲဖြစ်သည်။ ဦးကျော်နိုင်သည်

ယခု သဝန်တိုသည့် အရိပ်အရောင်ကို မပြပေ။ သံယောဇဉ် ကုန်ခန်းခဲ့ပြီမို့ပဲလား။ သည်လိုသာဆိုလျှင်လည်း ခိုင်နွေ ဘာတွေ လုပ်နေသည်ကို သူသိနေမည် မဟုတ်ပေ။

'ကောင်းပါတယ် အစ်ကိုကြီး၊ အထက်မြန်မာပြည်ကလဲ တော်တော် ရထားတယ်၊ အရင်းတော့ ပြန်ရမယ် ထင်တာပဲ'

ခိုင်နွေ့စကားတွင် အားကိုးသံ၊ တိုင်ပင်နှီးနှောဟန်လေးတွေ မသိမသာ ပါသွားသည်ကို ခိုင်နွေ့ဘာသာပင် မသိလိုက်။ ပြီးမှ သူသည် လိုတာထက်ပိုပြီး ပြောလိုက်မိသည်ကို သတိ ထားမိသည်။ ခိုင်နွေသည် မိန်းမတစ်ယောက်အနေဖြင့် တစ်ယောက် တည်း ရုန်းကန်လှုပ်ရှားခဲ့တာ ကြာပြီပဲ။ တစ်စုံတစ်ယောက်ကို အားကိုးလိုစိတ်လေး ကိန်းအောင်းနေခဲ့တာ ယခုမှ ပေါ်လာ သည်။ ပြီးတော့ ဦးကျော်နိုင်ကိုပင် သူ အားကိုးလိုစိတ် ရှိနေတာ အံ့သြစွာ ဂရုပြုမိပြန်သည်။

အပျိုကြီးနှစ်ယောက်နှင့် ဒေါ်လေးသဇင်သည် သူတို့ နှစ်ယောက်ကို မသိမသာ လှမ်း၍အကဲခတ်နေသည်။ သားသည် သူ့အန်တီတွေ ချပေးသော လိမ္မော်သီးတွေကို စားရင်း ဦးကျော်နိုင်ကို လည်းကောင်း၊ ခိုင်နွေ့ကို လည်းကောင်း တစ်လှည့်စီ လိုက်ကြည့်နေလေသည်။

ဦးကျော်နိုင်နှင့် ခိုင်နွေသည် ဆက်ပြောစရာစကား ရှာမရ တော့ဘဲ အိုးတို့အမ်းတမ်းနှင့် ထိုင်နေရပြန်သည်။

'ကိုကျော်နိုင်ကော နေကောင်းရဲ့လား'

ဒေါ်လေးသဇင်က လှမ်းမေးသည်။ လောကဝတ်အရသာ မဟုတ်၊ စိုးရိမ်ပူပန်သံလည်း ပါနေသည်။ ဦးကျော်နိုင်၏ ပုံသဏ္ဍာန်

ကိုကလည်း ကျန်းမာရွှင်လန်း တက်ကြွနေသော ယောကျ်ား တစ်ယောက်၏ ဟန်ပန်မျိုး မဟုတ်ချေ။

'ကောင်းပါတယ် မသဇင်၊ အဲ အသောက်လေး နည်းနည်း များနေလို့ပါ'

အပျိုကြီးနှစ်ယောက်သည် မျက်နှာပျက်နေလေသည်။ သူတို့၏ စနစ်တကျ အပြုအစုအယုအယဖြင့် မောင်ဘွား တစ်ယောက်၏ ကျန်းမာရေး၊ စိတ်ချမ်းသာရေးကို မစွမ်းဆောင်နိုင်တာ သူတို့ အတိအလင်း လက်မခံချင်ပေ။

'ခိုင်နွေကတော့ လှလို့ ဝလို့ပေါ့ ဟင်း ဟင်း'

ပြန်လည်ကြားရသော ခနိုးခနဲ့စကား။ ယခင်ကလို ထောင်းခနဲ ဒေါသဖြစ်မသွားအောင် သတိထားနေလိုက်ရသည်။

'လှအောင်ပြုပြင်နေရတာ မနွေရဲ့ အလုပ်တစ်ခုပဲ'

ပြောဖြစ်အောင်တော့ ပြန်ပြောလိုက်သည်။ သူတို့သည် မနွေရဲ့အလုပ်ကို ဘယ်တော့မျှလည်း နားမလည်ကြ။ နားလည်အောင်လည်း မကြိုးစားကြ။ နားလည်လျှင်လည်း နားမလည်ချင်ယောင် ဆောင်တတ်ကြသည်ကို တွေးမိပြန်သောအခါ အားအင် ကုန်ခန်းလာသည်။

'သားက ဖေဖေနဲ့ နေဦးမလား'

ဦးကျော်နိုင်က သူ့သားဘက်လှည့်ကာ စကားပြောသည်။ သားက ပထမဆုံး ခိုင်နွေ့မျက်နှာကို ကြည့်သည်။ နောက် ဒေါ်လေးသဇင်ကို ကြည့်သည်။

'နေချင်နေခဲ့လေ သား၊ ကျောင်းပိတ်ရက်ရှိသေးသားပဲ၊ ပြန်ခါနီးမှ မေမေလေး လာခေါ်မယ်'

ဒေါ်လေးသဇင်က ဝင်ပြောလိုက်သည်။ သားမျက်နှာ ဝင်းပ ကြည်လင်သွားပုံမှာ သိသာ လှပေသည်။ သားက အမေနှင့် အတူမနေရသော်လည်း အမေနှင့် နေခဲ့ချင်သည်ဟု တစ်ခါမျှ မပြောဘူးပေ။ ယခု အချိန်ကာလများစွာ ကွဲကွာ နေခဲ့ရသော အဖေနှင့်အတူ နေချင်သည့်စိတ်ဆန္ဒတွေ ရှိနေသည်ကို ခိုင်နွေ အံ့သြ တုန်လှုပ်မိပြန်သည်။

တစ်ဆက်တည်းမှာပင် ခိုင်နွေသည် အနုပညာဘဝမှာသာ ဖွဲ့ မလျှော့တမ်း ကြိုးပမ်းရပ်တည်ပြီး မိသားစုဘဝအတွက် ဦးနှောက်ထဲ မထည့်ခဲ့တာ၊ အမှန်တရားကောဟုတ်နိုင်ပါ့မလား ဟု ရုတ်တရက် တွေးလိုက်မိသည်။

လူတစ်ယောက်၊ ပြီးတော့ မိန်းမတစ်ယောက်ဟာ ဘဝ၏ ပထမ ဦးစားပေးလုပ်ရပ်မှာ အနုပညာကို ဦးထိပ်ပန်ဆင်ပြီး မိသားစုဘဝကို ဥပေက္ခာပြုထားခြင်းသည် လျော်ကန်သင့်မြတ် လှသည်ဟု ဆိုနိုင်ပါမည်လား။

ခိုင်နွေ့ ရင်ထဲမှာ တလှပ်လှပ်ခုန်လာသည်။ သားမျက်နှာ ကိုလည်း မကြည့်ရက်သလို ဖြစ်လာသည်။ သားအပေါ်မှာ ခိုင်နွေသည် များစွာ ဝတ္တရားပျက်ခဲ့ပေသည်။ မိမိကိုယ်တိုင်က မိခင် ဖခင်၏မေတ္တာကို မခံယူခဲ့ရသလို သားအပေါ်မှာလည်း စာနာမှု မရှိခဲ့ပါကလား၊ အောင်မြင်ကျော်ကြားမှုအတွက်သာ အစဉ် ကြိုးစားနေခဲ့မိပါကလား။

'ကဲသား နေချင်နေခဲ့၊ မေမေလေး အဝတ်အစားတွေ လာပို့ ပေးမယ်၊ မိနွေလဲ ရုတင်က လိုက်လာတာ၊ အဝတ်အစား မလဲရသေးတော့ ပြန်ကြဦးစို့ကွယ်'

အခြေအနေကို သုံးသပ်ကာ ဒေါ်လေးသဇင်က ဝင်ပြော လိုက်သည်။ တကယ်လည်းသူတို့အတွက် ရှေ့ဆက်ပြီး ဟန်ဆောင် နေကြရမှာ အနေကျဉ်းကျပ်လှသည်။ သားက အဖေနှင့်နေခဲ့ မည့်အတွက် သူ့အဒေါ်ဝမ်းကွဲများက ကြည်ဖြူရဲ့လားဟု ခိုင်နွေ စဉ်းစားမိပြန်သည်။ အပျိုကြီးနှစ်ယောက်က သားကို အရိပ်တကြည့်ကြည့် ဖြစ်နေတာ မြင်ရတော့ စိတ်အေးသွား သည်။ မိမိကိုယ်တိုင်ကတော့ သားရောက်လာလည်း သားအ တွက် အချိန်မပေးနိုင်။ ဖခင်နှင့် နေခဲ့မည်ဆိုကာမှ စိတ်ထဲမှာ သဝန်တိုသလိုလိုလည်း ဖြစ်လာပြန်သည်။

'သား မပြန်ခင်တစ်ရက်တော့ အိမ်ကိုပြန်လာနော်၊ မာမိ လာခေါ်မယ်'

သားက ခေါင်းကို သွက်လက်စွာ ညိတ်ပြသည်။

'မနွေပြန်မယ် အစ်ကိုကြီး'

ခိုင်နွေ့ အသံသည် တုန်ယင်နေသည်။ သားကို ခေတ္တထားခဲ့ ရမှာ ဝန်လေးနေသည်။ ဦးကျော်နိုင်သည် သားမယားနှင့် ကင်းဝေးစွာ နေခဲ့ပါကလားဟု အကြင်နာဖြင့် ပထမဆုံးအကြိမ် တွေးမိသည်။

'မနွေလဲ တော်တော်ပိန်သွားတယ်'

စေတနာမှန်ကို ခိုင်နွေ နားလည်သည်။ စောစောက ယောက်မ များက ခိုင်နွေ့ကို လှလို့ဝလို့ဟု ခနဲ့ခဲ့သေးသည်လေ။

'စေတနာဖြူအတွက် ဝိတ်လျှော့ထားရလို့ပါ၊ အစ်ကိုကြီး မိသဲကို လာကြည့်ဦးမလား၊ သားလဲမပြန်သေးခင် အတူတူလာ ပေါ့၊ မနွေ ဖိတ်စာ ပို့လိုက်မယ်'

‘ဟုတ်တယ် ဖေဖေ အတူတူသွားကြည့်ရအောင်’

သားက အားတက်သရော ပြောလိုက်လေသည်။

ခိုင်နွေသည် သားနှင့် ခင်ပွန်းရှိသောအိမ်မှ ညှော်သည် တစ်ယောက်လို ပြန်လည်နှုတ်ဆက်ကာ ထွက်ခွာလာခဲ့လေသည်။

# [၁၅]

ထင်သည့်အတိုင်းပင် ပြဿနာ ဝင်ရောက်ခဲ့ပြီ။ နိုနိုသည် စိတ်ကောက်ပြီး ကလေးတွေပါခေါ်လျက် အိမ်က ဆင်းသွားလေသည်။ ကိုသန်းနိုင်မှာလည်း သည်ရက်ထဲမှာမှ အလုပ်ကများလှသည်။ ဇာတ်ကား၏ အထွတ်အထိပ် အခန်းများကိုချည်း အပြီးသတ်ရိုက်နေရသည်။ တင်အေးမြင့်အတွက် တစ်ခန်းနှစ်ခန်းကျန်သေးသည်။ ခိုင်နွေကတော့ သူ့အခန်းတွေ ကုန်အောင်ရိုက်ပေးပြီး၍ ကိစ္စမရှိ။ မင်းသားနှင့် ချိုရည်နွှယ်အခန်း နည်းနည်းကျန်သည်။

ခက်သည်က နိုနို့ကိစ္စ။ နိုနိုက ကိုသန်းနိုင်သည် တင်အေးမြင့်ကို အလေးပေး ဂရုပြုလွန်းသည်။ နေရာ ပေးလွန်းသည်။ တင်အေးမြင့်နှင့် ကိုသန်းနိုင်တို့အကြောင်း ကြားရသည့်သတင်းတွေမှာ အမှန်ဖြစ်သည်ဟု အတိအလင်း စွပ်စွဲလာလေသည်။

သည်အတွက် သူတို့ လင်မယား နှစ်ယောက် စကားများရသည်။ နီနီ အိမ်ကဆင်းသွားလေသည်။

ကိုသန်းနိုင်ကလည်း သူ မှန်ကန်သည်ထင်၍ သည်ပြဿနာကို အလျှော့ပေး ဖြေရှင်းလိုစိတ် မရှိတော့။ ပြီးအလုပ်တွေကလည်း အရေးကြီးနေ၍ နောက်မှ ကြည့်ရှင်းတော့မည်ဟု ထားလိုက်သည်။

သည်ကနေ့လည်း တင်အေးမြင့်၏ နောက်ဆုံးအခန်းကို ရိုက်ရမည်။ သည်အခန်းကလည်း ဇာတ်ကားအတွက် အရေးကြီးသည်ပင်။

ဇာတ်လမ်းထဲမှာ တင်အေးမြင့်က ခိုင်နွေကို ဒေါသဖြင့် ရန်တွေ့ရမည်။ စကားနာ ထိုးရမည်။ ခိုင်နွေ့အခန်းတွေက ပြီးသွားပြီဖြစ်၍ ခိုင်နွေက ရိုက်ကွင်းထဲကို လာမည်မဟုတ်တော့ဘဲ တင်အေးမြင့် တစ်ယောက်တည်းကိုပဲ ရိုက်ယူရမည်။ ခိုင်နွေ ရှိမနေသော်လည်း တင်အေးမြင့်အတွက် သူ့ရှေ့မှာ ခိုင်နွေ ရှိနေဘိသကဲ့သို့ အသက်ပါအောင် လုပ်နိုင်ဖို့လိုသည်။ ချိုရည်နွယ်ကလည်း သည်လိုအမူအရာမျိုးကို လုပ်ပြသွားခဲ့ပြီ။ ဝါရင့်ပညာသည်များအတွက်တော့ သည်လိုရိုက်ကွက်မျိုးတွေက ရိုးနေပြီ။ သည်လိုပဲ အမြဲရိုက်နေကျ။ အဲ တင်အေးမြင့် လုပ်နိုင်ပါ့မလား။

ကိုသန်းနိုင်ကလည်း နီနီစွပ်စွဲမည်ဆိုက စွပ်စွဲချင်စရာ။ တင်အေးမြင့် အပေါ်မှာဆိုလျှင် ပိုပြီး အစိုးရိမ် ပိုသည်။ သို့သော် သူသည် တတ်နိုင်သမျှ သူ့ကိုယ်သူ ထိန်းသိမ်း၍ နေသည်။ ဒါကို သူကိုယ်တိုင်ပဲ အသိဆုံးဖြစ်သည်။

အိမ်ရှင်မ မရှိသောအိမ်သည် ဖရိုဖရဲ ဖြစ်နေသည်။ သို့သော် သူ့အတွက်ကား သိပ်မထူးလှ။ မနက်စောစောကတည်းက အိမ်ကထွက်ခဲ့ ဖြစ်သည်။ တစ်ခုပဲရှိသည်။ မီးပူတိုက်ပြီးသား အင်္ကျီ၊ လုံချည် အသင့်ထုတ်ပေးမည့်သူ မရှိ၍ တွေ့ရာဆွဲဝတ်ခဲ့ရသည်။ လက်ဖက်ရည်ကတော့ မြို့ထဲကျမှ မဟာဗန္ဓုလပန်းခြံလမ်းမှာ အပေါင်းအသင်းများနှင့် သောက်မည်။

ကိုသန်းနိုင် မဟာဗန္ဓုလပန်းခြံလမ်း ပလက်ဖောင်းဘေးက လက်ဖက်ရည် ဆိုင်ကိုရောက်တော့ အပေါင်းအသင်းတွေလည်း စုံနေပြီ။ ရောက်တတ်ရာရာ စကားများပြောကြသည်။ တချို့ကလည်း အလုပ်အတွက် ချိန်းဆိုထားသူများကို စောင့်ဆိုင်းရင်း လေကန်နေကြသည်။ တချို့က လက်ရှိအခြေအနေကို ဆွေးနွေးကြသည်။ တချို့က အနာဂတ်ကို ဆွေးနွေးကြသည်။ နှုတ်ဖျားကထွက်သည့်စကားက သောင်းဂဏန်း သိန်းဂဏန်း ချီနေသည်။

ကိုသန်းနိုင်သည် စိတ်ဓာတ်ကျဆင်းစပြုနေ၏။ သူ့လုပ်ငန်းသည် ပြီးဆုံးခါနီးကျခါမှ အထစ်အငေါ့လေးတွေ ရှိနေသည်။ သည်အလုပ်သာ မအောင်မြင်လျှင် သူ့မျှော်မှန်းချက်တွေ ရေစုန်မျောပြီဖြစ်၏။ သူ့မှာ ရပြီးသားနာမည်လေးလည်း အဖတ်ဆည်နိုင်တော့မည် မဟုတ်။ ပြီးတော့ ငွေကြေးအရလည်း သူ့ကိုနောက်ထပ် ထုတ်ပေးမည့်သူ ရှိတော့မည်မဟုတ်။

စိတ်ဓာတ်ကျနေ၍ မဖြစ်ဘဲသည်အလုပ်ကို ပြီးဆုံးအောင်လုပ်ဖို့သာ ရှိတော့သည်။ သည်ကနေ့ နီနီကို လိုက်ခေါ်၍ မဖြစ်။ အိမ်ထောင်ကွဲခါမှ ကွဲရော၊ နောက်မှ ဖြေရှင်းရတော့မည်။

သည်နေ့ ရိုက်ကွင်းကို ဖြစ်အောင်ရိုက်ရမည်။ အကောင်းဆုံး ဖြစ်အောင် ရိုက်ရမည်။

လက်ဖက်ရည်သည် လည်ချောင်းတစ်လျှောက် ပူဆင်းသွားလေ သည်။

'ဘယ်လိုလဲဒါရိုက်တာကြီးရဲ့ လက်ဖက်ရည်ပူတာတောင် သတိ မထားနိုင်လောက်အောင် ဘယ်လိုအပူတွေများ ဖိစီးနေပြီလဲ'

ဇာတ်ညွှန်းရေးဆရာ ကိုဇေယျာက တစ်ဘက်ဝိုင်းမှ လှမ်း၍ ပြောသည်။

'မင်းသမီးသစ်လေး အကယ်ဒမီမရမှာ ပူနေမှာပေါ့ဗျာ'

နောက်တစ်ယောက်က ခနိုးခနဲ့ ဝင်ပြောသည်။ ကိုသန်းနိုင် စီးကရက်ကို မီးညှိ၍ ဖွာသည်။ တစ်ယောက်နှင့် တစ်ယောက် သည်လိုပဲ နောက်နေပြောင်နေကျ။ သို့သော် သည်တစ်ခါ ကိုသန်းနိုင်ရင်ထဲမှာ ဒေါသဖြစ်လာသည်။ လူတစ်ယောက်မှာ စေတနာနှင့်အလုပ် ဒွန်တွဲနေပြီဆိုလျှင် ထိုအလုပ်သည် ပို၍ ပီပြင် အောင်မြင်စေသည် မဟုတ်လား။ သူ့စေတနာသည် အောင်မြင်မှုအတွက် အထောက်အကူဖြစ်သည်။ သည်ထက် သူ မပိုပါ။ မပိုအောင်လည်း သူ့စိတ်ကိုသူ ဆုံးမနိုင်သည်။ ဒါကို လူတွေက နားမလည်ကြ။

'ကျုပ်က ဇာတ်ကားကော၊ ဒါရိုက်တာကော၊ မင်းသားကော၊ မင်းသမီးကော အကယ်ဒမီငါးဆုလောက် ရချင်တာဗျို့၊ မှန်တာပြောရင် ဖြစ်စေဗျာ'

ကိုသန်းနိုင်က ပြန်ပြောပြီး နေရာမှ ထသည်။ သည်ကနေ့ သည်နေရာမှာ ကြာကြာထိုင်လိုစိတ် မရှိ။ ငွေသိန်းနှင့်ချီ စကားပြောပြီး လက်ဖက်ရည်ဖိုး၊ ဒူးယားဖိုးတောင် လောလောဆယ် မရှင်းနိုင်သော သည်လိုနေရာ၏ သဘာဝကို သူခေတ္တ ရှောင်ခွာလိုသည်။ စိတ်ဓာတ်ကျနေ၍ မဖြစ်ပြီ။ လုပ်စရာရှိတာတွေ လုပ်ရဦးမည်။

တင်အေးမြင့်ကို သွားခေါ်ရမည်။ ဟုတ်သည်။ တင်အေးမြင့်ကို သွားခေါ်ရမည်။ သည်ကနေ့ ရိုက်ကွင်းအခြေအနေကို နားလည်သဘော ပေါက်အောင် ရှင်းပြရမည်။ တင်အေးမြင့်၏ စိတ်ဓာတ်ကိုလည်း မြှင့်တင်ပေးရမည်။

မဟာဗန္ဓုလပန်းခြံလမ်း အလယ်ဘက်ကိုဆင်း၍ စီးနေကျ ပရိုက်ဗိတ်တက္ကစီ တစ်စီးကို ဆွဲခဲ့သည်။ တင်အေးမြင့်အိမ်သို့ ဦးတည်သည်။ ၁၁ နာရီမှာ အမျိုးသားရုပ်ရှင်ခြံ၌ အားလုံးဆုံကြမည်။ သည်ကနေ့ ဦးမြကြိုင်လည်း လာမည်။ မင်းသားကြီးဦးခင်ဇော် လာမည်။ ဟိုကောင်မလေး ချိုရည်နွယ်လည်း ရောက်ချင်ရောက်လာမည်။ သူက အလုပ်မရှိလည်း လာချင်လာမည်။

တင်အေးမြင့်နေထိုင်ရာ လမ်းကြားလေးထဲ ဝင်လာတော့ ထုံးစံအတိုင်း ကလေးတွေက ထွက်ကြည့်ကြသည်။ တင်အေးမြင့်သာ သည်ဇာတ်ကားမှာ သူမျှော်မှန်းသည့်အတိုင်း ဖြစ်လာခဲ့လျှင် ထိပ်တန်းစာရင်းဝင် မင်းသမီးတစ်လက် ဖြစ်လာပေမည်။ ထိုအခါ သည်လိုရပ်ကွက် သည်လိုနေရာမျိုးမှာ ဆက်နေ၍ သင့်တော်ပါမည်လား။

တင်အေးမြင့်သည် ဝီရိယကောင်းစွာပင် ပြင်ဆင်ပြီး အသင့်စောင့်နေသည်။ မျက်နှာကလည်း ကြည်ကြည်လင်လင် ရှိသည်။ ကိုသန်းနိုင်ကို ခါတိုင်းထက်ပို၍ လေးစားခင်မင်စွာ ဆီးကြိုသည်။

'အစ်ကို ခဏလေးနော်၊ အလျင်တစ်ပတ်က အဝတ်အစားတွေ အကုန်ကိုက်ရဲ့လား ပြန်စစ်ဦးမယ်'

တင်အေးမြင့်က တောင်းတောင်းပန်ပန်ပြောပြီး သူ့အသုံးအဆောင်တွေကို သူ ပြန်စစ်ဆေးနေသည်။ တင်အေးမြင့်သည် သူ့ဘာသာ တစ်ယောက်တည်းကြဲရသူပီပီ သူ့အလုပ်ကို သူပဲ အားလုံး အောက်ခြေသိမ်း လုပ်ရသည်။ နောက်ကနေ၍ ကူညီပံ့ပိုးမည့်သူ မရှိ။

'ဓာတ်ကားအခြေအနေ ကောင်းရဲ့လား မောင်သန်းနိုင်၊ မင့်ညီမကတော့ကွယ် တစ်နေ့ တစ်နေ့ ဓာတ်ညွှန်းဖတ်လိုက်၊ အမူအရာလုပ်လိုက်နဲ့ ရူးနေတာပဲ'

တင်အေးမြင့်၏ အဒေါ်က လှမ်းပြောသည်။ ကိုသန်းနိုင်သည် ဟောင်းနွမ်း စုတ်ပြတ်နေသော အိမ်ထောင်ပရိဘောဂများကို ငေးကြည့်နေရာမှ မျက်နှာလွှဲလိုက်သည်။

'အင်း ့ ့ ့ အင် ကောင်းပါတယ် အဒေါ်၊ တင်အေးမြင့် သရုပ်ဆောင်တာလဲ သိပ်ကောင်းပါတယ်'

'အေးကွယ်၊ သူ့ကို ဖြစ်စေချင်ပါတယ်'

'ဟုတ်ကဲ့'

တင်အေးမြင့်သည် ရုပ်ရှင်ထဲမှာရိုက်မည့် အဝတ်အစားကို တစ်ခါတည်း ဝတ်လာခဲ့သည်။ ကိုသန်းနိုင် ဘာမျှမပြော။ ကားပေါ် တစ်ခါတည်းတက်ခဲ့သည်။ တင်အေးမြင့်က ဖယ်မလီယာ

တံခါးနှစ်ပေါက် ကား၏ နောက်ခန်းဆီသို့ ကုန်းဝင်သည်။ ကားထွက်လာတော့ ကလေးတွေက 'ဟေး'ခနဲ အော်ကြသည်။ တင်အေးမြင့်က အပြုံးမပျက် လက်ပြ နှုတ်ဆက်လိုက်သေးသည်။

စတူဒီယိုရောက်တော့ လူစုံနေပြီ။ ဦးမြကြိုင်လည်း ရောက်နေပြီ။ ဦးခင်ဇော်လည်း ရောက်နေပြီ။ မီးသမား ကင်မရာသမားတွေလည်း အလုပ်စနေပြီ။ တင်အေးမြင့်သည် မိတ်ကပ်ဘူးဖွင့်ပြီး သူ့မျက်နှာကို ပြန်ပြုပြင်သည်။ တင်အေးမြင့်က အလွန် တက်တက်ကြွကြွ ရှိနေသည်။

ဦးခင်ဇော်က အေးအေးဆေးဆေးထိုင်ပြီး ဆေးလိပ်သောက်နေသည်။ ဦးခင်ဇော်သည် နည်းနည်းလေး တွေဝေနေဟန်ရှိသည်။ သို့သော် သည်မျှနှင့်တော့ ဦးခင်ဇော် ဘယ်တော့မှ အမှားအယွင်းမရှိ။

'ဦးကတော့ ဒီကားမှာ တင်အေးမြင့်ကို ပိုအားရတယ်၊ ဟိုကလေးမ ဘယ်သူ'

'ချိုရည်နွယ်'

'ချိုရည်နွယ်က လုပ်စရာအကွက်တွေများပြီး သိပ်အံမဝင်ဘူး'

ဦးခင်ဇော်က ပြောပြနေသည်။ တင်အေးမြင့် မျက်နှာ ပိုပြီး ဝင်းပ လာသည်။

'တကယ်ပြောတာလား အန်ကယ်၊ တင်တင်တော့ ရိုက်ရတဲ့အကွက်က နည်းလွန်းလို့ ဘယ်နေရာမှာမှ အားရပါးရ မရှိဘူး'

တင်အေးမြင့်က သူ့စိတ်ထဲရှိသည့်အတိုင်း ပြန်ပြောသည်။

'မဟုတ်ဘူး သမီးရဲ့၊ သမီးက အကွက်နည်းနည်းနဲ့ ပိုင်ပိုင်နိုင်နိုင် ရှိတယ်၊ အဲဒါ အရေးကြီးတာ အေးအေးသင်းကိုကြည့်၊ ဇာခန်းဆီးနောက်ကွယ်မှာ တစ်ကွက် နှစ်ကွက်တည်းနဲ့ အကယ်ဒမီ ယူသွားတာ'

'အန်ကယ်ပြောတော့ တင်တင် သိပ်အားရှိတာပဲ'

အားလုံးကတော့ တက်ညီလက်ညီ ပျော်ပျော်ပါးပါးပါပဲ၊ ကိုသန်းနိုင် တစ်ယောက်သာ အိမ်ကပြဿနာကြောင့် စိတ်ရှုပ်ထွေးနေသည်။ သို့သော် ချက်ချင်းမေ့ပျောက်ဖို့ ကြိုးစားရသည်။ အလုပ်က အရေးကြီးသည်။

တစ်နာရီမကြာခင် အားလုံး အဆင်သင့်ဖြစ်လာသည်။

ဦးခင်ဇော်နှင့် တင်အေးမြင့်အခန်းကို အလျင်ရိုက်သည်။ သူတို့နှစ်ယောက် မျက်နှာချင်းဆိုင် ရပ်သည်။ ကင်မရာက ဦးခင်ဇော်ဘက်ကို လှည့်သည်။ ပထမ ရိုက်ပြီးသားအခန်းကို ဆက်ရမည်ဖြစ်သဖြင့် ပထမ ပြောထားသည့်စကားကို ပြန်ဖွင့်ပြသည်။ ဦးခင်ဇော် ရီဟာဇယ် ဆက်ပြော်သည်။

'ဖြစ်ပြီးတာတွေကို မပြောကြရင်ကောင်းမယ် သမီးရယ်'

'သမီးကလဲ ဖြစ်ပြီးတာတွေ မပြောချင်ပါဘူး ဒက်ဒီ၊ ဒါပေမဲ့ ခုဖြစ်နေတာတွေက'

တင်အေးမြင့်သည် သူပြောရမည့်စကားတွေကို ချက်ချင်းတုံ့ပြန် ပြောဆိုနိုင်သည်။ တင်အေးမြင့်သည် အစစအရာရာ အဆင်သင့်ဖြစ်အောင် ကြိုတင်လေ့ကျင့် ကျက်မှတ်လာခဲ့မှန်း သိသာလှသည်။

'ကဲ ရိုက်မယ်'

တကယ်ရိုက်သည့်အခါ တင်အေးမြင့်ကပို၍ သေသေချာချာ လုပ်သည်။

'အားလုံးဟာ ဖြစ်သင့်ဖြစ်ထိုက်လို့ ဖြစ်တယ်လို့သာ သဘောထားလိုက် သမီး၊ ဒါပေမဲ့ သမီးတို့ ဖြစ်စေချင်တဲ့အတိုင်း ဖြစ်အောင် ဒက်ဒီ ဖန်တီးပေးပါ့မယ်၊ ဒါပေမဲ့ သမီးရယ် ဒက်ဒီ့ကိုတော့ အကျပ်မကိုင်စေချင်ဘူး'

ကင်မရာက တင်အေးမြင့်တစ်ယောက်တည်းဘက်သို့ ပြန်ချိန်သည်။ ဦးခင်ဇော် နေရာမှ ဖယ်ပေးသည်။

'ကောင်းကောင်းလုပ် သမီး'

'ကောင်းကောင်းလုပ် တင်တင်'

ဦးခင်ဇော်ရော ကိုသန်းနိုင်ပါ ပြိုင်တူ သတိပေးလိုက်မိကြသည်။ တင်အေးမြင့်သည် မီးအဆင်သင့်မဖြစ်ခင် မျက်စိမှိတ်ပြီး သူပြောရမည့် စကားတွေကို ဆီမန်း မန်းသလို ရေရွတ်ကြည့်နေသည်။ ပြောရမည့်စကားက နည်းနည်းရှည်သည်။

အားလုံး အဆင်သင့်ဖြစ်သောအခါ တင်အေးမြင့် မျက်နှာကို အနီးကပ် ရိုက်သည်။

'ဒီအိမ်အကြောင်း၊ ပစ္စည်းတွေအကြောင်း ပြောရတာလဲ သမီး ငြီးငွေ့လှပြီ ဒက်ဒီ၊ ဒါကြောင့် ဘာမျှမပြောတော့ဘူးလို့တောင် ဆုံးဖြတ်ထားတာပါ'

ကင်မရာက တင်အေးမြင့်ကို ဘေးတိုက် အနေအထားမှ ပြောင်းချိန်သည်။ တင်အေးမြင့်သည် စိတ်ပျက်ခြင်း၊ ဝမ်းနည်း

အားငယ်ခြင်း၊ ဒေါသရိပ် လွှမ်းခြင်းတို့ကို တစ်ပြိုင်နက်တည်းပေါ်လွင်အောင် လုပ်သည်။

'အန်တီစိန်မှာလဲ ငွေလိုနေတာ အမှန်ပဲ၊ အကြွေးတွေ ဆပ်နေရတာ ဒက်ဒီတို့ မသိဘူး'

ကိုသန်းနိုင်က ထိုနေရာမှာ ရပ်ခိုင်းသည်။ နောက်ထပ် ရှုထောင့်တစ်ခုမှ ပြောင်းချိန်ပြန်သည်။ တင်အေးမြင့်ကို အလှရောသဘာဝပါ ပေါ်အောင်ရိုက်သည်။

'တင်တင် ပြောရင်း မျက်ရည်တွေ စီးကျလာစေရမယ်နော်'

ကိုသန်းနိုင်က သတိပေးသည်။

'ရိုက်ပါ အစ်ကို၊ ရိုက်ရင်းနဲ့ မျက်ရည်ကျလာစေရမယ်'

တင်အေးမြင့်က ခပ်ရဲရဲပြောသည်။ တင်အေးမြင့်သည် မျက်ရည် အတုကိုသုံးဖို့ စိတ်မကူးပေ။ ဝမ်းနည်းစရာတွေကို ကြိုတင်တွေးထားနှင့်သည်။ အားလုံးပြင်ဆင်ပြီး သေသေချာချာ ပြန်ရိုက်သည်။

'ကြွေးတွေဆပ်နေရတာတော့ ဒက်ဒီတို့ မသိဘူး၊ ကိုလတ်ကိုလဲ စိတ်ဆင်းရဲမှာစိုးလို့ မသိစေပါဘူး၊ အန်တီစိန်ကလဲ ဒက်ဒီ့ကို မသိစေချင်ဘူးလေ၊ သမီး သမီး ကြိတ်ပြီး ဘယ်လောက် စိတ်ညစ်နေရတယ်ဆိုတာ ဒက်ဒီ မသိ'

တင်အေးမြင့်သည် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျပြီး ရှိုက်ငိုလေပြီတည်း။ ကလက်ရိုက်သံကြားရမှ အငိုရပ်သည်။ သို့သော် မျက်ရည်စတွေက ပါးပြင်ပေါ်မှာ စိုစွတ်ဆဲ။ ကိုသန်းနိုင်လည်း ငိုင်သွားသည်။

'သိပ်ကောင်းတယ်'

ဦးခင်ဇော်က လှမ်းပြောသည်။ ကိုသန်းနိုင် တင်အေးမြင့် အနားသို့ လျှောက်လာသည်။

'တင်တင် နင်တကယ်ငိုနေသလား'

ကိုသန်းနိုင်က စိတ်မကောင်းစွာမေးသည်။ တင်အေးမြင့် မျက်နှာသည် ညှိုးနွမ်းဆဲ။

'ဒီနေ့အဖို့ ငိုရရင်လဲငိုမယ်၊ ရယ်ရရင်လဲရယ်မယ်အစ်ကို၊ မယုံရင် ရယ်ရတဲ့အခန်း ရိုက်စမ်းပါ၊ တင်တင် အားပါးတရ လက်ခုပ်လက်ဝါးတီးပြီး ရယ်ပြမယ်'

တင်အေးမြင့်က မျက်ရည်စများကို သုတ်ရင်း ပြောသည်။

'တင်တင် ညည်းပြောနေတာ သွေးရိုးသားရိုး မဟုတ်ဘူး၊ ဘာဖြစ်နေလဲ ပြောစမ်း'

'ချိုရည်နွယ်က တင့်တင့်ဆီလာတယ်၊ တင်တင်ကြောင့် အစ်ကိုတို့ အိမ်ထောင်ရေး ပျက်တော့မယ်တဲ့၊ တင်တင်က ဘာလုပ်လို့လဲဆိုတော့ အစ်ကိုက တင်တင့်ကို ဦးစားပေးလွန်းလို့တဲ့၊ တင်တင်က ပြောလိုက်တယ်၊ ချိုရည်နွယ်ပဲအဓိကဇာတ်ရံ စိမ်းရဲ့နေရာကို တောင်းဆိုလို့ ပေးလိုက်ပြီးပြီ၊ ခုထိ တင်တင့်ကို လိုက်တိုက်ခိုက်နေတုန်းပဲလားလို့၊ ဒါပေမဲ့ တင်တင်က ကိုယ်နေရတဲ့အခန်းကနေပြီး ပိုင်အောင်လုပ်မှာပဲ၊ ဒါကိုတော့ ဘယ်နည်းနဲ့မှ လျှော့မပေးနိုင်ဘူးလို့၊ ဒီအတွက် ဘယ်သူတွေ ဘာပဲပြောပြော တင်တင် ဂရုမစိုက်နိုင်ဘူးလို့ ပြောလိုက်တယ်'

ကိုသန်းနိုင် ဘာမျှ ထပ်မပြောတော့။ တင်တင့်မှာလည်း ဒေါသနှင့် မာနတွေ ပူးကပ်နေပြီကို သူနားလည်သည်။

'နောက်တစ်ခန်းအတွက် အဝတ်အစားလဲတော့'

ထိုမျှသာပြောလိုက်သည်။ တင်အေးမြင့် သွက်လက်စွာ ထွက်ခွာသွားသည်။ ကိုသန်းနိုင်က နောက်အခန်းအတွက် ကင်မရာအနေအထားတွေ ပြောင်းခိုင်းသည်။ သူကလည်း သည်အလုပ်ကို မလျှော့နိုင်တော့ပြီ။ သည်ကနေ့ အကောင်းဆုံးဖြစ်အောင် ရိုက်မည်။

ကိုသန်းနိုင်သည် ငွေရှင်နှင့်ပူးပေါင်းပြီး ရုပ်ရှင်လောကထဲဝင်လာသူတွေ ဘယ်လောက်များနေပြီလဲဟု တွေးရင်း သောက်လက်စ စီးကရက်ကို ပစ်ချကာ ဖိနပ်နှင့် နာနာဖိနင်း ပစ်လိုက်သည်။

## [၁၆]

အစွမ်းအစရှိပြီး ထက်မြက်တဲ့ မိန်းမတွေကို ယောကျ်ားတွေက သဘော မကျနိုင်ဘူးလား၊ အိမ်ထဲမှာ ငြိမ်ငြိမ်ဝပ်ဝပ်နဲ့ မယား ဝတ္တရားငါးပါး မပျက်အောင် ထိန်းသိမ်း နေထိုင်တတ်တဲ့ မိန်းမမျိုးကိုမှ ယောကျ်ားတွေက ဇနီးမယားအဖြစ် အမြတ် တနိုးထားလိုသလား၊ မြကြည်ဇင် တွေးနေမိသည်။

ယခုတလော အိမ်မှာ ဘာမဟုတ်တာလေးနှင့် ခိုက်ရန်ဒေါ သ ဖြစ်နေကြရသည်။ သားသမီးပညာရေးကို ဆွေးနွေးတာ ကအစ မြကြည်ဇင်၏ အပြစ်တွေပုံကျ လာတတ်သည်။ မြကြည်ဇင်ဟာ ကိုယ်နာမည်ကြီးဖို့၊ ကျော်စောဖို့လောက်သာ စိတ်အားထက်သန်ပြီး သားသမီးအုပ်ထိန်းမှုမှာလည်း လျော့ရဲ သည်တဲ့။

သားသမီးကို ပဲ့ပြင်ထိန်းကျောင်းဖို့ဆိုတာ နှစ်ယောက်လုံး မှာ အညီအမျှ တာဝန်မရှိပေဘူးလား။ ဘာကြောင့် မိခင် တစ်ယောက်တည်းရဲ့ တာဝန် ဖြစ်စေရသလဲ။ မြကြည်ဇင်

က မကျေမနပ် ပြန်မေးမိသည်။ ကိုဝင်းဆွေကလည်း မပေါက်ကွဲစဖူး ပေါက်ကွဲသည်။

‘ငါ ရုံးမှာ ဘယ်လောက် စိတ်ညစ်ရတယ်ဆိုတာ သိရဲ့လား၊ ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ဘယ်လို ဖြေရှင်းနေရသလဲ၊ မင်း မသိဘူး မဟုတ်လား’

‘သိဖို့လိုသလား၊ လိုရင်ပြောပြပေါ့၊ ကျွန်မလဲ အိမ်မှာ အလကားနေတဲ့ မိန်းမ မဟုတ်ဘူး’

သူတို့နှစ်ယောက် ဆက်ဆံရေးမှာ အမြဲပဲ မာနတရားတွေနှင့် ယှဉ်နေသည်ကို မြကြည်ဇင် နားလည်သည်။ သို့သော် မိမိကိုယ်ကို ဆုံးမ၍ မရသေး။ နှုတ်ဖျားက အရှုံးမပေးချင်သည့် စကားက အမြဲပဲ ထွက်သွားတတ်သည်။ ထိန်းသိမ်းထားဖို့ အချိန်မရလိုက်။

‘အေး အဲဒီလို အလကားမနေတတ်တဲ့မိန်းမို့ ခက်နေတာပဲ၊ ယောကျာ်းတစ်ယောက် ဘာဖြစ်နေတယ် ဆိုတာကို ကိုယ့်ဘာသာသိအောင် ကြိုးစားဖို့မလိုဘူးလို့ ယူဆနေတာကိုက မိန်းမတစ်ယောက်ရဲ့ ချွတ်ယွင်းမှုဆိုတာ လက်မခံဘူး မဟုတ်ဘူး’

ပြဿနာက စာမေးပွဲကျခြင်းက စသည်။ မိန်းမတစ်ယောက်ဟာ အိမ်မှာမနေဘဲ ပြင်ပမှာ ကျင်လည်နေသမျှ မိသားစုဘဝဟာ ဖရိုဖရဲ ဖြစ်ရတာပဲတဲ့။ ကိုဝင်းဆွေက စွပ်စွဲသည်။ အခုတလော မြကြည်ဇင်ကလည်း အပြင်ထွက်ရတာ များသည်။ စာတိုက်တွေသို့ အသွားအလာ များသည်။ နောက်ထွက်မည့် လုံးချင်းဝတ္ထုအတွက် ထုတ်ဝေသူနှင့် စကားပြောရသည်။ ဝတ္ထုတိုပေါင်းချုပ်စာအုပ်ကို ကိုယ့်ငွေနှင့် ကိုယ်တိုင်

ထုတ်ဖို့ လုံးပန်းနေရသည်။ ဝတ္ထုတိုဆိုတာက စာရေးဆရာတစ်ယောက်ရဲ့ ကြိုးပမ်းမှုမှတ်တိုင် ဖြစ်သည်။ သို့သော် ငွေကြေးအားဖြင့် အမြတ်အစွန်းနည်းသည်။ သည်တော့ ထုတ်ဝေသူတွေက အင်တင်တင်ဖြစ်ကြသည်။ မြကြည်ဇင်သည် သူ့ဝတ္ထုတိုများကို သူ့ဘာသာ ရွေးချယ်စိစစ်ကာ ကိုယ်တိုင်ပဲ ထုတ်ဝေဖို့ လုံးပန်းလေသည်။

စာအုပ်တစ်အုပ်ကို ကိုယ်တိုင် ငွေကုန်ကြေးကျ ခံကာ ထုတ်တော့မည် ဆိုတော့လည်း အစစအရာရာ သပ်သပ်ရပ်ရပ် လှလှပပ ဖြစ်စေချင်သည်။ စနစ်တကျလုပ်ချင်သည်။ ငွေကြေးအရ ထက်ဝက်လောက်ပဲ ပြန်ရရ ကျေနပ်သည်။ စာအုပ်ကိုတော့ တကယ့်စာသမား ပေသမား လက်ထဲလည်း ရောက်စေချင်သည်။ သည်အတွက် မြကြည်ဇင်သည် စိတ်ရောကိုယ်ပါ မြှုပ်နှံရပြန်သည်။

ခက်သည်က ကိုဝင်းဆွေက သူ့အပေါ် နားမလည်နိုင်ခြင်းပင် ဖြစ်၏။ စာရေးဆရာမဆိုတာ စိတ်ကူးကောင်းကောင်းနှင့် အိမ်ထဲမှာ စာထိုင်ရေးနေရင် ပြီးရောမဟုတ်လား။ ဣန္ဒြေရရ လုပ်ရသည့် အလုပ်ရယ်လို့ သူက သဘောတူခွင့်ပြုခဲ့တာတဲ့။ ယခုတော့ မြကြည်ဇင်သည် အပြင်လောကနှင့် အဆက်အသွယ်များလွန်းသည်။ မြကြည်ဇင်ကိုကြည့်ရသည်မှာ ရုံးက အရာရှိမတစ်ယောက်လောက်ပင် တည်ငြိမ်အေးဆေးမှုမရှိ။ ယောကျာ်းအပေါ် ယုံကြည်ကိုးစားမှုကလည်း နည်းပါး၍နေသည်ထင်သည်။ ဘယ်နေရာမဆို သူကိုယ်တိုင် သွားရ လုပ်ရမှ

ကျေနပ်အားရပုံပေါ်သည်။ ကိုဝင်းဆွေက သည်လိုပဲ ယူဆပြီး မြကြည်ဇင်ကို ကြည့်မရဖြစ်နေသည်မှာ ကြာပြီ။

မြကြည်ဇင်ကလည်း ပြောစရာရှိလျှင် ဒိုးဒိုး ဒေါက်ဒေါက် ပြောချ လိုက်တတ်သည်။ ပျော့ပျောင်းမှုမရှိ။ မြကြည်ဇင်က အိမ်ထောင်ရေးမှာ လင်ရော မယားရော တန်းတူတာဝန်ရှိသည်။ တန်းတူလုပ်ဆောင်နိုင်သည်။ မည်သူ့ကို ပို၍ ဦးစားပေးရမည်၊ အရိုအသေ ထားရမည်ဟူ၍ မရှိစေချင်။

ကိုဝင်းဆွေကတော့ မြကြည်ဇင်သည် နာမည် ရလာသည်နှင့်အမျှ မိမိအပေါ် မောက်မာလာသည်ဟု စွပ်စွဲချင်သည်။ အထူးသဖြင့် ယခုလို သူ့အလုပ်ကိုသာ သူစိတ်ဝင်တစားရှိနေခြင်းသည် ကိုဝင်းဆွေ၏ ယောကျ်ားမာနကို ပို၍ ထိခိုက်ကျဆင်းစေသည်။

'ကောင်းပြီ၊ မင်းကအိမ်ထောင်ရေးမှာ နားလည်မှုရအောင် ကြိုးစားတာကို ပရိယာယ်လို့ထင်ရင် နောက်ကို လိုရင်းတိုရှင်းပဲ ပြောကြတာပေါ့'

သည်လိုနှင့်ပင် သူတို့နှစ်ယောက်၏ ဆက်ဆံရေးသည် ကွာဟသွားကြပြန်သည်။ မြကြည်ဇင်လည်း အိမ်ထောင်သက်တမ်းတစ်လျှောက် ယောကျ်ားတစ်ယောက်၏ အတ္တမာနအောက်မှာ လိုက်လိုက်လျောလျော ကျိုးကျိုးနွံနွံနေခဲ့ရသည်ကို စိတ်ကုန်လှပြီ။ သူတို့နှစ်ယောက်မှာမှ ဘာကြောင့် သည်လို ဖြစ်နေရသည်ကိုလည်း နားမလည်နိုင်တော့။ စာအုပ်အလုပ်ကိုတော့ လျှော့လို့မဖြစ်။ နှစ်မကုန်ခင် ပြီးချင်သည်။ တခြား အသွားအလာတွေကို ဆင်ခြင်ပြီး သားကြီးကျောင်းပြန်ချိန် ကျူရှင်

တက်ချိန်ကို စောင့်ကြည့် စစ်ဆေးရသည်။ သမီးငယ်၏ စာကြည့်ချိန်ကို ကြပ်မတ်ရသည်။ မီးဖိုချောင်ဝင်ပြီး ဟင်းတွေကို ကိုဝင်းဆွေ စိတ်ကြိုက် ဟုတ်–မဟုတ် စစ်ဆေးရလေသည်။

မြကြည်ဇင်ဘက်က အလျှော့ပေးခဲ့သော်လည်း ကိုဝင်းဆွေကတော့ အထင်လွဲစွဲချက်တွေ တစ်ရစ်ပြီး တစ်ရစ် တင်ခဲ့သည်။ မြကြည်ဇင်သည် မိမိကိုယ်ကိုသာ အထင်ကြီးသော မိန်းမ၊ အိမ်ထောင်ရေးကို ဝတ်ကျေတန်းကျေ သဘောထားသော မယားတစ်ယောက်၊ ကိုဝင်းဆွေက ညစာစားပွဲတွေကို မြကြည်ဇင် မပါဘဲ သွားတတ်ခဲ့ပြီ။ မူးပြီးမှ အိမ်ကို ပြန်ရောက်လာသည်။ အိပ်ရာထဲကို ပုဆိုးမလဲဘဲ ပစ်လှဲချကာ အိပ်ပျော်အောင် အိပ်ပစ်လိုက်သည်။ ကောင်းသည်ဆိုးသည် တစ်ခွန်းမျှ မပြောတော့။ လျစ်လျူရှုသည့်သဘော။ တစ်နည်းအားဖြင့် မြကြည်ဇင်ကို ဥပေက္ခာဖြင့် ဒဏ်ခတ်လေပြီ။

မြကြည်ဇင် မဖြေရှင်းချင်တော့။

မိမိဘက်က တင်းခဲ့တာတွေကို နောင်တတရားဟုလည်း ဝန်မချချင်။ လောကမှာ ဖြစ်ချင်တာတွေများပြီး ဖြစ်အောင် လုပ်မည်ဟု အားတက်ခဲ့မိသမျှ ထိုအရာအားလုံး ပျက်စီးကြေမွစပြုလာ၏။

ခိုင်နွေ၏ ဘဝကို ပိုပြီး စာနာလာသည်။ ခိုင်နွေဟာ တယ်ပြီး သတ္တိရှိပါလား။ မြကြည်ဇင်မှာ အိမ်ထောင်ရေးက အတွင်းလှိုက်စားပြီး မာနတွေဖြင့် ပေါက်ကွဲလုလုဖြစ်နေချိန် ခိုင်နွေကတော့ ပျက်စီးသွားခဲ့သော ဘဝအစိတ်အပိုင်းမှာ တစ်ယောက်တည်း ရုန်းကန်နေခဲ့ပြီ ဖြစ်သည်။

မြကြည်ဇင်က စီးကရက်မီးခိုးတွေကြားမှာ ဘဝ အဘိ ဓမ္မာကို ရှာဖွေနေဆဲ။ စကားလုံး အသစ်အဆန်းတွေဖြင့် ပရိသတ်ကိုဖမ်းစားဖို့ အားယူဆဲ၊ ခိုင်နွေ့က အစွမ်းရှိသမျှ ကြိုးပမ်းမှုတွေဖြင့် ပရိသတ်အလယ်မှာ ခိုင်ခိုင်မာမာ ရပ်တည် ခဲ့ပြီးပြီ ဖြစ်သည်။

အရက်တန်ခိုးဖြင့် တရှုံးရှုံးတရှဲရှဲ အိပ်မောကျနေသော လူရှိသေ ရှင်ရှိသေ ပေါင်းနေဆဲဖြစ်သော ကိုဝင်းဆွေ အပါးမှ မြကြည်ဇင် ခွာခဲ့သည်။ စီးကရက်ကို လက်ကြားညှပ်လျက် ခိုင်နွေ့ဆီ တယ်လီဖုန်းဆက်သည်။

'မနွေ့ရယ် မတွေ့ရတာကြာပြီ၊ စကားပြောချင်လိုက်တာ၊ မနက်ဖြန်အားလား'

'ဟာ အစ်မ၊ မနွေ့လဲ အစ်မကိုတွေ့ချင်နေတာ၊ စေတနာဖြူကို တရိုင်ရှိုးပြတော့မယ် အစ်မသိရဲ့လား'

'မသိဘူးကွယ်၊ ပရက်ရှိုးကျမှကြည့်တော့မယ်၊ ခုတလော ဝတ္ထုတိုပေါင်းချုပ် စာအုပ်အတွက် အလုပ်များနေလို့ ရုပ်ရှင် က ကောင်းရဲ့လား၊ မနွေ့ အကယ်ဒမီရနိုင်မယ် ထင်တယ်'

'မရနိုင်ဘူး အစ်မ၊ မနွေ့ သိတယ်၊ တင်အေးမြင့်ပဲ ရမှာ၊ မိသဲပရက်ရှိုးကော ဘာဖြစ်လို့မလာသလဲ အစ်မရယ်'

'အိမ်ကလူကို ခုနစ်နာရီအမီ နှိုးမရလို့၊ လင်စုံ မယားဖက် လာမှ ကောင်းမလားလို့ပါကွယ်'

'ဟာ အစ်မကလဲ လာခဲ့ရောပေါ့၊ ဒါတွေ မလိုပါဘူး၊ အစ်မလာရင် ဓာတ်လမ်း ကောင်းကောင်းရမှာ၊ အဲဒီနေ့က ဘယ်သူလာသလဲ သိလား'

'ဟင့်အင်း'

'ဦးကျော်နိုင်လာတယ်လေ အစ်မရဲ့၊ ဟား ဟား၊ သားရယ်၊ မန္တေရယ်၊ ဦးကျော်နိုင်ရယ် ရုံ၀ကနေ ပရိသတ်ကိုကြိုတော့ လာတဲ့သူတွေက မျက်လုံးကို ၀ိုင်း၀ိုင်းလည်နေတာပဲ အစ်မ ရယ်၊ လူတွေရဲ့ပုံပန်းကို အစ်မကို မြင်စေချင်လိုက်တာ၊ သိပ် ရယ်ရတာပဲ၊ အံ့သြတဲ့မျက်နှာ၊ မယုံနိုင်တဲ့ မျက်နှာ၊ မလိုတမာ ကြားက သွားဖြဲပြီးပြုံးပြတဲ့ မျက်နှာတွေ၊ ဟား ဟား မန္တေလေ သိပ်ရယ်ချင်တာပဲ၊ အစ်မတို့ စာရေးဆရာတွေ အတွက်တော့ အကွက်ပဲ အစ်မရယ်၊ ဒါလောက်ကောင်းတဲ့ လူတွေရဲ့ အကျင့်စရိုက် ဘယ်မှာမှ မရနိုင်ဘူး၊ မန္တေလေ သည်တစ်ခါ လူတွေကို အနိုင် ယူရတာ သိပ်ပျော်တာပဲ၊ နောက်တစ်ပတ် ရုပ်ရှင်စာစောင်တွေမှာ အဲဒီဓာတ်ပုံ ပါလာလိမ့်မယ် ကြည့်၊ ရေးကြီးခွင်ကျယ် ရေးကြဦးမယ်လေ'

မြကြည်ဇင်လည်း အံ့သြနေသည်။ အင်း ခိုင်နွေဟာ သူထင် တာထက်တောင် ပိုပြီး ရင့်သန်တဲ့ ပါရမီရှင် မိန်းကလေး တစ်ယောက်ပဲ။ မိမိသာ အဓိပ္ပာယ်မရှိ၊ ဘာမဟုတ်တာလေးနှင့် ဘ၀ကို ရှိးမယ်ဖွဲ့နေသည်။

'မန္တေရေ စိတ်၀င်စားစရာတော့ တကယ်ကောင်းနေပြီ၊ အစ်မလာခဲ့ဦးမယ်၊ ညဥ့်လဲနက်ပြီ၊ နောက်နေ့မှ အစ်မလာခဲ့ မယ်၊ မန္တေ မအိပ်သေးဘူးလား၊ မနက်ဖြန် ရှုတင်မရှိဘူးလား'

'ရှိတာပေါ့ အစ်မရယ်၊ အခု နာမည်တက်လာတဲ့ မင်းသား လေး သန်းထိုက်အောင်နဲ့ တစ်ကားရိုက်ရမယ်လေ၊ မင်းသမီးက အသက်ကြီးလာတော့ မင်းသားငယ်ငယ်တွေနဲ့ တွဲရမှာ ရက်တော့

ရှက်သား၊ ဘာပဲပြောပြော မနွေ့က ဒီနှစ်ထဲမှာ ဇာတ်ကား တွေ လက်စသတ်မယ်’

‘ဟုတ်လား၊ နောက် မရိုက်တော့ဘူးလား’

‘ဦးကျော်နိုင်က သားရယ်၊ မနွေ့ရယ်ကို အမေရိကားကို ခေါ်သွားမယ်တဲ့၊ ဒီတစ်ခါမလိုက်ရင်တော့ မနွေ့တို့ဘဝမှာ အပြီး ပြည်ဖုံးကားပဲပေါ့၊ သားကလဲ သိပ်လိုက်ချင်နေတယ် အစ်မရယ်’

‘မနွေ့ကကော’

မြကြည်ဇင်က သိလိုဇောဖြင့် မေးလိုက်မိသည်။

‘မနွေ့ကလား၊ အင်း မနွေ့ကလဲ လိုက်ချင်ရမှာပေါ့ အစ်မရယ်၊ မနွေ့ဘဝမှာ ကိုယ်ဖြစ်ချင်တာတွေ ဖြစ်အောင် လုပ်ပြီးရင် သူများဖြစ်စေချင်တာလဲ ဖြစ်အောင် လုပ်ပေးရဦး မှာပေါ့လေ။ အထူးသဖြင့် သားအတွက်ပေါ့’

မြကြည်ဇင်က နှုတ်ဆက်ပြီး တယ်လီဖုန်းခွက်ကို ချလိုက် သည်။ သားသည် စာမေးပွဲနီးသဖြင့် စာကျက်နေဆဲဖြစ်သည်။ မိငယ်နှင့်အတူ အိပ်နေသော သမီးအခန်းကို လှမ်းကြည့်သည်။ မီးပိတ်ထားပြီ။ အိပ်ခန်းထဲ ပြန်ဝင်ခဲ့သည်။

ကိုဝင်းဆွေသည် အရက်ဖန်ခွက်ကို အိပ်ရာဘေးက စာအုပ် စင်မှာ တင်ထားကာ အိပ်ပျော်နေသည်။

ကိုယ်ဖြစ်ချင်တာတွေ ဖြစ်အောင်လုပ်ပြီးရင် သူများဖြစ်စေ ချင်တာလဲဖြစ်အောင် လုပ်ပေးရဦးမယ်ဟူသော ခိုင်နွေ့၏ စကားကို စဉ်းစားနေမိသည်။

## [၁၄]

'ဒါ အလုပ်လုပ်တာ နီနီ၊ ကျန်တာတွေကို ဘေးချိတ်၊ ဒီပွဲမှာ မင်းမပါရင် လူတွေက တစ်မျိုးပိုထင်ကြမယ်၊ လူမှုရေးအရသာ မက စီးပွားရေးအရပါ နစ်နာတယ်'

ကိုသန်းနိုင်က နီနီကို ချော့မော့မရသည့်အဆုံး မာန်မဲကာ အကျပ်ကိုင်ရပြန်သည်။ နီနီက ခေါင်းမာဆဲ။ စေတနာဖြူ ရုံတင်ရက်မှာ နီးလာပြီ။ နီနီက အိမ်ကို ပြန်မလာသေး။ ကိုသန်းနိုင်က စေတနာဖြူ ပရက်ရှိုးမှာ နီနီ့ကို ဘေးမှာ ရှိနေ စေချင်သည်။ သူ ပထမဆုံး ဂုဏ်ယူစွာ လုပ်ဆောင် ထားရ သည့် လုပ်ရပ်ကို ဇနီးသည်နှင့်အတူ ပြသချင်သည်။

'စီးပွားရေးအရ နစ်နာမှာစိုးလို့ အတင်းခေါ်နေတာ လား'

နီနီကလည်း စိတ်နာနာဖြင့် မူနေခြင်းသာဖြစ်ကြောင်း ကိုသန်းနိုင်သိသည်။ အထူးသဖြင့် ကိုသန်းနိုင်ကလည်း နီနီ့

ကို သာမန် စီးပွားရေး သဘောအရသာ မဟုတ်ပါ၊ သူ ရုပ်ရှင်လုပ်ငန်းကို စလုပ်စဉ်ကတည်းက ငတ်တစ်လှည့် ပြတ်တစ်လှည့် အားပေးကူညီခဲ့သော ဇနီးကောင်း အဖော်မွန်တစ်ယောက်ကို အောင်မြင်မှုရသည့်အခါ အတူပါဝင် ဆင်နွှဲစေချင်သည့် သဘောပင်။ သူ့ရင်ထဲမှ မေတ္တာမှာ မည်မျှလေးနက်သည်ကို ထုတ်ဖော် မပြောတတ်တော့။ တင်အေးမြင့်အပေါ် ချစ်ခင် သနားခြင်း၊ စေတနာထားခြင်းနှင့်လည်း မတူပေ။ ဒါကို နီနီ နားလည်အောင် သူ ရှင်းမပြတတ်။

'နီနီရယ် ကိုယ့်ကို အထင်မလွဲပါနဲ့၊ နီနီ အနားမှာမရှိတော့ ကိုယ် အလုပ်လုပ်ရတာ သိပ်ဒုက္ခရောက်တယ်၊ ဒါပေမဲ့ အလုပ် ပြီးမှဖြစ်မယ့် အခြေအနေမို့ ဇွတ်လုပ်နေခဲ့ရတာ၊ နီထင်သလို တစ်ခုမျှ မဟုတ်ဘူး'

ကိုသန်းနိုင် အတတ်နိုင်ဆုံး ညင်သာစွာ ပြောသည်။ ငယ်စဉ် ကလို နွဲ့ပျောင်းသာယာသော စကားလှလှလေးတွေကို ပြောဖို့ သတိရသော်လည်း ပြောမထွက်တော့ပေ။ အသက်အရွယ်ကြောင့် ပဲလားမသိ။

နီနီ့ မျက်နှာလည်း ပန်းသွေးရောင်လျှမ်းကာ ပျော့ပျောင်း လာသည်။ တကယ်တော့ သူကိုယ်တိုင်ကပဲ ကိုသန်းနိုင်လို အနု ပညာသမားတစ်ယောက် အဖြစ် လက်ခံဖန်တီးခဲ့သည် မဟုတ်လား။ ယခုလည်း အိမ်ကထွက်လာသည် ဆိုသည့်တိုင် မိဘရပ်ထံကို ပြန်မသွား။ ကိုသန်းနိုင်၏ ညီမအိမ်မှာ လာနေ သည်ကိုကြည့်။

'ကဲပါ မမနီ ပြန်လိုက်သွားပါ၊ အစ်ကိုကလဲ ဒီဇာတ်ကား ပြီးရင် မမနီ မကြိုက်တာကို မလုပ်နဲ့တော့ပေါ့'

'ဟဲ့ ခင်ခင်စိုးရယ် ငါ ဘာလုပ်လို့လဲ၊ ညည်းကပါ မြှောက်ထိုးပင့်ကော် လုပ်နေပြန်ပြီ'

'အို လူတွေက ဘာလိုလို ပြောနေကြတာကိုး'

'ရုပ်ရှင်လောကမှာ ဘာလိုလိုပြောနေကြတာ ရိုးနေပါပြီ ခင်ခင်စိုးရယ်၊ ငါ ဘာမှမဖြစ်ရင် ပြီးတာပဲ၊ မယုံရင် စုံစမ်းလို့ ရတာပဲ၊ အပြင် လောကက လူတွေမှ မဟုတ်တာ'

တကယ်တော့လည်း ကိုသန်းနိုင် မပြောခင်ကပင် ခင်ခင်စိုးတို့ စုံစမ်းထောက်လှမ်းပြီးသား။ တင်အေးမြင့်နှင့် ကိုသန်းနိုင်တို့ ရိုက်ကွင်း အပြင်ဘက်မှာ နယ်ကျွံတာတော့ မရှိ။ သို့သော် အလုပ်သဘောအရပဲ ဖြစ်စေဦးတော့ တခြားမိန်းကလေး တစ်ယောက်အပေါ်မှာ စေတနာပိုမိတာကို မိန်းမ တစ်ယောက် အနေဖြင့် မခံမရပ်နိုင် ဖြစ်မိသည်က နီနီ၏ ဝေဒနာသာ ဖြစ်ချေသည်။

ကလေးတွေကတော့ အဖေကိုမြင်ကတည်းက အထုပ်အပိုးပြင်နေကြပြီ။ အပျိုကြီးဖြစ်သူ ခင်ခင်စိုးက ကလေးတွေကို ချစ်သဖြင့် နီနီ့ကို လိုလိုလားလား လက်ခံထားခြင်းဖြစ်ရာ ကလေးတွေပြန်လိုက်မည်ဆိုတော့ မျက်နှာပျက်ချင်ချင် ဖြစ်လာသည်။

'ဒီကနေ့ ကျောင်းတက်တာ အဆင်ပြေသားနဲ့၊ သားတို့ သမီးတို့ ခဏနေခဲ့ကြဦး၊ ဟိုအိမ်မှာလဲ နီနီ မရှိတော့ ရှုပ်ပွနေမှာ၊ ရှင်းလင်းပေစေဦး'

နီနီသည် မျက်နှာများ နီမြန်းစပြုလာသည်။ ကိုသန်းနိုင်သည် မိန်းမဖြစ်သူကို သနားလည်း သနားသည်။ ပိုပြီးတော့လည်း ချစ်သွားသည်။ တကယ်တော့ သူ့စိတ်တွေက တစ်ခါတစ်ရံ တင်အေးမြင့်အပေါ် ကြည်နူး သာယာမိတာ မှန်ပါရဲ့။ သို့သော် နီနီကို ဇနီးမယားတစ်ယောက် အဖြစ်သာမက ရဲဘော်ရဲဘက် တစ်ယောက်အဖြစ်ပါ အလေးထားခဲ့တာ သူ့ကိုယ်သူ အသိဆုံး။

'နီနီ အလျှင်လိုက်ခဲ့နော်၊ ပရက်ရှိုးမှာလဲ နီနီမပါလို့ မဖြစ်ဘူး၊ ပြီးတော့ နီနီ့ကိုလဲ ပြန်လာစေချင်လို့ပါကွာ'

ကိုသန်းနိုင်က နီနီ့ မျက်နှာကို စေ့စေ့ကြည့်ကာ ထပ်ပြောသည်။ နီနီ အရည်ပျော်စပြုပြီ။ မျက်ရည်တွေ ဝဲလာသည်။ အနုပညာအလုပ်မှာ မြှုပ်နှံထားသူ ယောကျာ်းတစ်ယောက်အတွက် ခွင့်လွှတ်ခြင်းများဖြင့် ချစ်ရမည်ကို နီနီ သိပါသည်။ သို့သော် အချစ်ကို ခွဲဝေမျှပေးလိုက်ရသည့် သာဓကတွေ၊ လက်လွှတ်ဆုံးရှုံးလိုက်ရသည့် အဖြစ်တွေကလည်း ရှိနေလေတော့ နီနီ မခံမရပ်နိုင်ဖြစ်ခဲ့ရသည်။ အင်းလေ ကိုသန်းနိုင်ကတော့ နီနီ့ကို စွန့်ခွာသွားလောက်အောင် မဖြစ်တန်ကောင်းပါဘူး။

နီနီ အနေမခက်စေရန်အတွက် ခင်ခင်စိုးကပင် နီနီ့ အဝတ်အစား အိတ်ကို ထုတ်ပေးသည်။ ကလေးတွေက မျက်နှာမသာမယာဖြင့် နေရစ်ကြသည်။ ကိုသန်းနိုင်က နီနီ့ သားရေအိတ်ကို ဆွဲပြီး ရှေ့ကထွက်သည်။

နီနီ့ ခြေလှမ်းများက တုံ့နှေးနှေး။ ကိုသန်းနိုင်က အသင့်ခေါ်လာသော ကားပေါ်သို့ နီနီ့ကို တက်စေသည်။ သူပါ

နောက်ခန်းမှာ အတူထိုင်သည်။ ကလေးတွေက လက်ပြကြသည်။

'ဖေဖေနဲ့ မေမေ သမီးတို့ကို မြန်မြန်လာခေါ်နော်'

သမီးကြီးက မှာသည်။

'ဖေဖေ့ဓာတ်ကားပြတဲ့နေ့ လာခေါ်မယ်၊ ကောင်းကောင်းနေရစ်ကြ'

ကိုသန်းနိုင်က လှမ်းပြောသည်။ ဟုတ်သည်။ သည်ဓာတ်ကားက သူ့ဓာတ်ကား။ သူ့ဘဝအတွက် အလွန်အရေးကြီးသော ဓာတ်ကား။

နီနီသည် တိတ်ဆိတ်နေ၏။

'ကို စေတနာဖြူဓာတ်ကားမှာ ဒါရိုက်တာ အကယ်ဒမီဆုရမယ်လို့ နီနီ ထင်သလားဟင်'

ကိုသန်းနိုင်က နီနီ့ လက်များကို ဆုပ်ကိုင်လျက် မေးသည်။

'ကိုတော့ မသိဘူး၊ ကို့ မင်းသမီးလေးတော့ ရမှာပေါ့'

'နီနီကလဲကွယ်'

ကိုသန်းနိုင်သည် နီနီ့လက်ကို ပြန်မလွှတ်တော့။ သူ နီနီ့ကို မစွန့်ခွာနိုင်မှန်း ပိုနားလည်လာသည်။

ယခုမှ သူ လျှောက်ရမည့်လမ်းက အစပဲ ရှိသေးသည်။ သူ လမ်းလွဲကို မသွားချင်ပေ။

\+ \+ \+

ဒေါ်နီလာခင် စိတ်လှုပ်ရှားနေသည်။ အနုပညာလမ်းကြောင်းမှာ အမျိုးမျိုးအဖုံဖုံ ဆင်နွှဲခဲ့ပြီးဖြစ်ပါလျက် ဘာကြောင့်

တုန်လှုပ်ရသနည်း။ အောင်မြင်မှုတွေ၊ ကျဆုံးမှုတွေ၊ ချီးမြှောက်မှုတွေ၊ ရှုတ်ချမှုတွေဆိုသည်မှာ သူ့အတွက် ရိုးလှပြီဖြစ်သည်။ သို့သော် တည်ငြိမ်စ ရေမျက်နှာပြင်သည် ပြန်လည် လှုပ်ရှားရပြန်သည်။

တရားခံမှာ မွေ့လျော်စ၊ သူ့အပေါ် နားအလည်ဆုံးသော ခင်ပွန်းသည်အတွက် သောကတွေ ပြေငြိမ်းစမှာ သည်အနုပညာလမ်းပေါ်ကို တစ်ကျော့ပြန်နင်းမိသည်။ ထိုအခါ အရင့်ကျက်ဆုံးသောစိတ်ဖြင့် သူသည် ပြန်လည်နှပ်ပျိုးခဲ့သည်။ ယခု ထိုနှပ်ပျိုးလာသော သူ့အနုပညာကို သူပြန်မြင်ရမည်။

သမီးနှင့် သားက အနားမှာရှိသည်။ အားရှိစရာပါပဲ။ သမီးသည် သူ့အမေပါဝင်သော ဇာတ်ကားတွေကို ကြည့်ခဲ့ဘိခြင်း။ သမီးက ရုပ်ရှင်နှင့် လိုင်းခွဲထွက်ကာ ဆရာဝန်မတစ်ယောက်အဖြစ် သူ့ဘဝ သူကျောင်း၏။ မိခင်၏ ဖရိုဖရဲနိုင်ခဲ့သောဘဝကိုလည်း နာကြည်းပုံရသည်။ ယခုတော့ မိခင်၏ အနုပညာအပေါ် ခင်တွယ်လွန်းသောစိတ်ကို လျစ်လျူမပြု အားတော့။ သားကတော့ နဂိုကတည်းက မိခင်အပေါ် နားလည်ခွင့်လွှတ်သော သား။ အဖေတူသား။

ပိတ်ကားပေါ်မှာ ‘ပြီးပါပြီ’ဟူသော စာတန်းထိုးပြီးနောက် တစ်ရုံလုံး မီးများထိန်လင်းလာသည်။ လောကဝတ်အရ ချီးကျူးသံ၊ ဝေဖန်သံ၊ နှုတ်ဆက်သံတွေကြားရဦးမည်။ တုံ့ပြန်ရဦးမည်ဆိုတော့ အသိက အလိုလို ရှိနေသည်။ နေရာမှ ထရပ်၏။

အံ့သြစရာပါပဲ။ ပရိသတ်အားလုံးက နီလာခင်ရှိရာကို ဝိုင်းအုံလာကြသည်။

ဒေါ်နီလာခင်က မျှော်လင့်မထားပါ။ မိုးဦးရယ်၊ ခိုင်နွေ ရယ်၊ မင်းသမီးသစ်လေး တင်အေးမြင့်ရယ် အပြိုင်အဆိုင် ပါဝင်ထားကြသည့်ပွဲမှာ မိမိက လက်ဟောင်းမင်းသမီးကြီး ဖြစ်နေပြီမို့ ပရိသတ် အာရုံစူးစိုက်မှု ရှိလိမ့်မည် မထင်ခဲ့။ အားပေး ချီးကျူးစကား ပြောလိုလျှင်လည်း ယနေ့ နာမည်ကြီးနေသော မင်းသမီးတွေကိုသာ လောကဝတ်ပြုကာ ပြောကြပေမည်ပေါ့။

သို့သော် သည်လိုမဟုတ်ခဲ့ပါ။

'ကောင်းလိုက်တာ အမေခင်ရယ်၊ အမေခင်ကတော့ တစ်ဇာတ်လုံး ဦးဆောင်သွားတာပဲ၊ အမေခင့် အမူအရာတွေ ကျမသွား သေးဘူးနော်'

'အမေခင် နေကောင်းတယ်နော်၊ ရုပ်ရှင်မရိုက်တော့ဘူး ကြားလို့ စိတ်မကောင်းဖြစ်နေတာ၊ ရိုက်ပြန်တော့လဲအကယ် ဒမီ ယူဦးမှာကိုး'

'အမေခင်ကလေ လှလဲလှသေးတယ်၊ သရုပ်ဆောင်တဲ့ ပညာကလဲ စကားမပြောဘဲနဲ့ကို ထိရောက်နေတာပဲနော်'

ချီးကျူးသံတွေ။ သည်လိုချီးကျူးသံတွေကို သူ့ဘဝမှာ ကြိမ်ဖန်များစွာ ကြားခဲ့ပါရဲ့။ အစပထမမှာ အလွန်ပင် ဝမ်းမြောက်ပီတိ ဖြစ်ခဲ့ရသော်လည်း နောက်ပိုင်းမှာ ရင့်ကျက် တည်ငြိမ်စွာ ခံယူတတ်ခဲ့သည်။ သို့သော် အချိန်တိုင်းမှာပင် ပရိသတ်၏ တုံ့ပြန်ချီးကျူးမှုကို ခံယူလိုဆဲ။ ဤသည်သာ သူ့ဘဝ၏ အနှစ်သာရအမှန် ဖြစ်၏။

သမီးရဲ့ဖေဖေ ဦးမျိုးသော်နှင့် ကွဲကွာခဲ့ရသည့် နောက်ပိုင်း သူ့ဘဝမှာ အချစ်လည်း မရှိခဲ့။ အနုပညာလည်း ဆိတ်သုဉ်းခဲ့၏။ သမီးအတွက် အသက်ရှင်ရင်း ဘဝကို အကျပိုင်းမှ ရင်ဆိုင်ခဲ့ရ၏။ ထိုအချိန်မှာ သားရဲ့ဖေဖေ ဦးဘလွင်နှင့် တွေ့ရသည်။ ယောကျ်ားဆိုတာလည်း နီလာခင်အဖို့ ရင်ခုန်စရာ၊ စွဲလမ်းစရာ အဓိပ္ပာယ်မရှိတော့ပြီမို့ သူ့ကိုလည်း သာမန် တွေ့ဆုံမှုဟုသာ သဘောထားခဲ့သည်။ သို့သော် ဦးဘလွင်က သူထင်သလို မဟုတ်ခဲ့။

နီလာခင်၏ ဘဝမှာ သူ့ကို ကျေးဇူးအတင်ဆုံး၊ အမြတ်နိုးဆုံးဖြစ်ခဲ့ ရလေသည်။ အချစ်ဆုံးဟုတော့ မညာချင်ပါ။ နီလာခင်၏ အချစ်သည် တစ်ကြိမ်သာ အရူးအမူး ဖြစ်ခဲ့သည်။ ဒါကို ဦးမျိုးသော်သည် သေသည်အထိ သိမှသိသွားရဲ့လား မဆိုနိုင်ပြီ။

'မေမေ မေမေ့ကို နှုတ်ဆက်နေတယ်'

သမီးက လှမ်းပြောသည်။ သြော် ရုပ်ရှင်နယ်က ခေတ်ဟောင်း ရုပ်ရှင်သမားကြီးတွေပါလား။ ဒါရိုက်တာကြီး ဦးမြတ်ထွန်းက လာနှုတ်ဆက်တော့ သူ့ကို ဖျတ်ခနဲ သတိရပြန်သည်။ ဦးမျိုးသော်နှင့် အလွန် ရင်းနှီးကျွမ်းဝင်သည့် သူပဲ။

'ခင်တို့ကတော့ကွယ် အိုပဲမအိုနိုင်သေးပဲကိုး၊ မင်းသိပ်တော်တယ် ခင်၊ မင်း အများကြီးလုပ်နိုင်သေးတယ်'

ဦးမြတ်ထွန်းက နီလာခင့်လက်များကို ဆုပ်ကိုင်နှုတ်ဆက်ပြီးပြောသည်။ ဦးမြတ်ထွန်း ကိုယ်တိုင်ကတော့ သားကြီး သမီးကြီးများကိုပါ ရုပ်ရှင်နယ်ထဲ သွတ်သွင်းပြီး စီမံကွပ်ကဲမှုဖြင့်

ဆက်လက် လျှောက်လှမ်းနေသည်။ သားက ဒါရိုက်တာကြီး၊ သမီးက နိုင်ငံကျော် ရုပ်ရှင်မင်းသမီးတစ်လက်။

နီလာခင်လည်း သည်လိုဖြစ်ချင်ပါရဲ့။ သို့သော် နီလာခင့်ဘဝမှာ သည်အထိ လောဘတက်စရာအကြောင်း မရှိပေ။ မိမိတစ်ယောက်တည်း အတွက်တောင် မနည်းကြိုးပမ်းခဲ့ရသည် မဟုတ်လား။ အနုပညာနယ်ပယ်မှာ မိမိထက် သမ္မာရင့်စွာ ရောက်နှင့်နေသူကပင် မိမိအပေါ် ငြူစူစိမ်းကားခြင်း ခံခဲ့ရသည် မဟုတ်လား။ သည်ထက်ပိုပြီး ဘာကို မျှော်လင့်နိုင်မလဲ။

သမီး ဆရာဝန်မက ရုပ်ရှင်နယ်ကို စိမ်းသူမို့ ဦးမြတ်ထွန်းက သူ့အမေလက်ကို အကြာကြီး ဆုပ်ကိုင်ထားသည်ကိုပင် ငြူစူချင်သလို ဖြစ်လာသည်။ ဒေါ်နီလာခင်က မသိမသာ ရှန်းထွက်ရသည်။

'အစ်ကိုကြီးကော နေကောင်းရဲ့လား'

'ကောင်းပါ့ဗျာ၊ ခုတော့လဲ သားတွေ သမီးတွေအလှည့် ရောက်နေပါပြီဗျာ၊ သူက ခင့်သမီးလား'

'ဟုတ်တယ်၊ ဆရာဝန်မကြီးလေ၊ သားကတော့ ကျောင်းနေတုန်းပါ၊ သူကတော့ ဂီတဝါသနာပါတယ်'

'ဟုတ်လား၊ ဖအေတူ သမီးပဲ'

ဦးမြတ်ထွန်းနှုတ်က လွတ်ခနဲထွက်သွားပြီး သားဖေယျာလွင်ကို အားတုံ့အားနာဖြစ်ကာ မျက်နှာလွှဲသွားရှာသည်။ သားကတော့ ဒါမျိုးတွေ ရိုးနေပြီ။ အလေးအနက်မထားလှ။ အမေ့ဘဝကို နားလည်တဲ့သား။ သူ့ အဖေနှင့် တူလှသည်။

ရုံထဲက တရွေ့ရွေ့ထွက်ရင်း ချီးကျူးထောမနာပြုသူတွေကို တုံ့ပြန်ရသည်။ ရုံဝမှာ ကိုသန်းနိုင်တို့ ဇနီးမောင်နှံလည်း ပြုံးပြုံးရွှင်ရွှင်နှင့်။ စာရေးဆရာမ ဇနီးမောင်နှံလည်း လာသည်။ ခိုင်နွေလည်း ပြုံးပန်း တွေဝေနေသည်။ မိုးဦးကိုမတွေ့။ ချိုရည်နွယ်က အပြုံးလျော့ရဲရဲဖြင့် ရပ်နေသည်။ အဝတ်အစား အဆင်အပြင်ကတော့ မိုးပျံနေသည်။ ပြီးတော့ အဲ–တင်အေးမြင့်လေးကို မတွေ့ပါလား။

လူတွေက တင်အေးမြင့်ကို ရှာကြသည်။ တင်အေးမြင့်ကို ချီးကျူးစကား ပြောလိုကြဟန်ရှိသည်။ သို့သော် တင်အေးမြင့် ပျောက်ချက်သား ကောင်းနေသည်။ သည်ကလေးမ ဘာဖြစ်ပါလိမ့်။

အောက်ထပ်ရုံဝတွင် မင်းသား မင်းသမီးကို စောင့်ကြည့်နေသော ပရိသတ်ရှေ့မှ ဖြတ်ပြန်ခဲ့ရသည်။

'ဟာ ဒေါ်နီလာခင့်သမီး ထင်တယ် လှတယ်နော်'

မအေထက် သမီးကို စိတ်ဝင်စားစွာ လိုက်ကြည့်ကြသည်။ ကားပေါ်လှမ်းတက်သော သမီး၏ခြေများ တုန်နေသည်။ သမီးကို သနားသွားသည်။ သမီးသည် ပရိသတ်၏ အရှိန်အဝါနှင့် မတွေ့ဘူးလှပေ။ လူတွေက ကားနားကိုဝိုင်းလာသည်။ သားဇေယျာလွင်က ပြုံး၍ လက်ပြပြီး ကားကို မောင်းထွက်ခဲ့သည်။

'မမသာ ရုပ်ရှင်မင်းသမီးလုပ်ရင် မေမေ့လို နာမည်ကျော်မှာပဲနော် မေမေ'

သားကပြောသည်။ ငြိမ်းခင်ခင်၏ မျက်နှာသည် ရှက်သွေးဖြင့် နီရဲနေသည်။

'သားရဲ့ မမက မေမေတို့အလုပ်ကို အထင်မကြီးပါဘူးကွယ်'

ဒေါ်နီလာခင့်အသံက အဖျားခတ်ကာ တုန်ယင်သွားသည်။ သမီးဟာ သူ့အဖေလိုပါပဲ။ နီလာခင်ရဲ့ အနုပညာအပေါ်မှာ လျစ်လျူရှုနိုင်တယ်ဟု စိတ်ထဲမှာ ပြောမိသည်။

အိမ်ပေါ်ကို ခြေလှမ်းတက်တော့ သမီးက နီလာခင့်ကို မစောင့်စဖူး စောင့်နေသည်။ နီလာခင်သည် အကယ်ဒမီ ရွှေစင် ရုပ်နှစ်ရုပ် တင်ထားသော ဗီရိုရှေ့မှာရပ်မိခိုက် ငြိမ်းခင်ခင်က နီလာခင့်နဖူးကို လှမ်း၍နမ်းသည်။ အံ့သြစရာ အပြုအမူပါပဲ။

'သမီး မေမေ့ကို အထင်မသေးပါဘူး မေမေရယ်၊ မေမေ့ကို လူတွေအားလုံးက ချစ်ကြတယ်၊ မေမေဟာ ကံထူးပါတယ်၊ သမီး မေမေ့ကို မနာလိုတောင်ဖြစ်မိတယ်၊ မေမေဟာ တကယ့်ကို အားကျလောက်တဲ့ မေမေပါ'

သည်တစ်သက်မှာ သမီးဆီက ချီးကျူးဂုဏ်ပြု စကားကို သည် တစ်ခါပဲ လက်ခံရရှိဖူးပါရဲ့။ အို ဦးမျိုးသော်ကို သတိရလိုက်တာ။ မာနကြီးတဲ့ လူသားတစ်ယောက်ဆီက ချီးကျူး စကား။

'မမက မေမေ့ကို ဘယ်တုန်းကမှ အထင်မသေးဘူး၊ မမက မေမေ့ကိုမမီမှာစိုးလို့ သူက ဒုတိယမဖြစ်ချင်လို့ ရုပ်ရှင်မင်းသမီး မလုပ်တာဗျ'

သားကပြောသည်။ နီလာခင် နားလည်လိုက်သည်။ ဒုတိယ မဖြစ်ချင်တာလည်း သူ့အဖေနဲ့ တူတာပါပဲလေ။

'အမယ် မင်းကကော မေမေ့ကိုမီအောင် မေမေ့လိုတော်အောင် လုပ်နိုင်လို့လား'

'မမီလဲဘာဖြစ်လဲ၊ မေမေ့သားဖြစ်ရတာ ဂုဏ်ယူတယ်၊ ကျွန်တော့် တီးဝိုင်းအောင်မြင်လို့ ကျွန်တော့်ကို စာအုပ်တွေက ဝိုင်းရေးလာတဲ့အခါ မေမေ့သားဆိုတာ ထည့်ပြောရမယ်'

'ကဲ ရန်မဖြစ်ကြနဲ့၊ ဘာပဲဖြစ်ဖြစ် မေမေ ဒီနေ့ သိပ်ပျော်တယ်၊ ဒီတစ်ခါ တကယ့်ကို အေးအေးဆေးဆေး အနားယူတော့မယ်၊ မေမေ ရုပ်ရှင်မရိုက်တော့ဘူး၊ မေမေ့ဘဝမှာ အားလုံးပြည့်စုံသွားပြီ'

သည်ကနေ့လောက် ပျော်စရာကောင်းတာ မရှိတော့ပါဘူးဟု ဒေါ်နီလာခင် တွေးမိသည်။ အနုပညာသမား တစ်ယောက်ရဲ့ ဘဝမှာ အောင်မြင်မှုတွေအတွက် တစ်ယောက်တည်း ကြည်နူးပြီးပျော်ရတာထက် သည်အရာကို ဝေမျှခံစားမဲ့သူတွေလည်း အတူရှိနေဖို့ လိုသေးတယ်ဆိုတာ ဒေါ်နီလာခင် ပို၍ယုံကြည်သွားလေသည်။

# [၁၈]

ငွေကြေးကို အကြောင်းပြုပြီး အနုပညာလောကမှာ ကျင်လည်နေသူတွေ၏ စရိုက်က ပြတ်သားလှသည်။ ခုပဲကြည့် စေတနာဖြူရုံတင်ပြီးကတည်းက တင်အေးမြင့်ရဲ့ နုံချာလှသော အိမ်လေးရှေ့မှာ ကားတွေ တစီစီ ဆိုက်လာပြီ။ အနာဂတ်အကျိုးကို မျှော်ကိုးကာ ငါးပွက်ရာငါးစာချဖို့ ရောက်လာကြပေပြီ။

စာစောင်တွေကလည်း ရေးလာကြပြီ။ ချစ်နှင်းဆီတုန်းက နာမည် ရလာသော တင်အေးမြင့်။ ယခု စေတနာဖြူမှာ အစွမ်းအစ ပေါ်ခဲ့ပြီဟု ဆိုရမည်။ မလှသော်လည်း ချစ်စရာကောင်းသော တင်အေးမြင့်၏အသွင် မှာလည်း ပို၍ ထင်ရှားပေါ်လွင်လာပြီ။ ပြက္ခဒိန်သမားတွေက စုပြုံလာကြ သည်။

‘သည်အိမ်လေးကိုရောင်းပြီး လမ်းမဘက်မှာ အိမ်တစ်လုံးငှားလိုက်ရရင် မကောင်းဘူးလား၊ တင်တင်အတွက် ပိုပြီး အဆင်ပြေမှာပေါ့’

ဦးလေးနှင့် အဒေါ်က တိုင်ပင်စပြုသည်။ စရန်ငွေအဖြစ် လာရောက် ကမ်းလှမ်း ပေးကမ်းနေသည်ကို သူတို့က မြင်ကြသည်။ ရိုးသားသူများပီပီ ငွေကိုရသခိုက် ယူထားစေချင်ဟန် ရှိသည်။

တင်အေးမြင့်ကတော့ ဒါတွေအားလုံးကို ကိုသန်းနိုင်နှင့် တိုင်ပင်ပြီးမှ လုပ်ချင်သည်။ ခက်သည်က သူတို့နှစ်ယောက် မတွေ့ရခြင်းပင်။ ကိုသန်းနိုင်သည် စေတနာဖြူအတွက် ကြော်ငြာအား၊ လူအားသုံးကာ အမျိုးမျိုးကြိုးစား နေရသည်ကို တင်အေးမြင့် သိပါသည်။ စာနယ်ဇင်းသမားတွေနှင့်လည်း ပူးပေါင်းကာ တင်အေးမြင့်၏ ကဏ္ဍကို ပိုမိုပေါ်လွင်စေသည်ကိုလည်း တင်အေးမြင့် သိနေသည်။ သို့သော် သူတို့နှစ်ယောက် လူချင်းမတွေ့ရခြင်းသည် အကြီးမားဆုံး ပြဿနာ။

ကိုသန်းနိုင်သည် သည်ဇာတ်ကား ဝင်ငွေရမှ နောက်တစ်ကား ဆက်နိုင်မည့်သူ။ လောလောဆယ် ဘယ်ရိုက်ကွင်းမှာမှ ရှာ၍မရ။ ပြီးတော့ အိမ်ထောင်ရေးပြဿနာကြောင့် တင်အေးမြင့်ကို ရှောင်နေမှန်းလည်း သိရတော့ ပို၍ပင် အနေခက်သည်။

စေတနာဖြူသည် ထင်တာထက် ပို၍ အောင်မြင်ပါသည်။ ငွေကြေး အရလည်း မရှုံးနိုင်၊ နာမည်ကတော့ ရုပ်ရှင်ဝါရင့်သူတွေအကြားမှာ ရေပန်းစားနေပြီ။ ရုပ်ရှင်ကို အပျင်းပြေရုံ၊ အလှကြည့်ရုံကြည့်သူတွေက သိပ်မကြိုက်သော်လည်း တစ်ဖက်က ရည်မှန်းချက်ကို ထိရောက်ခဲ့သည်။

ကိုသန်းနိုင်ကို အိန္ဒိယကား ပြန်ရိုက်တတ်သူအဖြစ်သာမက ရုပ်ရှင်ပညာ ပြည့်ဝသူအဖြစ် လေးစားလာကြပြီ ဖြစ်၏။ တင်အေးမြင့်လည်း ရေမြင့်၍ ကြာတင့်ခဲ့ရပြီ။ သို့သော် တင်အေးမြင့်သည် အမြင့်ဆုံးအချိန်မှာ ပို၍ပင် သတိထားနေရလေသည်။

ဒါရိုက်တာနှင့် တက်သစ်စ မင်းသမီးတို့၏ အတင်းအဖျင်းမှာ ပြော၍ကောင်းလှသော အကြောင်းခြင်းရာ မဟုတ်ပါလား။ အင်းလေ ပြောစရာအဖြစ်တွေကလည်း ရှိနေပေတာပဲ။

တင်အေးမြင့်ကတော့ ကိုသန်းနိုင်ကို အားကိုးခဲ့သည်ကို ဝန်ခံဖို့ အသင့်ပင်။ သို့သော် သူတစ်ပါး အိမ်ထောင်ရေးကို ဖျက်လိုဖျက်ဆီး မပြုချင်ပေ။ မိမိ ရှေ့ရေးအတွက်လည်း ဖြောင့်ဖြောင့်ဖြူးဖြူး အပြစ်အနာ ကင်းချင်သည့်စိတ် ရှိသေးသည်ပင်။

သို့သော် ကိုသန်းနိုင်ကို တွေ့ချင်လှသည်။ အပြင်ထွက်လျှင် တင်အေးမြင့်ရယ်လို့ ဝိုင်းကြည့်ခံရမည့်အဆင့်ကို ရောက်လာပြီဆိုတော့ တစ်ယောက်တည်းပင် သွား၍ မကောင်းတတ်တော့။ နောက်ဆုံးတော့ ပြက္ခဒိန်သမားတွေနှင့် ဓာတ်ပုံရိုက်ရင်း ကိုသန်းနိုင်ဆီ ဆက်နိုင်မည့်နည်းကို ရှာတွေ့သည်။

မမခိုင်နွေကတော့ သူ့ကို နားလည်ကောင်းပါရဲ့။

'မမနွေရယ် တင်တင်ကို ကူညီပါနော်၊ တင်တင် အစ်ကို့ကို သိပ်တွေ့ချင်တယ် မမရယ်'

ခိုင်နွေသည် နိုင်ငံခြားမသွားခင် ဓာတ်ကားတွေ လက်စသတ်နေသည်။ ခိုင်နွေ့ကို တက်သစ်စ မင်းသားလေး သန်းထိုက်

အောင်နှင့် ရိုက်နေသော ဇာတ်ကားတစ်ခု၏ရိုက်ကွင်းမှာ သွားတွေ့ရသည်။ သန်းထိုက်အောင်သည် တင်အေးမြင့်ကို မြင်မြင်ချင်း မှတ်မိသည်။ သူ့ကိုယ်သူ လာရောက်မိတ်ဆက်သည်။ တင်အေးမြင့်က သန်းထိုက်အောင်နှင့် တွဲရိုက်ဖို့ ကားတစ်ကား လာရောက်ကမ်းလှမ်းသည်ကို သတိရသည်။

'မနွေလဲ အိမ်ကကိစ္စတွေ ကားရိုက်တွေနဲ့ ရှုပ်နေလို့ စေတနာဖြူ ပရက်ရှိုးပြီးကတည်းက သူနဲ့ကို မတွေ့ရသေးဘူး၊ မနွေတို့အကြောင်းလဲ ကြားမှာပေါ့'

'ကြားပါတယ် မမရယ်၊ မမအတွက် တင်တင် ဝမ်းသာပါတယ်၊ သူများအိမ်ထောင်ရေး အဆင်ပြေတာ တင်တင် ဝမ်းသာပါတယ် မမရယ်၊ တင်တင် အစ်ကို့ကို တွေ့ချင်တာ တိုင်ပင်ချင်တာလေးတွေ ရှိလို့ပါ'

'မနွေ နားလည်ပါတယ်၊ မနွေ ဆက်သွယ်ပေးမယ်၊ ဒီလိုလုပ်လေ၊ တနင်္ဂနွေနေ့မှာ မနွေတို့ သန်လျင်မှာ ကားရိုက်ရှိတယ်၊ လိုက်ခဲ့ပါလား၊ မနွေ ကိုသန်းနိုင်ကို ခေါ်ထားမယ်'

'ဖြစ်ပါ့မလား မမ၊ ခု သူ့မိန်းမက သွားလေရာ လိုက်နေတယ်ဆို'

'အိုကွယ် မနွေဆို သူယုံပါတယ်၊ မနွေတို့လဲ မဟုတ်တာလုပ်တာမှ မဟုတ်တာနော'

ခိုင်နွေက ရယ်လျက်ပြောသည်။ သို့သော် တင်အေးမြင့်မျက်လုံးတွေက ဆွေးရိပ် သောကရိပ်သန်းနေသည်ကို သတိထားမိ၏။ အင်းလေ ခုလို စပ်ကူးမတ်ကူးကာလမှာ ဖြစ်တတ်တာပဲ၊ အားကိုးရာ မှီတွယ်ရာကို ရှာချင်ကြတာ၊ သာယာကြတာ

မိန်းမငယ်တို့ရဲ့ သဘာဝပဲ။ နောင် ရင့်ကျက်လာသည့်အခါ ဒါတွေက မှုန်ဝါးသွားတတ်သည်။ ဘာပဲဖြစ်ဖြစ် တင်အေးမြင့်ကို သူကူညီချင်သည်။ နာမည်ရစအချိန်မှာ ဘာကိုမဆို လိုအပ်တာမှန်သမျှ ဖြည့်ဆည်း လုပ်ဆောင်ကြရတာပဲ။ တင်အေးမြင့်သည် ပေါ်ထွက်လာသော လမ်းကြောင်းပေါ်မှာ လျှောက်ရတော့မည့်သူ။ သူ့အတွက် နည်းပေးလမ်းပြ လိုအပ်သည်။

'ယုံပါအစ်မရယ်၊ တင်တင် အစ်ကို့ကိုတကယ်ခင်ပါတယ်၊ အားလဲကိုးတယ်၊ ဒါပေမဲ့ သူများတွေကပြောသလို မဟုတ်ပါဘူး'

'အင်းလေ မနွေ ပြောတဲ့အတိုင်းသာ လာခဲ့ပါ'

ကိုယ့်ပြဿနာပြေလည်စ သူတစ်ပါးပြဿနာထဲ ဝင်မိပြီလားဟု စိတ်ထင့်လိုက်သေးသည်။ သို့သော် ခိုင်နွေမှာ ဘဝတူချင်းရိုင်းပင်း ကူညီတတ်သည့် သဘောထားသည်လည်း အများကချစ်ခင်နှစ်လိုဖွယ် အရည်အချင်းတစ်ရပ် ဖြစ်ခဲ့သည်။

ခိုင်နွေ ကိုသန်းနိုင်အိမ်ကို လာရသည်။ မိသားစုနှင့်အတူအထက် မြန်မာပြည်ကို ထွက်သွားသည်ဆိုတော့ ရင်မောသွား၏။ တင်အေးမြင့်ကိုရှာပြီး ပြောရပြန်သည်။

'ခု ပရိဂျူဆာတွေက လာလာပြောနေကြတယ် အစ်မ၊ တင်တင်က အစ်ကိုနဲ့ တိုင်ပင်ပြီးမှ လက်ခံချင်တယ်၊ ပြက္ခဒိန်တွေ ရိုက်တာလဲ သိပ်များနေပြီ၊ တင်တင် ဘာလုပ်ရမလဲမသိဘူး'

'အစကတည်းက ကိုသန်းနိုင်က တင်တင်ကို စာချုပ်စာတမ်းနဲ့ ချုပ်ကိုင်ထားတာမှ မဟုတ်တာ၊ သင့်တော်မယ်ထင်တာ ရွေးလက်ခံပေါ့ကွယ်'

'ဒါပေမဲ့ တင်တင်က အစ်ကိုတင်ပေးတဲ့ မင်းသမီး၊ အစ်ကို မသိဘဲ ဘာမျှမလုပ်ချင်ဘူး'

ခိုင်နွေက တင်အေးမြင့်ကို လေးစားသွားသည်။ ရုပ်ရှင်နယ်မှာ သည်လိုစိတ်ဓာတ်မျိုး မရှိသူတွေ တစ်ပုံတစ်ပင်။ နာမည်ရလျှင် ဆရာရင်း သမားရင်းကို မေ့ကုန်သည်။ မာနလေးတွေ ထောင်လာ စမြဲ။

'အင်းလေ သူ ပြန်ရောက်ရောက်ချင်း မနွေ ဆက်ပေးမယ်၊ ခဏ စောင့်ကြည့်ဦးပေါ့ ဟုတ်လား'

'စောင့်နိုင်ပါတယ် အစ်မရယ်၊ တင်တင့်မှာ အခွင့်အရေးကို အမြဲ စောင့်နေခဲ့ရတာပါ'

ခိုင်နွေသည် တင်အေးမြင့်ကို ကရုဏာသက်စွာ ကြည့်သည်။

သြော် နောက်တော့လည်း ကိုယ့်ဘဝကိုယ့်အခွင့်အရေးကို ကိုယ့်ဘာသာ ထွင်ပြီး လျှောက်တတ်လာမှာပါ တင်အေးမြင့်ရယ်။

# [၃၉]

ကိုသန်းနိုင်က တင်အေးမြင့်ကို သတိမရ မဟုတ်။ သိပ်သတိရသည်။ သို့သော် နီနီနှင့် သူတို့၏ အိမ်ထောင်ရေးမှာ ပြန်လည်ပြေလည်ခါစ။ နီနီ သူ့အပေါ် နားလည်လာနိုင်သည် အထိ စောင့်ကြည့်ချင်သေးသည်။

ယခု ခရီးထွက်ခဲ့ရသည်မှာ မိသားစုအရေးလည်းပါသည်။ အလုပ် ကိစ္စလည်းပါသည်။ စေတနာဖြူရုံတင်ပြီးကတည်းက သူ့ဘဝအတွက် အောင်မြင်မှုသည် ပို၍ အလားအလာကောင်းခဲ့သည်။ စေတနာဖြူတွင် ပါဝင်သူအားလုံး၏ ကြိုးစားမှုကြောင့်လည်း ယခုလိုအောင်မြင်ရခြင်းဟု သူယုံကြည်သည်။

ယခုလိုဆိုလျှင် ဦးမြကြိုင်လို ငွေရှင်ကြေးရှင်ကလည်း ကိုသန်းနိုင်ကို ပို၍ယုံကြည်စိတ်ချလာပြီ။ နောက်တစ်ကား နှစ်ကားရိုက်ပြီးလျှင် ကိုယ်ပိုင်ငွေနှင့် စိတ်ကြိုက်ကားလေးတွေ ရိုက်နိုင်အောင်

ကြိုးစားရဦးမည်။ အခုလောလောဆယ် အချစ်နှင့်ဘဝ ရောယှက်သော ဇာတ်လမ်းတစ်ပုဒ်ကို သူရိုက်ကူးမည်။ ပြင်ဦးလွင်ကို အခြေခံပြီး ရိုက်မည်။ ယခု မိသားစုနှင့်အတူ အပန်းဖြေရင်း နေရာဒေသကို ရွေးချယ်သည်။

နောက်ရိုက်မည့်ကားမှာ တင်အေးမြင့်ကို ခေါင်းဆောင်မင်းသမီးအဖြစ် ထားလိုသည်မှာ သူ့ဆန္ဒပင်။

'ဘယ်လိုလဲကို့ မင်းသမီးက ပြက္ခဒိန်တွေ အရမ်းထွက်နေပါလား၊ ခုလောက်ဆို ကုမ္ပဏီတွေက အပြေးအလွှားလာပြီး စာချုပ်ကြရောပေါ့'

နီနီက ပြောသည်။

'မင်းသမီးတစ်လက် နာမည်ကြီးလာရင် ဒီလိုပါပဲ နီနီရယ်၊ ကိုကလဲ သူ့ကို ဘယ်သူနဲ့မှ မရိုက်ရဘူးလို့ ထားတာမှ မဟုတ်တာ၊ သူရိုက်ချင်ရင် လက်ခံလိမ့်မပေါ့၊ ဒါပေမဲ့ သူ ခုချိန်မှာ ဇာတ်လမ်းရွေးတတ်ဖို့တော့ လိုတယ်၊ တစ်ကားနှစ်ကား အောင်မြင်ရုံနဲ့ စိတ်ချရတယ်လို့ မဆိုနိုင်ဘူး'

'ကိုကသာ စိတ်ပူနေတာကိုး'

ကိုသန်းနိုင်သည် နီနီ့ကို ပြောသင့် မပြောသင့် ချိန်ဆနေလေသည်။ နီနီ အလုပ်အကြောင်း၊ ရုပ်ရှင်လောကအကြောင်းကို သဘောပေါက်သင့်ပြီဟု ထင်သည်။

'စေတနာဖြူ ရုံတင်ပြီးကတည်းက တင်အေးမြင့်နဲ့ ကိုမတွေ့ရဘူး၊ ပရက်ရှိုးတုန်းကလဲ သူ မလာဘူး၊ နီနီ့ကို ကြောက်လို့မလာတာပဲ'

နီနီက မျက်ခုံးပင့်၍ ကြည့်သည်။

'နီက ဘာလုပ်လို့လဲ'

'နီနီ ကိုယ့်ကိုအထင်လွဲပြီး အိမ်ပေါ်ကဆင်းသွားတာ သူ သိတယ်လေ'

နီနီ တိတ်ဆိတ်နေသည်။

'အေးလေ နီနီ ကို့အလုပ်ကို ဘယ်လောက်အားပေးခဲ့တယ် ဆိုတာကို အသိပဲ၊ ဒါပေမဲ့ မိန်းမတစ်ယောက်အနေနဲ့ အဆုံးစွန်အထိတော့ ဘယ်ခွင့်လွှတ်နိုင်ပါ့မလဲ၊ ထိန်းထိန်းသိမ်းသိမ်း ရှိရမှာပေါ့ မဟုတ်ဘူးလား'

ကိုသန်းနိုင်က ခေါင်းညိတ်သည်။ ဘာပဲဖြစ်ဖြစ် နီနီ ပျော့ပျောင်း လာသည်ကတော့ အမှန်။

'ရုပ်ရှင်လောကမှာ လူမှုရေးဖောက်ပြန်တာတွေ ရှိနေတာ အမှန်ပဲ နီနီ၊ ကိုယ့်ကိုယ်ကိုလဲ လူသူတော်ကောင်းကြီးလို့ မဆိုလိုဘူး၊ ဒါပေမဲ့ နီနီ စိုးရိမ်သလို မဖြစ်ပါဘူး၊ ကို အလုပ်ကိုပဲ အာရုံစိုက်တာ၊ ခုလဲ နီနီ့ကို ပြောစရာရှိတယ်'

'ဘာလဲဟင်'

ကိုသန်းနိုင်က စကားလုံး ရွေးချယ်နေသည်။ နောက်ဆုံးတော့ ပွင့်ပွင့်လင်းလင်းပြောဖို့ပဲ ဆုံးဖြတ်သည်။

'ခု ကို ဒီကိုလာတာ နီနီနဲ့ ကလေးတွေလဲ အပန်းဖြေရအောင်၊ ပြီးတော့ နောက်ရိုက်မဲ့ ကားအတွက်လဲစိတ်ကူးလေးတွေ ဖော်ကြည့်ချင်လို့'

'မောင်ကျော်ဝင့် ဝတ္ထုလား'

'ဟုတ်တယ်၊ စိမ်းသက်ထားကို ရိုက်မှာ၊ ကိုက အဲဒီဇာတ်ကား မှာ တင်အေးမြင့်ကိုပဲ ခေါင်းဆောင်မင်းသမီး တင်ရိုက်ချင်တယ်'

'ထင်သားပဲ'

'ကိုကတော့ နီနီ နားလည်မယ်လို့ ထင်တာပဲ၊ ရုပ်ရှင်ဟာ ကို့ အလုပ်ပဲကွယ်၊ တို့မိသားစု အလုပ်ဆိုလဲ ဟုတ်တယ်'

နီနီ ငြိမ်သက်နေသည်။ သူလည်း ထိုက်သင့်သလောက်တော့ သဘောပေါက်ပါသည်။ တင်အေးမြင့်သည် ကိုသန်းနိုင်က ပြုစုပျိုးထောင်ထားသော မင်းသမီးတစ်လက်။ ယခုလို အသီးအပွင့်စားရမည့်အချိန်မှာ လက်မလွှတ်သင့်ပေ။ တကယ်တော့ ကိုသန်းနိုင်က သူ့ကို ဦးစားပေးသည့် အနေဖြင့် တိုင်ပင်ခြင်း ဖြစ်သည်။ ဘာမျှမပြောဘဲ သူ့အလုပ်သူ လုပ်မည်ဆိုလျှင်လည်း မတတ်နိုင်။ သောကနေ ထိန်းသိမ်းကြည့်ရှုရုံသာ ရှိတော့သည်။

'အင်းလေ၊ ကိုယ့်အလုပ် ကို လုပ်ပါ၊ နီနီ စိတ်မဆင်းရဲရရင် ပြီးတာပါပဲ'

ကိုသန်းနိုင်မျက်နှာ ဝင်းလက်သွားသည်။ နီနီ့ရင်ထဲမှာ စူးခနဲ နာကျင်သွားသေး၏။ ကိုသန်းနိုင်ဟာ ရုပ်ရှင်သမား တစ်ယောက် မဟုတ်ဘဲ အရာရှိတစ်ယောက်၊ သို့မဟုတ် ကုန်သည် တစ်ယောက်ဖြစ်ခဲ့ရင် ဘယ်လောက် ကောင်းမလဲဟု နီနီ တွေးနေမိသည်။

ယခုတော့ အောင်မြင်မှုအတွက် ကျေနပ်ရခြင်းသည် စိုးရိမ်ပူပန် သောကရောက်ရခြင်းနှင့် အစဉ် ယှဉ်တွဲလျက် ရှိနေတော့၏။

\+ \+ \+

ခိုင်နွေကတော့ တင်အေးမြင့်ကို နားလည်သည်။ ယခုလို အောင်မြင်စ အချိန်အခါမှာ မိမိဘက်က ရပ်တည်ဖေးမမည့်သူကို လိုလားကြသည်မှာ အမှန်ပင်။ တင်အေးမြင့်က ဝါသနာနှင့် ဖခင်ထံမှ အမွေရရှိသော ပညာကလွဲလျှင် ကျောထောက်နောက်ခံမရှိ။ ကိုသန်းနိုင်၏ တပည့်ရင်းမို့ သူကဝင်ပြီး ဆရာလုပ်ခြင်း၊ အကြံဉာဏ်ပေးခြင်းလည်း မပြုချင်ပေ။

ခိုင်နွေ၏ အိမ်ထောင်ရေးပြဿနာကလည်း တစ်မျိုးတစ်ဖုံ ပြောင်းလဲခဲ့ပြန်သည်။ ပတ်ဝန်းကျင်က ခိုင်နွေသည် နိုင်ငံခြားသွားမည့်ခင်ပွန်းသည်နှင့် ပြန်ပေါင်းလို၍ ပန်းချီဆရာလေး ကျော်ဇင်ကို ပထုတ်ခဲ့ပြီဟု ပြောကြပြန်ပြီ။ ခိုင်နွေကတော့ မမှုတော့ပြီ။ သူ့ဘဝမှာ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းများက ရိုးခဲ့ပြီ။ မိမိဘဝကို မိမိဘာသာ အကောင်းဆုံးဖြစ်အောင် ဖန်တီးခြင်းသည် အပြစ်လား။

ကျော်ဇင်ကိုတော့ ခင်တွယ်ရင်းစွဲ၊ လက်ထပ်မည်အထိပင် စိတ်ကူးခဲ့သည်မို့ ကရုဏာသက်မိသည်မှာ အမှန်ပင်။ သို့သော် သား၏ဘဝ၊ မိမိဘဝ၊ တစ်ချိန်က ချစ်ကြင်နာစွာ ပေါင်းသင်း

ခဲ့သော ခင်ပွန်းသည်၏ ဘဝတို့ကို ပေါင်းစပ်ကာ အကောင်းဆုံး လမ်းကို ရွေးလိုက်ရခြင်းပင်။

ခိုင်နွေ၏ အိမ်ခြံဝင်းသည် ပြည်လည်စိုပြည်၍ လာခဲ့ပြီ။ အဲ အခိပ္ပာယ်ပြည့်ဝသော မိသားစုဘဝကို ပြန်လည်ဆန်းသစ် နိုင်ခဲ့ပြီ။ ကျန်တာတွေကို မေ့ထားလိုက်သည်။ ရက်စက်သည်ဟု ဆိုချင်လည်း ဆိုပါတော့။

ကျော်ဇင်က စိတ်နာနာ၊ အသည်းနာနာဖြင့် ခိုင်နွေသည် မင်းသမီးပီပီ သူ့ကို အသုံးချသွားခဲ့သည်ဟု ထိခိုက်ပုတ်ခတ် ပြောသည်ကိုလည်း လျစ်လျူရှုလိုက်ပေပြီ။ တစ်ခါတစ်ရံ လူတွေ ဟာ စိတ်အလိုဆန္ဒထက် ဘဝမှာ လုပ်သင့်တာတွေ ရွေးချယ် လုပ်ကိုင်ရတယ်ဆိုတာ သူမသိသေး ပဲကိုး။ ကျော်ဇင်သည် ငယ်လည်းငယ်၊ ရုပ်ရည်လည်းရှိသည်မို့ တစ်နေ့မှာ ခိုင်နွေ့ထက် သင့်တော်သော အိမ်ထောင်ဖက်တစ်ယောက်ကို တွေ့နိုင်မည် ထင်၏။

ရုပ်ရှင်လောက ထုံးစံအတိုင်း နည်းနည်းတော့ ရှုပ်ထွေးတတ် သည်ပဲ။ ခိုင်နွေနှင့် ဦးကျော်နိုင် ပြန်ပေါင်းသည့်သတင်းကို လိုသည့်ဘက်ကရော၊ မလိုသည့်ဘက်ကပါ မထိတထိရေးကြ သည်။ ရေးကြစမ်းပါစေ။ ခိုင်နွေ့ကို ပရိသတ်က စိတ်ဝင် စားမှုရှိသေးတာ ဝမ်းသာရသည်။ ခိုင်နွေသည် ပရိသတ်ကို စော်ကားသည့်အမှုမျိုး သူ့ အနုပညာသက်တမ်းတစ်လျှောက်မှာ မပြုခဲ့ဘူးပါ။ သည်မျှနှင့်ပဲ လုံလောက်သည်ထင်သည်။

ရိုက်လက်စ ကားတွေ လက်စသတ်ဖို့ ကြိုးစားရ၏။ မင်းသား သစ် သန်းထိုက်အောင်နှင့် ရိုက်သည့်ကားကတော့ မြန်မြန်နှင့်

ပြီးအောင် ရိုက်ရမည့်ကားမို့ ကိစ္စမရှိ။ သည်ကြားထဲ မင်းသား ပေါက်စက တင်အေးမြင့်ကို တစ်မေးတည်း မေးနေလေသည်။

ကိုသန်းနိုင်နှင့်တွေ့လျှင် သန်းထိုက်အောင်နှင့် တင်အေးမြင့် တွဲရိုက်ဖို့ ပြောမည်ဟု စိတ်ကူးထားလေသည်။

အကယ်ဒမီရွေးပွဲ ကျင်းပမည့် ရက်ကလည်း နီးကပ်လာ၏။ ကိုသန်းနိုင်သည် စေတနာဖြူကို အကယ်ဒမီရက်မီအောင် တင်နိုင်ခဲ့သည်။ သူ့အတွက်ကလည်း သိပ်အရေးကြီးပေသကိုး။ လူတွေက ဒေါ်နီလာခင်ရယ်၊ တင်အေးမြင့်ရယ်၊ ခိုင်နွေရယ် အကယ်ဒမီရမည်ဟု ခန့်မှန်းကြ၏။ သည်ဇာတ်ကားမှာ ဘယ်သူက အဓိဇာတ်ဆောင်၊ ဘယ်သူက ဇာတ်ပို့ ဇာတ်ရံဆိုတာ ခွဲခြားဖို့လည်း ခက်သားပဲ။

အကယ်ဒမီရွှေစင်ရုပ်ဆုကို တစ်ဆုထက်မက ရချင်သေးတာတော့ ဝန်ခံရ၏။ သို့သော် မျှော်မှန်းတိုင်းလည်း ဖြစ်ချင်မှ ဖြစ်တာပဲ။

အမေရိကားမှာ တစ်နှစ်လောက် ကြာမည်ဆိုတော့ ပြန်လာလျှင် ရုပ်ရှင်ပဲဆက်ရိုက်ရမလား၊ အသက် ၄၀ ပိုင်း ရောက်သွားတော့မည့် မိမိကိုယ်တိုင်ကလဲ အနားယူလိုက်ရ ကောင်းမည်လား၊ ခိုင်နွေ ဝေခွဲမရ သေးပေ။

'မနွေကို တစ်ခုတော့ ခွင့်ပေးစေချင်တယ် အစ်ကိုကြီးရယ်'

ခိုင်နွေသည် ဦးကျော်နိုင်၏ ရင်ခွင်ထက်မှာ ဒုတိယအကြိမ် ပြန်လည်ခိုလှုံရင်း တောင်းပန်စကား ဆိုမိသည်။

'ပြောလေ'

ဦးကျော်နိုင်က ခိုင်နွေကို ချစ်တာတော့ ထင်ရှားသည်။ တစ်ယောက်တည်း စည်းကမ်းတကျ နေရသောဘဝမှာ သူဘာကြောင့် မပျော်ပိုက်ခဲ့သလဲ။ ခိုင်နွေနှင့် ပြန်ပေါင်းဖို့ သူ့ညီမ အပျိုကြီးတွေကပါ ပြန်လည်ပြောကြတော့ ဦးကျော်နိုင်က နှစ်ခါ မပြောရဘဲ ပြုံးပြီးခေါင်းညိတ်ခဲ့သည် မဟုတ်လား။ ခိုင်နွေကတော့ ဖေဖေရယ်၊ အန်တီကြည်ရယ်၊ ဒေါ်လေးသဇင်ရယ် နားမချမီကပင် သူ ဦးကျော်နိုင်ကို ပြန်ပေါင်းရမည်ဆိုတာ အတတ်သိခဲ့လေပြီ။

'မနွေဘဝကို အစ်ကိုကြီး အလျင်ကထက် ပိုပြီးနားလည်ပြီလို့ ထင်ပါတယ်၊ မနွေပြန်လာရင် ဘာလုပ်ရမယ်ဆိုတာ မစဉ်းစားရသေးဘူး၊ ဒါပေမဲ့ မနွေဟာ ဒေါ်နီလာခင်တို့လိုပဲ ရုပ်ရှင်ရိုက်ရင်း အရိုးထုတ်သွားချင် သွားမှာ၊ အဲဒါ အစ်ကိုကြီး ခွင့်လွှတ်နိုင်ပါ့မလား'

ဦးကျော်နိုင် သက်ပြင်းရှိုက်သည်။

'အင်းလေ မင်းကို ပရိသတ်က လက်ခံသေးတယ်ဆိုရင်ပေါ့'

ခိုင်နွေ့ မာနကို ထိပါးခဲ့ပေါင်းများပြီပဲ။ ယခုတော့ ဒါတွေကို အကျယ်မချဲ့တတ်တော့ပြီ။

'ဟုတ်ပါတယ်၊ ဒါပေမဲ့ ပရိသတ်ဆိုတာလဲ တစ်ကျော့ပြန်လာတတ်ပါသေးတယ် အစ်ကိုကြီးရယ်'

ယခုတောင် မင်းသားသစ်ငယ်ငယ်လေးနဲ့တွဲတော့ မလိုက်ဘူးလို့ ဝေဖန်ကြတာ ခိုင်နွေသိပါရဲ့။ သို့သော် ကိုယ့်စရိုက်နှင့်

လိုက်အောင် ရွေးချယ်တတ်မည် ဆိုလျှင်တော့ သည်လမ်းကို ဆက်လျှောက်နိုင်ရမည်ပင်။

'မိန္တေ ရုပ်ရှင်ကို ဘယ်တော့မှ စိတ်ကုန်မှာမဟုတ်ဘူးဆိုတာကို နားလည်ပါတယ်'

လိုပါသေးတယ်လေ။ အခြေအနေ အချိန်အခါအရပေါ့ဟု ခိုင်နွေ ရွှေ့ထားလိုက်သည်။

လောလောဆယ်တော့ ခိုင်နွေ၏ အနုပညာမှရသော စွမ်းအားဖြင့် တည်ဆောက်ထားသည့် ခိုင်နွေ၏ အိမ်ကလေးမှာ သား၏ ပြေးလွှားဆော့ကစားသံတွေဖြင့် စိုပြည်လာတာကိုပဲ ခိုင်နွေ ကျေနပ်၍နေလိုက်လေသည်။

\+ \+ \+

ကိုသန်းနိုင် ရန်ကုန်ပြန်ရောက်တော့ တင်အေးမြင့်၏ပုံနှင့် ပြက္ခဒိန်တွေ ထင်တာထက် ပိုများနေသည်ကို တွေ့ရ၏။ စိတ်ထဲက ထင့်တင့်တင့် ဖြစ်မိသား။ သို့သော် သည်အထိ တင်အေးမြင့်၏ဘဝကို သူ မစိုးမိုးချင်ပေ။

ရုပ်ရှင်သမားတွေနှင့် ပြန်ဆုံကြတော့ ခနဲ့တဲ့တဲ့ အသံတွေ ကြားရပြန်သည်။ တင်အေးမြင့်က မင်းသားသစ် သန်းထိုက်အောင်နှင့် တွဲနေပြီဆိုပါလား။ သန်းထိုက်အောင်၏ အနုပညာ အရည်အချင်းကို သူမသိ။ သို့သော် ရုပ်ရှင်လောကနှင့် အနည်း

ငယ် အဆက်အစပ်ရှိပြီး နောက်ခံအားဖြင့် ငွေကြေးလည်း တတ်နိုင်သူဟု သိလိုက်ရသည်။

သန်းထိုက်အောင်နှင့် တင်အေးမြင့်တို့ သတင်းထွက်လာခြင်းသည် တစ်နည်းအားဖြင့်တော့ သူ့ လုပ်ငန်းအတွက် ပိုအဆင်ပြေစေသည်။ သူသည် အမှောင့်ပယောဂ ကင်းရှင်းစွာ သူ့အလုပ်သူ လုပ်နိုင်ပေတော့မည်။

ဦးမြကြိုင်ကလည်း သူ့ကို စောင့်နေသည်။ နောက်ရိုက်မည့်ကားအတွက် အစီအစဉ် ရေးဆွဲဖို့ ဖြစ်၏။ ချိုရည်နွယ် ထင်သလောက်ဖြစ်မလာ သည်ကိုတော့ ဦးမြကြိုင်က ဘဝင်မကျ။ သို့သော် မတတ်နိုင်။ ကိုသန်းနိုင်ကို သူ အထင်မသေးရဲတော့ပြီမို့ သည်ကိစ္စကို မေ့ထားလိုက်၏။

'မင်း ခိုင်နွေနဲ့ တွေ့ပြီးပလား'

'ဟင့်အင်း မတွေ့ရသေးဘူး'

'တင်အေးမြင့်နဲ့ကော'

'ဟင့်အင်း'

'ခိုင်နွေက မင်းကို ရှာနေတယ်၊ တင်အေးမြင့်နဲ့ ပတ်သက်ပြီး ပြောစရာရှိလို့တဲ့'

တင်အေးမြင့်နှင့် ပတ်သက်သည်ဆိုတော့ ဘာများပါလိမ့်။ တင်အေးမြင့်က ပေါ်ပြူလာဖြစ်လာ၍ သူ့ကို ခြေစုံကန်တော့မည့် အကြောင်းများလား။

'ဟုတ်ကဲ့ ကျွန်တော် သွားတွေ့လိုက်မယ်'

ခိုင်နွေတစ်ယောက်လည်း ပန်းချီဆရာနှင့် ယူမလိုလိုဖြစ်နေရာမှ ဦးကျော်နိုင်နှင့် ပြန်ပေါင်းနေပြီဆိုတာ သူ ကြားထား

သည်။ အင်းလေ မြန်မာ မင်းသား၊ မင်းသမီးတွေ ဘယ်လောက်ပဲ ခြေရှုပ်တယ်ပြောပြော အနောက်နိုင်ငံလောက်တော့ မဆိုးသေးပါဘူး။ ကျော်မကောင်း ကြားမကောင်း ကိစ္စတွေ ရှိစေကာမူ ပြောင်ပြောင်တင်းတင်း ထုတ်ဖော် ပြောဆိုဝံ့လောက်အောင် အတင့်မရဲကြသေးတာ တော်ပါသေး၏။

ကိုသန်းနိုင်က ခိုင်နွေ့ဆီ ချက်ချင်းသွားတွေ့ဖို့ ဆုံးဖြတ်သည်။ ခိုင်နွေ့ဆီ ဖုန်းကြိုဆက်ပြီး ရောက်သွားတော့ သူ့ခင်ပွန်း ဦးကျော်နိုင်ပါရှိနေ၍ ပွင့်ပွင့်လင်းလင်းမေးရမှာ ခက်နေသည်။ ဦးကျော်နိုင်က ဧည့်ခန်းမှ ထသွားပေးမှ အနည်းငယ်နေသာထိုင်သာ ဖြစ်သွား၏။

'တင်တင်က အစ်ကို့ကို တွေ့ချင်နေတာ'

ခိုင်နွေကပင် အစချီပြီး တင်အေးမြင့်အကြောင်း ပြောပြသည်။

'သူ့ဆန္ဒကတော့ နာမည်တက်စမှာ တခြားကုမ္ပဏီနဲ့လဲ ရိုက်ချင်တယ်၊ အစ်ကို့သဘောကိုလဲ သိချင်တယ်'

'သူ့ကို ဘာအချုပ်အနှောင်မှ မထားပါဘူး၊ ဒါပေမဲ့ ကျွန်တော့်မှာလဲ သူ့အတွက် ရည်မှန်းထားတာလေးတစ်ခု ရှိနေတယ်'

'အိုး အစ်ကိုက ရိုက်ချင်ရင် တင်အေးမြင့်က ရိုက်ချင်လွန်းလို့ပါ၊ ပြီးတော့ မနွေ စဉ်းစားထားတာလဲ တစ်ခုရှိသေးတယ်'

စိတ်က အလိုလို သိလိုက်သည်။

'ဘာလဲ သန်းထိုက်အောင်နဲ့ တွဲရိုက်ဖို့လား'

'ဟင်း ဟင်း ဟုတ်တယ်၊ ဘာလဲ ဒါရိုက်တာကြီးက ကိုယ့်မင်းသမီးကို အူတိုနေပြီလား'

'မဟုတ်ရပါဘူးဗျာ၊ ရောက်ရောက်ချင်း ကြားရတာတွေက ထပ်နေလို့ပါ၊ အင်းလေ လုပ်သင့်လုပ်ထိုက်တာ မှန်သမျှ လုပ်ရမှာပေါ့၊ တစ်ခါတလေ ရုပ်ရှင်လောကမှာ ကိုယ်လုပ်ချင်တာထက် လုပ်သင့်တာတွေလဲ လိုက်လုပ်နေရတာပဲ'

'ဟုတ်ပါတယ် ဒါရိုက်တာကြီးရယ်၊ မနွေကတော့ တင်အေးမြင့်ကို ကိုယ်ချင်းစာပါတယ်၊ သူ့ခမျာ တစ်ယောက်တည်းပါ'

ရုပ်ရှင်အကြောင်း နည်းနည်းဆက်ပြောဖြစ်သည်။ လာရင်းကိစ္စပြီးပြီမို့ ကြာကြာ ဟန်မဆောင်နိုင်ပဲ ပြန်ခဲ့သည်။

နီနီကတော့ တင်အေးမြင့်နှင့် သန်းထိုက်အောင် တွဲရိုက်မည်ဆိုလျှင် သဘောကျမှာမလွဲဟု တွေးလာမိလေသည်။

# [၂၀]

ရုပ်ရှင်မှာ ဇာတာစန်းလဂ်ဆိုတာ ယုံကြည်လောက်သည်။ တင်အေးမြင့်နှင့် သန်းထိုက်အောင်၏ ကြော်ငြာစတေပုံတွေ ထွက်လာသည့်နောက်ပိုင်း အားလုံးက လိုက်ဖက်ညီသောအတွဲအဖြစ် ချစ်ခင် လက်ခံလာကြသည်။ စိတ်ဝင်တစား ရှိလာသည်။ မင်းသား၊ မင်းသမီး ရှားသောအချိန်မှာ တစ်ခါလာလည်း သည်မင်းသား၊ သည်မင်းသမီးဘဝမှ ကင်းလိုကြပြီ ဖြစ်၏။ ပရိသတ်ကလည်း အသစ်အသစ်ကို မျှော်လင့်သည်။ ရုပ်ရှင်လောကသားတွေကလည်း နာမည်ကြီးပြီး ရိုက်ရက်မပေးနိုင်သော အောက်ကျနောက်ကျ နိုင်လှသော မင်းသားဟောင်း မင်းသမီးဟောင်းတွေထက် ပြောရဆိုရ ကိုင်ရတွယ်ရ လွယ်ကူသော သရုပ်ဆောင်သစ်တွေနှင့် အလုပ်လုပ်ချင် ကြသည်။

ကိုသန်းနိုင်အတွက် အဆင်ပြေချင်တော့ သန်းထိုက်အောင်နှင့် တင်အေးမြင့်အတွဲဆိုကတည်းက ဦးမြကြိုင်ဆီက ငွေကဒလဟောထွက်ကျခဲ့ပြီ။ သူတို့အတွဲချည်း သုံးလေးကားလောက် ပြိုင်ရိုက်နေကြတာတော့ ကိုသန်းနိုင် သဘောမတွေ့လှ။ သို့သော် အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး သူကိုယ်တိုင်ကပဲ တိုက်တွန်း ခွင့်ပြုလိုက်ရ၏။

သည်လိုအချိန်မှာ ကျွန်တော်တင်တဲ့ မင်းသမီးပါဟုလည်း ကြော်ငြာလိုစိတ် မရှိတော့ပြီ။ တင်အေးမြင့်သာ သူ့အခြေအနေ သူသုံးသပ်နိုင်စေဖို့ ဆုတောင်းနေမိ၏။

တင်အေးမြင့်နှင့် သူတို့ဆက်ဆံရေးကလည်း ယခင်ကလိုပူနွေးရင်းနှီးမှု မရှိတော့။ အလုပ်သဘော ဆန်လာသည်။ စိမ်းသက်ထားကို ကန်တော့ပွဲ ပေးသည့်နေ့က တင်အေးမြင့်သည် အကြိုလွှတ်သောကားနှင့် လိုက်မလာပေ။ သန်းထိုက်အောင်နှင့်အတူ ပါလာသည်။

ကိုသန်းနိုင်နှင့် အတူပါလာသော နီနီက စိတ်ထဲက ကျေနပ်စွာဖြင့် ကိုသန်းနိုင်မျက်နှာကို လှမ်းလှမ်းကြည့်သည်။

တင်အေးမြင့်သည် အဝတ် အစားလည်း ပို၍ခေတ်မီသားနားလာ၏။ သူ့မှာ ငွေပိုငွေလျှံလေးတွေ ရှိလာပြီပဲ။ အဆင်အပြင်ကလည်း ပို၍ညက်ညောပြီး ပို၍လှလာသည်။ နီနီ့ရှေ့မှာပင် ကိုသန်းနိုင်ကို ရဲရဲဝံ့ဝံ့ စကားပြောသည်။

'အစ်ကို တင်တင် အိမ်ပြောင်းလိုက်ပြီ သိရဲ့လား'

'ဘယ်သိပါ့မလဲကွယ်'

သူနှင့် တင်အေးမြင့်သည် စိမ်းသက်ထားအတွက် တိုက်ရိုက်စကားမပြောခဲ့။ ခိုင်နွေကတစ်ဆင့် ပြောသည်။ ငွေကြေးစကားလုံးဝမပြောဘဲ တင်အေးမြင့်က ချက်ချင်း လက်ခံလိုက်သည်ကိုတော့ ကျေနပ်ရသည်။

'အဒေါ်တို့က အတင်းပြောင်းခိုင်းတယ်လေ၊ ဒါနဲ့ ဟိုနှစ်ကားက ငွေယူလိုက်ရတယ်'

သန်းထိုက်အောင်နှင့်ရိုက်မည့် ဇာတ်ကားနှစ်ကားကို ဆိုလိုခြင်းဖြစ်၏။

'ကောင်းတာပေါ့၊ တင်တင်က မင်းသမီးဖြစ်လာပြီ၊ အလျင်အိမ်နဲ့ မသင့်တော့ဘူး'

ဒါကိုတော့ တကယ့်ကို စိတ်ရင်းအတိုင်းပဲပြောမိခြင်း ဖြစ်သည်။ သို့သော် တင်အေးမြင့်က တစ်မျိုးအဓိပ္ပာယ် ကောက်သွားသည်။

'တင်တင် အစ်ကို့ကို မတိုင်ပင်ဘဲလုပ်တာ မဟုတ်ပါဘူး၊ အစ်ကို ကလဲမရှိလို့ အဒေါ်တို့ကလဲ အတင်းနားပူနေတာနဲ့'

နီနီက လှမ်းအကဲခတ်နေ၍ စကားဆက်မပြောသာ။ သန်းထိုက်အောင် ရောက်လာ၍ စကားပြတ်သွားသည်။ သန်းထိုက်အောင်သည် ရုပ်ရည်အရတော့ အတော်လေးပင်ဖြောင့်၏။ မျက်

နှာထားကလည်း ချိုသည်။ သူ တင်အေးမြင့်ကို ကြည့်ပုံရှုပုံက လိုအပ်တာထက် ပိုသည်ဟု ထင်မိသည်။

အလုပ်သဘောအရ ပြောကြဆိုကြ၊ ထုံးစံအတိုင်း လုပ်ကိုင်ကြသည်။ စာနယ်ဇင်းသမားတွေက တင်အေးမြင့်ရယ်၊ သန်းထိုက်အောင်ရယ်၊ နီနီရယ်၊ ကိုသန်းနိုင်ရယ်ကို အတင်းတွဲပြီး ဓာတ်ပုံရိုက်ယူကြတယ်။ အင်းလေ သည်လို လှုပ်လှုပ်ခတ်ခတ် သတင်းက အများစိတ်ဝင်စားသလို နာမည်လည်း ကြီးစေတာပဲ။

တင်အေးမြင့်သည် 'အစ်ကိုနဲ့ တွေ့ချင်သေးတယ်' ဟု တိုးတိုး နှုတ်ဆက်ပြီး သန်းထိုက်အောင်ကားနှင့်ပင် ပြန်လိုက်သွားလေသည်။

ကိုသန်းနိုင်သည် နီနီနှင့်အတူ ဦးမြကြိုင်၏ကားနှင့် ပြန်လိုက်လာ၏။ လမ်းမှာ စကားတစ်ခွန်းမျှ မဆိုပါ။ နီနီကို အိမ်မှာ ချပေးပြီး ဦးမြကြိုင်နှင့် ပြန်လိုက်ဖို့ပြင်သည်။

'ကိုက ဘယ်သွားဦးမလို့လဲ'

'ဦးမြကြိုင်နဲ့ အလုပ်ရှိသေးတယ်လေ'

နီနီ မတင်မကျဖြင့် ကျန်ရစ်သည်။

'ကျွန်တော့်ကို သမ္မတမှာ ချပေးနော် ဦးမြကြိုင်'

'ဟာ ငါလဲ မပါရဘူးလား၊ ဒီအချိန် ဘီယာ အေးအေးဆေးဆေး သောက်ပြီး စကားပြောရအောင်'

'ကျွန်တော်တစ်ယောက်တည်း စဉ်းစားရင်း သောက်ချင်လို့ ဗျာ'

ဦးမြကြိုင် ပြုံးသည်။ သူ့စကား မှားသွားသည်ကို သတိထား မိသော်လည်း ပြင်ပြောဖို့ စိတ်မကူးပေ။

လောလောဆယ် တစ်ယောက်တည်း နေချင်စိတ်သာ ရှိနေ၏။

# [၂၁]

ကိုဝင်းဆွေ၏ လိုက်လျောမှုအတွက် မြကြည်ဇင် အံ့သြနေသည်။

'မောင်လည်း လိုက်မှာပေါ့ မြရဲ့'

'လက်မှတ်က တစ်စောင်တည်းရတာ'

'မောင့်ရုံးက ဘော့စ်ဆီက တောင်းထားပါတယ်'

ကိုဝင်းဆွေက သူနှင့်ပတ်သက်သော ပွဲလမ်းကို စိတ်ဝင်စားလာ ပြီလား။ မင်းသား မင်းသမီးတွေကို ကြည့်ချင်လို့ပဲလားဟု ဇဝေဇဝါ ဖြစ်သွားလေသည်။ သို့သော် ကိုဝင်းဆွေသည် မြန်မာရုပ်ရှင် မင်းသား မင်းသမီးကို သိပ်ပြီး စိတ်ဝင်စားသူမဟုတ်ချေ။

'လက်မှတ်က နှစ်စောင်တည်းလား၊ သမီးတို့လဲလိုက်ချင်တယ်'

သမီးက ပြောသည်။

'လိုက်လို့မရဘူး၊ ကဲမေမေ့ကို ပဝါတို့၊ ဖိနပ်တို့ ထုတ်ပေးဦး'

'တော်ကြာ ရုပ်ရှင်မင်းသမီးနဲ့လည်း မှားနေဦးမယ်'

ကိုဝင်းဆွေက လိုက်လိုက်လျောလျော ပြောနေပြန်၍ မြကြည်ဇင် အံ့သြနေပြန်သည်။ သူတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် မာနချင်းပြိုင်၍ မခေါ်မပြော နေခဲ့ကြသည်မှာ ကြာပြီ။ မြကြည်ဇင်က မိန်းမတစ်ယောက်၏ အိမ်မှုကိစ္စဝတ္တရားများကို အလိုက်တသိ လုပ်ပေးလိုက်သည်။ စကားနည်း ရန်စဲလမ်းစဉ်ကို ကျင့်သုံးသည်။ တဖြည်းဖြည်းတော့လည်း ကိုဝင်းဆွေ၏ ဒေါသက ပြေငြိမ်းသွားသည်။ သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် ဖောက်ပြန်ဝံ့သူများ မဟုတ်ကြ။ အိမ်ထောင်ရေးကို အသိစိတ်နှင့် ယှဉ်တွဲ ထူထောင်ထားကြသော လူတန်းစားဖြစ်သောကြောင့်တည်း။

မြကြည်ဇင် လိုချင်သည်က စကားမပြောဘဲဆိတ်ဆိတ်နေသော အိမ်ထောင်သာယာမှုမျိုး မဟုတ်။ တစ်ဦးပေါ်တစ်ဦး နားလည်ယုံကြည် မြတ်နိုးမှုပင် ဖြစ်သည်။ သည်အရာတွေ မရနိုင်ပါလားဟူ၍ ဝမ်းနည်းခဲ့ရသည်။ ယခု ကိုဝင်းဆွေ၏ အမူအရာတွေက တက်ကြွနေသည်။

စေတနာဖြူ ပရက်ရှိုးပြစဉ်က ကိုဝင်းဆွေ လိုက်ကြည့်ခဲ့ခြင်းကို သာမန်လိုက်လျောမှုပဲဟု မြကြည်ဇင်ထင်သည်။ ယခုတစ်ဖန် စိတ်အားထက်သန်စွာ လိုက်ပါမည်ကိုသိရတော့ အံ့သြဝမ်းသာလာသည်။ သူတို့ အခြေအနေသည် ထင်သလောက် မဆိုးသေးပါလားဟု အားတက်လာသည်။

'ရုပ်ရှင်သမားတွေ များမှာနော်၊ မြကိုလဲ စာရေးဆရာ ရယ်လို့ သိကြမှာမဟုတ်ဘူး၊ တော်ကြာ မောင်အနေခက်နေမယ်'

မြကြည်ဇင်အဖို့ကတော့ မိမိကို လူမသိ သူမသိ သွားရောက်ရသော ပွဲလမ်းအတွေ့အကြုံက ရိုးနေပြီ။ စာရေးဆရာ ဘယ်သူဘယ်ဝါရယ်လို့ မိတ်ဆက်ပေးလည်း သိချင်မှသိကြသည်။ မသိသူကများသည်။ ကိုဝင်းဆွေ စိတ်ကသိကအောက်ဖြစ်ပြီး မိမိအပေါ် အယုံအကြည်လျော့ပါးမှာလည်း စိုးမိသည်။

'ကိစ္စမရှိပါဘူး၊ သူတို့ လှုပ်ရှားတာကို ကြည့်နေလိုက်တာပေါ့'

သည်တစ်ခါပဲ သူ့ကားနှင့် သူနှင့်အတူ ကြည်ကြည် ဖြူဖြူ ပွဲလမ်းသဘင် တက်ရတော့သည်။

ဂေါ်ဒဝင်လမ်း လေဟာပြင်ကဇာတ်ရုံရှေ့ကို ကားထိုးဆိုက်တော့ စောင့်ကြည့်နေသော ပရိသတ်က လှမ်းမျှော်ကြည့်ကြသည်။ ရုပ်ရှင်မင်းသား မင်းသမီးမဟုတ်၍ စိတ်မဝင်စားကြ။ နောက်က မင်းသမီးပါသောကားဆီသို့ ဝိုင်းအုံကြည့်ကြ၊ နှုတ်ဆက်ကြသည်။

ရုပ်ရှင်ပွဲကတော့ စာပေပွဲနှင့်မတူ ပို၍ တောက်ပ ရွှန်းလဲ့သည်။ ပို၍ ပူနွေးဖော်ရွေသည်။ အလှအပတွေကလည်း အပြိုင်အဆိုင် ဝင့်ကြွား၍နေသည်။

မြကြည်ဇင် မျှော်လင့်ထားသလိုပင် သူတို့ကို သိကျွမ်းသူကသိပ်မရှိလှပေ။ ခိုင်နွေတို့၊ တင်အေးမြင့်တို့ နေရာနှင့်ကလည်း

ဝေး၍ နေသည်။ သူတို့နားမှာ စာနယ်ဇင်းသမားအချို့ ရှိသည်။ ကိုသန်းနိုင်တို့ကိုလည်း မမြင်ရပေ။ မင်းသမီးကြီး ဒေါ်နီလာခင်သည် သားနှင့် သမီးနှင့်အတူ ဝင်လာတော့ ဓာတ်ပုံ ဆရာတွေက ဓာတ်ပုံဝိုင်းရိုက်ကြသည်။ ဒေါ်နီလာခင်သည် တည်ငြိမ်အေးဆေးစွာ လှပနုပျို၍နေသည်။

နှုတ်ဆက်သံ၊ ရယ်မောသံများ တိတ်ဆိတ်သွားသည်။ အခမ်း အနား စပြီ။ ဝန်ကြီး မိန့်ခွန်းပြောသည်။ ကာယကံရှင်တွေမှု မပြောတတ်။ မြကြည်ဇင် ရင်တွေခုန်လာသည်။

အကယ်ဒမီ ဆုရသူများကို စတင်ကြေငြာသည်။ ပထမဆုံး အကောင်းဆုံး ဓာတ်ပုံဆရာ။ နောက်ဓာတ်ကား အကယ်ဒမီ ဆုရသူ မရှိဆိုတော့ မြကြည်ဇင် ရင်ထဲဟာသွားသည်။ စေတနာဖြူ ကို မျှော်လင့်ထားခဲ့တာလေး ပျောက်ဆုံးသွားသည်။

မြကြည်ဇင်သည် စိတ်လှုပ်ရှားနေသည်။ မိမိမှာ မိမိနှင့် ပတ်သက် ရာကိုသာ အောင်မြင်စေချင်သည့် အတ္တစိတ်တွေ များနေ လေပြီလား။ မိမိလက်က လွတ်သွားပြီဖြစ်သော ရတနာတစ်ခုကို တခြားသူလက်တွင် ပို၍ တောက်ပနေစေချင်သေးသည်။ အများက နှစ်ခြိုက်စေချင်သေးသည်။

အမျိုးသား ဓာတ်ပို့ဆုကို ကြေငြာသည်။

မြကြည်ဇင် စိတ်မောစွာဖြင့် မျက်လုံးအစုံ မှိတ်ထားမိ သည်။ သူ့ခင်ပွန်း ကိုဝင်းဆွေပါသည့်ပွဲမှာ သူနှင့် ပတ်သက် သော အောင်မြင်မှုတွေ မြင်စေချင်လှသည်။ သည်တစ်ပွဲမှာ

မပြရလျှင် ကိုဝင်းဆွေက သူ့ကို အထင်ကြီးလေးစားစိတ်တွေ ပြန်လည် လျော့ပါးသွားလေမည်လား။

'ဟော မြရေ အမျိုးသမီးဇာတ်ပို့ဆု တင်အေးမြင့်တဲ့'

ကိုဝင်းဆွေသည် မြကြည်ဇင်၏လက်ကို အားပါးတရ ဆုပ်ကိုင်၍ ပြောလိုက်လေသည်။

\+ \+ \+

တင်အေးမြင့်၏ သရုပ်ဆောင်ချက်တွေကို ပိတ်ကားပေါ်မှာ မြင်နေရသည်။ အဲသည်အခန်း ရိုက်တဲ့နေ့ကပေါ့။ ဘာပဲဖြစ်ဖြစ်ဆိုပြီး တင်အေးမြင့်ကို အကောင်းဆုံးဖြစ်အောင် ဖွတ်ခိုင်းပြီး ရိုက်ခဲ့ရတာ နီနီ စိတ်ဆိုးပြီး ပြန်သွားတာ။ ကိုသန်းနိုင်က တွေးလိုက်မိသည်။

စောစောက တင်အေးမြင့်နားမှာ လူတွေဝိုင်းဝိုင်းလည်ပြီး လက်ဆွဲ နှုတ်ဆက်ကြတာ မြင်ရသည်။ မင်းသားသစ်လေး သန်းထိုက်အောင်လည်း ပါသည်ထင်ရဲ့။ မိမိနှင့် ခုံတစ်တန်းကျော်မှာမို့ ထသွားပြီး နှုတ်ဆက်လျှင် ဖြစ်သော်လည်း ထမသွားဖြစ်။ တင်အေးမြင့်၏ အပြုံးလက်လက်တွေက မိမိ အနားသို့ပင် ဖိတ်လျှံကျလာသလို ထင်ရသည်။

ရင်ထဲမှာ တထိတ်ထိတ်ခုန်မှုကလည်း မပျောက်သေး။ မိမိ ကြိုးပမ်းစွမ်းဆောင်ခဲ့ရသည့် အထဲက အောင်မြင်မှု ဆုတစ်ဆု

တော့ ရရှိခဲ့ပြီ။ သည်ဆုကလည်း မိမိကိုယ်တိုင် မျှော်မှန်းထားခဲ့သည့်ဆုပဲ မဟုတ်လား။ မိမိက ဒါရိုက်တာဆု မရလည်း ရှိပါစေတော့။ မိမိသင်ပြပေးသည့် အနုပညာရှင် တစ်ယောက်က ရသည်ဆိုလည်း မိမိရသလိုပင်။

နောက်ထပ် အမျိုးသားဇာတ်ဆောင်ဆုကို ကြေငြာသည်။ ထို ဇာတ်ကားကိုရိုက်သူက ဒါရိုက်တာဆုကိုပါ ယူသွားခဲ့သည်။ ကိုသန်းနိုင် ကျေနပ်သည်။ ဘာပဲပြောပြော မိမိကပညာနုသေးသည်။ ရှေ့မှာ အောင်မြင်မှုလမ်းတွေ အများကြီး မျှော်လင့်နိုင်သေး၏။

အမျိုးသမီး ဇာတ်ဆောင်ဆုကို ကြေငြာတော့မည်။ မီးမောင်းတွေက မင်းသမီးတွေရှိရာ ဖြာကျလာသည်။ ပရိသတ်က လည်ဆန့်နေသည်။

'ဒေါ်နီလာခင်'

ကိုသန်းနိုင်သည် ဒေါ်နီလာခင်ရှိရာသို့ ခြေလှမ်းသွက်သွက်ဖြင့် ထသွားပြီး ဒေါ်နီလာခင့် လက်များကို အားပါးတရဆုပ်ကိုင် ဖော့ယမ်းလိုက်မိလေသည်။

'အမေခင်ရတာ အမေခင်တော်လို့ပါ၊ ဒါပေမဲ့ ကျွန်တော်သိပ် ဝမ်းသာတယ်ဗျာ'

လှိုက်လှိုက်လှဲလှဲ ပြောမိ၏။

'ကိုရိုက်တဲ့ကားက နှစ်ဆုတောင် ရတယ်နော်'

နေရာမှာ ပြန်ထိုင်လျှင် ပြန်ထိုင်ချင်း နီနီက ဆီးပြောသည်။ နီနီ့ အသံမှာ နှစ်သိမ့်အားပေးသံတွေ ပါနေသည်။ နီနီက သူ့ စိတ်အစဉ်အားလုံးကို သိနေတဲ့ အနီးဆုံးလူတစ်ယောက်ပဲ။

အကယ်ဒမီရသူများ စင်မြင့်ပေါ် တက်ကြပြီ။ ဆုတွေ ပိုက်ထွေးကြသည်။ ပရိသတ်တွေ ငြိမ်သက်နေသည်။ တင်အေးမြင့်ကို ခုမှပဲ သေသေချာချာ မြင်ရသည်။ ချိတ်လုံချည်၊ သဇင်ပန်းနှင့်၊ ပဝါနှင့် လှလိုက်သည့် တင်အေးမြင့်။

'အစ်ကို ရိုက်ချင်တဲ့ကားကို ရိုက်ပေးဖို့ တင်တင် အဆင်သင့်ပဲ၊ ငွေကြေးစကားမပြောပါဘူး၊ အစ်ကို့ စေတနာကို တင်တင်ယုံတယ်'

ခိုင်နွေမှတစ်ဆင့် ကြားခဲ့ရသောစကား။

ခိုင်နွေကော ဘယ်ရောက်နေပါလိမ့်။ အမျိုးသမီးဇာတ်ဆောင်ဆုမှာ ခိုင်နွေလည်း ထင်ကြေးပေးခံခဲ့ရတာပဲ၊ သေသေချာချာရှာကြည့်မှ သူ့ခင်ပွန်းနှင့် တွဲထိုင်နေသော ခိုင်နွေ့ကို တွေ့သည်။ တည်တည်ငြိမ်ငြိမ်ပင် ပြုံး၍နေသည်။ သူ့ကိုမြင်တော့ ပြန်ပြုံးပြသည်။ နှစ်သိမ့်သည့် အပြုံးပဲလားမသိ။

ကျေးဇူးတင်စကားတွေ ပြန်ပြောနေကြသည်။

တင်အေးမြင့်အလှည့် ရောက်လာသည်။ တင်အေးမြင့် အသံတွေ တုန်နေသည်။ ရုပ်ရှင်ထဲမှာ ဘယ်လိုပဲ သရုပ်ဆောင်ကောင်းသည်ဖြစ်စေ တကယ့်ပရိသတ်ရှေ့မှာ စိတ်လှုပ်ရှားတတ်ကြစမြဲ။

'ကွယ်လွန်သွားတဲ့ ကျွန်မရဲ့ ဖေဖေကိုလဲ ကန်တော့ပါတယ်၊ ကျွန်မရဲ့ဆရာရင်းဖြစ်တဲ့'

တင်အေးမြင့် နှုတ်ဖျားက သူ့နာမည်ကို ရေရွတ်လိုက်လေသလား။ လက်အုပ်ချီလိုက်လေသလား။ ဝမ်းသာကြည်နူးမှု

နှင့်အတူ သူ့ရင်မှာ လှုပ်ရှားလာသည်။ သည်အချိန်မှာပဲ သူ့ရင်ထဲက သန့်စင်သော စေတနာတွေ ပြန်လည်နိုးကြားလာသည်။ နီနီနှင့် ရန်ဖြစ်ပြီး တင်အေးမြင့်ကို ရိုက်ပေးခဲ့ရသည့်နေ့ကို သတိရသည်။ ထိုအချိန်က သူ့စိတ်ထဲမှာ စေတနာက လွဲ၍ ဘာမျှမရှိခဲ့တာ သူ အသိဆုံးတည်း။

'ကျွန်မရဲ့ ဆရာရင်းဖြစ်တဲ့ အစ်ကိုဒါရိုက်တာ ဦးသန်းနိုင်ကိုလဲ....'

နီနီသည် သူ့လက်မောင်းကို ခပ်ဖွဖွလေး ဆုပ်ကိုင်လိုက်လေသည်။

၂၄၊၅၊၁၉၈၅။ မိုးမိုး(အင်းလျား)

## စာရေးသူ၏
## စာပေနှင့် ဘဝဖြစ်စဉ်မှတ်တမ်း


| | |
|---|---|
| ၁၉၄၄ အောက်တိုဘာလ ၂၄ | အမည်ရင်း ဒေါ်စန်းစန်းကို ဒိုက်ဦးမြို့၌ အဖ ဦးထွန်း အမိ–ဒေါ်မြရှင်တို့မှမွေးဖွားသည်။ |
| ၁၉၅၂ | ဒိုက်ဦးမြို့ အစိုးရအထက်တန်းကျောင်းတွင် စတင်ပညာသင်ကြားသည်။ |
| ၁၉၅၆ | စတုတ္ထတန်း စကောလားရှစ်ဆု ရသည်။ |
| ၁၉၅၉ | သတ္တမတန်း ကျောင်းသူဘဝတွင်ကဗျာများ စတင်ရေးသားသည်။ ကျောင်းစာကြည့်တိုက်နှင့် နံရံကပ်စာစောင် ကော်မတီများတွင် အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ |
| ၁၉၆၀–၁၉၆၄ | အထက်တန်းကျောင်းသူ ဘဝတွင် ခရိုင်အလိုက် စာစီစာကုံးပြိုင်ပွဲများ၌ဆုရရှိခဲ့သည်။ |
| ၁၉၆၄ | တက္ကသိုလ်ဝင်တန်း အောင်မြင်သည်။ |
| ၁၉၆၅ | ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် သချ်ာအဓိကဖြင့် တက်ရောက်သင်ကြားခဲ့သည်။ |
| ၁၉၆၅ မတ် | တိုင်းရင်းမေဂျာနယ်တွင် ရွက်လှေပန်းလေးကိုယ့်ဘဝကဗျာကို စတင်ရေးသားခဲ့သည်။ |
| ၁၉၆၈ ဇန်နဝါရီမှ | မြောက်ဥက္ကလာပမြို့နယ် အ မ က နိုဝင်ဘာ (၂၃)တွင် မူလတန်းပြဆရာမအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ |
| ၁၉၆၉ နိုဝင်ဘာ ၆ | မျိုးညွန့် (စာပေလောက) နှင့် လက်ထပ်သည်။ |

| | | |
|---|---|---|
| ၁၉၇၀ | မေ | တိုင်းရင်းမေဂျာနယ၍်တွင် ပြင်ဆင်ချယ်သ မျက်လုံးအလှ ဆောင်းပါးကို စတင် ရေးသားခဲ့သည်။ |
| ၁၉၇၂ | စက်တင်ဘာ | ငွေတာရီမဂ္ဂဇင်းတွင် အိမ်နီးချင်း အမည်ရှိ ပထမဦးဆုံး ဝတ္တုတိုကို ရေးသားခဲ့သည်။ |
| ၁၉၇၂–၇၈ | | မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ သုတေသန ဌာနခွဲတွင် သုတေ သန လက်ထောက် အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ |
| ၁၉၇၄ | အောက်တိုဘာ | ပျောက်သောလမ်းမှာ စမ်းတဝါးအမည်ရှိ ပထမဆုံး လုံးချင်းဝတ္တုရှည်ကို ရေးသားခဲ့ သည်။ ယင်းဝတ္တုဖြင့် ၁၉၇၄ ခုနှစ် အမျိုးသားစာပေဆု ရခဲ့သည်။ |
| ၁၉၇၅ | ဖေဖော်ဝါရီ | ပွင့်တချို့ ကြွေတချို့ကို ရေးသားခဲ့သည်။ |
| ၁၉၇၅ | ဩဂုတ် | ရွက်လှပန်းကို ရေးသားခဲ့သည် |
| ၁၉၇၆ | မေ | ငပလီဇာတ်လမ်းကို ရေးသားခဲ့သည်။ |
| ၁၉၇၆ | အောက်တိုဘာ | အချစ်ဆိုသောအရာကို ရေးသားခဲ့သည်။ |
| ၁၉၇၇ | မေ | ဘယ်သူလာကူပါ့မယ်ကို ရေးသားခဲ့သည်။ |
| ၁၉၇၈ | ဧပြီ | မှတစ်ပါးအခြားမရှိပြီကို ရေးသားခဲ့သည်။ |
| ၁၉၇၈ | ဇူလိုင် | သဗ္ဗေသတ္တာ အဝေရာဟောန္တုကို ရေးသား ခဲ့သည်။ |
| ၁၉၇၈ | နိုဝင်ဘာ | မှ တစ်ဆင့်ကို ရေးသားခဲ့သည်။ |
| ၁၉၇၈ | | ပျောက်သောလမ်းမှာ စမ်းတဝါးကို ရုရှား ဘာသာဖြင့် ထုတ်ဝေခဲ့သည်။ |
| ၁၉၇၉ | ဩဂုတ် | ရွှေတိဂုံမြင်လျှင်ကို ရေးသားခဲ့သည်။ |

| | | |
|---|---|---|
| ၁၉၇၉ | ဒီဇင်ဘာ | ငြိမ်းကိုရက်ပါကို ရေးသားခဲ့သည်။ |
| ၁၉၈၀ | ဧပြီ | ဂျိုးကို ရေးသားခဲ့သည်။ |
| ၁၉၈၀ | ဇွန် | မဂ္ဂဇင်းဝတ္ထုရှည်များကို ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်ဖြင့် ၁၉၈၀ ပြည့်နှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ်ဆုကို ရရှိခဲ့သည်။ |
| ၁၉၈၀ | အောက်တိုဘာ | သမုဒ္ဒရာ ခုနှစ်စင်း မြစ်မင်းတစ်ဆယ့်သုံးသွယ်ကို ရေးသားခဲ့သည်။ |
| ၁၉၈၀ | | ဘယ်သူလာ ကူပါ့မယ်ကို ရုရှားဘာသာဖြင့် ပြန်ဆိုထုတ်ဝေခဲ့သည်။ |
| ၁၉၈၁ | ဖေဖော်ဝါရီ | ကြွေမလိုနဲ့ဝေ ဝေမလိုနဲ့ကြွေကို ရေးသားခဲ့သည်။ |
| ၁၉၈၁ | ဒီဇင်ဘာ | ပန်းရိုင်းတစ်ရာကို ရေးသားခဲ့သည်။ |
| ၁၉၈၂ | မေ | ဝတ္ထုတိုများ ၁ ကို ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်ဖြင့် ၁၉၈၂ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ်ဆု ရရှိခဲ့သည်။ |
| ၁၉၈၂ | စက်တင်ဘာ | ဝေဒနာကြာနီပွင့်ကို ရေးသားခဲ့သည်။ |
| ၁၉၈၂ | ဒီဇင်ဘာ | သုံးလွှန်းတင်မှကြိုးကို ရေးသားခဲ့သည်။ |
| ၁၉၈၂ | | မှတစ်ပါး အခြားမရှိပြီနှင့် ပျောက်သောလမ်းမှာစမ်းတဝါး တို့ကို ဂျပန်ဘာသာဖြင့် ထုတ်ဝေခဲ့သည်။ |
| ၁၉၈၃ | ဇွန် | နာမကျန်းသည် အိုနှင်းဆီကို ရေးသားခဲ့သည်။ |

BURMESE CLASSIC .com

| | | |
|---|---|---|
| ၁၉၈၃ | ဩဂုတ် | မြန်မာပြည်မှာ နေကြသည် ဝတ္ထုတိုများ စာအုပ်ကို ထုတ်ဝေခဲ့သည်။ ကြွေရင် အတူတူကြွေမယ်ကို ရေးသားခဲ့သည်။ |
| ၁၉၈၅ | ဇွန် | မီးရောင်အောက်ကို ဝင်လျှင်ကို ရေးသားခဲ့သည်။ |
| ၁၉၈၅ | အောက်တိုဘာ | မေတ္တာကမ်းနား အချစ်သစ်ပင်ကို ရေးသားခဲ့သည်။ |
| ၁၉၈၅ | ဒီဇင်ဘာ | ထိုနေ့က မီးမလာပါနှင့် မိုးမိုး (အင်းလျား) ၏ မဂ္ဂဇင်း ဝတ္ထုရှည်များကို ထုတ်ဝေခဲ့သည်။ |
| ၁၉၈၆ | ဇူလိုင် | ဝတ္ထုတိုများ ၂ ကို ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်ဖြင့် ၁၉၈၆ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ်ဆု ရရှိခဲ့သည်။ |
| ၁၉၈၇ | ဧပြီ | ခံတက်နုကလေးတွေ ညှိုးချိန်တန်တော့ကို ရေးသားခဲ့သည်။ |
| ၁၉၈၈ | | **Afro-Asian Writers** မှ ထုတ်ဝေသော **Lotus** မဂ္ဂဇင်းတွင် စကားမဆိုဝံ့အောင် ဝတ္ထုတိုကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြခဲ့သည်။ |
| ၁၉၈၉ | ဩဂုတ် | အိမ်နီးချင်း ဝတ္ထုတိုကို ဂျပန်ဘာသာဖြင့် **Fujinno Tomo** အမျိုးသမီးမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည်။ |
| ၁၉၈၉<br>၁၉၉၀ | ဩဂုတ် မှ<br>မတ် | စံပယ်ဖြူမဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာ အဖြစ် ဆောင်ရွက်ခဲ့သည်။ |
| ၁၉၉၀ | မတ် ၁၃ | ကွယ်လွန်သည်။ |




BURMESE CLASSIC .com